# ပုစင်္ပရာဇဝင်

မှော်ဘီဆရာသိန်းကြီး



( မှော်ဘီဆရာသိန်းကြီး )

# မော်ပီ–ဆရာသိန်းကြီး၏

# ပခိဒ်ရာဇဝင်

## ပ–ခု ၂ တွဲပေါင်း

(ကြည့်ကြပ် ပြင်ဆင်သူ)

**ဦးမြင့်လွင် (ကမ္ဘာစ)**

အေးအေးစာပုံနှိပ်တိုက်

အမှတ် ၆၄ သုခရိပ်သာ ကမာရွတ် ရန်ကုန်မြို့။

ဒုတိယ အကြိမ်

၁၉၆၇–ခု၊ ဩဂုတ်လ

အုပ်ရေ (၂၀၀၀)

**မူပိုင်ရှင်**

မှော်ဘီဆရာသိန်းကြီး၏ သား ဦးလှဖေ၊

မြေး မောင်အုန်းမြင့်၊ မောင်အောင်ခင်

**အဘိုး ၄–ကျပ်**


**ပုံနှိပ်ထုတ်ဝေသူ**

**အေးအေးစာပေတိုက် အေးအေးစာပုံနှိပ်တိုက်**

**အမှတ် ၆၄ သုခရိပ်သာ ကမာရွတ်တွင်**

**ဒေါ်ခင်မြင့် မှတ်ပုံတင် အမှတ် (၀၃၀၅–၀၄၉၈)က**

**တာဝန်ခံ ပုံနှိပ် ထုတ်ဝေသည်။**

**ဖုန်း–၃၁၃၈၈။**

# မာတိကာ

အကြောင်းအရာ　　　　စာမျက်နှာ

**ပဌမပိုင်း**


| | |
|---|---|
| နိဒါန်း | ၁၇ |
| ဟံသာဝတီ ဦးဘရင်၏ အမှာ | ၁၈ |
| အရေးနှင့်အဖတ် ၂၀ | |
| ရာဇဝင် ၄ မျိုး | ၂၁ |
| ဟံသာဝတီ ၃၂ မြို့ | ၃၅ |
| အမရပူရပဌမမြို့တည် ဖိုးတော်မင်းတြားကြီး | ၃၇ |
| မောင်မြတ်ထင် ဝန်ကြီးဖြစ်ပုံ | ၄၄ |
| မဟာမြတ်မုနိ ရုပ်ပွါးတော် ပင့်ဆောင်ခြင်း | ၇၃ |
| ရန်ကုန်ဝန်ကြီး ဦးကျော်ရွှေ | ၇၉ |
| ရန်ကုန်ဝန်ကြီး ရာထူး | ၉၇ |
| မှူးဟောင်းမတ်ဟောင်းများ တိုင်ပင်ခြင်း | ၁၀၁ |
| ဦးပေါ်ဦး ဦးမြတ်ထင်တို့ ရောက်လာခြင်း | ၁၁၀ |
| ဝန်ကြီး ဦးကျော်ရွှေ ညီလာခံဝင်ခြင်း | ၁၁၅ |
| ဦးကျော်ရွှေ မိဖုရားကြီးထံ ဝင်ခြင်း | ၁၂၀ |
| ရန်ကုန်သို့ စုန်ဆင်းခြင်း | ၁၂၆ |
| ဖိုးတော်ဘုရားနှင့် အမတ်ကြီးဦးပေါ်ဦး အမေးအဖြေ | ၁၃၄ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ယှမ်းပြည်က ဆင်ဖြူတော် ဆက်သခြင်း | ၁၄၉ |
| စန္ဒာမုနိ ရုပ်ပွါးတော် အကြောင်း | ၁၅၅ |
| နံ့စထိုးခြင်း | ၁၅၇ |
| မင်းကွန်း စေတီတော်ကြီး | ၁၆၁ |
| လူမိုက်ကို ကြောက်ရကြောင်း | ၁၆၄ |
| ရှင်ဘုရင်ကို မကြောက်သူများ | ၁၆၇ |
| ဖိုးတော်နှင့် ကျောင်းအတူနေ ရောင်းရင်းဘက်နှင့် တွေ့ကြပုံ | ၁၇၀ |
| ဦးမှော် ဒေါ်တုတ် | ၁၇၂ |
| မိဖုရားကြီးနှင့် ဒေါ်တုတ် | ၁၉၀ |
| ဖိုးတော်မင်းတြား မင်းကွန်းသို့ ထွက်ခန်း | ၁၉၂ |
| နန်းတော် အဆောင်များ ပြခန်း | ၂၀၀ |
| ဖိုးတော်နှင့် ဦးမှော်တို့ မိဘုရား အဆောင်ထွက်ခန်း | ၂၀၅ |
| ဦးမှော်တို့ ပြန်ခြင်း | ၂၀၈ |
| ဦးပေါ်ဦး ဦးမြတ်ထင်တို့နှင့် ဖိုးတော်မင်းတြားကြီး | ၂၁၀ |
| တောင်ငူလဲတောင်ငူမောင်းထောင်လဲမောင်းထောင် | ၂၁၄ |
| ဦးကျော်ရွှေ အိမ်တော်ရောက်၍ ဆွေးနွေးကြခြင်း | ၂၂၀ |
| ရန်ကုန်ဝန်ကြီး မိဖုရားထံ ဝင်ခြင်း | ၂၂၄ |
| ဦးကျော်ရွှေ ညီလာခံဝင်ခြင်း | ၂၂၆ |
| ဦးကျော်ရွှေနှင့် တောင်ငူမင်းသား | ၂၃၆ |
| တောင်ငူမင်းသား ကန်တော့ပူဇော်ခြင်း | ၂၄၄ |
| တောင်ငူမြို့စားနှင့် မြေထဲမြို့စား | ၂၄၈ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဦးကျော်ရွှေး စုန်ဆင်းခြင်း | ၂၅၂ |
| တောင်ငူမင်းသား ထွက်ခြင်း | ၂၅၃ |
| ပညာယို့ မောင်မှိုင်း | ၂၅၄ |
| သာသနာပိုင် ဆရာတော် | ၂၅၇ |
| ငမှိုင်းနှင့် သာသနာပိုင် | ၂၅၉ |
| ငမှိုင်း ဝေသာလီသို့ စေလွှတ်ခြင်း | ၂၆၂ |
| ငမှိုင်း စစ်ချီခြင်း | ၂၆၃ |
| ငမှိုင်း လွှတ်တော်ဝန်ကြီး လုပ်ခြင်း | ၂၆၆ |
| မောင်မှိုင်း တရားစီရင်ခြင်း | ၂၆၇ |
| လူမိုက်ကို စီရင်ပုံ | ၂၆၉ |
| ရှင်ညီုခေါ်သောအမှု | ၂၇၁ |
| တကာရန်လိုက်ပုံတရား | ၂၇၃ |
| မောင်နှမနှစ်ယောက် အမွေလု နွားတရား | ၂၇၄ |
| ရွှေး-ဦး-ထင်တို့ ဇာတိ | ၂၇၆ |
| ဖိုးတော်မင်းတြားကြီး | ၂၇၇ |
| လက်ာဧကပိုဒ် | ၂၇၈ |
| ဖိုးတော်မင်းတြားကြီး၏ မိဖုရား၊ သားတော် သမီးတော်များ | ၂၈၀ |
| မင်းတြားကြီး နတ်ပြည်စံခြင်း | ၃၀၂ |
| လူပညာယို့၊ ရဟန်းပညာယို့၊ မှူးမတ်ပညာယို့ တို့အား ဆည်းကပ်ပုံ | ၃၀၃ |
| မင်းကွန်း ပုထိုးတော်ကြီး စနစ်တော် | ၃၀၇ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဖိုးတော်မင်းတြားကြီး ထိုးနှက်တော်မူသော ပယ်ပုံမ်တော် ကမ္ဗည်းကျောက်စာ | ၃၀၉ |
| နိဂုံး ခွန်းထောက် | ၃၁၄ |
| ဆုတောင်း | ၃၁၄ |

## ဒုတိယပိုင်း

| | |
| --- | --- |
| ဒုတိယတွဲ နိဒါန်း | ၃၁၆ |
| ပဏ္ဏာမ | ၃၁၈ |
| စစ်ကိုင်းမင်း ဘကြီးတော် | ၃၁၉ |
| မိဖုရားခေါင်ကြီး နန်းမတော်မယ်နု | ၃၂၁ |
| ဘောလယ်သီချင်း | ၃၂၅ |
| သူရိယမဂ္ဂဇင်း၌ပါသော နန်းမတော်မယ်နု | ၃၅၀ |
| နှစ်သက်စရာ ဂျာနယ်၌ပါသော နန်းမတော် | ၃၅၆ |
| ဘကြီးတော်ဘုရား ပင်းယမြို့သို့ ထွက်ခြင်း | ၃၆၇ |
| မြောက်လေသာဆောင်နှိုက် စံတော်မူခြင်း | ၃၆၉ |
| အမယ်အိုကြီးများ | ၃၇၃ |
| နံနက် ညီလာခံခြင်း | ၃၇၅ |
| ဘုရင်မင်းမြတ် ချီးမြှောက်ပုံ | ၃၇၈ |
| မဟာဗောဓိသို့ ကမ္ဗည်းကျောက်စာ အလှူတော်များ ပို့လှူခြင်း | ၃၈၀ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သံပိုင်းလက်ာ | ၃၈၆ |
| သံတော်ဦးတင်လွှာ ဆက်သခြင်း | ၃၈၈ |
| အရပ်ရပ်ကိစ္စများ | ၃၉၇ |
| ကျောက်စာ သမ္ပိုင်းလက်ာ | ၃၉၉ |
| ဝက်မစွတ် မြို့စား မဟာစည်သူ နဝဒေးဆက် ရတုပိုဒ်စုံ | ၄၀၁ |
| ၁၁၈၆ ခုနှစ် အင်္ဂလိပ်မြန်မာ ပဌမစစ် | ၄၀၂ |
| ဦးအေးကို ခေါ်တော်မူခြင်း | ၄၁၀ |
| အိမ်ရှေ့မင်း | ၄၁၄ |
| စာဆိုတော် ဦးလန်း ရကန်ပျက် | ၄၂၂ |
| ဦးလန်းဆို ယမမင်းတိုင် ရတု | ၄၃၄ |
| ။ တစ္ဆေတိုင် ရတု | ၄၃၅ |
| ပျော်ပွဲ ကျင်းပခြင်း | ၄၃၈ |
| နာခံတော်ဆို ရတု | ၄၃၈ |
| သံတော်ခံဆို ရတု | ၄၄၀ |
| ဦးလန်းဆို လေဆေး လျက်ဆားဖော်နည်း ဒုန်းချင်း | ၄၄၃ |
| ဦးလန်းဆို ဆီးရှင်သည့် ခရဲသီးဆေး ဒုန်းချင်း | ၄၄၄ |
| ဘုရင်မင်းမြတ်နှင့် တရားသူကြီး ဦးအေး စစ်တုရင် ကစားခြင်း | ၄၄၆ |
| အတွင်းရေး တိုင်ပင်ခြင်း | ၄၄၉ |
| စစ်ပြေငြိမ်းခြင်း အကြောင်း | ၄၅၁ |
| ဖလံခုံရွာ၌ ဘုရားတည်ခြင်း | ၄၆၅ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ခေါင်းလောင်း ကမ္ပည်းစာ | ၄၆၆ |
| မဟာအောင်မြေ ဘုံစံအုတ်ကျောင်းတော်ကြီးသို့ ထွက်တော်မူခြင်း | ၄၆၇ |
| ဆင်ဖြူမယ် သွီးတော်ကလေး | ၄၇၁ |
| ဗိုလ်ချုပ် အကြောင်း | ၄၇၁ |
| တလိုင်းသူပုန်ထကြွခြင်း | ၄၇၂ |
| တိုင်ပင်ခံ အပါးတော်မြဲတို့ကို ချီးမြှောက်ခြင်း | ၄၇၇ |
| သိမ်တော် ကျောင်းတော်ကြီးများကို လှူဒါန်းတော်မူခြင်း | ၄၈၂ |
| ရွှေနန်းစည်းစိမ် စံတော်မူကြိုက်မှာ | ၄၈၈ |
| ကောင်းမှု ကုသိုလ်တော်များ | ၄၈၉ |
| ထိုမင်းလက်ထက် တဘောင်ပေါ်သော တဘောင်ကား | ၄၉၂ |
| ပြသော နိမိတ်များ | ၄၉၃ |
| မိဖုရား သားတော် သွီးတော်များ | ၄၉၃ |
| သံထောက်နှင့် တေးထပ်များ | ၄၉၆ |
| စာရေးသူ ဆုတောင်း | ၄၉၇ |

မှော်ဗီဆရာသိန်းကြီး၏ မူရင်းအတိုင်း ရိုက်နှိပ်သည်။

# နိဒါန်း

ဤပစပ်ရာဇဝင်ကား ရှေးမှီသျှင်ကြီး လူကြီး သက်ကြီးတို့ ပြောပြချက်ကို မှတ်သားရသည့်အတိုင်း ရေးသား စီရင်ခြင်း ဖြစ်သည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်ပါ အမရပူရ ပဋမမြို့တည် ဖိုးတော်မင်းတြားကြီး၏ အကြောင်းအရာ မှတ်သားဖွယ်များ သည် ကုန်းဘောင်ဆက်ရာဇဝင်တော်ကြီးနှင့်မညီဟု အပြစ်တင် ခြင်း အလျင်လိုသောစိတ်ကို သိုသိပ်ကြရမည်အကြောင်း ဆင် ခြင်ရန်မှာ ပစပ်ရာဇဝင်ဟု အမည်ပညတ်သည်ကို ထောက်၍ စဉ်းစားနှိုင်းချိန်ရန်သာ ဆိုချေသည်။

ပျော်ပျော်ရွှင်ရွှင် ဖတ်ရှုကြပြီးလျှင် ဗဟုသုတ ပွားများကြ ရန် တမျိုးဟူ၍သာ သဘောဆန္ဒထားကြပါကုန်သတည်း။

# ဟံသာဝတီ ဦးဘရင်၏အမှာ

ကျွန်တော်သည် မှော်ဘီဆရာသိန်းကြီးနှင့် ရင်းနှီးချစ်ခင်အကျွမ်းဝင်သော မိတ်ရင်း ဆွေရင်းတယောက်ဖြစ်ပါသည်။ ရှေးဟောင်း မြန်မာစာပေနှင့် လက်ငင်း မြန်မာစာပေတို့အပြင် ရာဇဝင် ကဗျာလင်္ကာတို့ကိုလည်း ဆွေးနွေးခဲ့ဘူးသူဖြစ်ပါသည်။ ထို့ကြောင့် ဆရာကြီး၏ စိတ်နေသဘောထားနှင့် ပညာအရည်အချင်းတို့ကို တော်တော်ပင်အတွင်းကျကျသိခဲ့ရပါသည်။ ဆရာသိန်းကြီး ရေးသားမှတ်တမ်းတင်ခဲ့သမျှသော စာပေများအနက် ဤ "ပစပ်ရာဇဝင်"သည် ဆရာကြီး၏ ကိုယ်တွေ့ကဲ့သို့ လက်လှမ်းမှီရာ ရှေးရှေးသော ပညာကြီးယို့များနှင့် အဆင့်ဆင့် ဆွေးနွေးရာမှ ရရှိခဲ့သော ရာဇဝင် ဗဟုသုတများ ဖြစ်ပါသည်။

စက်တင်ပုံနှိပ်ပြီးဖြစ်သော ရာဇဝင်စာအုပ်များတွင် မပါဝင်သေးသော အချက်အလက် အကြောင်းအရာပေါင်း မြောက်မြားစွာကို ဤစာအုပ်တွင် တွေ့မြင် ဖတ်ရှုရပါလိမ့်မည်။ ထို့ကြောင့် ရာဇဝင် သုတေသီများနှင့် စာပေ လိုက်စားသူများအတွက် တန်ဖိုးယှိလှသည့်ပြင် ဟာသရသ အတ္ထာလင်္ကာရဂုဏ်မြောက်အောင် ရေးသားထားသဖြင့် စာဖတ်သူတို့၏ ဟဒယနှလုံးကို ရွှင်ပြုံးစေနိုင်သော စာအုပ်ကောင်း တအုပ်လည်း ဖြစ်ပါသည်။

စာပေကို အတော်အတန် ဝါသနာပါသူများပင်လျှင် ဤစာအုပ်ကို လက်မလွှတ်နိုင်ပဲ ဆက်ကာဆက်ကာ သိချင်ဖတ်ချင်

မှတ်ချင်ကြသည်။ ဤစာအုပ်သည် မြန်မာ့ယဉ်ကျေးမှုကိုတိုးတက်၍လာအောင် ဖန်တီးပေးနိုင်သော စာအုပ်ကောင်းတအုပ်လည်း ဖြစ်ပါသည်။

ဤပစပ်ရာဇဝင်တွင် ပါဝင်သော ဆရာသိန်းကြီး၏ ထင်မြင်ယူဆဖော်ပြချက်အချို့ကို မလိုလား မကြိုက်မနှစ်သက်သောသူများလည်း ယှိကြသေးသည်။ ထိုရာဇဝင်ပါ အကြောင်းအချက်များကို မနှစ်သက်၍ ကော်ကတ်အပြစ်တင်ကာ ရေးသားခဲ့သည်ကိုလည်း ထိုစာအုပ်ကို ထုတ်ဝေခါစခေတ်က တွေ့ခဲ့ရဘူးပါသည်။ ဤသို့ ရေးသားခြင်းမှာလည်း လောကဓမ္မတာအတိုင်း သူဖြူလျှင်ငါမဲမည်ဟူသော ပဋိပက္ခဝါဒရှိသူတို့၏ ကော်ကတ်၍ အပြစ်တင်ကာ ရေးသားခြင်းမျိုးသာဖြစ်ပါသည်။ သို့သော်လည်း ထိုပြစ်တင်ရှုံ့ချရေးသားချက်တို့ကို ပညာသျှင်တို့က မှန်လှပြီဟု လက်ခံအတည်မပြုကြချေ။

စင်စစ်အားဖြင့် ဤပစပ်ရာဇဝင်သည် မူတင်ပြီးဖြစ်၍ ရာဇဝင် တို့၌ ပါဝင်နိုင်ခွင့်မရှိသေးသော တဦးနှင့်တဦး ရင်းနှီးခင်မင်၍ သူငယ်ချင်းရောင်းရင်းတို့ ဖက်လဲတကင်းပြောဆိုကြပုံကို ရာဇဝင် ကြောင်းဖြင့် နှီးနွှယ်ကာ နှိုက်နှိုက်ကျွတ်ကျွတ် ရှာရှာဖွေဖွေ ဖော်ပြထားသော စာအုပ်ဖြစ်ကြောင်းကို ဆရာကြီးနှင့် ရင်းနှီး စွာ နှီးနှောရယှိခဲ့သော အချက်တို့ဖြင့်၎င်း၊ ကိုယ်တိုင်ဖတ်ရှုပြီး သော အချက်တို့ဖြင့်၎င်း၊ ရေးသားဖော်ပြလိုက်ခြင်း ဖြစ်ပါ သတည်း။

**ဦးဘရင်**

ဟံသာဝတီ ဦးဘရင်

## အရေးနှင့်အဖတ်

အရေးအသားနှင့် အရွတ်အဖတ်တွင် အရေးကိုအမှန်ရေး၍ အဖတ်ကို အသံအတိုင်း ဖတ်ရမည်ဖြစ်သည်။

ဥပမာ. . . .

၁ စစ်ကိုင်း-စကိုင်း။ ၂ သူကောင်း-သကောင်း။ ၃ သံတော်ဦး- သတော်ဦး။ ၄ ရွှေနားတော်ကြား-ရွှေနတော်ကြား။ ၅ အညတြ-အင်ညတ္တရ။ ၆ တံခါးဗိုလ်-တခဗိုလ်။ ၇ နှာခံတော်-နခံတော်။ ၈ သျှင်-ရှင်။ ၉ သူငယ်ချင်း-သငယ်ချင်း။ ၁၀ ဒိဂုန်-ဒဂုန်။ ၁၁ တုန်တုန်ချဲ့ချဲ့-တုန်တုန်ချီချီ။ ၁၂ ပဏ္ဏာ-ပဏာ။ ၁၃ တံစိုး-တစိုး။ ၁၄ ရေတံခေါင်း-ရေတခေါင်း။ ၁၅ မန်ကျည်း-မကျီး။ ၁၆ လက်ဖက်-လဖက်။ ၁၇ တမ်းခွန်-တခွန်။ ၁၈ သကျ-သက်ကျ။ ၁၉ သိကြား-သကြား။ ၂၀ စကြာ-စက်ကြာ။ ၂၁ နားချောင်း-နချောင်း။ ၂၂ ပန်းတန်-ပဂန်။ ၂၃ မုလေးဖွား-မလေးဖွား။ ၂၄ ပိတုန်း-ပတုန်း။ ၂၅ ကသည်း-ကသဲ။ ၂၆ လက်သည်း-လက်သဲ။ ၂၇ အသည်း-အသဲ။ ၂၈ ဗုဒ္ဓန်-ဗဒ္ဓန်။ ၂၉ ကံကျွေး-ကကျွေး။ ၃၀ ကန့်လန့်ကာ-ကလကာ။ ၃၁ ခုတင်-ခတင်။ ၃၂ ယောက်မ-ယောင်းမ။ ၃၃ ပုည-ပုန်ည။ ၃၄ မင်းကြွား- မင်းတရား။ ၃၅ ကုတိုး-ကတိုး။ ၃၆ ကူးတို့-ကတို့။ ၃၇ ပုသိန်-ပသိန်။ ၃၈ မှူးမတ်-မူးမတ်။ ၃၉ အိမ်ရှေ့မင်း-အိမ်ရှေ့မင်း။ ၄၀ ခြေကျင်း-ချီကျင်း။ ၄၁ လက်စွပ်-လက်စွတ်။ ၄၂ တံပူ-တပူ။ ၄၃ ထန်းယွက်-ထယွက်။ ၄၄ ဦးခေါင်း-ဥကွောင်း။ ၄၅ ဝပ်လျှိုး-ဝတ်လျှိုး။ ၄၆ ဟသ်ာတ-ဟင်း

သတ။ ၄၇ ထန်းလျှက်-ထညက်။ ၄၈ သေ‌ဌေး-သဌေး။ ၄၉ သူကြွယ်-သကြွယ်။ ၅၀ သူကြီး-သကြီး။ ၅၁ ကုရင်-ကရင်။ ၅၂ ကုလား-ကလား။ ၅၃ အင်းဝမြို့-အဝမြို့။ ၅၄ ရွှေဘွားတော်-ရွှေဖဝါးတော်။ ၅၅ တည်း-တဲ။ ၅၆ ရွှံ့နီ-ရွှက်နီ။ ၅၇ ဒါ-တပိသာ။ ၅၈ ငွေး-တယွေး။ ၅၉ စပါး ဒိ-စပါးတစိတ်။ ၆၀ စပါး ငံ-စပါးတပြည်။ ၆၁ စပါး ဒီ-စပါးတတင်း။ ၆၂ အကျယ် ဒ် ဒွါ- အကျယ်တထောင့်ထွာ။ ၆၃ စာ ၁ါ- စာတအင်္ဂါ။ ၆၄ စာကြောင်း ၁င်- စာကြောင်းတဆယ်။ ၆၅ စာ ၁ါ ၄ံ-စာတအင်္ဂါလေးရွက်။ ၆၆ အရှည် ဒွါ(ဒ်) - အရှည် တထွာ တမိုက်။ ၆၇ ဗျက် ၄ံ - ဗျက်လေးသစ်။

## ရာဇဝင် ၄-မျိုး

ပညာယှိတို့ မိန့်ဆိုသည်ကို နာခံ မှတ်သားရဘူးသည်ကား ရာဇဝင်ဆိုသည်မှာ. . . .

(၁) ကမ္ဗည်းကျောက်စာတို့၌ ဖော်ပြသောရာဇဝင်။

(၂) အုပ်စိုးသောမင်း အမိန့်တော်နှင့် ရေးသားသော ရာဇဝင်။

(၃) သဘင်သည်တို့ ကပြသောဇာတ် ရာဇဝင်။

(၄) ပြောကြသော ပစပ်ရာဇဝင်ဟူ၍. ၄မျိုးယှိကြောင်း။

၁။ ကမ္ဗည်းကျောက်စာ ရာဇဝင်ကား ရှေးရှေးကြီးက သုံးသော စကားအတိုင်း ကရိယာအပိုနည်းလျက် ရှေးသုံးအက္ခရာတို့နှင့်သာ တိတိကျကျ ရေးသားကြပေကြောင်း။

၂။ မင်း၏ အမိန့်တော်နှင့် ရေးသားရသော ရာဇဝင်ကား အမှန်နည်းသည်။ အကြွားများသည်။ အချီးအမြှောက်များသည်။ မင်း၏ အလိုတော်ကျအတိုင်း ရေးသားကြရပေကြောင်း။

၃။ ပစပ်ရာဇဝင်ကား အလွန်းအဆွေးများပေကြောင်း။

၄။ ပစပ်ရာဇဝင်ကား ရာဇဝင်၌ပါသည်တို့ထက် အကား အားကြီးပေကြောင်းဟူ၍ ပညာယှိကြီးတို့ မိန့်ဆိုသည်ကို နာခံမှတ်သားရဘူးသည်။

ဤမြန်မာနိုင်ငံတွင် အင်းဝပြည်ဖြစ် ပကတူးမဆွ ဦးကုလား ရေးသားသော ရာဇဝင်ကို မဟာရာဇဝင်ကြီးဟူ၍ ထင်ပေါ်ကျော်စောလေသည်။ ရှေးဦးစွာဖြစ်ပေါ်သော ရာဇဝင်ကြီးဖြစ်သောကြောင့် ခင်းပြထားသော မျဉ်းကြောင်းကြီးသဖွယ် ဖြစ်ပေကြောင်း။ ယင်းသည့် ရာဇဝင်ကြီးကိုပင်လျှင် မဏိရတနာပုံမ်ကျမ်းဆရာစဥ့်ကူးမင်း ရွှေနားတော်သွင်း ပလိပ်စားဇေးချင်းဆရာတို့က အမှီသဟဲပြုကြပေကြောင်း။

ပလိပ်စားဇေးချင်းဆရာသည် ဟံသာဝတီ ဆင်ဖြူမင်းရှင်မင်းတြား၏ ဖုန်းတော် ဂုဏ်တော်ကို များစွာချီးဝှဲလိုသော်လည်း စဥ့်ကူးမင်း၏ ဖိုးတော် အလောင်းမင်းတြားကြီးကို အလွန်အမင်းချီးပလိုသဖြင့် ဟံသာဝတီဆင်ဖြူရှင်မင်းတြားကြီးကို သာမည လောက်သာဖွဲ့ဆို၍ စဥ့်ကူးမင်းအလိုတော်နှင့် အလောင်းမင်းတြားကြီးကို များစွာဖုန်းတော် ဂုဏ်တော်ကို ဖွဲ့ဆိုရပေသည်ဟု ပညာယှိတို့ မိန့်ဆိုကြပေကြောင်း။

ရတနာပူရ စတုတ္ထမြို့တည် ဖကြီးတော်ဘုရားလက်ထက် အမိန့်တော်မြတ်နှင့် မှန်နန်းဆောင်တော်နှိုက် ရဟန်းပညာယှိ လူပညာ

ယို ပုံဏ္ဏားပညာရှိတို့ ညှိနှိုင်းတိုင်ပင်၍ ရေးသားကြသော ရာဇဝင်ကို မှန်နန်းရာဇဝင်ကြီးဟု ထွက်ပေါ်လာသည် ဖြစ်ပေကြောင်း။

မှန်နန်းရာဇဝင်သည် မူလမျဉ်းကြောင်း ဖြစ်သော မဟာရာဇဝင်ကြီးကို လက်သုံး-တံတား-ပြုရချေသည်။ မဟာရာဇဝင်ကြီး၏ အဆိုအမိန့်ကို အချို့နေရာတို့နှိုက် ယုတ္တိမတန်ဟူ၍ မှန်နန်းက ငြင်းချက်ထုတ်ဖော်ထားသည်ကိုလည်း မှတ်သားဖွယ်ဖြစ်ပေသည်။ မဟာရာဇဝင်ကြီးမယိုခဲ့သော် မှန်နန်းက မည်ကဲ့သို့အစဖော်ထုတ်ရေးသားမည်ကို တွေးတော ဆင်ခြင်ရန်အကြောင်း ယိုချေသည်။

မဟာရာဇဝင်ကြီးကို ကြည့်ရှုရသလောက်မှာ အချိုးအဖွဲ့နည်းသည်။ ရှေးသုံးစကားအတိုင်း ဖြစ်ပျက်သမျှကို ထင်ယှားစေသည်။ အကိုးအကားဖော်ပြသည်တို့မှာ ကျမ်းဂန် ကျောက်စာတို့နှင့် မညီသည်များကို မှန်နန်းက ဖော်ပြထားလျက်ယိုသည်ကို သတိပြုသင့်လှပေကြောင်း။ သို့သော် ရာဇဝင်ဆိုသည်မှာ ဘုရားဟောမဟုတ်သောကြောင့် ယထာဘူတကျဘို့ အမှန်ကိုသိ၍ ရေးသားစီရင်သော ပုဂ္ဂိုလ်မှသာ ပဓာနဖြစ်ချေသည်။

မဏိရတနာပုံမ် ပလိပ်စားဧချင်းတို့က သက္ကရာဇ်တချို့မှာ မှန်နန်းရာဇဝင်သက္ကရာဇ်နှင့် မညီ ယိုနေသည်။ မညီကြောင်းကား ပလိပ်ဧချင်းက မှန်နန်းရာဇဝင်မပေါ်မီ ဦးကုလား-မဟာရာဇဝင်ကြီးကို မှီငြမ်းပြုရသောကြောင့် ဖြစ်ချေသည်။

မဟာရာဇဝင်ကြီး ယိုနှင့်ပြီးဖြစ်၍သာ မှန်နန်းရာဇဝင်က ကောက်ချက်ချနိုင်ချေသည်။ မယိုခဲ့သော် မှန်နန်း ရာဇဝင်က

တကောင်း သရေခေတ္တရာ ပေါက်ကန်မင်းဆက်တို့ကို သိနိုင်ဘို့ရာ အတော်ခဲယဉ်းလိမ့်မည်ဟု ထင်မြင်ရန်ယိုချေသည်။ သို့သော်ရှေးဖြစ် ရာဇဝင်ကြီးမမှန် နှောင်းဖြစ်ရာဇဝင်သာမှန်သည်ဟု စွပ်စွဲကြသည်လည်း စဉ်းစားရန်ယိုချေသည်။ ရှေးပေါ် ယိုပြီးဖြစ်၍သာ နှောင်းဖြစ်ထွက်ပေါ်နိုင်သည်ဟူ၍လည်း ဆင်ခြင်ရပေမည်။ အချို့ပုဂ္ဂိုလ်တို့က နှောင်းဖြစ်ရာဇဝင်မှာ မင်း၏အလိုတော်နှင့် ရေးသားရသောကြောင့် ဖြစ်ပျက်သောအချက်စုတို့ကို ပြည်ဖုံးချ၍မြှုပ်ထားရသည်ဟု ဆရာကြီးတို့ မိန့်ဆိုသည်ကို ကြားနာပါကြောင်း။

မုံရွေးဇေတဝန် ဆရာတော်ဘုရား ရေးသား ဆက်သွင်းသော ရာဇဝင်သည် ရာဇဝင်နှင့်ဆိုင်ရာ စကားနည်းသည်။ ရဟန်းပညာယို လူပညာယိုတို့ပေါ်ထွက်သော အကြောင်းဖော်ပြချက်များသောကြောင့် ဗဟုသုတအရာနှင့်သာ သက်ဆိုင်သည်ဟူ၍ အတည်မပြုပဲ မှန်နန်းက ပယ်သည်ဟူ၍ ဆရာကြီးတို့ မိန့်ဆိုချက်ကို မှတ်သားရဘူးသည်။ များသောအားဖြင့် ကုန်းဘောင်ဆက်မင်းတို့သည် ရာဇဝင်အဆိုနှင့် အမှန်သိသူ သျှင်ကြီး-လူကြီးပုဂ္ဂိုလ်တို့ပြောပြချက်သည် ကွဲလွဲခြင်းအလွန်များပေသည်။

သို့သော် ထောက်ထားစရာ ကြောက်စရာတွေက များပြားလှသောကြောင့် ရွှေနှလုံးတော်နှင့် မွေ့လျော်အောင်သာ ရေးတင်ကြရသည်ဟု အပစကားပြောဆိုသံကိုကြားရပေသည်။

## စဉ်းစားရန် အချက်များ

သရေခေတ္တရာဆက်နှိုက် တကောင်းမင်းရိုးဖြစ်သော အိမ်ရှေ့မင်းကြီးသည် ဝက်ကြီးကို လိုက်လှာရာ ဝက်ကြီးရန်ကို အောင်

သဖြင့် သံဝေဂဖြစ်၍ ရသေ့ပြုလုပ်နေရာ ထိုရသေ့ကျင်ငယ် စွန့်သောနေရာနှိုက် တောတိရစ္ဆာန် သမင်မက လျှာနှင့်လျက်ပါ များသဖြင့် ၎င်းသမင်မနှိုက် သန္ဓေတည်ပြီး လူမိန်းမကလေးကို မွေး၍ ထိုကလေးငယ်ကို ရသေ့က ကောက်ယူ မွေးမြူပြီးလျှင် ဗေဒါရီဟု အမည်ပေးထားသည်။

"ရခိုင်ရာဇဝင်မှာ" သကျသာကီဝင်မင်းမျိုးအနွယ်ဖြစ်သော မင်းသားသည် ရသေ့ပြုလုပ်နေရာ ဆတ်မနှင့်ပေါင်းဘော်သဖြင့် လူယောက်ျားကလေးကို မွေးဖွားသောကြောင့် ဣယုဟု အမည် ပေးထားသည်။

"ထက်ဝယ်ရာဇဝင်မှာ" ဂေါဝိန္ဒရသေ့သည် ကြာအိုင်တခု နှိုက်ကျင်ငယ်စွန့်ရာ ၎င်းကျင်ငယ်ရေကို ငါးတိရစ္ဆာန် ငါးခုံးမ က သောက်ရာ လူယောက်ျား လူမိန်းမ မောင်နှမနှစ်ယောက်ကို မွေးဖွား၍ ယောက်ျားကို ရှင်ဇော၊ မိန်းမကလေးကို ရှင်ဇံဟု အမည်ပေးထားသည်။ ၎င်းဘော်ပြသော အချက် ၃ ချက်ကို ဆင်ခြင်သော် ရာဇဝင်ကို တင်စားရေးသည် မခံချင်၍ အပြိုင် ရေးသားထားသော ရာဇဝင်စကားကို ယုတ္တိတန်မတန်ယှဲချေ သည်။

"မခံချင်သောစကားမှာ" မင်းတို့ မြမ္မာရာဇဝင်တွင် သမင်မ က လူကိုမွေးလျှင် ငါတို့ရခိုင်ရာဇဝင်နှိုက် ဆတ်မက လူကို မွေးသည် မင်းတို့ မြမ္မာရာဇဝင် ရခိုင်ရာဇဝင်က သမင်မ ဆတ်မတို့က လူကို မွေးလျှင် ငါတို့ထက်ဝယ် ရာဇဝင်နှိုက် ငါးခုံးမက လူယောက်ျား လူမိမ္မ ၂-ယောက်ကို မွေးမည်။ မခံချင်၍ မသာ သာအောင် ရေးသည်ဟု မဆိုသော်လည်း ဆိုရာ ရောက်လေသည်။

ငါးကလူကိုမွေးသည်ဟု ဆိုရာမှာလည်း ထောက်စရာကို ရှာ သော် အသျှင်ဥပဂုတ်မထေရ်၏ မယ်တော်သည် တံငါသည်က ငါးဝမ်းတွင်းမှ လူမိမ္မကို ရ၍ဗာရာဏသီမင်းကြီးအားဆက်သရာ မင်းကြီးက သမီးတော်အမှတ်ပြု၍ မစ္ဆဒေဝီ အမည်ပေးကြောင်း ကို(ပေါရာဏဒီပနီ) ဒုတိယတွဲ သျှင်ဥပဂုတ်အကြောင်း ဖော်ပြ လျက်ယှိချေသည်။

"တလိုင်းရာဇဝင်မှာ" ရသေ့ တဦးသည် ထူးဆန်းသော လမု ပင်မှ လမုငုံကြီးကိုမြင်၍ ဆွတ်ခူးယူပြီးလျှင် ကျောင်းသင်္ခမ်း နှိုက်ထားရာ မကြာမီလမုပွင့်မှ မိမ္မငယ်ထွက်ပေါ်လှာသဖြင့် ရသေ့ ကျွေးမွေးထား၍ မယ်ကမုဟု အမည်ပေးကြောင်း အချို့ ရာဇ ဝင်က မယ်လမုဟု အမည်ပေးကြောင်းအဆိုယှိသည်။

"တလိုင်းရာဇဝင်" သမလ ဝိမလအဆက်မှာ ခံတွင်းခြီအရပ် တလိုင်းလူမျိုးလင်မယားတောင်ယာခုတ်၍စားသောက်နေရာ ထူး ဆန်းသောရွှေဖရုံပွင့်ကြီးမှ လူမိမ္မထွက်ပေါ်လှာသဖြင့် သမီးပြု၍ ကဝီးတော်ဟု အမည်ပေးထားသည်။ မြမ္မာလို ရွှေဖရုံမယ်ဆိုသည်။

လမုပွင့်ကရသော မိမ္မငယ်ကို တလိုင်းဘာသာဖြင့် အမည်ပေး စရာသင့်လျက် မယ်ကမု မယ်လမု အမည် ၂-မျိုးသည် တလိုင်း ဘာသာ ဟုတ်-မဟုတ်စုံစမ်းရာ အမှန်သို့မရောက်ယှိနေသည်။

ဥမင်္ဂဇာတ်အလို သဖန်းပင်ထက်မှရသည်ကို အစွဲပြု၍ ဥဒုမ္ဗရ ဒေဝီဟု ဘွဲ့ချီခြင်း၊ မဟာဝင်အလို သော်ကပန်းပင်ထက်မှ ရသည် ကို အစွဲပြု၍ သော်ကမာလာဒေဝီဟု ဘွဲ့ချီခြင်း၊ ပုဂံရာဇဝင် အလို ဝါးတောထဲမှရသည်ကို အစွဲပြု၍ ဝေဠုဝတီဟု ဘွဲ့ချီ ခြင်းများကို ထောက်သဖြင့် လမုတောထဲးကရ၍ မယ်လမုဟု အမည်၊

ရွှေဖရုံယာခင်းထဲနှိုက် မွေးဖွားသောကြောင့် ရွှေဖရုံ မယ် အမည်ပေးရန် သင့်သည်ကို လမုပွင့် ရွှေဖရုံပွင့်တို့က လူ မိန်းမ သန္ဓေဒဇ ဖြစ်နိုင်ဘွယ်ရာ မဟုတ်ဟု မြမ္မာရာဇဝင်ဆရာက အငြင်းထုတ်ပချေသော် တလိုင်းရာဇဝင်ဆရာက မြမ္မာကျမ်းဂန် တို့နှိုက် လှာယှိသော ပဒုမ္မဒေဝီသည် ပဒုမ္မာကြာဖူးထဲက သန္ဓေ ဒဇဖြစ်သည် မဟုတ်လောဟု ချေပသော် မြမ္မာရာဇဝင်ဆရာက အကိုးအကားနှင့် သက်သေပြရန် လိုသည်ဟု ထင်ပေသည်။

ဌင်းပြင် ဘုရားဟော ကျမ်းဂန်နှိုက် စိဥ္စမာနသည် မန်ကျည်း ပင်က သန္ဓေဒဇဖြစ်သည် မဟုတ်ပါလောဟု တလိုင်းရာဇဝင် ဆရာက ဆင်ခြေတက်ပြန်သော် မြမ္မာရာဇဝင်ဆရာက မှန်ကြောင်း ဝန်ခံရပေမည်ဖြစ်ကြောင်း။

သို့ကြောင့် ရာဇဝင်ဆရာဆိုသည်မှာ မူလရေးသားစီရင်သော ပုဂ္ဂိုလ်က မိမိကိုယ်တိုင် ဒိဋ္ဌတွေ့ကြုံရသောအချက်တို့ပင် ဖြစ်လင့် ကစား အဂတိလေးပါးကို မလိုက်စားသူဖြစ်မှ မှန်ကန်ရာသို့ ရောက်နိုင်ပေမည်။ သုတအရာပင်ဖြစ်သော်လည်း မှန်ကန်သော သုတနှင့် ပြည့်စုံမှ စိတ်ချနိုင်ဘွယ်ရာဖြစ်ပေမည်။

သို့အတွက် အရာရာကို နှိုင်းရှည့်၍ အပြစ်လွတ်ကင်းအောင် ကြည့်ရှုမှ အရေးပါသောအချက်ကိုသာ မှတ်သားလိုက်နာကြ ရန် သင့်ချေမည်ဖြစ်သည်။ အလောင်းမင်းတြားကြီး တည် ထောင်တော်မူသော ရတနာသိင်္ယမြို့ဟု သမုတ်သည်မှာ အတုလ ဆရာတော်ဘုရားက လောကီ ရတနာအပေါင်း လောကုတ္တရာ ရတနာအပေါင်းတို့သည် လျင်လျင်မြန်မြန် စုဝေးလျက် မြမ္မာဦး စွန်းထွန်းကား ဖြစ်ပေါ်လှာသည်ကို နိမိတ်မင်္ဂလာ ယူတော်မူ၍

ရတနာသိယ်ဟု မြို့မည် သမုတ်တော်မူသည်ကိုလျက် နောက်လက်သစ် ဆရာတို့က ယ ကြီးမဟုတ် သိင်္ဂဟုပြင်ခြင်း သိခ ဟု ပြင်ခြင်းကို ပြုကြသည်။ သို့လိုပြုခြင်းသည်ကား ရှေးပညာယှိကြီးတို့၏ ဂုဏ်ကို ညှိုးနွမ်းအောင် ပြုလုပ်ရာ ရောက်ချေသည်။

ငင်းပြင် ရှေးက ရာဇဝင်မှာ ရတနာပူရမြို့ အမရပူရမြို့ဟု သ မုတ်ကြောင်း ထင်ယှားဖြစ်ပါလျက် နောက်လက်သစ်ဆရာတို့က ရတနာပုရ အမရပုရဟု ပြင်ဆင်ရေးမှတ်ခြင်းသည် ရှေးပညာယှိကြီးတို့၏ အာဘောဂဂုဏ်ကို ချိုးဖွဲ့သည်နှင့် တူချေသည်။

ရတနာပုံမြို့ဟု မော်ကွန်းတံခါးတိုင်နှိုက် ကမ္ဗည်းထင်ယှားလျက်ယှိနေသည်။ ဒေါင်းဒင်္ဂါးတံဆိပ်မှာလည်း ရတနာပုံဟု ကမ္ဗည်း တပ်မှတ်လျက် ယှိသည်ကို မထောက်ငဲ လက်သစ်ဆရာတို့က ရတနာပုဏ်ဟု ပြင်ဆင်ရေးသား ကြခြင်းသည်လည်း ရှေးပညာယှိကြီးများကို ပုန်စားပုန်ကန်ပြုသည်နှင့် တူချေသည်။

ထို့ကြောင့် ရှေးပညာ ယှိကြီးတို့၏ သဘော ဥာဏ်သွားသည် အမြော်အမြင်ယှိကြသည်အတိုင်း ရေးသားအမှတ်ပြုထားသည်ကို နှောင်းပညာယှိတို့က ပြုပြင်ခြင်းသည် မလျော်ကန်ဟု ဆရာမြတ်များ မိန့်ခွန်းတော် နာခံရဘူးသည်။ ရှေးရှေးကုန်သော ပညာယှိ ပုဂ္ဂိုလ်ကြီးတို့၏ ဂုဏ်သိမ်ကို မဖျက်ဟူ၍ ဆိုငြားသော်လည်း ဖျက်ရာသို့ ကျရောက်သော အင်္ဂါထဲသို့ ဝင်ရောက်ပချေသော် နှောင်းဆရာတို့၌ ဝစီကံ၊ မနောကံ ထိုက်သောကြောင့် မကောင်းကျိုးရောက်တတ်သည်ဟု ဆရာအသျှင်သူမြတ်တို့ ဆုံးမသည်ကို နာခံရပါသည်။ “ထုံးဟောင်းကို မပြင်နှင့် ထုံးသစ်ကို မထွင်နှင့်” ဟု သူဟောင်းစကား ယှိချေသည်ကို ထောက်လေ။

အထက်ဖော်ပြသော ဝစီကံ၊ မနောကံတို့၏ အကျိုးသည်ကား ပစ္စက္ခနှိုက်ခဲ့နဲ့ခြင်း၊ ပစပ်ယုံယှိခြင်း၊ မျက်စီကန်းခြင်း၊ သေခြင်းဆိုးဖြင့် သေရခြင်းစသော အကျိုးတို့သည် ကိုယ်ထင်တွေ့မြင်ရသူအချို့ ယှိချေ၏။

မိမိတို့နှိုက် ကိန်းသောဉာဏ်နှင့် ယထာဘူတဖြစ်အောင် နှိုင်းရှည့်ရန်ဖြစ်သည်။ ရှေးမှီပညာယှိ သူတော်ကောင်းများကိုလည်း ဆည်းကပ်၍ အဆိုအမိန့်ကို နာခံမှတ်သားရမှသာ မိမိကိုယ်သို့ အပြစ် မရောက်ယှိချေမည်။ ထိုဖော်ပြသော အပြစ်မျိုး မရောက်ရအောင် ဗဟုသုတဖြစ်ပွားရာကိုသာ စုဆောင်းဆည်းပူးကြရန်သင့်ချေမည်။

ရာဇဝင်မှာလည်း ပုံနှိပ်ပြီးသော မှန်နန်း ရာဇဝင်တော်ကြီးအကုန် ကုန်းဘောင် ဆဲ့တဆက်မြောက် ရာဇဝင်တော်ကြီးအကုန်ရာဇာဓိရာဇ်အရေးတော်ပုံ၊ ဧညဝတီအရေးတော်ပုံ၊ အလောင်းမင်းတရားကြီးအရေးတော်ပုံ၊ ဟံသာဝတီဆင်ဖြူများရှင် အရေးတော်ပုံ၊ ညောင်ရမ်းမင်းတရား အရေးတော်ပုံ မွန်ရာဇဝင် သန်လျင်ရာဇဝင် စသည်တို့ လွယ်လင့်စွာကြည့်ရှုနိုင်ရန် ပုံနှိပ်ပြီး စာအုပ်ယှိပေကြောင်း။

ပေစာ ပုရပိုက်စာတို့ဖြင့် ယှိနေသည့် ရာဇဝင်ကျော် ရာဇဝင်လတ် ရာဇဝင်ချုပ် ရာဇဝင်သစ် မဟာရာဇဝင် ကြီးတို့သည်ကား ပုံနှိပ်စာအုပ်မဖြစ်သေး၍ အကြည့်ရခဲယဉ်း ကြပေလိမ့်မည်ထင်ပေကြောင်း။

ယင်းသည့် ဖော်ပြသော ပုံနှိပ်စာအုပ်များကို လွယ်လင့်စွာကြည့်ရှုကြရခြင်းသည်လည်း လိုရင်းအချက်သို့ ကျရောက်အောင်

သည်ကား နည်းလိမ့်မည် ထင်ပေသည်။ ထိုရာဇဝင်တို့နှိက် သုံးစွဲထားသော စကားစုသည် ယခုအခါ ဘယ်စကားမျိုး ဖြစ်သည်ဟု ကြံဆ ထုတ်ဖော်ရန်သင့်ပေကြောင်း။

ရာဇဝင်အဆို စစ်ပြုကြသော နေရာကို ဆိုထားသည်။ ၎င်းစစ်မြေနေရာသည် ယခုဘယ်မြို့နယ် ဘယ်နေရာဌာန ဖြစ်ကြောင်းကို စုံစမ်းရှာဖွေ ထုတ်ဖော်ရေးသားကြရန် လိုရင်း အချက်ကြီးဖြစ်ပေကြောင်း။ ထိုလိုရင်း အချက်ကို ထုတ်ဖော်၍ ပြနိုင်မှသာ ရာဇဝင်ကြည့်ရှုရကျိုးနပ်၍ ဗဟုသုတနှံ့သော နှောင်းသားသမီးတို့အကျိုးယိုကြလိမ့်မည်ဖြစ်ပေကြောင်း။

စာယှိရာဇဝင် ဗဟုသုတကို ရာဇဝင်ကြည့်သူတိုင်း သိကြရကြပေလိမ့်မည်။ ဒေသ ဗဟုသုတ မယှိက ရာဇဝင်ကြည့်ရှုကျိုးပြည့်စုံမည်မဆိုနိုင်ချေ။

ရာမညတိုင်း တလိုင်း ၃-ရပ်ဟု ရှေးကခေါ်ဝေါ်ရေးသားကြသည်မှာ မွန်တိ မွန်စ မွန်ည ဟူ၍. ခေါ်တွင်ကြောင်း တဖုသသဖလ္လိက ကုန်သည်ညီနောင်ကို မရှိမ ဒေသသားတို့က ရာမညတိုင်းသားဟု ခေါ်ဝေါ်ကြကြောင်း။

မွန်တိသည် မော့တမော့ တလိုင်းဆိုသည်။ မြန်မာလို ကျောက်စွန်း အငူဆိုသည်။ ၎င်းမော့တမော့ကို နောက် မုတ္တမ၊ မတမမမဟု တစတစ စကားယွေ့လျှော ခေါ်ကြလေသည်။ ဤကဲ့သို့စကားယွေ့လျှောလှာသည်ကို အမှန်သို့ ကျအောင် စုံစမ်းရန် ယှိချေသည်။ ယင်းသည့် မုတ္တမနယ်နှိက် နေထိုင်ကြသော တလိုင်းလူမျိုးတို့သည် ဥယျာဉ်ခြံမြေလုပ်ကိုင် စိုက်ပျိုး၍. အသက်မွေးကြသူများဖြစ်သည်။

မွန်စသည် ဟံသာဝတီ ပဲခိုးတလိုင်းကို ခေါ်သည်။ ထိုတလိုင်း လူမျိုးသည် များသောအားဖြင့် ဆားချက် လယ်လုပ်၍ အသက်မွေးကြသူများ ဖြစ်သည်။

မွန်ညသည် ပုသိန်တလိုင်းကို ခေါ်သည်။ ထိုတလိုင်း လူမျိုးသည် များသောအားဖြင့် အင်းချောင်းတို့နှိုက် ငါးဖမ်းလုပ်ကိုင်၍ အသက်မွေးကြသူများဖြစ်သည်။

ရှေးက မြို့တလိုင်း လယ်တလိုင်း အင်းတလိုင်းဟု ခေါ်လေ့ယှိကြသည်။ မြို့တလိုင်းကား မုတ္တမ လယ်တလိုင်းကား ဟံသာဝတီ အင်းတလိုင်းကား ပုသိန်ကို ဆိုသည်။ ပုသိန်တလိုင်းက ဟံသာဝတီနှင့် မုတ္တမကို အရှေ့တလိုင်းဟုခေါ်သည်။ ဟံသာဝတီနှင့် မုတ္တမတို့က ပုသိန်တလိုင်းကို အနောက်တလိုင်းဟု ခေါ်သည်။

> ဘီလူးကျွန်း သင်္ကြော ဆရာတော်က ပသိန်ခေါ်ခြင်းသည် တလိုင်းစကားဖြစ်သည် ငါတို့တလိုင်းက ပသိုင်ခေါ်တယ်။ နင်တို့ ဘမာတေက တလိုင်းစကားကို လိုက်၍ခေါ်ရာ မပီလို့ ပုသိန်ဖြစ်နေတယ်။ ငါတို့တလိုင်းက ချုန်ပသိုင်ခေါ်တယ်။ ချုန်-ကမြို့ ပသိုင်က ပသီကုလားခေါ်တယ်။ ဘမာလို ပသီမြို့ဆိုတယ်ဟု မိန့်တော်မူသည်ကို မှတ်သားရသည်။

ဟံသာဝတီ ဓမ္မစေတီမင်းသည် ရေးထုထားသော ကလျာဏီသိမ်တော် ကျောက်စာနှိုက် ကုသိမ ရဋ္ဌ ဟု ပါငြိစီထားသည်ကို အစွဲအလန်း အားကြီးပါမူ ကုသိမ်သာ ရေးသားသင့် ကြသည်။ ပုသိမ်ဟူ၍ ရေးသားရန် မလိုချေ။ ပိဋကတ်ကျမ်းဂန်ကို တတ်စွမ်းသော ပုဂ္ဂိုလ်ဖြစ်၍ ဉာဏ်ကြီးကျယ် သော်လည်း မူလ ရင်းစွဲ

တလိုင်းစကားကို အပပြု၍ ပါဠိရေးစီခြင်း ဖြစ်ချေသည်။ မည်သည်ကို အစွဲပြု၍ ပါဠိစီတန်းသော အာဘောဂကိုသာ စဉ်းစားဆင်ခြင်သင့်သည်။ ပသိမြို့ကို တလိုင်းဘာသာ ပသိုင်၊ ၎င်းဘာသာကို မြန်မာတို့က လိုက်၍ခေါ်ရာ အက္ခရာ မကြေပြန်သောကြောင့် ပုသိန်ဟု ခေါ်ကြသည်မှာ တလိုင်းစကား ကာရန်ပျက်လျက်ယှိသည်ဟု စဉ်းစားရန်ဟူလို။

သို့သော် ကလျာဏီ သိမ်တော် ကျောက်စာကို အသျှင်မဟာရဋ္ဌသာရ ဆရာတော်က မလိုက် တလိုင်း စကား ကာရန်ပျက်မြန်မာများ ခေါ်ကြသော စကားကိုသာ လိုက်တော်မူသည်မှာ စီရင်တော်မူသော ကိုးခန်းပျို့နှိုက် စည်းစိမ်ထူပြော၊ နတ်နှင့်လျောသား၊ ရှင်စောပုတ္တူ၊ လှိုက်ဆူကျော်ရှိန်၊ "ပုသိန်မင်းမြေး" ဆက်ရှေးစည်ရိုးဟု ရေးစီတော်မူသည်။

ဂဝိလက္ခဏာ သတ်ပုံ ဆရာကလည်း သျှင်မဟာရဋ္ဌသာရ ဆရာတော်၏ နောက်လိုက်တပည့် ခံလျက်ယှိချေသည်။ သို့ကြောင့် ရာမညတိုင်းတွင် မူလ-တလိုင်း ဦးစွန်းထွန်းရာ သေဒ ဖြစ်သောကြောင့် မူလ တလိုင်း ဘာသာ ရာဇဝင်နှင့် စကားကို တလိုင်းစာနှင့် ပီသစွာရေးနိုင်သည်။ မြန်မာဘာသာစာနှင့် ရေးလျှင် မပီမကျ ယှိချေသည်။

စုံစမ်းသိရသည်မှာ မြန်မာရာဇဝင်တို့နှိုက် ပါယှိသည်ကား ဗျည်းဒလ၊ ဗျည်းဓမ္မကို တလိုင်းဘာသာ ဖင်းညဓလှဲ၊ ဖင်းညဲမမ္မခေါ်သည်။ ဘားကရာ၊ ဘားမဲ့၊ ဘားမြိုက်၊ ဘားတမော့ဟု မြန်မာရာဇဝင်တို့နှိုက်ယှိသည်။ တလိုင်းလို ဖယ်ကရာ၊ ဖယ်မဲ့၊ ဖယ်

မရိုက်၊ ဖယ်တမော့ ခေါ်သည်။ ဤလို တလိုင်းနှင့် မြန်မာအခေါ် ခြားနားသည်ကိုလည်း သတိပြုသင့်လှပေသည်။

တလိုင်းစကားတို့နှိုက် မဂဓ ဘာသာဖြင့် သုံးစွဲသော အရာများလည်း ယှိချေသည်။ အထက်က ကမ္ဗည်း ကျောက်စာဝန်ကြီး ဒေါက်တာ ဖော့ကမာ ရေးသားထားသော စာတမ်းနှိုက် များသောအားဖြင့် မဂဓဘာသာကို သုံးစွဲပြောဆိုသည်ဟု ဝန်ခံချက် ယှိချေသည်။

တလိုင်းစကားကို မြန်မာဘာသာသို့ အမှန်ရောက်အောင် ပြန်ဆိုနိုင်သောတလိုင်းဆရာ-ရှားသည်။ တလိုင်းစာကိုကား ဖတ်တတ်ကြ၏။ စကားကို ပြောတတ်ကြ၏။ မြန်မာဘာသာသို့ ကျကျနန အဓိပ္ပာယ် ပေါ်လွင်အောင် မပြန်ဆိုနိုင်သူ များချေ၏။

အကြောင်းသော်ကား တလိုင်းဘာသာကို မြန်မာတို့က ခေါ်ကြသည်မှာ ဖောက်လဲဖောက်ပြန် ယှိနေသဖြင့် တလိုင်းလို ဤကဲ့သို့ခေါ်မှ မှန်လိမ့်မည်ဟု ကြံစည်သော ဉာဏ်ကို မထုတ်နိုင်ချေ။ ဤကား-မြန်မာစာပေကျမ်းဂန် မြန်မာဗဟုသုတတို့ကို မသင်ကြားရ မကြေပြွန်သောကြောင့် ကျနအောင် အဓိပ္ပါယ် မဖော်မရှင်းနိုင်သော တလိုင်းဆရာများသာ ယှိကြချေသည်။

သက္ကော ဆရာတော်ဘုရားက နောက် တလိုင်း-ကပြားတေကို မေး၍ နင်ကောင်းစွာ သိမည်မဟုတ်ဟု မိန့်တော်မူသည်ကို နာခံရသည်။

တလိုင်းက ခ-အောက်ချိုက်ကို ထဆင်ထူးသံ ဖတ်သည်။ ဘဂုန်းကို ဖ-ဦးထုပ်သံဖတ်သည်။ သ-ကို ဆလိမ်သံဖတ်သည်။ ယင်းသည့် အသုံးအနှုန်းကို မြမ္မာတို့ လိုက်လို့လား မသိ ပါဠိဘာသာမှတပါး ဝေါဟာရအသုံးနှိုက် ဘ-ဂုန်းကို ဖ-ဦးထုပ်သံဖတ်ခြင်း သုံးခြင်း၊ ခ-အောက်ချိုက်ကို ထဆင်ထူးသံ ဖတ်ခြင်းသုံးခြင်းမှာ ခုတ်သောမားကို မြမ္မာတို့က တလိုင်းသံကို လိုက်၍ (ထား)ဟု ရေး ဖတ်ကြလေသည်။ ဤကား - သဘောသွားကို ဆင်ခြင်ရန်။

မြန်မာစာသင်ပုန်းကြီးမှာ ဝ-ဆွဲ၊ ဟ-ဆွဲ ယှိသည်ကိုသာ သင်ကြားကြရသည်။ တလိုင်းစာမှာ ဝဆွဲ၊ ဟဆွဲ၊ လဆွဲ၊ မဆွဲ၊ ညဆွဲ၊ နဆွဲ ယှိကြောင်း တလိုင်း ဖုန်းကြီးများ မိန့်တော်မူသည်။

ရှေးက မြမ္မာအက္ခရာ စာလုံးသုံးသည်မှာ သွိုး-သွား-သွက်-ဟူ၍ မဆွဲသုံးလေသည်။ လက်နက်၊ သေနတ်၊ အနက်၊ ကနက်၊ ကနားဟူ၍ နဆွဲသုံးသည်ကို တွေ့ဘူးသည်။ ပလိုတ၊ စပါးဖလံဖျူ ဖလံဝင်၊ လမဟူ၍ ရေးသားသည်ကို တွေ့ဘူးသည်။ သို့လိုရေးသားခြင်းတို့သည်ကား မြမ္မာသင်ပုန်းကြီး ပေစာဝမ်းပဲအင်းစံမင်း လက်ထက်က ယှိကြောင်းကို ဆရာအသျှင်မြတ်တို့ မိန့်တော်မူသည်ကို မှတ်သားရဘူးသည်။ ယခု သမယနှိုက် အသုံးအစွဲ မယှိကြသဖြင့် ရှေးသုံးကို မပ-ပျောက်ရန် ရေးပချေသော် နှောင်းပေါ်လူတို့က အဆန်းရေးသည် အရူးရေးသည်ဟူ၍ သူတို့ မဖတ်တတ်ခြင်းကြောင့် ဆဲးကြမည်ကား မချွတ်ဖြစ်ပေ၏။

ဌင်းပြင် ဟံသာဝတီ ၃၂-မြို့အမည်၊ ထိုမြို့များသည် မည်သည့် မင်းလက်ထက်က တည်သည်။ ယခုအခါ မည်သည့်မြို့နယ်မှာ ယှိနေသည်။ မည်သို့ ဖြစ်ပျက်နေသည်။ စသည်တို့ဖြင့် စုံစမ်းရန် မည်သည်ကို အစွဲးပြု၍ မြို့မည် သမုတ်သည်ကို ရှာဖွေစုံစမ်းရေးမှတ် ဖော်ကြမှသာ နှောင်းလူများ မျက်စိကျယ်ရန် လိုရင်းအချက်ဖြစ်ချေသည်။

ဟံသာဝတီ ၃၂-မြို့။ ။(၁) ကျောက်မော်။ (၂) အံး။ (၃) ဒုန်ဇရစ်။ (၄) ကြည်ကူ။ (၅) စစ်တောင်း။ (၆) ဒင်းမဲး။ (၇) ဇွဲသဘုံ။ (၈) အသား။ (၉) မော်လုံ။ (၁၀) လကွန်းပြဉ်း။ (၁၁) ခရိမ်။ (၁၂) မအူ။ (၁၃) ရမ္မနဂိုရ်။ (၁၄) ရမ္မာဝတီ။ (၁၅) မော်ပီ။ (၁၆) လိုင်။ (၁၇) ဘောင်လင်။ (၁၈) ထန်းတောကြီး။ (၁၉) တီထွတ်။ (မဟူရာ) (၂၀) ဇေ္ဇ။ (၂၁) ဇောင်းတူ။ (ဇိုင်ထွယ်)။ (၂၂) ဘားအိုင်။ (အဂ်ပူ-အင်းမ) (၂၃) တုံခန်း။ (၂၄) ရဲးန္တဲ့။ (ဘောနီ) (၂၅) မေရဋ္ဌယ။ (၂၆) တငါပေါင်။ (၂၇) မင်းရဲးလှ။ (၂၈) ကောလိယ။ (၂၉) ပိုင်တာ။ (၃၀) ဝင်ပြိုင်။ (၃၁) ယွန်းစလင်း။ (၃၂) ဟံသာ-ဇိုင်းကနိန်း။ (ဇိုင်းကနိုင်း) ဟူ၍ ယှိသည်။ ဌင်းမြို့နေရာများကို စုံစမ်း၍ အခြေအနေ မည်သို့ ယှိနေကြောင်း ထုတ်ဖော် ရေးသားရန် လိုချေသည်။ မိမိ စုံစမ်းသိသမျှကို တဖြေးဖြေး ရှင်းလင်းဖော်ပြရန် အကြံသာ ယှိနေရချည်သေးသည်။

အချို့ မှတ်တန်း စာတို့နှိုက်ကား မွန်တ တလိုင်း။ မွန်ပ တလိုင်း။ မွန်ည တလိုင်းဟူ၍ ဖော်ပြထားသည်။ အချို့ မှတ်

တန်းမှာ တလိုင်း ၄-မျိုးဟူ၍ ဖော်ပြချေသည်။ သို့သော် ပဌမ ဦးအမည် ထင်ယှားသော ရာမညတိုင်း တလိုင်း ၃ရပ် မွန်တိ မွန်စ မွန်ညကိုသာ တည်ရင်းစွဲအမည်မပျောက်ရန် ဆန္ဒအတိုင်း ဖော် ပြလိုက်သည်။ ဤဖော်ပြချက်ကိုကား ရာဇဝင် လိုက်စားသူတို့ သဘောထား ဖြစ်ချေသတည်း။

* * *
* * *

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အမရပူရ ပထမမြို့တည် ဖိုးတော် မင်းတြားကြီး

ရတနာသိယ် ကုန်းဘောင်မြို့တည် အလောင်းမင်းတြားကြီး၏ဒုတိယသားတော် ဆင်ဖြူရှင်မင်းတြားလက်ထက် သားတော် စဉ့်ကူမြို့စားကို ထီးနန်း အမွေ ဆက်ခံစေလိုသော ဆန္ဒနှင့် ညီတော်များကို မင်းသားတို့ အဆောင်အယောင်နှင့်တကွ ကံကျွေးမြို့ရွာများကို နှုတ်သိမ်းတော်မူပြီးလျှင် အင်းဝ မြို့တော်မှ အရပ်တပါးသို့ ပို့ထားသည်က စ၍ ဗဒုံမြို့စား ဖိုးတော် မင်းတြားသည် ကိုယ်လုပ်တော် သားတော်-သမီးတော်တို့နှင့် သားတော်များကို ထိန်းသိမ်းစောင့်ရှောက်ရသော အိမ်တော်ပါ မောင်ကျော်ရွှေ၊ မောင်ပေါ်ဦး၊ မောင်မြတ်ထင် တို့ပါ စစ်ကိုင်းဘက် ဇေယျာပူရမြို့၊ အောင်မြေ လောက စေတီတော် နေရာ၌ တည်းအိမ်တော် ဆောက်၍ ညှိုးညှိုးငယ်ငယ်နှင့် နေထိုင်ရပေကြောင်း။

ထိုအခါ ကိုယ်လုပ်တော် အချို့တို့က ဈေးရောင်းကြရသည်။ သမီးတော် အချို့က ယက်ကန်း ယက်လုပ်ကြရသည်။ ဖိုးတော်မင်းတြားက ချည်ခင်များကို မဲနယ်၊ နီဖားဆေး၊ သီတင်းများ ဆိုးပေးရသည်။ ရံခါ တောင်း၊ ဖျာ၊ ဆန်ကာ၊ ဆန်ကော၊ ဖန်းများကိုယက်၍ ရောင်းချ အသက်မွေးကြရသည်။ မောင်ကျော်ရွှေက မန်ကျည်းရွက်နု ခူး၍ ပေးရသည်။ မောင်ပေါ်ဦးက မန်ကျည်းရွက်နု ရောင်းရသည်။ မောင်မြတ်ထင်က ဖန်းမော်-

ကောင်းတုံရောက် လှေထိုးလိုက်၍ ကျွေးမွေးရသည်။ မိဖုရားကြီး မလွန်းမယ်က ဝါကြိတ်၊ ဝါဖန်၊ ဗိုင်းငင်၊ ချည်ချ ယက်ဖောက်ယောက် ယက်ကန်းယှယ် ချည်စာဖီး ချည်စာနယ် အလုပ်များကို လုပ်ကိုင်ရသည်။

ဤအခါ ဖိုးတော်မင်းတြားကို မောင်ကျော်ရွှေ၊ မောင်ပေါ်ဦး၊ မောင်မြတ်ထင်တို့က ခမည်းတော်ဘုရား မိဖုရားကြီးကို မယ်မယ်ဘုရားဟု ခေါ်ကြသည်။ မောင်ကျော်ရွှေကို ဖိုးတော်သားတော်များက နောင်တော်လို့ ခေါ်ကြသည်။ မင်းသားများက မောင်ကျော်ရွှေကို ကြောက်ကြရသည်။ မောင်ကျော်ရွှေပြောသည်ကို နာယူကြရသည်။ သားတော်များကို ဆုံးမရန်ယှိလျှင် ဖိုးတော်က မောင်ကျော်ရွှေကို ခေါ်၍ အပ်လေသည်။ မောင်ကျော်ရွှေက မင်းသားများ၏ နောင်နော်ကြီး ကဲ့သို့ ဆုံးမနိုင်လေသည်။ မောင်မြတ်ထင်ဆိုသူသည် ဤအခါတုန်းက မောင်ကျော်ရွှေ၊ မောင်ပေါ်ဦးတို့ကို များစွာ ဆဲးရေးလေ့ယှိချေသည်။ မိဖုရာကြီး မလွန်းမယ်က ဟဲ့-ကျော်ရွှေ၊ ပေါ်ဦးတို့ မြတ်ထင်က နင်တို့ကို ဆဲးရေး တိုင်းထွာသည်များကို မနာကြနဲ့ဟဲ့ မြတ်ထင်က အရှုးဟဲ့။ အမြှောက်အပင့် အတော်ကြိုက်တယ်။ သင်းသည် ကြည့်စမ်း ငါတို့ကို လုပ်ကျွေး ပြုစုသည်မှာ နင်တို့ထက် ပင်ပန်းရှာတယ်။ သုခမာ ဗန်းမော် ကောင်းတုံရောက် လှေထိုး၍ ကျွေးရှာတယ်ဟဲ့။ တနှစ်မှ သုံးခေါက် ပြန်နိုင်ရှာတယ်။ မြတ်ထင်၏ ကျောတပြင်လုံးမှာ အရေ အလွှားလွှား ကွာရှာတယ်။ နေပူပြင်းလွန်းလို့ ဟဲ့။ တယ်ပီး သင်းကလေးကို သနားစရာကောင်းတယ်။ သင်းမို့ အပင်ပန်းခံပီး လှေထိုးလိုက်နိုင်ပေတယ်ဟု မကြာမကြာ ပြောပြလေသည်။

တနေ့သော် မောင်ကျော်ရွှေက မန်ကျည်းရွက်နုများကို ဆီရွှဲရွှဲနဲ့ ဘယ်အခါများ သုတ်လို့ စားရမလဲ မယ်မယ်ရယ်ဟု ပြောလေသည်။ မိဖုရားကြီးက မတောင့်တပါနဲ့ သားရယ် စားတော့ စားရလိမ့်မပေါ့ဟု ပြန်ပြောလေသည်။ သို့လို မောင်ကျော်ရွှေ ညည်းညူသည်ကို ဖိုးတော်က ကြားတော်မူသဖြင့် အမှတ်ပြုလေသည်။

ဖိုးတော်သည် ဆင်းရဲသားတို့ကဲ့သို့ ကိုးနှစ်တိုင်တိုင် ပင်ပန်း ညှိုးငယ်လျက် ယှိနေရသည်။

တရံရောအခါ မြတ်ထင်က မိဖုရားကြီးသို့ မယ်မယ်ဖုရား ကျွန်တော်မျိုး နေရပ် နောက်ချေးကုန်းသို့ ခေတ္တ ပြန်ပါရစေဟု လျှောက်လေလျှင် မိဖုရားကြီးက ဖိုးတော်ကို မောင်မောင်ဘုရား မြတ်ထင်က သူ့အရပ်သို့ ခေတ္တပြန်ရန် အခွင့် တောင်းပါကြောင်း ပါဘုရားဟု လျှောက်တင်ရာ ဖိုးတော်က ဟဲ့-မြတ်ထင် နင်ပြန်သွားလျှင် ကြာကြာမနေနှင့်နော်၊ ငါတို့ အထွတ်အမြတ်ရောက်လျှင် နင် သူကောင်းပြုခံရအောင် မြန်မြန်ပြန်လာရမည်ဟု မိန့်တော်မူလိုက်သည်။ မိဖုရားကြီးကလည်း ငါ့သား-မောင်မောင်ဘုရား မိန့်တော်မူလိုက်သည်ကို မှတ်သွားနော်။ ငါတို့ အထွတ်အမြတ်ကို ရောက်တယ်လို့ သတင်းရလျှင် နင် မြန်မြန်ပြန်လာနော်ဟု ထပ်၍ သတိပေးလိုက်လေသည်။

မောင်မြတ်ထင်သည် အခွင့်ရသည်အတိုင်း မိမိနေရပ်သို့ ပြန်သွား၍ အိမ်သို့ရောက်လျှင် သားမယား ဆွေမျိုးသားချင်း မိတ်ဆွေအပေါင်းတို့နှင့် အကျိုးအကြောင်း ပြောပြပြီးသော်

မိမိပိုင်တောင်ယာပဲခင်းစိုက်ပျိုး၍ လုပ်ကိုင်စားသောက်လျက် အမှတ်မဲ့ နေလေသည်။

မောင်မြတ်ထင် ပြန်သွား၍ တနှစ်ကျော်ခန့် ယှိသောအခါ အဝမြို့ကို ဆက်ခံစိုးစံသော စဥ့်ကူးမင်းကို ဖောင်းကားစား မင်းသား မောင်မောင်က လုပ်ကြံ၍ ထီးနန်းကို သိမ်းပိုက်စိုးစံတော်မူသည့်အခါ ဖောင်းကားမင်း ဆည်းကပ် ကိုးကွယ်သော ဆရာတော်ကြီးတပါး နန်းတော်သို့ ဝင်၍ မင်းသား ထီးနန်းစည်းစိမ်နှင့်အသက်ရှည်လိုသော် မြို့အနောက်ဘက်က ကုက္ကိုပင်ကို သတ်ပစ်ရမည်ဟု မိန့်တော်မူပြီးသော် ကျောင်းသို့ ပြန်ကြွလေ၏။

ဆရာတော်ဘုရား မိန့်ချက်အရ ဖောင်းကားမင်းက မြို့နောက်ဖက်ယှိ ကုက္ကိုပင်များကို သတ်ပစ်ကြရန် အမိန့်ပေးသည်အတိုင်း မြို့သူမြို့သားတို့ သတ်ကြရသည်ကို ဖိုးတော် မင်းတြားက ကုက္ကိုပင်များကို သတ်စေသည်ကား အခြားမဟုတ် ငါ့ကို အသတ်ခိုင်းသည်သာ။ မောင်မောင် ပရိယာယ်ကို နားမလယ်၍ ပကတိကုက္ကိုပင်ကို သတ်စေသည်။ တနင်းလာသားကို အသတ်ခိုင်းခြင်းဖြစ်သည်။ ငါကား-တနင်းလာသား ဖြစ်သည်။ နံတူ ကုက္ကိုပင်များကို သတ်ပစ်သည့်အတွက် ကျိန်းကျေပြီ။ ငါသည် စကန်-အမှန် မုက္ခ အထွတ်အမြတ်ကို ရောက်တော့မည်ဟု နိမိတ် မင်္လာ ယူတော်မူလျက် ယှိနေလေ၏။

နောက် ဖိုးတော်၏ ညီတော် ပင်းတလဲမြို့စား မင်းသားသည် ဖိုးတော်ထံ လှာပြီးလျှင် နောင်တော်-ငမောင်တို့ ယခုအခါ

ကျွန်တော်တို့ကို ကျော်လို့ ဖုံးလွှမ်းနေသည်ကို ကြည့်နေမည် လားဟုပြောရာ ဖိုးတော်က ငမောင် ဖုံးလွှမ်းနေသည်ကို ညီခင် မတတ်နိုင်ဘူးလားဟု မေးတော်မူရာ ညီခင် တတ်နိုင်ပါရဲ့ နောင် တော် ထီးနန်းကို စံရလျှင် ညီခင်ကို မည်ကဲ့သို့ ထားမည်လဲ မေးသော် ဖိုးတော်က အစ်ကို နန်းစံ ညီနန်းရံပဟု မိန့်တော်မူ ချက်အရ ပင်းတလဲ မင်းသားသည် တရံရောအခါ အင်းဝမြို့ နန်းတော်သို့ အမှတ်မဲ့ ဝင်၍ ဖောင်းကား မင်းကို လုပ်ကြံရာ ဖောင်းကားမင်း ကံကုန်လျှင် ဖိုးတော်ကို ပင်းတလဲမင်းသားက ထီးနန်း သိမ်းပိုက်ရန် မင်း အဖြစ်သို့ တင်မြှောက်တော် မူလေ သည်။

မင်းအဖြစ်သို့ တင်မြှောက်ပြီးနောက် ပင်းတလဲမင်းသားက အထက်ကဘိ ယှိသည်အတိုင်း အိမ်ရှေ့အရာကို အကြိမ်ကြိမ် တောင်းရာ ဖိုးတော်က ညီခင် နောင်တော်နှိုက် သားတော်ကြီး တွေများလျက် ဖြစ်သောကြောင့် အိမ်ရှေ့အရာကို ချီးမြှင့်ရန် ခဲယဉ်းခြင်းယှိနေကြောင်း မိန့်တော်မူသည်ကို ပင်းတလဲ မင်း သားက ငါ့ကြောင့် နောင်တော်ထီးနန်းရသည်ကိုလျက် ကျေးဇူး မထောက် သစ္စာမရှိသူဖြစ်သည်ဟု စိတ်နှိုက် အမှတ်ထားပြီးလျှင် တနေ့သနှိုက် ဖိုးတော်မင်းတြားကြီး ဆင်တော်စီး၍ မြို့ပြင်သို့ ထွက်တော်မူသောအခါ ပင်းတလဲမင်းသားသည် ကွယ်ရာက ချောင်း၍ သေနတ်နှင့်ပစ်ရာ ဖိုးတော်မင်းတြား၏ နံဘေးလက် ကြားကျိုင်းအောက်ကို ကျည်ဆန်ဝင်ထွက်သွားလေသည်။ ကိုယ် အင်္ဂါတို့ကို တစုံတရာ မခိုက်ယှိချေသည်။

ဤအခါ နောက်ပါ ကိုယ်ရံအမှုထမ်းတို့ ဝန်းပိုင်းလိုက်လံ ဖမ်းဆီးရာ မိကြသဖြင့် ညီတော်ပင်းတလဲမင်းသားဖြစ်ကြောင်း

သံတော်ဦးတင်ရာ ဖိုးတော်မင်းကြီးက မျက်တော်မူသောကြောင့် ညီတော်ဖြစ်သော်လည်း ထောက်ညှာစရာမယို့ သွားမည်းတိုင်း လမ်းသွားရန် သုတ်သင်စီရင်ရမည်ဟု မိန့်တော်မူချက်အရ အာဏာသားတို့က ပင်းတလဲမင်းသားကို ရေမှာချ၍ သတ်လေသည်။

ယင်းသည့် အကြောင်းကို ငါတို့လက်ထက် အဖြစ်အပျက် မှန်သမျှကို ရာဇဝင်နှိုက် ထုတ်ဖော်၍ မပြရဟု ဖိုးတော်မိန့်ချက်အရ ရာဇဝင် မဖော်မပြရပဲ ချွင်းချန်ထားရသည်ဟု ဘုံကျော် ဆရာတော်ဘုရား မိန့်တော်မူသော မှတ်သားချက်ပုရပိုက်ကို ဖတ်ရဘူးသည်။

နောက်ဖိုးတော်ဘုရားက သားတော်များအမည်စာရင်းကို ကောက်ယူသွင်းစေရာ မှူးမတ်တို့က သားတော် ၉-ပါးသာယို့ ကြောင်း သံတော်ဦးတင်ကြရာ ဖိုးတော်မင်းတြားကြီးက ဟဲ့ ကျော်ရွှေးကို ငါ့သားမဟုတ်ဘူးလို့ မည်သူက ပြောမလဲးဟု မိန့်တော်မူသောကြောင့် မောင်ကျော်ရွှေးကို သားတော်ကြီး အနေထား၍ သားတော်တကျိပ်ယို့ကြောင်း အမည်စာရင်း တင်ထားရလေသည်။ သားတော် သမီးတော်များကို အဆောင်အယောင်နှင့်တကွ မြို့စားရွာစား ကံကျွေးပေး၍ အသီးသီး ပေးအပ်ချီးမြှောက်တော်မူသည်။ အရာထမ်းအမှုထမ်း မှူးဟောင်း မတ်ဟောင်း မှူးသစ်မတ်သစ်များကို စီစဉ်ခန့်ထား သူကောင်းပြု တော်မူပြီးလျှင် အဆောင်အယောင်နှင့်တကွ မြို့စား ရွာစား ပယ်စား ပေးအပ်ချီးမြှောက်တော်မူသည်။ ထိုနောက် ဖိုးတော်မင်းတြားက မိဖုရားခေါင်ကြီးသို့ ရှင်လွှန်းမယ် ညည့်သား ကျော်

ရွှေအော စစ်ကိုင်းဖက် အိမ်တော်မှာ ဆင်းရဲနေစဉ်က မယ်တော်ရယ် မကျည်းရွှယ်နုများကို ဆီရွှဲရွှဲထဲ့၍ ဘယ်အခါသုတ်ပီး တော့စားရပါမည်လဲးဟု ညည်းညူတောင့်တသည်ကို ကြားရသည်။ သို့အတွက် ညည်းသား ကျော်ရွှေကို ဆီဖိုးမြေထဲမြို့ကိုစားပါစေ။ မြေထဲမင်းကြီးဖြစ်စေ။ ရှင်းပြင် အလံတော်ဦးကင်းဖြစ်သော ရန်ကုန်မြို့နှိုက် နေထိုင်ရန် ရန်ကုန်ဝန်ကြီးရာထူးကိုခန့်ထား သူကောင်းပြုတော်မူမည်ဟု မိန့်တော်မူရာ မိဖုရားကြီးကဝမ်းမြောက်လှပါကြောင်းပါ။ သင်းတို့သည် ငယ်ကျေးငယ်ကျွန်ဖြစ်ပါတယ်။ ဆင်းရဲတူ ကောင်းစားဘက်ဆိုသလို ဆင်းရဲသည့်အခါတုန်းက သင်းတို့ အဆင်းရဲခံ၍ လုပ်ကျွေးသမှု ပြုကြပါသောကြောင့် “ကတညုတ-ကတဝေဒီ” တရားအတိုင်း အသျှင်မြင့်က ကျွန်တင့်ဆိုဘိသကဲ့သို့ ချီးမြှောက် သူကောင်းပြုထိုက်ပါကြောင်း လျှောက်တင်လေ၏။

မိဖုရားခေါင်ကြီး လျှောက်တင်ချက်အရ မောင်ကျော်ရွှေကို မြေထဲးမြို့စား ရန်ကုန်ဝန်ကြီးရာထူးဖြင့် အုပ်ချုပ်ရန် ခန့်ထားသူကောင်းပြုတော်မူသည်အတိုင်း ဦးကျော်ရွှေသည် ရန်ကုန်မြို့သို့ စုန်ဆင်းပြီးလျှင် ဝန်ကြီးအဖြစ်နှင့် စီမံအုပ်ချုပ် နေထိုင်ရလေသည်။ “မြေထဲးမြို့သည် ယခုအာလံမြို့ဖြစ်နေ၏။ ရှေးကမြေထဲးမြို့နှင့် သရက်မြို့သည် ဆက်သွယ်လျက် ယှိဟန်တူသည်။ ထိုမြို့နယ်သားတို့သည် အပြောအဆိုကြမ်းတမ်းသည့် လက္ခဏာနှင့်တူသည်။ အကြောင်းမူကား ကဝိလက္ခဏာဆရာ၏ သတ်ပုံတွင်၊ မိုက်မိုက်မဲးမဲး သူ့ကိုဆဲ မြေထဲးသရက်သား။ ဟူသော သတ်ပုံကိုထောက်သဖြင့်ဟူလို” ဖိုးတော်က ပေါ်ဦးမှာ အဝေးမြို့ဝန်

အလုပ်ကို မလိုချင်နဲ့ ငါနှင့်အတူ တိုင်ပင်ဖော် တိုင်ပင်ဘက် နန်းတော်ကြီးတွင် အတွင်းဝန်ရုံခါလွှတ်တက်ဝန်ကြီးနေရာလွှတ် ခစားစေဟု ခန့်ထားသူကောင်း ပြုတော်မူသည်။ မင်းတြားကြီး ဘုရားနှင့် မိဖုရားခေါင်ကြီးပါ မောင်မြတ်ထင်ကို သတိမေ့ လစ်ခိုက် ကြုံကြိုက်လျက်ယှိနေကြ၏။

## မောင်မြတ်ထင် ဝန်ကြီးဖြစ်ပုံ

နောက်ချေးကျွန်းရွာနိုက်နေသော မောင်မြတ်ထင်သည် ပဲးခင်း ယာထဲတွင် တဲပေါ်နိုက် နေ့လယ်အခါ အိပ်ပျော်၍နေရာ ဝတ်ဖြူစင်ကြယ်နှင့် လူကြီးတယောက်လာ၍ မောင်မြတ်ထင် ဥကျွောင်းကို လက်နှင့်မ၍ ဟဲ့နင့်အသျှင် အထွတ်အမြတ်ကို ရောက်နေပြီ နင်ဘာလို့ မသွားသေးသလဲဟု ပြောပြီးလျှင် ကွယ်သွားလေ၏။ မောင်မြတ်ထင်လည်း အိပ်မက်သကဲ့သို့ ထင်ယောင်ထင်မှား နိမိတ်သုံးကြိမ်ပြသည်ကို ထောက်ချင့်၍ အင်းဝမြို့ သတင်းကို စုံစမ်းမေးမြန်းရာ မိမိအသျှင်သည် အထွတ်အမြတ်သို့ ရောက်ကြောင်းကို သတင်းကောင်းကြားသိရသောကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်လေသည်။

နောက်များမကြာမီ မောင်မြတ်ထင်သည် မိမိသားမယား ဆွေမျိုးညာတိများကို အကျိုးအကြောင်းပြောပြ၍ မိမိကိုင်းယာကထွက်သော ပဲးတောင့်ရှည်များကို ခူပြီးလျှင် ပဲးတောင့်ရှည် ၂-စည်းကို ထမ်းလျက် အင်းဝဘက်သို့ ကူးသွားလေ၏။

ဤအခါ အင်းဝမြို့ဆိပ်ကမ်းနိုက် ရန်ကုန်ဝန်ကြီး ဦးကျော်ရွှေသည် တနှစ်စေ့ ရောက်သဖြင့် ကံတော့ပူဇော်ရန် လှေတော်

ဆိုက်ကပ်လျက် ယှိနေသည်ကို မောင်မြတ်ထင်က လှေတော်ကို ကြည့်ရာ ဦးကျော်ရွှေ လှေပေါ်တွင် ယှိနေသည်ကို မြင်သဖြင့် ဟင်-ခွေးမသား ကျော်ရွှေ သင်းဘာများဖြစ်လာပါလိမ့်မလဲ။ ငါ-သင်းလှေတော်နားကို သွားပီးတော့ ရပ်အုန်းမယ်ဟု သွား၍ ရပ်လေ၏။

ဦးကျော်ရွှေလည်း လှေတော်ပေါ်ကကြည့်ရာ ကမ်းစပ်နှိုက် ပဲ့စည်းကို ထမ်းလျက်ရပ်နေကာ မြတ်ထင်နဲ့တူပါတယ်။ တူပေ တယ်လို့ သင်းကို သူငယ်ချင်းဖြစ်လို့ ငါနှုတ်ဆက်ပချေသော် ငါ့ကိုရှေးကကဲ့သို့ ဆဲးလိမ့်ဦးမည်။ ငါအမှတ်မဲ့မသိယောင်ပြု၍ နေမှတော်မည်ဟု နေလေ၏။

မောင်မြတ်ထင်လည်း ခွေးမသား ကျော်ရွှေ ငါဆဲးမှာ ကြောက်လို့ ငါ့ကို သူနှုတ်မဆက်ဝံ့ဘူး။ မသိယောင်ဆောင်နေ တယ်။ နောက်-သင်းနဲ့ငါနဲ့တော့ တနေ့နေ့ နန်းတော်မှာတွေ့ရ အုန်းမယ်ဟု ထွက်ခွါ၍သွားပြီးလျှင် မြောက်ပြင်တံခါးဗိုလ်အိမ် နှိုက် အခွင့်ပန်၍ တည်းခိုနေလေသည်။

× + + ×

တံခါးဗိုလ်။ ။ အမောင်ဘယ်ကိုသွားမလို့လဲ။

မြတ်ထင်။ ။ ကျွန်တော် အသျှင် နန်းမတော်ကြီးထံ ဝင်မ လို့ပါ။

ဗိုလ်။ ။ အောင်မယ် မောင်က ကြီးကြီးကျယ်ကျယ် ပြော လိုက်လေ နန်းမတော်ကြီးထံ ဝင်မယ်လို့ဆိုဒါ လူယုံနိုင်စရာမဟုတ်

ဖူးကွဲ့ လူများကြားရင် ရယ်ကြလိမ့်မယ်။ ဒီစကားကို မပြောလေနဲ့မောင်ရဲ့၊ အခြားကိစ္စယို့ဒါကိုသာ ပြောဘာအမောင်။

ထင်။ ။ ခင်ဗျားက ကျွန်တော် ပဲးစည်းကလေးကို ထမ်းလှာဒါ အဝတ်နွမ်းကို ဝတ်လှာဒါမြင်လို့ မတူမတန်ပြောလေတယ်လို့ ထင်သလားဗိုလ်မင်း။

ဗိုလ်။ ။ ဟုတ်တယ်မောင်ရဲ့ မောင့်ပုံပန်းကို မြင်ရခြင်းမှာ နန်းတော် အိမ်တော်နှင့် နီးစပ်သော ပုံလက္ခဏာနဲ့ လားလားမှ မတူပဲးကိုး မောင်ရဲ့။

ထင်။ ။ နန်းတော် အိမ်တော်နဲ့ နီးစပ်တဲ့ပုံပန်းနဲ့ မတူပေတဲ့ ဤအင်းဝမြို့တော်ကြီးကို အုပ်စိုးတော်မူသော မင်းတြားကြီး မိဖုရားခေါင်ကြီးတို့သည် ကျွန်တော်ကို သားလုပ်မွေးတဲ့ အရှင်များဖြစ်ပါတယ်ခင်ဗျား။

ဗိုလ်။ ။ ဘယ်နေရာမှာမောင့်ကို သားလုပ်မွေးပါသလဲကွဲ့။

ထင်။ ။ မင်းသားဖြစ်စဉ် စစ်ကိုင်းဘက်မှာ နေတဲ့အခါတုန်းက အိမ်တော်မှာ ကျော်ရွှေး ပေါ်ဦး ကျွန်တော်ပါ အတူနေကြပါတယ်။ ဤတုန်းက ကျွန်တော် ဗန်းမော် ကောင်းတုန်ရောက်လေ့ထိုးလိုက်ပီးတော့ ကျွေးခဲ့ရပါတယ်။ အခု ကျော်ရွှေးတောင် ဘာဖြစ်ပီးတော့လှာတယ်မသိ လေ့တော်နှင့် ဆိပ်ကမ်းမှာ တွေ့ခဲ့သေးတယ်ဗိုလ်မင်း။

ဗိုလ်။ ။ အောင်မယ်လေး မောင်သည်လိုကျော်ရွှေးပေါ်ဦးလို့မခေါ်ပါနဲ့ မောင် ခုအခါ သူတို့ အလွန် ဖုန်းကြီးနေကြတယ်။ အလွန်ပဲး အခွင့်အရေးသာပီးတော့ နေပါတယ်။ ဖုန်းတော်

ကြီးဘုရားနှင့် အသျှင်မိဖုရားခေါင်ကြီးဘုရားတို့က အလွန်အရေး ပေးနေတယ်၊ ဦးကျော်ရွှေ မြေထဲးမြို့စားဝန် ရန်ကုန်ဝန်ကြီးလို့ လဲ ခေါ်တယ်မောင်ရဲ့။ ဦးပေါ်ဦးမှာ အတွင်းဝန် မင်းတိုင်ပင် လွှတ်တက်ဝန်ကြီး ခန့်တော်မူတယ်၊ နေရာလွတ် ခစားရတယ် မောင်ရဲ့၊ သူတို့ကို များစွာရှိသေလေးမြတ်ကြရပါတယ်မောင်။

ထင်။ ။ ဟုတ်ပါတယ်ဗိုလ်မင်း၊ ဘယ်လိုအရေးရောက်ပေတဲ့ သည်အကောင်တေဟာ ကျွန်တော်ဆဲးဖတ်ချည်းဖြစ်တဲ့ အကောင် တေကလားဗျ။

ဗိုလ်။ ။ မောင်အပြောတယ်ပီး မာလွန်းလှတယ်။ သူတပါး ကြား၍ လွှတ်တော်ဝန်များနားကို ပေါက်ယင် ကျုပ်ပါ ရာဇ ဝတ်သင့်မည်ကို ကြောက်လှပါတယ်။ နောက်ထပ်မပြောပါနဲ့ မောင်တောင်းပန်ပါရစေ။

ထင်။ ။ အင်း- ခင်ဗျားအိမ်မှာ ခေတ္တ တည်းခိုပေဒါကို မကြိုက်ယင် မပြောပါဘူးဗျာ၊ ကျွန်တော်က မှန်ဒါကိုပြောပြ ခြင်းဖြစ်ပါတယ်။ နောက်တော့ ဗိုလ်မင်း ကျွန်တော်အကြောင်း ကိုသိပါလိမ့်မယ်၊ နက်ဖြန်တော့သာ ကျွန်တော့ကို လွှတ်တော်ရှေ့ ကခေါ်၍ မိဖုရားခေါင်ကြီး စံတော်မူတဲ့ နန်းဆောင်ကိုသာ အရောက်ပို့ပါ၊ ဗိုလ်မင်းကျေးဇူးကို ကျွန်တော် ဆပ်ပမယ်။

ဗိုလ်။ ။ လွှတ်တော်ကြီးကို ရောက်အောင်တော့ ပို့နိုင်ပါရဲ့ မောင် အသျှင်မိဖုရားခေါင်ကြီး စံတော်မူသော နန်းတော်ကို တော့မပို့ဝံ့ပေဘူး။ အနောက်မိမ္ဗုပိုင်းများကို ယောက်ျားများ မသွားရဘူးမောင်၊ သွားယင် ချက်ချင်း ရာဇဝတ်အပြစ်သင့်တတ် ပါတယ်မောင်။

ထင်။ ။ ဒါဖြင့် လွှတ်တော်ကသာနေ၍. ဘယ်ကို သွားရမယ်ဆိုဒါ ကျွန်တော့ကို လမ်းညွှန်လိုက်ပါ၊ ကျွန်တော်ဘာသာအလျောက် သွားပါမည်။ ကျွန်တော်ကံအတိုင်းဖြစ်လိုရာ ဖြစ်ပါစေတော့ဗိုလ်မင်း။

ဗိုလ်။ ။ ကောင်းပါပေ့မောင် နက်ဖြန်တော့လိုက်၍. လွှတ်တော်ကြီးအရောက်ပို့ပါမည်။ နန်းတော်တွင်းသို့ မောင်ရောက်၍ စစ်မေးသည့်အခါ ကျုပ်ပို့၍ ရောက်တယ်လို့ အစစ်မခံပါနှင့် မောင်တောင်းပန်ဘာရစေ။

ထင်။ ။ စိတ်ချပါဗိုလ်မင်း ကျွန်တော်အတွက်နဲ့ဖြင့် ဗိုလ်မင်းကို တစုံတရာအပြစ်မယို့စေရပါ။ ကျွန်တော်အတွက်နှင့်သာ ဗိုလ်မင်း ရာထူးတိုး၍ ချမ်းသာခြင်းဖြစ်ပါစေမည်ခင်ဗျား။

ဗိုလ်။ ။ သာဓုမောင်ရယ်-သာဓု၊ သာဓု၊ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ယခုလိုကြားရသည့်အတွက် အလွန်ပဲဝမ်းမြောက်လှပါတယ်၊ ကိုင်း-မောင်- ဟောဟိုအိမ်ဦးခန်းမှာ အိပ်ယာများအသင့် ခင်းကျင်းထားပြီးဖြစ်တယ် ညဥ့်အတော်နက်ပြီ အိပ်ပေအုန်းတော့မောင် ညအခင်းကိစ္စယိုယင် အောက်ကိုမဆင်းရပါ ဟောဟိုဘက်လှည့်သွားယင် နောက်ဘေးဆောင်ကလေးကို ဝင်ပါမောင်။

ထင်။ ။ ကောင်းပါပေ့ ဗိုလ်မင်း၊ ကျွန်တော့အခွင့်ပြုပါဆို၍. အိပ်ယာခန်းသို့သွားပြီးလျှင် ဘုရားကို ကြည်ညိုရှိခိုးပူဇော်ပြီးအိပ်လေ၏။

နက်ဖြန်နံနက် တချက်တီးကျော်အချိန် တံခါးဗိုလ်နှင့် မောင်မြတ်ထင်တို့ ပဲပြုတ်နဲ့ လက်ဖက်ရေသောက်ကြပြီးသော် ကိုင်း

မောင် သွားကြစို့ ဆို၍ ထွက်လာကြရာ နန်းတော်ကြီးရှေ့ တံခါးနီက ဝင်ပြီးသော် ဟောဟိုဟာ ဗဟိုရံစင်မောင်ရဲ့ ဟော ဒါက စွယ်တော်စင်မောင်ရဲ့ ဟောဒါက ဝန်ကြီး ၄-ပါး တရားစီရင် တိုင်ပင်ဆွေးနွေးကြသော လွှတ်တော်ကြီး ဆိုဒါ မောင်ရဲ့။

ထင်။ ။ ဟော လွှတ်တော်ပေါ်မှာ အခုကြားရတဲ့အသံဟာ ကျော်ရွှေပဲဗျ အဲဒီအသံက ပေါ်ဦးပဲဗျ။

ဗိုလ်။ ။ တိုးတိုးပြောပါ မောင်ရဲ့ ကျုပ် အလွန်မောင့် အတွက် ကြောက်လှပါတယ်။ မားနီးလှပါတယ်။ တောင်းပန်ဘရ စေမောင်ရယ်။

ထင်။ ။ ကိုင်း- ဒါဖြင့် ဗိုလ်မင်းသည်က ခဏနေအုန်း ကျွန်တော် လွှတ်တော်လှေကားကိုတက်လို့ သူတို့ကို ပြအုန်းမယ်။ ကြည့်နေနော်။ ဆိုပြီးလျှင် လွှတ်တော်လှေကားသို့ ပဲစည်းကိုထမ်း လျက် တက်ပြီး ရပ်နေလေ၏။

ဦးပေါ်ဦး။ ။ ဟေ့ကျော်ရွှေ၊ ကြည့်စမ်း လှေကားထိပ် မှာပဲစည်းနှင့် ရပ်နေဒါ မြတ်ထင်နဲ့ မတူဘူးလားကွဲ့။

ဦးကျော်ရွှေ။ ။ ဟုတ်တယ်ဟေ့ မနေ့က ငါလှေတော် ဆိုက်တဲ့အခါ လှေတော်အနီးနှုက် အဲဒီပဲစည်းကို ထမ်းပြီးတော့ ရပ်လှာတယ်၊ ငါသူဆဲးမှာကြောက်တာနဲ့ နှုတ်မဆက်ပဲး အမှတ် မဲ့နေလိုက်တယ်။ အတော်ကြာတော့ သူထွက်သွားရော အခု ဘယ့်နှယ်သည်ကို ရောက်လှာတယ် မပြောတတ်ပါဘူးကွယ်။

ဦး။ ။ ဟုတ်တယ်ဟေ့ ဟိုစကိုင်းမှာ နေတုန်းကလို မှတ်ပြီး တော့ တို့ကို ဆဲးလိမ့်အုန်းမယ်၊ အမှတ်မဲ့ မသိယောင်နေဟေ့။

ထင်။ ။ ဟင်- ခွေးမသားတော ငါဆဲးမှာ ကြောက်လို့ ထင်ရဲ့ နှုတ်တောင်မဆက်ဝံ့ကြဘူး။ ဟုအောက်မေ့လျက် လှေကားမှဆင်းလှာ၍ ဗိုလ်မင်းသူတို့ ကျွန်တော်ဆဲးမှာကြောက်လို့ မခေါ်ဝံ့ကြဘူး ခွေးမသားတော။

ဗိုလ်။ ။ အင်း- လွှတ်တော်ကြီးဆိုဒါ အကြောင်းမဲ့ မတက်ကြရပေဘူး။ အခုမောင် ရဲးရဲးဝံ့ဝံ့တက်ပီးသွားဒါ ကျုပ်ကြည့်နေတယ်။ လွှတ်တော်လုလင်တို့က တစုံတရာ နှင်ထုတ်ခြင်းမပြုကြသည်ကို ထောက်တော့ မောင်ပြောဒါ ဟုတ်တန်ရာ၏လို့ အောင်းမေ့မိပေတယ်။

ထင်။ ။ အထူးတော့ မပြောပါဘူး။ ယနေ့ ကျွန်တော့အကြောင်းကို ဗိုလ်မင်းသိရပါလိမ့်မယ်။

ဗိုလ်။ ။ ကောင်းပါပေ့မောင်၊ နန်းတော်ကြီး အနောက် ပိုင်းကို သွားလျှင် ဟောဟိုနန်းရှေ့လမ်း မြောက်ဖက်ကို ယှောက်ပီးတော့သွားပါ၊ နန်းတော်ကြီးမြောက်ဖက်တဲ့တဲ့ ရောက်သောအခါ အလယ်လှေကားက အပေါ်သို့တက်ပြီးတော့ အနောက်ဖက်ကိုသွားယင် ရောက်ပါလိမ့်မယ်။

ထင်။ ။ ကောင်းပါပေ့ဗိုလ်မင်း ပြန်ပေတော့၊ ဗိုလ်မင်းကို ကျေးဇူး အလွန်တင်ပါတယ်။ ကျေးဇူးကို ကျွန်တော် မမေ့ပါ နောက်တော့ သိရပါလိမ့်မယ်၊ ကျွန်တော်သွားပေ့ဗျာ။

ဗိုလ်။ ။ ကောင်းပါပေ့မောင် ကျုပ်ညွှန်ပြတဲ့အတိုင်းသွားပေတော့နော် မောင့်အစွန်းအစကိုတော့ ကျုပ်ရိပ်မိပြီ၊ ကိုင်း- ကျုပ်ပြန်ပေ့။

× × × × × ×

မောင်မြတ်ထင်သည် ဗိုလ်မင်းပြောပြသည်အတိုင်း လမ်းကို ယှောက်သွားရာ မြောက်ဖက်တဲ့တဲ့ အလယ်လှေကားကိုတွေ့လျှင် နန်းတော်ပေါ်သို့ တက်သွား၍ နန်းတော်အဆောင်တွေကို လိုက်ပြီးကြည့်ရာ အသျှင် နန်းမတော်ကြီး၏ အပျိုတော်ကြီး တယောက်နဲ့တွေ့လျှင် မြတ်ထင်က ထိုင်လျက် ရှိခိုးကာ နေလေ၏။

အပျိုတော်။ ။ ဟဲ့- နင်ဘယ်ကအကောင်လဲ မိမ္မဆောင်ပိုင်းကို ယောက်ျားများ မဝင်ရဘူးဟု အမိန့်တော်ကြီး ကြပ်တည်းစွာ ထုတ်တော်မူထားဒါ နင်မသိဘူးလား။ အခုနင်ရာဇဝတ်တော်သင့်ပြီးဟု ပြောလေ၏။

ထင်။ ။ ကျွန်တော်မသိပါ။ အသျှင် မိဖုရားခေါင်ကြီးကို တွေ့လို၍ လာပါတယ်။ အသျှင်မိဖုရားခေါင်ကြီးကို အရှင့်သား မြတ်ထင်ဆိုဒါ လာပါတယ်လို့ လျှောက်တင်ပေးပါ။ အသျှင်မိဖုရားခေါင်ကြီး ချက်ချင်းထပီးတော့ လာပါလိမ့်မယ် မလာယင် ကျွန်တော်ကို ဒီနေရာတွင်သတ်ပါ။ စဥ့်တီတုန်းပေါ်မှာ လယ်ပင်းကို စင်းလို့ ပေးပါမယ် ဓားနဲ့ နုတ်နုတ်ဖြစ်အောင် အစင်းခံဝံ့ပါတယ်။ ဟု လျှောက်လေ၏။

အပျိုတော်။ ။ သင်းသည် မကြောက်မရွံ့ ရဲဝံ့စွာ လျှောက်ပေသည် မိဖုရားခေါင်ကြီးကို သံတော်ဦးတင်ရန် ဖြစ်ပေသည်ဟု စဉ်းစားကာ ကောင်းပြီ-ကောင်းပြီ၊ ဒီနေရာကနေ ဘယ်မှ မသွားနဲ့ ငါသွားပြီး သံတော်ဦးတင်မယ် ဆို၍ မိဖုရားခေါင်ကြီး အဆောင်တော်သို့ သွား၍ ခစားလေ၏။

မိဖုရားခေါင်ကြီး။ ။ ဘာအကြောင်းယှိပေတုန်း။

အပျိုတော်။ ။မှန်ပါ လူတယောက် ပဲးစည်းကလေးကို ထမ်းပီး နန်းတော်ပေါ်သို့ တက်လာသည်ကို မြင်ပါသဖြင့် သူ့ကို

မေးရာ အရှင်မိဖုရားခေါင်ကြီး၏သား မြတ်ထင်ဖြစ်ကြောင်းကို သံတော်ဦးတင်ပေးပါလို့ လျှောက်ပါသည်ဘုရား။

မိဖုရားကြီး။ ။ ဟင်- သဗောက်မသား သင်း ဘယ့်နှယ် ရောက်လှာပါလိမ့်ဟု မိန့်တော်မူပြီးလျှင် ရုပ်ခြည်း ထတော်မူ၍ သင်းဘယ်မှာတုန်း မေးတော်မူလျက် ထွက်တော်မူလှာလေ၏။

ထိုအခါ မြတ်ထင်က မိဖုရားထွက်တော်မူလှာသည်ကို မြင်လျှင် ပဲးစည်းကလေးကို ချထားခဲ့ပြီးသော် အမြန်ပြေးသွား၍ မိဖုရားကြီး၏ ခြေထောက်ကို ဖက်၍ ငိုလေ၏။

မိဖုရားက။ ။ ဟဲ့ သဗောက်မသား တို့အထွက်အမြတ်ကို ရောက်လှာဒါ တနှစ်ကျော်ပြီ ဟဲ့- နင်သတင်းမကြားဘူးလား။ ကြည့်စမ်း ကျော်ရွှေမှာ မြေထဲးမြို့စား ရန်ကုန်ဝန်ကြီးခန့်လိုက် တယ်၊ ပေါ်ဦးမှာ မင်းတိုင်ပင် အတွင်းဝန် လွှတ်တော်ဝန်ကြီး ဟဲ့ နင်လဲး သူတို့လို ရာထူးရထိုက်တယ်ဟဲ့ နင်ပေါ့ဒါကိုဟဲ့ သဗောက်မသား။

ထင်။ ။ ပေါ်ဦးနှင့် ကျော်ရွှေတို့ လွှတ်တော်ပေါ်မှာ ထိုင်နေဒါကို ကျွန်တော်မျိုးတွေ့ခဲ့ပါတယ်။ သူတို့ ကျွန်တော်မျိုးကို နှုတ်တောင် မဆက်ကြဘူးဘုရာ့။

မိဖုရားကြီး။ ။ ဟဲ့- သဗောက်မသား၊ နင့်ကို သူတို့က နှုတ်ဆက်ပံ့ဘမလားဟဲ့၊ နင်က သူတို့ကို အရင်ကလိုမှတ်ပီးတော့ ဆဲးအုန်းမှာစိုးရိမ်လို့ နှုတ်မဆက်တာဟဲ့ နင်သိရဲ့လား။

ထင်။ ။ ဟောဒီမှာ မယ်မယ်စားဘို့ ပဲးတောင့်ရှည် ၂-စည်း ထမ်းလှာတယ်ဘုရာ့။

မိဖုရားကြီး။ ။ သည်ပဲးတောင့်စည်းဟာ နင် ဝယ်လှာဒါလားဟဲ့။

ထင်။ ။ ဝယ်ခဲ့သည်မဟုတ်ပါ၊ ကျွန်တော်မျိုး ကိုယ်တိုင်စိုက်ပျိုးတဲ့ ကိုင်းယာက ထွက်ထာပါ မယ်မယ်ဘုရား။

မိဖုရားကြီး။ ။ နင်စကိုင်းက ခွဲးခွာသွားကတဲက ကိုင်းယာလုပ်ကိုင်စားသောက်နေသလား။

ထင်။ ။ မှန်ပါကြောင်းပါဘုရား။

မိဖုရားကြီး။ ။ ကိုင်း- နင့်ပဲးစည်းကို ထမ်းပီး လိုက်ခဲ့၊ လာသွားမယ်ဆိုပြီး အဆောင်တော်သို့ ရောက်သောအခါ ဟောသည်မှာနေဟု အမိန့်ပေးပြီးနောက်. . . .

မိဖုရားကြီးသည် ဖိုးတော်မင်းတြားကြီး ညီလာခံရာသို့သွား၍.အရိပ်အယောင်ပြလိုက်သော် ဖိုးတော်ဘုရားမြင်တော်မူလျှင် ညီလာခံစဲး၍. အတွင်းဆောင်သို့ ဝင်လှာသည့်အခါ မိဖုရားက လက်တော်ကို ဆွဲလျက် အတူကြွလှာကြရာ အဆောင်တော်သို့ ရောက်လျှင် မိဖုရားကြီးက မောင်မောင်ဘုရား သည်အကောင်ကို သိတော်မူရဲ့လားဟု လက်ညှိုးညွှန်၍ ပြတော်မူသည်ကို ဖိုးတော်မင်းတြားကြီးက မြတ်ထင်မျက်နှာအောက်ချသို့ပြီး ရှိခိုးလျက်နေသည်ကို ခြေမတော်နှင့် မြတ်ထင်မေးစေ့ကို ထိုးကော်၍မပြီး ကြည့်တော်မူလျက် ဟဲ့- နင်မြတ်ထင်မဟုတ်လား- မေးတော်မူရာ မြတ်ထင်ကဒိုလျက် ဟုတ်ပါကြောင်းပါဘုရားဟု လျှောက်လေသည်။

ဖိုးတော်။ ။ ဟဲ့- ခွေးမသား နင်ခုမှလာတယ် ငါတို့ အထွတ်အမြတ်ရောက်သည်မှာ တနှစ်ကျော်လှာပြီ၊ ငါအထွတ်အမြတ်ကို

ရောက်စဉ်အခါက ကျော်ရွေးကို မြေထဲးမြို့စား ရန်ကုန်ဝန်ကြီး ခန့်လိုက်တယ်၊ ပေါ်ဦးကို မင်းတိုင်ပင်အတွင်းဝန် လွှတ်တော်ဝန်ကြီးခန့်ထားတယ်။ နင်- သည်တုံးကယှိယင် နင်လဲးဝန်ကြီးဖြစ်မှာပေါ့ဟဲ့၊ နင်တယ်မိုက်တယ်၊ အခုမှလာတာကိုဟဲ့ နင် ဟိုမှာ ဘာလုပ်နေသလဲး။

ထင်။ ။ ကျွန်တော်မျိုး ကိုင်းယာလုပ်၍ ပဲးပင်စိုက်ပျိုးစားသောက်နေရပါတယ်ဘုရား။

ဖိုးတော်။ ။ ကောင်းပီ နောက်ကို ငါကြည့်တော်မူမည်၊ ယခု နင့်သားမယားများစားသုံးရန် ငါချီးမြှောက်လိုက်မယ်။ မိန့်တော်မူ၍ အဝတ်အထည်များနှင့် ငွေတော်ခွက်တဆယ် ယူသွားလေ၊ နင်စားသုံးလို့ ကုန်လျှင် နန်းတော်ကို လာ၍ လျှောက်ထပ်မံငါချီးမြှောက်တော်မူမည်။

မိဖုရားကြီးက ဟဲ့ မြတ်ထင် အခု ပေးသနားတော်မူသော ဆုတော်ငွေများကို နင့်သားမယားထံ လူကြုံကောင်းကောင်း ကြည့်ပီးတော့ပေးလိုက် နန်းတော်ကြီးကို မကြာမကြာ ဝင်ခဲ့ရ မည် မိန့်တော်မူလေသည်။

နောက်- ဟေ့- အေးတို့ တယောက်လှာစမ်း၊ ဟော- ငါ့သား မြတ်ထင်ကို ခေါင်းများ သန့်ရှင်းပေးပါအေ၊ ဝတ်သန့် ဝတ်ကောင်းကိုလဲး ဝတ်ဆင်ပါစေအေ။

မြတ်ထင်လည်း ပဆိုး-အကျီ-ပုဝါ ဆုတော်များကို ဝတ်ဆင်ပြီးသော် ဖိုးတော်နှင့် မိဖုရားကြီးတို့ကို ဦးတင်ပြီး ဆုတော်ငွေများကိုယူ၍ နန်းတော်မှ ထွက်လှာလေ၏။

ဖိုးတော်။ ။ ရှင်မိဖုရားကြီး သည်အကောင်ကြောင့် ခက်နေပါပြီ၊ ငယ်ကျေးငယ်ကျွန်ဖြစ်ပေတယ်၊ ပေါ်ဦး ကျော်ရွှေတို့ကိုတော့ ချီးမြှောက်ထားပါလျက် သင်းကို မချီးမြှောက်ချေက မေတ္တာမဲ့ရာ ကျရောက်လိမ့်မည် သင်းလည်း အလွန်မ ဝမ်းနည်းခြင်းယှိလိမ့်မည်။

မိဖုရားကြီး။ ။ ဟုတ်ပါကြောင်းပါ မောင်၊ မြတ်ထင်ကို ကျော်ရွှေတို့ကဲ့သို့ ရာထူးမျိုး မြှောက်ထိုက်ပါပေတယ်၊ စကိုင်းဘက်မှာနေစဉ်က သင်း ပင်ပန်းကြီးစွာ လုပ်ကျွေးပါပေတယ်၊ နောက်တဖြေးဖြေး ပေါ်ဦးတို့နဲ့ တိုင်ပင်၍ သင့်လျော်သော ရာထူးနဲ့ နေရာချထားရန် သင့်ပါကြောင်းပါဆို၍ အတွင်းဆောင်သို့ ဝင်တော်မူကြလေ၏။

× × ×

မောင်မြတ်ထင်လည်း ဆုတော်ငွေများနှင့် တခါးဗိုလ်မင်းအိမ်သို့ ရောက်သောအခါ ဗိုလ်မင်းကြီးဗျာ ဗိုလ်မင်းကြီး၏ ကျေးဇူးကြီးပါပေတယ်၊ ရှော့ဗျာ ငွေတပိဿာ ဗိုလ်မင်းကြီး သုံးစားတော်မူဘို့ ကျေးဇူးဆပ်ပါတယ်ဗျား၊ ဗိုလ်မင်းဝတ်ဆင်လိုသော ပဆိုး-ပဝါ ကြိုက်ထာကို ယူတော်မူပါဟု ပေးလေ၏။

ဗိုလ်။ ။ ကောင်းပါပေါ့မောင်၊ အမောင်ရောက်စတုန်းက ကျုပ်က မောင့်ကို အညတရ အလံကားလူ အရှုးပဲဟု ထင်မိပေတယ်မောင်၊ အခုမှ မောင့်အကြောင်းကို ကောင်းကောင်းသိရပါပေပြီ။ ယခင်တွေ့စက ကျုပ်မလေးမခန့်ပြောမိဆိုမိတာများကို

စိတ်ယိုတော်မမူနဲ့နော် သည်းခံတော်မူပါဟု တောင်းပန်တိုးလျှိုးလေ၏။

ထင်။ ။ သည်လိုပေါ့လေ အကြောင်းကို မသိတဲ့အခါ ပြောကျဆိုကျတာပေါ့၊ ဗိုလ်မင်းလေး လူကဲကိုမခတ်နိုင်တော့ ပြောမိပေမှာပဲးဗျ၊ ဗိုလ်မင်းတောင်းပန်ဒါ မိမိအပေါ်နိုက် နောင်တော့အပြစ်လာမှာ ကြောက်ရွံ့လို့ တောင်းပန်ဒါကို ကျွန်တော်သိပါတယ်။ ချမ်းသာစွာနေတော်မူပါ၊ သို့သော် ပေးသနားတော်မူသော ဆုတော်ငွေများကို ကျွန်တော်သားမယားထံသို့ ပို့ရန် ကမ်းနားသို့ဆင်းပီး လှေကြုံရှာ၍ ပေးလိုက်ရအုန်းမယ်၊ ၎င်းကိစ္စတုန်းမှ ဗိုလ်မင်းနဲ့ တိုင်ပင်အုန်းမယ်ဆို၍ ကမ်းနားသို့ဆင်းသွားလေ၏။ ကမ်းနားလှေဆိပ်သို့ ရောက်သောအခါ လှေကြုံလူကြုံကို အခန့်သင့်တွေ့သဖြင့် အကြောင်းစုံမှာကြား၍ ပေးအပ်လိုက်ပြီးသော် တံခါးဗိုလ်အိမ်သို့ ပြန်လှာလေ၏။

ဗိုလ်။ ။ ပြန်လှာပြီလားမောင် ကိုင်း-ရေများချိုးပါအုန်းပြီးတော့ ထမင်းများ သုံးဆောင်ပါ၊ ပွဲရံများ အသင့်ပြင်လျက်ယှိပါတယ်မောင်။

ထင်။ ။ ကောင်းပါပေ့ခင်ဗျာ ဆို၍ ရေချိုးပြီးနောက်ထမင်းများ စားသောက်ပြီးလျှင် လဘက်ရည်သောက်ရင်း စကားပြောကြသည်ကား ဗိုလ်မင်း ဖုန်းတော်ကြီးဘုရားက ဤမျှလောက်ဆုပေးသနားတော်မူရှိမှုနဲ့ ကျွန်တော်တင်းတိမ်ပါရိုးလား၊ ပေါ်ဦးနဲ့ ကျော်ရွှေတို့လို ဝန်ဖြစ်မှ တင်းတိမ်နိုင်မည်။ ဝန်ကြီးဖြစ်မှ ကျွန်တော်ရွာကို ပြန်မယ်ဗိုလ်မင်း။

ဗိုလ်။ ။ သူတို့လို ဝန်ကြီးဖြစ်အောင် မောင်ဘယ်လိုကြံမယ်တုန်း ပြောပြစမ်းပါ။

ထင်။ ။ ကျွန်တော် ကြံမှာက သည်လိုဗျ၊ ကျော်ရွှေ ပေါ် ဦးတို့ ဝတ်ဆင်သော ဝန်ကြီးများ၏ အဆင်တန်းဆာမျိုးနဲ့ အဆောင်အယောင်များကို ဟောဒီငွေများနဲ့ ဗိုလ်မင်း စီမံပြုလုပ်ပေးပါဟု ပြောလေ၏။

မောင်မြတ်ထင် ပြောသည့်အတိုင်း တံခါးဗိုလ်က ကောင်းပါပြီမောင်၊ ကျုပ်စီမံချုပ်လုပ်ပေးပါမယ်ဆို၍ ၃-ရက်အတွင်း အဆောင်အယောင်နဲ့တကွ ပြုလုပ်ပေးအပ်လေသည်။

ထင်။ ။ ကောင်းပါပြီ ဗိုလ်မင်း၊ အလွန် ကျေးဇူးတင်ပါတယ်၊ အဆောင်အယောင်များကို ကိုင်ရန် လူကောင်းကောင်းကိုရှာ၍ပေးပါဟု ပြောသည်အတိုင်း တံခါးဗိုလ်က မင်း၏နောက်လိုက်ဖူးသော နားလည်သူများကို ငှါးပေးလေ၏။

မောင်မြတ်ထင်သည် ဝန်ကြီးတို့ ဝတ်ဆင်သော ဗောင်းနားဒျောင်း အင်္ကျီ စသည်တို့ကို ဝတ်ဆင်လျက် အဆောင်ကိုင်တို့နှင့် နံနက် တချက်မတီးမှီ နန်းတော်သို့ ဝင်ပြီးလျှင် လွှတ်တော်ပေါ်သို့တက်၍ နေလေ၏။ အဆောင်ကိုင်များလည်း ဆိုင်ရာကခစားလျက်နေကြလေ၏။

နံနက်တချက်တီးပြီးသော် ဦးပေါ်ဦးသည် လွှတ်တော်သို့လာရောက်ရာ၊ လွှတ်တော်ပေါ်နိုက် မြတ်ထင် လွှတ်တော်ဝန်ကြီးဖြစ်နေသည်ကို မြင်သောအခါ နှုတ်မဆက်ဝံ့ပဲ ဘယ့်နှယ်တုန်းကမို့၊ မြတ်ထင်ကို လွှတ်တော်ဝန်ကြီး ဘယ်တုန်းက ခန့်ပါလိမ့်မလဲ၊ ကျော်ရွှေများ သိလိမ့်မလား ပြောတတ်ပါဘူး၊ သွားပီးတော့ မေးအုန်းမယ်ဟု ဦးကျော်ရွှေ အိမ်တော်သို့ သွားပြီးလျှင် ဟေ့- ကျော်ရွှေ မြတ်ထင်ကို ဝန်ကြီးခန့်ဒါ မင်းသိရဲ့လားကွဲ့။

ရွှေး။ ။ မသိပေါင်ကွယ် ဘယ်မှာမြင်ခဲ့သလဲးကွဲ့။

ဦး။ ။ သယ်-မင်းသာမသိတယ်၊ မြတ်ထင် ဝန်ကြီးဖြစ်လို့ လွှတ်တော်ကြီးပေါ် ရောက်ပီးနေပကောကွဲ့။

ရွှေး။ ။ မဟုတ်ဖူးကွဲ့၊ အတွင်းတော်က လွှတ်တော်ဝန်ကြီးခန့်ရင် ငါတို့ လွှတ်တော် ဝန်ကြီးများကို ရွှေးဦးစွာ အမိန့်တော်ကြီးနဲ့ သိစေရတယ် မဟုတ်လားကွဲ့။ အခု တို့မှ မသိပဲနဲ့ ဘယ့်နှယ် မြတ်ထင် ဝန်ကြီးဖြစ်ရသတုန်းကွဲ့။

ဦး။ ။ ကိုင်း ဒါဖြင့်လာ နန်းတော်ကြီးဝင်၍ သံတော်ဦး တင်ရအောင်။

၂-ယောက်သား တိုင်ပင်ပြောဆို၍ နန်းတော်ကြီးသို့ ဝင်ပြီးသော် ဖိုးတော် ရှေ့တော်နှိုက် ပြာယီးပြာယာ ခစားကြလေ၏။

ဖိုးတော်။ ။ ဟဲ့-သည်အကောင် ၂-ကောင် ဘာများဖြစ်လာကြသတုန်း နင်တို့။

ရွှေး။ ။ မှန်ပါ- လျှောက်ထားရန် ယှိကြောင်းပါဘုရား။

ဖိုးတော်။ ။ ဘာလျှောက်ထားရန် ယှိပြန်တုန်း၊ အမြန်သိလိုတယ် လျှောက်ကြကွယ်။

ဦး။ ။ မှန်ပါ-အရှင့် ဘေးလောင်းတော်၊ ဖိုးလောင်းတော်တို့လက်ထက်တော်မှ စ၍ လွှတ်တော် ဝန်ကြီးလေးပါး ခန့်ထားမြဲ ဖြစ်ပါကြောင်းပါ ဘုရား။

ဖိုးတော်။ ။ ခန့်ထားမြဲ အစဉ်ယှိသည်ကို ဘာဖြစ်ပြန်တုန်းကွဲ့။

ရွှေ။ ။ မှန်ပါ-ဖုန်းတော်ကြောင့် ခမည်းတော်ဘုရားလက်ထက်တော်မှာ လွှတ်တော် ဝန်ကြီး ၅-ပါး ယှိနေပါကြောင်းပါဘုရား။

ဖိုးတော်။ ။ ဝန်ကြီးတပါး ဘယ်က လှာ၍ ပိုနေပြန်သလဲကွဲ့။

ဦး။ ။ မှန်ပါ-ဖုန်းတော် ကြီးသောကြောင့် မြတ်ထင်သည် လွှတ်တော်ပေါ်မှာ ဝန်ကြီး ဖြစ်နေပါကြောင်းပါ ဘုရား။

ဖိုးတော်။ ။ ဟာ- ငါ သင်းကို ဝန်ကြီး မခန့်သေးပါဘူးကွဲ့။ တနေ့တုန်းက ငါသင်းကို စားသုံးရန် ဆုတော်ငွေနဲ့ အဝတ်အထည်များ ချီးမြှင့် သနားတော် မူလိုက်တယ်၊ သို့သော် သင်းကိုအတွင်းတော်ခေါ်၍ ကောင်းမွန်စွာ သွင်းခဲ့ကြပါကွယ်ဟု မိန့်တော်မူလေ၏။

## (အမှာ ၂-ချိုး)

သက်ကြီးတို့စကား၊
မှတ်သားရစီစဉ်။
ယဉ်ယဉ် မဖော်ပြ။
မှီခိုသူ-လူပဏ္ဍိတ်တို့ရယ်၊ နှိုင်းညှိယူဆ။

ဖိုးတော် မင်းတြားကြီး အမိန့်တော်နှင့် ဦးကျော်ရွှေ၊ ဦးပေါ်ဦးတို့ မြတ်ထင်ကို သွား၍ ခေါ်ခိုက် မိဖုရားကြီးက ရိပ်မိသဖြင့် ထွက်လာပြီးလျှင် ဖိုးတော်အပါးနှိုက် ခစားလျက် နေတော်မူ၏။

ဦးကျော်ရွှေ၊ ဦးပေါ်ဦးတို့လည်း လွှတ်တော်ကြီးသို့တက်၍ ဟော့- သူငယ်ချင်း ဝန်ကြီး မောင်မြတ်ထင်၊ ခမည်းတော် မင်းတြားကြီးက နန်းတော်ကြီး အတွင်းတော်သို့ ဝင်ပြီးလျှင် အတိုင်ပင်ခံရန် တို့ ၂-ယောက်ကို အခေါ်လွှတ်လိုက်တယ် သူငယ်ချင်း၊ ကိုင်း ထ-လာသွားကြစို့။ ဟု မောင်မြတ်ထင်ကို ခေါ်ရာ မောင်မြတ်ထင်လည်း ကောင်းမွန်စွာ လိုက်ပါသဖြင့် နန်းတော်ကြီး အတွင်းတော်သို့ ဝင်လှာပြီးသော် အသျှင် ၂-ပါး ရှေ့တော်နှိုက်ခစားလေ၏။

ဤအခါ ဖိုးတော်နှင့် မိဖုရားကြီးတို့က မောင်မြတ်ထင်ကို ကြည့်၍ ပြုံးတော်မူကြလေ၏။

ဖိုးတော်။ ။ ဟဲ့-မြတ်ထင်၊ မောင်မင်းကို မည်သူက လွှတ်တော်ဝန်ကြီး ခန့်ထား သူကောင်းပြုတော်မူသလဲ။

မြတ်ထင်။ ။ ခမည်းတော် ဘုရား ခန့်ထား သူကောင်းပြုတော်မူပါကြောင်းပါဘုရား။

ဖိုးတော်။ ။ ဟဲ့မြတ်ထင်၊ နင့်ကို ငါ ဘယ်တုန်းကများ လွှတ်တော်ဝန်ကြီး ခန့်ထားသလဲးဟဲ့။

မြတ်ထင်။ ။ ဟို တနေ့တုန်းက မယ်မယ်ဘုရား နန်းတော်ဆောင်တွင် ခမည်းတော်ဘုရား မိန့်တော်မူသည်မှာ ကျော်ရွှေလဲးဝန်ကြီးဟဲ့၊ ပေါ်ဦးလဲး ဝန်ကြီးဟဲ့၊ နင်လဲးယှိရင် ဝန်ကြီးဖြစ်မှာပေါ့ဟု အမိန့်တော်ရှိသည်ကို နာခံရပါ၍ ယခုကျွန်တော်မျိုးယှိလျက် နေသောကြောင့် ကျော်ရွှေ၊ ပေါ်ဦးတို့လို ဝန်ကြီးလုပ်လှာပါကြောင်း၊ ကျွန်တော်မျိုးသည် စကိုင်း ဘက်နှိုက် ခမည်းတော် စံနေစဉ်က ဗန်းမော် ကောင်းတုန်ရောက် လှေထိုး

လိုက်၍ ကျွေးရပါသည်။ တနှစ်ကို သုံးခေါက်သာ အိမ်တော်ကို ပြန်ရပါသည်။

ကျော်ရွှေးမှာ သားတော် များကို ထိန်း၍ ရုံခါ-မန်းကျည်း ရွက်နုခူး၍ ရောင်းရပါသည်။ ပေါ်ဦးမှာ စကနေ-ဖင်ကျယ် လုပ်ပီး မန်းကျည်းရွက်နု ရောင်းသလိုလို၊ ပဲလှော်ရောင်းသလိုလို နှင့်သာ အိမ်တော်မှာ နေရပါသည်။ ကျွန်တော်မျိုးသာ အပင် ပန်းဆုံး ဖြစ်ပါတယ်။ ကျွန်တော်မျိုးသာလျှင် သာ၍ ဝန်ကြီး ဖြစ်ထိုက်ပါတယ်။ သို့လိုမှ မဖြစ်ပါယင် ကျွန်တော်မျိုး ချက်ချင်း လဲပြီး သေစရာသာ ကောင်းပါတော့သည်။

ဟိုတုန်းက နန်းတော်သို့ဝင်၍ ရှိခိုးရောက်တဲ့အခါ ခမည်း တော်ဘုရားက နင်လဲးယှိယင် ဝန်ကြီးဖြစ်မှာပေါ့ဟု မိန့်တော်မူ ချက်အရ ပေးသနားတော်မူတဲ့ ဆုတော်ငွေနဲ့ ဝယ်ခြမ်းချုပ်လုပ် ဝတ်ဆင်ပြီးလျှင် ကျော်ရွှေး, ပေါ်ဦးတို့ကဲ့သို့ ဝန်ကြီးလုပ်၍ လာ ပါကြောင်းပါဘုရား။

ဤအခါ ဖိုးတော်နှင့် မိဖုရားကြီးတို့က များစွာ ရယ်တော်မူ လေသည်။

မိဖုရားကြီး။ ။ မြတ်ထင်လျှောက်ထားသည်မှာ မှန်ပါတယ် မောင်မောင်၊ အိမ်တော်မှာ နေစဉ်က သင်း အပင်ပန်းဆုံးဖြစ်ပါ ပေတယ်၊ သင်းကျေးဇူး များပေတယ်၊ ကျော်ရွှေး တို့လိုမှ ဝန် ကြီးအဖြစ်ကို မချီးမြှောက်ယင် မချစ်ရာရောက်ပါလိမ့်မယ်၊ သင်း လဲး ဝမ်းနည်းစရာ ဖြစ်ပါလိမ့်မယ်။ သင်းကိုလဲး တနေရာနှိုက် ကြည့်ရှုချီးမြှောက် သူကောင်း ပြုတော်မူထိုက်ပါသည်ဟု တင် လေ၏။

ဖိုးတော်။ ။ ဟုတ်ပါပေတယ်၊ စစ်ကိုင်းအိမ်တော်တွင် နေ၍ ငါတို့ ဆင်းရဲစွာ နေရစဉ်က သင်းကလေး အပင်ပန်းဆုံးပဲ၊ ကျော်ရွှေ ပေါ်ဦးတို့လဲ သိကြသည်ချည်းဖြစ်တယ်၊ မူးဟောင်း မတ်ဟောင်း ဝန်စုမှူးတို့နဲ့ တိုင်ပင်၍ ပေါ်ဦး၊ကျော်ရွှေတို့လို တန်းတူ ရာထူးမျိုးဖြစ်အောင် မြတ်ထင်ကို ဝန်ကြီးနေရာတခုကို ရွေးချယ် ခန့်ထားရမည်၊ မြတ်ထင်ကလည်း ဟိုအိမ်တော်မှာကဲ့သို့ ကျော်ရွှေ၊ ပေါ်ဦးတို့ကို မလေးမခန့် မပြုလေနဲ့ မိန့်တော်မူလေ၏။

ထင်။ ။ မှန်ပါ-ငယ်စဉ်အခါက ငယ်စဉ်အလျောက်၊ ဆင်းရဲစဉ် အခါက ဆင်းရဲစဉ် အလျောက်၊ ချမ်းသာစဉ်အခါ ချမ်းသာစဉ်အလျောက်၊ ရာထူးဂုဏ်ကြီးမြင့်သည့်အခါ ကြီးမြင့်သည့်အလျောက် စိတ်ကိုပြောင်းလဲ ဆင်ခြင်ရကြောင်းကို သိပါသည်ဘုရား။

ဖိုးတော်။ ။ အေး-အေး- ကောင်းပီ၊ ခနဂုဏ် ရယ်သောအခါ ပညာဂုဏ် ယိုသောအခါ ချီးမြှင့်သော ရာထူးဂုဏ် ရယ်သောအခါများမှာ ခမာဂုဏ်ကို ကြပ်ကြပ် ဖက်ရမည် ကြားလား-ပေါ်ဦးတို့၊ မမိုက်ကြနဲ့နော် မိန့်တော်မူ၍အတွင်းဆောင် ဝင်လေ၏။

ဖိုးတော် အမိန့်တော်မြတ်အတိုင်း မှူးဟောင်း မတ်ဟောင်း များနဲ့ အတူ တိုင်ပင်ကြပြီးလျှင် ဦးကျော်ရွှေ ဦးပေါ်ဦးတို့က မောင်မြတ်ထင်နဲ့ တော်သောနေရာကို ရွေးချယ်စိစစ်ရာ ကသည်းမြင်းတပ်အဖွဲ့နှိုက် အကွပ်ပတ်မြင်းဝန် လွှတ်တော်ဝန် အတွင်းဝန် ရာထူးကို ခန့်ထား သူကောင်းပြုတော် မူသင့်ကြောင်း သံတော်ဦး

တင်လျှာ ဆက်သွင်းချက်အရ ဖိုးတော် မင်းတြားကြီး အလွန်မှ ဝမ်းမြောက်တော် မူ၍ မောင်မြတ်ထင်ကို အတ္တပတ် မြင်းဝန် လွှတ်တော်ဝန် အတွင်းဝန် ရာထူးဖြင့် အမှုတော် ထမ်းရွက်၍ နေရာလွတ် ခစားရန် သူကောင်းပြုတော်မူလေသည်။

(အတ္တပတ် မြင်းဝန် ခန့်ထားခြင်းမှာ ဖိုးတော် လက်ထက်က အစဖြစ်သည်။)

မောင်မြတ်ထင်သည် အတ္တပတ် မြင်းဝန် လွှတ်တော်ဝန် ဖြစ်လျှင် သင့်လျော်သောအခါ သမယတွင် မိမိ သားမယားများကို ခေါ်၍ နန်းမြို့တော်အတွင်း အမိန့်တော်နှင့် ချထားသောနေရာနိုက် ဝင်းအိမ်တော်နှင့် နေလေ၏။

တနေ့အခါ မောင်မြတ်ထင်သည် မြောက်ပြင် တံခါးဗိုလ်အိမ်သို့သွား၍ ဝန်ကြီးခန့်တော်မူသော စာချွန်တော်ကို ပြလေ၏။ တံခါးဗိုလ်က ကြောက်ရွံ့သောကြောင့် ရှိခိုးလျက် မှန်ပါ ကျွန်တော်မျိုးအပေါ်နိုက် အပြစ်ယိုသည်များကို ချမ်းသာပေးတော်မူပါ ဘုရားဟု လျှောက်ထား တောင်းပန်လေ၏။

ထင်။ ။ မကြောက်ပါနဲ့ ဗိုလ်မင်း၊ ဗိုလ်မင်းကျေးဇူး အလွန်ကြီးပါတယ်၊ ဗိုလ်မင်း အလိုရှိတဲ့ ရာထူးများကို ပြောပြပါ၊ ကျွန်တော် မ,စ ကြည့်ရှုပါမည်။

ဗိုလ်။ ။ မှန်ပါ- ကျွန်တော်မျိုးသည် အသျှင်နှင့်နီးနီး ဘုရင်မင်းမြတ်နဲ့ မပြတ်တွေ့ရတဲ့နေရာက အမှုတော်ကို ထမ်းရန် အလိုယှိကြောင်းပါ ဘုရား။

ထင်။ ။ ကောင်းပီ- နက်ဖြန်လွှတ်တော်တက်ချိန် လွှတ်တော်ကြီးသို့လာခဲ့ ဗိုလ်မင်း၊ ယခင်က အဆောင်အယောင်ကိုင်၍ လွှတ်တော်သို့ လိုက်လာသော လူများသည် ကျွန်တော်ထံနိုက် အမှု

ထမ်းလိုက သူတို့၏ အရည်အချင်းကို ကြည့်ရှု၍ ချီးမြှောက်ပါမည်၊ ၎င်းတို့ကို မေးမြန်း၍ ကျွန်တော်ထံသို့ ပို့ပါ ဗိုလ်မင်းဟု မှာထား၍ အိမ်တော်သို့ ပြန်လာလေသည်။

နောက်တနေ့ ကျသောအခါ လွှတ်တော်ကို တက်ချိန်ရောက်သဖြင့် ဝန်ကြီး ဦးမြတ်ထင်သည် လွှတ်တော်တက်၍ ဦးကျော်ရွှေ ဦးပေါ်ဦးတို့နှင့် အကျိုးအကြောင်း ရှေးဖြစ်နှောင်းဖြစ် စကားများကို နှီးနှောပြောဆို ဆွေးနွေးကြ၏။

ဦး။ ။ ဟေ့- မောင်မြတ်ထင်၊ ယခု လွှတ်တော်ဝန်မင်းဖြစ်လာပြီကွဲ့၊ ဝန်ကြီးနဲ့တူအောင် စိတ်ကို ပြောင်းလိုက်ပါ သူငယ်ချင်း၊ ဟိုစစ်ကိုင်းဘက် နေတုန်းကလို စိတ်မျိုး ထင်ပြီးတော့ ဆဲလား ဆိုလား မလုပ်ပါနဲ့ သူငယ်ချင်း၊ အဆောင်ကိုင် စသော်စာရေးစာချီ ဝန်ထောက် သံတော်ဆင့် နာခံတော်တို့ ကြားယင်မတော်ဘူးကွဲ့၊ ရှက်စရာကြီး ဖြစ်ပါမယ် သူငယ်ချင်း ဆင်ခြင်ပါနော်။

ထင်။ ။ ငါသိဘာတယ်ကွယ်၊ ဒါလောက် ငါမမိုက်ပါဘူးကွဲ့၊ ငါမတော်တာကို ပြုလုပ်ပြောဆိုမိသော် မင်းတို့က ငါ့ကို ပြောပြရမယ်ကွဲ့၊ ကျော်ရွှေ မင်းလှေတော်နဲ့ ရောက်လာတုန်းက ငါပဲစည်းကလေးကို ထမ်းပြီးတော့ လှေတော်နားသွားပြီးရပ်လိုက်တယ်၊ ဒီတုန်းက မင်းငါ့ကိုတောင် နှုတ်မဆက်ဖူး။

ရွှေ။ ။ မင်းကို ငါနှုတ်ဆက်ဝံ့ဘမလားကွဲ့၊ ငါနှုတ်ဆက်လိုက်ယင် မင်း ငါ့ကို ဆဲမှာ ကြောက်ထာနဲ့ ငါအမှတ်မဲ့ မသိယောင်ဆောင်ပြီး နေလိုက်တယ်၊ အဲ့ဒါ မင်းအမှတ်ထားပြီးတော့ ငါ့ကို စိတ်ခုမနေနဲ့ကွဲ့။

ထင်။ ။ အေးပါကွယ် ငါအမှတ်မထားပါဘူး၊ စကားစပ်မိလို့ ပြောဒါဘာ၊ နို့ပြီးတော့ မင်းတို့ ၂-ယောက် ဒီလွှတ်တော်ပေါ်မှာ စကားပြောသံကြားလို့ ငါပဲ့စည်းကို ထမ်းပြီးတော့ လှေကားတက်ပြီး ရပ်နေတယ်၊ မင်းတို့ ငါ့ကို မခေါ်ကြဘူး၊ ငါ ဆဲးမှာကြောက်လို့ မခေါ်ကြဒါပဲလို့ အောင်းမေ့ပြီး ငါလွှတ်တော်ကဆင်းပြီးတော့ နန်းတော် မယ်မယ်ကြီး အဆောင်ရောက်အောင် သွားရသကွဲ့။

ဦး။ ။ လွှတ်ပေါ် မင်းတက်လှာတုန်းက ကျော်ရွှေနဲ့ ငါမြင်ပါရဲ့ မင်းဆဲးမှာကြောက်လို့ မခေါ်ပဲ မသိယောင်ဆောင်ကြသကွဲ့၊ မင်းကို တို့က အမျက်ယိုလို့ မဟုတ်ပါဘူး သူငယ်ချင်း။

ထင်။ ။ အမှတ်မထားပါဘူးကွယ်၊ ငါဆဲးမှာ ကြောက်လို့ နေကြဒါ သိပါရဲ့၊ ဒါထက် သူငယ်ချင်းတို့ရယ်၊ ဟိုက တက်လှာဒါ ငါ့ကျေးဇူးရှင်ပါကွယ်၊ မြောက်ပြင်တံခါးဗိုလ် ဖြစ်ပါတယ်၊ သူ့ကို ဖုန်းတော်ကြီးနှင့် မပြတ် တွေ့နိုင်တဲ့ ရာထူးအလုပ်မျိုးကို ခန့်ထား ချီးမြှောက်ချင်တယ်၊ မင်းတို့ ကြည့်ရှု မစပါအုန်းကွယ်။

ဦး။ ။ မင်းတံခါးဗိုလ် စာရေးစာဖတ်များ တတ်ပါရဲ့လားကွဲ့။

ထင်။ ။ ငါတော့ မစမ်းရသေးဘူးကွဲ့၊ ခေါ်ပြီး စုံစမ်းပါ အုန်း သူငယ်ချင်း။

ဦး။ ။ အေး- မင်းလူကို ခေါ်လိုက်ပါကွယ်။

ထင်။ ။ ဗိုလ်မင်း သည်ကို ရောက်အောင်လာပါ ဟောဒီမှာ ထိုင်ပါ မကြောက်ပါနဲ့ဗျ ထိုင်သာထိုင်ပါ စာရေးစာဖတ်များ တတ်ပါရဲ့လားဗျ ဗိုလ်မင်း။

ဗိုလ်။ ။ မှန်ပါ အတော်အတန်လောက် သင်ကြားခဲ့ဘူးပါ ဘုရား။

ထင်။ ။ ဘာတုန်နေသလဲ ဘုရားမထူးပါနဲ့ဗျ ရဲရဲပြော ပါ မကြောက်ပါနဲ့။

ဦး။ ။ ရော့-ဗိုလ်မင်း၊ သည်အမိန့်စာကို ဖတ်စမ်း။ တံခါး ဗိုလ်ကကောင်းစွာဖတ်ပြလေ၏။

ရော့- သည်သံတော်ဦး တင်လွှာကို ဖတ်စမ်း။ ကောင်းစွာ ဖတ်ပြလေ၏။

ရော့-သည်အလှူတော်ဆုတောင်းစာကို ဖတ်စမ်း။ ကောင်း စွာဖတ်ပြလေ၏။

ဟောဒါက နာခံတော်တို့ဖတ်တဲ့ ဆုတောင်းစာ ဖတ်စမ်း။ ကောင်းစွာ ကျကျနန သေသေချာချာ ဖတ်ပြလေ၏။

ရတု-ရကန်-အဲး-အဏ်-လူးတား-သာချင်း-ဧးချင်း-ပျို့ မော်ကွန်း-များကို ဖတ်နိုင်ရဲ့လား။

ဗိုလ်။ ။မှန်ပါ-ခိုင်းတော်မူရာ အသုံးခံနိုင်မည် ဖြစ်ပါ ကြောင်းပါဘုရား။

ဦး။ ။ မဃ္ဃသတ် ရာဇသတ်များ ခေါက်မိရဲ့လား။

ဗိုလ်။ ။ မှန်ပါ မနုရင်း မနုကျယ် မနုသာရ ရွှေမျဉ်း ကိုင်း စားမနု မနုဝဏ္ဏနာ မဃ္ဃဝိလာသ ဝိနိစ္ဆယ ပကာသနီမှစ၍ ဖြတ်

ထုံးအစောင်စောင် ကောက်ချက်အမျိုးမျိုးများကို လေ့ကျက်ဖူးကြောင်းပါဘုရား။

ဦး။ ။ သတ်ပုံမ် သတ်ညွှန်းများ ခေါက်မိပါရဲ့လား။

ဗိုလ်။ ။ မှန်ပါ စာပေစီကုံး ရေးသားရန် စေခိုင်းတော်မူ၍ ရေးသားစီကုံးရပါက သတ်ပုံမ် မှားခဲ့ရင် လက်ကို အဖြတ်ခံဝံ့ပါကြောင်းပါဘုရား။

ထင်။ ။ ဒါဖြင့် ဗိုလ်မင်း ကျွန်တော်ထက်တတ်နေပါပကော ကျွန်တော်လဲ လွှတ်တော်ဝန်ကြီးသာ သူကောင်းပြု ခန့်တော်မူလို့ဖြစ်နေတယ် ဘာမျှမတတ်သေးဘူးဗျ ဗိုလ်မင်းထံ ဆည်းကပ်သင်ကြားရအုန်းမယ်၊ ကျွန်တော်ကို တဆိပ်သင်ပြပါနော် ဗိုလ်မင်း။

ဗိုလ်။ ။ ပြက်ရယ်ပြုတော် မမူပါနဲ့ ဘုရား၊ အရှင်များ စေတော်မူရာ အမိန့်တော်ကို နာခံ၍ အမှုတော်ကို ထမ်းရမည့် ကျွန်ဖြစ်ပါကြောင်းပါဘုရား။

ထင်။ ။ ဟုတ်တယ် ဗိုလ်မင်း၊ ရယ်စရာပြောတယ် မထင်နဲ့ ကျွန်တော်က ဝန်ကြီးဖြစ်ပေတဲ့ မသိဒါကို မသိဘူးပဲ မတတ်တာကို မတတ်ဘူးပဲ နားမလယ်ဒါကို နားမလယ်ဘူးပဲ ဝန်ကြီးဂုဏ်နဲ့ ဟန်ကြီးပန်ကြီး လုပ်ပီးတော့ မာနကြီးနဲ့ တတ်ယောင်ကား ဟန်ဆောင်ပီးမာနနဲ့ ဟန်ကြီးဂုဏ်မောက်နေတဲ့အကောင်များကိုတော့ သင်းတို့အတွက် ရှက်ပီးတော့ နွှံသဗျာ၊ ကျွန်တော်တော့ ဗိုလ်မင်းလောက် အဟုတ်မတတ်ဖူးဗျ။

ဦး။ ။ အောင်မယ် မောင်မြတ်ထင်က ဝန်ကြီးဖြစ်လို့ ဂုဏ်ဖော်နေလိုက်တာ တတ်တာတမျိုး လိမ္မာဒါတမျိုး ဝန်ကြီးဖြစ်

တာတမျိုး ဘဝပါရမီကွဲ၊ လိုချင်တတ်ချင်လျှင် ပညာယှိကိုခေါ်၍ အိမ်ဦးကတင်ပီး ကိုးကွယ်ထား နေ့ညဥ့်ဆည်းကပ်၍ မေး မြန်းသင်ကြားပါလဆင် အထိုက်အလျှောက်တတ်မှာပေ့ါကွဲ့။

ထင်။ ။ အေးလေ ဒါကြောင့် ဗိုလ်မင်းထံ ဆည်းကပ်သင် ကြားရမည် အကြောင်းကို ပြောဒါ ဗိုလ်မင်းက လှောင်တယ်ထင် နေတယ်ကွဲ့။

ဦး။ ။ ဟေ့- မွန်းကျော်ရွှေ၊ မောင်မြတ်ထင် ကျေးဇူးရှင်တဲ့ ကွယ် ဘုရင်မင်းမြတ်နဲ့ နီးနီး အမှုတော်ထမ်းလိုသတဲ့ကွဲ့၊ သူ့ကို ငါစစ်ပီးတော့ ကြည့်စမ်းတယ်၊ အတွင်းဝန် လွှတ်တော်ဝန်ကြီး များဖြစ်ထိုက်ပေတယ်။

ရွှေ။ ။ ဗိုလ်မင်းပညာ အရည်အချင်း ပြည့်စုံလျက် ဘယ့် နှယ်ကြောင့် ရာထူးတိုးတက်ကြီးမြင့်ခြင်း မဖြစ်သလဲ။

ဗိုလ်။ ။ မှန်ပါမစ,သနားမည့်အရှင်ကောင်းကို မမှီခိုမဆည်း ကပ်ရတော့ တံခါးဗိုလ် အလုပ်နဲ့ပင် နေရပါကြောင်း "ပြာမှေး မီးခဲ၊ ရှိန်ဝါစဲသော် သဟဲးထောက်ကူ လေညှင်းဟူသား မိတ် သူတော်ကောင်း အသင့်ချောင်းလျက် ရှည်ပေါင်းလေရာ မိုယ်း မရွာ၍, ရံခါကောက်ညွန့် မိုယ်းရေဆွန့်မှ စည်ပြန့်သို့သွန်း မညိုး မြန်းအောင် ခင်ပွန်းမိတ်ကောင်း မြောင်းကပင်းသင်း ရေရှင် သွင်းသော် မင်းခကောက်မျိုး ဖွံ့ဖွံ့ဖြိုးလိမ့်"ဟု ရာဇဝသတီခန်း နှိုက် စပ်ဆိုထားပါကြောင်း အမှီကောင်း သဟဲးကောင်းကို မရတော့ မီးခဲပြာဖုံး ဖြစ်နေရပါကြောင်းပါဘုရား။

ရွှေ။ ။ ဗိုလ်မင်းအထက်က အရာယှိတို့က နှိပ်ထားသည်နှင့် တူတယ်။ နှိပ်ထားခြင်းမှာလည်း သူတို့ထက်တတ်သိလိမ္မာသော

ကြောင့် သူတို့အပေါ်ကို ကျော်လွန်လွှမ်းမိုးသွားမည်ကို စိုးသဖြင့် နှိပ်ခြင်းတပါး၊ သူတို့ကို နှိမ့်ချဖျပ်ဝပ်စွာ မခစားသူတို့အထက်က ဝန်ကြီးများထံသို့ ထွက်ဝင်သွားလာနိုင်သဖြင့် ငါတို့ကို ကျော်လွန်ပီးတော့ ဝန်ကြီးများထံသို့ သွားရမလား စာပေးစာယူလုပ်ရမလားဟု စိတ်ခုသောကြောင့် နှိပ်ခြင်းတပါး၊ သူတို့ကို လက်ဆောင်ပဏ္ဏာ မဆက်သသောကြောင့် နှိပ်ခြင်းတပါး၊ ၎င်းသုံးပါးတို့တွင် တပါးပါးနှင့် ဗိုလ်မင်းနှိုက် ထိခိုက်ခြင်းဖြစ်၍ မကြည့်မရှုပဲ နှိပ်ထားခြင်းလက္ခဏာနှင့် တူသည်ထင်ပေတယ်။

ဗိုလ်။ ။ မှန်ပါ အမှန်ကို မလျှောက်ဝံ့ကြောင်းပါဘုရား။

ရွှေ။ ။ ကောင်းပီ နက်ဖြန်လာခဲ့၊ ဘုရင်မင်းမြတ်၏ သံတော်ဆင့်ကြီးရာထူးကို ခန့်ထား သူကောင်းပြုရန် သံတော်ဦးတင်ပေးပါမည် ဘာမျှမကြောက်လေနဲ့ သံတော်ဆင့်ကြီးရာထူးကို ရပြီဟု မှတ်သွားပေတော့။

ဗိုလ်။ ။ ကျေးဇူးရှင်ဘုရားအမိန့်ကို နာခံရသည်နှင့် တပြိုင်နက် မနောမယ ရတနာကျောက်မျက်ရွဲကြီးကို ရဘိ၏သို့ အလွန်မှ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း၊ တခါဖြင့် အမှီကောင်းကို ကံထူးလို့ မှီခိုရပါသဖြင့် စောင်းတော့မည် မဟုတ်ပါကြောင်း သို့ကျွန်တော်မျိုး ဦးတင်ပါ၏။

ဦး။ ။ အင်း-အင်း-ကောင်းပီ ပြန်ပေအုန်းတော့၊ နက်ဖြန်တော့ ခန့်စာ စာချွန်တော်ကို လှာ၍ယူ အမှုတော်ကို ကြေပြွန်အောင် ထမ်းပေတော့ဗိုလ်မင်း။

ထင်။ ။ ပြန်ပေတော့နော် ဗိုလ်မင်း နက်ဖြန်တော့ ရွှေတော်သို့ဝင်၍ ခစားရလိမ့်မယ်ထင်တယ်၊ နက်ဖြန် ဗိုလ်မင်းလာ

လျှင် ခုတင်က ဗိုလ်မင်းရွှတ်ပြတဲ့ ပြာမှေးမီးခဲဆိုတဲ့ဟာကလေး ကို ရေးခဲ့ပါဗိုလ်မင်း မမေ့ပါနှင့် ကျုပ်ကျက်ထားချင်လို့ပါ ဗိုလ်မင်း။

ရွှေး။ ။ မောင်မြတ်ထင်ကလဲး ခုမှပဲး တတ်ချင်နေပေါ့ ကိုကွဲ့ တဖြေးဖြေးတော့ မင်းလုပ်ရင်း ကိုင်ရင်း တတ် လှာ ပါလိမ့်မယ်။ အတွေ့ရ အမြင်ရများတော့ မတတ်ချင် ပေတဲ့ မနေရဘူးပေါ့ ငါ့လက်အောက်က အကောင်တပဲး ငါမသိဒါ မမေးပါဘူး ငါဂုဏ်ပျက်လိမ့်မယ်ဟု ရာထူးကလေးနဲ့ ဘုရားထူး ခံရတဲ့ ဂုဏ်ကလေးနဲ့ မာနကြီးနေယင် နောင်အရေးယှိတော့ ခွေးအိုကြီးလက်ပေးသလို ဖြစ်နေမှာပေါ့ သူငယ်ချင်း။

ဦး။ ။ မှန်းကျော်ရွှေး ပြောဒါဟုတ်တယ် မောင်မြတ်ထင် အတတ်ပညာဗဟုသုတ အလိုယှိသောသူသည် မာနတရားကို နှိမ့် ချလျှင် မိမိဉာဏ်စွမ်းယှိသလောက် တတ်မြောက်ကြသည် ချည်း ဖြစ်တယ် ဝန်ကြီးဆိုတော့ နိုင်ငံဝန်ထမ်းကြသဖြင့် မယိမ်းမယိုင် အောင် ဆောင်ရွက်နိုင်ကြမှ ပြည်သူပြည်သား ချမ်းသာကြမှ ဝန်ကြီးနဲ့ တူကြမည် ဝန်ကြီးအင်္ဂါနှင့် ပြည့်စုံအောင် သင်ကြား တတ်မြောက်မှ တော်ချေမည်။ ဥပဒေထုံးတမ်း ယှိသည်အတိုင်း စီမံရွှက်ဆောင်ကြပါလျှင် ဝန်ကြီးနဲ့တူကြမှာဘဲးကွဲ့ မိမိထင်ရာ ကို လုပ်ကိုင်စီမံလျှင် ဝန်ကြီးမဟုတ် ရွှံ့ပြီး အရှုပ်ဟု သမုတ်ကြလိမ့် မည် အဲးဒါများစွာလိုသည် ဝန်ကြီးဖြစ်ရုံနှင့် မဟုတ် သေးဘူး နော်။

ထင်။ ။ ဟုတ်ပါပေတယ် ဝန်ကြီးနဲ့တူမှ ဆိုဒါမှန်ပေတယ် ဒါကြောင့် ဝန်ကြီးနဲ့တူအောင် ယခုအားထုတ်ရပေ ဒါပဲးကွဲ့

ဝမ်းသာလိုက်လေကွယ် သူငယ်ချင်းတို့ ငါ့ကျေးဇူးရှင် တံခါးဗိုလ် သူ့လေ့ကျက်ထားသောပညာနှင့် သူ့ကို ရာထူးချီးမြှင့်ခန့်ထား ပုံသင့်မြတ်ပါပေကွယ်။ သံတော်ဆင့်ကြီးကတက်၍ ရှေ့တိုက်ဝန် အတွင်းဝန် ဗြဲတိုက်ဝန် လွှတ်တော်ဝန်ကြီးများတိုင် တိုးတက်ရာ ထူးကြီးမြင့်နိုင်ဒါပေပဲးကွဲ့။

ဦး။ ။ ယခုလို ပညာဗဟုသုတများစွာ တတ်မြောက်တဲ့ လူများ ယှိအုန်းမှာပဲးကွဲ့၊ အမှီကောင်းကို မရတော့ ဆင်းရဲပီး နေကြမှာပဲ။ ထောက်လှမ်းစုံစမ်း၍ အမိန့်တော်နှင့် ဆင့်ခေါ် ပြီးတော့ ၎င်းတို့၏ ပညာအရည်အချင်းကို ထောက်၍ သင့်လျော် သော ရာထူးများနှင့် သူကောင်းပြုချီးမြှင့်ရန် သတိပြုကြမှ တော် မည် မောင်မြတ်ထင်။

ရွှေ။ ။ ဟုတ်သကွယ် ဗဟုသုတ ပညာရှိတယ် မယှိတယ်ကို ပညာရှိမှ သိတယ်ဟေ့၊ တို့မြန်မာပညာများကို မတိမ်မမြုပ်စေရန် တတ်မြောက် ကျွမ်းကျင်သောသူတို့ကို မိမိတို့ထက် ကျွမ်းကျင် နားလည်သည့် ဌာနက ဆိုင်ရာဆိုင်ရာ အမှုတော်ကို ထမ်းယွက် စေရန် အမျိုးသားကို ဂုဏ်မနိမ့်အောင် စောင့်ရှောက်ကြမှ တော် မယ်ဟေ့။

ထင်။ ။ အေးပေါ့ကွယ် သည်လိုမှ မိမိအမျိုးသားတို့၏ ဂုဏ်ကို ထင်ပေါ်အောင် မချီးမြှင့် မစောင့်ရှောက်ယင် မင်းတို့ ငါတို့ သင်္ဂဟတရား ပျက်ရာကျမှာပေါ့၊ ပရဟိတကို စောင့် ရှောက်သည့်အတွက် အတ္တဟိတဖြစ်သော မိမိအကျိုးသည် အလို လို ပြည့်စုံ၍ လာဒါကလားကွယ်၊ နို့ မွန်းကျော်ရွှေကော ဘယ် တော့ ရန်ကုန်ကို စုန်မလဲးကွဲ့။

ရွှေ။ ။ ငါ ၂-ရက် ၃-ရက် အတွင်း အမိန့်တော်ခံပြီး စုန်တော့မယ်ကွယ် မွန်းပေါ်ဦးက မောင်မြတ်ထင် တံခါးဗိုလ်ကို သံတော်ဆင့်ကြီးခန့်ရန် အမိန့်တော်ခံပေးပါကွယ်၊ နက်ဖြန်တော့ မင်း အတွင်းတော်ဝင်လိုက်ပါ၊ နေမျိုးသိဒ္ဓိကျော်ခေါင် ဘွဲ့ကို ပေးသနားရန် သံတော်ဦးတင်ပါကွယ်။

ဦး။ ။ အေးကွယ် စိတ်ချပါ ငါဆောင်ယွက်ပမယ်၊ မင်းလဲး မိမိ အုပ်ချုပ်ရတဲ့ နယ်ပယ်အတွင်းက ဆင်းရဲသား ကျွန်တော် များကို ချမ်းသာအောင် ကြည့်ရှုပါကွယ်၊ မင်းတို့ငါတို့မှာ သည် မင်းလက်ထက်တော်နိုက် ဘယ်တော့မှ ရာဇပြစ်နဲ့ သေကြရမည် မဟုတ် အရှင်အားကိုးနှင့် မတရားတဲ့အမှုကို ရှာကြံ၍ နှိပ်စက် ညှဉ်းပန်းခြင်းကို မပြုပါနဲ့ သူငယ်ချင်း။

ထင်။ ။ ဟုတ်တယ်ပော့ မိမိကြည့်ရှုနိုင်ခွင့်ရတဲ့အခါ ကြိုး စားပြီးတော့ ကြည့်ရှုမ,စပါသူငယ်ချင်းရယ်၊ မိမိကို အမှီပြု၍,သူ တပါး ချမ်းသာပါစေ၊ မိမိကို အမှီပြု၍, သူတပါး ဆင်းရဲပင်ပန်း ခြင်းကို မဖြစ်ပါစေနဲ့ကွယ်၊ ကြပ်ကြပ်သတိပြုပါ သူငယ်ချင်း။

ရွှေ။ ။ လူအမျိုးမျိုး ယှိတယ်ကွဲ့၊ နှိပ်သင့်သော သူတို့ကို တော့ အာဏာနဲ့ တန်လျှင် အာဏာနဲ့ ပြီးစေရဒါပဲးကွဲ့၊ ပြည် အန္တရာယ်ဖြစ်မည့် ပြည်လေ့ပြည်မွှားများကိုတော့ စပါးဖျင်း များလို အသုံးမကျ၍, တော်ရာသို့ ဖျောက်တန်ယင် ဖျောက်ရ သကွဲ့၊ ဖြောင့်လို့ရမည့်သူတော့ ဖြောင့်ရသကွဲ့၊ သူခိုးဒါးမြ လူဆိုးကို အလိုလိုက်ယင် မြို့နယ်ကျေးရွာ ဘယ်မှာ အေးချမ်း တော့မလဲ၊ အအုပ်အချုပ် ညံ့ဖျင်းရာသို့ ရောက်မှာပေါ့ကွဲ့၊ ချီးမြှင့် ထိုက်သူကိုလည်း အရည်အချင်းကိုထောက်၍ အထိုက်အလျောက်

ချီးမြှောက်ရသကွဲ့၊ အသက်စည်းစိမ်တို့ကို ပျက်စီးသင့်သောသူတို့ကိုတော့ သူပြုကျင့်သော အမှုအတိုင်း သွားစေရသည်။ အချို့နေရာနှုတ် ကြောက်ရုံ ချမ်းရုံ ငြိမ်ဝပ်ပိပြားရုံဖြင့်သာ အာဏာထားလျက် စီမံအုပ်ချုပ်ရပေတယ်ကွဲ့။

ဤကဲ့သို့ အကျိုးအကြောင်း ပြောဆိုဆွေးနွေး တိုင်ပင်လျက် အတွင်းတော်မှရောက်လှသော အမိန့်များကို နာခံဆောင်ရွက်ရန် ယိုသမျှကို စီမံပြီးစီးသော် လွှတ်ချိန်ကုန်၍ ဆင်းကြပြီးလျှင် ဝင်းအိမ်တော်သို့ အသီးသီးပြန်ကြလေ၏။ နောက် ဦးကျော်ရွှေသည် အမိန့်တော်ခံ၍ ရန်ကုန်သို့ စုန်သွားလေသည်။

## မဟာမြတ်မုနိရုပ်ပွားတော် ပင့်ဆောင်ခြင်း

သက္ကရာဇ် ၁၁၄၆-ခုနှစ် ဖိုးတော်မင်းတြားကြီးသည် သားတော်ကြီး မဟာဥပရာဇာအား ရခိုင် ဓညဝတီပြည်ကြီးကို သိမ်းယူတော်မူရန် ခန့်တော်မူ၍ သားတော်ကြီး မဟာဥပရာဇာသည် ကြည်းတပ် ရေတပ်ပေါင်း ၃၃ တပ် တိုက်ဆင် ၅၄၀ မြင်း ၅၄၀၀ စစ်သည်သူရဲ ၅၄၀၀၀ တို့နှင့် သက္ကရာဇ် ၁၁၄၆-ခု၊ တန်ဆောင်မုန်းလဆန်း ၄-ရက် စနေနေ့တွင် ရခိုင် ဓညဝတီပြည်သို့ ချီတက်တော်မူသည်။

ဓညဝတီပြည် ယံးပြကျွန်းသို့ ကူး၍ တိုက်တော်မူသည့်အခါ ယံးပြကျွန်းတွင် ရခိုင်မင်းဟောင်း ဓမ္မရာဇ်ရာဇာသား အိမ်ရှေ့နေဘူးသူက လူသုံးသောင်းကျော်နှင့် ဆီးဆို့ လုပ်ခံသော်လည်း မဟာဥပရာဇာကိုယ်တော်တိုင် ကွပ်၍ တိုက်သောကြောင့် ရခိုင်

အိမ်ရှေ့မင်း မရပ်မတည် မခံနိုင်၍ ယံးဗြဲတကျွန်းလုံးကို ရတော်မူသည်။ ရခိုင်အိမ်ရှေ့မင်းမူကား ရုံးမိသမျှနှင့် လှေစီး၍ ပင်လယ်သို့ထွက်ပြေးသောကြောင့် လွတ်လေသည်။

မဟာဥပရာဇာလည်း လောင်းကြက်မြစ် အရှေ့ဘက် ပိုးချည်ကျွန်းတွင် တပ်ချရပ်တော်မူလေ၏။

ရခိုင်အိမ်ရှေ့မင်းနှင့် ရခိုင်မင်း ယောက်ဖ မားပိုင်ကြီးတို့ ရခိုင်မင်းညီမင်းသား မှူးတော်မတ်တော် ရဟန်းပညာယှိတို့ ရုံးစု၍ ရခိုင်ဘုရင်ကို လျှောက်ကြသည်မှာ ယခု မရမာမင်းသားတော် မဟာဥပရာဇာသည် ရခိုင်မြို့ရင်းတိုင်အောင် ချီတက်ပေါက်ရောက်လှာသည်။ ဗိုလ်ဘာအန်အားက ရီးလှတေး မရမာမင်းသားတော် ဥပရာဇာလေး ဘုန်းလက်ကရုံးအာဏာအလုံ့အရင်းနှင့် ပြည့်စုံသောကြောင့် ရခိုင်ဗိုလ်မှူးတပ်မှူးစစ်သည် ရဲမက်အပေါင်းတို့ မရမာတယောက်ကို ရခိုင်တရာ မတွေ့ဝံ့တေးဟိချေသည်။

ဤစစ်ကိုအောင်မြင်အောင် တတ်နိုင်ချိမ့်မည်မှုတ်။ သို့ကြောင့် သျှင်မိဖုရားခေါင် ကရီးတွင် မြင်တည့် သွီးတော်အရှင် မှောက်တော်ကို မရမာမင်းသို့ဆက်သသော် ရခိုင်ပြည်ကရီးဝယ် စည်းစိမ်မပျက်နေပါရအောင် ကြံဆောင်တော်မူမှ ဘုရားကိုယ်တော်နှင့် တကွ တိုင်းနေသျှင်လူ ပြည်သူသထွာ အပေါင်းတို့ ချမ်းသာရနိုင်မည်ကို လျှောက်ကြရာ ရခိုင်မင်း မဟာသမတရာဇာ မိန့်သကား။ ရှေးရခိုင်ပြည် ကရီးဝဲမင်းပြုကုန်သော ဖေးလောင်းတော်ဖိုဝ်းလောင်းတော်အဆက်ဆက် မရမာမင်းတို့သို့ သွီးဆက်ဖူးသည်ကို ထုံးရာဇဝင်မထွက် မဟိတေး။ ရခိုင်မင်းရာဇာကရီးလက်ထက်

တောင်ငုံကေတုမတေကို မင်းပြုသ မရမာမင်းက သွီးကညာနှင့် အမြောက် တထောင်ကျော် ယှီဒြားသွန်း ကရေးရုပ်များလေး ယခုတိုင်ထင်ယှားဟီပါတေး။

င-လက်ထက်တော်မှ မရမာမင်းကို သားသွီးဆက်ရပချေက င-ကိုယ်မှာမူကား တခဏသာဖြင့်၍. ပျက်ရလိမ့်မည်။ နောက် နှောင်းကာလ ရခိုင်ပြည် ကရီးဝယ်စိုးကွပ်သ မဟာသမတရာဇာ မင်းကြားတေး မရမာမင်းသို့ သားသွီးဆက်သရွှေ့ ကျွန်ခံလေ တော့တေးဟု အစဉ်ဥဒါန်းစကား မငုပ်မတိမ် ပြောပကရာ ဖြစ်လမည်သတေး။

ရှေးရခိုင်မင်း စောမွန်ကရီးလက်ထက် ရခိုင်ပြည် ကရီးကို မရ မာမင်းက လုပ်ကြံသခါ စောမွန်သရီး မရပ်မနေ နိုင်ဟိကာလ ရခိုင်မြို့ကခွါ၍. အနောက်ပြည် ပဆာမြို့သို့ ရှောင်လွဲနေသတေး။ နောက် ၁၂-နှစ် ဟိမှ ရခိုင်ပြည်ကိုပြန်၍. မင်းပြုပြန်လေသ ထုံးစံဟိသတေး။

ငါတေး အခု အခိုက်အတန့်ကို သင့်ရာအရပ်သို့ ရှောင်လဲ့နေ မေ။ ငါတို့မြို့မြေနှင့်တကွ မရမာမင်းသား ယူသွားနိုင်မေမဟု ဆိုပြီးသော် မဟာသမတရာဇာသည် ညဥ့်သန်းခေါင်ကျော် အချိန် အရှင်မိဖုရားခေါင်ကရီး မြောက်နန်းမိဖုရားတောင်ဆောင် မိဖုရား သွီးတော်မှောက်တော်ကရီး သွီးတော်မှောက်တော်လတ် သားတော် မောင်ဝက်တောင်း မောင်ရဲ့ထော် ကိုယ်လုပ် မောင်းမ ၇၀ ကျော် ယောက်ျားသင်းပင်း ၃၀ ကျော်များနှင့် မြို့တောင်တံခါးကသည် မြို့ကရီးအနောက်တံခါးကထွက်ပြီးလျှင် မြို့အနောက် ဘားပူတောင်ဆိပ်က လှေနဲ့ ထွက်၍. ရခိုင်မြို့တောင်

၂-ရက် ခြီးကွာ ကွန်းချောင်းကျွန်း သာယာမှာ ရှောင်လွှဲနေလေ၏။

မဟာဥပရာဇာက ရခိုင်မင်း မဟာသမတရာဇာသည် သားမယား အခြွေအရံနှင့် ညဉ့်အခါ ထွက်ပြေးကြောင်းကို သိတော်မူလေလျှင် သက္ကရာဇ် ၁၁၆၇-ခု ပြာသိုလပြည့်ကျော် ၈-ရက် တနင်္ဂနွေနေ့ ရခိုင်တမြို့လုံးကို သိမ်းယူတော်မူ၍ ထီး-စည်-မှန်ကင်းများကို ချလှည်း သိမ်းယုတ်တော်မူသည်။ ခမည်းတော်ဘုရားခြေတော်ရင်းသို့လည်း ရခိုင်ပြည်အလုံးအလိုတော် ပြည့်ကြောင်းနှင့် ရွှေတောင် သိခ်ကျော်ထင်ကို အလျှောက်အထား စေလွှတ်တော်မူသည်။

ရခိုင်ဘုရင် မဟာသမတရာဇာ ထွက်ရှောင်လေသည်ကိုလည်း ရေကြောင်း ကြည်းကြောင်း အနှန့်အစပ် တပ်ခန့်၍ ရှာဖွေ ဖမ်းဆီးစေ မိန့်တော်မူပြီးလျှင် မဟာမုနိဘုရားသခင်ကို နေပြည်တော်သို့ ပင့်ဆောင်ရန် ဗိုလ်မှူး တပ်မှူး တို့ကို မိန့်တော်မူပြီးလျှင် သက္ကရာဇ် ၁၁၆၄-ခု ပြာသိုလပြည့်ကျော် ၁၀-ရက် အင်္ဂါနေ့ မဟာမုနိဘုရား သျှင်တော်ထံသို့ ကြွတော်မူသည်။ ဘုရားသျှင်ကျောင်းတော်နှင့် တတိုင်ကျော်ကွာ ဇီးချောင်းအရပ်တွင် ဖောင်တော်ခံစေ၍ ဘုရားသျှင်ကို ပင့်ဆောင်တော်မူရာ ကျောင်းတော်ကသည် ဖောင်တော်သို့ ဘုရားသျှင် ရောက်တော် မူ၍ ရေကြောင်းပင့်ဆောင်လှာရာ ၁၁၆၄-ခု တပို့တွဲလဆန်း ၁၀ ရက် ဗုဒ္ဓဟူးနေ့ ပိုးချည်ကျွန်း တပ်တော်ဆိပ်သို့ ရောက်တော်မူသည်။

ရခိုင်ဘုရင် မဟာ သမတရာဇာ မြို့ကထွက်ခွါ၍ ကွန်းချောင်းကျွန်းသာယာမှာ ရှောင်ရှားနေသည်ကို အတ္တုပတ် မြင်း

တပ်မှူး စက္ကုစန္ဒာရာကျော်သူ စက္ကုသူရဲကျော်သူ သမနစန္ဒာတပ်မှူး ၃-ဦးတို့ ဘမ်းမိ၍ ရခိုင်ဘုရင်နှင့် မိဖုရား သားသမီးအခြွေအရံတို့ကို ဗိုလ်မှူးအတ္တုပတ်မြင်းဝန်နေမျိုးကျော်င်စည်သူသိမ်းရုံးခဲ့၍ တပို့တွဲလဆန်း ၁၁-ရက် ကြာသပတေးနေ့ မဟာဥပရာဇာ ခြေတော်ရင်းသို့ ဆက်လေ၏။

(အတ္တုပတ်မြင်းဝန် နေမျိုးကျော်ထင် စည်သူကား ဦးမြတ်ထင်ဖြစ်၏။)

အမရပူရမြို့ ဘဝရှင်မင်းတြားကြီး ဘုရားသည် သားတော်ဥပရာဇာက အလျှောက်အထား စေလွှတ်သူတို့ နေပြည်တော်သို့ ရောက်လှာ၍ အရေးအကြောင်း အလုံးစုံကို ကြားတော်မူလေလျှင် ဓညဝတီရခိုင်မြို့မှာ မင်းကြီး မင်းခေါင်ကျော်ကို အသိမ်းအရုံး အစောင့်အနေခန့်ခဲ့၍ သားတော်ပြန်လှာခဲ့ရမည် အမိန့်တော်ရှိပြီးလျှင် မင်းကြီး မင်းခေါင်ကျော်ကို ခြေရင်းဘော်ကရခိုင်မြို့သို့ အလျှင်အမြန် စေလွှတ်တော်မူသည်။

သားတော် ဥပရာဇာလည်း စေသူတို့နှင့် မင်းကြီးမင်းခေါင်ကျော်တို့ ရောက်လှာကြလျှင် "မဟာဝိဟာက" တိုင်းဖြစ်သောရခိုင်ဓညဝတီ သံတွဲ ယံးပြး မန်အောင်ကျွန်းကို အနေအထားကျအောင် စည်းကြပ်စီရင်တော်မူပြီးမှ မင်းကြီး မင်းခေါင်ကျော်ကို သေနတ် လက်စွဲ လူတသောင်းကျော်နှင့် ရခိုင်မြို့မှာ အစောင့်ထားလေ၏။

ရခိုင်ဘုရင် မဟာသမတရာဇာနှင့် တကွ မိဖုရားခေါင်ကြီး၊ တောင်ဆောင်တော် မိဖုရား၊ မြောက်ဆောင်တော် မိဖုရား၊ သွီးတော် မှောက်တော်ကြီး၊ မှောက်တော်လတ်၊ မင်းသား မောင်

ဝက်တောင်း၊ မောင်ရဲထော်တို့နှင့် ရခိုင်တွင် အထက်မင်းပြု သူ စန္ဒသုမနရာဇာသား၊  မင်းသား သာမ၊ ညီမားပိုင်ကြီး၊ အဘယ မဟာရာဇာ သား ပတင်းစား၊ သီရိသုရာဇာသား သတိုးအရိုက်၊ မမ္မရာဇ်ရာဇာ သား ရေနှောက်စား၊ ညီ နတ်တောင်စား၊ စန္ဒပရမ ရာဇာ သား မားပိုင်ကြီးတို့နှင့်တကွ မင်းဆွေစိုးမျိုး မှူးတော် မတ်တော် ဗိုလ်မှူးတပ်မှူး ပြည်သူအပေါင်းတို့ အလျား အ တောင် ၂၀-လုံးပတ် (၆) တောင် အမြောက်ကြီးနှင့် အမြောက် ၂၀၀၀-ကျော်၊ စိန်ပြောင်း တသောင်းကျော်၊ သေနတ် တ သောင်းကျော်၊ ယိုဒျားလုပ်ကြေးရုပ် ၃၀ ကျော်၊ မိမ္မစိုး ၃၀- ကျော်၊ ဖြဟ္မဏမျိုး၊ ဗသျှမျိုး၊ သုဒ္ဒိယပုံမ်ဏားမျိုးသန့်၊ အိမ် ထောင်စုံငါးရာကျော်၊ ဆတ္တသည်၊ ဂန္ဓဗ္ဗာ ပုံမ်ဏားမျိုးတို့နှင့် အတတ်ပညာသည် ဆိုသမျှမှစ၍ ဆင်-မြင်း-သုံးဗန်း လူသုံး သောင်းကျော်များကို သိမ်းယူခဲ့ပြီးလျှင် မဟာမုနိ ဘုရားသျှင်ကို ပင့်ဆောင်တော်မူလျက် သက္ကရာဇ် ၁၁၄၆-ခု၊ တပို့တွဲလပြည့် ကျော် ၇-ရက်၊ ၂-လာနေ့ ဓညဝတီမြို့က ထွက်ခဲ့သည်။ တောင် ကုပ်ရေဆိပ်သို့ ရောက်တော်မူလျှင် လက်နက်ကြိယာနှင့် ကြေးရုပ် များကို မော်ဒင်ရစ်ကြောင်း ပင်လယ်က လှည့်စေသည်။

ဘုရားသျှင်ကို တောင်ကုပ် ဆိပ်ကမ်း ကသည် ဥယျာဥ်ပု ကြောင်း၊ စက်ယန္တယား ရထား စီရင်တော်မူပြီးလျှင် လူ ငါး ထောင်ကျော်ကို အိမ်ရှေ့အတွင်းဝန် နေမျိုးဇေယသူ၊ သစ်တော ဝန် သီရိဒေဝကျော်သူ၊ လက်သမား ဗိသုကာ သီရိဇကရက်တို့ကို ကြည့်ကြပ် ပင့်ဆောင်စေ၍ တပ်စဉ်အတိုင်း တောင်လမ်းခရီး ဖြင့် ပြန်လည်တော်မူခဲ့သည်။

ပန်းတောင်း မြို့ဆိပ်သို့ရောက်လျှင် ရွှေဖောင်တော်နှစ်စင်းတွဲနှင့် ပင့်ဆောင်တော်မူခဲ့ရာ သက္ကရာဇ် ၁၁၄၇-ခု၊ ကဆုန်လပြည့်ကျော် ၁၂-ရက် မဟာမုနိဘုရားသျှင် စစ်ကိုင်းမြို့သို့ ဆိုက်ရောက်တော်မူသည်ကို ဘဝရှင်မင်းတြားကြီး ကြားတော်မူလျှင် စစ်အင်္ဂါ ၄ ပါး ခြံရံလျက် ဆီးကြိုတော်မူပြီးလျှင် ဘုရားသျှင်ကို အမရပူရမြို့တော် မြောက်ယွန်း (တာတဆောင်ကွာ) သာယာညီညွတ်လှသော မြေပြင်ဝယ် ဖလ်မှန်တို့ဖြင့် ပြီးသော အုတ်အင်္ဂတေတို့ အပန္နက် ရတနာမျိုးတို့ဖြင့် ပြီးသော ဘုံ ၉ ဆင့် ယိုသော ရွှေပြသာဒ်ကြီး၊ တံတိုင်းမီးတား၊ သုံးထပ်နှင့်တကွ တည်ထားဆောက်လုပ်တော်မူ၍ မဟာမုနိ ဘုရားရှင်ကို ကိုးကွယ်တော်မူသည်။

ဖိုးတော်ဘုရား သားတော်အကြီး မဟာဥပရာဇာ အိမ်ရှေ့မင်းကြီး ရခိုင်ပြည်က မဟာမုနိ ရုပ်ရှင်တော်ကို ပင့်ဆောင်လာ၍ ယခုမန္တလေးမြို့တွင် တည်လျက်ရှိသော မြေနေရာနှိက် ကိုးကွယ်ပူဇော် ဖူးမျှော်ကြရန် သက္ကရာဇ် ၁၁၄၇-ခု၊ ကဆုန်လတွင် ဂန္ဓကုဋိ ပြသာဒ်တော်ကြီးဆောက်လုပ်ရန် ပန္နက်ချမှတ်သောအခါ အတ္တပတ်မြင်းဝန် ဦးမြတ်ထင်သည်လည်း ၎င်းမြောက်အနီး ကျောင်းတိုက်တည်ရန် တပြိုင်တည်း ပန္နက်ချမှတ်၍ ကျောင်းတိုက်တည်လေသည်။ ၎င်းတိုက်ကို အတ္တပတ်မြင်းဝန်တိုက်ဟု တွင်စေသည်။ ယခု မြင်းဝန်တိုက်ဟု ခေါ်တွင်ကြ၏။ ဦးမြတ်ထင်ကျောင်း တိုက်ဖြစ်ကြောင်း ဥဒါန်း ထင်ယှားလေသတည်း။

## ရန်ကုန်ဝန်ဦးကျော်ရွှေ

ရန်ကုန်ဝန်ကြီး ဦးကျော်ရွှေသည် ရန်ကုန်မြို့သို့ စုန်လာ၍ ရောက်သောအခါ မြို့နယ်ကျေးလက် ဒေသရပ်ကွက်တို့ကို လူနေ

အိမ်ခြေ စည်ကားရန်အတွက် ဒီရေရောက်ရာ အရပ်ဖြစ်၍ ရေခင်ရေပေါ် များသောကြောင့် ရဟန်းသျှင်လူတို့ ရေကောင်းသုံးစွဲနိုင်ကြရန် မိုယ်းရေခံ ကန်ဘောင် ဆည်ဖို့မှ သင့်လျော်မည်ဟု အကြံရပြီးလျှင် တဖက်ဆည်ကန်ဖြစ်သော ကန်ဘောင်၊ ကန်ရိုး၊ ဆည်ဖို့ လုပ်ဆောင်လေသည်။ ထိုကန်ဘောင်ရိုးပေါ်၌ ထန်းပင်များ စိုက်ပျိုးထားလေ၏။ (ဒိဂုံ စေတီတော်ကြီးအရှေ့ ကန်တော်ကြီးဖြစ်၏)။

အိမ်တော်ဝင်း ကျယ်စွာခတ်လျက် အိမ်တွင်း ရေတွင်းတူး၍ အိမ်တွင်း ဥယျာဉ်ပြုစုလေ၏။ အဝေးအရပ်သို့ ကြည့်ရှုမြင်နိုင်ရန် မျှော်စင်ကြီး ဆောက်လေ၏။ စီးတော်မူသော ဆင်၏ တဖက်ကျိုးသော အစွယ်နှင့်ညီအောင် ရှည်သော ကျန်စွယ်ကို ဖြတ်၍ ဆင်စွယ်ချွန်လေ၏။

လေးဆူဓာတ်ပုံ ဒိဂုံ စေတီတော်၊ ကျိုက်သုတ် စေတီတော်၊ ကျိုက်မဲ့သံစရိ စေတီတော်၊ ကျိုက်ပွန်တာထော် စေတီတော် စသည်များကို ပြုပြင်သင့်သည်များကို ပြုပြင်လျက် မပြတ်ပန်းဆီမီး ဝတ်ပူဇော် လှူဒါန်းလျက် နေလေ၏။

တောင်ငူ ဆရာတော်၊ ပေတောကုန်း ဆရာတော်၊ ဘုရားဖြူ ဆရာတော်၊ သိမ်ဖြူဆရာတော်၊ ခယားပင်ဆရာတော်၊ သိမ်ကြီး ဆရာတော်၊ ညောင်ပိုင်းဆရာတော်၊ မှန်ကင်းဆရာတော်၊ တောင်ဘီလူးဆရာတော်၊ ညောင်ပင်ဈေး ဆရာတော်၊ သောက်တော်တွင်းဆရာတော်၊ ကျားကူး ဆရာတော်၊ စဥ့်ပါ ဆရာတော်၊ မိဖုရားခင်ဆိုး ဆရာတော်၊ ဆားစား ဆရာတော်၊ ဦးပြား ဆရာတော်၊ သွေးဆေးကန် ဆရာတော်၊ ဒူးရင်း ဆရာတော်၊ ထန်းတော

ဆရာတော်၊ မင်းလက်ယာ ဆရာတော်၊ သုဿန်ဆရာတော်အသျှင်မြတ်များကိုလည်း ပစ္စည်း ၄-ပါးဖြင့် ပရိယတ္တိ သာသနာတော်ကြီး စည်ကားတိုးတက်ရန် ပင့်ဖိတ်လှူဒါန်းခြင်းကို မပြတ်ပြုလျက်နေလေ၏။

နယ်ပယ်အတွင်းယှိ မြို့သူကြီး၊ ရွာသူကြီး၊ ကြေးထမ်းသူကြီး၊ ဒိုင်သူကြီး၊ ဒိုင်ခေါင်း၊ ပွဲနင်း၊ ကင်းအုပ် စသည်တို့လည်း မိမိတို့အုပ်ချုပ် အမှုတော် ထမ်းသော ဆိုင်ရာ အလုပ်ဝတ္တရား များကို မချွတ်မယွင်း မလစ်ဟင်းကြရန် တရားသဖြင့် သတိပေး နှိုးဆော်ခြင်း၊ အသျှင် သင်္ဃာတော်မြတ်တို့အား ပစ္စည်း ၄-ပါး ထောက်ပန့်လှူဒါန်းခြင်း၊ ကျေးရွာတို့နှိုက် အေးချမ်းသာယာအောင် စီမံအုပ်ချုပ်ကြရန် သတိပေးနှိုးဆော်ခြင်း၊ အသျှင် ကျေးဇူး သစ္စာတော်ကို အထူးသဖြင့် စောင့်ရှောက်ကြရန် မပြတ်မပြတ် နှိုးဆော်စီမံ အုပ်ချုပ်လျက် နေလေ၏။

အခါတပါး ဝန်ကြီး ဦးကျော်ရွှေကို မနာလိုစိတ် ယှိသောသူကြီးတို့က ရွှေမြို့တော် ဝန်ကြီးများထံသို့ လျှောက်စာပို့ကြလေ၏။ လျှောက်ထား စာကို ရသော မှူးဟောင်း မတ်ဟောင်းတို့က တနေ့သောအခါ ဖိုးတော် မင်းတြားကြီးအား ဆက်ကြလေ၏။ တင်လျှောက်ချက်ကို ဖိုးတော် မင်းတြားကြီး လက်ခံတော်မူပြီးလျှင် တစုံတရာမျှ မိန့်တော်မမူပဲ ညီလာခံစဲ၍ အတွင်းတော်သို့ယူသွားပြီးသော် ဦးပေါ်ဦး, ဦးမြတ်ထင်တို့ကို ခေါ်၍ ပြသတိုင်ပင်တော်မူသည်ကား ပေါ်ဦး မြတ်ထင်တို့ မင်းတို့ သူငယ်ချင်းရန်ကုန်ဝန်ကျော်ရွှေ အမှုဖြစ်နေပါပကော၊ ဟောသည်စာလွှာကိုကြည့်စမ်း။

ဦး။ ။ မှန်ပါ-ဖုန်းတော်ကြီးလှသော အသျှင်ကို ကျော်ချွေး တစုံတရာ ကြံစည်မည့် လက္ခဏာ မဟုတ်နိုင်ပါဘုရား၊ အကြောင်း ယှိုပါလိမ့်မည် ထင်ပါကြောင်းပါ ဘုရား။

ထင်။ ။ မှန်ပါ-ကျွန်တော်မျိုးတို့သည် အိမ်တော်ပါ ကျေး ကျွန်ရင်း ဖြစ်ကြပါသည်ဘုရား၊ ဆင်းရဲတူ ကောင်းစားဘက် ဖြစ် ကြပါသည် ဘုရား၊ ကျွန်တော်မျိုးများကို ခမည်းတော်ဘုရားက ချီးမြှောက် သူကောင်းပြုတော်မူသည်ကို ဝန်တို မစ္ဆရိယ ယှိုနေ ကြတဲ့ မှူးဟောင်း မတ်ဟောင်းတို့က အမှုရှာကြံ၍ တင်လျှာ ဆက်သည်နှင့် တူပါကြောင်းပါ ဘုရား။

ဖိုးတော်။ ။ အင်း-ငါလဲ မြတ်ထင်လျှောက်ချက်အရ စဉ်း စား သဘောရတော်မူတယ်၊ သို့သော် တင်လျှောက်ချက် အတိုင်း ရှေ့တော်ခေါ်၍ မှူးမတ် ဗိုလ်ပုံအလယ် ကျော်ချွေးကို စစ်ဆေး ရန် မတော်ဘူးလား။

ဦး။ ။ မှန်ပါ-သူတို့ တင်လျှောက်ချက်ကို ရှင်းလင်းတော် မူရန် သင့်လျော်ကြောင်းပါဘုရား၊ မောင်ကျော်ချွေးကို အမိန့်တော် နဲ့ ခေါ်တော်မူ၍ စစ်ဆေးတော်မူမှ ကြေချမ်းကြရန် ယှိုပါမည် အကြောင်းပါ ဘုရား။

× + + ×

ဖိုးတော်မင်းတြားကြီးလည်း နောက်တနေ့ ညီလာခံနှိုက် မှူးမတ်တို့ စုံလင်သည့်အခါ အဝေးဝန် သူကြီးတို့ တင်လျှောက် ချက်အရ စစ်ဆေးတော်မူရန် ရန်ကုန်ဝန်ကြီး မြေထဲးမြို့စားကို

နေ့ညမဆိုင်း ရွှေဖွားတော် အောက်သို့ အရောက် အမိန့်တော်နဲ့ ခေါ်စေ၊ အကြပ်အတည်း မခေါ်စေရ၊ မြေထဲးမြို့စား ရန်ကုန် ဝန်ကြီး အလိုအလျောက် လာရောက် စေရမည်ဟု မိန့်တော်မူ လေ၏။

အမိန့်တော်မြွတ်အရ ရွှေမြို့တော် မှူးဟောင်း မတ်ဟောင်း တို့က မြေထဲးမင်းကြီး ရန်ကုန်ဝန် ဦးကျော်ရွှေတို့ အစစ်အမေး တော်ခံရန် အမြန် ရွှေမြို့တော်သို့ ဆန်တက် လှာရောက်ရမည် အ မိန့် စာချွန်တော် ထုတ်ဆင့် ပို့လိုက်ကြလေ၏။ အမိန့်တော် ထုတ် ဆင့်လိုက်ကြောင်းကို အရှင် မိဖုရားခေါင်ကြီး သိတော်မူလျှင် ဦးပေါ်ဦး၊ ဦးမြွတ်ထင်တို့ကို ခေါ်တော်မူ၍ ဟဲ့-ပေါ်ဦး- မြွတ်ထင်တို့ ကျော်ရွှေ မြို့တော်ရောက်ယင် ငါ့ထံ ရှေးဦးစွာဝင် ခဲ့ရမည် ပြောလိုက်ဟု အမိန့်တော် မှာထားလေ၏။

ရန်ကုန်ဝန်ကြီး ဦးကျော်ရွှေထံ ရွှေမြို့တော်က အမိန့်ဆင့် ခေါ်စာ ရောက်သည့် သတင်းပြန့်နှန့်သဖြင့် အောက်မြို့ ကျေးရွာ မြို့သူကြီး၊ ရွာသူကြီးတို့မှ စ၍ အချို့ အားရဝမ်းသာ ရန်ကုန် ဝန် အရာကျပြီဟု အမှတ်ပြုကြလေသည်။

ရန်ကုန်ဝန်ကြီးသည် အမိန့်စာချွန်တော် ရလေလျှင် ငါ့ကို တိုက်ခိုက်သော တင်လျှာ ရရှိသောကြောင့်သာ ခေါ်သည့် လက္ခ ဏာနဲ့ တူချေသည်။ အမိန့်တော်မြွတ်အတိုင်း နာခံ၍ ရွှေတော် ရောက် ဆန်တက်မှတော်မည်ဟု အစောင့်အနေမှစ၍ စီမံခန့်ခွဲကြ ရန် အရပ်ရပ် အမိန့်ဆင့်ဆို မှာထားပြီးလျှင် လှေတော်နှင့် ဆန် တက်ရာ ကြေးမြင့်ဒိုင် အထက် မင်္ဂလာဒုန် ချောင်းဝကို ရောက် သောအခါ မင်္ဂလာဒုန် မြို့သူကြီးကို ခေါ်သွားပြီး ရွှေတော်သို့

ရောက်လျှင် ၎င်းသူကြီးကို ရာထူး တိုးတက်ချီးမြှင့် သူကောင်းပြုရန် တင်လျှောက်ပေးလိုသောကြောင့် မင်္ဂလာဒုန် မြို့သူကြီးကို အခေါ် စေလွှတ်လိုက်ရာ မင်္ဂလာဒုန် မြို့သူကြီးလည်း အမိန့်စာ ချွန်တော် ရောက်ကြောင်းကို သိနှင့်ပြီးဖြစ်၍ ဝန်ကြီး အလုပ်မှ ကျသည်ထင်မှတ်လျက် မင်းစေလုင်ကို ငါ-ဝန်ကျခေါ်၍မလိုက်ဖူးဟု ပြောလိုက်လေ၏။

အကြောင်းကို မင်းစေလုင်က ဝန်ကြီးမင်းကို လျှောက်သောအခါ တယ်မိုက်တဲ့ သူကြီးပါကလား၊ ငါ-ကို အရာကျသည်ဟု သင်းထင်မှတ်နေတယ်။ ငါက သင်းကျေးဇူး ယှိသည်အတွက် တကြောင်း၊ တိုင်ပင်ဘက် ရယှိသောကြောင့် တကြောင်း၊ သို့ အကြောင်းများကြောင့် ဖုန်းတော်ကြီး ဘုရားထံ ရာထူးကြီးမြှင့်အောင် တင်လျှောက် ပေးလိုသောကြောင့် ငါက မေတ္တာနဲ့ ခေါ်ရာ သင်း ငါ့ကို တလွဲထင်လေသည်။ သင်း-ကုသိုလ်ကံဆိုးချင်လို့ ထင်ပါရဲ့၊ သည်စကားကို သင်းပြောခြင်းဖြစ်သည်။

အင်း-ယှိစေတော့ လှေတော်ခွါ ဆန်တက်ပေတော့ဟု မိန့်တော်မူသည့်အတိုင်း လှေတော် ဆန်တက် ခပ်သွားရာ ဝါးသရကင်း ရွှေလှေကြီးပဲ့နင်း ကျွန်းကလေးဝကင်း အလိမ်အလည်ပဲ့နင်း မြို့ချောင်းကင်း၊ ကျွဲကူးကင်း၊ မင်းလှဝကင်း၊ လိုင်မြို့သူကြီး၊ ဖိုးခေါင် လှေတော်ပဲ့နင်း၊ စံရွှေလှေတော်ပဲ့နင်း၊ ရေကင်း မြို့သူကြီးတို့က ကံတော့ လက်ဆောင်တော်များ ဆက်သလိုက်ကြလေသည်။

ရန်ကုန်ဝန်ကြီးသည် အမရပူရ မြို့တော်သို့ရောက်လျှင် မိမိဝင်းအိမ်တော်သို့ သွားသည်။ နောက်တနေ့ အရပ်ရပ် သိနိုင်ရန် သူငယ်ချင်းအတွင်းဝန် ဦးပေါ်ဦးအိမ်သို့ သွားလေ၏။

ဦး။ ။ အောင်မယ် ဟော့ သူငယ်ချင်း၊ မင်း ဘယ်နေ့က ရောက်သလဲး။

ရွှေ။ ။ ငါ မနေ့က ရောက်တယ် သူငယ်ချင်း။

ဦး။ ။ မင်းအပေါ်နှိုက် တိုက်ခိုက်တဲ့ စာလွှာ ရောက်လာတယ်ကွဲ့၊ မင်း-မျှော်စင်ကြီး ဆောက်တယ်၊ ကန်ဆည်တယ်၊ ဝင်းခပ်တယ်၊ အိမ်တွင်း ဥယျာဉ်လုပ်တယ်၊ အိမ်တွင်း ရေတွင်းတူးတယ်၊ ဆင်စွယ် ချွန်တယ်လို့ တင်လျှောက်စာမှာ ပါသကွဲ့-ဟုတ်လား။

ရွှေ။ ။ ဟုတ်တယ်ဟေ့-တင်လျှောက်စာကို ခမည်းတော်က အရေး ဘယ်ပုံယူသလဲးကွဲ့ သူငယ်ချင်း။

ဦး။ ။ ကျေးဇူးရှင် ဘုရားက အတွင်းတော်သို့ မြတ်ထင်နဲ့ ငါ့ကို ခေါ်ပီးတော့ တိုင်ပင်တယ်၊ အဝေး မြို့သူကြီးများ၊ ရွာသူကြီးများ တင်လျှောက်စာနှိုက် အရေးယူတော်မူရန် ကြီးကျယ်တဲ့ အချက်မပါ၊ အကယ် ပါငြားသော်လဲး ကျော်ရွှေ ငါ့ကို ပုန်စားမည် မဟုတ်၊ သူ့သဘောအရ ကောင်းမည်ထင်လို့ ပြုလုပ်စီမံသော လက္ခဏာနဲ့ တူတယ်၊ သို့သော် ကျော်ရွှေခေါ်၍ မှူးမတ်တို့ရှေ့ စစ်မေးမှ တော်ချေမည်ဟု မိန့်တော်မူပြီး မှူးမတ်များကို အမိန့်တော်နဲ့ ခေါ်စေရန် လွှဲအပ်တော် မူလိုက်တာပဲး သူငယ်ချင်းရဲ့။

ရွှေ။ ။ ဒီအကြောင်း မယ်မယ်ကြီးသိတော်မူရဲ့လား။

ဦး။ ။ အေး-မယ်မယ်ဘုရားက မင်းလှာယင် ရှေ့တော်ကို မဝင်နဲ့ဦး သူ့ထံကို ဦးစွာဝင်လှာရမည်၊ ပြောလိုက်ပါလို့

ငါ့ကို အမိန့်ပေးထားတယ်၊ အခု မင်းမယ်မယ်ကြီးထံ ဝင်ပေတော့ သူငယ်ချင်း။

ရွှေ။ ။ အေး- ကောင်းပြီကွယ်၊ အခု ငါအတွင်းတော်ဝင်ရော့မယ်ပြော၍ မိဖုရားခေါင်ကြီး အဆောင်တော်သို့ ဝင်သွားလေ၏။

× × × ×

မိဖုရားကြီး။ ။ ကျော်ရွှေလားဟဲ့။

ရွှေ။ ။ မှန်ပါကြောင်းပါဘုရား၊ မယ်မယ်ဘုရား မာတော်မူပါလားဘုရား။

မိဖုရားကြီး။ ။ အေး- ချမ်းသာစွာ ယှိကြတယ်၊ နင်ရန်ကုန်ဝန်ကြီးဖြစ်ထာကို မနာလိုကြလို့ ဂုန်းချော ဂုန်းတိုက်တဲ့စာလွှာရောက်လှာပကောဟဲ့၊ မှူးမတ် မတ်မိုက်တေက နင့်ကိုရာထူးမှကျအောင် လျှောက်တင်ကြတယ်၊ နက်ဖြန်နံက်ညီလာခံဝင်ခဲ့ရင် နင် ခေါင်းမဖီးမလိမ်းနဲ့ ရောင်မထုံးနဲ့ ဆံပင်ဗလပွနဲ့ ပဝါညစ်ညစ်ပေါင်း ပဆိုးနွမ်းအကျီနွမ်းကို ဝတ်ပီးတော် ဝင်၍ ခစား မေးတော်မူလျှင် မှူးမတ်များ ရှေ့တွင် ရဲရဲဝံ့ဝံ့ မကြောက်မရွံ့ မှန်ကန်တဲ့အတိုင်း သံတော်ဦးတင်၊ နင့်နေရာကို နင်ပြန်ပြီးတော့ သွားရမှာပဲ၊ နို့မှ သင်းတို့တတွေ နောက်နောင်ကို ဂုန်းမချော မတိုက်ဝံ့မယ်ဟဲ့ သိလား။

ရွှေ။ ။ မှန်ပါ မယ်မယ်ဘုရား အမိန့်တော်မြတ်အရ နက်ဖြန် ညီလာခံဝင်ပမည်ဘုရား။

မိဖုရားကြီး။ ။ ဟဲ့ ကျော်ရွှေ နေပါအုန်း၊ ငါမေးစရာယို့ ပါသေးတယ်၊ အလိမ်အလည်ပွဲနှင်း၊ မြို့ချောင်း ကင်းအုပ်တို့ မာကြရဲ့လားဟဲ့။

ရွှေ။ ။ မာကြပါဘုရား၊ သူတို့က မယ်မယ်ကြီး ဆင်တော်မူရန် အလိမ်အလည်ပန်းတောက သဇင်ပန်းများဥန္နင့်တကွ ကံတော့ လက်ဆောင်တော် ဆက်သလိုက်ပါတယ်ဘုရား။

မိဖုရားကြီး။ ။ အင်း- ကောင်းပေကွယ်၊ အလိမ်အလည် ပန်းတောက ထွက်တဲ့ သဇင်ပန်းဟာ အလွန်တရာမွှေးတယ်၊ ဘယ် ကပန်းနဲ့မှ မတူဘူးဟဲ့၊ နို့နေပါအုန်း မင်းလှဝကင်းအုပ်ကော မာရဲ့လားဟဲ့။

ရွှေ။ ။ မာကြောင်းပါဘုရား၊ သူကလဲ မယ်မယ်ပွဲတော် တယ်ရန် ကျမန်းအင်းကထွက်တဲ့ ငခူပေါကောင်များကို ရှိခိုးလက် ဆောင်တော် ဆက်သလိုက်ပါဘုရား။

မိဖုရားကြီး။ ။ တော်ပါပေကွယ်၊ နို့ ဖိုးခေါင်လှေတော် ပွဲနှင်းနှင့် လိုင်မြို့သူကြီးများကော မာကြရဲ့လား။

ရွှေ။ ။ ကျန်းမာကြကြောင်းပါဘုရား၊ သူတို့ကလဲး မယ် မယ်ပွဲတော်တယ်ရန် အလဗျတ်အင်းပတ်တော်ကထွက်တဲ့ ငါးသိုင်း ခေါင်းပွ ခြောက်များ ရှိခိုးလက်ဆောင်တော် ဆက်သလိုက်ပါ ဘုရား။

မိဖုရားကြီး။ ။ တော်ကြပါပေကွယ်၊ ကျေးဇူးရှင် အသျှင် သခင်မှန်းသိကြ အောက်မေ့ကြပါပေတယ်၊ ကျေးဇူးတော်မြတ် ကို မမေ့ ရှိခိုးလက်ဆောင်တော်များ ဆက်သကြပါပေတယ်၊

ကျေးဇူးသိသော သူတို့သည် ဖုန်းကြီးခြင်း၊ အသက်ရှည်ခြင်း၊ စည်းစိမ်ချမ်းသာ တိုးတက်ခြင်း၊ ကောင်းကျိုးများကို ခံစားရတယ်ဟဲ့၊ ကျေးဇူးများကို ဘယ်အခါမှ မမေ့ကြနဲ့နော်- ကြားစ။

ရွှေး။ ။ သူ၏ကျေးဇူးကို သိရမယ်၊ ကတညုတ ကတဝေဒီ တရားသည် မင်္ဂလာတပါးဖြစ်ပါ၍ ကျေးဇူးကို သိတတ်သောသူသည် အသက်စည်းစိမ် တည်တတ်ကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်မြတ်အရ များစွာ သတိမြဲရပါကြောင်းပါဘုရား။

မိဖုရားကြီး။ ။ အဲလူဆိုတာ နိမ့်တုန် မြင့်တုန်ဟဲ့၊ လောကဓံတရားအတိုင်း စီမံရာဖြစ်ကြတာပဲ။ တို့ဆင်းရဲတုန်းက နင်တို့အသိပဲမဟုတ်လား၊ တို့မြင့်လှာတော့ နင်တို့လဲ အတင့်အတယ် ဝန်ကြီးအဖြစ်ကို ရကြပေတယ် မဟုတ်လား၊ လောကီစည်းစိမ်ကို အထိုက်အလျောက်ကံအတိုင်း ခံစားကြရသော ရှင်ဘုရင်ဖြစ်စေ ဝန်ကြီးဖြစ်စေ မြို့ဝန်ဖြစ်စေ ဝန်ထောက်ဖြစ်စေ စာရေးဖြစ်စေ သေလျှင်အပါယ် မသွားရမဲ့အလုပ်ကို လုပ်ကိုင်ဆောင်ယွက်ကျမှ တော်မယ် ကျော်ရွှေး။ ကိုင်းပြန်ပေတော့ နက်ဖြန် ငါပြောတဲ့အတိုင်း ရှေ့တော်ဝင်လှာနော် ဟုမိန့်ဆို၍ အတွင်းဆောင်သို့ ဝင်တော်မူလေ၏။

ဝ ဝ ဝ

ညဦးအခါ ဦးပေါ်ဦး ဦးမြတ်ထင် ၂-ယောက်တို့သည် ဦးကျော်ရွှေးအိမ်ကို ၂-ဦးတိုင်ပင်၍ သွားကြလေသည်။

ရွှေး။ ။ အော်- သူငယ်ချင်းတို့လာပေ့ လာကြကွယ်-လာကြပါ၊ ကိုင်း- ကိုင်း- ထိုင်လိုတဲ့နေရာမှာ ထိုင်ကြပေရော့ အောက်ကပါလှာတဲ့ ဖက်ယားကြီး အင်းကွက် ငါးပီကောင်နဲ့ လဖက်ရေသောက်ကြပေတော့ကွယ်၊ အောက်မှာဖြင့် အကောင်း ဆုံးပဲပေ့။

ထင်။ ။ ကောင်းပါပေကွယ် တမျိုးပဲ အရသာရှိပေကွယ်၊ သောက်စမ်းပေ့ စကားတောင်စား၊ မင်းကတော့ စကား ကြွယ်ဝ ချမ်းသာတဲ့သူမို့ ငယ်မည်ကို မခေါ်ဘူးကွဲ့၊ မင်း-ပေါ် ဦးရဲ့ စိတ်ဆိုးသလား။

ဦး။ ။ ဝန်ကြီးမခန့်ပဲနဲ့ ဝန်ကြီးလုပ်တဲ့သူကို စိတ်ဆိုးဝံ့ ချည့်မလားကွယ်ဟု ပြန်၍ ပြောသောအခါ ရယ်ကြလေသည်။

အင်း-တို့ဆီက ပဲပြုတ်ထက် ဟန်တန်တန်ရှိပါကလားပေ့ ထင်ရေ့။

ရွှေး။ ။ ငါဖြင့် အဲဒီငါးပီအရသာကို တယ်ပီး စွဲနေပကော ကွယ်၊ သူမပါယင် ထမင်းစားလို့ကို မမိန်ဘူးကွဲ့။

ထင်။ ။ ဟုတ်တယ်ပေ့ စွဲးလဲးစွဲးစရာပေပဲ။ တယ်ပီး နှုတ် မြိန်ပေတယ်ကွယ်။

ဦး။ ။ နို့ သူငယ်ချင်း မင်းကို ခမည်းတော်ဘုရား ခရိုင်ဝန် ကြီးအဖြစ်ကို သူကောင်းပြုလိုက်ရာ မင်းနေဝင်ဘုရင်ပဲး ခေါ်ရ မယ်ကွဲ့။

ရွှေး။ ။ အေးပေါ့ကွယ်။

ဦး။ ။ နေဝင်ဘုရင်ဖြစ်တော့ လက်အောက်အမှုထမ်းများ က လက်ဆောင်ပဏ္ဏာများ ဆက်ကြမှာပဲးပေ့။

ရွှေး။ ။ အထိုက်အလျောက်တော့ ရောက်ကြပါရဲ့ ရောက် တိုင်းလဲ လက်ခွဲသည်မဟုတ်ဖူးကွဲ့၊ တံစိုးသုံးပါးနဲ့ ညီတွယ်မည် ကိုလဲး ကြည့်ရသေးတယ်သူငယ်ချင်း။

ထင်။ ။ ကောင်းပေကွယ်၊ တံစိုး သုံးပါးကို လွတ်ကင်း အောင် ကြပ်ကြပ်သတိပြုပါသူငယ်ချင်း။ မျက်စိတမှိတ် လျှပ်တ ပြက် လူဖြစ်ရဒါနေဘိ၊ သေယင်အပါယ် ရောက်မှာ ကြောက်လှ သကွယ်။

ဦး။ ။ ဟေ့-မွန်းကျော်ရွှေး မင်းဟိုမှာ မယားသိမ်ပင်များ မစိုက်ဖူးလားဟေ့။

ရွှေး။ ။ မစိုက်ပါဘူး သူငယ်ချင်း။ မယားကြီးပင်သာ စိုက် လိုက်နေပါတယ်၊ ဒုက္ခကို တယ်ပီးကြောက်တယ် သူငယ်ချင်းရယ်

ထင်။ ။ မောင်ပေါ်ဦးမေးတာက သူတပါးသွီးပျိုများကို မတရားပြုလုပ်သိမ်းယူ ပျော်ပါးနေလိမ့်မယ်ထင်လို့ မေးဒါလား ဟေ့၊ တို့အိမ်တော်မှာနေတုန်းက (ရာဇဝသတီ) ကို ခမည်း တော်ဘုရားပေး၍ ကျက်ကြရတယ် မဟုတ်လား၊ အဲး-သည် အတိုင်းကျင့်ပါ သူငယ်ချင်းရယ်။

ဦး။ ။ ဒါထက် သူငယ်ချင်း မင်းအုပ်ချုပ်ရတဲ့နယ်မှာ ဘာ လူမျိုးတေများ ယှိသလဲး။

ရွှေး။ ။ တလိုင်း-မြမ္မာ-ယှံး-ရဖြိန်း-တလိုင်းကုရင် မြမ္မာ ကုရင်-ချင်း-လူမျိုးများယှိကြတယ်ကွဲ့။

ဦး။ ။ ဘာများလုပ်ကိုင်အသက်မွေးကြသလဲးကွဲ့။

ရွှေး။ ။ တလိုင်းလူမျိုးများက လယ်-အင်း-လုပ်ကြတယ်၊ ကုရင်လူမျိုးများက လယ်လုပ်၊ ချင်းလူမျိုးတို့က တောင်ယာခုတ် စူးထိုးစပါးစိုက်ကြတယ်၊ ယုံးများက တောင်ယာခုတ်တယ်၊ အိုးလုပ်တယ်၊ ခမောက်ချုပ်ကြတယ်၊ တချို့တလိုင်းများ တံငါလုပ်တယ်၊ ဆားချက်ကြတယ်၊ အိုးလုပ်ကြတယ်၊ မြမ္မာများက ကုန်သည် ပွဲစား လုပ်ကြတယ်၊ အချို့-ခုံ-ရှေ့နေ စာရေးစာချီ လုပ်ကြသကွဲ့။

ထင်။ ။ မိမိနယ်ပယ်နိုက်ယှိသော ဆင်းရဲသား ကျွန်တော်မျိုးများကို ချမ်းသာအောင်ကြည့်ရှုပါကွယ်၊ ရဟန်းသယ်ာတော်များကိုလဲး သာသနာတော်သုံးပါးကို ယွက်ဆောင်နိုင်ကြရန် ကြိုးစား၍ ပစ္စည်းလေးပါး လုံလောက်အောင် ချီးမြှောက် လှုဒါန်းပါ သူငယ်ချင်း။

ရွှေး။ ။ မင်းပြောပြဒါတေတော့ ငါများစွာ ဂရုစိုက်ပါတယ်ကွယ်။

ဦး။ ။ ကောင်းပီကွယ် တို့ပြန်အုန်းမယ်၊ နက်ဖြန် ရွှေတော်သို့ ခါတိုင်းဝင်တဲ့အချိန် မဝင်နဲ့ဟေ့ နောက်ချန်၍ ဝင်ခဲ့၊ တို့အရင်ဝင်၍ ခစားနှင့်မယ်။

ရွှေး။ ။ ဒါတဲ့- ငါအမိန့်တော်နှင့် ဆန်တက်လှာတဲ့အခါ မင်လာဒုန်မြို့ သူကြီးကို သင့်ကျေးဇူးယှိဒါနဲ့ ငါ့ရွှေတော်ရောက်ခေါ်လှာပီး ရာထူးတိုးမြှင့်ရန် သံတော်ဦးတင်ပေးလို၍ ငါခေါ်စေသည်ကို သူက ငါဝန်ကျခေါ်လို့ မလိုက်ဖူးဟု ပြောလိုက်သကွယ်၊ တယ်မိုက်တဲ့ မြို့သူကြီးကွဲ့၊ သင်း-ငါပြန်သွားတဲ့အခါ ခက်တော့မှာပဲးကွဲ့။

ဦး။ ။ ဂုန်းချော ဂုန်းတိုက်တဲ့သူတို့နှင့် အပါအဝင်ဖြစ်၍ သူက မင်းကို ဝန်ကြီးအရာက ကျသွားပီထင်လို့ ပြောလိုက်တဲ့ လက္ခဏာနဲ့ တူပါတယ်၊ သည်လို မိုက်တဲ့ အကောင်များတော့ အသက်ရှည်နေဘို့ မတော်ဘူးဟေ့။

ရွှေ။ ။ ဒါမှာတော့ လောကသဘောဖြစ်နေတယ်၊ တရားနဲ့လိုက်လို့ မရဘူး သူငယ်ချင်း၊ ကောင်းအောင်လုပ်ဖို့ စီမံလျှင် မကောင်းအောင် ကြံဖျက်ဖို့ အပေါင်းအသင်း စုဝေးတိုင်ပင်ပြုလုပ်ကြသည်သာ များတယ်၊ သို့သော်လဲ ငါပြန်သွားတဲ့အခါ မင်လာဒုန်မြို့သူကြီး ငါ့အကြောင်းတော့ အမှန်သူသိတော့မှာပဲးကွဲ့။

ထင်။ ။ အကျိုးအကြောင်းကို မသိဘဲ ပြုကျင့်ပြောဆိုသောသူများဟာ နောက်ဆုံးကျတော့ ကိုယ့်စည်းစိမ်နှင့် ကိုယ့်အသက်ကို ဖျက်ဆီးရာ ရောက်ထာပဲးဟေ့၊ ကိုင်း- ပြန်အုန်းမယ်ကွဲ့။

ရွှေ။ ။ အေး ပြန်ကြပေအုန်းတော့ကွယ်၊ ငါမပြန်ခင်အကြား ညတိုင်း-ညတိုင်း လာကြကွယ်၊ တို့ငယ်ငယ်က ဆင်းရဲပုံတေ ပြန်ပြန်ပီးတော့ ပြောကြရဒါ တယ်ပီးပျော်တယ်ဟေ့။

× × × ×

နောက်တနေ့ တချက်တီးကျော်အချိန် နန်းတော်ကြီးရှိုက်ဖိုးတော်မင်းတြားကြီးညီလာခံတွင် မှူးဟောင်း မတ်ဟောင်းမှစ၍ နန်းတော်အမှုထမ်း အရာထမ်း အစုံအညီ ခစားလျက် ယှိနေကြပြီးနောက်မှ ဦးကျော်ရွှေသည် မိဖုရားကြီးအမိန့်တော်အတိုင်း

ပဆိုး ပဝါ-အင်္ကျီအနွမ်းများကို ဝတ်ဆင်လျက် ရှေ့တော်သို့ ဝင်ရောက်ခစားလေ၏။

ဤအခါ ဖိုးတော်က မြေထဲမြို့စားလား မောင်မင်း။

ရွှေး။ ။ မှန်ပါကြောင်းပါဘုရား။

ဖိုး။ ။ မောင်မင်း သားမယားနှင့်တကွ မာကြပါ၏လား။

ရွှေး။ ။ မှန်ပါ ဘုန်းတော်ကြောင့် ကျန်းမာကြပါကြောင်း ပါဘုရား။

ဖိုး။ ။ နို့- မောင်မင်းမြို့ယို ငါ၏ ကျွန်တော်မျိုးများ ချမ်းသာဝပြောစွာ ယိုကြပါ၏လား။

ရွှေး။ ။ မှန်ပါ- အရှင့်ဘုန်းတော်ကို ခိုလှုံကြရပါသဖြင့် ကျေးတော်မျိုး ကျွန်တော်မျိုးများ သာယာဝပြော ချမ်းသာကြ လျက် နေ့ညမပြတ် ဒါနသီလများကို ကောင်းစွာအားထုတ်နိုင် ကြပါဘုရား။

ဖိုး။ ။ မှန်ကင်းဆရာတော် စဥ့်ပါဆရာတော် ဒူးရင်းဆရာ တော် ကျားကူးဆရာတော် မတ္တရာ ဆရာတော် ခယားပင် ဆရာ တော် တောင်ငူဆရာတော် တောင်ဘီလူးဆရာတော် ထန်းတော ဆရာတော် သစ်ဆိမ့်ဆရာတော်များ ကျန်းမာတော်မူကြပါလား မောင်မင်း။

ရွှေး။ ။ မှန်ပါ ကျန်းမာတော်မူကြပါကြောင်းပါဘုရား။

ဖိုး။ ။ နို့-ဝါးတရာအထက် ကလိမ်မြစ်တွင် မဲ့ကလေး မိကျောင်းဟာ တယ်ဆိုးတယ်လို့ ကြားရပါကလား မောင်မင်း။

ရွှေး။ ။ မှန်ပါ တခါတခါ ဈေးဝယ်လှေကလေးများကို လိုက်သည်ဟု သတင်းရပါသည်ဘုရား။ လှေသွား လှေလာများ လည်း သတိဝီရိယနှင့် ကြည့်ရှုသွားကြရန် ဝါးတရာကင်းအုပ်နှင့် ရွှေလှေကြီး ပဲ့နင်းပြောကြား အမိန့်ထုတ် ထားပါကြောင်းပါ ဘုရား။

ဖိုး။ ။ ရွှေလှေကြီးပဲ့နင်း ရွှေသီးအလိမ်အလည်ပဲ့နင်းငမြတ် ထွန်း မြို့ချောင်း ကျွဲကူးကင်းအုပ် ငမော်တို့ ကျန်းမာကြပါ၏လား မောင်မင်း။

ရွှေး။ ။ မှန်ပါ- ဘုန်းတော်ကြောင့် ကျန်းမာကြပါသည် ဘုရား။ ၎င်းတို့ကလည်း ရှိခိုးလက်ဆောင်တော်များ ဆက်သ လိုက်ပါကြောင်းပါဘုရား။

ဖိုး။ ။ အင်း- သင်းတို့ ငယ်ကျေး ငယ်ကျွန်များ ဖြစ်တယ် မောင်မင်း။ နို့ - မြေထဲမြို့စား မောင်မင်း ရန်ကုန်မှာ ကန်ဆည် သည်ဟု ကြားရတယ် ဟုတ်ပါရဲ့လား မောင်မင်း။

ရွှေး။ ။ မှန်ပါကြောင်းပါဘုရား။ ကျွန်တော်မျိုး အုပ်စိုး နေထိုင်ရသော ရန်ကုန်မြို့သည် ဒီရေရောက်ပါ၍ ရေငန်သော ကြောင့် မသောက်နိုင်ကြပါ။ ရေတွင်းတူးပြန်လဲ ရေပေါ့၊ ရေငန် ဖြစ်၍ မသောက်နိုင်ကြပါ။ သို့အတွက် တောင်စွယ် ၂-ခုကြား မြှိုကြီးကို ကန်ဘောင်ပြုလုပ် ပိတ်ကာထားရာ မိုယ်းရေလုံလောက် စွာ ရယှိပါသဖြင့် ရပာန်းသျှင်လူတို့ အားလုံး သုံးစွဲနိုင်ကြပါ ကြောင်းပါဘုရား။

ဖိုး။ ။ ကောင်းပေ့-မောင်မင်း ကောင်းပေရဲ့၊ နို့-အိမ်မှာ ဝင်းခတ်ပြီးတော့ အိမ်တွင်း ဥယျာဉ်လုပ်တယ်၊ အိမ်တွင် ရေတွင်း တူးတယ်ဆိုတာ ဟုတ်ကဲ့လား မောင်မင်း။

ရွှေး။ ။ ဟုတ်ပါကြောင်းပါဘုရား။ အိမ်တွင်း ဥယျာဉ် လုပ်သည်မှာ ပန်းဥယျာဉ် ပြုလုပ်ပါကြောင်း။ စိုက်ပျိုးသော ပန်းပင်များကို ရေလွယ်လွယ်ကူကူလောင်းရန် ရေတွင်းတူးပါ ကြောင်း၊ ၎င်းဥယျာဉ်ကို တိရစ္ဆာန် ကျွဲ-နွား-ဆိတ်-ကြက်တို့ ဝင်၍ မဖျက်ဆီးရန် ဝင်းခတ်ကာရံထားပါကြောင်း၊ ၎င်း ဥယျာဉ်က ပန်းပွင့်များကို ကုသိုလ်တော်ဖြစ် လေးဆူဓာတ်ပုံ တိဂုန်ဆံတော်ရှင် စေတီမြတ်ကို ကပ်လှူပူဇော်ရပါကြောင်းပါ ဘုရား။

ဖိုး။ ။ အင်း- ကောင်းပေ့-မောင်မင်း ကောင်းပေရဲ့၊ နို့ မျှော်စင်များ ဆောက်တယ်ဆိုတာ ဟုတ်ပါလား မောင်မင်း။

ရွှေး။ ။ ဟုတ်ပါကြောင်းပါ ဘုရား၊ ကျွန်တော်မျိုး နယ် သည် နယ်စပ် ဖြစ်ပါတယ်ဘုရား၊ ၎င်းမျှော်စင်ကတက်၍ တနေ့ သုံးခါသုံးခါ ပင်လယ်ကို မျှော်၍ ရန်သူကို ကြည့်ရပါတယ်။ သို့အတွက် အဝေးကို မြင်နိုင်ရန် မျှော်စင်ဆောက်၍ ကြည့်ရပါ ကြောင်းပါ ဘုရား။

ဖိုး။ ။ အင်း- မှန်ပေတယ် မောင်မင်း မှန်ပေတယ်၊ နို့ ဆင် စွယ်ချွန်တယ်ဆိုတာ ဟုတ်ပါရဲ့လား မောင်မင်း။

ရွှေး။ ။ ဟုတ်ပါကြောင်းပါ ဘုရား၊ ကျွန်တော်မျိုး စီးတဲ့ ဆင်ကလေးဟာ မုန်းယိုပြီးတော့ သစ်ပင်ကိုထိုးရာ အစွယ်တဖက်

ကြီးသွားပါဘုရား၊ အစွယ်တိုရှည် ဖြစ်နေရာ ကြည့်၍ မကောင်း မင်္ဂလာမယှိဒါနဲ့ အစွယ်ညီအောင် ရှည်တဲ့ အစွယ်တချောင်းကို ညီအောင် ဖြတ်ပီးတော့ အစွယ်လှအောင် ချွန်ထားပါကြောင်း ပါဘုရား။

ဖိုး။ ။ ဟုတ်ပေတယ် မင်းကြီးများ၊ သူကြည့်လို့မကောင်း ဒါနဲ့ ကောင်းအောင် ပြုပြင်ဒါပဲ၊ ကျော်ရွှေးဟာ ဟို စစ်ကိုင်း ဘက် နေစဉ်တုန်းက ကြက်ခလေး ခါကလေးများကို မွေးတတ် တယ်၊ မကြာမကြာ အတက်ခလေးကို ချွန်ချွန် ပေးတတ်တယ် မဟုတ်လားပေါ် ဦးရဲ့။

ဦး။ ။ ဟုတ်ပါ ဘုရား၊ သူ့ဝါသနာ ဖြစ်ပါကြောင်း၊ စစ် ကိုင်းဘက်မှာ နေစဉ်တုန်းက အခြား အလုပ်မယှိယင် ကျော်ရွှေး ဟာ အလကား မနေဘူး၊ ကြက်တိုက်, ခါတိုက် နေတတ်တယ်။ အတက်ကလေးများကို လှအောင် ချွန်ချွန်ပေးနေဒါပဲဘုရား။

ဖိုး။ ။ ဟုတ်ပါတယ်-ဟုတ်ပါတယ်၊ သူ့ဝါသနာပါသည့် အတိုင်း ပြုလုပ်ထာပါပဲ။ ငါ့ကို တစုံတရာ သင်း ကြံစည်လိုတဲ့ စိတ်သဘော မဟုတ်ကြောင်း သိပါရဲ့။

မိဖုရားကြီး။ ။ တကတဲတော် ငါ့သား ကျော်ရွှေးဟာ စစ် ကိုင်းဘက် နေတုန်းက ဆင်းရဲလွန်းလို့ မန်ကျည်းရွက် နုများကို ရောင်းပီးတော့ ကျွေးရှာတယ်၊ သည်အခါက မယ်မယ်ရယ် မန် ကျည်းရွက်နုများကို ဆီရွှဲးရွှဲးနဲ့ ဘယ်တော့များ သုတ်စားရဘ မလဲးလို့ ညည်းရှာတယ်။ သည်တော့ ငါက စားတော့စားရလိမ့် မပေါ့ သားရယ်လို့ ငါပြောမိသေးတယ်၊ ယခု တို့ အထွတ်အ

မြတ်ကို ရောက်တဲ့အခါ သင်းကျေးဇူး ရှိသကိုးလို့ ဆိုပြီး မြေထဲး မြို့စား ရန်ကုန်ဝန် ခန့်လိုက်တယ်။ မလိုသောသူက အပြစ်ရောက် အောင် ကြံပြီးတော့ ဆင်စွယ်ချွန်လေး၊ မျှော်စင်ဆောက်လေး၊ ဘာလေးနဲ့ ဂုန်းတိုက်ကြတယ်။ ကြည့်ဘတော် ငါ့သား ဝတ်ဆင် ပီး လာလိုက်ထာ ဝန်ကြီးတဲ့တော် ဆီသယ်လောက်မှ မပြောင် ဘူး။ ခေါင်းစုတ်ဖွားနဲ့ ဆီမှမလိမ်းနိုင်ဘူး။ သည်လိုဖြင့် သည်ဝန် ကြီး အလုပ်ကို ဘာလုပ်စရာလဲးဟဲ့ မလုပ်ပါနဲ့ လာဘာဟယ်။ ဆိုပြီးလျှင် ဦးကျော်ရွှေယောင်ကို ဆွဲပြီးလျှင် အတွင်းဆောင်သို့ ခေါ်သွားလေ၏။

ထိုအခါ ဖိုးတော် မင်းတြားကြီးက မှူးတော်မတ်တော်တို့- ကျော်ရွှေသည် ငါ့ကို တစုံတရာ ပုန်ကန်ရန် ကြံစည်လိုသောစိတ် သည် အလျဉ်း မယှိကြောင်းကို ငါသိတော်မူသည်။ မင်းကြီးတို့ လျှောက်တင်ချက်အရ ဆင်စွယ်ချွန်သောအပြစ်ကို အရေးယူမည် ဖြစ်ပါက မိဖုရားကြီးနဲ့ ငါနဲ့ တဖက်တလမ်း နေကြလိမ့်မည်။ သို့ကြောင့် ကျော်ရွှေဟို ရန်ကုန်ဝန်ကြီးအဖြစ်နှင့် ငါမထားလို ဘူး။ သင်းကို ငါ့အပါးတော်နိူက် သင့်ရာကာခစားစေတော့မည်။ မှူးဟောင်းမတ်ဟောင်းများက ရန်ကုန်ဝန်ကြီးအဖြစ်ကို မည် သူ သွားရောက် လုပ်လိုကြောင်းကို တလအတွင်း လျှောက်ထား ကြရမည်ဟု မိန့်တော်မူ၍ အတွင်းတော်သို့ ဝင်တော်မူလေ၏။

## ရန်ကုန် ဝန်ကြီး ရာထူး

မှူးဟောင်း မတ်ဟောင်းတို့က ဦးပေါ်ဦး ဦးမြတ်ထင်တို့ကို ဝန်မင်းတို့ ယခု ဘုန်းတော်ကြီးဘုရား အမိန့်တော်မြတ်အရ ရန်

ကုန်ဝန်ကြီးရာထူးကို ဝန်မင်းတို့နှင့် ထိုက်တန်ပါပေတယ်။ ဝန်မင်းတို့သွားရန် သင့်သည်ဟု ထင်ပါကြောင်းနှင့် တိုင်ပင်ပြောဆိုရာ ဦးပေါ်ဦးနှင့် ဦးမြတ်ထင်တို့က ဒါမှာတော့ သံတော်ဦးတင်လျှာနှိုက် ကျွန်ုပ်တို့အမည်မပါ၊ ကျွန်ုပ်တို့ သွားရန်ကိုလည်း အမိန့်တော်မြတ် မှတ်တော်မူသည်မဟုတ်၊ မှူးဟောင်း မတ်ဟောင်းများကိုသာ အမိန့်တော်မြတ် မှတ်တော်မူချေသည်။ မှူးဟောင်း မတ်ဟောင်း များသာ တာဝန်ဖြစ်ပါပေတယ်ဟု မိန့်ကြားလေ၏။

ကျွန်ုပ်တို့လဲ ၎င်းဝန်ကြီးအလုပ်ကို အလိုယှိကြသည် မဟုတ်ပါ။ အဝေးမြို့ဝန်များ တင်လျှာအရ ကျွန်ုပ်တို့ ဝတ္တရားနှင့်အညီရသော တင်လျှာကိုသာ ဆက်သရခြင်း ဖြစ်ပါတယ် ဝန်မင်းတို့။

ဒါဖြင့် ဝန်မင်းတို့ အလိုမယှိကြောင်း သံတော်ဦး တင်ကြဒါပေါ့၊ မောင်ကျော်ရွှေကိုလည်း ရန်ကုန်ဝန်ကြီး အလုပ်ကို ပြန်၍လုပ်ကိုင်ရန် ကောင်းအောင် ဝန်မင်းတို့သွား၍ ပြောဆိုတောင်းပန်ကြရောပေါ့ဟု ဦးပေါ်ဦးက အကြံပေးလေ၏။

မှူးဟောင်း မတ်ဟောင်းတို့သည် တနေ့သောအခါ တိုင်ပင်ကြပြီးလျှင် ဝန်ကြီးမင်း ဦးကျော်ရွှေအိမ်သို့ သွားကြလေ၏။

ဦးကျော်ရွှေကလည်း မှူးဟောင်းမတ်ဟောင်းတို့ လာသည်ကိုမြင်လျှင် နေရာထိုင်ခင်းများ ပြင်စေ၍ ဝန်မင်းတို့ ကြွတော်မူကြပါ ကြွတော်မူကြပါ၊ ဟောသည်မှာ ထိုင်တော်မူကြပါ။ အကြောင်းရှိသည်များကို အမိန့်ရှိတော်မူကြပါ ဝန်မင်းတို့။

အကြောင်းတော့ အခြားမဟုတ်ပါဘူး ဝန်ကြီးမင်း။ ဝန်မင်းအပေါ်နှိုက် သံတော်ဦးတင်ချက်ယှိသည်မှာ အဝေးမြို့ဝန် မြို့သူ

ကြီးများက သံတော်ဦးတင်ချက်ရယှိသည်အတိုင်း ဝတ္တရားဖြစ်၍ မှသာ တင်လျှာကို ဆက်သရခြင်း ဖြစ်ပါသည်။ ဝန်ကြီးမင်း အ ပေါ်နိုက် ကျွန်ုပ်တို့က အပြစ်ရှာကြံစေလို၍ သဘောအလျောက် တင်ဆက်ရခြင်း မဟုတ်ပါကြောင်းပါ ဝန်ကြီးမင်း။

ရွှေး။ ။ ဒါမှာတော့ ဝန်မင်းတို့ကို ကျွန်ုပ်က ဘယ်လိုမှ စိတ် အမျက်မထားပါ။ ဝန်မင်းတို့လည်း မိမိတို့ဝတ္တရား တာဝန်ယှိ သည်အတိုင်း ဆောင်ရွက်မြဲ ဖြစ်ပေတယ်လို့သာ အောက်မေ့ ခြင်း ဖြစ်ပါကြောင်းပါ ဝန်မင်းတို့။

ဟုတ်တော့ဟုတ်ပါရဲ့ ဝန်ကြီးမင်းက ဘုန်းတော်ကြီးဘုရားက ကျွန်ုပ်တို့ကို ဝန်မင်းကြီး နေရာကို လုပ်လိုသူယှိလျှင် တလအတွင်း လျှောက်ကြရမည်ဟု အမိန့်တော် ယှိထားသောကြောင့် အတင် အလျှောက် ခက်နေပါကြောင်း ကျွန်ုပ်တို့လည်း ဝန်ကြီးမင်း နေ ရာကို အလိုယှိကြသည်မဟုတ်ပါကြောင်းပါ။

ရွှေး။ ။ ဒါမှာတော့ ဝန်မင်းတို့အလိုမယှိလျှင် မယှိကြောင်း သံတော်ဦး တင်ရှုံရှိဒါပေ့ါဗျာ။

ဝန်ကြီးမင်း အမိန့်ရှိတာ ဟုတ်ပါရဲ့ ကျွန်ုပ်တို့က ဝန်မင်းပဲ ပြန်၍ လုပ်စေလိုသော ဆန္ဒရှိကြပါသည်။ နောက်နောင်ကို ဝန်မင်းကြီး အကြောင်းနှင့် စပ်လျဉ်း၍ မကောင်းစာ ရောက် သော်လည်း ကျွန်ုပ်တို့ အရေးယူကြတော့မည် မဟုတ်ကြောင်းပါ ဝန်မင်းကြီး။

ရွှေး။ ။ ကျွန်ုပ်က အမှန် ဝန်ခံဝံ့မည် မဟုတ်ပါ။ မယ်မယ် ကြီးက နင်သွားလို့ ရန်ကုန် ဝန်ကြီးအလုပ်ကို မလုပ်လေနဲ့တဲ့၊

ငါတို့ အပါးတော်တွင် အမြဲစားနေရမယ်ဟု အမိန့်တော်ရှိထား ပါတယ် ဝန်မင်းတို့။

အမိန့်တော် ရှိထားသော်လည်း ကျွန်ုပ်တို့က ၎င်းဝန်ကြီး အလုပ်ကို မလုပ်လိုပါ။ ဝန်ကြီးမင်း ဦးကျော်ရွေး သာလျှင် သင့်လျော်သူဖြစ်ပါ၍ ထပ်မံခန့်ထားတော် မူပါမည့်အကြောင်းကို သံတော်ဦး တင်လိုပါသည် ဝန်ကြီးမင်း။

ရွှေး။ ။ ဒါမှာတော့ ဝန်မင်းတို့ သဘော အတိုင်းပါပဲ၊ ကျွန်ုပ်မှာ ဘုန်းတော်ကြီးဘုရား၏ အိမ်တော်ပါ ကျေးကျွန်ဖြစ်ပါ၍ ဘုန်းတော်ကြီးဘုရားနှင့် မယ်မယ်ကြီးတို့ အမိန့်တော်မြတ်မှတ်တော်မူသည်ကိုသာ နာခံဆောင်ရွက်ရမည် မှန်ပါတယ်၊ ဝန်မင်းတို့ လျှောက်တင်လိုသော ဆန္ဒကို ကျွန်ုပ်က ကန့်ကွက်စရာ နည်းလမ်းမယို့ပါဟု မိန့်ဆိုလေ၏။

ကောင်းပါပီ-ဝန်ကြီးမင်း နောက်ညီလာခံ ဝင်ရသောအခါ အမေးတော်ရှိက ကျွန်ုပ်တို့ တင်လျှောက်ပါတော့မည်။ နို့ ကျွန်ုပ်တို့ကို ပြန်ရန် အခွင့်ပြုပါအုန်း။

ရွှေး။ ။ ကောင်းပါပီ-ကောင်းပါပီ၊ ကြွကြပေအုန်းတော့ နော်၊ ဘယ်လိုမှ သဘောမထားကြပါနှင့် ဝန်မင်းတို့။

× × × × ×

နောက်တလ စေ့ရောက်မည် နီးသောအခါ နန်းတော်သို့ ဝင်ရောက် ခစားကြရာ ဖိုးတော်မင်းတြားကြီးက ဘယ်နှယ်. . . . မင်းကြီးတို့ ရန်ကုန်ဝန်ကြီးနေရာကို အမှုတော်ထမ်းယွက်ရန် သံတော်ဦးတင်ရန် ယိုကြပေသလားဟု အမေးတော်ရှိလေသည်။

မှန်ပါ-ဘုရား ကျွန်ဝန်များတို့ အဝေးဝန်ကြီး အလုပ်ကို လုပ်ကိုင်ရန် အနည်းငယ်မျှ ဆန္ဒမယိုကြပါ ကြောင်းပါ ဘုရား။

ဘုန်းတော်ကြီးလှသော ရွှေဘွားတော်အောက်တွင် အမှုတော်ကို ထမ်းရွက်နေရန် ဆန္ဒအမှန် ယိုကြပါကြောင်းပါ ဘုရား။

ဖိုး။ ။ မင်းကြီးတို့ ရန်ကုန် ဝန်ကြီး အလုပ်ကို မလုပ်လို မထမ်းယွက်လိုကြပါက မည်သူ့ကို ခန့်ထားရန် မည်ကဲ့သို့ စီမံ ရမတုန်း။

မှန်ပါ-အရှင့်သားတော် ဦးကျော်ရွှေ ရန်ကုန် ဝန်ကြီးကို သာ ခန့်ထားတော်မူရန်သင့်လျော်မည် ဖြစ်ပါကြောင်းပါဘုရား၊ အရှင့်သားတော် ဦးကျော်ရွှေက မြို့နယ်ပယ်တို့၏ အကြောင်း ကို သိရင်း ဖြစ်ပါသောကြောင့် စီရင်အုပ်ချုပ်နိုင်ရန် ဖြစ်ပါ ကြောင်း၊ ဘုရား ကျွန်တော် ဝန်တို့က သံတော်ဦး တင်လျှောက် ဝံ့ပါကြောင်းပါဘုရား။

ဖိုး။ ။ မင်းကြီးတို့ အမှန်မလုပ်ချင်ကြဘူးလား။

မှန်လှပါကြောင်း ရှိခိုးနားတော်လျှောက်ဝံ့ပါ ဘုရား။

ဖိုး။ ။ ကောင်းပီ- ကျော်ရွှေကို ခေါ်၍ မေးတော်မူဦး မည်။ မငြင်းမဆန် သူ့ရာထူးကို သူပြန်၍ ခံယူရန် ဝန်ခံခဲ့သော် သူ့ကိုပဲ မင်းကြီးတို့ တင်ချက်အရ ခန့်အပ်တော် မူရမည်။ သူက နောင်ရေးကို ကြောက်တော်မူသဖြင့် မလုပ်ဝံ့ပါဘူးဟု ငြင်းဆန် လျှောက်ခဲ့ချေသော် မင်းကြီးတို့ ဝန်ဟောင်းထဲက တယောက် ယောက်ကို ခန့်ထားစေလွှတ်ရလိမ့်မည်၊ ဟု မိန့်တော်မူပြီးလျှင် အ တွင်းဆောင်တော်သို့ ဝင်တော်မူလေ၏။

## မှူးဟောင်းမတ်ဟောင်းများတိုင်ပင်ခြင်း

ဘယ့်နှယ်လဲ ဝန်မင်းတို့၊ ဦးကျော်ရွှေကို ထပ်မံ ဝန်ကြီး အရာခန့်၍ မလုပ်ခဲ့သော် ကျွန်ုပ်တို့ကို အမိန့်တော်မြတ်နှင့် ခန့်

ထားခဲ့သည်ရှိသော် ရန်ကုန်မြို့သို့ မရောက်ခင် ရာထူးက ကျပြီဟု မှတ်တော်မူကြပါ။

ဘာကြောင့်တုန်း ဆိုတော့ ဦးကျော်ရွှေကို သားကြီးအရာ နှိုက်ထားတော်မူကြောင်းကို အားလုံးသိတော်မူရင်းအတိုင်း ဖြစ်ပါပေတယ်။ သူ့သားကို ရန်ကုန်ဝန်ကြီး ခန့်ထားလိုက်ရာ အဝေး မြို့ဝန်၊ မြို့သူကြီး၊ ရွာသူကြီးတို့က ဆက်သသော သံတော်ဦး တင်လွှာအရ ကျွန်ုပ်တို့က ဝတ္တုရားယိုသည်အတိုင်း တင်ဆက်ရ ပေတယ်။ သို့လို တင်ဆက်ရခြင်းသည် ဘုန်းတော်ကြီး ဘုရားနှင့် အရှင် မိဖုရားကြီး ၂ ပါးတို့က သုသားကို အပြစ်ရှာကြံ တင်လျှောက်တယ်လို့ ထင်တော်မူပြီးလျှင် အတွင်းအမျက်ထား တော်မူလျက် ယိုချေသည်။

အဲဒါကြောင့် မင်းကြီးတို့ ကျွန်ုပ်တို့ ဝန်ကြီးအဖြစ်နှင့် သွား ရလျှင် ရာထူးကျရုံဖြင့် မထောင်းတာဘူးဗျ၊ အသက် စည်းစိမ် နှင့်တကွ ပြုန်းတီးမှာကိုတော့ ကြောက်ရတယ်ဗျ၊ သို့အတွက် ဦးကျော်ရွှေကို ပြန်၍ ဝန်ကြီးအလုပ်ကို လုပ်ကိုင် ဆောင်ယွက် ရန် ဦးကျော်ရွှေထံ တနေ့နေ့တွင် မင်းကြီးတို့ ကျွန်ုပ်တို့ သင့် လျော်သော လက်ဆောင်ပဏ္ဏာများနှင့် သွားရောက်တောင်းပန် တိုးလျှိုးရလျှင် ကျွန်ုပ်တို့ အသက်စည်းစိမ် မပျက်မကွက် တည် တန့်နိုင်ရန် အကြောင်းယိုလိမ့်မည် ထင်တယ်၊ ဘယ့်နှယ်သဘော ရကြပါသလဲဗျ။

ဒါမှာတော့ ဝန်မင်း လူအောက်ကို ကြို၍ လူပိလို့ မသေ ဘူးတဲ့၊ မိမိမှားသည်ကို မှားကြောင်းဖြင့် ဝန်ခံလျှင် ပညာယို သူတော်ကောင်းဟု ရှေးပညာယိုတို့ ထုံးဟောင်းစကား ထင်ယှား

ယှိသောကြောင့် သွားရောက် ဝန်ချ တောင်းပန်တိုးလျှိုးခြင်း ပြုလုပ်ရသည်အတွက် အကျိုးယုတ်မည် မဟုတ်ပေါင်ပါ ဝန်မင်းတို့။

ဟုတ်ပါပေတယ်၊ ယခုဝန်မင်းအမိန့်ယှိချက်သည် ဘုရား အစယှိသော သူတော်ကောင်းတို့၏ နည်းလမ်း ဖြစ်ပါသောကြောင့် များစွာ သင့်လျော်ပါကြောင်းပါ ဝန်မင်း။

အို-သည်ကိစ္စမှာ ဝန်မင်းတို့-ကျွန်ုပ်တို့ သွား၍ အကျိုး အကြောင်းနှင့် တောင်းပန် ဝန်ချရလျှင် ဝန်ကြီးမင်း ဦးကျော်ရွှေလည်း ငြင်းဆန်တော့မည် မဟုတ်ပါ ဝန်မင်းတို့။ ဘုန်းတော်ကြီး ဘုရားကလည်း သုသားကို ပြန်လွှတ်ရန် အကြံတော်ယှိပြီးဖြစ်၍ ပရိယာယ်နှင့်သာ အမတ်မင်းတို့ ကျွန်ုပ်တို့ကို မေးမြန်းတော်မူသည်ဟု ရိပ်မိတော်မူကြပါ ဝန်မင်းတို့။

မှန်ပါပေတယ်၊ အရှင် ၂ ပါး ကြည်တော်မူရန်ကိုသာ ကျွန်ုပ်တို့က ဆောင်ယွက်ရန် တာဝန်ယှိပေတယ်၊ သို့အတွက် ဝန်ကြီးမင်း ဦးကျော်ရွှေ အိမ်သို့ လက်ဆောင် ပဏ္ဏာများနှင့် နက်ဖြန် ညကို သွားကြရအောင်ဗျ။

ကောင်းပါပြီ ဝန်မင်းတို့ သွားကြသောအခါ နောက်ပါ လူငယ် မပါစေနှင့်ဗျ၊ မိမိတို့ပေးလိုသော လက်ဆောင်များကို ကိုယ်တိုင်ဆောင်ယူ၍ လာကြရမယ်ဗျ၊ သို့မှ ဝန်ကြီးမင်း ဦးကျော်ရွှေးက အလေးအမြတ် ပြုလုပ်ကြသည်ကို ထင်မှတ် ယုံကြည်တော်မူမယ်၊ ယုံကြည်တော်မူမှ ကျွန်ုပ်တို့ လိုရာ အမှုပြီးပြေမည်ဟု မှတ်တော်မူကြပါ ဝန်မင်းတို့။

ကိုင်းဒါဖြင့် နက်ဖြန်ည ကျွန်ုပ်အိမ်သို့ ကြွလာကြပေတော့ အမတ်မင်းတို့၊ ကျွန်ုပ်အိမ်က လက်ဖက်ရေသောက်ပြီးမှ သွားကြ ဒါပလေ။

ဟုတ်ကဲ့ ဒါဖြင့် ကျွန်ုပ်တို့ ပြန်ကြပါဦးမည် ဝန်မင်း။

ကောင်းပါပီ ကြွကြပေအုန်းတော့ဗျ။

## နောက်တနေ့အချိန်

ချိန်းဆိုထားကြသည့်အတိုင်း ပင့်ဖိတ်ထားသော ဝန်မင်း အိမ်သို့ သွားကြလေ၏။ ဝန်မင်းတို့ ကြွလာကြပြီလား ကိုင်း- ဟောသည်မှာ ထိုင်တော်မူကြပါ။ ဝန်မင်းတို့ သုံးဆောင်တော်မူ ကြရန် အချိုအချဉ် လက်ဖက်ရည်များ အသင့်ပဲ ပြင်ဆင်ထား ပြီးပါ သုံးဆောင်တော်မူကြပါ ဝန်မင်းတို့။

ဝန်မင်းက ဘာများလက်ဆောင်ယူလာပါတုန်းဗျ။

ကျွန်ုပ်က သားမွေးအကျီ (ဇဝိ) တန်တထည်ပဲးယူခဲ့ပေသဗျ။

ကောင်းပါပေဗျား-ကောင်းပါပေ့။

သည်က ဝန်မင်းကကော ဘာများဆောင်ယူခဲ့ပေတုန်းဗျား။

ကျုပ်က နံကြီးပလာပဆိုး ၂-ထည် ယူခဲ့ပေသဗျား။

ကောင်းပေဗျား ကောင်းပေ့။

နို့-ဟိုဝန်မင်းကကောဗျား။

ကျွန်ုပ်က စပ်ပဆိုးတထည် ယူခဲ့ပေဗျာ။

ကောင်းပေဗျား-ကောင်းပေ့။

သည်က ဝန်မင်းကကောဗျ။

ကျွန်ုပ်က ပဒုမ္မာပိတ် ၂-အုပ်၊ ဝန်ကြီးကတော် ဝတ်ဆင် ရန် နဂါးလိမ်သဲးဘက်ပုဝါကြီး ၂-ပိုင် အတွင်းဆင်ရွှေခဲးချိတ် ထမီတထည် ယူခဲ့သဗျ။

အင်း- ဒါက သာ၍ကောင်းပေဗျား။

ကျွန်ုပ်ကဖြင့် ရာကျလွန်းပုဆိုး (၁၀ဝိ)တန် တထည်ပဲးဗျ။

ကောင်းပါပေတယ်ဗျာ- ကောင်းပါပေတယ်၊ ယခုကျွန်ုပ်တို့ ယူဆောင်သွားကြရမည့် လက်ဆောင်များဟာ အတော်မျက်နှာ ယိုကြမည့် လက်ဆောင်များဖြစ်ပေတယ်၊ သို့အတွက် ဘယာ ကြောင့် သဒ္ဓါဖြစ်အောင် စိတ်ကို ပြောင်းကြရမယ်ဗျာ့၊ အရှင် ၂-ပါး၏ ဂုဏ်ကျေးဇူးကို ထောက်မြှော်ဆက်သွယ်၍ အရှိအသေ ပြုကြရမယ်ဝန်မင်းတို့။

ကိုင်း-သွားကြစို့ဗျ၊ ယခုအချိန်နှိုက်ဝန်ကြီးမင်း ဦးကျော်ရွှေ အိမ်မှာ ညှိပရိုသတ် စဲလောက်ပါပြီဟု တိုင်ပင်ကြပြီးလျှင် သွားကြလေ၏။

× × × × ×

ရွှေး။ ။ အော်- ဝန်မင်းများလား၊ ကြွကြပါ-ကြွကြပါ၊ ဟောသည်မှာ ထိုင်တော်မူကြပါ၊ လက်ဖက် လက်ဖက်ရေ သုံး ဆောင်တော်မူကြပါ၊ ဟောသည်မှာ ဖက်စိမ်းလိပ် သောက်တော် မူကြပါ၊ တိုင်ပင်ပြောဆိုရန် အကြောင်းယှိသည်ကိုသာ မိန့်တော်

မူကြပါ။ တိုင်ပင်ပြောဆိုရန် အကြောင်းယိုသည်ကိုသာ မိန့်တော်မူကြပါ။

ဝန်ကြီးများ။ ။တိုင်ပင်ပြောဆိုရန် အကြောင်းတော့ ထူးသည်လည်းဆိုရ၏၊ မထူးသည်လည်း ဆိုရ၏၊ ဝန်ကြီးမင်း။

ရွှေး။ ။ ထူးသည်ဖြစ်စေ မထူးသည်ဖြစ်စေ၊ အကြောင်းယိုမင့် ယိုတဲ့ကိစ္စကိုပဲ အမိန့်ယိုတော်မူပါ ဝန်မင်းတို့။

ဝန်များ။ ။ အကြောင်းမှာတော့ သည်လိုပါဝန်ကြီးမင်း။ ယခင်က ဝန်ကြီးမင်းကို လာ၍ တိုင်ပင်ပြောပြပြီးသည့်အတိုင်း အတွင်းတော်ကိုဝင်၍ ကျွန်ုပ်တို့ ခစားကြရာ ဘုန်းတော်ကြီးဘုရားက မေးတော်မူချက်အရ ကျွန်ုပ်တို့က ဝန်ကြီးမင်းကိုပင် ခန့်ထားစေလွှတ်တော်မူရန် သံတော်ဦးတင်ကြပါတယ်၊ ဤအခါ ဘုန်းတော်ကြီးဘုရားက ကောင်းပီ ဝန်ကြီးမင်းကို မေးအုန်းမည်။ ဝန်မင်းက သဘောတူ၍ ဝန်ခံခဲ့လျှင် ရန်ကုန်သို့ စေလွှတ်တော်မူမည်ဟု မိန့်တော်မူလိုက်ပါသည်။ သို့ပါ၍ ဝန်ကြီးမင်းက သဘောတူသောအားဖြင့် ဝန်ခံတော်မူပြီးလျှင် ရန်ကုန်ဝန်ကြီးရာထူးကို လက်ခံတော်မူရန် ကျွန်ုပ်တို့က တောင်းပန်ပါကြောင်းပါ ဝန်ကြီးမင်း။

ရွှေး။ ။ ဒါမှာတော့ ကျေးဇူးရှင် ၂ ပါးက စိတ်တော်ကြည်ကြည်သာသာနှင့် စေလွှတ်တော်မူပါလျှင် ကျွန်ုပ်က ငြင်းပယ်ဝံ့သည်မဟုတ်ပါ။ အရှင် ၂-ပါး မကြည်သာသော စိတ်နှင့် စေလွှတ်တော်မူပါက ကျွန်ုပ်ဝန်ခံရန် ခဲယဉ်းခြင်းဖြစ်ပါလိမ့်မည် ဝန်မင်းတို့။

ဝန်များ။ ။ ကြည်သာတော်မူပါလိမ့်မယ် ဝန်ကြီးမင်း။ ဝန်ကြီးမင်းမှ မသွားပါလျှင် ကျွန်ုပ်တို့သည် အသက်စည်းစိမ်နှင့် တကွ အတည်နေနိုင်ကြတော့မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ အသက် စည်းစိမ်ကို မပျက်မစီးစေရန် ဝန်ကြီးမင်းပေးမှ ချမ်းသာကြရ တော့မည် မှန်ပါတယ်ဝန်ကြီးမင်း။

ရွှေး။ ။ အင်း-ဒါမှာတော့ ဝန်မင်းတို့က မှူးဟောင်းမတ် ဟောင်း ဖြစ်ကြပါပေတယ်။ ကျွန်ုပ်က ခု ဘုရားလက်ထက်တော် မှ အိမ်တော်ပါဖြစ်၍ သူကောင်းပြုသည်ကို ခံရသော မှူးသစ် မတ်သစ် ဖြစ်ပါပေတယ်။ သို့အတွက် အရှင့် ကျွန်တော်မျိုးချည်း ဖြစ်ကြပါ၍ တယောက်နှင့်တယောက်ကို ဒေါသအမျက် ထား ကြရန်တော့မရှိမှ တော်ကြမည်။ ဆွေရင်းမျိုးရင်း ညီရင်းအစ်ကို ကဲ့သို့ သဘောပိုက်တော်မူကြမှ အရှင့်အမှုတော် ကြေပြွန်အောင် ထမ်းဆောင် နိုင်ကြမည် ဝန်မင်းတို့၊ အကြောင်းမှာ-ကျွန်ုပ်ကို အမှီပြု၍ ဝန်မင်းတို့ စည်းစိမ်အသက် ပျက်ကောင်းသည်မဖြစ်ရ။ ကျွန်ုပ်ကို အမှီပြု၍သာ ဝန်မင်းတို့ အသက် စည်းစိမ် တည်ငြိမ် ချမ်းသာသည်ကိုသာ ဖြစ်စကောင်းပါသည်။ သို့ကြောင့် ကျွန်ုပ် အတွက်နှင့်ဖြင့် ဝန်မင်းတို့ကိုယ်စိတ် ၂ ပါးမချမ်းမသာယို့တော် မမူကြပါနှင့်၊ ကိုယ်စိတ် ၂-ပါးကို ချမ်းသာကြပြီးဟု ယနေ့က စ၍ အသက်ရှည်သမျှ အရှင့် အမှုတော်ကို ထမ်းယွက်နေသမျှ ကာလပတ်လုံး စိတ်နှိုက် အမြဲမှတ်တော်မူကြပါ ဝန်မင်းတို့။

ဝန်များ။ ။ သာဓုဗျာ-သာဓု-သာဓု၊ ယခု ဝန်ကြီးမင်း မိန့်ကြားသည်ကို ကျွန်ုပ်တို့၏ ကျေးဇူးရှင် အသက်သခင် ဖြစ်ပါ ပေသည်ဟု သားစဉ်မြေးဆက် မှတ်ရပါတော့မည် ဝန်မင်းကြီး။

ရှေး။ ။ ဝန်းမင်းတို့ သူတော်ကောင်းတို့ မည်သည်မှာ ပရဟိတကိုသာ ကြည့်ကောင်း ဆောင်ရွက် ကောင်းခြင်း ဖြစ်ပေတယ်။ အတ္တဟိတ မိမိအကျိုး ဖြစ်ဖို့ကိုကား ထမင်းကို စားသောလူကို မဆိုထားဘိ အဟိတ်တိရစ္ဆာန်များတောင် သိတတ်သည်ချည်းဖြစ်သည်။ တိရစ္ဆာန်သိ သိ၍ အကျိုးမယိုပါ။ သူတော်ကောင်း လူသိ-သိမှ တော်ကြမည် ဖြစ်ပါကြောင်း မိမိနှိုက်အထိုက်အလျောက် အာဏာတန်ခိုး ရယိုရုံမျှနှင့် သူတပါးကိုနိုင်ထက်ကလူအပြစ်ယိုယိုမယိုယို နှိပ်စက်ညှဉ်းပန်းခြင်း၊ သူတပါး၏ဂုဏ်ကို ပျက်စီးစေခြင်း၊ ကဲ့ရဲ့ယှုတ်ချခြင်း၊ မတော်မတရားပြောဆိုခြင်း တို့သည်ကား စင်စစ် သူတော်မဟုတ်၊ ထမင်းစားသောလူပင် ဖြစ်သော်လည်း လူဘော်မဝင် လူရာမဝင် တိရစ္ဆာန်နှင့်တန်းတူ အရေအတွက် ဖြစ်သည် ဟူ၍သာ မှတ်ထင် ကြရပါမည် ဝန်မင်းတို့။

ဝန်များ။ ။ ဝန်ကြီးမင်း အမိန့်ရှိတာ အလွန်မှ မှန်လှပါကြောင်း၊ အချို့ မိမိတို့ကံအလျောက် အရှင်သခင်က ရာထူးဌာနန္တရ ချီးမြှောက်ခြင်းကို ခံရပါလျှင် ငါ့ပြင်မယိုဟု စိတ်တော်က မှတ်ထင်ပြီးလျှင် မိမိတို့ အမျိုးသားချင်းကို မထောက် မညှာ မတရားသဖြင့် နှိပ်စက်ညှဉ်းပန်းခြင်းက အထူးပဲ ပြုကြပေသဗျ။ ဤကဲ့သို့ မတရား နှိပ်စက်ရလျှင် သူတို့မှာ အလွန်ဂုဏ်ကြီးလှပြီဟု စိတ်တော်က မှတ်ထင်လျက် ဝမ်းသာအားရ ယိုတော်မူကြပေသည်။

ရှေး။ ။ သူတပါးကို မတရား ပြုလုပ်နှိပ်စက်ခြင်း၊ မတရားပြုလုပ်၍ အမှုရှာကြံ ငွေစားခြင်း၊ မတရားသဖြင့် ပြုလုပ်၍ မိမိ

လက်အောက် အမှုထမ်းတို့ကို ရာထူးမှနှိမ့်ချခြင်းစသော အမှုတို့ကို ပြုလုပ်သောသူသည် မိမိဝမ်းမြောက် အားရတိုင်း အားရတိုင်း သူ့မှာအကုသိုလ်က တန်ခိုးတက်ကြွလျက် အပါယ်သွားရန် လမ်းကြောင်းကို ကောင်းကောင်းကြီး တွင်သော သူတယောက် ဖြစ်တယ်။ မျက်မှောက် ပစ္စက္ခန္တိက် သေပင် သေငြားသော်လည်း ကောင်းကောင်း မသေရ သေချင်းဆိုးသေတတ်သဗျ၊ မသေလို့ နေရငြားသော်လည်း မျက်စိ ကြောင်တောင် ကန်းသဗျ၊ သွက်ချာပါဒ ဖြစ်ပီးတော့ တုန်တုန်ချဲ့ချဲ့နှင့် ပစပ် ရွဲ့စောင်းလျက် စကားပီအောင် မပြောနိုင်ဘူးဗျ၊ ချဲ့နဲ့၍ မသွားလာနိုင်အောင် ဒုက္ခဝေဒနာ ခံစားရသဗျ၊ အဲဒါကြောင့် မတရားသဖြင့် ပြုကျင့်နှိပ်စက်သော အမှုအရာ စိတ်ဆိုး သဘောဆိုးများကို လက်မွေးမြူရန် မတော်ဘူးနော်၊ ကြပ်ကြပ် ကြဉ်ရှောင်ရန် ကောင်းတယ် ဝန်မင်းတို့။

ဝန်များ။ ။ ဟုတ်ပါပေတယ်၊ ဝန်ကြီးမင်း မိန့်ဆိုတော်မူချက်ကိုပါဏပေတံ အသက်ထက်ဆုံး မှတ်ယူကျင့်သုံး သတိပြုရန် အလွန်မှ ကောင်းလှပါသောကြောင့် အမြဲနှလုံးသွင်းရန် ဖြစ်ပါတော့သည်။ သို့သော် ဝန်ကြီးမင်း ဟောကြားမိန့်ဆိုတော်မူချက် အရ တရားတော်ကို ကြည်ညိုသောအားဖြင့် ပူဇော်ခြင်းကို ပြုလုပ်ကြရပါမည့်အကြောင်း အခွင့်ပြုတော်မူပါရန် ကျွန်ုပ်က လွန်းချိတ်ပဆိုးတထည် ဝန်ကြီးမင်း ဆင်ယင်တော်မူရန် ကန်တော့ပါသည်။

ကျွန်ုပ်ကလည်း ဝန်ကြီးမင်း ဝတ်ဆင်ရန် ပလာပဆိုး ၂ ထည် ကန်တော့ပါသည်။

ကျွန်ုပ်ကလည်း ဝန်ကြီးမင်း ဝတ်ဆင်ရန် စပ်ပဆိုး တထည် ကန်တော့ပါသည်။

ကျွန်ုပ်ကလည်း ဝန်ကြီးမင်းဝတ်ဆင်ရန် သားမွေး အင်္ကျီ တထည် ကန်တော့ပါသည်။

ကျွန်ုပ်ကလည်း ဝန်ကတော်ကြီး ဝတ်ဆင်ရန် ပဒုမ္မာ ပိတ် ၂ အုပ် နဂါးလိမ်သဲးဘက် ပဝါ ၂ ပိုင် ကန်တော့ပါသည်။

ကျွန်ုပ်တို့ကိုလည်း ဆွေရင်းမျိုးရင်းကဲ့သို့ သဘောထားတော် မူ၍ မကောင်းမြစ်တား ကောင်းရည္ဆန်ပြ ဆိုဘိသကဲ့သို့ အစဉ် စောင့်ရှောက်တော်မူရန် တောင်းပါသည် ဝန်ကြီးမင်း။

ရွှေ။ ။ အင်း-သာခု-သာခု-သာခုပါခင်ဗျား၊ ကောင်းပါပြီ ကောင်းပါပြီ ဝန်မင်းတို့ ကျွန်ုပ်ကိုလည်း သတိပေးခွင့်ရောက်ရှိက မဆောင်မယွက် ယိုနေကြပါလျှင် ဝန်မင်းတို့ တာဝန်ဖြစ်လိမ့် မဗျ၊ သတိပြုတော်မူကြရန် တောင်းပန်ပါသည်။

## ဦးပေါဦး ဦးမြတ်ထင်တို့ ရောက်လာခြင်း

ဤကဲ့သို့ တိုင်ပင်ဆွေးနွေးပြောဆိုနေကြသည့်အခိုက် ဦးပေါဦး၊ ဦးမြတ်ထင်တို့လည်း ရောက်လှာကြလေသည်။

ရွှေ။ ။ အော်-မွန်ပေါဦးတို့လား-လာကြကွယ်-လာကြ ကွယ် တယ်ကောင်းပေကွယ်၊ ဝမ်းမြောက်လိုက်တာ ယနေ့ဖြင့် မင်းစုံမင်းညီပဲးကွဲ့၊ ကိုင်း-လက်ဖက် လက်ဖက်ရေ ဆေးလိပ်များ သုံးဆောင်ကြပေရှော့ကွယ်။

ဝန်များ။ ။ ဝန်ကြီးမင်းတို့ တွေ့ရတာ တယ်ပီးဝမ်းမြောက် လှပါတယ်။ ထိုင်တော်မူကြပါ-ထိုင်တော်မူကြပါ။

ထင်။ ။ အော်- ဝန်မင်းများလဲ ရောက်နေကြသကိုး၊ ဟုတ်ပါခင်ဗျား။

ဦး။ ။ အကြောင်းဘာများ ရှိကြပါတုန်း၊ ကိစ္စအထူးများ ယှိကြပါသလား။

ဝန်များ။ ။ အကြောင်းကိစ္စတော့အခြားမဟုတ်ပါ။ သည် ကဝန်ကြီးမင်းကို ရန်ကုန်မြို့သို့ပြန်ကြွရန် ဆောင်ယွက်မည်းတိုင်း ဆောင်ယွက်အုပ်ချုပ်တော်မူရန် တောင်းပန်ခြင်းကို ပြုကြရပါ ကြောင်းပါ ဝန်မင်း။

ဦး။ ။ ကောင်းပါဗျား၊ မွန်းကျော်ရွှေးကလဲ ဘုန်းတော် ကြီးဘုရား ထပ်မံအမိန့်မှတ်တော်မူလျှင်လဲ မိမိနေရာကို မိမိ ဆောင်ရွက်မှ သင့်လျှော်ပေမယ်၊ အခြားဝန်သစ်များကို ခန့် တော်မူယင် နယ်ပယ်၏အကျိုးအကြောင်းကို မသိချေက အုပ်ချုပ် ရေးခက်ပေလိမ့်မယ် သူငယ်ချင်း။

ထင်။ ။ မြို့နယ်၏အကြောင်းကို ကောင်းစွာမကျွမ်းကျင်ခဲ့ သော် လက်အောက်မြို့ဝန် မြို့သူကြီး ရွာသူကြီးတို့က ဖျောင့်မတ် ယင် တော်ပါရဲ့ မဖြောင့်မတ်ပဲနှင့် လှည့်စား လှည့်ပတ် လိမ် လည် ကောက်ကျစ်ပီးတော့ လက်ဆောင်ပဏ္ဏာတံစိုး ဆက်သကာ နှင့် ဟုတ်ပ-မှန်ပနဲ့ တင်လျှောက်ပီး မတရား ပြုကျင့်နေကြယင် ကျွန်တော်မျိုးဆင်းရဲသားတို့ အနေအထိုင် ကြပ်တည်းခြင်း ဖြစ် ပါက မြို့ရွာပျက်စီးကြောင်းဖြစ်တတ်ပါတယ်၊ အဲး-ဒါကြပ်ကြပ် သတိထားစရာကောင်းပေတယ် ဝန်မင်းတို့။

ဦး။ ။ ရန်ကုန်ဝန်ကြီးဆိုတော့ နယ်ဆုံးနယ်ဖျားကွဲ့၊ နေ ဝင်ဘုရင်ဖြစ်တယ်၊ ဝန်ကြီးဆိုတော့ ဘုန်းတော်ကြီးဘုရား၏

ကိုယ်စား ကိုယ်ပွားဖြစ်တယ်၊ ဘုရင်ရင်းမြွတ်၏ တာဝန်မြို့နယ်၏ တာဝန်များကို ကြီးကျယ်စွာ ယွက်ဆောင်ရသောကြောင့် ဝန်ကြီးဟူ၍ ခေါ်ဝေါ်သမုတ်ကြသည်ကို ခံရပေတယ်၊ အဲ့းသည်ဝန်ကြီး အမည်ကို ခံယူကြရသည့် အတိုင်း ကျေးဇူးရှင်အသျှင့်ဝန် မြို့နယ်ကျေးလက်နေ ဆင်းရဲသားတို့၏ ဝန်ကိုယွက်ဆောင်ရမည်ဖြစ်၍ စိတ်ကို ချမ်းသာစေကြအောင် အေးချမ်းစည်ပင်သာယာအောင် ယွက်ဆောင်စီမံကြရမယ်၊ ဤတာဝန်ယှိသမျှကာလပတ်လုံး ယွက်ဆောင်နိုင်ပါတပြီးကား၊ မိမိတာဝန်ကိုလည်း ယွက်ဆောင်ရခြင်းနှိက် အလိုလိုပြီးငြိမ်း အောင်မြင်ရာသို့ ရောက်ကြရပြီး ဖြစ်ပါတယ် ဝန်မင်းတို့။

ထင်။ ။ အရှင်ချိုးမြွောက် သူကောင်းပြုသည်ကို အထိုက်အလျောက် ခံကြရသဖြင့် ထိုက်တန်သောဂုဏ်ကို ထောက်၍ အခွင့်အာဏာရယှိသည့်အတိုင်း မိမိလက်အောက်ပြည်သူ ဆင်းရဲသားတို့ကို မတရားသဖြင့် နှိပ်စက်ညှဥ်းပန်းခြင်းကို အလျဥ်းမပြုမလုပ်ကြမှတော်မည်၊ သူတထူး မယား သားသွီး မျက်ရည်ယိုမှကိုယ်၏ သားမယား ထမင်းဝမှာကို မပြုမကျင့်မှ တော်ကြမည်။ တချို့က မင်းလုပ်တယ်ဆိုဒါ နိဗ္ဗာန်ကိုလိုလို့ မင်းလုပ်သည် မဟုတ်ဘူးတဲ့၊ စီးပွားကိုလိုလို့ မင်းလုပ်သတဲ့၊ ဒါကြောင့် မတရား သောအမှုများကို ရှာကြံ၍ ငွေကြေးတံစိုးလက်ဆောင်စားယူ ကြသည်တဲ့ ဝန်မင်းတို့ တယ်ပီးတော့ ကြောက်စရာကောင်းတဲ့ အကျင့်တော်ဗျ။

ရွှေ။ ။ အသျှင် ဘုန်းရိပ်ကို ခိုလှုံ၍ မှူးကြီး မတ်ကြီးမြို့စားရွာစား ဖြစ်ကြသည့်အားလျော်စွာ အသျှင့်အကျိုး ပြည်သူတို့၏ အကျိုးကိုသာ မျှတညီညွတ်အောင် စောင့်ရှောက်ဆောင်

ယွက်ကြရပေမယ်၊ မိမိအကျိုးကိုကြည့်၍ ဆင်းရဲသား ကျွန်တော်မျိုးတို့ကို မတရားသဖြင့် နှိပ်စက်ညှဉ်းပန်းခဲ့သည်ယို့သော် ပြည်ရွာ မချမ်းမသာက အသျှင်၏ဂုဏ်ပျက်ကွက်ခြင်း၊ ပြည်ရွာ၏ပျက်စီးခြင်းကို ဖြစ်စေတတ်သည်။ ပြည်ရွာချမ်းသာမှ အသျှင်၏ကောင်းမြတ်ခြင်း၊ ဝန်မင်းတို့ ကျွန်ုပ်တို့ ချမ်းသာခြင်းကို ရယို့နိုင်ကြမည်ဖြစ်၍ ပစပ်ကောင်းကို အသုံးမပြုကြရ တရားနှင့်အညီ မိမိကိုယ်စိတ် ကောင်းသည်ကိုသာ အရင်းပဓာန ထားကြရမည်၊ "ရာဇဝသတီခန်း" များကိုလည်း ကြပ်ကြပ် နှလုံးသွင်းကြရန် ကောင်းပါသည်။ အုပ်ချုပ်စိုးပိုင်သောမင်းက ကောင်းမှ မှူးမတ်တို့ ကောင်းကြမည်။ မှူးမတ်တို့ကောင်းမှ မင်းကောင်းမည်၊ မင်းနှင့်မှူးမတ်ကောင်းမှ တိုင်းပြည်မြို့ရွာ ကောင်းမည်၊ စည်ကား အေးချမ်းသာယာခြင်းကို ဖြစ်စေနိုင်မည် ဝန်မင်းတို့။

ထင်။ ။ ကောင်းပါပေဗျာ၊ သာဓု-သာဓု-သာဓု-ပညာယိုသူတော်ကောင်းများ စကားကို ကြားနာရသည့်အတွက် အလွန်အကျိုးများပါပေတယ်၊ သည်ဟာ ဘာတေတုန်းကွဲ့ မွန်းကျော်ရွှေ။

ရွှေ။ ။ အော်-ဟောသည်က ဝန်မင်းများ မင်းတို့မရောက်ခင် မင်းမှုထမ်းတို့ ကျင့်အပ်သောတရားသဘောကို ပြောဟောပြသည့်အတွက် တရားကို ကြည်ညိုသောအားဖြင့် ကန်တော့ကြပေဒါကွဲ့။

ဦး။ ။ ကောင်းပါပေဗျာ-ကောင်းပါပေ့၊ သာဓု-သာဓု- သာဓု၊ ကျွန်ုပ်ကလဲ ဝန်မင်းများကို ဝတ်စုံတစုံစီ ကန်တော့ရဦးမည်ဗျ။

ထင်။ ။ ဟုတ်ပါမေ့၊ ကျွန်ုပ်လဲး ဝန်မင်းများကို ဝတ်စုံ ကန်တော့ရဦးမယ်ဗျ၊

သို့လို ကြားရဒါများ အလွန်မ ဝမ်းမြောက် ကျေးဇူးတင်လှပါတယ် ဝန်မင်းတို့။

ဦး။ ။ နို့-မွန်းကျော်ရွေးကော၊ နန်းတော်ကြီးကို ဘယ်တော့ ဝင်မလဲကွဲ့။

ရွှေး။ ။ ငါတော့ ခေါ်တော်မူမှ ဝင်မယ်လို့ အောက်မေ့တယ်။

ထင်။ ။ ခေါ်တော်မူဒါမစောင့်ပါနဲ့ သူငယ်ချင်း၊ ရန်ကုန်သို့မြန်မြန်ပြန်ရန် အမိန့်တော်သာဝင်၍ ခံယူလိုက်ပါကွယ်။

ရွှေး။ ။ အကြောင်းက ယိုသေးတယ်ကွဲ့၊ မင်း-စဉ်းစားကြည့်အုန်း၊ ခေါ်တော်မူမှ အရေးပါမယ်လို့ ငါထင်တယ်။

ထင်။ ။ အင်း-ဟုတ်ပါပေတယ် ငါက သတိမပြုမိလို့ လွှတ်ခနဲးပြောမိပေတယ်၊ သို့သော် မကြာမီ ခေါ်တော်မူလိမ့်မယ်လို့ ထင်သကွယ်။

ဦး။ ။ အခေါ်ကို မစိုးရိမ်ရဘူး မောင်မြတ်ထင်၊ မကြာပါဘူးကွဲ့ နက်ဖြန်လောက်ကျယင် အကြောင်းကို သိရပါလိမ့်မယ်ကိုင်း- ကျွန်ုပ်တို့ ပြန်ပါအုန်းမယ် ဝန်မင်းတို့။

ဝန်များ။ ။ ဟုတ်ကဲ့ ကြွတော်မူကြပါအုန်း၊ နို့-ဝန်ကြီးမင်း ကျွန်ုပ်တို့လဲး ပြန်ပါအုန်းမယ် အခွင့်ပြုရန်။

ရွှေး။ ။ ကောင်းပါပြီ ကြွတော်မူကြပါတော့ ဝန်မင်းတို့။

## ခန်ကြီး ဦးကျော်ရွှေ ညီလာခံဝင်ခြင်း

တနေ့သောအခါ နံနက်ညီလာခံနှိုက် မှူးမတ် စုံညီတဲ့အခါ ဖိုးတော်မင်းတြားကြီးက ဦးကျော်ရွှေကို ခေါ်၍ မိန့်တော်မူသည်မှာ- မြေထဲမြို့စား၊ မောင်မင်းမြို့ကို မောင်မင်း ပြန်၍ အုပ်ချုပ်မှ တော်မယ်ထင်တယ်။ မှူးမတ်ဟောင်းများက အပါးတော်နှိုက်အမြဲခစား၍ အမှုတော်ကို ထမ်းယွက်လိုကြသည်။ အဝေးခရိုင်ဝန်အဖြစ်ကို အလိုဆန္ဒမယိုကြပေဘူးမောင်မင့်။

ရွှေ။ ။ အမိန့်တော်မြွတ်အတိုင်း ဦးထိပ်ယွက်ရမည်ဖြစ်ပါကြောင်းပါဘုရား။ သို့သော်-အဝေးမြို့သူကြီး၊ ရွာသူကြီးတို့က ယခုလို ရွှေနားတော်ကြား ရှုတ်အောင် သံတော်ဦးတင်လျှာဆက်သကြပါလျှင် နောင်ရေးကို စိုးရိမ်မကင်းဖြစ်ရမည်ကို ကြောက်ရပါကြောင်းပါဘုရား။

ဖိုး။ ။ မြေထဲမြို့စားမောင်မင်း၊ နောင်ရေးကို စိုးရိမ်ခွင့်မယိုအတွင်းတော်မှာ ပေါ်ဦး မြွတ်ထင်တို့ယိုပြီ။ မောင်မင်းထံကို သူတို့က မကြာမကြာသတိပေးပို့ နိုင်သည်။ ငါ့ထံကိုလည်း တနှစ်တကြိမ် မောင်မင်းလက်အောက်ယို မြို့ဝန်၊ မြို့သူကြီး၊ ရွာသူကြီးများကို ငါ၏မျက်နှာတော်ကို ဖူးမျှော်ကန်တော့ရန် ဘွားတော်အောက်သို့ ခေါ်လှာရမည် မောင်မင့်။

ရွှေ။ ။ မှန်ပါ အမိန့်တော်မြွတ်အတိုင်း အမှုတော်ထမ်းအရည်အချင်းကောင်းသော မြို့ဝန်၊ မြို့သူကြီး၊ ပဲ့နင်း ကင်းအုပ်စသည်များကို တနှစ်တကြိမ်ကျ တလှည့်စီ ရွှေဘွားတော်အောက်သို့ ခေါ်လှာရပါမည့်အကြောင်းပါဘုရား။

ဖိုး။ ။ ကောင်းပီ၊ မောင်မင်းမြို့နယ်ကို ၇-ရက်အတွင်းပြန်၍ အုပ်ချုပ်ရမည်။ ရောက်သည့်အခါ မြို့နယ် ကျေးရွာတို့၏ အကြောင်းအရာများကို စုံစမ်းမေးမြန်း၍ သံတော်ဦးတင်လျှာဆက်သလိုက်ရမည်။

၁။ တိဂုံဆံတော်ရှင်၊ အသုတ်စေတီ၊ ကျိုက်မဲသံချိုစေတီ၊ ပွန်တာထော်စေတီ၊ တွံတေးဆံတော်၊ ကျိုက်ခေါက်၊ ကျိုက္ကဆံ၊ ကျိုက်တင်း၊ ကျိုက်ဒေးဒလွန်၊ ပဲခိုးမော်တောစေတီတော်များကို စောင့်ရှောက်ပြုပြင်တော်မူရမည်။

၂။ ငါ၏နောင်တော် ဆင်ဖြူရှင် မင်းတြားကြီးတည်ထားသော သိဂုတ္တရတောင်တော်မြောက်ဖက် ဘုရားစေတီတော် ၅-ဆူကိုလည်း ပြုပြင်တော်မူရမည်။

၃။ ညောင်ရေသွန်းစေတီတော် ကုသိန္နာရုံကြီး ကုသိန္နာရုံကလေးများကိုလည်း ကောင်းစွာ ပြုပြင်တော်မူရမည်။

၄။ အုံကြီးမြို့ ဒလဘက် တွတ္တမတ် ဥယျာဉ်တော်ကိုလည်း ကောင်းသောဥယျာဉ်မှုးများကို ခန့်ထားရမည်။

၅။ ခပင် ကန်ပဲ့အရပ်နှိုက် ဟံသာဝတီ ဆင်ဖြူများရှင် တည်ထားတော်မူသော စေတီတော်ကိုလည်း မပျက်မစီးရန် အစောင့်အရှောက်ကောင်းစွာ ထားရမည်။

၆။ တဖုဿ-ဖလ္လိက ကုန်သည်ညီနောင်တို့ တည်သော ကျိုက်ပါစေတီတော်ကိုလည်း ပြုပြင်ရမည်။

၇။ ဟံသာဝတီ ဗိုင်းကနိမ်းဘက် ကျောက်တိုင်ကန်အရပ်တွင် ဟံသာဝတီ ဆင်ဖြူများရှင် သင်းချိုင်းတော် စေတီကိုလည်း စောင့်ရှောက်ရန် ခန့်ထားရမည်။

၈။ ဟံသာဝတီမင်းတြား တည်တော်မူသော မဟာစေတီတော်ကြီးကိုလည်း စောင့်ရှောက်ရန်ခန့်ထားရမည်။

၉။ ရှင်စောပုတည်သော မြို့ဦးကင်း စေတီတော်ကိုလည်း စောင့်ရှောက်ရန်ခန့်ထားရမည်။

၁၀။ ဟံသာဝတီ ရာဇာဓိရာဇ်မင်း လက်ထက်က တည်တော်မူသော မို့ခိုင်ကြီးဘုရား၊ မို့ခိုင်ကလေးဘုရား၊ ကျိုက်မကော်ဘုရား၊ ကျိုက်မော်စော်ကနု ဘုရားများကိုလည်း ပြုပြင်ရန်အစောင့်ခန့်ထားရမည်။

၁၁။ ဓမ္မစေတီမင်း လက်ထက်က ပြုစုခဲ့သော ကျိုက်ပွန်ဘုရား၊ သတ္တဌာနနေရာ၊ အဆောက်အဦများ၊ ကမ္ဗည်းကျောက်စာများ၊ ကလျာဏီသိမ်တော်၊ နိဗ္ဗာန်ကလိုင်သိမ်တော်၊ နာဂဝံသိမ်တော်၊ ဘဒ္ဒသိမ်တော်၊ ၎င်းသိမ်တော်ကြီး ၄-လုံးကို အစောင့်အရှောက်ခန့်ထားရမည်။

၁၂။ ရှေးကပြုစုတည်ထားခဲ့သော ကျောင်း၊ စရပ်၊ တန်ဆောင်း၊ ပြသာဒ်ဘုရား၊ တံတား၊ ရေတွင်း၊ ရေကန် စသည်တို့ဟောင်းနွမ်း ပျက်စီးသည့် ကုသိုလ်များကို အသစ်ထပ်မံပြုပြင်ရမည်။

၁၃။ ငါ၏ဘုန်းတော်ကြောင့် ရောက်လာသော နိဗ္ဗန္နပစ္စယနာဂ ဆင်ဖြူတော်ကြီးရသော နေရာဌာနဖြစ်သော နိဗ္ဗာန်တော်လွှတ်ငြိမ်းချမ်းသာကြပေစေ၊ ၎င်းဆင်ဖြူတော်ကြီးရသော နေရာတွင် အထိမ်းအမှတ်စေတီတဆူ တည်ထားရမည်။

၁၄။ လှိုင်ဘောလယ်အရပ် သက်ငယ်တောတွင်ရသော ကုရင် ငပုနီ ဆက်သသော ဘဒ္ဒဝတီဆင်ဖြူရှင်မ နှင်းနွယ်နေရာတွင် စေတီတဆူ ခြံနှင့်ထားသော နေရာ ဆင်ခြံနေရာတွင် စေတီတဆူတည်ထားရမည်။

၁၅။ သာသနာတော်များကို ကောင်းစွာစောင့်ရှောက်၍ တံဆိပ်လှူကပ်ရန်သင့်သော သဃ်ာတော်များ၏ ဘွဲ့တော်များကိုလည်း သာသနာ့ ဝန်ထမ်းစာရင်းတင်ဆက်ရမည်။

၁၆။ ထုတ်ပြန်တော်မူသော သာသနာတော်ဆိုင်ရာ အမိန့်တော်ပြန်တမ်းကြီး၊ သံဃသာမိက သံဃရာဇာ၊ သာသနာပိုင်ဆရာတော်ဘုရားကြီး ထုတ်ဆင့်တော်မူသော ဓမ္မဝိနယ အမိန့်တော်ပြန်တမ်းကြီးများကို မောင်မင်းမြို့နယ်အတွင်း သဃ်ာတော်တို့လက်ရောက် စေ့နှံ့အောင် ဆက်ကပ်ရမည်။ အရာရာကို ငါ၏ကိုယ်စားပြုလုပ်၍ အကျိုးများရာများကြောင်း ကောင်းအောင်စီမံဆောင်ယွက်၍ အမှုတော်ကို ကြိုးပမ်းထမ်းဆောင်ရမည့်။

၁၇။ အော်-ငါမေ့နေတယ်၊ မော်ပီမြို့ အရှင်မင်းကြီးနတ်ကွန်းသည် ဓမ္မစေတီမင်း၏မြေးတော် သုရှင်တကာရွတ်ပိမင်းမြို့တည်သောအခါ မြို့၏ရာဟုထောင့်နှိုက် နတ်မြို့ရိုးနှင့် ဆောက်လုပ်ကိုးကွယ်ထားသည်။ ၎င်းနတ်ကွန်းကြီးကို ပ-သ ပူဇော်ပြုပြင်ရန် မော်ပီမြို့သူကြီးကို ဆင့်ဆိုရမည်။ ၎င်းပြင် တိဂုန်ဆံတော်ရှင်နယ် နီမိတ်ပြုထားသော ကျိုက်တင်းစေတီကိုလည်း ပွဲတော်ပြုမြဲပြု လုပ်၍ ပူဇော်ကျင်းပရန် ဆင့်ဆိုရမည်။

ရွှေ။ ။ မှန်ပါဘုရား၊ အမိန့်တော်မြွတ် မှတ်တော်မူသည်

များကို ဝရဇိန်လက်နက် မိုးကြိုးစက် ကျဘိသကဲ့သို့ မတိမ်းမ စောင်း ကောင်းမွန်စွာ ပြည်ရွာချမ်းသာမည့်အရေးကို ဝီရိယ စိုက်ထုတ်၍ အမှုတော်ကို ထမ်းယွက်ပါမည့်အကြောင်း။

ဖိုး။ ။ နို့-နေပါဦး မောင်မင်း သက်ငယ်သောင်မှာ နေ တဲ့ ကိုရင်ငပုလု ယှိပါသေးရဲ့လားမောင်မင့်။

ရွှေ။ ။ ကျန်းမာစွာယှိပါကြောင်းပါဘုရား။ အမိန့်တော် မြတ်နှင့် ရွှေဘွားတော်အောက်သို့ ဆန်တက်လှာစဉ်က ၎င်းကို ဘုရားကျွန်တော် နှုတ်ဆက်ရာ ကုရင် ဖိုးပုလုက အရှင်ပွဲတော် တည်ရန် ဂျိုးကင်များ တရာလောက် ဆက်သလိုက်ပရစေဟု ပြော ပါသည်ဘုရား။ ကျွန်တော်မျိုးက သွားရမည့်ခရီး ကွာလှမ်း သည် ရွှေဘွားတော်အောက်မရောက်မီ မောင်မင်းဂျိုးကင် ပျက် စီးယိုယွင်းလိမ့်မည် မဆက်နှင့်တော့။ မောင်မင်းဆက်သကြောင်း သံတော်ဦးတင်ခဲ့မည်ပြောခဲ့ပါသည်ဘုရား။

ဖိုး။ ။ သီရိဘဒ္ဒဝတီဆင်ဖြူမ နှင်းနွယ်ကို ဆက်သသည့်အ တွက် သင်းကို ငါသူကောင်းပြုရာ သူကောင်းပြုသည်ကို မခံလို ဘူးတဲ့၊ မည်သူမှ အတားအဆီးမယှိပဲ ဘောလယ်နယ်အတွင်းမှာ ဂျိုးတည်လိုကြောင်း အမိန့်တော်ခံယူ၍ ငါပေးသနားတော်မူ လိုက်တယ်။ အတားအဆီးများ ယှိကြပေသလားမောင်မင့်။

ရွှေ။ ။ မည်သူတစုံတယောက်မျှ ပိတ်ပင်တားဆီးခြင်းမယှိ ရပါဘုရား။ သူ့အိမ်ရောက်သူမှန်သမျှ ကောင်းစွာ ဂျိုးကင်များ ကို ကျွေးပါသတဲ့ဘုရား။ ဂျိုးတည်အိမ်မှာ ရွှေချ မွမ်းမံထားပါ သတဲ့။ ဂျိုးတည်သော ဝါးတန်မှာလည်း ရွှေချထားပါသတဲ့။

ကောင်းသောတည်ဂျိုးများကိုလည်း ရွေးချထားပါသတဲ့ဘုရား။

ဖိုး။ ။ အင်း-သူ့သဘောအတိုင်း မင်းပြစ် မင်းဒဏ် မယိုချမ်းသာစွာနေပါစေမောင်မင်း။ သူ့မှာ တည်ဂျိုး မည်မျှမွေးထားကြောင်း သတင်းရသလဲ။

ရွှေး။ ။ မှန်ပါ ဂျိုးအိမ်ပေါင်း ၁၀၀ ခန့် ဆွဲထားသည်ကိုမြင်ရသူတို့ ပြောသည်ကို သိရကြောင်းပါဘုရား။

ဖိုး။ ။ ကောင်းပြီ။ မောင်မင်း အောက်သို့စုန်ခါနီးသောအခါ မောင်မင်း မယ်တော်ကြီးထံဝင်၍ ရှိခိုးသွားရမည် မောင်မင့်။ ဟု မိန့်တော်မူပြီးလျှင် အတွင်းသို့ဝင်တော်မူလေ၏။

## ဦးကျော်ရွှေး မိဖုရားကြီးထံဝင်ခြင်း

နောက်တနေ့သော် ဝန်ကြီးဦးကျော်ရွှေးသည် မိဖုရားကြီးအဆောင်တော်သို့ သွားရောက်ခစားလေ၏။

မိဖုရားကြီး။ ။ ကျော်ရွှေးလားဟဲ့ နင်ဘယ်ရက်ကို ရန်ကုန်မြို့သို့ စုန်ရန် အမိန့်တော်မြတ် မှတ်တော်မူသလဲ။

ရွှေး။ ။ သဘက်ခါစုန်ဆင်းရမည်ဖြစ်ပါကြောင်းပါဘုရား။

မိဖုရား။ ။ အင်း- ကောင်းပြီ၊ ငါလဲ မြို့ဝန် မြို့သူကြီး ရွာသူကြီး ပဲ့နင်း ကင်းအုပ်များကို ဆုတော်သနားလိုက်ရဦးမည်။ ယူဆောင်သွားပါလေ။

ရွှေး။ ။ မှန်ပါ ဆောင်ယူသွားပါမည်ဘုရား၊ ပေးသနား

တော်မူသော ဆုတော်များကို ၎င်းတို့အား ပေးအပ်ပြီးလျှင် ဆုတော် ပေးသနားတော်မူသည်ကို ခံရကြောင်း၊ ၎င်းတို့ထံမှ သံတော်ဦးတင်လျှာယူ၍ ပို့ဆက်ပါမည်ဘုရား။

မိဖုရား။ ။ သင်းတို့လက်ကိုရောက် ပီးရောပေ့ါဟယ် နင်လဲး ဝန်ကြီးအလုပ်နဲ့ ပြန်၍ မိမိမြို့နယ်ကို အုပ်ချုပ်ထိန်းသိမ်းရသည့်အခါ ငါတို့ကို အားကိုးအားထားပြု၍ တရားမဲ့ပြုကျင့်၍ မနေနဲ့။ ရွာသူကြီး မြို့သူကြီး မြို့ဝန် စသည်တို့ကို အမှုမယှိအမှုရှာ တံစိုးလက်ဆောင်မရလျှင် အပြစ်ပေး အရာနှုတ် စသည်များကို မလုပ်လေနဲ့။ မေတ္တာနဲ့ကြောက်ယင်တော်၊ နှိပ်စက်ပါများလျှင် နင့်အသက်ကို ရန်ရှာပီးတော့ လာလိမ့်မယ်၊ အဲးသို့အတွက် နင့်ကို အမှီပြု၍ ချမ်းသာကြပေစေဟဲ့ မှတ်သွားနော်။

နို့-ပီးတော့လဲး နေဝင်ဘုရင် ဝန်ကြီးဖြစ်ပြန်တော့ လူ့အသက်ကို သုတ်သင်နှိပ်ကွပ် သတ်ဖြတ်နိုင်တဲ့ အာဏာတံခိုးကို အားကိုးအားထား ပြုပီးတော့ သူ့သမီးပျိုများကို မတရား မပြုကျင့်လေနဲ့ မိမိသမီးလို တူမလို နှမလို သဘောထားရမနော် ကြားလား၊ သူတပါးမယားကိုလဲး မကြူးမလွန်လေနဲ့ ကြပ်ကြပ်နင်သတိပြုပီးတော့ ရှောင်ကြဉ်ရမယ်နော်၊ သူတပါး မယားကို ဖျက်ဆီးသူသည် သေယင် ငရဲရောက်၍ ကြီးစွာသော ဒုက္ခခံရပြီးနောက် တဖန်လူဖြစ်ပြန်လဲး အနူ-အရွဲ-အင်္ဂါမစုံဖြစ်တတ်တယ်၊ သို့အတွက် အလွန်တရာမြတ်သောလူ၏အဖြစ်ယောကျာ်းဘဝကို ရပါလျက် မိမိဘဝကောင်းကြီးကို ဆုံးရှုံးအောင် မျိုးစေ့ကို မီးတောက်ကြီးထဲသို့ ပစ်ချဘိသကဲ့သို့ ဖြစ်အောင် မပြုမလုပ်လေနဲ့နော် ကြားရဲ့လား၊ မှတ်ပီးသွားလေ။

ရော့-ဟောဒါက တိဂုံဆံတော်ရှင် ဘုရားကြီးကို လှူဒါန်းရန် ဖရောင်းတိုင်ထုပ်ကြီး ၁၀၀၀၊ ရွှေသက်န်းကပ်လှူရန် ရွှေဆိုင်း ၁၀၀-ဂိုဏ်းထောက် ဂိုဏ်းအုပ် ဂိုဏ်းချုပ် ဆရာတော် သင်္ဃာ တော်များကို လှူဒါန်းရန် တိစီဝရိတ် သင်္ကန်း အစုံရေ ၅၀၊ ရေတံခေါင်း ၅၀၊ သောက်ရေခွက် ၅၀၊ သန့်စင် ရေစစ် ၅၀၊ ဒန်ပူစည်း ၅၀၊ စကာပလေ ၅၀၊ တပိတ်သာဝင်ဆီအိုး ၅၀၊ တပိတ်သာစီး လက်ဖက်စိုထုပ် ၅၀၊ သားရေဘိနပ် ၅၀၊ သပိတ် ၅၀၊ ကွမ်းအစ် ၅၀၊ နေရာထိုင် ၅၀၊ ထီး ၅၀၊ မှီအုန်းကြီး ၅၀၊ စာတင်ရန် ရွှေကလပ်ကြီး ၅၀၊ လက်ဖက်အုပ် ၅၀-များကိုလှူဒါန်းရန် ဆောင်ယူသွားလေ။

ရွှေး။ ။ မှန်ပါ-အမိန့်တော်မြတ်အတိုင်း တည်ကြည်စွာ ဦးထိပ်ယွက်ပါမည် ဖြစ်ပါကြောင်း၊ ကျွန်တော်မျိုး မယ်မယ့် ခြေတော်ကို ဦးတင်ပါသည် ဘုရား။

မိဖုရား။ ။ အေး-အေး-ငါ့သား အန္တရာယ်ကင်းစေ၊ ချမ်း သာစေ၊ ကျန်းမာစေ၊ အသက်ရာကျော်ရှည်စေ၊ အင်း-သွား တော့ သွားတော့ ရတနာသုံးပါးများကို မမေ့နဲ့နော်၊ ငါမှာ လိုက်သည်ကို ကြပ်ကြပ်သတိထားနော်၊ အကြောင်းကိစ္စယှိယင် ငါ့ထံရောက် လူစေလွှတ်လိုက်ဟဲ့။

ဦးကျော်ရွှေလည်း မှန်ပါဟု သံတော်ဦးတင်ပြီးလျှင် အလှူ တော် အတင်တော်များကို ယူဆောင်၍ မိမိအိမ်တော်သို့ ပြန်လာ လေ၏။

× × ×

ညအချိန် ကျရောက်သောအခါ ဦးပေါ်ဦး ဦးမြတ်ထင်တို့ ဝန်ကြီးမင်း ဦးကျော်ရွှေအိမ်သို့ သွားရောက်ကြလေ၏။

ရွှေ။ ။ ဟင်-မွန်းပေါ်ဦးတို့လားဟေ့၊ လာကြကွယ်- ထိုင်ကြကွယ်-လက်ဖက်ရေ သောက်ကြကွယ်၊ အယင်လို ငါးပိကင်နဲ့ပဲးကွဲ့။

ဦး။ ။ မင်းဘယ်တော့ စုန်ဆင်းရန် အခွင့်တော်သာပလဲးကွဲ့။

ရွှေ။ ။ သဘက်ခါ စုန်ဆင်းရန် အမိန့်တော်မြတ်ကျပြီကွဲ့။

ထင်။ ။ အေး-အမိန့်တော်မြတ်အတိုင်း လိုက်နာ ဆောင်ယွက်ပါ သူငယ်ချင်း၊ နို့- မယ်မယ်ကြီးထံ ရောက်ပြီလားကွဲ့။

ရွှေ။ ။ အေး-ရောက်ပြီဟေ့၊ မယ်မယ်ကြီးက တိဂုံဆံတော်ရှင်သို့ လှူဒါန်းရန် ဆရာတော် သင်္ဃာတော်များ လှူဒါန်းရန် အလှူတော် အတင်တော်တေ များစွာပေးလိုက်တယ်။ ဟော-ဟိုအခန်းမှာ ကြည့်စမ်းကွယ်။

ထင်-ဦး။ ။ အောင်မယ် အတော် ကုသိုလ်တော် လှူဒါန်းဖွယ် များပါကလားကွယ်။ သာဓုဗျာ သာဓု-သာဓု၊ ကောင်းမွန်စွာ ဆောင်ကြဉ်းပါ သူငယ်ချင်း။

ရွှေ။ ။ သည်အလှူတော် အတင်တော်များကိုတော့ ရိုသေစွာ ဆောင်ယူသွားရမည် သူငယ်ချင်းတို့။

ထင်။ ။ အေးကွယ်- ငါကလဲး တိဂုံဆံတော်ရှင်ဘုရားကိုလှူဒါန်းရန် ရွှေဆိုင်း ၅၀၊ ဖရောင်းတိုင်ထုပ်ကြီး ၁၀၀ ပေးလိုက်

ပါရစေ သူငယ်ချင်း၊ ဘုရားရှင်ကို ယှစ်မျက်နှာစေ့ ညစဉ် ပူဇော်ပါ သူငယ်ချင်း၊ ငါသည်ကနေ့ကစ၍. ညစဉ်ကြည့် ပူဇော်လျက် မင်းကို သာစုခေါ်ပါရစေကွယ်။

ဦး။ ။ အေးကွယ် ငါကလဲး ရွှေဆိုင်း ၄၀၊ ဖရောင်းတိုင် ထုပ်ကြီး ၁၀၀ လှူဒါန်း လိုက်ပရစေကွယ်၊ ယူဆောင်သွားပါနော် သူငယ်ချင်း။ ၎င်းပြင် ဒူးရင်း ဆရာတော် ဘုရားကြီးကိုလဲး ထီး-သပိတ်-သင်္ကန်း လှူဒါန်းလိုက်ပရစေ သူငယ်ချင်း၊ ဆရာတော်ထံသို့ လူငယ်မစေပဲး မင်းကိုယ်တိုင် သွားလှူပါ သူငယ်ချင်းနော်။

ရွှေ။ ။ အေးကွယ်-စိတ်ချပါ သူငယ်ချင်း၊ ငါကလဲးသွား၍. လှူဒါန်းရန် ယှိပါသေးတယ်။

ထင်။ ။ အောင်မယ် ငါလဲးမေ့ နေတယ်ကွယ်၊ ငါ့ကျေးဇူးရှင် ခယားပင် ဆရာတော်ကိုလည်း မောင်ပေါ်ဦးကဲ့သို့ လှူလိုက်ပါရစေကွယ် ဆောင်ကြဉ်းသွားပါ သူငယ်ချင်း။

ရွှေ။ ။ ကောင်းပါပြီကွယ်-ပေးလိုက်ကြပါ၊ ငါကိုယ်တိုင် သွားရောက် လှူဒါန်းပေးမယ်၊ စေတနာကောင်းသာ ထားလိုက်ကြပါကွယ်။

ဦး။ ။ အေး-သူငယ်ချင်း မင်းကောင်းကောင်းသာ စိတ်ချသွားပါ၊ သည်မှာ အတွင်းတော်နိုက် တို့ ၂-ယောက် ယှိနေပါပြီ အကြောင်းကိစ္စယှိယင် ရွှေနားတော်မပေါက်ခင် မင်းထံသို့ လူစေလွှတ်လိုက်မယ် စိတ်သာချသွားပါ။

ထင်။ ။ အေး-မင်းထံကလဲး အကြောင်းများယှိယင် ရွှေနားတော် မကြားမီ တို့ ၂-ယောက်ထံ ကြိုတင်သိနှင့်ရအောင် လူ

စေလွှတ်ကွဲ့၊ မီးဆိုဒါ မလောင်မီက တားဆီးရမယ်။ ရွှေဟောင်း စကားယှိတယ်။ ဘယ်အမှုမျိုးမဆို ပေါ့ပေါ့လျော့လျော့ မဖင့်လေးနဲ့ သူငယ်ချင်း။

ရွှေ။ ။ ကောင်းပါပီကွယ်၊ မင်းတို့ ခုလို သတိပေးလိုက်တာ သူငယ်ချင်း ပီပါပေတယ်။ မိတ်ကောင်း ဆွေကောင်း မှန်ပါပေတယ်၊ များစွာ ကျေးဇူးတင်ပါတယ် သူငယ်ချင်းတို့။

ဦး-ထင်။ ။ နို့-သူငယ်ချင်း တို့ ပြန်အုန်းမယ်နော်၊ ချမ်းချမ်းသာသာ ယှိပါစေဆိုဒါ နေ့စဉ် မေတ္တာပို့မဟေ့။

ရွှေ။ ။ အေးကွယ် ပြန်ကြပေအုန်းတော့ သူငယ်ချင်းတို့။ ငါလဲရန်ကုန်သို့ ရောက်လျှင် လေးဆူဓာတ်ပုံတိဂုံဆံတော်ရှင်ဘုရား ကြီးကို ပူဇော်ကြည်ညိုလျက် မင်းတို့ ကျန်းမာ ချမ်းသာရန် ဆု တောင်း မေတ္တာ မပြတ်ပို့ပါမယ်ကွယ်။

* * *

နောက်တညတွင် မှူးဟောင်းမတ်ဟောင်းတို့သည် တိုင်ပင်၍ ဝန်ကြီး ဦးကျော်ရွှေအိမ်သို့ သွားရောက်ကြလေ၏။

ရွှေ။ ။ အော်-ဝန်မင်းများလား၊ ကြွကြပါ-ကြွကြပါ၊ အေးအေး ထိုင်တော်မူကြပါ၊ လက်ဖက်-လက်ဖက်ရေ သုံးဆောင်တော်မူကြပါ။

ဝန်များ။ ။ ဝန်ကြီးမင်း မည်သည့်ရက်တွင် စုန်ရမည်လဲ။

ရွှေ။ ။ ကျွန်ုပ် နက်ဖြန်နက် စုန်ရပါတော့မယ် ဝန်မင်းတို့။

ဝန်များ။ ။ ကျွန်ုပ်တို့က တိဂုံဆံတော်ရှင်ဘုရားကြီးကို လှူဒါန်းပူဇော်ရန် ရွှေဆိုင်း ဖရောင်းတိုင်များ ဖြစ်ပါတယ်၊ ဆောင်ကြဉ်းသွားပါမည့် အကြောင်းပါ၊ ဝန်ကြီးမင်း အလိုအတိုင်း သုံးစွဲးရန် သကာအိုး၊ ထောပတ်အိုး၊ ပုန်းရေကြီးအိုး၊ ထမ်းလျက်အိုး၊ မသကာအိုး၊ ထောပေးအိုး၊ ပျားရေအိုး၊ ဆီအိုး၊ ကရေကရာအိုး၊ ထိုးမုန့်အိုး၊ လက်ဖက်စိုထုပ်၊ လက်ဖက်ခြောက်ထုပ်များပါ ဝန်ကြီးမင်း။

ဝန်များ။ ။ သာခုဗျာ-သာခု-သာခု၊ ကျွန်ုပ်တို့ ဆောင်ယွက်ရန် အကြောင်းရှိခဲ့ပါသော် ဘယ်အခါမဆို စာပို့ပါ။ အရေးကြီးယင် လူစေလွှတ်ပါ ဝန်ကြီးမင်း၊ တသွေးတည်းကဲ့သို့ အမြဲမှတ်စေချင်ပါသည်။

ရွှေ။ ။ အထူးပြောဆိုရန်မယို ဝန်မင်းများကဲ့သို့ သဘောထားလျက် ဖြစ်ပါတယ်။ အမျက်ဆိုဒါ နေရာတိုင်း သုံးစွဲရသည်မဟုတ်ပါ ဝန်မင်းတို့။

ဝန်များ။ ။ ကောင်းလှပါပီဝန်မင်း၊ နို့-ကျွန်ုပ်တို့ ပြန်ရန်အခွင့်ပြုတော်မူရန်။

ရွှေ။ ။ ကောင်းပါပြီ ဝန်မင်းတို့ ကြွတော်မူကြပေတော့နေ-ချမ်းသာကြပါစေဗျာ။

## ရန်ကုန်မြို့သို့ စုန်ဆင်းခြင်း

နောက်တနေ့နံနက်အချိန်တွင် ဝန်ကြီးမင်းဦးကျော်ရွှေသည်လှေတော်သို့ ပစ္စည်းများ တင်ခဲ့ပြီးသော် ရန်ကုန်သို့ စုန်ဆင်းလာ

လေသည်။ ရန်ကုန်သို့ရောက်သည်အခါ မြို့သူကြီး ရွာသူကြီး ပဲ့နင်း ကင်းအုပ်တို့ကို ဆင့်ခေါ်လေသည်။ ဤအခါ မင်္ဂလာဒုန် မြို့သူကြီးကိုလည်း ဝန်ကြီးကျက ဆင့်ခေါ်သည်ဟူ၍ သီးခြား ခေါ်လေသည်။

မင်္ဂလာဒုန်မြို့သူကြီးလည်း အမိန့်တော်စာအရ သားမယား များကို ခေါ်၍ ပြောပြသည်မှာ မင်းတို့တွင်ယိုတဲ့ ပစ္စည်းများနှင့် သင့်လျော်အောင် စားသောက်နေထိုင်ရစ်ကြပေတော့၊ ငါသည် မနေရဘူး၊ ရန်ကုန်ဝန်ကြီး ကွပ်မျက်သည်ကို ခံရတော့မည်ဟု ပြောလေ၏။

သားမယားများလည်း ပူပန်ခြင်း ပြင်းထန်စွာ ဖြစ်ကြလေ၏။ ခေါ်တော်မူသည့်အတိုင်း မင်းစေလုလင်နဲ့အတူ မင်္ဂလာဒုန်မြို့ သူကြီးသည် ရန်ကုန်ဝန်ကြီး ဦးကျော်ရွှေထံသို့ သွားရလေ သည်။

မြို့သူကြီး ရွာသူကြီး ပဲ့နင်း ကင်းအုပ်တို့ စုံညီ ဗိုလ်ရှုခံတွင် ရန်ကုန်ဝန်ကြီးက မြို့နယ်ရွာ အုပ်ချုပ်ရေးဆင်းရဲသား ကျွန် တော်မျိုးတို့ လုပ်ကိုင်၍ ကောင်းမွန်စွာ အသက်မွေးကြသော အရေး၊ သာသနာတော်ရေး၊ ဘုရား ဂူကျောင်း၊ တန်ဆောင်း ဇရပ် ရေတွင်း ရေကန် တံတား ဟောင်းနွမ်းပျက်စီးသော အရာ များကို အသစ်ထပ်မံပြုပြင် တည်လုပ်ရန်အရေး စသည်များကို ပြုစုယွက်ဆောင်ကြရန် ဘုန်းတော်ကြီးဘုရား အမိန့်တော်မြတ် အတိုင်း ညွှန်ပြပြောဆို အမိန့်ပေးလေ၏။

ဗိုလ်ရှုခံလာရောက်ကြသော အရာယှိအပေါင်းတို့သည်လည်း အမိန့်တော်မြတ်အတိုင်း ဦးလည်မသုန် အမှုတော်ကို ရိုသေစွာ ထမ်းယွက်ကြပါမည့်အကြောင်းကို လျှောက်ထားကြလေ၏။

ရန်ကုန်ဝန်ကြီးမင်းက ဗိုလ်ရှုခံ လာရောက်ကြသောအရာယှိအပေါင်းတို့ကို အထိုက်အလျောက် ဆုလပ်လက်ဆောင်များကို သံဝိဘာဂအတိုင်း ပေးသနားတော်မူပြီးမှ ထပ်မံ မိန့်တော်မူပြန်သည်မှာ အသျှင်အမှူးတော်ထမ်း အရာယှိအပေါင်းတို့၊ ငါသည်ဘုန်းတော်ကြီး ဘုရားအမိန့်တော်နှင့် ခေါ်တော်မူသောကြောင့်ရွှေဘွားတော်အောက်သို့ ဆန်တက်ရာ ဤမဂ်လာဒုန် မြို့သူကြီးသည်ကား သင်းကျေးဇူး ငါ့မှာယှိသဖြင့် ရာထူးကြီးမြင့်တိုးတက်ပေးရန်ငှင်း၊ ဘုန်းတော်ကြီးဘုရား ရွှေမျက်နှာတော်ကို ဖူးမျှော်စေရန်ငှင်း၊ ငါကြံစည်ရင်းယှိ၍ သင်းကို ရှေ့တော်သွင်းပြီးလျှင်သံတော်ဦးတင်ရန် ငါခေါ်ရာ ဝန်ကျဖြစ်သူကခေါ်၍ ငါမလာဘူးဟု သူငါ့ကိုဆိုလိုက်သည်။

သင်းသည် ငါ၏အကြောင်းကို အလုံးစုံ အဆုံးတိုင်မသိ၊ ရာဇဝတ်ရှိ၍ ခေါ်တော်မူသည်ဟု ကြားလျှင်ပင် ငါ့ကို ဝန်ကြီးရာထူးမှ ကျပြီဟု အထင်နှင့် ပမာမထား ဝန်ကျခေါ်သည်ဟုပြောဆိုခြင်းသည် ငါ့နားနှိုက် အနိဋ္ဌဖလ ဖြစ်ချေသည်။ သို့လိုအကြောင်းကို ကောင်းစွာမသိ စုံစမ်းထောက်လှမ်းခြင်းအမှုကိုမပြုမလုပ်ပဲနှင့် ငါ့ကို ရန်သူကဲ့သို့ အလေးမပြု ပြောဆိုသောသူတယောက်ဖြစ်သည့်အတိုင်း သင်းကို အဆုံးစီရင်ရမည်။ သင်းသားမယားရှိသည်တို့ကို ဆိုင်ရာရွာသူကြီးက ချမ်းသာစွာ စားသောက်နေထိုင်ရန် စောင့်ရှောက်စေရမည်ဟု နှုတ်အာဏာဖြင့်ခြိမ်းချောက်တော်မူလျှင် မဂ်လာဒုန်မြို့သူကြီးသည် သေရမည်ကိုကြောက်ရွံ့သဖြင့် များစွာငိုကြွေးလေ၏။ ဗိုလ်ရှုခံနှိုက် ဝုန်းချောစာ ဆက်သွင်းသော အရာယှိတို့သည်လည်း ကြောက်ရွံ့ တုံလှုပ်ခြင်း ယှိကြလေသည်။

နောက် ရန်ကုန်ဝန်ကြီးမင်းက အရာယှိအပေါင်းတို့ နှုတ်ကြောင့်သော၊ လက်ကြောင့်ကြေ ဆိုသော သူဟောင်းစကား ယှိချေသည်။ ဘယ်အရာမျိုးမဆို အကြောင်းယှိသည်ကို အစအဆုံး အကုန်အစင် ဒိဋ္ဌမသိသမျှ ကာလပတ်လုံး နှုတ်ထွက်မဆိုးကြလေနှင့်။ နှုတ်ထွက်ဆိုးခြင်းသည် ဒေါသ၏ စေခိုင်းရာကို ခံသည်နှင့်တူသည်။ ကိုယ်နှုက်ယှိသောဒေါသသည် မိမိ၏ ကိုယ်နှင့်ဥစ္စာကိုသာ ထိခိုက်ပျက်စီးကြောင်းဖြစ်ချေသည်။ လောဘ-ဒေါသ-မောဟ ထိုတရားသုံးပါးသည် အတွင်းမီးနှင့် တူချေသည်။ လောကနှုက် လွတ်နိုင်ကြသည်မဟုတ်ပုထုဇ္ဇန်ဂတိဖြစ်ကြသည်။ သို့ကြောင့် ၎င်း မီးသုံးပါးကို ကြပ်ကြပ်သတိထား၍ ရှောင်ကြဉ်ကြရမည်။ ထို တရားသုံးပါးကို အမှီပြုသောသူသည် ကိုယ့်အသက်နှင့် တကွ ပစ္စည်းကိုပါ ပျက်စီးဆုတ်ယုတ်ရာသော မကောင်းကျိုး ပေးတတ် သောကြောင့် ကြိုးစားပီး သတိပြု၍ ရှောင်ကြဉ်ကြပါ။ အရာယှိ အပေါင်းတို့ဟု မိန့်တော်မူလျှင် အရာယှိအပေါင်းတို့က ကောင်း ခြီးသာဓု ခေါ်ကြလေ၏။

ဝန်ကြီးမင်း။ ။ အရာယှိအပေါင်းတို့ ကတညုတ ကတဝေဒီ တရားလမ်းကြောင်း ယှိချေသည်။ ကျေးဇူးယှိမှ ကျေးစွတ်သော စကားထုံးဟောင်းကို မလိုက်ကြရ၊ ကျေးဇူးရှင်မှန်း သိမှ သူ၏ကျေးဇူးကို ဆပ်နိုင်မှ သိနိုင်မှ လူသူတော်ကောင်းဟု ခေါ်ရချေမည်။ မသိသောသူတို့သည် ခွေးတိရစ္ဆာန်၏ နောက်လိုက်မျှသာ ဖြစ်ချေသည်။ သို့ကြောင့် မင်္ဂလာဒုန်မြို့သူကြီး၏ ကျေးဇူးငါနှုက်ယှိသောကြောင့် ဒေါသအလျောက် အပြစ်ပေးခြင်းကို ပုထုဇ္ဇန်

ဖြစ်၍ အမှားဘက် ဒေါသနောက်လိုက် ငါဖြစ်ချေသည်။ ကျေးဇူးရှင်ကို မပြစ်မှားထိုက်ဖြစ်သောကြောင့် မင်္ဂလာဒုန်မြို့သူကြီး အသက်သေဘေးမှ ကင်းလွတ်စေ၊ ၎င်းနှိုက် အယွယ်ရောက်သောသားတယောက်ယှိကြောင်း အထက်က စာရင်းတင်သွင်းထားချက်အရ ငါ့ထံသို့ ပို့အပ်ရမည်၊ ငါခိုင်းစေသုံးတော်မူမည်၊ သင်း၏အရည်အချင်းအလျောက် ငါ ချီးမြှောက်တော်မူမည်ဟု မိန့်တော်မူလေလျှင် အရာယှိအပေါင်းတို့ ကောင်းချီးသာခုခေါ်ကြလေ၏။

အဝေးအနီး မြို့သူကြီး ရွာသူကြီး ပဲ့နင်း ကင်းအုပ် အမှုထမ်းတို့ သူတပါး၏ ကျေးဇူးကို မမေ့ကြနှင့် အတွင်းမီးသုံးပါးကို ရှောင်ကြရမည်။ အဆိုးအကောင်း အကျိုးအကြောင်းကို အစအဆုံး အလုံးစုံဒိဋ္ဌ မသိပဲနှင့် ချီးမွမ်းခြင်း ကဲ့ရဲ့ရှုတ်ချခြင်း ဝစီကံကို မကြူးမလွန်ကြနှင့် ကြပ်ကြပ်သတိပြု၍ ရှောင်ကြဉ်ကြပါလေ။ ကိုင်း ဆံတော်ရှင်စေတီတော်မြတ်ကို ဖူးမျှော် ကြည်ညို၍ ပြန်ကြပေတော့ဟု မိန့်တော်မူလေ၏။

အရာယှိ အမှုထမ်းတို့လည်း ရန်ကုန်ဝန်ကြီး အမိန့်အတိုင်း နာခံ၍ မိမိတို့မြို့နယ်သို့ ပြန်ရောက် ကောင်းစွာ စောင့်ရှောက်အုပ်ထိန်းလျက် အမှုတော်ကို ရိုသေစွာ ထမ်းဆောင်နေထိုင်လျက် ယှိကြလေ၏။

ဒလ မြို့သူကြီးကိုလည်း တွတ္တပတ် ဉယျာဉ်တော်ကို ကောင်းစွာ ကြည့်ရှုစောင့်ရှောက်၍ အသီးကို ရွှေဘွားတော် အောက်သို့ ဆက်သရန် ဉယျာဉ်တော်အုပ်၊ ဉယျာဉ်တော်မှူးတို့ကို ဆင့်ဆိုစီမံရန် အမိန့်ပေးတော်မူသည်။

ဖြစ်၍ အမှားဘက် ဒေါသနောက်လိုက် ငါဖြစ်ချေသည်။ ကျေးဇူးရှင်ကို မပြစ်မှားထိုက်ဖြစ်သောကြောင့် မင်္ဂလာဒုန်မြို့သူကြီးအသက်သေဘေးမှ ကင်းလွတ်စေ၊ ၎င်းနှိုက် အယွယ်ရောက်သောသားတယောက်ယှိကြောင်း အထက်က စာရင်းတင်သွင်းထားချက်အရ ငါ့ထံသို့ ပို့အပ်ရမည်၊ ငါခိုင်းစေသုံးတော်မူမည်၊ သင်း၏အရည်အချင်းအလျောက် ငါ ချီးမြှောက်တော်မူမည်ဟု မိန့်တော်မူလေလျှင် အရာယှိအပေါင်းတို့ ကောင်းချီးသာခုခေါ်ကြလေ၏။

အဝေးအနီး မြို့သူကြီး ရွာသူကြီး ပဲ့နင်း ကင်းအုပ် အမှုထမ်းတို့ သူတပါး၏ ကျေးဇူးကို မမေ့ကြနှင့် အတွင်းမီးသုံးပါးကို ရှောင်ကြရမည်။ အဆိုးအကောင်း အကျိုးအကြောင်းကို အစအဆုံး အလုံးစုံဒိဋ္ဌ မသိပဲနှင့် ချီးမွမ်းခြင်း ကဲ့ရဲ့ရှုတ်ချခြင်းဝစီကံကို မကြူးမလွန်ကြနှင့် ကြပ်ကြပ်သတိပြု၍ ရှောင်ကြဉ်ကြပါလေ။ ကိုင်း ဆံတော်ရှင်စေတီတော်မြတ်ကို ဖူးမျှော် ကြည်ညို၍ ပြန်ကြပေတော့ဟု မိန့်တော်မူလေ၏။

အရာယှိ အမှုထမ်းတို့လည်း ရန်ကုန်ဝန်ကြီး အမိန့်အတိုင်းနာခံ၍ မိမိတို့မြို့နယ်သို့ ပြန်ရောက် ကောင်းစွာ စောင့်ရှောက်အုပ်ထိန်းလျက် အမှုတော်ကို ရှိသေစွာ ထမ်းဆောင်နေထိုင်လျက်ယှိကြလေ၏။

ဒလ မြို့သူကြီးကိုလည်း တွတ္တပတ် ဥယျာဉ်တော်ကို ကောင်းစွာ ကြည့်ရှုစောင့်ရှောက်၍ အသီးကို ရွှေဘွားတော် အောက်သို့ဆက်သရန် ဥယျာဉ်တော်အုပ်၊ ဥယျာဉ်တော်မှူးတို့ကို ဆင့်ဆိုစီမံရန် အမိန့်ပေးတော်မူသည်။

ဘောဇဉ်များ လုံလောက်စွာ ထောက်ပံ့လှူဒါန်း ကျွေးမွေးခြင်း၊ ပွဲလမ်းသဘင် ကျင်းပခြင်း၊ မီးပန်းပွဲ ကျင်းပခြင်း၊ မြင်းပွဲ-ကျွဲပွဲ-နွားပွဲ၊ လူပြေးပွဲ၊ လက်ဝှေ့ပွဲများကို ကျင်းပခြင်းစသော ပျော်ရွှင်ပွဲ အမျိုးမျိုးတို့ကို အစဉ်အလာ ရှိသည်အတိုင်း မပျက်မကွက် ကျင်းပရန် အမိန့်ပေးတော်မူသည်။

ဥက္ကလာပ မင်းကြီးသည် မြတ်စွာဘုရားရှင်၏ အနိမ္မိတဆံတော်ပွားတည်ရာ မော်ပီ ကျိုက်တင်းစေတီတော်ကို ပြုပြင်ရန် မော်ပီအရှင်ကြီး နတ်နန်းကို ကောင်းစွာ ကြည့်ရှု စောင့်ရှောက်၏။ အစဉ်မပြတ် နတ်နန်းကို ဝါဝင်ဝါကျွတ် ကန်တော့ ပူဇော်ပွဲ နှစ်စဉ်မပြတ် ကျင်းပပူဇော်ကြရန်များကို မော်ပီမြို့သူကြီးကို အမိန့်ပေးတော်မူသည်။

သီဟဒီပကျွန်း သံလျင်မြို့ သူကြီးကိုလည်း မြတ်စွာဘုရားဆံတော် ကိန်းဝပ်တော်မူသော ရှင်ပင်ကျိုက်ခေါက် စေတီတော်ကို နှစ်စဉ်ကျင်းပမြဲ ပွဲတော်ရက်အတိုင်း ကျင်းပပူဇော်၍ ထပ်မံပြုပြင်ရန်အမိန့်ပေးတော်မူသည်။ မီးပြကင်း၊ သီလဝါကင်း၊ မနေတ်ကင်းစောင့်၊ ကင်းအုပ်တို့က သင်းဘော အဝင်ကို မပြတ်ကြည့်ရှု စောင့်ရှောက် စစ်ဆေး အစီရင်ခံရန် အမိန့်ပေးတော်မူသည်။

ထိုအခါ ခရိုင် မြို့နယ်အတွင်း၌ နေထိုင်ကြကုန်သော ဆင်းရဲသား ကျွန်တော်မျိုးတို့သည် ရေချမ်းအိုးကို ဖက်ရဘိသကဲ့သို့ ဝမ်းမြောက် စိတ်ကြည်စွာ ယိုကြလေ၏။ ကာလကောင်းသော်

မိကျောင်းပေါ်သို့ ဟု သျှင်အဂ္ဂသမာဓိ စပ်ဆိုတော်မူချက် အရ မြို့နယ်ကျေးရွာ စည်ပင် အေးချမ်းသာယာခြင်း၊ ဆင်းရဲသား တို့ ကိုယ်စိတ် ၂-ပါး ချမ်းသာလျက် ယိုကြသောကြောင့် သူခိုး သူဝှက်၊ ဒါးပြ၊ ကျွဲနွားပြန်ပေး၊ လူပြန်ပေးမှု မဖြစ်ပွား မပေါ် ပေါက်ခြင်း၊ အထူးထူး အထွေထွေ ရောဂါဥပါဒ် မရှိခြင်း၊ မပူ မပင်ရခြင်း စသည်တို့အတွက် အုပ်ချုပ်သောမင်းကို ပြည်သူဆင်း ရဲသားတို့က ကျေးဇူးတင်သော အားဖြင့် နေ့စဉ်မပြတ် ဆု တောင်း မင်္ဂလာပြု၍ ကောင်းကြီး သာမု ခေါ်ကြကုန် သတည်း။

အစိုးရသော မင်းတို့သည် ပဂ္ဂဟ နိဂ္ဂဟ ၂-ပါး ယှိသည်တွင် နှိပ်သင့်သောသူကို မထမကြွနိုင်အောင် နှိပ်ကွပ်သုတ်သင်ရသည်။ မြှင့်သင့်သောသူကို အရည်အချင်းအလျောက် ထိုက်တန်အောင် ချီးမြှောက်ရသည်။ ရာထူးအာဏာ တိုးတက်ချီးမြှောက်ပေးခြင်း သည် ချီးမြှောက်ခြင်း မမည်၊ ရာထူးအာဏာအလိုက် လခရိက္ခာ တော် တိုးတက် ချီးမြှောက် ပေးမှသာလျှင် ချီးမြှောက်ရာ မည် ချေသည်။

မိမိသဘောကျသူကို အရည်အချင်း မယှိပဲလျက် ချီးမြှောက် ခြင်းသည်ကား မတရား ချီးမြှောက်ခြင်းသာ မည်ချေသည်။ နူတ် က မေတ္တာယှိယောင် ချစ်ယောင်ပြု၍ ပြောဆိုသော ပရိယာယ် တို့သည် နောက်ဆုံးကျလျှင် မိမိကို သူတပါး မေတ္တာမဲ့သော ဆေး မုန်းသော ဆေးကို မိမိဖော်၍ သုံးစွဲသည်နှင့် တူချေသည်။

မိမိ မယှိပချေသော် မြို့နယ် ကျေးရွာ ဆင်းရဲသား အပေါင်း တို့ တောင့်တလျက် ယှိနေကြရအောင် စီမံ ဆောင်ယွက်တော်

မူကြမှသာလျှင် လူနတ် သာစု ခေါ်ခြင်းကို ခံရသဖြင့် မိမိဂုဏ် သတင်းယန့်သည် အခေါ်နရက် ပေါ်ဘဝင်သို့ ပြန်နှံ့ပြေးသွား လျက် မွေးမွေး ကြိုင်ကြိုင် လှိုင်လှိုင် ထုံထုံ ကမ္ဘာပတ်လုံး မဆုံး မချင်း ထင်လင်းယွန့်လန်း ဥဒါန်းမကြေ တည်တွန်းခြင်း ယှိလေ အောင် နှလုံးသွင်းကြရန် ဖြစ်ပေသတည်း၊ ဖြစ်ကြပါစေခလို၊ တရုပ် ဝက်မွေးသော အလုပ်မျိုးနှင့် တူအောင် မကျင့်ကြလေနှင့် ဟူလိုသော်။ ။

ဤကား ပညာယှိကြီးတို့ သတိချပ် စဉ်းစားဘွယ်ရာ ဖြစ်ချေ ညေ့ရှင့်။

## ဗိုးတော်ဘုရားနှင့် အမတ်ကြီး ဦးပေါ်ဦး အမေးအဖြေ

အခါတပါးသော် ဗိုးတော်မင်းတြားကြီးက မိန့်တော်မူသည် မှာ ပေါ်ဦးရယ် ငါတို့ဂေါတမမြတ်စွာဘုရားသည် ဟိန္ဒူ လူ မျိုးဟုငါထင်သည်။ ဘာကြောင့်လဲဆိုတော့ ငါတို့သည် သကျ သာကီဝင်မင်းမျိုးမှ ဆင်းသက်လှာသည်ဖြစ်၍ အိမ်သာတော် ကိုတက်သောအခါ ရေနှင့်သုတ်သင်ရသည်။ ကျောက်စီ ခြေနင်း တော်သည်လည်း ဟိန္ဒူလူမျိုးတို့စီးတဲ့ ခြေနင်းမျိုးပဲမောင်မင်း။ မြတ်စွာဘုရားရှင်သည် သကျ သာကီဝင်မျိုးပင် ဆိုသော်လည်း မြတ်သော ဟိန္ဒူလူမျိုးဖြစ်သည်ဟု ငါထင်တော်မူသည်။ ၎င်းပြင် ငါတို့တရံတခါ ငှက်ပျော်ရွက်နှင့် ပွဲတော်တည်သည်ကို ဖက်စိန်း

လင်ပန်း မနောလင်ပန်းဟု ခေါ်ရသည်။ ဟိန္ဒူများလဲ ၎က်ပျော ရွက်ခင်း၍ စားသောက်ကြသည်။ ငါတို့ မင်းများသုံးစွဲသော အဆောင်အယောင်တို့တွင် ဟိန္ဒူလူမျိုးတို့ အသုံးအဆောင် ပါဝင်လျက်ဖြစ်၍ ဂေါတမဘုရားသည် ဟိန္ဒူလူမျိုးလို့ ငါဆိုချင်သည် ပေါ်ဦးရယ်။

ဦး။ ။ ဖုန်းတော်ကြောင့် အရှင် ထင်တော်မူရာမှာ ထင်တော်မူတဲ့အတိုင်းပါဘုရား။ သို့သော် ကျွန်တော်မျိုး လျှောက်ထားလိုသည်မှာ သိဒ္ဓတ္ထမင်းသားသည် နိမိတ်ကြီး ၄ ပါးကို မြင်တော်မူ၍ တောထွက်တော်မူသည့်အခါ မြင်းမြီးဆွဲ မောင်ဆန် အမတ် လိုက်ပါသွားရပါသည်။ အနော်မာမြစ်သို့ရောက်၍ ဆံတော်ပယ်ပြီးလျှင် ရဟန်းပြုတော်မူပါသည်။ ဤအခါ အမတ်မောင်ဆန်သို့ ဝတ်ဆင်သော မင်းမြောက်တန်းဆာများကို လုံးရေချုပ်ပြားနှင့်တကွ ယသော်ဓိမ္ဗာဒေဝီကို ဆက်လေဟု အပ်လိုက်ပါသည်။ အမတ်မောင်ဆန်လဲ ဝမ်းနဲးပက်လက် ငိုယိုခါနှင့် ပြန်လာရာ နန်းတော်သို့ရောက်၍ ယသော်ဓယာအဆောင်သို့ ဝင်ပြီးလျှင် အကျိုးအကြောင်းလျှောက်ထား၍ မောင်ဆန်အမတ် ဆက်သသော မင်းမြောက်တန်းဆာ စရင်းပါကို တခုစီ တခုစီ ဆက်သောအခါ နားသန်သီး မပါ ကြောင်းပါဘုရား။

ဖိုး။ ။ အင်း-ဟုတ်ပေတယ် မောင်မင်း။ ဟိန္ဒူများမတော့ နားသန်သီးယှိပေတယ်။

ဦး။ ။ သည်အကြောင်းကိုရည်၍ ကဗျာစာဆိုဆရာတို့ သိကုံးစပ်ဆိုထားကြပါဘုရား။

ဖိုး။ ။ ဘယ်လိုများ စပ်ဆိုထားကြပါသလဲ မောင်မင်း။

ဦး။ ။ မယ်ယသော်ထုံးတဲ့ ရွှေယောင် ဆီမပါပဲနဲ့သူပြောင်။ ဟု စပ်ဆိုကြပါသည်။ မယ်ယသော်ထုံးတဲ့ ဦးစွန်းဖုတ်လို့ ကဗျာ ဆရာတို့က မစပ်ဆိုကြပါကြောင်းပါဘုရား။

ဖိုး။ ။ ဟုတ်ပေတယ် မောင်မင်းဟု ဆို၍ ပြုံးတော်မူလျက် အတွင်းဆောင်သို့ ဝင်တော်မူလေ၏။

× × × × × ×

တနေ့သောအခါနှိုက် ဖိုးတော်မင်းတြားကြီးက ပေါ်ဦးရယ် ငါစဉ်းစားကြည့်တယ် ငါတို့ ဂေါတမမြတ်စွာဘုရားသည် သုမေ ဓာတဝက ဒီပင်္ကရာမြတ်စွာဘုရားခြေတော်ရင်း၌ နိယတဗျာဒိတ် ပန်းကို ပန်ဆင်ရသဖြင့် ဘုရားဖြစ်ရန် ပါရမီတော် ဖြည့်ကျင့် တော်မူခြင်းနှိုက် အသွေးတော် အသားတော် မျက်လုံးတော် များကို လှူတော်မူခဲ့သည်။ နောက်ဆုံး ဝေဿန္တရာမင်းကြီးဖြစ် စဉ်က ဆင်ဖြူတော် ရထားတော် သားတော် သမီးတော် မိဖု ရားတော်ကိုပါ လှူတော်မူသည်။ တစုံတရာ သနားငဲ့ကွက်ခြင်း မယှိ ဘုရားဖြစ်လိုသောဆန္ဒတော်သာယှိပေတယ်။

နောက် သိဒ္ဓတ္ထကုမာရဖြစ်တော်မူတဲ့အခါ သားမယားနဲ့ တ ကွ ထီးနန်း စည်းစိမ်တော်ကြီးကို စွန့်ပစ်၍ တောထွက်တော်မူ သည်။ များမကြာမီဆိုပါတော့ ဘုရားဖြစ်တော်မူ၍ ဗောဓိပင် နှင့် ရွှေပလ္လင်ရသောအခါ မာရ်နတ်ရန်ကို အောင်တော်မူ၍ ပလ္လင်ထက်ဝယ် ၇-ရက်နေတော်မူပြီးမှ ပလ္လင်ပေါ်မှသက်တော် မူ၍ ပလ္လင်တော်ကို မျက်စိတော်ဖြင့် မျက်တောင်မခပ်ပဲ့ စိန်း စိန်းကြည့်တော်မူသည်မှာ ၇-ရက်ဖြစ်သည်။

ငှင်း ပလ္လင်တော်ကို ၇-ရက်တိုင်တိုင် ကြည့်တော်မူခြင်းသည် ထိုပလ္လင်ကို နှမြောနှစ်သက်သောကြောင့် ကြည့်တော်မူသည် ဖြစ်မလား။ အကယ်၍ နှမြောအံ့ နစဉ်အခါတုန်းက အံ့ဩဖွယ်အလှူများကိုတောင် လှူခဲ့ပါလျက် ဘုရားဖြစ်တော်မူမှသည်ပလ္လင်လေးကို စုံမက်နှစ်သက်ဖြစ်ရမည်မဟုတ်။ နှစ်သက်ခြင်းမဟုတ်ပါလျှင် ဘာဖြစ်လို့ ၇-ရက်တိုင်တိုင် ကြည့်တော်မူသနည်းဟု မေးတော်မူလေ၏။

ဦးပေါ်ဦးလည်း ဤမေးတော်မူချက်ကို ရုတ်ချည်းပြန်ဖြေရန် ဉာဏ်မပေါ်ခဲးယဉ်းသောကြောင့် မှန်ပါ၊ ဤမေးတော်မူချက်ကို နောက် ၃-ရက်ယှိမှ တင်လျှောက်နိုင်ပါမည့်အကြောင်းနှင့် လျှောက်ထားလေ၏။

ဖိုး။ ။ ကောင်းပီ မောင်မင်းဟု မိန့်တော်မူ၍ အတွင်းတော်သို့ ဝင်တော်မူလေ၏။

× × ×

ထင်။ ။ ဘယ့်နှယ်လဲး မွန်းပေါ်ဦး၊ ခါတိုင်းဖြင့် မေးတော်မူလျှင် မဆိုင်းမတွ ချက်ခြင်း ကြံဖန်တင်တော်မူပေတယ်။ ယခုအမေးမှာ ၃-ရက်အခွင့်တောင်းရဒါ ဉာဏ်တွေ ဘယ်ကိုရောက်ကုန်သလဲးကွဲ့။

ဦး။ ။ မေးတော်မူဒါက ဘုရားရှင်အတွက် မို့ ကျမ်းဂန်နှင့်ညီအောင် တင်ရပေမယ်ကွဲ့၊ ကိုယ်ထင်ဒါလျှောက်ဖို့ တော်တဲ့အမေးမျိုးမဟုတ်ဘူးကွဲ့။ သည်နေရာမှာ ပေါ်ဦးဉာဏ်မမှီဘူး သူငယ်ချင်း။

ထင်။ ။ အေး-ဉာဏ်ပေါ်အောင် ဝီရိယစိုက်ပေအုန်းတော့ သူငယ်ချင်းဟုဆို၍ နန်းတော်မှပြန်ကြလေ၏။

ဦးပေါ်ဦးသည် အင်းဝမြို့ ကြိုးတန်းရပ်နှိုက် ကြိုးကျစ်စားနေရသော ဆရာကြီးဦးပုညာထံ သွားရောက်၍ ပဆိုးအင်္ကျီ ခေါင်းပေါင်းဖြူတအုပ် ကလာပ်ပေါ်တွင်တင်လျက် ကန်တော့ပြီးလျှင် မေးမြန်းသောအခါ ဆရာကြီးက ဘုရားသျှင်တို့ ဧည့်ဓမ္မတာယှိသည်ကို ပြောပြလိုက်သည်အတိုင်း မှတ်သွား၍ ပြန်လာလေ၏။

× × × ×

သုံးရက်မြောက်သောနေ့နှိုက် နံနက်ညီလာခံဝင်ကြရာ ဖိုးတော်မင်းတြားက ဟဲ့-ပေါ်ဦး ယမန်နေ့က ငါမေးတော်မူသည်ကို မောင်မင်း ဖြေဆိုနိုင်ပါသလား။

ဦး။ ။ မှန်ပါ-ဖြေဆိုနိုင်ပါကြောင်းပါဘုရား။

ဖိုး။ ။ ဖြေနိုင်လျှင် ဖြေစမ်း။

ဦး။ ။ မှန်ပါ-ဘုရားသျှင်တို့မည်သည် ရှေးရှေးတုန်းက ပွင့်တော်မူပြီးကုန်သော နောင်တော်ဘုရားသျှင်တို့ ဧည့်ထုံးကို နှလုံးပိုက်လိုက်တော်မူ၍ ဓမ္မတာအစဉ်ယှိသည်အတိုင်း ၄၉-ရက်စေ့အောင် ၇-ရက်နေမြဲ ကြည့်မြဲ ဖြစ်ပါကြောင်းပါဘုရား။ သို့မှ ကျင့်စဉ် သတ္တဋ္ဌာနနှင့် ၄၉-ရက်ကိုက်တော်မူပါသည်ဘုရား။

ဖိုး။ ။ ပေါ်ဦး မောင်မင်းတင်လျှောက်သော အချက်သည် မောင်မင်းဉာဏ်မဟုတ် မောင်မင်းမှာ ဆရာယှိမည်။ ဘယ်ဆရာထံက သည်ဉာဏ်ကို ရယှိကြောင်း မှန်မှန် သံတော်ဦးတင်စမ်း။

ဦး။ ။ မှန်ရာကို လျှောက်ရမှာဖြင့် အင်းဝမြို့ ကြိုးတန်းရပ်နှိုက် ကြိုးကျစ်၍ အသက်မွေးရှာသော ဆရာကြီး ဦးပညာထံ သွား၍ မေးမြန်းနည်းနာခံယူရပါကြောင်းပါဘုရား။

ဖိုး။ ။ အောင်မယ် သည်ဆရာကြီးဟာ ကြိုးကျစ်၍ စားသောက်နေရဒါ လျှင်အတော်ဆင်းရဲမှတ်တယ် မောင်မင်း။

ဦး။ ။ အလွန်မှ ဆင်းရဲနေပါ ကြောင်းပါဘုရား၊ ကျွန်တော်မျိုးက ဝတ်စုံများနှင့် စားသောက်ရန် ကန်တော့ရပါကြောင်းပါဘုရား။

ဖိုး။ ။ သည် ဆရာကြီးကိုခေါ်၍ ရွှေတော် သွင်းရမည် မောင်မင်းဟု မိန့်တော်မူပြီးသော် ညီလာခံစဲးလေ၏။

ဦးပေါ်ဦးလည်း အင်းဝမြို့ ဆရာကြီးကို သွား၍ခေါ်ပြီးလျှင် နောက်တနေ့ ရွှေတော်သို့သွင်းလေ၏။

ဖိုး။ ။ ဆရာကြီး၊ ကျွန်ုပ်ထင်ယှားယှိပါလျက် သို့လို အဆင်းရဲခံ၍နေရပါသလဲ၊ ကျွန်ုပ်သိအောင် ရွှေနားတော်မှ မကြားမလျှောက်ပဲ အဆင်းရဲခံနေသည်မှာ အဲ့ဩဖွယ် ဖြစ်ပေတယ်၊ အတွင်းတော်သို့ ဝင်လိုပါတယ်ဆိုလျှင် မည်သူက တားအုန်းမှာလဲဆရာကြီးရဲ့။

ဆရာကြီး။ ။ မှန်ပါ၊ "ထွက်ဝင်သွားလာ၊ မင်းတံခါးကို၊ မှန်းထားပိုင်သ၊ အခွင့်ရလည်း၊ ကာလဆေးမေး၊ အရေးယူငင်၊

ရှုဆင်ခြင်လျက်"ဟု ရာဇ ဝဿတီခန်းနှိုက် ဖော်ပြထားပါ သောကြောင့် အခွင့်မပေါ် အမှီကောင်းကိုမရသဖြင့် မှောက် တော်သို့ မရောက်နိုင်ပါကြောင်း။ ကြိုးကျစ်၍ ရောင်းချစား သောက်ရသော ဆင်းရဲပင်ပန်းသူ အညတြဖြစ်တော့ အပေါင်း အသင်း မိတ်ဆွေကောင်းကို မတွေ့နိုင် မရနိုင်အောင် ယှိနေရပါ ကြောင်းပါဘုရား။

ဖိုး။ ။ အင်း-ကောင်းပီဆရာကြီး ဤနေ့ကစ၍ ရွှေ့ကို မစိုးရိမ်နှင့်တော့ ဆရာကြီးကို စာတော်ပြင် ဆရာကြီးအရာ ခန့် ထား သူကောင်းပြုတော်မူမည်၊ စာတော်များကို စုံရေ ဆန်ရေ လက်အောက် စာရေးများနှင့် ကြည့်ရှုတိုက်ဆိုင် တည်းဖြတ် ပြင် ဆင်ရမည်။

ဈေးချိုတော်နှိုက် နေ့စဉ်ကောက်ခံ စားသောက်စေဟူသော အမိန့်တော်ကို မှတ်တော်မူပြီးလျှင် ညီလာခံစဲးလေ၏။

ဆရာကြီး ဦးပညာလည်း မိမိသားမယား ဆွေမျိုးသားချင်း များကိုခေါ်၍ အမရပူရမြို့နှိုက် ချထားတော်မူသော ရပ်ကွက် နေရာတွင် နေထိုင်၍ အမှုတော်ကို ထမ်းယွက် ခစားလျက်ယှိလေ သည်။

ဆရာကြီးသည် အမိန့်တော်မြတ်နှင့် နေ့စဉ် ဈေးသူဈေးသား တို့ ဆိုင်နှိုက် သဒ္ဒါကြေး ကောက်ခံ၍ စားသောက်လျက်ဖြစ် သည်။ ဈေးသူဈေးသားများထံမှ နေ့စဉ်ကြေး တစေ့ကျစီ ကောက်ခံစုပေါင်း၍ ရသောကြေးငွေများနှင့် သမ္မုဒ္ဒေဘုရား စေတီတော်၊ အောင်ခြင်းယှစ်ပါးဘုရား စေတီတော်များကို ဈေး

သူချေးသားများ ကောင်းမှုဟူ၍ တောင်သမန်အင်း တောင်မင်းကြီးဘုရား အနောက်ဖက်နိုက် တည်ထားကိုးကွယ်ကြလေသည်။ "ယခုသာသာယာယာ ကြည်ညိုဖွယ် ထင်ယှားလျက် ယိုလေသည်"။

ချေးသူ ချေးသားတို့သည် ထိုဆရာကြီးကို အလွန်ကြည်ညိုကြသဖြင့် ဝါဝင် ဝါကျွတ် နှစ်သစ်ကူးအခါတို့နိုက် အစားအစာအဝတ်အထည်များကို ပဒေသာပင်ပြုလုပ်၍ အမြဲပူဇော် ကန်တော့ကြလေသည်။

တနေ့သောအခါ ဖိုးတော်မင်းတြားက ဟဲ့-ပေါ်ဦး ယခုငါတည်တော်မူသော မင်းကွန်း စေတီတော်ကြီးတွင် ဖော်စပ်သော အက်တေများကို မောင်မင်း မြင်ရဲ့လား၊ များစွာခိုင်ခန့်မြဲမြန်အောင် စနစ်တော်မူတယ် မောင်မင့်။

ဦး။ ။မှန်ပါ-စနစ်တော်မူသော အက်တေများကို ကျွန်တော်မျိုးမြင်၍ စုံစမ်းကြည့်ရာ အလွန် စနစ်ပုံကောင်းပါသည်ဘုရား။ အလွန် မာချော်ပါသည် ဘုရား။ စနစ်တော်မူသောအက်တေခဲကို မှို့တင်၍ သံနှင့်ခပ်လိုက်ယင် မီးပွင့်ထွက်လှာ၍ မှို့မှာ မီးစွဲပါကြောင်း၊ အင်ကြင်း ကျောက်ကဲ့သို့ မာလှပါကြောင်းပါဘုရား။

ဖိုး။ ။ နို့-ငါ၏ ဘေးလောင်းတော် ဖိုးလောင်းတော် ဖြစ်သော အနော်ရထာမင်းစော တည်ထားတော်မူခဲ့သော ပုဂံရွှေစည်းခုံဘုရားက အက်တေနှင့် နှိုင်းယှဉ်သော် ဘယ်စနစ်တော်က မာမည်ထင်သလဲ မောင်မင်း။

ဦး။ ။ မှန်ပါ- ပေါက်ကန် ရွှေစည်းခုံဘုရားက အက်တေသည် ကွာ၍မကျသောကြောင့် အမှန်ကို မလျှောက်ပံ့ဖြစ်ပါကြောင်း။

ဤအခါ ဖိုးတော်မင်းတြားကြီးသည် ပြုံးတော်မူ၍ အတွင်းတော်တို့ ဝင်တော်မူလေ၏။

တနေ့သော် ဖိုးတော်မင်းတြားကြီးသို့ ပုံဏ္ဏားတော်များက သိုက်ဓာတ်ဗေဒင်ကိန်းခန်းအရ ဆယ့်တလနှိုက် ပြိုဟ်စီး ပြိုဟ်နင်းထိခိုက်ပါ၍ ထီးနန်းကို စွန့်ပစ်ရသော ကိန်းကြိမ်ကြိုက်ကြောင်းကို လျှောက်တင်ကြလေ၏။ ဆယ့်တလက ကျော်လွန်သော် သက်တော်ရာကျော်ရှည်နိုင်ကြောင်းကို လျှောက်ကြလေသည်။

ဖိုး။ ။ဟဲ့-ပေါ်ဦး၊ ပုံဏ္ဏားတော်များက ဗေဒင်ကိန်းခန်းအရ ဆယ့်တလမှာ ခိုက်ကြောင်း ထီးနန်းစည်းစိမ်ကို စွန့်ပစ်ရမည့်အကြောင်း အဟောထွက်သည် မောင်မင်း၊ ရှင်းပြင် "စေတီကြီး အပြီးမသတ် မူဆိုးသုညကပ်" ဟု သိုက်တဘောင်ထွက်ပေါ်လှာတယ် မောင်မင်း။ ငါလဲ စေတီကြီးကို တည်လျက်ဖြစ်တယ်၊ သို့အတွက် ပုံဏ္ဏားများ ဟောကိန်းနှင့်လည်း ဆိုက်လာတယ် မောင်မင်း၊ သို့သော် ယတြာ ကောင်းယင် မင်းလောင်းမှ ပပျောက်ရသည်ဆိုသကဲ့သို့ ခိုက်သော ဆဲ့တလကို နှစ်သစ်သကြ်န်များ ကူးပြောင်းရသော် မတော်ပေဘူးလား မောင်မင့်။

ဦး။ ။ မှန်ပါ ဘုန်းတော်ကြီးလှသောဘုရားက ဆဲ့တလမှာ ကိန်းခန်းမကြိုက် ခိုက်သော အခါနှင့် ကြုံကြိုက်သောကြောင့် ဆယ့်တလနှင့် သကြ်န်နှစ်သစ်ကူးပြောင်းတော်မူမည်ဟု ယတြာ

ပြုခြင်းသည် သင့်လျော်လှပါကြောင်း၊ နိုင်ငံတော်အတွင်းယို လူသျှင် ရဟန်းတို့ကဖြင့်လျှင် ရေမြေကို အစိုးရတော်မူသော ဘုရင်မင်းမြတ် အမိန့်တော်ကို ဦးလည်မသုန် အမှန်လိုက်နာ ဆောင်ယွက်ကြမည် ဖြစ်ပါကြောင်း၊ အရှင့်အမိန့်တော်ကို မနာ မယူ ဖီဆန်မည့်သူ ၂ ဦးက တင်းမာခုခံလိမ့်မည်ဖြစ်ပါကြောင်း ပါဘုရား။

ဖိုး။ ။ ငါ့အမိန့်တော်ကို ခုခံငြင်းဆန်မည့်သူ ၂-ဦးယိုသည် ဟု လျှောက်ထားသည်မှာ မည်သူ မည်သူများတုန်း မောင်မင့်။

ဦး။ ။ မှန်ပါ-ဘုန်းတော်ကြောင့် ခွေးတိရစ္ဆာန်နဲ့ သစ် ပင်များဖြစ်ကြပါကြောင်းပါဘုရား။

ဖိုး။ ။ အင်း-ဟုတ်ပါပေတယ် မောင်မင်းဟု မိန့်တော်မူ၍ အတွင်းတော်သို့ ဝင်တော်မူ၏။

အတွင်းတော်ဝန်များ ညီလာခံစဲး၍ နန်းတော်မှ သက်၍ ပြန်ကြလေ၏။

× + + ×

တနေ့မှာ ဖိုးတော်မင်းတြားကြီးက ဟဲ့-ပေါ်ဦး ငါတခု စဉ်းစားမိပြန်တယ်၊ ငါတို့ ဂေါတမ ဘုရားသျှင်သည် သုမေဓာ ရသေ့အဖြစ်နှင့် ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်းနိုက် သတ္တလောက၏ အကျိုးဆွေတော်မျိုးတော်တို့၏ အကျိုး ဘုရား ဖြစ်ခြင်းအကျိုးငှာ ကျင့်တော်မူပါမည်ဟူ၍ ပဋိညာဉ်သုံးချက်ကို ဝန်ခံ၍ ဘုရားဆုကို ပန်ဆင်တော်မူသည့်အတိုင်း မာရ်ငါးပါး

ကို အောင်တော်မူ၍ သစ္စာလေးပါးတရားကို ပိုင်တော်မူသော အားဖြင့် ဘုရားဖြစ်တော်မူလျှင် ရွှေဥာဏ်တော်ဖြင့် ဆင်ခြင်တော်မူရာ ခပ်သိမ်းသော သတ္တဝါတို့၏ နားနှင့် နှလုံးသားတို့သည် ကြမ်းလှသော လွှသွားနှင့်တူသည်။ ငါ၏တရားတော်သည်ကား အလွန်တရာ နူးညံ့လှပေသည်။ ငါဟောသော်လည်း ငါ၏တရားတော် တည်နိုင်ကြမည်မဟုတ် အချည်းနှီးသာဖြစ်ချေတော့မည်။ ဟောသော်လည်း အကျိုးမယှိ မဟောလိုပါဘူးဟု နေတော်မူသတဲ့။

နောက်မှ သဟံပတိ မဟာဗြဟ္မာမင်းကြီး ဆင်းသက်တောင်းပန်တော့မှ ခမ္မစကြာဆရာတော်ကို ရှေးဦး ရှေးဖျားဟောတော်မူတယ် မောင်မင့်၊ ဘုရားတို့မည်သည် နှစ်ခွန်းနှစ်ခွ စကားတော်ကို ဆိုတော်မမူရာ တခွန်းသောစကားကိုသာ ဆိုတော်မူရမြဲဖြစ်ပါလျက် တရားမဟောလိုပါဘူးဟု ဆိုပြီးမှ သဟံပတိဗြဟ္မာမင်းကြီး ချဉ်းကပ် တောင်းပန်သောအခါ အဘယ့်ကြောင့် ဟောရပြန်သလဲ၊ စကားရှေ့နောက် မညီယှိနေသည်မောင်မင်း။

ဦး။ ။ မှန်ပါ-ခပ်သိမ်းသောသတ္တဝါတို့၏ နှလုံးသားသည် ကြမ်းတမ်းသောကြောင့် ဟောငြားသော်လည်း အလွန်နူးညံ့လှသော တရားတော်သည် တည်မည်မဟုတ်၍ မဟောလိုဟု နေခြင်းသည် ဘုရားတို့၏ပရိယာယ်နှင့် တူပါကြောင်းပါ၊ ဟိုတခါတုန်းက ခပ်သိမ်းသော သူတို့သည် သဟံပတိဗြဟ္မာကြီးကိုပင်လျှင် ဘုရားဟူ၍ ယုံကြည်ကိုးကွယ် ဆည်းကပ်ကြသူ များကြပါသည်။ ဤအခါ ဂေါတမမြတ်စွာဘုရားက ငါဘုရားပဲ ငါ

တရားတော် နာကြပါ ဟု မိန့်သော်လည်း ယုံကြည်ကြမည် မဟုတ်သောကြောင့် ခပ်သိမ်းသော သတ္တဝါတို့ ယုံမှားသံသယ ကင်းရှင်း၍ ထင်ယှားစွာ ကြည်ညိုလေးမြတ်ကြရန် သဟံပတိမဟာဗြဟ္မာကြီးကိုယ်တိုင်လာရောက်တောင်းပန်မှ ငါတရားဟောတော်မူမည်ဟု ပရိယာယ်ပြုတော်မူပါကြောင်း။

နောက်- မဟာဗြဟ္မာကြီးက ဘုရားသျှင်၏ အလိုတော်အတိုင်း သက်လှာပြီးလျှင် ဘုရားသျှင်သို့ အပြစ်ခြောက်ပါးလွတ်ရာက လောကသုံးပါးနှိုက် အတုမယှိ မြတ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားသည် ဒီပင်္ကရာ မြတ်စွာဘုရားအထံတော်နှိုက် လောကသတ္တဝါတို့ ညွှန်အကျိုးငှါ ကျင့်တော်မူပါမည်ဟု ပဋိညာဉ်ခံယူတော်မူခဲ့ပါသည်ကို ယခု အလုံးစုံသော တရားတော်ကို ထင်ယှားစွာ သိတော်မူ၍ ဘုရားဖြစ်တော်မူမှ သတ္တဝါတို့ကို တရားမဟောပဲ နေတော်မူပါလျှင် ပဋိညာဉ်ခံဝန်ချက်မတည် ပျက်ကွက်ရာကျရောက်ပါလိမ့်မည်။ လောကသည် အချည်းနှီးဖြစ်ပါတော့မည်ဘုရား၊ မဟာကရုဏာတော်ဖြင့် သတ္တဝါအပေါင်းတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပါဘုရားဟု သုံးကြိမ်သုံးတန် လျှောက်ထားသောအခါ ဘုရားသျှင်သည် ဝန်ခံတော်မူ၍ မိဂဒါဝုန်တောသို့ ကြွတော်မူပြီးလျှင် ပဥ္စဝဂ္ဂီရဟန်းတို့အား တရားဦး ဟောတော်မူရပါသည်။

သဟံပတိ မဟာဗြဟ္မာကြီး ဘုရားသျှင်သို့ တရားဟောရန် တောင်းပန်လျှောက်ထားသော အသံကို လူအပေါင်းတို့ ကြားရ

မြင်ရသောအခါ၊ ဟေ- အချင်းတို့ ဘုရားမှတ်ပိုက်သော သဟံပတိ ဖြဟ္မာကြီးသည် ဘုရားမဟုတ်၊ ထိုဖြဟ္မာကြီး ဝပ်လျှိုး၍, တရား ဟောရန် တောင်းပန်ခြင်း ခံရသော အသျှင်သာလျှင် ဘုရားအစစ် ဖြစ်သည်ဟု ယုံမှတ်ကြ၍, ဆည်းကပ် ကိုးကွယ်ကြရပါကြောင်း ပါဘုရား။

ဖိုး။ ။ အင်း ကောင်းပေ မောင်မင်း၊ မိမိတို့ ဆည်းကပ်သော အကြီးအမှူးပြုသူက ဦးကျိုးမှ နောက်ပါတပည့်များပါ လိုက်၍, ဦးကျိုးနိုင်ပေမည်၊ အသီးတရာ အညှာတခု ဆိုသကဲ့သို့ အညှာနဲ့ တူသော မဟာဖြဟ္မာကြီး ပြုတ်ကျတော့ အညှာနှိုက် တွယ်ကပ် သောအသီးများ ပါလှာပြီးဖြစ်တော့ တရားဟောရခြင်းသည် မခဲးယဉ်းဖြစ်ပေသည် မောင်မင်း။

ဦး။ ။ မှန်ပါ လောကမှာ အကြီးအမှူး ပြုလုပ်သူ လိုရင်း အချက် ဖြစ်ပါကြောင်းပါ၊ ဦးဆောင်ကောင်းလျှင် နောက်ပါ ကောင်းပါရော၊ ဦးဆောင်ဖြောင့်လျှင် နောက်ပါဖြောင့်ပါရော၊ ဦးဆောင်မှန်လျှင် နောက်ပါ မှန်ပါရော၊ မြတ်စွာဘုရား ဟော တော်မူသော ဇာတ်တော် နိပါတ်တော်တို့နှိုက် ဘုရားအလောင်း တော်ကြောင့် ခပ်သိမ်းသော သတ္တဝါတို့ ချမ်းသာကြပါသည်။ ဒေဝဒတ်ကြောင့် ခပ်သိမ်းသော သတ္တဝါတို့ ပျက်စီးကြရပါသည်။ သို့ကြောင့် ဤလောကကြီး၌ ဦးဆောင် ပြုလုပ်ကြသော ပုဂ္ဂိုလ် တို့သည် ဘုရားအစရှိသော သူတော်ကောင်းတို့စည့်စိတ်နှလုံးမျိုး ကို ကိုယ်တွင်းနှိုက် အမြဲးတည်ကြရန် အလွန်လိုလှပါကြောင်း ပါဘုရား။

ဖိုး။ ။ ကောင်းပေ မောင်မင်း၊ သာဓု-သာဓု-သာဓု-ကြား ရခြင်းနှိုက် စိတ်ချမ်းမြေ့ခြင်းဖြစ်ပါပေ မောင်မင်း၊ ရော့-ငါ၀တ် ဆင်တော်မူသော သားမွေးအကျီကို မောင်မင်း ဝတ်ဆင်တော့ ဟု ချွတ်၍ သနားတော်မူပြီးလျှင် အတွင်းဆောင်သို့ ဝင်တော်မူ လေ၏။

နံနက်ညီလာခံစဲး၍ နန်းတော်မှ သက်၍ ပြန်ကြလေ၏။

* * *

တနေ့သော် ညနေခင်း မြောက်ဥယျာဉ် ပန်းခုံတော်နှိုက် ညီ လာခံရာ ဖိုးတော်မင်းတြားကြီးက ပေါ်ဦးရယ် ဟောဒီမောင်း ထောင်သာသနာပိုင်လူထွက် မင်းတိုင်ပင် အမတ်ဖြစ်သော ဆရာ ကြီးသည် ငါက သုကိုဆရာ အဖြစ်နှင့်သာ တင်မြှောက်ထားရ သည်။ ဘယ်တော့မှ သုစကားကို နားထောင်ရတယ်မယိုဘူး၊ ငါ့ စကားကိုသာ သူနားထောင်နေတယ်။ ငါက လူထွက်ပါဆိုယင် ထွက်တာပဲး သို့လို ငါပြောဒါကိုသာ အကြိမ်ကြိမ် အဖန်ဖန် နား ထောင်နေတယ်၊ အဲဒါကြောင့် အင်မတန်ညံ့ဖျင်းတဲ့ လူကြီးဟဲ့၊ သုကို ငါ့ရှေ့တော်တွင် ယောင်ကိုဆွဲး၍ ထောင်းစမ်းဟယ်။

ဤအခါ ပေါ်ဦးက စဉ်းစားသည်မှာ အသျှင်မင်းတြားကြီး က ချီးမြှောက်ကိုးကွယ်သော မင်းဆရာ မင်းတိုင်ပင် အမတ်ကြီး ဖြစ်သည်။ ပညာဂုဏ်လည်း အလွန်ကြီးသော ဆရာကြီး ဖြစ်သော ကြောင့် မင်းအမိန့်တော်နှင့် အထောင်းရ ခက်သောကြောင့် မ တော်ကြောင်း လျှောက်ပြန်ယင်လဲး ငါပေးသော အမိန့်တော်ကို

ဖီဆန်ရမလားဟု ရာဇဝတ်တော်ပေးမည်ကို ကြောက်ရဒါက တမျိုး သို့ကလို အခက်ကြုံလျက် ဖြစ်သောကြောင့် မင်း၏ အမိန့်တော်ကိုလည်း မဖီဆန်ရအောင် မင်းတိုင်ပင် အမတ်ကိုလည်း ရှိသေရာကျအောင် လျှောက်ထားသည်ကား။

မှန်ပါ ဖုန်းတော်ကြောင့် အမိန့်တော်မြတ်နှင့် ဂုဏ်ဆရာကြီးကို ကျွန်တော်မျိုးက ယောင်ဆွဲပီးတော့ ထောင်းဘို့ဝေးလို့ သုကိုကြည့်တောင်မှ မကြည့်ချင်ပါ ဘုရားဟု လျှောက်လေသည်။

ဤအခါ ဖိုးတော်မင်းကြီးသည် တစုံတရာ မိန့်တော်မမူပဲ ဥယျာဉ်တော်မှ နန်းတော်သို့ တက်တော်မူလေ၏။

ကျန်ရစ်ကြသော မှုးမတ်တို့က မင်းတိုင်ပင် အမတ်ကြီးကို အထောင်းခိုင်းရာ အတွင်းဝန်မင်းဖြင့် ခက်ကပြီဟု ကျွန်ုပ်တို့ထင်မိပေတယ်၊ မင်း၏ အမိန့်တော်ဖြစ်တော့ ငြင်းဆန်လွဲဖယ်ဘို့ဟာ အတော်ခက်ပေတယ်၊ ရာဇဝတ်တော်နှင့် နီးကပ်လျက် ယိုပါသည်ကို ရှတ်ချည်း တင်လျှောက်နိုင်ပေသည်ကို အလွန်မှ အံ့ဩစရာကောင်းလှပါပေသဗျား၊ ပညာယိုကြီးနှင့် တူပါပေ အတွင်းဝန်မင်း။

ဦး။ ။ ဘုရင်မင်းမြတ်က ချီးမြှောက်တော်မူထားသော ဘုရင့်ဆရာ မင်းတိုင်ပင် အမတ်ကြီးဖြစ်သဗျ၊ ပညာအရောင်က နေလကဲ့သို့ ထွန်းလင်း ကျော်ကြားပေသဗျ၊ ကိုယ်တို့ကျွန်ုပ်တို့က ထိုဆရာကြီးကို ဆည်းကပ် ကိုးကွယ်နေကြရသဗျ၊ သို့လိုဆရာကြီးကို မင်း၏ အမိန့်တော်နှင့် ပင်သော်လည်း ဘုရင်မင်းလဲ ချမ်းသာအောင် ကိုယ်လဲ ချမ်းသာအောင် ထို ဆရာကြီးကိုလဲ

ရှိသေရာကျအောင် အမှုနှင့်လျော်အောင် ဆောင်ယွက်နိုင်မှသာ မှူးကောင်း မတ်ကောင်း ပီတော့မပေါ့ ဝန်မင်းတို့။

မင်းလိုလိုက်က မင်းကြိုက်တယ်ဟု ဆိုရိုးစကား ယှိသော်လဲး နေရာတိုင်းကို မလိုက်ရဘူးဗျ။ ဤနေရာများမှာ ပေါ်ဦးက မင်းကြိုက်,မင်းလိုလိုက်ခဲ့ပါလျှင် ပေါ်ဦးခွေးဖြစ်ကရောဗျ။ ရှင်ဘုရင်ကလဲး ဒီအကောင်ဟာ ငါက စမ်း၍,ခိုင်းတော်မူယင် ငါကိုးကွယ်တဲ့ ဆရာကြီးကိုလျက် ယောင်ဆွဲထောင်းတယ်ဟု ပြောစမှတ်ပြုလိမ့်မယ်။ အမိန့်ကို မလိုက်မနာယှိခဲ့သော် ပေါ်ဦးကို ချက်ခြင်း ရာဇဝတ် သင့်လိမ့်မယ်ဗျ။ ထို့ကြောင့် အိမ်တော်ပါ ငယ်ကျေး ငယ်ကျွန် ဖြစ်ပေတယ်လို မင်းချစ်ကို မယုံရဘူးတဲ့ အမတ်မင်းတို့။ အရာရာမျိုးတို့ကို ကြပ်ကြပ်သတိထားကြရမယ်ဗျ။

အတွင်းဝန်မင်းအမိန့်ယှိသည်မှာ မှန်လှပါကြောင်း။ သို့သော် မင်းကြားကြီးနှင့် အတွင်းဝန်မင်းတော့ အတိုင်အဖောက် သင့်ပေသဗျ။ အတွင်းဝန်မင်း လျှောက်တော်မူလျှင် ကိစ္စချောမောတာချည်းများပါပေတယ်။ အလှနှစ်သက် ရွှေချည် ယက်သကဲ့သို့ ယှိပါပေတယ်ဟု ချီးမွမ်း ပြောဆိုကြပြီးလျှင် ဥယျာဉ်တော်မှ ထွက်၍, မိမိတို့ အိမ်တော်သို့ ပြန်ကြလေ၏,။

## ယှမ်းပြည်တဆင်ဖြူတော်ဆက်ခြင်း

တရံရောအခါ ယှမ်းပြည်သိန်းနီမြို့,က ဆင်ဖြူတော် ဟူ၍, ဆင်မည်းကြီးတကောင် လှာ၍, ယှမ်းများဆက်သလေ၏,။ ၎င်း ဆင်မည်းကြီးသည် ကြီးလည်းကြီးသည်။ အလွန်လည်း ချောသည်

အစွယ်လည်း လှသည်၊ သို့သော် ဆင်ဖြူတော် ကြန်အင်္ဂါနှင့် မညီမညွတ် ရှိလေသည်။

ဖိုးတော် မင်းတြားကြီးက ငါ့ညီဖုန်းတော် အလွန်ကြီးမားသောကြောင့် ယှမ်းပြည် သိန်းနီမြို့က ဆင်ဖြူတော်သည် ရွှေစက်တော်အောက်သို့ လှာ၍ညွတ်ခရသည်။ သို့အတွက် ဆင်ဝန်နှင့် ဆင်ကြန်အင်္ဂါလက္ခဏာဖတ် ပုံမ်ဏားတော်တို့က ဆင်ဖြူတော် ဟုတ် မဟုတ် စုံစမ်းလေ၊ နက်ဖြန်နံနက် တချက်တီး အချိန်တွင် ဖြုးတိုက် ဆောင်က လက်ခံ သိမ်းပိုက်တော် မူမည် မဟုတ်၊ မြေနန်းတော် ပြဿဒ်ဦးနှိုက် စမွယ်တော်မူ၍ ဆင်ဖြူတော်ကြီးကို သိမ်းပိုက်တော် မူမည်။ ဤအခါ မှူးတော်မတ်တော်မှ စ၍ ဆင်ဝန်၊ ဆင်ကြန်ဖတ် ပုံမ်ဏားတို့ အသင့်ခစားလျက် ယှိနှင့်ကြစေဟု မိန့်ဆိုတော်မူ၍ ညီလာခံ ဧးလေ၏။

နံနက်မိုးသော် တချက်မတီးမီ ဝန်စု မှူးစု အစုံအညီ မြေနန်းတော်သို့ ရောက်ကြ၍ တိုင်ပင်ပြောဆိုကြသည်ကား။

ဘယ့်နှယ်လဲး ဝန်မင်းတို့-ဆင်ကြီးကဖြင့် အနက်ရောင်နှင့်ကြီး လဲး ကြီးပါပေတယ်၊ ဆင်ဖြူတော်၏ အင်္ဂါကို ဝင်လိမ့်မယ် မထင်ဘူးဗျ။

ဆင်ဝန်။ ။ ဟုတ်ပါရဲ့ ဝန်မင်းတို့ ကြီး၍ လှဒါ တခုပဲး၊ ဆင်ဖြူတော် အင်္ဂါကို ရမည်မဟုတ်ပါ။ အလကား ဒီယှမ်းတွေဟာ ဆင်ကကြီးဒါနှင့် မျက်နှာလိုချင် ဆုတော်လပ်တော် လိုချင်ဒါနှင့် ဆင်ဖြူတော် ဆိုပီးတော့ ဆက်ကြဒါနဲ့ တူတယ်ဗျ။ သို့သော် ကြန်ဖတ် ဆရာကို မေးရအုန်းမယ်။ ဘယ့်နှယ်လဲး မင်း

ဆရာတို့ ဆင်ဖြူတော် အင်္ဂါကို ရပါရဲ့လားဗျ၊ မှန်မှန်ပြော စမ်းပါ။

ကြန်ဖတ်။ ။ ဒီချင် ရောက်နှင့်ဂျည်ကတဲက ချရာ ပုံမ်ဏား သွားကရိန့်ဂီတော့ ချင်ကရန် လက္ခဏာနဲ့ တိုက်ပရီး ကည့်နှင့် ဂျည်ရာ၊ ရှေကရ ကည့်နှင့်ဂျည်၊ နောက်ကရ ကည့်နှင့်ဂျည်၊ ဂီဘက် ဂီဘက် ကရိန့်ဂျည်၊ အောက်ကို တေတေ ကရာကရာ ကရိန့်ဒါ နောက်အမီးကို မရောက်ပီး ကရိန့်ဒါ တဂ်ျတရာ ချင်ဗရှအင်္ဂါရ တေမဟိ မရက်လုံးက ပလဲးမပါ၊ အဲးဒါကရောင့် မင်းတရာကရီး ကို အတင်ရ ချရရာ ပုံမ်ဏား ခက်နှင့်ဂျည်ဗီ ဝန်မင်းကရီးတို့။

ဆင်ဝန်။ ။ မင်းဆရာက ကြန်အင် လက္ခဏာနှင့် မပြည့်စုံ ကြောင်းကို သိလျက်ဖြစ်၍ ကျွန်ုပ်တို့ ဝန်စု မှူးစုများလဲး အ တင်ရကြပ်ထာဘဲဗျ။

ထင်။ ။ ဟာ-ဒီယှမ်းတေဟာ အလကား ဒုက္ခခံးပီးတော့ လှာဆက်တယ်။ ဆင်ဖြူတော်အင်္ဂါကို ဝင်တယ် မဝင်တယ်ဆိုဒါ မသိကြပဲးနဲ့ မင်းတို့ မျက်နှာကောင်း ရဘို့ ဝေးလို့ မျက်တော် မူမည်ကိုတောင် စိုးရိမ်ရသေးတယ် သိန်းနီတို့။

ယှမ်း။ ။ ဖရ ချွန်ဒေါ်မျိုးတို့ ဖရှုတယ်-မဲးဒယ်မဟု၊ ချေတို့ ဖွားခြီး အာဏာနဲ့ ဟိုက လာပီးတော့ ချက်ရပါတီ၊ ခင်ဗရား က ချင်ဘုရင်ကို ပရောပေးပါနော။

ထင်။ ။ အေး-အေး-တော်ပေကွယ်၊ မင်းတို့ အဖျင်းထဲးကို တို့ပါထဲ့ချင်ဒါပေါ့လေ မဟုတ်လား။

ယှမ်း။ ။ ချွန်တော်တို့ ချမ်းလူမျိုးများ မဟုတ်ပါဖရား- ကိုယ်ဒေါ်တို့က ကယ်တော်မူပါဘုရား၊ ဟိုတောင်ဗော်အဝေးချီ့

က ဒီချင်ကရီးကို ခေါ်လာဒါ တလခရီး ကြာပါတယ်နော။ အပုံ ချီးမောတယ်နော၊ တောင်ချီးပေါ်က လာဟာတယ်နော၊ ချွန် ဒေါ်တို့ချမ်းများတနားပါနောဟု ပြောဆိုနေကြစဉ် ဖိုးတော်မင်း ကြားကြီး ထွက်တော်မူလာပြီးလျှင် ဘယ့်နှယ် ဆင်ဝန်နှင့် ကြန် ဖတ်ဆရာတို့ ငါ ဖုန်းတော်ကြီးခြင်းကြောင့် သိန်းနီက ဆက်လှာ သော ဆင်တော်သည် ဆင်ဖြူတော် ဝင်ပါစဟု မေးတော်မူရာ ဝန်စုမှူးစုနှင့် ပုံမ်ဏားတို့က တစုံတရာ မလျှောက်ပံ့ကြပဲ ဆိတ် ဆိတ် ယိုကြလေ၏။

ဖိုး။ ။ ဆင်ဖြူတော် အင်္ဂါ မဝင်ဘူးလား၊ ဆင်ဝန်နှင့် ကြန်ဖတ်တို့။

မလျှောက်ပံ့ကြပဲ ဆိတ်ဆိတ် ငြိမ်သက်စွာ ယိုကြလေ၏။

ဖိုး။ ။ ဟဲ့-မြတ်ထင်, ပေါ်ဦး ခစားသည်ကို မမြင်ပါက လား။ ပေါ်ဦးကို ခေါ်လိုက်။

မောင်မြတ်ထင်လည်း အမိန့်တော်နှင့် ဖြူးတိုက်သို့ သွား၍. ဟေ့- မွန်းပေါ်ဦး မြေနန်းတော်တို့ အမြန်လာရမတဲ့ကွဲ့။

ဦး။ ။ ဘာလဲဟေ့ သူငယ်ချင်း၊ သိန်းနီက ဆင်မဟုတ်လား ဆင်ဖြူတော် ဖြစ်တယ်လို့ မည်သူမှ မတင်နိုင်ကြဘူးလားကွဲ့။

ထင်။ ။ မမေးပါနဲ့ကွယ်၊ သိန်းနီစောက်ဆင်ကြောင့် ခက် နေကြပြီ၊ ဆင်ကြန်ဖတ် ပုံမ်ဏားကလဲ မတင်ပံ့၊ ဆင်ကဖြင့် ကြီး ပါပေကွယ်။ ဆင်ဖြူ အင်္ဂါမပါ၍. ခက်နေပကော သူငယ်ချင်း။

"မေးမြန်းပြောဆိုရင်း ရွှေတော်ရောက်"

ဖိုး။ ။ ဟဲ့-ပေါ်ဦး- ငါ၏ ဖုန်းတော် သမ္ဘာတော် ကြီး ခြင်းကြောင့် သိန်းနီက ဆက်သလှာသော ဆင်တော်ကို ကြည့် စမ်း မောင်မင်း၊ ဆင်ဖြူတော် အင်္ဂါ ပါဝင်လိမ့်မယ် ထင်တယ် မောင်မင့်။

ဦး။ ။ အမိန့်တော်နှင့် မြေနန်းတော်မှဆင်း၍ ဆင်ကြီးကို သေသေချာချာ လှည့်ပတ်၍ အတော်ကြာကြည့်ပြီးမှ မြေနန်း တော်သို့ တက်လှာပြီးသော် လျှောက်တင်သည်ကား-မှန်ပါ ဆင် အမျိုးမှာ ၁-ကာဠာဝကဆင်၊ ၂-ဂင်္ဂေယျဆင်၊ ၃-ပဏ္ဍရဆင်၊ ၄-တမ္ဗဆင်၊ ၅-ပိင်္ဂလဆင်၊ ၆-ဂန္ဓဆင်၊ ၇-မင်္ဂလဆင်၊ ၈-ဟေမဆင်၊ ၉-ဥပေါသထဆင်၊ ၁၀-ဆဒ္ဒန္တဆင် ဟူ၍ ဆယ် မျိုးယှိသည်တို့တွင် ဖုန်းတော်ကြီးသောကြောင့် သိန်းနီမြို့က ရွှေ စက်တော်တင်ရန် ညွှတ်ခလှာသော ဆင်ကြီးသည် ဆင်ဆယ်မျိုး အနက် "ဟေမ" ဆင်မျိုးအနွယ် အဆက်ဖြစ်ပါကြောင်းပါ ဘုရား။ ထိုဆင်မျိုးသည် နှစ်ပေါင်း ၆၀ အတွင်း ဖွေးဖွေးဖြူ စင်ခြင်း အဖြစ်သို့ ရောက်ပါကြောင်း၊ ရှိခိုးသံတော်ဦးတင်ဝံ့ပါ သည်ဘုရား။

ဖိုး။ ။ ကောင်းပီ မောင်မင့်၊ သင့်လျော်သော တင်းကုပ် တော်နှင့် ဆင်ဝန်က ထားစေ၊ ဆင်တော်ပို့လှာသူ ယှမ်း များကို အထိုက်အလျောက် ဆုတော်လပ်တော် သနားတော်မူ လိုက်၊ ၎င်းတို့အမည်ကိုလဲ ရွှေတိုက်စာရင်းတင်စေ၊ မိန့်တော် မူပြီးလျှင် ပြုံးလျက်နှင့် နန်းမကြီးသို့ ဝင်တော်မူလေ၏။

ထင်။ ။ ဘယ့်နှယ် ကိုသိန်းနီတို့ ဟောဒီကအတွင်းဝန်မင်း ကြီးကြောင့် ကိုယ်တို့ ချမ်းသာရ၍ ဆုတော် လပ်တော် ရကြ ပေပြီ။

ယှမ်း။ ။ ချွန်တော်တို့ နားမလည်မဟု ကိုယ်တော်တို့ လိမ် မာလွန်းလို့ ချွန်တော်တို့ အသက်မသေရဘူးနော။

အတွင်းဝန်။ ။ အမတ်ကြီးမလဲး နှစ်ပေါင်း ၆ဝ ကြာမှ ဆင်ဖြူတယ်ဆိုဒါ ခုမှပဲး ကြားဘူးပေသဗျာ၊ ဆင်ကြန်များမှာ လဲး မတွေ့၊ ဘုရားဟောတော်မူသော ကျမ်းဂန်တို့တွင်လဲး မလာ မတွေ့ပါကလားဗျ။

ဦး။ ။ကျမ်းဂန်နှင့် ဆင်ကြန်မှာ မယှိမှန်း ကျွန်ုပ်လဲး သိပါ ၏။ ရှင်ဘုရင်လဲးသိ၏။ သို့သော်-သူဖုန်းတော်ကြီးသောကြောင့် သိန်းနီမြို့က ဆင်ဖြူတော်ဆက်သတဲ့ ဂုဏ်တော် အသရေတော်ကို များများကြီး အလိုယှိတော်မူသည်။ ဆင်ဖြူတော်သည် ဆင်ဖြူ မဟုတ်ပချေက ဖုန်းတော်ညှိုးရာရောက်မယ်။ ဆက်သသော စော် ဘွားလဲး အမျက်တော်ခံရမယ်။ သို့ကြောင့် ရှင်ဘုရင်အလို တော်ပြည့်အောင် တင်ရတယ်ဗျ၊ အနှစ် ၆ဝ အတွင်းမှာ ဆင် ရယ် ကျွန်ုပ်ရယ် ရှင်ဘုရင်ရယ် တယောက်ယောက်တော့ သခ်ီရ မမွှအတိုင်း ပျက်စီးကြရမှာပဲးဗျ၊ ဤအခါ မည်သူ့ကိုမှ အပြစ် ပေးရန် အပြစ်ဖို့ရန် မယှိဘူး မဟုတ်လား။ အဲးဒါကြောင့် ဆက် သူလဲးချမ်းသာစေ၊ ရှင်ဘုရင်လဲး အလိုပြည့်၍ ဖုန်းတော်ကြီး စေ၊ ကိုယ်တို့ကျုပ်တို့လဲး အပြစ်တင်ကင်းစေ၊ ဤစေသုံးချက်ကို

မြှော်ထောက်၍ လျှောက်ပတ်လျော်ကန်အောင် တင်လျှောက်ရပေဒါပဲ၊ ကျမ်းဂန် ဆင်ကြန်ထွက် မယှိပဲး တင်သောကြောင့် ပညာရှိမဟုတ်ဟု မထင်နှင့်နော် ပညာယှိလို့သာ တင်နိုင်ပေတယ်ဟု မှတ်ပါဗျ။

ထင်။ ။ ကောင်းပါကွယ်၊ မင်းကတော့ အိမ်တော်မှာ နေစဉ်တုန်းကပဲး လေအိုးစကားအိုးနှင့် အလိုတော်ကျအောင် ပျော်တော်ကျွန် လုပ်နေဒါကိုကွဲ့ဟု တဦးတဦး ရယ်စရာပြောဆိုကြပြီးလျှင် ဆိုင်ရာဆိုင်ရာ ခွဲးခွါသွားကြလေ၏။

## ရွှေဘုန် ရုပ်ပွားတော်အကြောင်း၊

တနေ့သောအခါ မင်းကွန်းနန်းတော်နှိုက် ဖိုးတော်မင်းတြားကြီးက။ဟဲ့-ပေါ်ဦး ရှေးရှေးသော မင်းကောင်းမင်းမြတ်တို့သည် ဘုရားသျှင် ပုံတော်ကို လောဟာကြေး ရွှေ-ငွေ စသော ရတနာတို့ကိုသာ အနိမ္မိတ ရုပ်ပွားတော် သွန်းလုပ် ပူဇော်ကြပေတယ်၊ သံကို မည်သည့်မင်းမှသွန်းလုပ်ပူဇော်ကြသည်ကို စာတမ်းစာလာ မတွေ့ဘူးချေ။ သို့အတွက် ယခုကြံစည်တော်မူ၍ မင်းကွန်းနန်းတော်ကျွန်းတွင်ပင် သွန်းလုပ်တော်မူသော သံဆင်းတု ရုပ်ရှင်တော်ကို သွား၍ ကြည်ညိုစမ်း အင်မတန်အံ့ဖွယ်ကောင်းလှပေသည် မောင်မင့်။

အမိန့်တော်မြတ်နှင့် ဦးပေါ်ဦးလည်း သံဆင်းတုရုပ်ပွားတော်သွန်းရာ ပန်းတည်းရုံသို့ သွားရောက်ကြည့်ရှုပြီးသော် ရွှေတော်သို့ ဝင်ရောက်ခစားလေ၏။

ဖိုး။ ။ဘယ့်နှယ်လဲမောင်မင်း၊ သံရုပ်ရှင်တော်ဘုရားကို ကြည်ညိုခဲ့ပါရဲ့လား။

ဦး။ ။မှန်ပါ- သေသေချာချာ စေ့စေ့စပ်စပ် လှည့်ပတ် ကြည့်ရှု ကြည်ညိုခဲ့ရပါကြောင်းပါဘုရား။

ဖိုး။ ။အံ့ဩဖွယ်ရာ မကောင်းလား မောင်မင့်။

ဦး။ ။မှန်ပါ- အံ့ဩဖွယ်ရာကောင်းဆို သီဟိုဠ် နမကာရ ကြီးနှင့် အလွန်ညီလျော်လှပါသည်ဘုရား။

ဖိုး။ ။သီဟိုဠ် နမကာရကြီးက ဘယ်လို မိန့်ဆိုသလဲ မောင်မင့်။

ဦး။ ။မှန်ပါ- သီဟိုဠ်နမကာရကြီးက သံဖုတ်တေ အဌ ဝီသဋ္ဌဟု မိန့်ပါကြောင်းပါဘုရား။

သို့လိုဦးပေါ်ဦးက လျှောက်တင်လိုက်လျှင် ဖိုးတော် မင်း တြားသည် ပြုံးတော်မူလျက် အဆောင်အတွင်းသို့ ဝင်တော် မူလေသည်။

× × × ×

တနေ့သောအခါ ဖိုးတော်မင်းတြားကြီးက နန်းနက် ဝိုလ်ရှခံ တွင် မိန့်တော်မူသည်မှာ-

ဟဲ့-ပေါ်ဦးအတ္တုပတ် ကသည်းအမှုထမ်းများသည် ပါးမုံး မွေး အလွန်ထူပါကလား မောင်မင့်။

ဦး။ ။မှန်ပါ- ဖုန်းတော်ကြောင့် အက္ကပတ် ကသည်းများ ပါးမုံးမွေးထူခြင်းသည် ကျမ်းဂန်နှင့် ညီညွတ်ပါကြောင်းပါ ဘုရား။

ဖိုး။ ။ဘယ်ကျမ်းဂန်များက လာပါသလဲး လျှောက်စမ်း။

ဦး။ ။မှန်ပါ- မြတ်စွာဘုရား ဟောကြားတော်မူသော မဟာပရိတ်တော်ကြီးနှိုက် ဖွင့်ဆိုထားပါကြောင်းဘုရား။

ဖိုး။ ။မဟာပရိတ်တော်ကြီးမှာ ဘယ်လို ဟောတော်မူပါ သလဲး မောင်မင့်။

ဦး။ ။မှန်ပါ- မဟာပရိတ်တော်ကြီးနှိုက် "အဂ္ဂပဏ္ဏော ပမောဒတိ" ဟု ဟောပါသည်။ အဂ္ဂပဏ္ဏော အက်ကပတ်ကသဲး တို့သည် ပမောဒတိ ပါးမုံးမွေးထူလတ္တံ့လို့ မိန့်တော်မူပါ ကြောင်းပါဘုရား။

ဖိုး။ ။ အင်း- ကြံကြံဖန်ဖန် လျှောက်တတ်ပါပေကွယ် ဟု မိန့်တော်မူပြီးလျှင် အတွင်းတော်သို့ ဝင်တော်မူလေ၏။

နံစထိုးခြင်း

တနေ့သော် ဖိုးတော်က ဟဲ့- ပေါ်ဦး လက်နက်ကိုင် အမှုထမ်းတို့သည် မှင်ကြောင်များကို နံစပ်သို့တိုင်အောင် ထိုးရသည်၊ ဘာကိုအစွဲးပြု၍ ထိုးကြရသလဲးမောင်မင်း။

ဦး။ ။မှန်ပါ သဒ္ဒါကျမ်းနှင့်အညီဖြစ်ပါကြောင်းပါဘုရား။

ဖိုး။ ။သဒ္ဒါဆရာက ဘယ်လိုမိန့်တော်မူသလဲးမောင်မင့်။

ဦး။ ။မှန်ပါ သဒ္ဒါဆရာက နံစတောကတရသသဟု မိန့်ပါသည်။ နံစတောနံစထိုးသောသူသည် ကတရသ ရဲရင့်တတ်၏ဟု ဖော်ပြထားကြောင်းပါဘုရား။

ဖိုး။ ။ကောင်းပေကွယ်၊ မဟုတ်ဖြစ်စေ ဟုတ်ဖြစ်စေ ဆီလျော်အောင်ဖြင့် ကြံဖန်လျှောက်ထားတတ်ပေတယ်၊ ဟဲ့ပေါ်ဦး အခြားသော ဝန်စု မးစု သံတော်ဆင့် စာရေးတော်ကြီးတို့က မသိနားမလည်သော အကြောင်းများကိုမေးလျှင်လည်း မဟုတ်က ဟုတ်ကတွေကို ကြံဖန်ပြောပြဒါ သူတို့ယုံကြည်ကြရဲ့လား။

ဦး။ ။ မှန်ပါ ဒါမှာတော့ မတတ်တဲ့သူက ပြောတော့ မသိတဲ့သူက ယုံမှာပါပဲဘုရား။

ဖိုး။ ။ အင်း မသိတဲ့သူ ညီလာခံစဲအုန်းမှ တော်မည်၊ မိန့်တော်မူ၍ အတွင်းဆောင်တော်သို့ ဝင်တော်မူလေ၏။

ထင်။ ။ ဟုတ်ပကွယ် ရှင်ဘုရင်က မေးတော်မူဒါကို မသိတဲ့သူ ဖြစ်အောင် ဖြေမှ ဖြေတတ်ပလေ လျှောက်မှ လျှောက်ဝံ့ပေရှင်ရယ်။

ဦး။ ။ ရှင်ဘုရင်က ကြံကြံစည်စည် ဉာဏ်ထုတ်ပီးတော်ငါမတတ်တဲ့သူကို မေးဒါကိုးကွဲ့၊ ဒီတော့ မသိတဲ့သူများ ယုံအောင် မတတ်တဲ့သူက ကြံဖန်ပြောရဒါပေါ့ကွဲ့။

ထင်။ ။ အေးကွယ် ခမည်းတော်ဘုရားက ပျော်တော်ကျွန်လို့ တို့ကို အမှတ်ပြုထားသည်အတိုင်း အပျင်းဖြေဖျော်ရန် ရယ်ပွဲဖွဲ့တော်မူဒါနဲ့ တူပါပေတယ်။

ဝန်ထောက်။ ။ မေးတော်မူဒါက ကြံကြံဖန်ဖန် မေးတော်မူဒါကိုး အမတ်ကြီးက ဆီလျော်အောင် ဖြေသည်မှာ အံ့ဩစရာ

ကောင်းပါပေတယ်၊ ကျွန်တော်များစိတ်က မဟုတ်မဟတ်တာတော လျှောက်တင်ရမလားလို့ အပြစ်တော်များ ပေးမည်ကို တထိတ် ထိတ်ပဲ ယိုနေရပါတယ်။

ထင်။ ။ ဘာမျှထိတ်စရာမရှိဘူး ဝန်ထောက်မင်း ရှင်ဘုရင် နှင့် ကျွန်ုပ်တို့တော့ ဂြိုဟ်စီးဂြိုဟ်နင်းလွတ် နက္ခတ်ကြိုက် ကောလီ မာတ်ကြိုက် ကိန်းကြိုက် ခန်းကြိုက် ကောလီကျေသောကြောင့် စိုးရိမ်ဖွယ်မရှိ ဘာကြောင့်လဲဆိုတော့ ဟိုစစ်ကိုင်းဘက်မှာ နေ စဉ်တုန်းက ကျွန်ုပ်တို့ အဆင်းရဲ အပင်ပန်းခံ၍ ရာကြဲကျွေးမွေး ပြုစုခဲ့ရတဲ့ ကျေးဇူးတွေက များတော့ ပြောချင်သလိုပြော ဆိုချင် သလိုဆို အပြစ်မရှိ နေရာလွတ် ပေးထားပေတယ်။ ကျွေးမွေးခဲ့တဲ့ ကျေးဇူးဂုဏ်ကို များစွာ ထောက်ထားတော်မူပေဒါကလားဗျ။

ပြားတိုက်ဝန်။ ။ အမတ်ကြီး ဦးပေါ်ဦး တင်လျှောက်ချက် မျိုးသည် တော်တော့မင်းဟာ သည်းခံနိုင်မည်မဟုတ်ဖူးဗျ ရာထူး စည်းစိမ်ကို အန္တရာယ်ငြိစေတတ်သော စကားမျိုးဖြစ်ပေတယ်။

ဦး။ ။ ကတညုတ ကတဝေဒီတဲ့ မြတ်စွာဘုရားဟောတော် မူတယ် ကျေးဇူးကို အထူးသိကြပါလျှင် အပြစ်မယို အန္တရာယ်မယို ဖြစ်ပါတယ်၊ သူကျေးဇူးကို သိမှ စည်းစိမ်တည်ရာသည်ဟုဆရာမြတ် တို့ မိန့်တော်မူသည်အတိုင်း လိုက်နာဆောင်ယွက်ပါက ရေနှင့် ကြာကဲ့သို့ သင့်တင့်လျှောက်ပတ်ခြင်း အဖြစ်ကို ရပါသည်။ ကျွန်ုပ် တို့သည် ဤတသက် ဤရှင်ဘုရင်အာဏာနှင့် ဘယ်တော့မှ သေရ ချိမ့်မည်မထင်၊ သေကြရလိမ့်ဦးမည်ဟူ၍ စိတ်က မဥဒါန်းမစိုးရိမ်ကြ

ပါနှင့် ဝန်မင်းတို့၊ ဘာကြောင့်ဆိုသော် ကျွန်ုပ်တို့ကို သားတော်များကဲ့သို့ ထင်မှတ်ယုံကြည်တော်မူပြီးဖြစ်ပါ၍ အထူးပြောဘွယ်မယို ရန်ကုန်ဝန်ကြီး ဦးကျော်ရွှေးကိုသာ ကြည့်တော်မူကြပါ။

လွှတ်ဝန်ထောက်။ ။ ဟုတ်ပါပေတယ် ကျေးဇူးကို သိတတ်မှ ကျေးဇူးကို ဆတ်တတ်မှ စည်းစိမ်တည်ကြပေမယ် ကျွန်တော်များလဲ အမတ်ကြီးတို့ ကျေးဇူး မြေထဲမင်းကြီးသည့် ကျေးဇူးကို မမေ့ပါကြောင်း၊ နေ့စဉ်မေတ္တာပို့သလျက် ရှိပါကြောင်း။

ဦး။ ။ သာခုဗျာ သာခု-သာခု၊ ကျွန်ုပ်တို့ ဝန်မင်းတို့ ယခုပစ္စကွန္နိုက် တွေ့ဆုံ၍ ဘုရင်လက်အောက်တွင် အမှုတော်ထမ်းယွက်ကြရသည်မှာ ပုဗ္ဗေစကရေစက်ပါကြသောကြောင့် ဖြစ်ပေတယ်။ လောကမှာ မမှားတဲ့သူရယ်လို့ မယိုကြဘူးပေါ့။ မိမိမှားယွင်းသည်ကို မှားယွင်းကြောင်း ဝန်ခံနိုင်သည်ကိုပင် ပညာယိုသူတော်ကောင်းဟု ခေါ်ဝေါ်ချီးမြှောက်ရပါသည်။ သို့ကြောင့် မသေခင်ကလေးအကြား လူဖြစ်လာရဒါ မေတ္တာမပျက် အရှက် ဆက်လက်ကြရန်ကိုသာ သဘောထားတော်မူကြပါဝန်မင်းတို့။ ထိုအခါ အားလုံးဝန်စု မှူးစုတို့က ကောင်းခြီးခေါ်ကြလေသည်။

ထင်။ ။ မင်းတြားကြီးက ကျွန်ုပ်တို့အပေါ်၌ အရေးယူတော်မမူသည်ကား သည်အကောင်တွေဟာ မည်သည့်အခါမဆိုငါ့အပေါ်နိုက် မကောင်းကြံစည်မည့်သူများ မဟုတ်ဟု အသဲစွဲယုံကြည်စိတ်ချတော်မူပြီး၊ဗျ၊ သို့လို ယုံကြည်စိတ်ချတော်မူခြင်းကြောင့် ကျွန်ုပ်တို့ သစ္စာတော်ခံထဲသို့ မသွင်းတော်မူခြင်းကို ချင့်ပါဟု ဆွေးနွေးပြောဆိုပြီးလျှင် ဆိုင်ရာ ဆိုင်ရာ ခွဲးခွာသွားကြလေ၏။

## မင်းကွန်းစေတီတော်ကြီး

တနေ့သန္တိက် ဖိုးတော်ဘုရားက ပေါ်ဦးရယ် ငါ့သားလောင်းတော်တို့ တည်ထားတော်မူခဲ့ကြသော တိဂုံဆံတော်ရှင် ပေါက်ကန် ရွှေစည်းခုံစေတီတော်များကို တည်တော်မူကြသည့်အခါ လူတရစ် နတ်တရစ် တည်သည်ဟု ကြားဘူးသည်မောင်မင့်၊ ယခုငါ မင်းကွန်းစေတီတော်ကြီးကို တည်တော်မူရာ နတ်များ ကူညီတည်ကြောင်း မသိမတွေ့ရဒါ ဘယ်အကြောင်းကြောင့် ဖြစ်လေတယ်မသိ မောင်မင့်။

ဦး။ ။ မှန်ပါ- ရှေး သူဟောင်း စကား ယှိပါကြောင်းပါဘုရား။

ဖိုး။ ။ ဘယ်လို သူဟောင်းစကား ယှိပေသလဲ။

ဦး။ ။ မှန်ပါ - လူမစွန်း နတ်မ,သည် ဟု ဆိုသော စကားယှိပါဘုရား။ ရှေးရှေးကုန်သော မင်းတို့သည် ဖုန်းတော် ကံတော်မစွမ်းခြင်းကြောင့် နတ်များကူညီ မစ, ရပါသည်ဘုရား။ အရှင့်ဖုန်းတော် ကံတော်က စွမ်းပြီး ဖြစ်ပါသောကြောင့် နတ်များ ကူညီခြင်း မယှိကြောင်း ရှိခိုး သံတော်ဦးတင်ဝံ့ပါသည် ဘုရား။

ဖိုး။ ။ အင်း- ရှေးသူဟောင်း စကားအရ မြောက်တင်တော်မူနိုင်ပေကွယ်ဟု မိန့်တော်မူပြီးလျှင် အတွင်းဆောင်သို့ ဝင်တော်မူလေ၏။

## လှံ့နှင့်လိုက်ခြင်း

တနေ့သော် ဖိုးတော် မင်းတြားကြီးသည် စိတ်တော်မကြည်သဖြင့် ခစားသော မှူးမတ်များကို လှံ့တော်နှင့် လိုက်တော်မူရာ မှူးမတ်တို့သည် ကစဥ့်ကရဲ ပြေးကြကုန်၏။ နောက်ဖိုးတော်လည်း မောတော်မူသဖြင့် လှံ့တော်ကို ကိုင်လျက် ထိုင်တော်မူနေသည်ကို ဦးပေါ်ဦးက ကွယ်ရာမှ ချောင်း၍ကြည့်ရာ ဖိုးတော်အမေပြေသည်ကို သိရသောကြောင့် အမတ်မင်းတို့-အမတ်မင်းတို့ ဟုခေါ်သောအခါ မှူးမတ်တို့က တိုးတိုး ထူးကြလေ၏။ ဦးပေါ်ဦးက ကျွန်ုပ်တခုစဥ်းစားမိသည်မှာ ဂေါတမ မြတ်စွာဘုရားသျှင်သည် မယ်တော်မိနတ်သားအား အဘိဓမ္မာတရားတော်ကို ဟောတော်မူရန် တာဝတိန်သာသို့ တက်တော်မူသည်ကား ယူဇနာလေးသောင်း နှစ်ထောင် အမြင့်ဆောင်တဲ့ မဟာမြင့်မိုရ် တောင်မင်းကို နှစ်လမ်း သုံးဖဝါးနှင့် ရောက်တော်မူသည်ကို ကျမ်းဂန်အဆိုအရ သဘောမကျလှဘူးဗျ။ ယနေ့မှပဲ သဘောကျပေတယ် အမတ်မင်းတို့။

ဖိုး။ ။ ဟဲ့-ဘသူတုန်း။

ဦး။ ။ ကျွန်တော်မျိုး ပေါ်ဦးဖြစ်ပါကြောင်းပါ ဘုရား။

ဖိုး။ ။ ရှေ့တော်ဝင်ခဲ့ကြ။

ဦး။ ။ လှံ့တော်ကို ကြောက်ရပါကြောင်းပါဘုရား။

ဖိုး။ ။ ဘာကြောက်စရာ ယှိတုန်းကွဲ့၊ လာ-ဝင်သာဝင်ခဲ့ကြ။ မိန့်တော်မူပြီးလျှင် လှံ့တော်ကို တော်ရာသို့ ပစ်လိုက်လေ၏။

ဦး။ ။ လာကြ အမတ်မင်းတို့ လှံတော်သည် ဖုန်းတော် ကို ကြောက်၍ ရွှေလက်တော်မှ အတင်းရုန်း၍ ထွက်ပြေးရာ ပြီ ကြောက်ရန်မယှိဘူးဗျ၊ လာကြဆို၍ ရွှေတော်နှိုက် စုံညီစွာ ခစားကြလေ၏။

ဖိုး။ ။ ဘာလဲး ပေါ်ဦး မောင်မင်း ခုတင်က ဝန်များကို ပြောဒါ။

ဦး။ ။ မှန်ပါ- လေးသောင်း နှစ်ထောင် အမြင့်ဆောင်တဲ့ မဟာမြင့်မိုရ် တောင်မင်းကို မြတ်စွာဘုရားသည် နှစ်လှမ်းသုံးဖ ဝါးနှင့် တာဝတိံသာ ရောက်တော်မူသည်ဟု စာဆိုမှာဆိုဒါ တယ် ပီးတော့ သဘောမကျလှပါ၊ ယနေ့မှ သဘောကျပါကြောင်းပါ ဘုရား။

ဖိုး။ ။ မောင်မင်းက ဘာကြောင့် ယနေ့မှ သဘောကျပါ တုန်းဗျ။

ဦး။ ။ မှန်ပါ- ယနေ့ လှံတော်နဲ့ နှံမှာ ကြောက်လှသော ကြောင့် ထွက်ပြေးရာ တဆဲ့တထာစ်ရှိတဲ့ နန်းဦး လှေကားတော် ကြီးကို ဆို၍ ပြေးပါသည်ကို ကျွန်တော်မျိုး ပေါ်ဦး တထစ် မှ မနင်းမိပါကြောင်းပါ ဘုရား။

ဖိုး။ ။ ကြဲကြဲဖန်ဖန် နင်တင်လျှောက်တတ်ပေ့ဟယ်ဟု ရယ် မော မိန့်ဆိုတော်မူပြီးလျှင် အတွင်းတော်ကို ဝင်တော်မူလေ၏။

## သံနှင့်မတဲ့ကြောင်း

တနေ့သော် ဖိုးတော်က ထွက်သောလမ်းပေါက်က ပိတ်လျက် ဟဲ့ပေါ်ဦး-တခါ နင်သေပေတော့ သည်လှံနှင့် နင့်ကို ထိုးသတ် ရတော့မည်ဟု မိန့်တော်မူလေရာ။

ဦး။ ။ မှန်ပါ- ကျွန်တော်မျိုး ပေါ်ဦး လျှောက်ထားရန် ယိုပါကြောင်းပါဘုရား။ သည်းခံတော်မူမှ လျှောက်ထားခွင့်ရပါမည်ဘုရား။

ဖိုး။ ။ ဘာ-မောင်မင်း လျှောက်မလဲ၊ မြန်မြန်လျှောက်၊ စဉ်းစားမနေနှင့် လျှောက်။

ဦး။ ။ မှန်ပါ- ယနေ့ နန်းတော်ကြီးသို့ ခစားရန် လာသည့် အခါ ဆရာပုံမ်ဏားများက ဟောလိုက်ပါသည် ဘုရား။

ဖိုး။ ။ ပုံမ်ဏားက ဘယ်လိုဟောလိုက်သလဲ။

ဦး။ ။ အတွင်းဝန်မင်း သတိထားလိုက်ပါ၊ သည်လမှာ သံနဲ့မတွဲဘူး၊ ကြပ်ကြပ်ရှောင်လိုက်ပါဟု ဟောလိုက်ပါကြောင်းပါဘုရား။

ဖိုး။ ။ လုံတော်ကို သိမ်းပြီးလျှင် အလျှောက်ကောင်းလို့တော်တော့တယ်၊ မောင်မင်း လွတ်ရာသွားတော့ဟု မိန့်တော်မူလေ၏။

ပေါ်ဦးသည် မျက်စိမှတ်လျက် ထွက်သွားသည်ကို ဖိုးတော်မြင်လျှင် ဟဲ့ပေါ်ဦး ဘာဖြစ်လို့ မျက်စိမှတ်သွားသလဲ။

ဦး။ ။ မှန်ပါ-သံကို မကြည့်ဝံ့ ပါကြောင်းပါ ဘုရားဟု လျှောက်သောအခါ ဖိုးတော်သည် ရယ်တော်မူ၍ မျက်နှာလွှဲလျက် နေတော်မူလေသည်။

## လူမိုက်ကို ကြောက်ရကြောင်း

တနေ့သန့်က် ညနေအချိန် တောင်ဉယျာဉ်တော် ရေကြည့်နန်းတော်နှိုက် ဖိုးတော်ဘုရား နေတော်မူကြိုက် ဟဲ့- ပေါ်ဦး

နှင်သည် တခါတခါ ငါ့ကို မလေးမခန့် တင်လျှောက်လေ့ယှိတယ် ငါ့ထက် ကြောက်စရာများ နှင့်မှာ ရှိသေးသလား။

ဦး။ ။ မှန်ပါ-ဖုန်းတော်ကြောင့် အသျှင်ဘုရားထက် ကြောက်ရမည့်သူ ယှိပါကြောင်းပါ ဘုရား။

ဖိုး။ ။ ငါ့ထက်ပို၍ ကြောက်ရမည့်သူ ယှိသေးတယ် ဆိုဒါ ဘယ်သူများလဲ။

ဦး။ ။ မှန်ပါ-ဖုန်းတော်ကြီးသော ဘုရားထက်ကြောက်ရမည့်သူမှာ လူမိုက်ဖြစ်ပါကြောင်းပါ ဘုရား။

ဖိုး။ ။ လူမိုက်ကို ငါထက်ပို၍ ဘာကြောင့် ကြောက်ရသလဲကွဲ့။

ဦး။ ။ မှန်ပါ- ဖုန်းတော်ကြီးမြတ်တော်မူသော ဘုရားက ရွှေဉာဏ်တော်ရှင် ဖြစ်ပါသည်ဘုရား၊ ရှေးရှေး မင်းကောင်းမင်းမြတ်များနှင့် အလောင်းတော်တို့ ထုံးကို ရွှေနှလုံးပိုက်တော်မူလျက် ဖြစ်ပါသောကြောင့် စစ်စစ်ဆေးဆေး မေးမေးမြန်းမြန်း စုံစမ်းတော်မူလျက် ရာဇဝတ်အပြစ် ပေးသင့်-မပေးသင့် နှိုင်းချင့်တော်မူပြီးလျှင် ပေးသင့်မှ ပေးပါသည် ဘုရား။ လူတယောက် ပျက်စီးဘို့ အလုပ်ကို အနည်းငယ်မျှ အပြစ်ပေးလိုသော ဆန္ဒတော် မယှိပါကြောင်းပါ။ လူမိုက်ကတော့ သို့လို တွေးတောဆင်ခြင်နေမည် မဟုတ်ပါ။ စိတ်က မထင်ယင် အဆီးအတားမယှိ ရိုက်ချင်ရိုက်၊ ခဲ-ဒုတ် ပလင်းနှင့် ပစ်ချင်ပစ်၊ ဓားနဲ့ ထိုးချင်ထိုး၊ သတ်ချင်ယင် သတ်ပစ်ပါသည်ဘုရား။ ထို့ကြောင့် လူမိုက်ကို များများကြီး ကြောက်ရကြောင်းပါဘုရား။

မင်္ဂလာ တရားတော်က အသေဝနာဝစ ဗာလနံလို့ ဟော တော်မူပါသည် ဘုရား။ လူမိုက်ကို မပေါင်းရ ဝေးအောင် ရှောင်ရှားကွင်းရမည်ဟု မိန့်တော်မူပါသည် ဘုရား။ လူမိုက်ယှိ တဲ့အရပ်နိုက် နေဘို့ မပြောနှင့် ဒင်းအရပ်တောင် ရှောင်ကြဉ် စွန့်ပစ်ရမယ်လို့ ဆရာ အသျှင်မြတ်တို့ ဆုံးမသည်ကို ကျွန်တော် မျိုး ငပေါ်ဦး နာခံ မှတ်သားရပါသဖြင့် ယခု ပစ္စက္ခ မျက်မြင် ကိုယ်တွေ့မှာဖြင့်လျှင် သာ၍ လူမိုက်ကို အခါမပြတ် ကြောက် စရာ ကောင်းလှပါကြောင်းပါဘုရား။

ဖိုး။ ။ အင်း မောင်မင်း တင်လျှောက်သည်ကား မှန်ပေ သည်။ သို့သော် လူမိုက်ယှိလို့ လူလိမ္မာ ယှိတယ် မဟုတ်လား။ သူတို့ မိုက်လို့ တို့လူလိမ္မာ အခေါ်ခံရတယ်လို့ ကျေးဇူးတင်စရာ မကောင်းပေဘူးလား။

ဦး။ ။ ကျေးဇူးကို ကြံကြံဖန်ဖန် ရှာ၍ တင်ရမည် ဖြစ်ပါ က လူမိုက်တို့သည် ရှင်ဘုရင်တောင် တို့ကို ကျေးဇူးတင်ရတဲ့ အ ကောင်ဟော့ဟု ကြိမ်းဝါးပြီးလျှင် တိုး၍ မိုက်သွားမည်ကို စိုးရိမ် ရပါကြောင်းပါဘုရား။

ဖိုး။ ။ သူတို့ မလိမ္မာ မိုက်လို့သာ ငါတို့ အနိုင်းအစေကို ခံကြရတယ် မဟုတ်လား။ တနိုင်ငံလုံး လိမ္မာနေကြာယင် မင်းတို့လို နေကြမှာပေါ့။ မင်းတို့လို ဖြစ်ကတည်းက မင်းတို့ မလုပ်ချင်တဲ့ နေရာ မင်းတို့ မသွားချင်တဲ့ နေရာကို ဘယ်သူ သွားအုန်းမလဲ။ လူမိုက်ပေတဲ့ လူမိုက်နဲ့ တော်တဲ့နေရာကို စေခိုင်းရတယ် မဟုတ် လား။

ဦး။ ။ မိန့်တော်မူသည့်အတိုင်း မှန်ပါကြောင်းပါ ဘုရား ဆိုင်ရာဆိုင်ရာ သူနှင့်လျော်ရာ အမှုတော်ကို ထမ်းယွက်နိုင်ရန် နေ ရာချထားမှ အမှုတော် ပြီးပြေပါကြောင်း၊ သို့သော် လူမိုက်ကို ချီးမွမ်းခြင်းသည် စိတ်နှိုက်သာ ပြီးနိုင်ပါကြောင်း၊ ရွှေနှုတ်တော် က အများကြားသိအောင် မြွက်တော်မူပါလျှင် လူအပေါင်းတို့က ဒီရှင်ဘုရင်ဟာ လူလိမ္မာကို မချီးမွမ်း လူမိုက်ကို ချီးမွမ်းသည်။ လူမိုက်အားကိုး ရှင်ဘုရင်ဟု တိုင်းသူပြည်သားတို့ ကြားယင် ကျွန် တော်မျိုး ပေါ်ဦး သေချင်အောင် နစ်နာလိမ့်မည်ဟု လျှောက် ထားလေသော် ဖိုးတော်မင်းကြီးသည် နောက်ထပ် မိန့်တော်မမူ ပဲး နန်းတော်ကြီးသို့ ဝင်တော်မူလေ၏။

## ရှင်ဘုရင်ကို မကြောက်သူများ

တနေ့သောအခါ နံနက် ညီလာခံနှိုက် ဟဲ့- ပေါ်ဦး၊ ငါ့ကို မကြောက်တဲ့သူများ ယှိသေးသလား မောင်မင့်။

ဦး။ ။ မှန်ပါ- မကြောက်တဲ့သူများ ယှိပါ ကြောင်းပါ ဘုရား။

ဖိုး။ ။ ဘယ်သူများ ငါ့ကို မကြောက်ကြသလဲ။

ဦး။ ။ မှန်ပါ- မကြောက်တဲ့သူများသည် ဖုန်းကြီးကျောင်း သားများ ဖြစ်ပါကြောင်းပါဘုရား။

ဖိုး။ ။ ဘယ်နည်းနဲ့ မကြောက်ကြဒါလဲးကွဲ့။

ဦး။ ။ မှန်ပါ- ကျောင်းသားများတို့သည် မိမိဆရာ ဖုန်းကြီး မှတပါး အခြားသူကို ကြောက်ရသောစိတ် မယှိကြပါ။ ကြောက်ရသည်လို့လဲး အမှတ်မပြုကြပါကြောင်းပါ ဘုရား။

ဖိုး။ ။ မောင်မင်းလျှောက်တော်မူသည်ကို ငါယုံတော်မမူနိုင်ဘူး။

ဦး။ ။ မှန်ပါ- ယုံတော်မမူ ယှိပါလျှင် တနေ့-နေ့နှိုက် နန်းတော်မှာ သင်္ဃာတော်များကို ပင့်၍ ဆွမ်းကျွေးတော်မူပါ။ လှူဘွယ် ဝတ္ထုများကို တရားနာ၍ ရေစက်ချပြီး အမျှတော်ဝေ- အဆုံးတွင် ဤအခါ ကျောင်းသားများ သတ္တိကို ဒိဋ္ဌ သိတော်မူပါမည်၊ သင်္ဃာတပါးလျှင် နောက်ပါ တပည့် ကျောင်းသား ၅- ယောက်ပါရန် ပင့်တော်မူပါ ဘုရား။

ဖိုး။ ။ ကောင်းပီ မောင်မင်း လျှောက်သည့်အတိုင်း စီမံရန် မဟာဒါန်ဝန်ကို ဆင့်။

ဦးပေါ်ဦးလည်း အမိန့်တော်မြတ်အတိုင်း မဟာဒါန်ဝန်ကို ဆင့်လေသည်။

မဟာဒါန်ဝန်လည်း အမိန့်တော်မြတ်အရ သင်္ဃာတော် ၅၀ ကို ပင့်၍ ဆွမ်းဘောဇဉ် ကျွေးခြင်းနှင့် လှူဒါန်းရန် အခမ်းအနားများလည်း နေရာတကျ စီမံထားလေ၏။

ဖိုးတော်မင်းတြားသည် မိဖုရား၊ သားတော်၊ သမီးတော်၊ မှူးတော်၊ မတ်တော်တို့နှင့်အတူ အသျှင် သင်္ဃာတော်များကို ဦးခိုက်ပြီးလျှင် တရားတော် နာကြလေသည်။ ပြီးသော် ရေစက်

တော်ချ၍ အမျှတော်ဝေ ဆုတောင်းစာကို နာခံတော်က ဖတ်ပြီးသည့်အခါ ဦးပေါ်ဦးက ကျောင်းသားများ ဆိုင်ရာ ဆိုင်ရာ ယူလှဲ့ကြဟု ခေါ်လိုက်လေသည်။

ဤအခါ ကျောင်းသားများတို့သည် ဝုန်းကနဲ ပြေးလာကြရာ အချို့ မိဖုရားများကို တိုက်၊ သားတော်-သမီးတော်များကို တိုက်၊ မှူးတော်မတ်တော်များကို တိုက်၊ အချို့က အလှူဝတ္ထုကို ယူ၍ ဖိုးတော်မင်းတြားကြီး ခေါင်းပေါ်က ကျော်၍ ပေးသူက ပေးကြသောကြောင့် ဖိုးတော်မင်းတြားသည် ဟယ်ဟယ်နှင့် ထ၍ ရှောင်ရှားနေရလေသည်။ သင်္ဃာတော်များကလည်း ပြုံးတော်မူလျက် ကျောင်းတော်သို့ ကြွတော်မူကြလေသည်။

ဖိုး။ ။ ပေါ်ဦးလျှောက်တာ မှန်ပါပေတယ်။ ရှင်ဘုရင် မိဖုရား၊ သားတော် သမီးတော်၊ မှူးတော် မတ်တော်ရယ်လို့ ပမာမထား မိမိတို့ ဆရာနှင့်ဆိုင်ရာ လှူဘွယ်ကိုသာ ဦးအောင်ယူကြဒါပဲဟဲ့၊ ငါတောင် အတော်ရှောင်ရတယ်။

ဦး။ ။ သိတော်မူသည့်အတိုင်း ဖြစ်ပါကြောင်းပါဘုရား။

ဖိုး။ ။ ကျောင်းသားများသည် တပါးကျွန်သက်သက် ဖြစ်ကြပေတယ် မောင်မင့်။

ဦး။ ။မှန်ပါ၊ ကျောင်းသားတို့သည် မိမိတို့ဆရာ ဖုန်းတော်ကြီးကို အလွန်အားကိုးပါသည်။ မည်သည်ကိုမျှ ကြောက်တဲ့စိတ်မယှိကြောင့် သိရသောကြောင့် လျှောက်တင်ရခြင်း ဖြစ်ပါဘုရား။

ဖိုး။ ။ ဟုတ်ပါပေတယ်။ ငါ၏မိဖုရားများ၊ သားတော်၊ သမီးတော်များတို့ကို ကျောင်းသားများ ဝင်ရောက်တိုက်ခိုက်သွားကြသည်ကိုပင် အတော်ရှောင်ရှား ခဲ့ကြရပေတယ်မောင်မင့်။

ဦး။ ။ မှန်ပါ။ ဘုရား ကျွန်ပေါ်ဦးကတော့ ဖုန်းကြီးကျောင်း သားတို့ စည်းကမ်းဥပဒေကို နားလည်ထားသူဖြစ်ပါသောကြောင့် အတိုက်ဘေး အကျော်ဘေးမှ လွတ်ကင်း ချမ်းသာရပါကြောင်း ပါဘုရား။

သို့လို လျှောက်သောအခါ ဖိုးတော်နှင့် မိဖုရားကြီးတို့ ရယ်တော်မူလျက် အတွင်းတော်သို့ ဝင်ကြလေ၏။

## ဖိုးတော်နှင့် ကျောင်းအတူနေ ဈောင်းရင်းဘက်နှင့် တွေ့ကြပုံ

ရွှေဘိုမြို့ မုတ်ဆိုးချိုရွာက ဦးမှော် ဒေါ်တုတ်တို့သည် ဖိုးတော်မင်းတြားကြီး မင်းသားဖြစ်စဉ်က စစ်ကိုင်းဘက်နှိုက် စံတော်မူသည့်အခါ သူငယ်ချင်း ကျောင်းနေဘက် ဖြစ်သည်အတိုင်း ထွက်ဝင် သွားလှာ ပြောရဲ ဆိုရဲ နေကြခြင်း ဖြစ်ချေသည်။

ဖိုးတော်ကလည်း မောင်မှော် ဟူ၍၎င်း သူငယ်ချင်းဟူ၍၎င်း။ ဦးမှော်ကလည်း မောင်ဝိုင်းဟူ၍၎င်း သူငယ်ချင်းဟူ၍၎င်း ခေါ်ဝေါ် ပြောဆိုကြလေသည်။ မိဖုရားကြီးကလည်း ရှင်တုတ်၊ ဒေါ်တုတ်ကလည်း ရှင်လှန်းမယ်ဟူ၍ ခေါ်ဝေါ် ပြောဆိုကြလေသည်။

တနေ့သောအခါ ဦးမှော်က ရှင်တုတ်ရယ် ငါ့သူငယ်ချင်း မောင်ဝိုင်း ရှင်ဘုရင် ဖြစ်နေဒါ ကြာပြီကွဲ့။ ညည်းသူငယ်ချင်းမ

လဲး မိဖုရားဖြစ်နေပြီ။ မတွေ့ဒါကြာပြီ သူတို့ကိုတွေ့ရန် အမရပူရမြို့ကို သွားချင်တဲ့စိတ် ယိုလှာတယ်အေ၊ တို့ကိုမှတ်မှ မှတ်မိကြပမလားမသိ။ ဟိုအရင်က သူငယ်ချင်းစိတ်မျိုးမှ ယိုပမလားမသိ။ လူဆိုဒါ အမြင့်အမြတ်ကို ရောက်ရင် သူငယ်ချင်းမှန်း ဆွေမျိုးမှန်း မိဘမှန်း ကျေးဇူးရှင်မှန်း မသိသူက များတတ်ဘိခြင်းအေ့။

ဒေါ်တုတ်။ ။ ဟုတ်တယ်။ မောင်မင့်ပြောမှပဲး သတိရတယ်။ သူတို့ကို တယ်ပီး တွေ့ချင်တယ်တော့။ ကိုယ့်သူငယ်ချင်းက စိတ်တမျိုးပြောင်းပေမဲ့ အကျွန့်သူငယ်ချင်းမ ရှင်လွှန်းမယ်ကတော့ စိတ်ပြောင်းလိမ့်မယ် မထင်ဘူး။ တယ်ပီး ယွှဘော် လိမ္မာတဲ့ မိမ္မပေတော့။

မှော်။ ။ အေးလေ။ ဒါမှာတော့ တွေးကြည့်ရင် ရဒါကိုးအေ့။ အင်မတန် ချစ်ခင်ကြတဲ့ သူငယ်ချင်း ဖြစ်၍မို့ မောင်ဝိုင်းကလဲး အရင်ကလိုပဲး စိတ်နေစိတ်ထား တို့အပေါ်နိုက် ယိုလိမ့်မယ်လို့ ငါထင်တယ်အေ့။

တုတ်။ ။ ကိုင်း- ဒါဖြင့်ရင် သွားရအောင်မောင်မင်း၊ ဘယ်တော့သွားမလဲး။ အကျွန်လဲး ရှင်လွှန်းမယ်ကြိုက်တတ်တဲ့ ပဲးကလေး၊ နှမ်းကလေး၊ ဆီကလေးများ အနည်းငယ်စီ ယူသွားချင်တယ်တော့။

မှော်။ ။ ယခု လယ်ယာအလုပ် ပြီးတဲ့အခါ အားနေပြီ။ ဘုရားကြီးလဲးဖူးမျှော်ပူဇော်ရင်း ဖိန်းနွဲးခါလောက်သွားကြစို့ရဲ့ ရှင်မ။

တုတ်။ ။ ဘယ်လမ်းက ဆင်းမလဲးတော့ ပြောပါအုန်း။

မှော်။ ။ ရှိမ်းပကား ဆင်းမယ်အေ့။ မတ္တရာ တောင်ပြုံး ကူးမယ်အေ့။ တောင်ပြုံးက တဖြေးဖြေးကုန်းကြောင်းယှောက်၍ မဟာမြတ်မုနိဘုရားကြီးကို ဦးစွာဖူးမယ်အေ့။ နို့ပီးတော့မှ မြို့တော်ကို ဝင်ကြဒါပ။

တုတ်။ ။ ဟုတ်ကဲ့။ မြို့ကျတော့ သောက်စရာ ပြောင်းဖူးဖက်လိပ် လုံလောက်အောင် လိပ်ပီးယူခဲ့မယ်။ ရှင်လွန်းမယ် ခြုံတတ်တဲ့ ဖျင်ဖြူ နံငယ်ပိုင်း တခုလဲးယူသွားမယ်တော့။

ဤကဲ့သို့ လင်မယားပြောဆိုတိုင်ပင်ကြသည်ကို အထောက်တော်များသိ၍ မြို့တော်သို့ သံတော်ဦးတင်လွှာဆက်နှင့်လေ၏။

ဖိုးတော်။ ။ ရှင်လွန်းမယ်ရေ။ ဟော- တို့သူငယ်ချင်း မှတ်ဆိုးချိုက မောင်မှော်-မယ်တုတ်တို့ မောင်တို့ဆီ လှာမည့်အကြောင်း အထောက်တော်များထဲက တင်လွှာရောက်လှာတယ်။

မိဖုရားကြီး။ ။ အော်- ဟုတ်ပါလား။ လှာစေချင်ပါတယ်။ မမြင်ရဒါ အတော်ကြာလှပါကြောင်းပါ။

ဖိုးတော်လည်း သံတော်ဆင့်ကို မည်သည့်ရက်နေ့ မြောက်မျက်နှာတံခါးက မောင်မှော် မတုတ် အမည်နှင့် ဝင်လှာလျှင် တံခါးပိုလ်က မတားစေနဲ့၊ ၎င်းတို့ ဝင်လှာကြောင်းကို ၎င်းထံ အမြန်ဝင်၍ သံတော်ဦးတင်ရမည်ဟု တံခါးပိုလ်ကို ဆင့်ရန် စေလေ၏။

## ဦးမှော်- ဒေါ်တုတ်

ဦးမှော် ဒေါ်တုတ်တို့လည်း ရှိမ်းပကားသို့ ဆင်းပြီးလျှင် တောင်ပြုံးဘက်ကူး၍ ကုန်းကြောင်းလှာကြရာ လွန်တောင်းရွာ

ကျသောအခါ ဦးမှော်က ရှင်တုတ်ကေ- ငါ့သူငယ်ချင်း ကြိုက်တတ်ပါတယ်အေ ဟောဟို မုံ့ပေါင်းကြီး လေးခုလောက် ဝယ်ခဲ့ပါအေ။

ဒေါ်တုတ်။ ။ ဟုတ်တယ် ကိုမှော်ရေ ဝယ်ခဲ့မယ်၊ ဆို၍ ဝယ်ယူပြီးလှာကြလေသည်။

အိုးဖိုသို့ရောက်လျှင် ဒေါ်တုတ်က နေအုန်းကိုမှော်ရေ၊ ရှင်လွန်းမယ်ဖို့ ပဲကြော်ကလေးနဲ့ ရိုးမှားကြော်ကလေးဝယ်ခဲ့အုန်းမယ်ဆို၍ ဝယ်ပီးလာကြရာ ဘုရားကြီးကို ရောက်၍ ပန်း၊ ဆီမီးများ ပူဇော်ကန်တော့ကြပြီးလျှင် အမောအပန်းဖြေပြီးမှ တဖန်သွားကြရာ လေးချက်မတီးမီ မြို့တော်မြောက်မျက်နှာ တံခါးသို့ရောက်သောအခါ တံခါးဗိုလ်က အမည်ကိုမေးရာ အမိန့်တော်အတိုင်းဖြစ်၍ နန်းတော်ကြီးသို့ အမြန်ပြေးပီး သံတော်ဦးတင်ပြီးလျှင် အမိန့်တော်နှင့် တံခါးဗိုလ် အမြန်ပြန်လှာ၍ ဦးမှော်-ဒေါ်တုတ်တို့ကို နန်းတော် မြောက်ဥယျာဉ်တော်သို့ ခေါ်သွားလေသည်။

ဖိုးတော်။ ။ ရှင်လွန်းမယ်ရေ၊ ဟော တို့သူငယ်ချင်း လင်မယား မြို့တွင်းသို့ဝင်လှာပြီတဲ့၊ လာသွားကြိုရအောင် မိန့်တော်မူပြီး မိဖုရားကြီးနှင့်အတူ နန်းတော်မှ ဆင်းသက်၍ မြောက်ဥယျာဉ်တော်အလွန်က ဆီးကြိုကြရာ လှာသည်ကို မြင်သဖြင့် ဖိုးတော်က လာဟော့ သူငယ်ချင်း မောင်မှော်လို့ ခေါ်တော်မူသည်။ အနီးသို့ရောက်သောအခါ ဖိုးတော်က ဦးမှော်လက်ကို ဆွဲကာ သူငယ်ချင်း မာရဲ့လားကွယ်၊ ခုမှပဲ မင်းတို့လှာလို့ တွေ့ရတော့တယ် ဝမ်းသာသကွယ်။

မှော်။ ။ အေး-ကျန်းမာလို့ လာနိုင်တာပဲမောင်ဝိုင်းရေ။ မင်းတို့အားလုံး ကျန်းမာရဲ့နော်။

မိဖုရားကြီး။ ။ ဟေ့- ရှင်တုတ် ညည်းပါလှာသကိုး၊ မာရဲ့လားအေ့။

တုတ်။ ။ အေး-မာတယ် ရှင်လွန်းမယ်ရေ ကလေးတေ အကုန်မာကြရဲ့လား။

မိဖုရားကြီး။ ။ ကလေးတေ အကုန်ပဲ မာကြရဲ့။ ကလေးတေကြီးကုန်လို့ မြို့စား၊ ရွာစား ဖြစ်ကုန်ကြပကောအေ့။

တုတ်။ ။ အေးအေ၊ ငါက စကိုင်းတုန်းကလို မှတ်နေတယ်။

မိဖုရားကြီး။ ။ ရှင်တုတ် ညည့်မှာ ခေါင်းမွေးများ ဖြူကုန်မှကိုးအေ့။

တုတ်။ ။ ခေါင်းမွေးဖြူဆို အသက်ကိုလဲး ကြည့်ပါအုန်းမှပအေ။ ညည်း ငါ့ထက် တနှစ်သာကြီးတယ်အေ့။ ငါ့မှာတော့ နေပူ မိုးစွတ်မရှောင် အလုပ်ကြမ်းတေကို လုပ်ရကိုင်ရဒါနဲ့ ပင်ပန်းတော့ ဆံပင်လဲးဖြူ သွားလဲး ၃-၄ ချောင်း အပေါ်က ကျိုးပီအေရဲ့။

ဖိုးတော်။ ။ လာကြဟေ့ နန်းတော်ပေါ်သွားကြစို့။ နန်းတော်ပေါ်ရောက်လျှင် အတွင်းဆောင်တော်တွင် ထိုင်ကြရန် ပြလေ၏။

ဒေါ်တုတ်။ ။ ဖျာတေက ချောလှတယ်အေ။ ညစ်မဲးကုန်ပမယ်။ မထိုင်ချင်ပေါင်အေ တော်ရာက ထိုင်ပရစေ။

မိဖုရား။ ။ ထိုင်သာထိုင်ပါအေ၊ ညည်းတို့ထိုင်ဘို့ ဖျာကြမ်းတို့မှာ မယိုဘူးအေ့။ သည်လိုဖျာမျိုးချည်းပဲ ယိုတယ်အေ့။

မှော်။ ။ ဟော့. . ရှင်တုတ်ကဲ့၊ မောင်ဝိုင်းစားဖို့ ဟို- လွန်တောင်းက ဝယ်ခဲ့တဲ့ မုံ့ပေါင်းကြီးကို ထုတ်ပေးပါအေ။

တုတ်။ ။ အောင်မယ် ဟုတ်တယ်၊ ဟော- ကိုဝိုင်းကြီး စားအေ့၊ ဟောဒါက ညည်းစားဖို့ ပဲကြော် ရိုးမှားကြော်အေ့။

ဖိုးတော်။ ။ ဘာလုပ်မဲ့ဝယ်လှာရတုန်း မောင်မှော်။

မှော်။ ။ မဟုတ်ဖူးလေ၊ မင်းက လွန်တောင်းမုံ့ပေါင်းကို ကြိုက်ထာသိလို့ ဝယ်လှာဒါ ကိုဝိုင်းရဲ့၊ ရှင်တုတ်ကလဲ သူ့သူငယ်ချင်းမ ကြိုက်တတ်တဲ့ ပဲကြော်ဆိုလား ဝယ်လှာတယ်။ ရှေးကလိုပဲ စားကြစမ်းကွယ်၊ ရှော့ဟော့ မင်းစကိုင်းမှာနေတုန်းက ဆေးတံနဲ့သောက်တတ်လို့ ဆေးစပ်ကလေးလဲ ယူခဲ့တယ်။

တုတ်။ ။ အော်-ရှင်လွန်းမယ် ဟောအေ့ ညည်းကြိုက်တဲ့ ပဲကြားကလေး နှမ်းဖြူကလေး ဆီကလေးအေ့။ ဟောဒါက ချည်ဖြူကလန်အေ့ ညည်းခြုံဖို့ ငါကိုယ်တိုင်ယက်ပီး ယူခဲ့တယ်အေ့ အင့် ခြုံလိုက်စမ်း။

ဖိုးတော်နှင့် မိဖုရားကြီးက များစွာ ရယ်တော်မူလေသည်။ အပါးတော်၌ ဝန်းရံခစားနေကြသော အချွေအရံတို့လည်း များစွာရယ်ကြလေသည်။

မိဖုရား။ ။ မရယ်ကြနဲ့ မလှောင်ကြနဲ့ ဟဲ့၊ တို့ငယ်ငယ်က ဆင်းရဲတူ ကောင်းစားဘက် ဆိုသလို သူငယ်ချင်းတေဖြစ်တယ်။ တို့ဆင်းရဲးစဉ်က သူတို့လင်မယား အစားအစာ မကြာမကြာပို့

လှာတယ်။ ကျေးမွေးတဲ့ ကျေးဇူးရှင်များဟဲ့၊ ငယ်ငယ်ကလို ပြောရိုးပြောစဉ်အတိုင်း ပြောကြဒါပဲဟဲ့။ အင်မတန်ချစ်ကြတဲ့ သူငယ်ချင်းတေကလားဟယ်။

ဖိုးတော်။ ။ ကိုင်း-ရှင်လွန်းမယ် ကို့သူငယ်ချင်းမ ရှင်တုတ် ထမီရေသီနားနဲ့ ကုံးစပ်စုတ်ကွဲနေဒါ အသစ်ဖြစ်ပါစေ ပခုံး စုတ်နှင့် ပင်နီအကျီလဲ အသစ်ဖြစ်ပါစေ၊ မောင်မှော်ဝတ်တဲ့ အကျီ ဂုတ်ပြဲနဲ့ ဖျင်နံငယ်ပိုင်းတို့ အသစ်ဖြစ်ပါစေ၊ ကို့-ရှင်တုတ်ကို ခေါ်၍ သွားပေတော့၊ ငါလဲ မောင်မှော်ကို ခေါ်၍ ငါ့ အဆောင် သွားတော့မည်ဆို၍ အဆောင်တော်သို့ ဝင်ကြ လေ၏။

မှော်။ ။ မောင်ပိုင်း မားလက်နက်တေကိုင်ပီး နေကြဒါ ဘာတေတုန်းကွဲ့။

ဖိုးတော်။ ။ အဆောင်ကိုင် အိပ်ဖန်တော် အစောင့်များ ပေါ့ကွယ်။

မှော်။ ။ မင်းအိပ်တဲ့အခါ စောင့်ကြရဒါလား။

ဖိုးတော်။ ။ ဟုတ်တယ်ကွဲ့ သူတို့ ငါ့အဆောင်တော်ကို တညဉ့် လုံး မအိပ်ဖဲ့ စောင့်ကြရတယ်။

မှော်။ ။ အောင်မယ် ကြောက်စရာကြီးပါကလား။ ညများ ကီစွယ်သှိယင် ထွက်ဖို့ အခက်ကြီးဖြစ်မပေ့။

ဖိုး။ ။ ဘာအခက်ကြီးဖြစ်ရမှာလဲကွယ့်။

မှော်။ ။ ဟာ- တပိုတပါး အခင်းကြီး အခင်းငယ် ယှိလို့ သွားချင်ယင် မခက်ဖူးလားကွယ့်။

ဖိုး။ ။ ဘာခက်ရမလဲကွဲ့ မောင်မှော်ရဲ့၊ လာငါပြမယ်၊ ဟောဒီအခန်းကို ဘယ်အခါမဆို ကီစွယ်ပိုယင်လာ။

မှော်။ ။ ဒီရွှေတေနဲ့ အခန်းလား။ ရွှေတံခါးယွက်ကို ဖွင့်ရမလား၊ အင်း- ဝိုင်းတို့များ တပိုတပါးသွားဒါတောင် ရွှေချထားဒါကိုးကွဲ့။

ဖိုး။ ။ သွားလကွယ်၊ ဖွင့်ပီးကြည့်ပါလား။

မှော်။ ။ ဝိုင်းရေ- မင်းအခန်းကို ငါမသွားချင်ဘူးဟေ့။

ဖိုး။ ။ ဘာဖြစ်လို့တုန်းကွဲ့။

မှော်။ ။ ဟာ- မင်းဟာက ဒုတ်ခနောင်းလဲး မယှိဘူး ရေတေနဲ့ အင်ဒုံတလုံးနဲ့ ပိုးပုဝါဆွဲထားဒါတွေ့ရတယ်။

ဖိုး။ ။ အို- မောင်မှော်နှယ်နော် ခက်ပါဘိ၊ ရေနှင့် သုတ်သင်ရတယ်၊ ပီးတော် လက်ကို ပဝါနဲ့ သုတ်ရတယ်ကွဲ့ ဟာလူရဲ့။

မှော်။ ။ ကောင်းပေါင်ကွယ်၊ တို့ဒုတ်ခနောင်းကမှ အားယှိပါးယှိ ကုန်းရသေးတယ်။ ဝိုင်းတို့က နုဒါကို ဒုတ်ခနောင်းနဲ့တော့ ရှုမှာစိုးလို့ထင်ပါရဲ့။

ဖိုး။ ။ မောင်မှော်မလဲး ကြဲကြဲစည်စည် ပြောပေကွယ်၊ ရှင်ဘုရင်ဆိုတာ သည်လိုပဲး သုံးရတယ်ကွယ့်၊ ဟိုစကိုင်းမှာ ဆင်းရဲးတုန်းကတော့ မင်းတို့လိုပေါ့ကွယ့်။

ဤသို့ စကားပြောနေကြရာ အတော်ကြာလျှင် မိဖုရားကြီး အဆောင်တော်က ပုဆိုးအစုံ ၁၀-ထည် ရွှေကလပ်နှင့်တင်၍ လက်ဖက်ရည်အချိုပွဲး အချဉ်ပွဲးများပါ ပို့လှာလေ၏။

ဖိုး။ ။ ကဲ-မောင်မှော်ရေ ဟော- မိဖုရားကြီး အဆောင်တော်က မင်းဝတ်ဆင်ရန် ပုဆိုး-အင်္ကျီ-ခေါင်းပေါင်းများပို့လိုက်တယ်။ မြန်မြန်ထပြီးတော့ ဝတ်ကွယ်၊ ဟောဒီက လက်ဖက်ရည်နဲ့ အချိုပွဲ အချဉ်ပွဲများကွဲ့ မင်းကြိုက်ရာစားပေတော့ဟေ့။

မှော်။ ။ ပုဆိုးပေးဒါ ရွှေကလပ်ပေါ် တင်ရသေးသလားကွယ်၊ လက်နဲ့ ကိုင်ပြီးတော့ လာ၍ပေးရောပ့၊ တယ်ကောင်းတဲ့ပုဆိုးကွယ် အခုမဝတ်ချင်သေးဘူး၊ ဘုရားသွား ကျောင်းတက်မှ ဝတ်ပရစေကွယ်။

ဖိုး။ ။ မောင်မှော်- မင်းတယ် ဆင်ခြေထူတယ်၊ အခုမြန်မြန်ဝတ်ကွယ်၊ ဘုရားသွား ကျောင်းတက်ဖို့မပူနဲ့ ပုဆိုး ၁၀-ထည်လုံး တခါထဲး ကုန်နိုင်ပမလားကွဲ့။

မှော်။ ။ အေးပါကွယ်၊ မင်းပြောရာ နားထောင်ပမယ်။ စိတ်မဆိုးပါနဲ့။

ဖိုး။ ။ ငါစိတ်မဆိုးပါဘူးကွဲ့၊ အင်မတန်ချစ်တဲ့သူငယ်ချင်းမို့ ကောင်းကောင်းမွန်မွန် ဝတ်စေချင်တယ်။ စားစေချင်တယ်ကွဲ့၊ လောကမှာ ကံအတိုင်း စီမံရာခံကြရတယ်၊ အကြောင်းအားလျော်စွာ သုံးစွဲးကြရတယ်၊ အချိန်အခါကို ယွေးချယ်နေရတာ မဟုတ်ဖူးကွဲ့ မောင်မှော်။

မှော်။ ။ ဟုတ်ပါတယ်မောင်ဝိုင်း၊ တို့ဆင်းရဲသားဆိုတော့ဆင်းရဲတဲ့စိတ်မျိုးပဲးယှိတယ်၊ မင်း၏ စိတ်မျိုးမဟုတ်တော့ နေရာတိုင်းကိုပင် ဆင်းရဲသားစိတ်မျိုးနဲ့ တိုင်းထွာဆင်ခြင်ရဒါပဲးကွဲ့။

ဖိုး။ ။ မင်းပြောဒါ ဟုတ်ပေတယ်၊ မိမိအမျိုးဘာသာကို ရုတ်ခြည်းပြောင်းလဲနိုင်မည်မဟုတ်ပေဘူး၊ သို့သော် ဆင်းရဲသား က မင်းစိတ်ဝင်နေယင် ဆင်းရဲပျက်စီးတတ်တယ်ကွဲ့၊ ဆင်းရဲသူပင် ဖြစ်သော်လဲ အရည်အချင်းရှိ၍ မင်းက သင့်လျော်သော ရာထူးဖြင့် ခန့်ထားသူကောင်းပြုသောအခါ အပြောအဆို အနေ အထိုင်ကို တမျိုးလေ့ကျင့်ရတယ် မောင်မှော်၊ ကိုင်း- မင်းလာရ ဒါ ခရီးပန်းတယ်၊ ဟောဟိုအနားက ခုတင်မှာ အိပ်ပေတော့၊ မင်းတို့ကုန်းကြောင်းလာခဲ့ရဒါအတော်ညောင်းလိမ့်မယ်၊ မကြာ မီ အနှိပ်တော်လာလိမ့်မယ်၊ အနှိပ်များခံလိုက်ပေအုန်းကွယ်။

မှော်။ ။ အေးကွယ် မင်းပြောဒါကို နားထောင်ပမယ်၊ ဝိုင်း-ငါ့ကို စိတ်မဆိုးနဲ့နော်- မကြိုက်ထာကိုပြော၊ ရှင်ဘုရင်နေ တဲ့ နန်းတော်ဆိုဒါ မင်းကြောင့် ခုမှရောက်ဖူး မြင်ဘူးဒါကွဲ့ သိရဲ့လား။

ဖိုး။ ။ အေးပါကွယ် မင်းနှယ် ပူစရာမဟုတ်တာတေ ပြော မနေပါနဲ့၊ မင်းသဘောအတိုင်း အေးအေးသာသာ စားသောက် နေထိုင်ပါကွယ်။

မှော်။ ။ မောင်ဝိုင်း ဘာလဲးကွဲ့၊ ခေါင်းလောင်းသံလဲး ပါရဲ့၊ ဒိန်းဒိန်းသံလဲးပါရဲ့ မြည်နေဒါ ငါနားထောင်နေဒါ တဆဲ့တခါ မြည်သဟေ့။

ဖိုး။ ။ ဗဟိုရ်စည်လို့ ခေါ်တယ်ကွဲ့၊ မြောက်ဥယျာဉ်တော် နာရီမှူးက ငွေမောင်းသံတချက် တီးလိုက်ယင် ဗဟိုရ်စည် အမှု ထမ်းတို့က ခေါင်းလောင်းနဲ့စည်ကို တချက်စီတီးရတယ်၊ အဲဒါ

တချက်တီးပြီလို့ မှတ်ရတယ်၊ မင်းတို့တောမလိုဖြင့် လူကြီး ခေါင်းချခေါ် ဒါမျိုးပေါ့ကွယ်။

မောင်။ ။ ဟင်-မောင်ဝိုင်း စောင်းသံ ပတ္တလားသံ အဆိုသံ များပါလား၊ ဘယ်ကတီးနေကြပါလိမ့်။

ဖိုး။ ။ အဲဒါ အိပ်ခါနီးလို့ အငြိမ့်တော် အဆိုတော်တို့က ဖြေဖျော်ကြရတယ်ကွဲ့။

မောင်။ ။ငါတော့ အိပ်ပျော်မယ်မဟုတ်ဘူး၊ တယ်နား ထောင်ကောင်းသကွဲ့။

ဖိုး။ ။ နောက်တော့ တဖြေးဖြေး အိပ်ချင်လှာမှာပေါ့ကွယ်။

မောင်။ ။ နို့ရှင်တုတ်တို့ဆီမကော သည်လိုပဲလား။

ဖိုး။ ။ မိဖုရားကြီး အဆောင်တော်က သည့်ထက် ခမ်းနား တယ်၊ အတီးအမှုတ်အဆိုဟူသမျှ မိန်းမချည်းပဲကွဲ့။

မောင်။ ။ အောင်မယ် ငါသွားကြည့်ချင်ပါဘိတော့ ငါမ သွားရဘူးလားဟေ့။

ဖိုး။ ။ မသွားရဘူးကွဲ့ တို့နေဒါက ယောက်ျားပိုင်း၊ မိဖုရား ကြီးနေဒါက မိန်းမပိုင်း၊ မိန်းမပိုင်းကို ယောက်ျားကျူးယင် ဒူး ကို ဖြတ်ရတယ်။

မောင်။ ။ ဟာ ဒါဖြင့် နေရာမကျပေါင်ကွယ် ရှင်တုတ်ဆီကို ငါသွားချင်ယင် မခက်ဖူးလား။

ဖိုး။ ။ မင်းတို့တော့ အပြစ်လွတ်ပါတယ် လာငါလိုက်ပို့ မယ် ထသွားစို့။

မှော်။ ။ အင်း တသက်တခါ ဆိုသလို နှစပ်အောင်ကြည့်ရအုန်း၊ အောင်မယ် မောင်ဝိုင်း မိန်းမတေဝိုင်းနေလိုက်တာ တယ်လှပါကလားဟေ့။

ဖိုး။ ။ နန်းတော်သူ အပျိုတော်တေကွဲ့ ဝန်စု မှူးစု သွီးများဖြစ်ကြတယ်။

မှော်။ ။ သူတို့ယောက်ျား သနာ မယှိကြဘူးလား

ဖိုး။ ။ မယှိဘူး လင်မယူရဘူး အပျိုမှ ခစားရတယ်ကွဲ့။

မှော်။ ။ သူတို့ လင်လိုချင်တော့ ဘယ့်နှယ်လုပ်မလဲ။

ဖိုး။ ။ မိဖုရားကြီးက နေရာချထားရတယ်ကွဲ့။

ဤအခါ ထွက်တော်မူလှာသည်ကို မိဖုရားကြီးက မြင်တော်မူလျှင် နေရာထိုင်ဖုံတော်ပြင်စေသည်။

မိဖုရားကြီး။ ။ ဟေ့ ရှင်တုတ် ဟိုကြည့်စမ်း ထွက်တော်မူလှာပြီအေ့၊ ဒေါ်တုတ်က ဦးမှော်ကို ကြည့်၍ ပြုံးလေသည်။

ဖိုးတော်မင်းတြားလည်း ခင်းထားသောနေရာ ထိုင်ဖုံပေါ်သို့ ထိုင်တော်မူပြီးသော် မောင်မှော် လာလကွယ် ဘာကိုကြည့်နေတုန်း သည်နေရာမှာထိုင်ကွဲ့။

ဦးမှော်က ထိုင်ပြီးလျှင် သူ့မယားကို ကြည့်၍ အောင်မယ် ရှင်တုတ် ညည်းတယ်လှနေပါကလား လို့ဆိုလိုက်လျှင် အခြွေအရံတွေ အုန်းကန်း ရယ်ကြလေသည်။

တုတ်။ ။ ကိုကော မလှဘူးလား။

မော့်။ ။ ငါ့မှာတော့ ကိုဝိုင်းက မဝတ်မနေရဘူးဆိုလို့ သူ့ကိုကြောက်တာနဲ့ ဝတ်လာရတယ်အေ့ ဆေးလိပ်မီးဖွားကျ မှာစိုးဒါနဲ့ ဆေးလိပ်တောင် မသောက်ခဲ့ရဘူးအေ့။

မိဖုရားကြီး။ ။ သောက်တာ သောက်ပါ မီးပေါက်ကော ဘာကိစ္စယိုမှာတုန်း အသစ်တထည် ဝတ်ပြန်ဒါပေါ့ ကိုမော့်။

မော့်။ ။ ပေါတဲ့လူမှာ ကိစ္စမယိုပေတဲ့၊ မယိုတဲ့ဆင်းရဲ သူမှာ ကိစ္စယိုပေတယ်၊ ဒါကြောင့်မို့ ဆင်ခြင်ရတယ်။

ဖိုး။ ။ ဟုတ်ပါတယ်ကွဲ့ မင်းသဘောယိုသလို နေပါလို့ ငါအခွင့်ပေးထားမင့်ကို စိုးရိမ်ကိစ္စတွေ များမနေပါနဲ့ကွဲ့။

မော့်။ ။ အော် ကိုဝိုင်းရယ် တို့တောရွာမှာ ကလေးတေဆို ကြဒါ ကြားရတယ်၊ ကိုဝိုင်းသားတော် ပခန်းမင်းသားဆိုလား အပြစ်ပေးလို့ သွားရတော့ စီကုံးတဲ့ သီချင်းတဲ့ကွယ်၊ သာစ်လဲး ပါရဲ့ နေညိုလဲးပါရဲ့ တတောထွက်ဝင်လဲး ပါပါတယ် ကြားရ ဒါ တယ်သနားစရာကောင်းတယ်၊ အဲဒီတေးချင်းကို နားထောင် ချင်ရန်ကွယ်။

မိဖုရားကြီးက ကြားတော်မူလျှင် အဆိုတော် ပင်းတလဲး မြို့စားကို မျက်ရိပ်ပြလိုက်သောအခါ စောင်းတော်နှင့် "အောင် မြေသာစံ သောင်ယံသဲက" ချီသော ပတ်ပျိုးကြီးကို ဆို၍ ရွှေနား တော်သွင်းရလေသည်။

ဖိုး။ ။ ဘယ့်နှယ်လဲးကွဲ့ မောင်မော့်ရဲ့။

မော့်။ ။ အင်း- ကောင်းပါပေကွယ်၊ ရှင်ဘုရားများ စည်း စိမ်ဆိုဒါ ဒါပဲးကိုကွဲ့၊ ဘယ်တော့ပျင်းစရာယိုတော့မလဲး၊ နို့-

သီချင်းကို သားတော် ပခန်းမင်းက ရေးသား စီကုံးပီးတော့ မောင်ပိုင်းထံ ပို့တာမဟုတ်လား။

ဖိုး။ ။ ငါ့ထံရောက်ဦးတိုက်မဆက်နိုင်ဘူး၊ မယ်တော်မိဖုရားကြီးထံပို့တယ်။ မိဖုရားကြီးကမှ ယခုလို ညညီလာခံ အဖြေအဖျော်အညီမ့်တော်တို့က ငါ့ရှေ့တော်မှောက်ဆို၍ လျှောက်ကြရတယ်။

မှော်။ ။ နို့- သည်လိုသားတော်ပခန်းမင်းသား၏ စာမှန်းသိတော့ ကိုပိုင်းက ဘယ်လိုလုပ်သလဲ။

ဖိုး။ ။ ဤအခါ ငါက သားတော်ရာဇဝတ်တော်မှ ချမ်းသာစေ၊ မြို့တော်ရောက်ပြန်၍ခေါ်စေ၊ အမိန့်တော်ထုတ်လိုက်ထာပေါ့ကွဲ့။

မှော်။ ။ အင်း- ပြန်၍ခေါ်ထိုက်တဲ့သီချင်း ဖြစ်ပါပေတယ်ကွယ်၊ ရာဇဝတ်အပြစ်မှ ချမ်းသာခွင့်ရတဲ့ ပတ်ပျိုးသီချင်းကြီးဟု ခေါ်ရပေမယ်နော်။

ဖိုး။ ။ မင်းပြောသလိုပဲ၊ ၎င်းပတ်ပျိုးနာမည် တွင်နေပါပြီကွဲ့။

မှော်။ ။ နို့- တခုယိုသေးတယ်၊ မင်းကွန်းစေတီတော်ကြီး ထီးတော်တင်တဲ့အခါ ဆိုင်းတော် ဝိုင်းတော်များ တီးမှုတ်ရန် မောင်ပိုင်းအမိန့်တော်နဲ့ မြဝတီမင်းကြီးဆိုလား စီကုံးတဲ့ ကုန်းဘောင်မြို့ဖွဲ့ဆိုလား တို့ရှေ့ဘိုပေါ့ကွယ်၊ အဲး-ချီးပြီးရေးတဲ့သီချင်းကို သူတို့ရလျှင် နားထောင်စမ်းချင်ရန်ကွယ်။

မိဖုရားကြီးက ပြင်စည်မြို့စား အဆိုတော်ကို မျက်ရိပ်ပြလိုက်လျှင် စောင်းတော်က ဘွဲ့ခံပေး၍. "ကုန်းဘောင်ပရမေ၊ ဇေ

ယျာဘိ၊ သီရိသီရိခုနစ်ကြိမ်" အစချီသော သံမျိုးစုံပတ်ပျိုးကြီး ကို သီဆို၍ ရွှေနားတော် တင်သွင်းရလေသည်။

ဖိုး။ ။ ဘယ့်နှယ်လဲး မောင်မှော်၊ နားထောင်ကောင်းရဲ့ လားကွဲ့။

မှော်။ ။ ကောင်းပါသော်ကောကွယ်၊ တို့ရွှေဘိုမြို့ကြီး ချီး ဒါကိုးကွဲ့ အသံစုံပါပေကွယ်၊ ရတု- ယိုးဒျား- တလိုင်း- ပဥ္စရူပ- လောကပါလ နတ်သံတို့ပါ ညှပ်ထားလိုက်ထာ နားထောင်လို့ မငြီးနိုင်အောင် ခမ်းနားပါပေတယ်။

ဖိုး။ ။ တော်ပလား၊ နားထောင်ချင်သေးသလား၊ မင်း နားထောင်ချင်ဒါကိုပြော။

မှော်။ ။ တခုတော့ နားထောင်ချင်သေးဒါပဲကွဲ့၊ ကိုဗိုင်း အမရပူရ မြို့တော်ကို သိမ်းပိုက်တော်မူတဲ့အခါ ဖုန်းတော်ကို ဖွဲ့ဆိုရတဲ့ သီချင်းခန့်ကြီးဆိုလား"သိမ်းရုံးပေါင်းကျုံး" ဆိုလား ပါ-ပါတယ်၊ အတော်ရှည်သဟေ့ တို့ရွာမှာ မိကျောင်းနဲ့ တီးပီး ဆိုကြဒါကြားရတယ် တယ်ကောင်းတယ်၊ အဲးဒါကို နားထောင် ချင်ရန်ကော။

မိဖုရားကြီးက မန်လည်မြို့စားအဆိုတော်ကို မျက်ရိပ်ပြလိုက် ရာ မိကျောင်းနဲ့ ဇမ္ဗူကျွန်းလုံး သိမ်းရုံးပေါင်းကျုံး အစချီ သော သီချင်းခန့်ကြီးကို စည်းလွတ်တမျိုး စည်းမှန် တမျိုးဆို၍ ရွှေနားတော်သွင်းရလေသည်။

ဖိုး။ ။ ဘယ့်နှယ်တုန်း မောင်မှော်။

မှော်။ ။ ခမ်းခမ်းနားနား အရသာယှိပါဘိကွယ်၊ လူကို စိတ်ကြီးတမျိုး ဝင်သွားတယ်။ တို့တောရွာမှာ ကြားရဒါက စည်းစနစ်မယှိဘူး။ အဆွဲအငင် လေယူလေထုတ်ချင်း ကွာပါပေတယ်၊ တောမှာတော့ ဒီလို ဘာ ကျနမတုန်း။ တောင်အော် မြောက်အော်နဲ့ သူတို့ကိုယ်ကို လူတတ်ကြီး လုပ်ပီးပြော မသိတဲ့လူက အဟုတ်မှတ်၍ယုံ၊ နန်းတော်မူအတိုင်း ဖြစ်ပါတယ်လို့ ပြောဆိုဝါကြွားတာကို တောသားတို့က ယုံနေကြတာပဲးကွဲ့၊ အခု နန်းတော်မှာ နားထောင်ရဒါနဲ့ စာလိုက်တော့ တောမှာလာ၍ ဝါကြွားဆိုတဲ့ သူတဲ့ အသံဟာ ခွေးအ,သံနဲ့ တူဒါပဲး ဝိုင်းရေ့။ တယ်ပီးတော့ ကိုဝိုင်းသို့ ဖုန်းကြီးတဲ့ဂုဏ်ကို ချီးမြှောက်လိုက်တာဝိုင်းတို့, လွန်းတို့ဖြင့် စောက်ကျိုးနဲ ဝမ်းသာဝမ်းမြောက် ယှိကြမှာပဲးနော်။

ဖိုးတော်နဲ့ မိဖုရားကြီးက ရယ်တော်မူသည်။ အခြွေအရံတို့လည်း ရယ်ကြလေသည်။

ဖိုး။ ။ ကိုင်း-နားထောင်အုန်းမလားကွဲ့။

မှော်။ ။ တော်ပီကွယ်-အိပ်ချင်ပီ ပြန်ကြစို့။

ဖိုး။ ။ ကိုင်း-ထ, ပြန်ကြစို့။

မှော်။ ။ ရှင်တုတ်ကေ တို့ပြန်ပီဟေ့ဟု နှုတ်ဆက်သည်ကို ဖိုးတော်နှင့် မိဖုရားကြီးက ရယ်ကြလေသည်။

မိဖုရားကြီး။ ။ မှော်က ရှင်တုတ်ကို မခွဲးနိုင်ဘူး မှတ်တယ်။

မှော်။ ။ ခွဲးနိုင်ပါတယ် လွန်းရယ်၊ ပြန်မှန်းသိအောင် ထုံးစံအတိုင်း နှုတ်ဆက်ထာပါ။

ဖိုး။ ။ မိဖုရားကြီး မောင်မှော်တို့ လင်မယားကို ပြန်မလွှတ်သေးဘူး၊ တလလောက် နန်းတော်မှာ နေစေရအုန်းမယ်၊ ရှင်တုတ်ကိုလဲး မိဖုရားကြီးကိုယ်တိုင် နန်းတော်ပေါ်ယို့ အဆောင်တွေကို လိုက်ပြပါ၊ သူသွားချင်တဲ့ နေရာကို လိုက်ပို့ပါ။ သူလိုချင်တာ ပြည့်စုံပါစေ၊ ကျုပ်လူ မောင်မှော်တော့ ကျုပ် တာဝန်ရှိစေ။

တုတ်။ ။ ပိုင်းရေ ဘာမှမလိုချင်ပေါင်၊ တွေ့ရတာကို များများကြီး ဝမ်းသာတယ်၊ ဟို စကိုင်းဘက်မှာ နေကြတုန်းကလို ပြောလိုက်ရီလိုက်နဲ့ နေရဒါ အင်မတန် ဝမ်းသာတယ် ပိုင်းရေ၊ ထူးထူးဆန်းဆန်း များကိုသာ ကြည့်ပီးတော့ သွားချင်ဒါပဲး၊ တောကျတော့ တွေ့ဒါတွေကို ပြောပြချင်တယ်။

ဖိုးတော်နှင့် ဦးမှော် အဆောင်တော်သို့ ပြန်လာကြရာတွင် ဦးမှော်က မောင်ပိုင်းရေ့ အခု ရှင်ဘုရင်ဖြစ်မှ မိဖုရားကြီးနဲ့မယားတေ ဘယ်နှစ်ယောက် ယှိတုန်းကွဲ့။

ဖိုး။ ။ များများ မယှိပေါင်ကွယ်၊ တကျိပ်ကျော် နှစ်ကျိပ်ခန့်လောက်ပါပဲး။

မှော်။ ။ များလှချည့်ကလား ပိုင်းရယ်၊ တတ်ပဲးတတ်နိုင်ပါပေကွယ်။

ဖိုး။ ။ ကာမဂုဏ်စည်းစိမ်ကို ခံစားချင်လို့ မိဖုရားများများထားတာ မဟုတ်ဘူးကွဲ့၊ အဝေးအနီး ဝန်စုမှူးစုတို့နဲ့ ရေး-ဘိတ် ထားဝယ် ရခိုင် မနိပူရ တရုပ်ပြည် ဘုရင်များ စော်ဘွားများတို့က ပဏ္ဏာတော်အဖြစ်နဲ့ သမီးကညာ ဆက်သကြရတာကို လက်ခံ သိမ်းပိုက်တော်မူ၍ မိဖုရားမြှောက်ရသကွဲ့။

မှော်။ ။ လာဆက်ထာကို မသိမ်းပိုက်ပဲနေယင် ဘာဖြစ်တတ်တုန်းကွဲ့။

ဖိုး။ ။ မောင်မှော်မလေး ကြံကြံစည်စည် မေးရန်ကွယ်၊ ငါ့ဖုန်းတော်ကို ကြောက်ရွံ့၍ ဖုန်းတော်ကို ခိုလှုံရအောင် ဆက်သကြတယ်ကွဲ့၊ ဆက်သ,တဲ့အတိုင်း သိမ်းပိုက်တော်မူ၍ မိဖုရားမြှောက်ထားတော့ ရန်သူကို ကာကွယ်တဲ့ သဘောရောက်တယ်ကွဲ့၊ မိမိတို့သမီး မိဖုရား စည်းစိမ်ကို စောင့်ရှောက်သဖြင့် ရန်ဆူးရန်ငြောင့် မပေါ်အောင် တိုင်းပြည်ကို ကြည့်ရှုအုပ်ချုပ် နေကြတော့ ရှင်ဘုရင် လုပ်သူမှာ ဘာမျှမပူရဘူးကွဲ့၊ အေးအေး ချမ်းချမ်း စံတော်မူရသကွဲ့၊ သေစေတတ်တဲ့ ဓား-လှံ-သေနတ်ခဲယမ်းမီးကျောက် မလုပ်ရဘူး၊ လက်နက်ကိုင် စစ်သည်တပ်သားမထားရဘူးကွဲ့၊ ဒီတော့ စရိတ်တော်ငွေ မကုန်ဘူးကွဲ့၊ ငါတို့ရှင်ဘုရင်၏ လက်နက်သည်ကား ရှေးဖုန်းရှေးကံနှင့် မေတ္တာတရား၊ မင်းကျင့်တရားတို့ဟာ အလွန်ကြီးကျယ် ထက်မြက်တာကလား။ မောင်မှော် ကံကို အမှီပြု၍ ဖြစ်ကြပေတယ်လို့ မှတ်ပါ။

မှော်။ ။ ကံ-ဉာဏ်-ဝီရိယ ဆိုပေတယ်၊ အရင်းမူလမှာတော့ ကံပေါ့လေ၊ ပစ္စက္ခ၌ ဉာဏ်-ဝီရိယ ဖြစ်ပေတယ် မဟုတ်လား။

ဖိုး။ ။ မင်းပြောဒါ ဟုတ်ပါရဲ့၊ ဆက်သသော သမီးကညာများ လက်ခံခြင်းသည် ဉာဏ်ပေါ့ကွဲ့၊ အထိုက်အလျောက် ရာထူး ဌာနန္တရ ချီးမြှောက်ခြင်းလဲ ဉာဏ်ပေါ့ကွဲ့၊ အရာရာကို သတိပြုခြင်းဟာ ဝီရိယပေါ့ကွဲ့၊ ကိုင်း- မင်းခုတင် မင်းသွားပေတော့ အိပ်ကြစို့ကွယ် ညဉ့်နက်ပြီ။

× × × × ×

နံနက်မိုးလင်းသည့်အခါ လက်ဖက်ရည်တော်၊ ကွမ်းရေတော်တို့က အချိုအချဉ်ပွဲများကို ယူလာ၍ ရှေ့တော်နှိုက် ခင်းကျင်းထားကြ၏။

ဖိုး။ ။ မောင်မှော် ဟော အချိုပွဲ အချဉ်ပွဲ လက်ဖက်ရေရောက်လှာပြီ၊ မင်းစားချင်ဒါကို ယူ၍စားပေတော့။

မှော်။ ။ အင်း ဘုရား-ဘုရား-ဘုရား စားရဒါပေါ့လေ၊ ထမင်းစားပျက်မှာလဲ စိုးရသေးတယ်၊ ပေါပါပေ့- များပါပေ့ ဘယ်ဒင်းကို နှိုက်ရပ၊ ခက်ချည့်သေးနော်။

ဖိုး။ ။ ဘာပြောနေသလဲကွဲ့၊ စားချင်ဒါ နှိုက်စားဒါပ၊ ထမင်းစားမပျက်အောင် တော်အောင်ကြည့်စားရောပေ့။

မှော်။ ။ တို့တောသားဆိုဒါ မချင့်တတ် မတိုင်းတတ်ဖူး၊ အကောင်းများကို တွေ့မှဖြင့် ကိုယ့်အိမ်မှာ မစားရဒါနဲ့ လွှတ်ပီးတော့ ဗိုက်ပြဲအောင် တင်ဒါပဲဝိုင်းရှေ့၊ နို့-နေပါအုန်း စားသောက်ရင်း သတိရလို့ မေးရအုန်းတော့၊ ကျော်ရွှေ-ပေါ်ဦး-မြတ်ထင်တို့ကော ဘယ်မှာယိုကြသလဲ။

ဖိုး။ ။ အော်- မင်း သတိရပေသေးကွယ်၊ ကျော်ရွှေကို မြေထဲမြို့စားမင်းကြီး ရန်ကုန် ဝန်ကြီး ခန့်ထားလိုက်တယ်၊ ရန်ကုန်မြို့နှိုက် အုပ်ချုပ်လျက်ရှိနေတယ်။

ပေါ်ဦးက မြို့တော်နှိုက်ရှိတယ်၊ နေရာလွှတ်အတွင်းဝန်လွှတ်တော်ဝန်ကြီးကွဲ့။

မြတ်ထင်က အတ္တပတ်မြင်းဝန်ကွဲ့၊ နေရာလွှတ် ခစားရတယ်။

မှော်။ ။ ကောင်းပါပေကွယ်၊ ကြားရဒါ ဝမ်းမြောက်ပါဘိ၊ ဟိုစကိုင်းဘက်နေတုန်းက သင်းတို့ပျော်တော်ကျွန်တွေပေါ့၊ မြတ်ထင်က အတော်အပင်ပန်းခံပြီး လုပ်ကျွေးရှာပေတယ်ကွယ်၊ သင်း- ဟိုတုန်းကလို ဆဲးသေးသလားဟေ့။

ဖိုး။ ။ အရင်လို မဟုတ်ပါဘူးကွဲ့၊ မိဖုရားကြီးက ဆုံးမဒါနဲ့ အပုံကြီး တော်နေတယ်။ မဟာမြတ်မုနိဘုရားကြီး မြောက်က ကျောင်းတိုက်ကြီးကို မတွေ့ခဲ့ဘူးလား၊ အဲးဒီကျောင်းတိုက်ဟာ အဂ္ဂပတ်မြင်းဝန် မြတ်ထင် တည်ထောင်တဲ့ ကျောင်းတိုက်ပေါ့ကွဲ့။

မဟာမြတ်မုနိဘုရားကြီးသိတင်းသုံးရန် ကန္ဓကုဋိပြဿဒ်တော်ကြီးဆောက်ရန် ပန္နက်တော် ချတဲ့အခါက တပြိုင်တည်း ပန္နက်ချပီး ကျောင်းတိုက်တည်တယ်၊ မြင်းဝန်တိုက်ဟု အခေါ်များကြသကွဲ့။

မှော်။ ။ ကောင်းပါပေကွယ် သာဓု- သာဓု ဗျာ၊ နို့- ပေါ်ဦးကကော။

ဖိုး။ ။ ပေါ်ဦးက တိုက်အရံကျောင်းများ ဆောက်တယ်၊ အကြီးအကျယ်တော့ သူ့ဇာတိအရပ်မှာ မြေစိုက်ဘုရား ကျောင်းတိုက်ကြီးများ တည်ဆောက်ပေတယ်ကွဲ့။

မှော်။ ။ ကောင်းပေကွယ် သာဓု-သာဓု၊ လောကလူဆိုဒါ ပင်ပန်း ဆင်းရဲးတဲ့အခါ ဆင်းရဲးတဲ့ အရောက် နေထိုင် စားသောက်ရမယ်၊ ဘောဂဗလ ကြွယ်ဝလှာတဲ့အခါ ပစ္စည်း ချမ်းသာသည့်အရောက် နေထိုင်စားသောက်ပီးစည်းစိမ်မယစ်ပဲး ရတ

နှာသုံးပါးကို ဆည်းကပ်ပူဇော် လှူဒါန်းပေးကမ်းတတ်ခြင်းဟာ လိမ္မာယဉ်ကျေးတဲ့သူဟူ၍ ခေါ်ထိုက်ပေတယ်နော်။

ဖိုး။ ။ နက်ဖြန်နံနက် မင်းကွန်းနန်းတော်ကျွန်းကို ထွက်တော်မူမယ်။ ငါတည်တော်မူလျက်ယှိတဲ့ မင်းကွန်းစေတီတော်ကြီးကို ကြည်ညိုရန် လိုက်ရမယ်မောင်မှော်။

## မိဖုရားကြီးနှင့် ခေါ်တုတ်

မိဖုရားကြီး။ ။ ရှင်တုတ်ကေ ဟောဟေ့ အချိုအချဉ်မုံ့ လက်ဖက်ရေများ သောက် စားချင်ဒါကို စားအေ့။

တုတ်။ ။ နေ့တိုင်း အကောင်းတေချည်း စားနေရလို့ တို့တောကျယင် ပစပ်အတော် ပြင်ရအုန်းမယ်အေ့၊ အဲးဒါက ခက်တယ်။

မိဖုရား။ ။ သည်လိုပေါ့ အကောင်းတွေ့တဲ့အခါလဲး စား အဆိုးတွေ့တဲ့အခါလဲး စားပေါ့အေ့၊ နံနက်ထမင်းစားပီး နေ့လယ်တော့ နန်းတော်အဆောင်များကို လိုက်ပီးပြမယ်အေ့ ညည်းဘယ်များသွားချင်သေးသလဲး။

တုတ်။ ။ မြို့ကို လှည့်ပီးကြည့်ချင်တယ်အေ့၊ ရွှေကြတ်ယက် ရွှေကြက်ကျ ဘုရားကိုလဲး ဖူးချင်တယ်။ ရတနာ့ရွှေဂူလဲး သွားချင်တယ်။ စကိုင်းဘက် ပုညရှင် ပတ္တမြားရှင်များကိုလဲး ဖူးချင်ပေ

တယ်လို့ ညည်းလိုက်ပို့ရမှာဖြစ်လို့ ငါတယ်အားနာတယ်အေး၊ နို့-ပြီးတော့ ဟိုစကိုင်းဘက်အိမ်တော်နဲ့ နေစဉ်တုန်းက ခယေပင်ကြီးအောက် ဖျာကြမ်းခင်းပြီးတော့ နေထိုင်ယင်း တယောက်တယောက် သန်းတုတ်နေကြတဲ့ အဲ့ဒီခယေပင်ကြီးလဲး ကြည့်ချင်တယ်အေ့။

မိဖုရား။ ။ ရှင်တုတ်က ဘာအားနာစရာ ယိုလဲးအေ၊ တို့စကိုင်းမှာ နေတုန်းကလို မဆင်းရဲပါဘူးတော့၊ အခုရေမြေကို စိုးပိုင်တဲ့ ဘုရင်ဖြစ်နေပြီအေ့၊ လိုရာကို ရောက်နိုင်ပါတယ်၊ ခယေပင်ကြီးကို ညည်းမမေ့ပဲးကိုး။

တုတ်။ ။ အော်- ဟိုတုန်းကတော့ ဒီအပင်ကြီးအရိပ်မှာ စုရုံးပြီး ရယ်စရာပြောကြ သန်းရှာကြ ဗိုင်းငင့်ချည်ချနေကြရ ဒါတေကို သွားပြီးတော့ အောက်မေ့မိတယ်၊ တို့ရွာသို့ ပြန်ယင်လဲး မခွဲနိုင် မခွာနိုင် လှဲ့ကြည့်လှဲ့ကြည့်နဲ့ မျက်ရေများ ကျဒါတေကို တွေးမိတယ် လွန်းရယ်။

မိဖုရား။ ။ ငါလဲး ဟိုတုန်းက ဖြစ်ထာတွေကို တခါတခါ သတိရပြီးတော့ လွမ်းဆွေးသေးတယ် ရှင်တုတ်ကေ။

တုတ်။ ။ ဟုတ်တယ် ရှင်လွန်းမယ်ရေ့ စကိုင်းဘက်မှာ နေရတဲ့အဖြစ်မျိုးကို ချင့်လိုက်တော့ ခုလိုအဖြစ်မျိုးကို ရောက်နိုင်ဖို့ရာ ခက်ဘိခြင်းနော်။

မိဖုရား။ ။ ဒါမှာတော့ ဆင်းရဲတခါ ချမ်းသာတလှဲ့ဆိုသလို ပေါ့အေရယ် ကုသိုလ်ကံဆိုဒါ မသိနိုင်မမြင်နိုင်ဘူးအေ့၊ အကျိုးပေးခွင့်လှဲ့ ကျလာမှဖြင့် ရှောင်လို့ တိမ်းလို့ ရဒါမျိုးမဟုတ် အကျိုးအခွင့် ပေးတဲ့အတိုင်း ခံစားစံစားကြရဒါပေါ့အေ။

တုတ်။ ။ ဝမ်းသာပါတယ်အေ၊ အခုလို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား နေတာများကို တွေ့ရမြင်ရဒါ တို့လဲးရှင်လွှန်းမယ်တို့ ကျေးဇူးကြောင့် ဖြစ်ပါပေတယ်။ အေး ခုတင်က ပြောတဲ့ သွားချင်တဲ့ နေရာများကို ကိုယ်တိုင်လိုက်ပို့မယ်ဆို ညည်းကျေးဇူးပေါ့ တို့ပြန်၍ရွာကိုရောက်တော့ ညည်းတို့ကောင်းကြောင်း စိတ်ကြီးမဝင်ကြောင်း ရှေးကလို ပြောဆိုရိမော၍နေရကြောင်းကို ဆွေမျိုးများ မိတ်ဆွေများကို ပြောပြရမှာပဲအေ့။

မိဖုရား။ ။ လူဆိုဒါ စိတ်ကြီးဝင်သင့်တဲ့ လူကိုတော့ ဝင်ရတယ်ရှင်တုတ်၊ ညည်းတို့ကိုတော့ တို့က စိတ်ကြီးဝင်နေလျှင် ကျေးဇူးဂုဏ်ကို ဖျက်ရာကျမှာပေါ့အေ့၊ လည်ပင်းဖက်ပီး ကြီးလှာကြတဲ့ ငယ်သူငယ်ချင်းလို ချစ်လှာကြဒါ တို့ဆင်းရဲတုန်းက ညည်းတို့လင်မယား တလတခေါက်ဆိုသလို အစားအသောက် မပြတ် လာလာပို့တဲ့ ကျေးဇူးတေဟာ မမေ့နိုင်အောင် များပေတယ်၊ ဒါကြောင့် ဟိုတုန်းကလို ပြောပြောဆိုဆို နေရဒါကိုပဲး ငါတယ်ပီးတော့ ဝမ်းမြောက်တယ်အေ၊ ကိုင်း ရေများချိုး ထမင်းစားပီးယင် ညည်းသွားလိုဒါကို ရောက်အောင် လိုက်ပို့မယ်။

## ဖိုးတော်မင်းကြွား မင်းကွန်းသို့ ထွက်ခန်း

တနေ့သောအခါနှိက် ဖိုးတော်မင်းကြွားသည် ဦးမှော်ကိုခေါ်၍ လှေတော်နှင့် မင်းကွန်းနန်းတော်သို့ ထွက်တော်မူလေ၏။ မင်းကွန်းသို့ ရောက်တော်မူလျှင် စေတီတော်ကြီးတည်ရာသို့ သွားကြလေသည်။

မှော်။ ။ အောင်မယ် မောင်ဝိုင်း ဟိုကမ်းစပ်နားက ဖြူဖြူ ကြီး ၂-ကောင်ဟာ ဘာတုန်းကွဲ့။

ဖိုး။ ။ ငါတည်တဲ့ ခြင်္သေ့ကြီး ၂-ကောင်းပါကွဲ့၊ လာ အနားရောက်အောင် သွားမယ်။

မှော်။ ။ အမယ်မင်း မြင့်လဲ့မြင့် ကြီးလဲ့ကြီးကိုးကွဲ့၊ အံ့ဩစရာကြီးပေ့ကွယ်၊ အတောင် ဘယ်လောက် မြင့်မလဲ ဝိုင်းရယ်။

ဖိုး။ ။ အမြင့်အတောင် ၆၀-အထိယှိတယ်ကွဲ့၊ ဒါတင်မက သေးဘူး၊ ခေါင်းလောင်းတော်ကြီးကို မင်းမြင်ရလိမ့်အုန်းမယ်။ လာ-သွားကြည့်ရအောင်၊ လာဟေ့-ဟော-မောင်မှော် မြင်ပလား။

မှော်။ ။ အမယ်မင်း တယ်ကြီးပါကလားကွယ်၊ ကြေးချိန် ဘယ်လောက် ကုန်သလဲကွဲ့။

ဖိုး။ ။ ကြေးချိန် ၅၅၅၅၅၅ ကုန်တယ်။ မင်း မှတ်ထားချင်ယင် "မမင်းဖြူမှန်မှန်ပြော" အဲဒါကြေးချိန်ပဲကွဲ့၊ ခေါင်းလောင်းကြီး အစောက် ၁၄-တောင်၊ အဝ ၁၁-တောင် ယှိတယ်။ တိုတိုမှတ်လိုလျှင် "အစောက်အောင်လှ-အဝအောင်ကျော်" တဲ့ အဲဒါ မှတ်သွားကွဲ့။

မှော်။ ။ ခေါင်းလောင်းကြီး ကြေးချိန်က ငါးဂဏန်း ၆-လုံးပေါ့ကွယ်၊ အံ့ဩစရာကြီးတေပဲကွဲ့. စေတီကြီး၊ ခေါင်းလောင်းကြီး၊ ခြင်္သေ့ကြီး၊ အင်း-ကြီးသုံးကြီးယှိကြောင်း တည်ကြောင်းကို တို့တောကျေးရွာကို ပြန်ရောက်တော့ ပြောမှာပဲ မောင်ဝိုင်းရယ်၊ စေတီကြီးကို သွားစို့။

ဖိုး။ ။ ဟော-စေတီကြီးကွဲ့၊ အောက်ခံ ကုလားကျောင်း သာ ပြီးသေးတယ်၊ ၎င်းစေတီကြီးပြီးယင် ဥာဏ်တော် ၂၅၂-တောင် မြင့်မယ်ကွဲ့။

မှော်။ ။ အင်း-ကြီးလဲးကြီးကျယ်ပါပေကွယ်၊ စေတီတော်ကြီး အပြီးသတ်လို့ ထီးတော်တင်တဲ့အခါ ထီးတော်ကို မြင်ရမယ် မထင်ဘူးဟေ့၊ ဘာကြောင့်တုန်း ဆိုတော့ တိမ်ထဲး ဝင်နေရာမှာကိုးကွဲ့။

ဖိုး။ ။ မောင်မှော် မင်း-ကြီးသုံးကြီး ယှိတယ်လို့ မမှတ်လေနဲ့၊ ကြီးလေးကြီး ယှိတယ်လို့ မှတ်သွားကွဲ့။

မှော်။ ။ ဘကြီးက ဘာတုန်းကွဲ့ ပြောစမ်းပါအုန်း။

ဖိုး။ ။ ကြက်ထောင့်ကန်ကြီး ယှိသေးတယ်၊ အပြန်မှ ငါပြမယ်၊ ဟောဟိုက ဆင်ဖြူရုပ်ဟာ အောက် တလိုင်းပြည် လိုင်ဘောလယ်က ကုရင်ကြီး ပေုလုဆက်တဲ့ ဆင်ဖြူမ သီရိဘဒ္ဒဝတီ နှင်းနွယ် မှား၍သင်္ဂြိုဟ်တဲ့ သင်းချိုင်းနေရာမှာ အထိမ်းအမှတ် ပြု၍ ဆင်ဖြူမရုပ်ပုံ ပြုလုပ်ထားတယ်ကွဲ့။

မှော်။ ။ လိုင်ဘောလယ်က ဆင်ဖြူမ ဆက်တယ်လို့ ပြောသံကြားရတယ် သေရှာပေ့ါကိုကွဲ့။

ဖိုး။ ။ ဟံသာဝတီ နိဗ္ဗာန် သံတံခါးက ဆက်သတော်မူတဲ့ ဆင်ဖြူတော်ကြီး ယှိတယ်ကွဲ့ နန်းတော်ရောက်မှ ငါပြဦးမယ်။

မှော်။ ။ မေးစမ်း ပရစေအုန်း ကိုဝိုင်းရယ်၊ ဒီစေတီကြီး၊ ခေါင်းလောင်းကြီး၊ ခြင်္သေ့ကြီး၊ ကြက်ထောင့်ကန်ကြီးတေကို တည်လုပ်ရဒါ ငွေအတော်ကုန်လိမ့်မနော်။

ဖိုး။ ။ ကုန်မှာပေါ့ကွဲ့ မောင်မှော်၊ ငွေကို တင်းနဲ့ ချင်သုံးသလို ငါမို့ တတ်နိုင်ဒါဟော့။

မှော်။ ။ တင်းနဲ့ ချင်သုံးရတဲ့ ငွေတွေ ဘယ်ကရသလဲးကွဲ့ မောင်ပိုင်း။

ဖိုး။ ။ တိုင်းပြည် နိုင်ငံတော် အတွင်းက ဆက်သကြတဲ့ သ-သမေဓ ငွေတော်တွေပေါ့ကွဲ့။

မှော်။ ။ ဆင်းရဲသားတွေ အပေါ်မှာ အခွန်တော်တွေ အမျိုးမျိုး သိပ်ပြီးတောင်းဒါ ဆင်းရဲသား ကျွန်တော်မျိုး ခမာများမှာ မယှိမဲ့ယှိမဲ့နဲ့ မင်းအာဏာကို ကြောက်လို့ ပေးကြရ-အဲးဒီရတဲ့ငွေတွေနဲ့ မောင်ပိုင်းက နာမည်ကောင်းခံပြီးဆော့အကြီးအကျယ် လုပ်ထာပေါ့လေ၊ ဆင်းရဲသားဆိုဒါ ထွက်လို့လဲး မပြေးနိုင်ကြတော့ မေတ္တာကင်းပြီး ပေးကြရဒါပဲး၊ ဆင်းရဲသားတို့ကို ဆင်းရဲအောင် နှိပ်စက်ပြီး အခွန်တော် တိုးတက် တောင်းခံယင် နိုင်ငံ အေးချမ်းတော့မလား မောင်ပိုင်းရဲ့ သနားစရာကောင်းတယ်၊ မသနားဘူးလားကွဲ့ မောင်ပိုင်းလဲး ဟို စကိုင်းမှာနေတုန်းက အပုံကြီး ဆင်းရဲပင်ပန်းတယ်၊ အဲးဒါတော တွေးပြီးတော့ ကိုယ်ချင်းစာရမယ်ကွယ့်။

ဖိုး။ ။ အို-မောင်မှော် မင်း အလွဲထင်နေသကိုး၊ ရှင်ဘုရင်ဖြစ်ပေတယ်လို့ မတရားသဖြင့် ဆင်းရဲသားများ အပေါ်နှိုက် ငွေတော် အခွန်တော် အမျိုးမျိုးမရမက တောင်းခံရတယ် မှတ်သလား၊ မတရားသဖြင့် ငွေတော် အခွန်တော်များကို အတင်း အကြပ် တောင်းခံခြင်းကို ပြုပါက မင်းသူခိုး- မင်းဒါမြ ဖြစ်မှာပေါ့၊ ဘယ်မှာ ရှင်ဘုရင် ဟုတ်တော့မလဲးကွဲ့။

ရှေးကမ္ဘာဦး မဟာသမတ မင်းက အစပြု၍ ဆက်သခြင်းကို ခံယူလာသော သ-သမေဓ ဖြစ်တဲ့ ဆယ်ဖို့တဖို့ဖြစ်သော အခွန်တော်ကိုသာ သိမ်းယူရတယ်ကွဲ့၊ အဲဒီ ပြည်သူတို့ ဆက်ကြတဲ့ သ-သမေဓ ငွေတော်နဲ့သာ ကုသိုလ်ဖြစ်အောင် ငါပြုစုတယ်ကွယ့်၊ အလွဲကို ငါသုံးစွဲးပစ်တာ မဟုတ်ဖူး၊ ပြည်သူ ဆင်းရဲသားတို့အပေါ်နှိုက် မတရားသဖြင့် အခွန်တော် အမျိုးမျိုး တိုးတက်တောင်းခံပါက မင်းကျင့်တရား ပျက်၍ ငါ့ဂေါင်းကို ယှစ်စိတ်ယှိအောင် မိုးကြိုးပစ်ချမှာပေ့ါကွဲ့ မောင်မှော်။

မှော်။ ။ အသက်ဦးဆံကိုပိုင်တဲ့ ရှင်ဘုရင် ရင့်မကြီးကို ဘာဖြစ်လို့ မိုးကြိုးယှစ်စိတ် ခွဲရမှာလဲးကွယ် မောင်ပိုင်း။

ဖိုး။ ။ မောင်မှော် မင်းက ရှင်ဘုရင်ဖြစ်ထာ အလွယ်ကလေး မထင်နဲ့၊ မင်းကျင့်တရား ယှစ်ပါး-ဆယ်ပါး၊ အပရိဟာနိယတရားခုနစ်ပါး၊ သင်္ဂဟတရား လေးပါးတို့နဲ့ ညီညွတ်အောင် ကျင့်ပါမည်ဟု သစ္စာဆိုရတယ်ကွဲ့၊ ဒင်းအတိုင်း မကျင့်လျှင် မိုးကြိုးယှစ်စိတ်ခွဲပါစေ၊ လောလောလတ်လတ် သေပါစေဟု ကျိန်စာပေးကြတာကို ခံရတယ်ကွဲ့၊ ရှင်ဘုရင် ဖြစ်ပကောလို့ မိမိသဘော ထင်တိုင်း မလုပ်ရဘူး မောင်မှော်၊ သစ္စာ ကျိန်စာကြီးကို ပြုထားရတယ်ကွဲ့။

မှော်။ ။ အော်-ဟုတ်လား၊ ကိုပိုင်း ကျင့်ရတဲ့ဟာတွေ မှတ်သွား ချင်သကွယ်၊ ရှင်ဘုရင်လုပ်ရဒါ အခက်ကြီးပါကလား။

ဖိုး။ ။ မောင်မှော်က ရှပ်သေးထဲး ဇာတ်ထဲးက ရှင်ဘုရင်လိုထင်နေဒါကိုကွဲ့၊ ပြည်သူ ဆင်းရဲသားတို့ အေးချမ်းအောင်

တိုင်းပြည် သာယာအောင် အားထုတ် စီမံရတယ်ကွဲ့၊ ကိုင်း-ပြန် မယ် လှေတော်ကိုဆင်းစို့၊ လှေတော်ကျမှ မင်းမှတ်ချင်တာတွေ မှတ် ငါပြောပြမယ်ဆို၍ လှေတော်သို့ တက်ပြီးလျှင် မြို့တော်သို့ ပြန်လေ၏။

မှော်။ ။ မောင်ပိုင်း မင်းကျင့်ရဒါ ပြောစမ်းကွယ်။

ဖိုး။ ။ မင်းကျင့်တရား ယှစ်ပါးက ၁-မယ်တော် ခမည်း တော်များကို ကောင်းမွန်ရိုသေစွာ ထားရခြင်း။ ၂-သားတော် သမီးတော်မိဖုရားမောင်းမမိဿံတို့ကို ကောင်းစွာကြည့်ရှုချီးမြှောက် ရခြင်း။ ၃-ဆင်-မြင်း-ရဲမက်-ဗိုလ်ပါတို့ကို ကောင်းစွာကြည့်ရှု ထောက်ပံ့ရခြင်း။ ၄-ရွာငယ်ရွာကြီးတို့ကို မပျက်မစီးရအောင် စောင့်ရှောက်ရခြင်း။ ၅-တိုင်းနိုင်ငံ ဇနပုတ်ကျေးရွာတို့ကို စည် ကားအောင် စီမံရခြင်း။ ၆-ရဟန်း ပုံမ်ဏားတို့ကို ကောင်းစွာ ဆည်းကပ်ကိုးကွယ်ရခြင်း။ ၇-တောနှိုက် ယှိသော တိရစ္ဆာန် သားငှက်တို့ကို ဘေးမဲ့ပေးရခြင်း။ ၈-တရားကို ကောင်းစွာ အလေ့အလာပြု၍ တရားကျင့်ရာနှိုက် မမေ့မလျော့ရှိခြင်း။ ဒါး ဒါ မင်းကျင့်တရားယှစ်ပါး မှတ်ပြီးပလားကွဲ့။ ပီးပီ။

မင်းကျင့်တရာ ၁၀-ပါးကတော့ ၁-အလှူပေးခြင်း။ ၂-ငါးပါးသီလ ဆယ်ပါးသီလကို ဆောက်တည်ရခြင်း။ ၃-ပေး ကမ်းစွန့်ကြဲခြင်း။ ၄-ဖြောင့်မတ်တည်ကြည်ခြင်း။ ၅-နူးညံ့သိမ် မွေ့ခြင်း။ ၆-အဋ္ဌင် ဥပုသ်ဆောက်တည်ခြင်း။ ၇-အမျက်ဒေါ သမထွက်ခြင်း။ ၈-တိုင်းသူပြည်သား အပေါင်းတို့ကို မတရား

သဖြင့် မညှဉ်းဆဲ မနှိပ်စက်ခြင်း။ ၉-သည်းခံခြင်း။ ၁၀-တိုင်းသူပြည်သားတို့နဲ့ မဆန့်ကျင်ခြင်း။ အဲဒါ မင်းကျင့်တရား ၁၀-ပါးကွဲ့ မှတ်ပြီးပလား။ ပီးပီကွဲ့။

အပရိဟာနိယတရား ၇-ပါးကတော့ ၁-အကြိမ် များစွာ မပြတ် မှူးတော် မတ်တော်တို့နဲ့ စည်းဝေးတိုင်ပင်ခြင်း။ ၂-အညီအညွတ် စည်းဝေး၍ အညီအညွတ် ထကြွပြုလုပ်အပ်သော အမှုကိစ္စတို့ကို အညီအညွတ်ပြုလုပ်ခြင်း။ ၃-ရှေးမင်းတို့ မ,ပညတ်သည်ကို မ,ပညတ်၊ ပညတ်ထားသည်ကိုလည်း မဖျက်၊ ပညတ်ပြီးယှိသည်အတိုင်း လိုက်နာကျင့်ရခြင်း။ ၄-အသက်သိက္ခာကြီးသူတို့ကို အရိုအသေ ပူဇော်၍ ကြီးသူတို့ညွှန်စကားကို နာခံရခြင်း။ ၅-သူတပါးတို့ညွှေ့ သွီးပျိုများကို အနိုင်အထက်ပြု၍ မသိမ်းမယူရခြင်း။ ၆-မြို့တွင်းမြို့ပြင်တို့နှိုက် စောင့်သော နတ်များကို ပလိနတ်စာ အမြဲကျွေးခြင်း။ ၇-ရဟန်း ပုံမ်ဏားတို့ကို တရားနဲ့အညီ စောင့်ရှောက်ရခြင်း၊ အဲဒါ အပရိဟာနိယ တရားကွဲ့ မှတ်ပြီးပလား။ ပီးပီကွဲ့။

သင်္ဂဟတရား ၄-ပါးကတော့ ၁-အခွန်အတုတ်ကို ဆယ်ဖို့တဖို့ ခံယူခြင်း။ ၂-သူရဲးသူခက်တို့ကို ခြောက်လတကြိမ် ရိက္ခာပေးခြင်း။ ၃-တိုင်းပြည်ယှိ ဆင်းရဲးသားတို့အား ရင်းနှီးအောင် ငွေတော်ထုတ်ပေး၍ အတိုးအညွှန့်မယူပဲ သုံးနှစ်တိုင်မှ ချေးငွေရင်းကို ပြန်ဆပ်စေခြင်း။ ၄-အဖ ဘကြီး ဦးရီး စသည်တို့ကို ချစ်ဖွယ်သော စကားဖြင့် ပြောဆိုခြင်း။ အဲးဒါ သင်္ဂဟတရား လေးပါးကွဲ့။ အမြဲမှတ်ပေတော့နော်။

http://www.cherrythitsar.org

မှော်။ ။ မောင်ဝိုင်း အခုမင်းပြောတဲ့အတိုင်း ကျင့်ဝတ်တွေကို အကုန်လုံးကျင့်ရသလားကွယ်၊ အင်မတန်များဒါကိုးကွဲ့။

ဖိုး။ ။ ငါပြောပြတဲ့အတိုင်း ကျင့်ဆောင်မယ်လို့ ကျိန်စာယွက်ထားရတယ် မောင်မှော်၊ ရှင်ဘုရင်ဖြစ်ပကောလို့ ထင်ရာမလုပ်ရဘူးဟေ့။

မှော်။ ။ ကျင့်စရာတွေက တယ်ပြီးများဒါကိုးကွဲ့၊ မိုးကြိုးလောင်မီး မကျအောင် ကြိုးစားကျင့်ပါ မောင်ဝိုင်းရယ်၊ ရှင်ဘုရင်လုပ်ရဒါ တို့ဆင်းရဲသား တောကျေးရွာမှာ လယ်ယာထွန်ပြီး စားသလောက် မချောင်ဘူးဟေ့၊ တယ်ကြောက်စရာကောင်းဒါကိုးကွဲ့။

ဖိုး။ ။ မောင်မှော် မင်းတို့မည်သည်မှာ ပြည်သူဆင်းရဲသားတို့သာယာဝပြောစေရန် စီမံအုပ်ချုပ်ရတယ်၊ ပြည်သူဆင်းရဲသားများ ထမင်းမဝယင် နိုင်ငံတော်အေးမည်မဟုတ်ဖူးကွဲ့။ ဘယ်လိုပဲ ရာဇဝတ်အမှုထမ်းဘို့ တိုးချဲ့ထားနိုင်သော်လဲ ရာဇဝတ်မှု နည်းပါးမယ် မဟုတ် ပြည်သူဆင်းရဲသားတို့ မဆင်းရဲပဲ ထမင်းဝဝအေးအေးချမ်းချမ်း စားသောက်နေနိုင်ကြသည်ဖြစ်ပါက ရာဇဝတ်မှု နည်းပါးခြင်းအကြောင်းဖြစ်ပေတယ်။ ဒါကြောင့် နိုင်ငံတော်အတွင်းမှာ စပါးကျီတော် ပဲးကျီတော်များ ထားရတယ် မောင်မှော်။

မှော်။ ။ ဒီကျီတော်များ ထားရဒါ ဆင်းရဲသားများကို ရောင်းစားရဒါလား။

ဖိုး။ ။ ရောင်းချ စားရဒါမျိုး မဟုတ်ဖူးကွဲ့၊ ဆင်းရဲသား များ ငတ်မွတ်ခေါင်းပါးယင် ပေးကမ်းဝေငှရတယ်၊ မျိုးလိုယင် ပေးကမ်းထောက်ပံ့ရတယ်ကွဲ့။

မှော်။ ။ ကောင်းပေကွယ် သာဓု-သာဓု-သာဓု၊ အော် မောင်ဝိုင်း ဟိုစေတီက ပတ္တမြားစေတီ၊ ဟိုစေတီက ပုညရှင်စေတီ ဟိုစေတီက ရှင်ပင်နံ့ကိုင်း မဟုတ်လား။

ဖိုး။ ။ ဟုတ်တယ်ဟေ့ မင်းကြည့်ညိုပေအုန်းတော့ ဆိုပြီး သော် မြို့တော်ဆိပ်သို့ရောက်၍ နန်းတော်သို့ ဝင်ကြလေ၏။

## နန်းတော် အဆောင်များပြခန်း

နောက်တနေ့ နန်းတော်ယှိ အဆောင်များကို ဖိုးတော် မင် ကြားက ဦးမှော်ကိုခေါ်၍ လိုက်ပြလေ၏။

ဖိုး။ ။ လာဟေ့-မောင်မှော် နန်းတော်အရှေ့ပိုင်းဌာနကို ငါလိုက်ပြမယ်ကွဲ့။

မောင်မှော်။ ။ အေးကွယ် ကြည့်ပရစေ-မှတ်လဲ မှတ်ချင် တယ်ကွယ်။

ဖိုး။ ။ ဟောသည် ပြဿဒ်ကြီးက မြေနန်း ပြဿဒ်ကြီးကွဲ့၊ ဒါက သီဟာသန ပလ္လင်ခေါ်တယ်၊ ခြသေ့်ရုပ်ခံ ယမနေသားကွဲ့၊ တနှစ်တကြိမ် ထွက်တော်မူ၍ ပလ္လင်ပေါ်နိုက် ထိုင်ပြီးလျှင် လက် အောက်မင်းများနှင့် အမှုထမ်းအရာထမ်းတို့ အကုန်လှာရောက် ပူဇော်ကန်တော့ကြတာကို ခံရတယ်ကွဲ့။ အင်း။

ဟောဒါက ဇေတဝန် ဆောင်တော်ကွဲ့၊ ဟံသာ-သနပလ္လင် ခေါ်တယ်။ ဟင်းသာရှပ်ခံတယ်၊ သက်န်းသားကွဲ့၊ ရတနာ သုံးပါးကို မပြတ်ပူဇော်ရသကွဲ့။ ။ အေး။

ဒါက ဗောင်းတော်ဆောင်ကွဲ့၊ သခ်ီသန ပလ္လင်ခေါ်တယ်၊ ခရူသင်းခံတယ်၊ သရက်သားကွဲ့၊ နေ့စဉ် တရားစကား နာခံရသကွဲ့။ ။ အေး။

ဒါက မှန်နန်း ဆောင်တော်ကြီးကွဲ့၊ ဘမရာသန ပလ္လင်တဲ့၊ ပိတုန်းရှပ်ခံတယ်၊ ကရဝေးသားကွဲ့၊ မင်းများ စက်တော်ခေါ်ရတယ်၊ တောစကားနဲ့ဆိုတော့ အိပ်ရတယ်ပေါ့ကွယ်။ ။အေး။

ဒါက ဖြုးတိုက်တော် ဆောင်ကွဲ့၊ ဂဇာသနပလ္လင်တဲ့၊ ဆင်ရှပ်ခံတယ်၊ စကားသားကွဲ့၊ ချီးမြှောက်ထိုက်သူကို ချီးမြှောက်ရတယ်။ နှိမ့်ချသင့်သူကို နှိမ့်ချရတယ်ကွဲ့။ ။အင်း။

ဒါက မြောက်စမုတ် ဆောင်တော်ကွဲ့၊ မရူယာသန ပလ္လင်တဲ၊ ဒေါင်းရှပ်ခံတယ်၊ ပေါက်သားကွဲ့၊ ဆက်သလှာတဲ့ ဆင်-မြင်း-များကို သိမ်းတော်မူရတယ်ကွဲ့။ ။ အင်း။

ဒါက တောင်စမုတ် ဆောင်တော်ကွဲ့၊ မိဂါသန ပလ္လင်တဲ့၊ သမင်ရှပ်ခံတယ်၊ ရေသဖန်းသား မှူးတော် မတ်တော်တို့နဲ့ ဆွေးနွေးတိုင်ပင်ရသကွဲ့။ ။ အေး။

ဒါက အနောက်ပွဲတက်ဆောင်ကွဲ့၊ ပဒုမာသန ပလ္လင် ခေါ်တယ်၊ ကြာပဒုမ္မာခံတယ်၊ တောင်ပိန္နဲသား မင်း-မိမ္ဗအပေါင်း တို့၏ အပူဇော်ကို ခံရတယ်ကွဲ့။

ဟောဟိုက တပင်တိုင်နန်း၊ အလယ်နန်းမတော်၊ တောင်ဆောင်တော်၊ မြောက်ဆောင်တော်၊ တောင်ရွှေရေးဆောင်၊ မြောက်ရွှေရေးဆောင်။ လာကွဲ့ အဲဒါ အရှေ့စမုတ် ဝဲယာကွဲ့၊

ဟောဟိုမှာ လွှတ်တော်ဝန်ကြီးလေးပါး တိုင်းရေးပြည်မှုကို စီမံ ခန့်ခွဲရတဲ့ လွှတ်တော်ကြီးကွဲ့၊ အဲဒီ လွှတ်တော်ပေါ်မှာ သီဟာ သန ပလ္လင်ဆိုဒါ ယှိသေးသကွဲ့၊ ဟိုလက်ျာဘက် အုတ် ပြသဒ် တော်က စွယ်တော်စင်ကွဲ့၊ လက်ဝဲဘက်က စင်မြင့်က ဗဟိုရ်စင် တော်ကွဲ့၊ မြင်ရဲ့လား-ဗဟိုရ်စည်နဲ့ ခေါင်းလောင်းကို။

မှော်။ ။ အော် နောင်,ဒိန်းဆိုဒါ သူက မြည်ဒါကိုးကွဲ့၊ အုံ့ ဩစရာ ကောင်းပါပေကွယ်၊ ရှင်ဘုရင်လုပ်ရဒါ မချမ်းသာပေါင် ကွယ်၊ တယ်အလုပ်များဒါကိုး တို့ဆင်းရဲသားများ အေးသ ကွယ်၊ တနှစ်တကြိမ်အတွက်ကျ ကြေးကိုင်စာရင်းအရ သ သမေ မ ငွေတော်ကို ထမ်းပြီးယင် အေးရောကွဲ့၊ ကိုဝိုင်းပြောဒါနဲ့ ငါ ဖြင့် စိတ်ညစ်သွားဒါပဲး ဟေ့။

ဖိုး။ ။ လာကွယ်-အဆောင်တော် ပြန်ကြစို့၊ ဟော-အချို အချဉ်ပွဲးတောဟေ့။

မှော်။ ။ အင်း-ကုသိုလ်အကျိုးပေးတဲ့အခါ စားရအုန်းမှာ ပဲးဝိုင်းရယ်။

ဖိုး။ ။ မောင်မှော် မင်းမြို့သူကြီး မလုပ်ချင်ဘူးလား။

မှော်။ ။ မလုပ်ချင်ပေါင်ကွယ်၊ အေးအေး နေချင်ပါတယ်။

ဖိုး။ ။ ဒါဖြင့် ဆယ်ရွာအုပ် သူကြီးလုပ်ကွယ်။

မှော်။ ။ နေရာမရှာပါနဲ့ မောင်ဝိုင်းရယ်၊ ငါ့အလုပ်ကို ငါ လုပ်ကိုင်ပီးတော့ ခုလိုပဲး အေးအေးဆေးဆေး သွားချည်ပြန်ချည် နေချင်ပါတယ်။

ဖိုး။ ။ သူကြီးလုပ်တာ ကောင်းတယ်ကွဲ့၊ ကျေးရွာပေါ်မှာ ကောက်ခံပီးတော့ စားနိုင်တယ်၊ တရားကွမ်းဖိုး ရတယ်ကွဲ့။

မှော်။ ။ ငါ့ကို အပူမပေးနဲ့ မောင်ဝိုင်းရယ်၊ သူတပါးမုန်း အောင် မင်းက ငါ့ကို အလုပ်ပေးဒါလား။

ဖိုး။ ။ နို့-မင်းမှာ ယာလယ်ယှိတယ်ဆိုဒါ အခွန်တော်ပေးရ သလား။

မှော်။ ။ မပေးရပေါင်ကွယ်၊ မင်းတိုင်း တောင်းတဲ့ အခါ ပေးရပါတယ်။

ဖိုး။ ။ နောက်ကို မပေးရအောင် ငါအမိန့်တော် ပြန်လိုက် မယ်။

မှော်။ ။ မလုပ်ပါနဲ့ မောင်ဝိုင်းရယ်၊ ပေးရဒါမဖြစ်လောက် ပါဘူး၊ အေးအေးနေရ ပီးရောကွဲ့။

ဖိုး။ ။ နို့-မင်းပြန်ချင်ပလား သူငယ်ချင်း။

မှော်။ ။ အေးကွယ် ပြန်ချင်ပေါ့သူငယ်ချင်း တလယှိတော့ မယ်။

ဖိုး။ ။ ပြန်ကြဒါပေါ့ကွယ်၊ ယိုးဒျား နန်းတွင်းဇာတ်တော် ကြီးများ ကြည့်အုန်းကွယ်၊ အီနောင် ဇာတ်ကြီးကို က,ပြ စေရ မယ်။

**မိဖုရားနှင့်ဓေါ်တုတ်**

မိဖုရား။ ။ ရှင်တုတ်ကေ ညည်းမှာ သွီး ၃ ယောက် သား ကလေးတယောက် ယှိတယ်မဟုတ်လား။

တုတ်။ ။ ယှိတယ်အေ့ အကြီး ၂ ယောက်က အိမ်ထောင်နဲ့အေ့၊ အပျိုတယောက် လူပျိုတယောက် ယှိသေးတယ်၊ အပျိုကလေးက ၁၈ နှစ်၊ လူပျိုပေါက် ကလေးက ၁၅ နှစ် ယှိလှာပြီအေ့။

မိဖုရား။ ။ အိမ်ထောင်သယ်များက အိမ်ခွဲးပလား။

တုတ်။ ။ မခွဲးကြသေးပေါင်အေ၊ အတူတူ လက်ရေတပြင်စီး လုပ်ကိုင်စားသောက် နေကြဒါပါပဲး။

မိဖုရား။ ။ မိဖနဲ့ အတူနေကြဒါ ကောင်းတယ်အေ့၊ နှိ-သားမက်များကကော ကောင်းကြပါရဲ့လားအေ။

တုတ်။ ။ ကောင်းကြပါတယ်၊ မိဖကို ရိုသေကိုင်းရှိုင်းကြပါတယ်၊ ဆွေမျိုးနီးစပ်ပါပဲး ရိုးရိုးသားသား လုပ်ကိုင်စားသောက်ကြပါတယ်။

မိဖုရား။ ။ ညည်းတို့ ယိုးဒျား ဇာတ်တော်ကြီး ကြည့်ပြီးမှ ပြန်ရတော့မယ်အေ့၊ ဟောဒီမှာ ပုံထားတဲ့ ထမီတော၊ အင်္ကျီတော၊ ပဝါတော၊ ပဆိုးတော ကြည့်ပီးတော့ သားနဲ့ သမီးများနဲ့ တော်မဲ့ အထည်များကို ငါးထည်စီ ယူသွားအေ့၊ ဟောဒါက ညည်းဖို့ ထမီ ၃ ထည်၊ သဲးဘက်ပဝါ ပိတ် ၃ အုပ်၊ သင်ဖြူးချော ၂-ချပ်၊ ဆွမ်းတော် ကပ်ရန် ရွှေအုပ်တလုံး ယူသွားအေ့။

တုတ်။ ။ များလှချည့်ကလား အေရယ်၊ တထည်စီလောက်ရယင် တော်ရောပေါ့၊ တို့တောမှာတော့ အမြဲဝတ်ရဒါမဟုတ်ဘူးအေ့ တထည်ရယင် ၄-၅ နှစ် ဝတ်ရတယ်၊ များလှတယ် မယူနိုင်ဘူးအေ့။

မိဖုရား။ ။ ယူသွားပါအေ့၊ နောက်ကိုလဲ ညည်းတို့တော်တော်နဲ့ တို့ဆီရောက်နိုင်ကြမယ်မဟုတ်ဖူး။ မဝတ်ချင်ယင်ရောင်းစားဒါပေါ့အေ၊ သည့်ပြင်ဘာများလိုချင်သေးသလဲ စဉ်းစားအုန်းအေ့၊ တခါတခေါက်ဆိုသလို လာကြဒါ မရဒါရယ်လို့ မရှိရဘူး၊ ပြောသာပြောပါ အားနာစရာမဟုတ်ဖူး၊ ညည်းတို့ ကျေးဇူး အပုံကြီးများပါပေတယ်အေ။

## ဖိုးတော်နှင့် ဦးမှော်တို့ မိဖုရားအဆောင်ထွက်ခန်း

နောက်တနေ့၌ ဖိုးတော်ဘုရား ဦးမှော်နှင့်အတူ မိဖုရားကြီးအဆောင်တော်သို့ သွားကြလေ၏။

ဖိုး။ ။ ရှင်တုတ် ညည်းတို့ ဘယ်များရောက်ကြပေတုန်း။

တုတ်။ ။ ဟာ ဝိုင်းကြီးရေ သွားချင်ဒါတေကို ရှင်လွှန်းမယ်လိုက်ပီး ပို့ဒါစုံလို့၊ စကိုင်းလဲရောက်တယ်၊ ဟိုအရင်နေတဲ့ အိမ်တော်နေရာမှာ ဘုရားစေတီတည်ထားဒါတွေ့လို့ ဖူးခဲ့တယ်တော့ ဖျာယက် သန်းရှာ ချည်ချ ဝိုင်းငင့်ကြတဲ့ ခယေပင်ကြီးကိုလဲ ကြည့်ခဲ့ရတယ် ဝိုင်းရေ့။

ဖိုး။ ။ ခယေပင်ကြီးကို နင်မမေ့ပဲးကိုး။ ဟုရယ်၍ ပြောလေသည်။

တုတ်။ ။ ဘယ်မေ့လိမ့်မတုန်းတော့ ဟိုတုန်းက ဆင်းရဲတဲ့အလျောက် တောကလာတဲ့အခါ ဒီအပင်ကြီး အောက်မှာ ပျော်ပျော်ပါးပါးနေကြရဒါတေ အောက်မေ့မိသေးတယ်။

ဖိုး။ ။ နို့-ညည်းသူငယ်ချင်းက ဘာများပေးလိုက်သလဲ။

တုတ်။ ။ အမယ်မင်း ပေးလိုက်ထာတွေများလိုက်ထာ ဝိုင်းရှေ့၊ ယူမှယူနိုင်ပမလားမသိဘူးတော့။

ဖိုး။ ။ နို့- မောင်မှော်ဖို့ကော ဘာများ စီမံထားသလဲ မိဖုရားကြီး။

မိဖုရား။ ။ မှော်ဘို့လဲ ပဆိုးအကျီ ၅-ထည်စီး ခေါင်းပေါင်းဖြူ တအုပ်၊ မွေ့ရာတခု၊ ရွှေယွန်းအုပ် တလုံး၊ ကြေးစည် တလုံး၊ ဆွဲနှစ်ရာသီကွမ်းအစ်၊ လက်ဖက်အုပ်များ ဖြစ်ပါကြောင်းပါ။

မှော်။ ။ ဘာဖြစ်လို့ ပေးချင်သလဲ လွန်းရယ် မလိုချင်ဘူး၊ တို့အေးအေးပဲပြန်ပါရစေကွယ်။

ဖိုး။ ။ မောင်မှော် သူတကာမှာ ရှင်ဘုရင် မိဖုရားက ဆုတော် လပ်တော် သနားတော်မူတာကို လိုချင်လွန်းလို့ သနားတော်မူပါဟု လျှောက်ကြရတယ်၊ ဆုတော် လပ်တော် ရဒါကို အင်မတန်ဂုဏ်ယှိတယ်လို့ နှစ်သက်ကြတယ်၊ မင်းတို့ လင်မယားမှာ မတောင်းပဲနဲ့ ရှင်ဘုရင်နဲ့ မိဖုရားက ချီးမြှောက်လိုက်တာကို မလိုချင်ဘူးဟု ငြင်းပယ်ကြဒါ ငါတယ်အံ့ဩသကွယ်။

မှော်။ ။ မလိုချင်ပေါင် မောင်ဝိုင်းရယ်၊ အခုလိုလာရောက်တဲ့အခါ မင်းဂုဏ်မရောက်ဖဲ ဟိုတုန်းကလို သူငယ်ချင်းပြောပြောဆိုရဒါကိုပင် မင်းအပြစ်မပေးပဲ သည်းခံပီးတော့ မေတ္တာတရားထားတာကို များစွာအဖိုးတန်၍ လူဖြစ်ကျိုး နပ်ပါပေတယ်လို့ ဝမ်းမြောက်လှပါတယ်ကွယ်၊ ရှင်ဘုရင်နဲ့ မိဖုရားက ပေးလိုက်တဲ့ပစ္စည်းတေ ကြည့်ကြဆိုယင် လှာပီးတော့လဲ ကြည့်မှာပဲ၊ ဘယ်လောက်ဂုဏ်သရေယှိတယ်လို့ သိကြမယ်မဟုတ်ပါ

ဂုဏ်သရေ ကြီးပါပေတယ်လို့ သိကြသော်လဲ မည်သူမှ ဘုရား ထူးကြမယ်မဟုတ်ပါ။ တို့သဘောမှာ စိတ်မပြောင်းပဲးတွေ့ရလို့ ရှေးကလို မေတ္တာမပျက် ချစ်ခင်ကြတာကို အမြတ်ထားပါ တယ်ဝိုင်းရယ်။

ဖိုး။ ။ မောင်မှော် မင်းပြောဒါ ဟုတ်ပါရဲ့၊ သို့သော်- မင်းတို့တောသို့ ရောက်တဲ့အခါ သူငယ်ချင်း ရှင်ဘုရင်က ဘာ များချီးမြှောက်လိုက်သလဲး မေးယင် မင်းအပြောရမခက်ဖူးလား ပေးပါရဲ့ မယူနိုင်လို့ ထားခဲ့ရတယ်လို့ ဟုတ်ထာပြောသော် လဲး ယုတ္တိမယို့၍ လူယုံမယ်မဟုတ်ဖူး၊ သို့အတွက် ငါဂုဏ်ပျက် မခံနိုင်ဘူးကွဲ့၊ တျေးဖူးမဲ့ရာရောက်တယ်လို့ အထင်ငါမခံနိုင်ဘူး။ မင်းမယူချင်ပေတဲ့ မနေရဘူး ယူရမယ်။ ငွေ ၅-ပိဿာ ရွှေတိုက် တော်က ထုတ်ပေးလိမ့်မယ် ယူသွား။

မှော်။ ။ အော်-မောင်ဝိုင်းနှယ် မလိုချင်ပါဘူးလို့ တောင်း ပန်တာကို မရဘူးနော်၊ မင်းငွေပါရင် သူခိုးကြောက်ရ ဒါးမြ ကြောက်ရနဲ့ တို့ကို ဒုက္ခမပေးနဲ့ မလိုချင်ပါဘူးဆို တို့မှာ ယာ လယ်ရှိတယ်၊ ထမင်းဝယင် ဝီးဒါပါပဲး ကိုဝိုင်း။ အန္တရာယ်တော ကို ယူမသွားချင်ဘူးကွဲ့၊ အေး- စားသောက်မကောင်းယင် မှာ လိုက်၊ ဆန်ကောင်းကလေးများ ဆီကောင်းကလေးများ လာပို့ ပါမယ်ကွယ်။

တုတ်။ ။ ရှင်လွှန်းမယ်ကလဲး ညည်းအလိုယို့ဒါများကို မှာ လိုက်အေ့၊ ငါလှာပို့ပမယ် မှာသာမှာလိုက်ပါ။

ဖိုး။ ။ မောင်မှော် မင်းတို့လင်မယား ငါတို့ဂုဏ်ကို မဖျက် ကြနှင့် ယူသွား၊ ဘယ်လမ်းကပြန်ကြမလဲး။

မှော်။ ။ လှာခဲ့တဲ့ခရီးအတိုင်းပေါ့ကွယ်၊ တဖြေးဖြေး ကုန်းကြောင်းယော်၊ ရှိမ်းပကားက တက်သွားရမှာပေါ့။

ဖိုး။ ။ မင်းတို့ ကုန်းကြောင်းပြန်လို့ သည်ဝန်တေကို ယူနိုင်မယ်မဟုတ်၊ ငါလှေတော်နဲ့ ရှိမ်းပကားရောက်အောင် ပို့စေမယ်၊ ရှိမ်းပကားကြတော့ ဆိုင်ရာလူကြီးတို့က လှည်းနှင့် လိုက်ပို့စေမယ်၊ ဘာမှမပူလေနဲ့ အေးအေး ပြန်ရစေမယ် မောင်မှော်၊ နက်ဖြန်သွားကြပေတော့။

မှော်။ ။ ကောင်းပါပေ့ ကိုဝိုင်းရယ်၊ ပြောစကားကို နားထောင်ရဒါပေ့။

## ဦးမှော်တို့ပြန်ခြင်း

နောက်တနေ့ နံနက်မိုးလင်း တချက်မတီးမီ ဦးမှော်ဒေါ်တုတ်တို့ လှေဆိပ်သို့ ဆင်းသည့်အခါ ဖိုးတော်နဲ့ မိဖုရားကြီး အခြွေအရံတို့ လိုက်ပို့ကြလေသည်။ ဦးမှော်-ဒေါ်တုတ် လှေပေါ် ရောက်၍ လှေထွက်မည့်အခါ. . ။

မှော်။ ။ မောင်းဝိုင်းရေ သွားပီနော် လွန်းရေ သွားပီနော်။

ဖိုး။ ။ အေးကွယ် သွားကြပေအုန်းတော့။

တုတ်။ ။ ရှင်လွန်းမယ် သွားပီဟော့။

မိဖုရား။ ။ အေးဟေ့ သွားကြပေတော့ကွယ် အောင်းမေ့သေးကွယ်။

တုတ်။ ။ ဝိုင်းကြီးရေ သွားပီနော်။

ဖိုး။ ။ အေးအေး သွားကြပေအုန်းတော့ကွယ်၊ ဟဲ့တုတ်ကေ နောက်လဲး လာကြအုန်း ကြားလားမောင်မှော်။

လှေတော် ထွက်ခွာသည့်အခါ ရှင်တုတ်က ဝိုင်းနဲ့ လွန်းရေ သွားပီနော် ငါတယ်ဝမ်းနဲးသဟော့ဟုအော်လျက် ရှင်တုတ် မျက်ရေသုတ်သွားလေသည်။

× × × ×

စကားချပ်။ ။ ဤကား ရှေးဘုရင် မင်းမြတ်တို့သည် ငယ်က ပေါင်းသင်း ချစ်ခင်လာသည့် သူငယ်ချင်း မိတ်ဆွေဖြစ်သူများကို မင်းဂုဏ်မာန်မာန မထားကြပဲး ဖျောင့်မတ်နူးညံ့ခြင်း သည်းခံခြင်း သစ္စာယိုခြင်း မဆန့်ကျင်ခြင်း စသည်တို့ကို နှလုံးသွင်းလျက် လိုက်လိုက် ရောရော ရှေ့ကကဲ့သို့ ပြောလားဆိုလား ဖက်လဲး တကင်း ပြုလုပ်သည်များကို နည်းယူ မှတ်သားဘွယ်ရာ ကောင်းသဖြင့် ဖော်ပြလိုက်ခြင်း ဖြစ်သည်။

ယင်းသည့် အကြောင်းအရာများသည် သက္ကရာဇ် ၁၂၅၀-ပြည့်နှစ်အခါက ကျောက်ဆည်နယ် မန္တလေးမြို့ စကိုင်းမြို့များသို့ ရောက်သောအခါ သျှင်ကြီး လူကြီးတို့ မိန့်ဆိုချက်၊ သက္ကရာဇ် ၁၂၆၂-ခုနှစ်အခါက ရွှေဘိုမြို့ မုံရွာမြို့ မုံရွေးကြေးမုံမြို့ မြင်းခြံမြို့ ချောင်းဦးမြို့ အင်းဝမြို့ အမရပူရမြို့များသို့ ရောက်သည့်အခါ သျှင်ကြီး လူကြီးတို့ မိန့်ဆိုချက် စစ်ကိုင်းမြို့ ညောင်ပင်သာ ကျောင်းတိုက် ညောင်ပင်သာ ဆရာကြီး ဦးပုညမှတ်သားချက် ပုရပိုက်များမှ ကူးယူမှတ်သားချက်များဖြစ်သည်။

ယခုခေတ်မှာ ကျေးဇူးရှင်မှန်းမသိ မိမှန်း ဖမှန်း မသိ ဆရာမှန်းမသိ ဂုဏ်ယှိသူမှန်းမသိ ဟန်ကြီးပန်ကြီး မာနကြီးကြသော အချို့ မြို့ပိုင်နယ်ပိုင်များ ရှိကြလေသည်။ ဆရာမိဘ ကျေးဇူးရှင် ဂုဏ်ယှိသူများက သူတို့ကို ဘုရားထူးမှ သူတို့ကို ပဆစ်တုတ်ပီး ရှိသေစွာထိုင်၍ ဟုတ်ပဘုရား၊ မှန်ပဘုရားဟု လျှောက်နိုင်မှ ဆရာမှန်း ကျေးဇူးရှင်မှန်း ဂုဏ်ယှိသူမှန်း သိယောင် ပြုတတ်ကြလေသည်။ ဂါရဝ နိဝါတ မင်္ဂလာ ပျက်စီးခြင်းယှိကြသောကြောင့် ဖုန်းကြီး၍ သက်မရှည် သက်ရှည်၍ ဖုန်းမကြီး ဖြစ်လျက်နေကြသည်ကို ထောက်ကြလေဟုလေသောဝ်။

ရှေးက အုပ်စိုးသောမင်းများသည် ကျေးဇူးသစ္စာကို သိကြသူ များကြသဖြင့် မင်းဂုဏ်မရောက် မာနမကြီး မိမိတို့ ရောင်းရင်းဘက် ကျောင်းနေဘက် သူငယ်ချင်းမိတ်ဆွေများကို တွေ့လျှင် ရှေးကကဲ့သို့ ပြောဆိုပြီး ကျောသပ်ရင်သပ် ပြုလုပ်ကျွေးမွေးအရည်အချင်းကို ကြည့်ရှုချီးမြှောက် မစသည်တို့ကား ကျေးဇူးကို မျှော်ထောက် သိသောမင်းများဟူ၍ မှတ်သားဖွယ်များကို ရှိသောသည်အားလျော်စွာ လိမ္မာလို ကုန်ကြသောသူတို့ သတိမူရန်ဖြစ်ပေသတည်း။

## ဦးပေါ်ဦး ဦးမြတ်ထင်တို့နှင့် ဘိုးတော်မင်းတြားကြီး

တနေ့သန္တိုက် နေ့လယ်အချိန် လေသာဆောင်တွင် ဖိုးတော်မင်းတြားကြီးက။ ဟဲ့ပေါ်ဦး မုတ်ဆိုးချုက မောင်မှော် ရှင်တုတ်တို့ လာကြတယ်ဟဲ့ တွေ့ကြရဲ့လား။

ဦး။ ။ ဦးမှော်ကြီး အိမ်ကိုလှာလို့ ၂ ခါ ၃ ခါပဲး တွေ့ရသဖြင့် ကောင်းမွန်စွာ ကျွေးမွေးလိုက်ရပါကြောင်း။ သူ့ကို ဝတ်စုံကန်တော့ရာ မင်းဟာ ဘာလုပ်ဖို့လဲးကွယ် မလိုချင်ပါဘူးတဲ့၊ မင်းတို့ ကိုယ့်အသျှင်သခင်နဲ့ မြဲးစွဲးနေကြဒါကို ငါသိချင် မြင်ချင်ဒါပဲးလို့ ပြောဆိုသွားရာ ပုဆိုးအဝတ် အတင်းလိုက်ကန်တော့တာ မယူဘူးဘုရား့ မင်းဒီလိုပေးယင် ငါနောက် မင်းအိမ်မလာဘူးပြောသွားကထဲးက နောက်ကို မတွေ့ရပါဘူးဘုရား။

ဖိုး။ ။ အေး ငါလဲး ပေးတော်မူတယ် မင်းဟာ ဘာလုပ်ဖို့လဲတဲ့ ငါ့ကို ဒုက္ခမပေးပါနဲ့တဲ့၊ အတန်တန် ငြင်းပယ်သဟဲ့။ ငါကလှေတော်နဲ့ တင်ပီး ရှိန်းပကားအရောက် ပို့စေရတယ် မောင်မှော်ရှင်တုတ်တို့က ရှေးကလိုပဲးကွဲ့ တယ်ရှိုးဒါကိုးဟဲ့ မြတ်ထင်အိမ်ကော မလာဘူးလားဟဲ့။

ထင်။ ။ မှော်ကြီးတော့ မတွေ့ရပါ မယ်မယ်ကြီးနဲ့ ဒေါ်တုတ်တော့ ရောက်လှာတယ်ဘုရား ကျွန်တော်မျိုးကို မြင်တော့ ဒေါ်တုတ်က ဟဲ့ စောက်ရူးလို့ အယင်ကလိုပဲးခေါ်ပါသေးတယ်ဘုရား၊ ရွှေကြက်ယက်နဲ့ စကိုင်းကို သွားချင်တယ်ဆိုလို့ ကျွန်တော်မျိုး လိုက်၍ပို့ရပါဘုရား၊ မြို့တွင်းမြို့ပြင် တရုတ်တန်း ယပ်တန်း ယက်ကန်းတန်းများကိုလဲး လိုက်၍ ပြရပါသည်ဘုရား။

ဖိုး။ ။ ရှင်တုတ်ကလဲး အယင်ကလိုပဲးဟဲ့ ပြောပုံဆိုပုံ မင်းတို့မယ်မယ်ကြီးနဲ့ ပြောဒါတေမြင်ရမှ ရယ်စရာကောင်းတယ်၊ ခါးတို့လိုက် ပေါင်တို့လိုက်နဲ့ စကားပြောကြဒါ ဝမ်းသာလွန်းလို့ထင်ပဟယ် နင်တို့မယ်မယ်က ရီနေဒါပဲးဟဲ့။

ဦး။ ။ မှန်ပါ တုတ်တုတ်တော့ မြောက်ဥယျာဉ်တော် ရေကြည့် နန်းတော်အနီးမှာ ဘုရားကျွန်တော်ကို သူမြင်တော့ ဟဲ့ စကားတောင်စားလို့ အော်ပီး ခေါ်လိုက်ထာ သူ့အနားက အပေါင်းအဖော်တေက အုန်းကနဲ့ ရှိကြတယ်ဘုရား။ အထိမ်းတော်ကြီးတပါးက အတွင်းဝန် လွှတ်တော်ဝန်ကြီး ဖြစ်ကြောင်း ပြောပြရာ ဝန်လေး ဝန်ကြီးလေး မသိဘူးအေ့ တို့စကိုင်းမှာ အတူနေကြတုန်းကလိုပဲ ခေါ်တတ်တယ်အေ့လို့ ပြောပြပါသေးတယ်၊ ဘုရား ကျွန်တော်မျိုးက တုတ်တုတ်တေ အိမ်ကို လာလည်အုံးလို့ နှုတ်ဆက်ပီး မြဲတိုက်သို့ လှည့်လှာခဲ့ပါကြောင်း ပါဘုရား။

ဖိုး။ ။ သူတို့ပြန်တော့ ဆိပ်ကမ်းကျအောင် မင်းတို့မယ်မယ်နဲ့ လိုက်ပို့ကြတယ်၊ လှေတော်ပေါ်ကျတော့ ရှင်တုတ်က ဖိုင်းတို့ လွမ်းတို့ရေ သွားပေ့ါဟေ့ဆိုပီး မျက်ရေများသုတ်သွားရှာတယ်။ သနားစရာကောင်းပေကွယ်၊ မင်းတို့အသိပဲ တို့စကိုင်းနေစဉ်က သင်းတို့လင်မယား ကျေးဇူး တို့အပေါ်မှာ ယှိပါပေတယ်။

ဦး။ ။ မှန်ပါ တလကို တခေါက်နှစ်ခေါက်တော့ ရောက်ထာပဲ၊ လာပေတဲ့ ကိုယ်ချည်းလက်ချည်းမဟုတ်ဖူး၊ စားစရာ သောက်စရာများကို လင်မယား ၂-ယောက် ထမ်းယွက်ယူလှာ ဒါပဲ ဘုရာ့။

ထင်။ ။ မှန်ပါ ခမည်းတော်နဲ့ မယ်မယ်ကြီးတို့ကို သူတို့ အလွန်ပဲ ချစ်တယ် မေတ္တာယှိတယ်ဆိုဒါ ရိုးရိုးဖြောင့်ဖြောင့်ကြီး

ပါဘုရား၊ ကွေ့ကွေ့ကောက်ကောက် ပစပ်ကတမျိုးပြော ချစ်ခင်ယောင်ဆောင်လို့ ဝမ်းတွင်းကတမျိုးညစ်တဲ့ ကျီးအာသီးမျိုးမဟုတ်ပေါင်ပါဘုရား၊ ခမည်းတော် မယ်တော်တို့ထံ ဆုတော်လပ်တော်ရအောင် ရာထူးစည်းစိမ်ကိုရအောင် ချစ်တဲ့ ခင်တဲ့ ပရိယာယ် အချစ်မျိုး မေတ္တာမျိုးမဟုတ် ပေးဒါကမ်းဒါ ကန်တော့ဒါ ချီးမြှောက်သနားတော်မူဒါတွေကိုပင် မယူလိုကြောင်း အတန်တန် ငြင်းပယ်ပါသည်ဘုရား။

ဖိုး။ ။ ဟုတ်ပေတယ်မောင်မင်း၊ သက်သက်ရိုးရိုး ချစ်ခင်တဲ့ မေတ္တာပါပေကွယ်၊ မောင်မှော်မှာ လယ်ယာယိုသည်ကို ပယ်တရာလောက်ယိုအောင် ပေါ်ဦးက စီမံပေးလိုက် မင်းတိုင်းအကုန်လွှတ်ကင်းချမ်းသာရန် စီမံပေးလိုက် ခရိုင်ဝန် မြို့ဝန် မြို့သူကြီး ရွာသူကြီးမှစ၍ မောင်မှော်ကို အဆင့်အဆိုအခေါ်မယိုစေရ၊ အထူးသဖြင့် စောင့်ရှောက်သတိပြုကြရန် လွှတ်တော်က အမိန့်စာချွန်တော်ကို ခရိုင်ဝန်ထံပို့ လိုက်ရမည်။

ဦး။ ။ မှန်ပါ အမိန့်တော်မြွက်အတိုင်း ယနေ့ပဲလွှတ်တော်က အမြန်စေလွှတ် စာချွန်တော်ပို့ပါမည်ဘုရား၊ ကျွန်တော်မျိုးကိုယ်တိုင်ကလဲး မုတ်ဆိုးချုံသို့ သွား၍ ဦးမှော် အလိုယိုတဲ့ မြေကို ပယ်တရာကျော်လောက် ထပ်မံပေးအပ်ခဲ့ပါမည်ဘုရား။

ဖိုး။ ။ အေး ကောင်းပီကွယ်၊ အထူးသတိပြုလိုက်ကြနော်၊ မင်းတို့ ၂-ယောက်စလုံး မမေ့ကြနဲ့ သင်းတို့ကို ငါ အောက်မေ့သကွယ်၊ မိန့်တော်မူပြီးလျှင် အတွင်းဆောင်သို့ ဝင်တော်မူလေ၏။

## တောင်ငူလဲတောင်ငူ

## မောင်းထောင်လဲမောင်းထောင်

တနေ့သောအခါ ညနေ တောင်ဥယျာဉ်တော်တွင် ဖိုးတော်မင်းတြားက ဟဲ့ပေါ်ဦး ငါတခုသိလိုတယ်၊ သားတော် တောင်ငူစားနှင့် မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရာတို့ ထွေးလုံးသတ်ကြကြောင်း မဟာဒါန်ဝန်တင်ချက်ယှိတယ်၊ မောင်မင်းသည်အကြောင်းကို မသိဘူးလား။

ဦး။ ။ ကျွန်တော်မျိုးသိလို့ မောင်မြတ်ထင်နဲ့ ၂ ယောက် တိုက်တော်သို့ သွား၍ စုံစမ်းပါတယ်ဘုရား၊ စုံစမ်းတော့ တောင်ငူမင်းသားဆရာ ဦးတေဇကို သာသနာပိုင် ဆရာတော် အမိန့်နဲ့ ဆင့်ခေါ်၍ တိုက်တော်မှာ ဘိက္ခုပါတိမောက်ပါဠိနှိသျှအကုန် ဘိက္ခုနီ ပါတိမောက်ပါဠိသျှအကုန်၊ ခုဒ္ဒသိက္ခာပါဠိနှိသျှအကုန် မူလ သိက္ခုပါဠိနှိသျှအကုန် အလွတ်အာဂုံနှုတ်တက် အပြန်ခိုင်းပါသည် ဘုရား၊ တောင်ငူမင်းသာ ဆရာလဲ ရသလောက်ကို ပြန်စွမ်းနိုင်ပါသည်။ တချို့ သတိချွတ်ယွင်းချက် ယှိသည်များကို မရရအောင် ပြန်ရမည်ဟု အထပ်ထပ် ခိုင်းပါသတဲ့ ဘုရား စေခိုင်းဒါကို အလွတ်မရကောင်းလားဟု မင်းသားဆရာကို သဲဒဏ်ရေဒဏ် ပေးပါသတဲ့ဘုရား။

ဤအကြောင်းကို တောင်ငူမင်းသား သိ၍ သူ၏ဆရာ ပင်ပန်းဆင်းရဲလျက် ဖြစ်သည်ကို စိတ်တော် မချမ်းသာ၍ သာသနာပိုင် ဆရာတော် ဘုရားထံ သွားပြီးလျှင် တပည့်တော် ဆရာ

သည် ဝိနည်းတော်များကို ပြန်ဆိုခိုင်းရာ မပြန်နိုင်သော စာများ အတွက် ဝိနည်းတော် သိက္ခာနှင့် ဆန့်ကျင်သော အကျင့်များ လွှဲဒါ ယှိပါသလားဟု လျှောက်ပါသတဲ့၊ ဆရာတော် ဘုရားက အကျင့်သိက္ခာပုဒ်မပျက် လိုက်နာကြောင်း ငါသိသည်၊ သင်း- စာမရလို့ ငါဒဏ်ပေးသည်ဟု မိန့်တော်မူပါသတဲ့ ဘုရား၊ သည် တော့ တောင်ငူစားက စာမရသော်လဲး အကျင့်သိက္ခာမပျက်လျှင် သည်းခံတော်မူသင့်ပါ ဘုရား၊ စာတော့ မေ့တဲ့စာကို နောက် လေ့ကျင့်ပါက မကြာမီ ရပြီးသားစာများ ပေါ်လာမည် ဖြစ်ပါ ကြောင်း လျှောက်သတဲ့။

ဆရာတော်ဘုရားက မဟုတ်ဖူးမင်းသား သင်း-ဝိနည်းသိက္ခာ ကျမ်းကို အကုန် အရာ ဆောင်ရမည်ကို အရမဆောင်လို့ နောင် မှတ်အောင် ငါဒဏ်ပေးတယ်ဟု မိန့်ပါသတဲ့ဘုရား၊ သည်တော့ တောင်ငူစားက မဟုတ်ပါဘူး ဘုရား။ အရှင်ဘုရားက ချက်ခြင်း အကုန် ရ ရမည်ဟု အမိန့်ပေးဒါ ချက်ခြင်းတော့ ဘယ်မှာရနိုင် မလဲး၊ ရက်အခွင့်ပေးလို့မှ မရလျှင်သာ အပြစ်ဒဏ် ပေးထိုက်ပါ တယ်၊ အခု အပြစ်ပေးဒါလဲး အတော် ပင်ပန်းနေပါပြီ။ သည်း ခံတော် မူပါဘုရားဟု လျှောက်ပါသတဲ့ ဘုရား။

ဤအခါ ဆရာတော်ဘုရားက နင် ဘာလာ စကားများနေ သလဲးဟု မိန့်တော်မူပြီးတော့ ထွေးခံနဲ့ ပစ်ပေါက်ပါသတဲ့ဘုရား၊ တောင်ငူစားကလဲး ထွေးခံကို ကောက်ပီးတော့ ဆရာတော်ကို ပြန်ပီး ပေါက်ပါရောတဲ့ ဘုရား၊ နောက် ဆရာတော် ဘုရား က ထပီး ခြေနဲ့ကြောက်တော့ တောင်ငူစားက ဖက်ပီးတော့

သတ်ပါသတဲ့ဘုရား၊ ဤအခါ တောင်ငူစားနဲ့ ဆရာတော်ဘုရား ထွေးလုံးနေကြတာကို အနီးအနားယို့ တိုက်အုပ် တိုက်ကြပ်များ ယို့ကြသော်လည်း မဖျင်ဝံ့လို့ ကြည့်နေကြပါသတဲ့ ဘုရား။

နောက်မကြာမီ မဟာဒါန်ဝန်ကို အကြောင်းကြား၍ မဟာဒါန်ဝန်လာပြီးလျှင် ဖြန်ဖြေတော့မှ ရန်စဲပြီး တောင်ငူစားသည် သူ၏ဆရာတော်ကို ပင့်၍ ပြန်ပါရောတဲ့ ဘုရား။

ဖိုး။ ။ အင်း-တောင်ငူလဲ တောင်ငူပဲ၊ မောင်းထောင်လဲ မောင်းထောင်ပဲတွဲ့၊ သို့သော် သည်ကိစ္စမှာ သည်လိုနေလို့ ကြေအေးကုန်ကြမှာ မဟုတ်ဖူး၊ သာသနာပိုင် ဆရာတော်ဘုရားကို ကန်တော့ ဝန်ချရန် တောင်ငူစားကို ငါခေါ်ပေတဲ့ သူလှာချင်မှ လှာမယ်၊ သို့အတွက် သူတို့ နောင်တော် ကျော်ရွှေကို ခေါ်စေမှ တော်မယ်၊ ကျော်ရွှေကို မြို့တော်သို့ ဆန်တက်လာရန် စာပို့လိုက်၊ အသာတကြည် အေးအေးလာရန် အမိန့်တော်တွင် ဖော်ပြလေ၊ ယခင်က မှူးမတ်များ တိုက်ထားကို တွေ့ပီး မည်သူများ ငါ့ကို တိုက်ပါလိမ့်မှာ ငါ့သား ထိတ်ထိတ်ပြာပြာ ယို့နေပါ အုန်းမယ်၊ အခေါ်လွှတ်တဲ့အခါ မင်းတို့ မယ်မယ်ကို လျှောက်ထားလေ၊ သူအလိုယို့ရာများကို မှာလိုက မှာပါစေတွယ်။

ဦး။ ။ မှန်ပါ သင့်ရာဝန်ကို စေလွှတ်ရန် ကျွန်တော်မျိုး အမြန်စီမံပါမည်ဟု လျှောက်ထားပြီးလျှင် မိဖုကြီးထံ ဝင်ကြလေ၏။ မိဖုရားကြီးအား အကျိုးအကြောင်း လျှောက်ထားပြီးသော် နန်းတော်မှ သက်ကြလေသည်။

ဦး။ ။ ဟေ့- မောင်မြတ်ထင် ဖုန်းတော်ကြီးဘုရား အမိန့်တော်မြတ်အရ မောင်ကျော်ရွှေကိုခေါ်ရန် လွှတ်တော် ဝန်ကြီးများနဲ့ တိုင်ပင်၍ စာချွန်တော်ပို့ရန် ကိစ္စယို့တယ်၊ လွှတ်တော်ကို သွားကြစို့ကွယ်။

ထင်။ ။ အေးကွယ် သည်ကိစ္စကို ချောမောအောင် ဆောင်ယွက်မှ တော်မယ်ဟေ့၊ ဖုန်းတော်ကြီးဘုရား စိတ်တော်မကြည်လင်ခိုက် ဖြစ်နေတယ်။ လွှတ်တော်ကိုတက်မှ တော်မယ်ကွယ် သွားစို့။

လွှတ်တော်သို့ ရောက်သောအခါ ဝန်ကြီးများက ဘယ့်နှယ် အတွင်းဝန်မင်းတို့ ဘယ်လိုအမိန့်တော်များ ပါ-ပါသလဲ။

ဦး။ ။ အမိန့်တော် ပါဒါက တိုင်းရေးပြည်ရေး မဟုတ်ပါ မောင်းထောင်နဲ့ တောင်ငူရေး ဖြစ်ပါတယ်။

ဝန်ကြီး။ ။ အော်-တနေ့က မောင်းထောင် သာသနာပိုင် ဆရာတော် ဘုရားနဲ့ တောင်ငူ မင်းသားတို့ သတ်ကြတယ် ဆိုဒါ မှတ်တယ်။

ထင်။ ။ မှန်ပါတယ်၊ သည်ကိစ္စက အရေး အတော်ပဲ ကြီးနေပကော။

ဝန်ကြီး။ ။ သည်အရေးကို ကျွန်ုပ်တို့ လွှတ်တော်က မည်ကဲ့သို့ ဆောင်ယွက်ရမလဲဗျ။

ဦး။ ။ အမိန့်တော်အရ လွှတ်တော်က ရန်ကုန်ဝန်ကြီး မောင်ကျော်ရွှေကို ခေါ်ရမယ်ဗျ။

ထင်။ ။ ဟုတ်ကဲ့ ခေါ်သော်လဲး အတင်းအကြပ် မဟုတ်၊ ချမ်းသာစွာ ရွှေဘွားတော်အောက်သို့ ဆန်တက်လာရန် ဖြစ်ပေသဗျ။

ဝန်ကြီး။ ။ ဒါမှာတော့ ဘုရားအမိန့်တော်ကို နာခံရသည် အတိုင်း ဝန်ကြီးတို့ ကြားစာတွင် ကိုယ်စိတ် ၂-ပါး ချမ်းသာစွာနှင့် ရွှေဘွားတော်အောက်သို့ ယှိုးလှာရောက်ရန် အလိုတော်ယိုတော် မူကြောင်းဟု ၂ ကြောင်း စာချွန်တော်နဲ့ ပို့ရမှာပေါ့ အတွင်းဝန်မင်းတို့။

ဦး။ ။ ကောင်းပါပေဗျား၊ တောင်ငူစားကို မောင်ကျော် ရွှေမှနိုင်သဗျ၊ သူလာမှ တောင်ငူမင်းသားကို နေရာကျ စီမံရန် လွှဲအပ်ပေလိမ့်မဗျ။

ဝန်ကြီး။ ။ ကောင်းပါပေတယ် အတွင်းဝန်မင်းတို့၊ ယနေ့ ပဲ့ လျှေမြန် စေလွှတ်တော် မူကြောင်းကိုသာ ရွှေနားတော် သင့် စေလိုပါကြောင်း။

ထင်။ ။ ကောင်းပါပြီ-ည,ညီလာခံမှာ ရှေးဦးစွာ ရွှေနား တော် သင့်ရပါလိမ့်မယ် ဝန်မင်းတို့။

ဝန်ကြီး။ ။ ခက်ပုံက သာသနာပိုင် ဆရာတော် ဘုရားနဲ့ သားတော် တောင်ငူမင်းသား ဖြစ်တော့ ဖုန်းတော်ကြီး ဘုရား အကြံရ ခက်သည်ဟု သဘောရပေတယ်ဗျ။

ဦး။ ။ ဟုတ်ပါတယ်၊ ဒါကြောင့် မောင်ကျော်ရွှေကို ခေါ် စေ အမိန့်တော်မြွတ် မှတ်ထာပါဘဲဗျ။

ထင်။ ။ နို့-ကျွန်တော်များ သွား. . . .

ဝန်ကြီး။ ။ ကောင်းပါပြီ-ကောင်းပါပြီ။

လွှတ်တော်ဝန်ကြီးတို့က ရန်ကုန်ဝန်ကြီးထံ စာချွန်တော်နှင့် လှေမြန်တော် စေလွှတ်လိုက်လေ၏။

လှေမြန်တော် ရန်ကုန်သို့ရောက်၍ အစေခံဝန်ထောက်များ ဝန်ကြီး အိမ်သို့ သွားပြီးလျှင် အမိန့် စာချွန်တော်ကို ဆက်လေ၏။

ဦးကျော်ရွှေ။ ။ အင်း-အမိန့်တော်က ကြီးကျယ်သောကိစ္စ မဟုတ်ပေ။ အတွင်းမှုအရေးဖြစ်၍ တိုင်ပင်ရန် လက္ခဏာနှင့် တူတယ်။ နောက် ၅-ရက်ကြာလျှင် ဆန်တက်လှာမည် မောင်မင်းတို့၊ ဝန်ထောက်များနဲ့ လှေတော် အမှုထမ်းတို့ စားနပ်ရိက္ခာ အပြည့်အစုံ ယိုကြရန် အိမ်တော်က ထုတ်ယူသွားကြ၊ အထက်သို့ မဆန်မီအတွင်း တိဂုံဆံတော်ရှင် စေတီတော်ကြီး၊ ဆူးလေစေတီ သံလျှင် ရှင်ပင် ကျိုက်ခေါက်စေတီ ကျိုက္ကဆံစေတီ၊ ကျိုက်မဲ့ သံခရိုစေတီများကို သွား၍ ကြည်ညို ပူဇော် ကြရမည်ဟု မိန့်တော်မူလိုက်လေ၏။

လှေတော် အမှုထမ်းတို့လည်း ရန်ကုန်ဝန်ကြီး အမိန့်အတိုင်း မြို့ကို လှည့်ပတ်၍ ဘုရားများကို အစေ့အနှံ့သွားရောက်ဖူးမျှော် ပူဇော်ကြလေသည်။

ရန်ကုန် ဝန်ကြီးလည်း မှန်ကင်းဆရာတော်၊ သွေးဆေးကန် ဆရာတော်၊ စဥ္စပါဆရာတော်၊ ကျားကူးဆရာတော်၊ ဆားစား ဆရာတော်၊ ခယားပင် ဆရာတော်၊ စကြာဝန်ကြီး ဆရာတော်၊ ဒူးရင်း ဆရာတော်၊ မိဖုရား ခင်ဆိုး ဆရာတော်၊ ညောင်ပင်ဈေး ဆရာတော်၊ သစ်ဆိမ့်ဆရာတော်၊ ပေတောကုန်းဆရာတော်၊ ထန်းတောဆရာတော်၊ ဆားလင်း ဆရာတော် များကို ပင့်ဖိတ်၍ ဆွမ်းကျွေး လှူဒါန်းပြီးသော် ငါးရက်စေ့သောအခါ ရွှေဘွား တော်အောက်သို့ ဆန်တက်လေ၏။

လှေတော်နှင့် ဆန်တက်ရာ ၁၅-ရက်နှင့် အမရပူရမြို့ ဆိပ်ကမ်းသို့ ရောက်လေ၏။

ရွှေမြို့တော်က ဦးပေါ်ဦး ဦးမြတ်ထင်တို့လည်း ရန်ကုန်ဝန်ကြီး ဆိုက်ရောက်မည့်အချိန် တွေ့ဆုံရန် ဆိပ်ကမ်းသို့ဆင်း၍ ကြိုဆိုနှင့်ကြရာ တွေ့ဆုံကြလေ၏။

ရွှေး။ ။ မွန်းပေါ်ဦး မြတ်ထင်တို့လားဟေ့၊ မာကြရဲ့နော်။

ဦး။ ။အေးကွယ် သူငယ်ချင်း မာကြပါရဲ့၊ မင်းကို တို့လာ၍ကြိုနေတယ်ကွဲ့၊ မင်းတို့ကော ကျန်းမာကြရဲ့နော်-။

ထင်။ ။ သူငယ်ချင်း မေတ္တာကြောင့် ကျန်းမာရဲ့ကွယ်၊ သူငယ်ချင်းလဲ အားလုံးအခြွေအရံများပါ ကျန်းမာရဲ့နော်။

ရွှေး။ ။ အေးကွယ်၊ ရတနာသုံးပါး ဂုဏ်ကျေးဇူးကြောင့် ခေင်းမခဲ လည်မနာ ကျန်းမာချမ်းသာပါ၏ကွယ်၊ မင်းတို့အားလုံး ကျန်းမာကြသည်ကို ကြားရဒါ ဝမ်းမြောက်ခြင်း ဖြစ်ပါတယ် သူငယ်ချင်းတို့။

ဦး။ ။ သူငယ်ချင်း ကျန်းမာချမ်းသာသည်ကို ကြားရသဖြင့် တို့က အလွန်ပဲ ဝမ်းမြောက်လှပါတယ်ကွယ်။

ထင်။ ။ ဤလိုကျန်းမာကြောင်း ချမ်းသာကြောင်း သိရခြင်းသည် ကောင်းသောလပ် ကောင်းသောမင်္ဂလာကြီး ဖြစ်ပါပေတယ်၊ လောကမှာ ဘယ်လိုပဲ ရာထူး ဂုဏ်ထူးကြီးကြီး ဘယ်လိုပဲ ဥစ္စာပစ္စည်းပေါပေါ ဘယ်လိုပဲ ကြွယ်ဝကြွယ်ဝ ဘယ်လိုပဲ ခမ်းခမ်းနားနား တိုက်ကြီးတာကြီးနဲ့ နေနေ ချမ်းသာသည်

မဟုတ် အနာရောဂါကင်းယှင်း၍ ကျန်းမာခြင်းသည် ချမ်းသာခြင်းအစစ် ခေါ်ရမတဲ့၊ အနာရောဂါကင်း၍ ကျန်းမာခြင်းသည် ကောင်းသောလပ်ကြီးဖြစ်တယ်။ ကောင်းသော ချမ်းသာခြင်းဖြစ်သည်ဟု မြတ်စွာဘုရားဟောတော်မူတယ်။ သို့ကြောင့် ကျန်းမာသော မင်္ဂလာကြီးကို ရကြခြင်းကိုကား ချမ်းသာခြင်းအစစ်ကို ရကြပေသည်ဟု ဝမ်းမြောက်ကြပေတော့ သူငယ်ချင်းတို့။

ရွှေး။ ။ နို့-ကျေးဇူးရှင်ခမည်းတော် မယ်တော်ကြီးတို့နဲ့ သားတော် သမီးတော်များကော ကျန်းမာတော် မူကြပါလားကွယ်။

ဦး။ ။ အားလုံးပဲ ကျန်းမာတော်မူကြပါရဲ့။

ရွှေး။ ။ ကောင်းပါလေကွယ်၊ ကျန်းမာကြတယ်လို့ ကြားရဒါ မွန်မြတ်ထင်ပြောသလို ကောင်းသောလပ်ကြီး ကောင်းသောမင်္ဂလာကြီးကို ရသဖြင့် အလွန်ပဲဝမ်းမြောက်ခြင်းဖြစ်ရပါပေကွယ်၊ နို့-ငါ့ကို ခေါ်တော်မူဒါ အကြောင်းသိယင် ပြောကြပါအုန်းကွဲ့။

ထင်။ ။ အောင်မယ် ဒါတေ မေးမနေနဲ့ မင့်အိမ်တော်ရောက်မှ မင်းရှင်းရှင်းလင်းလင်း သိရအောင် ဇာတ်ခင်းပြမယ်၊ ကိုင်း-သွားကြစို့။

## ဦးကျော်ရွှေး အိမ်တော်ရောက်၍ ဆွေးနွေးကြခြင်း

ရွှေး။ ။ ကိုင်း- မင်းတို့ဇာတ်ကို ခင်းကြပါအုန်းကွဲ့။

ဦး။ ။ မင်းကို ခေါ်ဒါ အခြားအကြောင်းကြောင့် မဟုတ်ဖူး။ သားတော် တောင်ငူမင်းနဲ့ သာသနာပိုင်ဆရာတော်ဘုရား ထွေးလုံးရစ်ပတ် သတ်ပုတ်ကြ၍ ခေါ်ရတာ မောင်ကျော်ရွှေးရဲ့။

ရွှေး။ ။ အို-ဟုတ်လား- ဖြစ်မှဖြစ်ရလေခြင်းကွယ်၊ အနားက ဖျင်မဲ့သူများ မယှိုကြလို့လား၊ သူငယ်ချင်းတို့ ဟု ဆို၍ ရင်ဗတ်ကို တီးလေ၏။

ထင်။ ။ တိုက်အုပ် တိုက်ကြပ် ကိုယ်တော်များ ယှိုကြပေမဲ့ မဖျင်ဝံ့လို့ ကြည့်နေကြတယ်၊ နောက်မှ မဟာဒါန်ဝန် သိ၍ လှာရောက်ဖြန်ဖြေမှ ရပ်စဲသွားကြသတဲ့ကွဲ့။

ရွှေး။ ။ မူလဖြစ်ရင်း ဇာတ်ကို လှန်၍ ပြောစမ်းပါအုန်းကွဲ့။

ဦး။ ။ သည်လိုကွဲ့၊ တောင်ငူမင်းသားဆရာက ဝိနည်းခုဒ္ဒသိက္ခာကို အရမဆောင်ကောင်းလားလို့ သာသနာပိုင်က သဲဒဏ်-ရေဒဏ်-ပေးသတဲ့၊ ဒါကို တောင်ငူမင်းသား သိတော့ အကြိမ်ကြိမ် တောင်းပန်သည်ကို သာသနာပိုင်က စိတ်တော်ဆိုးလာတယ်ထင်ပ မင်းသားကို ထွေးခံနဲ့ ပေါက်ကရော၊ ပေါက်တော့ မင်းသားက ခံပြီးပေါက်ကရော။ ပေါက်တော့ သာသနာပိုင်က ခြေနဲ့ ထပြီး ကန်ရော၊ ကန်တော့ မင်းသားက ထပြီး ဖက်သတ်ကရော၊ သတ်တော့ သာသနာပိုင်လဲ ဖက်သတ်ကရော၊ တယောက်တယောက် မလွှတ်ကြပဲ ထွေးလုံးရစ်ပတ် ယှိုနေကြဒါပေါ့လေ၊ အဲဒါ ခမည်းတော်ရှေ့ရောက်တော့ သိရပါလိမ့်မယ် သူငယ်ချင်း။

ရွှေး။ ။ နို- သည်အကြောင်း ခမည်းတော်ဘုရားသိတော်မူတော့ မည်သို့ မိန့်တော်မူသလဲ။

ဦး။ ။ ခမည်းတော်ဘုရားက "အင်း- တောင်ငူလဲး တောင်ငူပဲ။ မောင်းထောင်လဲး မောင်းထောင်ပဲး"ဟု မိန့်တော်မူဒါပဲးကွဲ့။

ရွှေး။ ။ မိန့်တော်မူပုံနှယ် တယ်ပီးတော့ နေရာကျကွယ်ဟု ဆို၍ များစွာရယ်လေသည်။

ဦး။ ။ ထမ်းလှာဒါတေက ဘာဒိုးတေလဲးကွဲ့ များလှချည့်ကလား။

ရွှေး။ ။ မင်းတို့စားဘို့ ငါးခူ ငါးပိကောင်ဒိုးကွဲ့၊ စာဒညင်းသီး ဆားရေစိမ်ဒိုးကွဲ့၊ ဒလဘက် ကော့မှူးချောင်းကထွက်တာဟော့၊ ပီးတော့ မြောင်းမြမြို့က ရွှေမှုံငါးပိကလေးကွဲ့၊ မင်းတို့ ၂-ယောက် အိမ်တော်သို့ တလုံးကျစီ နက်ဖြန်ငါပို့လိုက်မယ်။

ထင်။ ။ ကောင်းပါကွယ် မင်းက သတိရလို့ ပို့တိုင်း တို့မပြတ် စားရပေ့တယ် ကျေးဇူးကြီးမားပါပေကွယ်။

ဦး။ ။ တို့ ၂-ယောက်က ပို့လိုက်တဲ့ ထန်းလျက်ဒိုး သကာဒိုး ပရစ်ကြော် ထိုးမုံ့ ဝါဆိုနဲ့တဲ့ မနော်နှယ်သရက်သီးများကော ကောင်းမွန်စွာ ရောက်ပါရဲ့လား။

ရွှေး။ ။ ရပါရဲ့ သူငယ်ချင်းတို့၊ သည်လိုပေ့ါကွယ် မင်းတို့ကပို့လိုက်တဲ့ ဝတ်စုံများ စားဖွယ်များကိုလဲး ရပါတယ်။ စားဖွယ်

များကိုတော့ ကျောင်းကန်ဘုရားပွဲ သက်ကြီးယွယ်ကြီးများ ဒါန ပြု အဝတ်အထည်များတော့ အမြဲပဲဝတ်ဆင် နေရပေသကွယ် မင်းတို့ကျေးဇူးလဲး ကြီးပါပေတယ်။

ဦး။ ။ နက်ဖြန်နံနက် တချက်မတီးမီ မယ်တော်ကြီးထံ ဝင် ဟော့ တချက်တီးတော့ အတွင်းတော် ညီလာခံဝင်မယ် မင်းနန်း တော်က စောင့်ပီးတော့ တို့အရောက်ကို ကြည့်ပီးတော့ ခစားတာ ပေါ့ကွယ် ကိုင်း ပြန်အုန်းမယ်။

ရွှေ။ ။ အေးကွယ် ၂-ချက်တီးခါနီးပြီ ပြန်ကြပေအုန်း တော့ မင်းတို့နဲ့ တွေ့ရဒါ ငါဝမ်းမြောက်တယ်ဟော့ ဆို၍ ဝင်း တော် တံခါးပေါက်ဝကျအောင် လိုက်၍ပို့လေသည်။

## ရန်ကုန်ဝန်ကြီး မိသားစုထံဝင်ခြင်း

နံနက်တချက်မတီးမီ ဦးကျော်ရွှေသည် ရှိခိုးလက်ဆောင် တော်များနှင့် နန်းတော်မိဖုရားအဆောင်တော် သို့ ဝင်လေ၏။

မိဖုရားကြီး။ ။ ဟဲ့ ကျော်ရွှေလား၊ နင်မာရဲ့နော် နင့် မယား သားသမီးများကော မာကြရဲ့လား။

ရွှေ။ ။ မှန်ပါ မယ်မယ်ကြီး မေတ္တာရေကို ခံယူရပါသဖြင့် ကျန်းမာကြောင်းပါ ဘုရား။

မိဖုရားကြီး။ ။ ဘာဒိုးတေလဲးဟဲ့ များလှပါကလား။

ရွှေ။ ။ မှန်ပါ မယ်မယ်ကြီး သုံးဆောင်တော်မူရန် ငှက် ပျောဖက်စီမ်းအုပ်တဲ့ ပုံတော်ရေအိုး ၄-လုံးက သန့်လျှင်ကျွန်း

သောက်တော်တွင်းက ရေပါဘုရား၊ သည်စဥ္စအိုးက ဒလမြို့ ဖက်ယားကြီးအင်းက ငါးခူ ငါးပိကောင်ပါဘုရား၊ သည်စဥ္စအိုးက ဒလမြို့ ကော့မှုးချောင်းက စာကလေး ဒညင်းသီး ဆားရေစိမ်ပါဘုရား သည်စဥ္စအိုးက မြောင်းမြမြို့က ရွှေမှုံကလေး ငါးပိပါဘုရား။

မိဖုရားကြီး။ ။ စဥ္စအိုးများ တယ်ချောပါကလားဟဲ့၊ ဘယ်ကထွက်တဲ့ စဥ္စအိုးများလဲ။

ရွှေ။ ။ တွံတေး မူးလမန်း အရပ်က ထွက်ပါကြောင်းပါဘုရား။

မိဖုရား။ ။ ဘယ်လူမျိုးများ လုပ်ထာလဲဟဲ့။

ရွှေ။ ။ မှန်ပါ ယှမ်းလူမျိုးများ လုပ်ကြပါဘုရား။

မိဖုရား။ ။ အိုးလုပ်သူ အတော်များသလား။

ရွှေ။ ။ မှန်ပါ အိမ်ခြေ ၁၀၀ ခန့်ယှိပါဘုရား။

မိဖုရား။ ။ သည်အိုးကြီးက ဘာတေတုန်းဟဲ့။

ရွှေ။ ။ ထန်းမနိုင် အရပ်က ချက်တဲ့ ဆားအိုး ဖြစ်ပါကြောင်းပါဘုရား။ သည်အိုးကတော့ ပဲးခိုးအရပ်ကချက်တဲ့ ဆားပါဘုရား၊ သည်အိုးချောကြီးများက ဇိုင်းဂနိုင်းအရပ်က လုပ်တဲ့ ရေအိုးပါဘုရား၊ သည်အချောအိုးကလေးများကတော့ ဒလမြို့ မရမ်းရွာကလုပ်တဲ့ အိုးပါဘုရား၊ သည်ဇောင်းသင်ဖြူကြီးများကတော့ မနေဖြူမြို့က ထွက်သော သင်ဖျာ ဖြစ်ပါဘုရား။

မိဖုရား။ ။ အင်း-တော်ပေကွယ် တော်ပေ၊ ကျောင်း ကန်ဘုရားကို ဦးစွာလှူဒါန်းရမယ်ဟဲ့၊ နို့- နင့်နယ်များမှာ ချမ်းသာဝပြောစွာယှိကြပါရဲ့လား။

ရွှေး။ ။ သာယာစွာယှိပါကြောင်းပါဘုရား။

မိဖုရား။ ။ နင်ရန်ကုန်မှာ အုပ်ချုပ်နေရဒါ နေ့ဝင်ဘုရင်ပဲး နော် သည်ရာထူးကြီး ဂုဏ်ကြီးကို ရသည်အတွက် မီးဝေးချိပ် မာဆိုသလို သူတပါးသွီးပျိုများကို နိုင်ထက်ကလူများ သိမ်းယူ ကျင့်ကြံနေသလားဟယ်။

ရွှေး။ ။ မယ်မယ်ဘုရား အထောက်တော်လွှတ်၍ စုံစမ်း တော်မူပါ၊ မကောင်းနဲ့ထွက်ခဲ့ပါလျှင် ကျော်ရွှေးကို အဆုံးစီရင် တော်မူပါဘုရား။

မိဖုရား။ ။ ကောင်းပလေတယ်၊ ဒါမျိုးကို ငါက ကြားချင် တယ်၊ သေတော့ အပါယ်မရောက်အောင် ကိုယ့်ကိုယ်ကို ကိုယ် ချစ်ရမဟဲ့ နော်-ကြားလား။ နို့-နင်ပေါ်ဦး မြတ်ထင်တို့နဲ့ တွေ့ပလား။

ရွှေး။ ။ လှေတော် ဆိုက်တုန်းက သူတို့ ၂ ယောက် လာကြို ကြပါသည် ဘုရား၊ သူတို့နဲ့အတူ ကျွန်တော်မျိုးအိမ် သွားကြပါ သည်၊ အိမ်ရောက်သောအခါ စကားပြောပြီးနေကြရာ ၂-ချက် တီးခါနီးမှ ပြန်သွားကြပါ ဘုရား။

မိဖုရား။ ။ ဒါဖြင့် နင့်ကို ခေါ်တော်မူဒါ သူတို့ပြောလို့ သိ ပြီမဟုတ်လား။ သီယင် တချက်တီးခါနီးပြီ ထွက်တော်မူတော့ မယ် ရှေ့တော်သွားခစား အမိန့်တော်ကို နာခံချေ။

## ဦးကျော်ရွှေး ညီလာခံဝင်ခြင်း

ညီလာခံနိုက် ဦးပေါ်ဦး ဦးမြတ်ထင်တို့ ခစားလျက် ယှိကြ သည်၊ ဦးကျော်ရွှေး ဝင်၍ ခစားလေ၏။

ဖိုးတော် မင်းတြားကြီး ထွက်တော်မူပြီးသော် ညီလာခံနှိုက် မြေထဲးမြို့စားလား မောင်မင့်။

ရွှေး။ ။ မှန်ပါကြောင်းပါဘုရား။

ဖိုး။ ။ မောင်မင်း-မယား၊ သား-သမီး အခြွေအရံတို့ ကျန်း မာကြရဲ့လား။

ရွှေး။ ။ ဖုန်းတော်ရိပ်ကို ခိုလှုံရပါသဖြင့် ကျန်းမာကြပါ ကြောင်းပါ ဘုရား။

ဖိုး။ ။ မောင်မင်းနယ်ပယ်ကော ဝပြောသာယာစွာ ယှိကြ ပါရဲ့လား။

ရွှေး။ ။ မှန်ပါ-ရတနာ သုံးပါးကို မပြတ် ဆည်းကပ်ကြ လျက် သာယာချမ်းသာစွာ ယှိကြပါကြောင်းပါဘုရား။

ဖိုး။ ။ ပြုံးတော်မူလျက် နှို-မောင်မင်း ဆင်တော် အစွယ် များ ကျိုးသေးသလား။

ရွှေး။ ။ ဖုန်းတော်ကြောင့် ယခု အင်မတန် လှ၍ နေပါ ကြောင်းပါဘုရား။

ဖိုး။ ။ မောင်မင်း လက်အောက်ယှိ မြို့ဝန် မြို့သူကြီး၊ ရွာသူ ကြီးတို့က မတရားဒါတွေ ပြုကျင့်သောကြောင့် ငါ့ကျေးတော် မျိုး ကျွန်တော်မျိုးတို့က မခံနိုင်ကြသဖြင့် ခရိုင်ဝန်ကြီးထံ ပေါက် ရောက်အောင် လျှောက်ထားကြရော၊ လျှောက်ချက်အရ အမှု ထင်ယှားရော၊ မြို့ဝန် မြို့သူကြီးတို့က မယားကိုစေလွှတ်-သမီးကို စေလွှတ်-ဌင်းမယားတို့က ငိုယိုပီးတော့ ကျွန်တော်မျိုးမတို့ကို သနားတော်မူပါ၊ ရာထူးမှ ပြုတ်သွားယင် ထမင်းငတ်ပါတော့

မယ်ဟု သနားအောင် လျှာ၍ ယိယိပွတ်ပွတ် လုပ်ယင် မြို့ဝန်-မြို့သူကြီး ရွာသူကြီး ချမ်းသာစေ၊ ငါ၏ ကျေးတော်မျိုး ကျွန်တော်မျိုးများကို နစ်နာစေဟု အမိန့်အာဏာများ ပေးသလား မောင်မင့်။

ရွှေ။ ။ ဤကဲ့သို့ မျက်နှာ တံစိုးကို လိုက်၍ မတရား မပြုပါ၊ ကျေးတော်မျိုးများနှင့် မြို့ဝန်-မြို့သူကြီး-ရွာသူကြီးများကို သင့်တင့်စေ၍အရှည်သဖြင့် ရှိသေကြရန် မြို့ဝန်-မြို့သူကြီး-ရွာသူကြီးတို့က လွန်လျှင်လဲ နောင်ကို သို့လို မပြုမကျင့်ကြရန် ပြောဆိုဆုံးမ၍ ကျေးတော်မျိုးများတို့ ကျေနပ်ကြအောင် ပြုလုပ်စေပါသည်ဘုရား၊ ကျေးတော်မျိုးတို့ လွန်လျှင်လဲ မြို့ဝန်-မြို့သူကြီး ရွာသူကြီးတို့ကို တောင်းပန်ဝန်ချစေ၍ သင့်တင့် ညီညွတ်အောင် ဖြစ်စေပါသည်ဘုရား၊ မြို့ဝန်-မြို့သူကြီး-ရွာသူကြီးတို့နှင့် ကျေးတော်မျိုး အပေါင်းတို့သည် ရေနှင့်ကြာ ကဲ့သို့ ဖားနှယ်ဝမ်းချမ်း သင့်တင့် ညီညွတ်ကြလျက် ယှိနေကြကြောင်းပါဘုရား။

ဖိုး။ ။ အင်း-တော်ပေ့ မောင်မင်း- တော်ပေ့၊ သာဓု-သာဓု-သာဓု ငါ ကြားတော်မူရခြင်းသည် အလွန်ဝမ်းမြောက်တော်မူခြင်း ဖြစ်ရပေတယ်။ မြို့နယ်ကျေးရွာ အုပ်ချုပ်သောမင်းတို့သည် တံစိုး ၃ ပါး အဂတိလေးပါးကို ငဲ့ယင် လိုက်စားယင် မြို့နယ်ကျေးရွာ မငြိမ်မဝပ် ယှိတတ်သည်။ မငြိမ်မဝပ်ယှိခဲ့ယင် ခံစားရသော မင်းစည်းစိမ် ကလေးသည် ဘာမျှမဟုတ် ဖြစ်လိမ့်မယ်၊ လိုချင် တပ်မက်မောတဲ့ လောဘသည် တိုင်းပြည်ချေ့ ပျက်စီးကြောင်း မိမိကိုယ်အသက်စည်းစိမ်ချေ့ ပျက်စီးကြောင်းဖြစ်

တတ်တယ်၊ လောဘတည်းဟူသော လူဆိုးလူမိုက် ရန်သူနှင့်တူသော အယုတ်တရားကို ကြပ်ကြပ် သတိထား၍ ပညာ တည်းဟူသော ဗုံးလက်နက် အမြောက်နဲ့ မကြာမကြာ ပစ်ခတ်မှ အနားကို မကပ်နိုင်ပဲ၊ သူပြေးထွက် ရှောင်ခွါခဲ့သော် နိုင်ငံတော်သာယာ အေးချမ်းခြင်း ယိုချေမည်။ ငါတို့သည် အုပ်စိုးသော ဘုရင် မင်းမြတ်နှင့် တူအောင် အေးချမ်းစွာ မင်း၏ စည်းစိမ်တော်ကို ခံနိုင်ချေမည်။

မောင်မင်းတို့ ဝန်စုမှူးစုများသည် နိုင်ငံတော်ချည့် ဝန်ထမ်းဖြစ်ကြသောကြောင့် မိမိတို့ အုပ်စိုးရသော ခရိုင် မြို့နယ်များကို မတိမ်းမစောင်း မမှောက်ရအောင် ကိုယ့်ခရိုင် ကိုယ့်မြို့၏ ဝန်ကို ထမ်းကြရမည်။ တည့်တည့်မတ်မတ် ထမ်းဆောင်ကြပါယင် ခရိုင်-မြို့-ရွာ အေးချမ်း သာယာခြင်းကို ရသဖြင့် ကျေးတော်မျိုး ကျွန်တော်မျိုး အပေါင်းတို့ ဝမ်းမြောက်ဝမ်းသာ ယိုကြလိမ့်မယ် မောင်မင်း၊ ကြပ်ကြပ်သတိထားနော်၊ တယောက်ချင်းသာ ကိုယ်ဖို့ရှာသည် သတ္တဝါပေါင်း ဆင်းရဲကြောင်းဟု ရှေးပညာယိုကြီးတို့ စပ်ဆိုတော်မူသော လင်္ကာအရ မဖြစ်ကြစေနဲ့နော်၊ ကိုယ်သေတဲ့အခါ သူတပါးနှင့် ကျေးတော်မျိုးများ အားရဝမ်းသာ မဖြစ်ရစ်ကြစေရန် အထူး သတိပြုကြဟဲ့နော်- ကြားလား။

ရွှေ။ ။ မှန်ပါ အရှင့် ဖုန်းတော်ရိပ်ကို ခိုလှုံ၍ တိုင်းစွန်ပြည်နား နယ်ဖျားဖြစ်သော အလံတော် ဦးကင်းနေရာနှိုက် နေဝင်ဘုရင် အဖြစ်ကဲ့သို့ ခန့်ထား သူကောင်းပြုတော်မူသည်ကို ခံရ

ပါသဖြင့် ငါမင်း-ငါချင်းဟု ရာထူးဂုဏ်မာနတက်လျက် မတရားသော အရာများကို မြူမှုန်ခန့်မျှ မပြုလုပ်ဝံ့ပါကြောင်း၊ ဘုရားဆုပန် မင်းယောက်ျား ဖြစ်လာတဲ့ဘဝကို ရပါသဖြင့် ထိုရနိုင်ခဲသော ဘဝကြီးကို ဆုံးရှုံးစေရန် အပါယ်ငရဲနိုင်ငံ နှစ်ပွန်းမျောပါးစေရန် ယခုပစ္စုပ္ပန်ဘဝနှင့်တကွ ခံစားရတဲ့ ရာထူးကလေးနဲ့ အပါယ်ငရဲကို မလဲဝံ့ပါကြောင်းပါဘုရား၊ ထိုခံစားရလို့ ရာထူးဂုဏ်ကလေးနဲ့ အပါယ်တံခါး ပိတ်ရပြီး နိဗ္ဗာန်ဝင်ရန် တံခါးပွင့်ရန်-ဖွင့်ရန်ကိုသာ သဘော အမြဲထားလျက် ယို့ပါကြောင်းပါဘုရား။

ဖိုး။ ။ အင်း-တော်ပေတယ် မောင်မင်း၊ မင်းတို့ ငတို့မှာ ဘဝ-ဘဝက ကုသိုလ် ပါရမီ ကောင်းကြသဖြင့် ဤပစ္စုပ္ပန်ကာလနှင့် ခံစားကြရပေတယ်၊ အဲဒါ နောက်က ကောင်းလို့ ခုကောင်းကြပေတယ်၊ ခုကောင်းကြမှ နောင်ကိုလဲ ကောင်းကြပေမယ်၊ မမှားကြတဲ့ လူရယ်လို့ မယို့ကြဘူးဟဲ့၊ အနည်းငယ်တော့ မှားယွင်းကြသည် ချည်းပဲဟဲ့၊ သို့သော် မှားယွင်းကြောင်းကို သိလျှင် ဝန်ခံ၊ နောက်ကို မမှားရအောင် ကြပ်ကြပ်ဆင်ခြင် သတိ သမ္မဇဉ တရားကို မပြတ် နှလုံးသွင်းပလားဆိုယင် အမှားကြီးက အမှားကလေး၊ အမှားကလေးက အလျဉ်းပပျောက်၍ အကောင်းချည်း ဖြစ်လာလိမ့်မယ်၊ ပစ်က လူကြားကောင်းအောင် လူရှိသေအောင် ပကာသန ပြုလုပ် ဟန်ဆောင်တတ်တဲ့ အလေ့ဆိုးကို မလေ့မကျင့်ကြနဲ့နော်။

ရွှေ။ ။ ခရိုင်နယ်ပယ်နှင့် အုပ်ချုပ်နေရခြင်းမှာလဲ ကြီးတဲ့အမှု ငယ်အောင်၊ ငယ်တဲ့အမှုကို ပပျောက်အောင် စီမံခန့်ခွဲ

နေရပါကြောင်းပါ၊ အမှုဖြစ်တိုင်းသော အမှုနဲ့ တူအောင် စီရင်ရမည်ဆိုယင် အမှုထမ်း အရာထမ်းနဲ့ ကျေးတော်မျိုးတို့ ခံနိုင်ကြမည် မဟုတ်ပါ၊ အသွားနဲ့ သင့်သူကို အနှောင့်၊ အနှောင့်နဲ့ သင့်သူကို အပြား၊ အပြားနဲ့ သင့်သူကို ဒုတ်၊ ဒုတ်နှင့် သင့်သူကို ကြိမ်၊ ကြိမ်နဲ့သင့်သူကို ကြိုး၊ ကြိုးနဲ့သင့်သူကို တတောင် စသဖြင့် ကြောက်ရွံ့ ထိတ်လန့် နောက်နောင်ကို မပြုကျင့်ဝံ့ကြအောင်သာ စီမံ ဆောင်ယွက်ရပါကြောင်း၊ မည်သည့်နည်းနှင့်မဆို ရာဇဝတ်ရေး၊ ခိုးသေးမီးဖွား မထောက်မပွားစေရ၊ အေးချမ်းအောင် စီမံ ဆောင်ယွက်နိုင်ခြင်းသည် အကောင်းဆုံး ဖြစ်ပါကြောင်းပါ၊ ဖုန်းတော် ကြီးလှသော ဘုရား-ရွှေနားတော်ကြားရခြင်းသည် ချမ်းအေးကြည်လင်တော်မူရန်ဖြစ်ပါကြောင်း ကျွန်တော်မျိုး အုပ်ချုပ်ရသော ခရိုင်နယ်အတွင်းနိုက် မှီတင်းနေထိုင်ကြသော ကျေးတော်မျိုး ကျွန်တော်မျိုးများနဲ့ အုပ်ချုပ်ရသော အရာယှိ အမှုထမ်းတို့သည် ညောင်ရေအိုးနိုက် ပန်းမညှိုးသကဲ့သို့ ယှိပါကြောင်းပါ ဘုရား။

ဗိုး။ ။ အင်း-ဟုတ်ပါပေမောင်မင်း တိုင်းရှင်ပြည်ရှင် ဘုရင်မင်းမြတ်တို့၏ နိုင်ငံတော်ကြီးဝန်ကို ထမ်းဆောင်ရသောဝန်ကြီးအတွင်းဝန် မှူးတော်မတ်တော် ဝန်စု မှူးစုတို့ ကောင်းကြမှ ငါဘုရင်မင်းမြတ်နိုက် ကောင်းသော အသရေ မင်္ဂလာသည် မပြတ်တိုးတက်၍ ဖုန်းတန်ခိုး ကြီးမြင့်ရန် အကြောင်း ဖြစ်ပေတယ်၊ ဝန်စု မှူးစု အမှုထမ်း အရာထမ်းတို့ မကောင်းပြုကျင့်ကြပါလျှင် ငါနိုက် ဖုန်းအသရေ ဆုတ်ယုတ်သည့်အပြင် နိုင်ငံတော် အေးချမ်းသာယာမည်မဟုတ်ချေ။ ငါဘုရင်မင်းမြတ်

အထင်အယူ မှားသော်လည်း ဝန်ကြီး ၄-ပါးနဲ့ အတွင်းဝန်တို့က ရဲးရဲးဝံ့ဝံ့ တောင့်တောင့်မာမာ လျှောက်တင်နိုင်ကြမှတော်မည်။ တရားလမ်းကြောင်း ဖြောင့်မှန်အောင် ဝန်ကြီးတို့က တင်လျှောက်ပါလျက်နှင့် ငါဘုရင်မင်းမြတ်က မလိုက်ပါချေသော် ငါ့စည်းစိမ်နှင့်တကွ ငါ့နိုင်ငံ ငါ့တိုင်းပြည်ကြီးကို ငါဖျက်သည်နှင့်တူပေမည်၊ ဝန်ကြီး မင်းကြီးတို့ တာဝန်မဟုတ် ဖြစ်ချေသည်။ သို့ကြောင့် ငါချီးမြှောက်သော ရိက္ခာတော်လစာ ရာထူးဂုဏ်ကလေးကို ဝမ်းရေးအတွက် ထောက်ညှာငဲ့ကွက်လျက် မည်သည့်အရာမဆို ဟုတ်ပါကြောင်း သင့်ပါကြောင်း မှန်ပါကြောင်းနဲ့ မင်းလိုလိုက် မင်းကြိုက် ဆိုသော စကားပုံအလိုက် မသုံးကြလေနဲ့နော် တိုင်းပြည်ဘက် တိုင်းပြည် မျက်နှာကို ကြည့်ရမယ်။ ကြပ်ကြပ်သတိထားကြလေ။

ဦး။ ။မှန်ပါကြောင်း၊ ရှင်ဘုရင်က အမိန့်ရှိတိုင်း ဟုတ်ပါသင့်မြတ်ပါ ဘုရားဟု ဘုရင်မင်း၏ အကြိုက်ကိုလိုက်၍ တင်ပါက ပြည်သူဆင်းရဲသားများကို နှိပ်စက်ညှဉ်းပန်းရာရောက်သည့်အပြင် ရှင်ဘုရင်ကို မြှောက်ပီးတော့ စားဒါနဲ့ တူပါကြောင်း၊ ပရိယာယ်ပြု၍ အမှုတော်ကို ထမ်းသော ဝန်ကြီး မှူးမတ်ဖြစ်သောကြောင့် ထိုဝန်ကြီး မှူးကြီးတို့သည် အင်္ဂါနှင့်မညီပါသဖြင့် မိမိဂုဏ်ကို မိမိဖျက်ဆီးရာ ကျရောက်ပါသည်ဘုရား။

ထင်။ ။လောကမှာ ရှင်ဘုရင်က ချီးမြှောက်တဲ့ လစာရိက္ခာတော်နှင့် ရာထူးဂုဏ်ကလေး ပျက်ကွက် နိမ့်လျော့သွားမည်ကို စိုးရိမ်မကင်းယှိကြသဖြင့် မင်းလိုလိုက် မင်းကြိုက်ဆိုသော စကား

ကဲ့သို့ အလိုတော်ရှိပြုလုပ်၍ အမှုတော်ကို ထမ်းကြတဲ့ ဝန်စု မှူးစုတို့သည် ရှင်ဘုရင်ပေးသောလစာကို လိမ်ပီး ဝါပီးတော့ စားကြသည်နဲ့ တူပါသောကြောင့် လိမ်ဝါညာစားဖြစ်ကြယင် နိုင်ငံတော် အကျိုးနစ်နာစရာသာ ယှိပါသည်။ ဝန်ကြီး မှူးကြီး ပြုလုပ်သူတို့သည် မိမိအကျိုးနဲ့ ရှင်ဘုရင်အကျိုးကို မလိုလားပဲ တိုင်းသူပြည်သားတို့၏ အကျိုးစီးပွား ဖြစ်ထွန်းရာကိုသာ စီမံ ဆောင်ယွက်ပေးကြပါက ပြည်သူဆင်းရဲသားတို့ အကျိုးစီးပွား ဖြစ်ထွန်းတိုးတက် ချမ်းသာကြွယ်ဝကြပါလျှင် မိမိတို့အကျိုးနဲ့ ရှင်ဘုရင်အကျိုးသည် ပြီးမြောက်မြဲဖြစ်ပါကြောင်းပါဘုရား။

ဖိုး။ ။ အင်း-တယောက်နဲ့တယောက် အမှားကို မစောင့် ကြနဲ့နော် မှားကြောင်းကို သိယင် အကြောင်းနဲ့ ပြောပြ၍ သတိပေးကြနော် သတိပေးတဲ့အတိုင်း နားထောင် လိုက်နာပီး တော့ မှန်ကန်ရာကြအောင် မြန်မြန်ပြောင်းလဲ ပြုပြင်လိုက်ကြ နော် သို့မှ ဝန်ကြီး မှူးကြီး ပညာယှိနဲ့ တူမယ်၊ ဝန်ကြီးမှူးကြီး ပညာရှိနဲ့ တူကြမှ နိုင်ငံတော်ကောင်းချေမည်။ နိုင်ငံတော်ကောင်း မှ မင်းတို့ငါတို့ အေးချမ်းစွာ နေကြရမည်ဖြစ်ချေသည်။ သို့နေပါ အုန်း မြေထဲမြို့စား ဒလမြို့သူကြီး ကျန်းမာပါ၏လား၊ မြို့နယ် အုပ်ချုပ်ရေး တော်ပါ၏လား။

ရွှေ။ ။ ကျန်းမာလျက် ယှိကြောင်းပါ၊ အုပ်ချုပ်ရေးမှာ လဲ ကျေးတော်မျိုးတို့ ချမ်းသာအောင် အထူးဝီရိယ စိုက်ထုတ် စီမံဆောင်ယွက်ပါကြောင်း၊ ရှိခိုးလက်ဆောင်တော်များ ဆက်သ လိုက်သဖြင့် မယ်မယ်ကြီး ရှေ့တော်ရောက်ပါကြောင်း၊ ရွှေဖွား

တော်မြတ်အောက်လာရန် အမိန့်တော်မရမီ တလလောက်က ၎င်းမြို့သူကြီး ကုသိုလ်တော်ပွား တွဲတေးဆံတော်ရှင်ဘုရားသို့ ယဏာစည်တလုံး သွန်းလုပ်လှူဒါန်းပါကြောင်းပါဘုရား။

ဖိုး။ ။ ကောင်းပေ့ မောင်မင်း သာဓု-သာဓု-သာဓု ဆုတောင်းကမ္ပည်းစာများ ထိုးမှတ်သေးသလား။

ရွှေ။ ။ ထိုးမှတ်ပါကြောင်း ကမ္ပည်းစာမှာ တိုတိုပါဘုရား "သက္ကရာဇ် ၁၁၇၃ ခု တန်ခူးလဆန်း ၁၁ ရက် တနင်္ဂနွေနေ့ ရွှေဆံတော် ဘုရားဒယကာ ဒလမြို့မင်း မင်းရဲခေါင် ကျော်သူကျော် ဇနီးမောင်နှံတို့ သွန်းလုပ်၍ ရွှေဆံတော်ဘုရားမှာ တင်လှူသည့် ကောင်းမှု နိဗ္ဗာန်ဆု"ဟု ဤမျှသာ ကမ္ပည်းထိုးပါသည်ဘုရား၊ ခေါင်းလောင်းတော်ပြီးမှ ကမ္ပည်းကို မြင်ရပါ၍ တစုံတရာ ချောမောအောင် မပြင်နိုင်ကြောင်းပါဘုရား။

ဖိုး။ ။ ငါ့မြို့သူကြီးက တလိုင်းမျိုးကွဲ့၊ လူရိုးဖြစ်တော့ မိမိတို့ထင်မြင်သော ဉာဏ်အတိုင်း ကမ္ပည်းအမှတ်သင်္ကေတ ဖြစ်ရန်သာ ပြုလုပ်သည်နှင့် တူပေသည် မောင်မင်း။ ကောင်းပီ ၂-ချက်တီးကျော်သောအခါ ကျော်ရွှေ ပေါ်ဦး မြတ်ထင် မင်းတို့ ၃-ယောက် အတွင်းတော်သို့ ဝင်လှာကြရမည်။ တိုင်ပင်တော်မူရန် ယှိသေးသည်ဟု မိန့်တော်မူ၍ ညီလာခံစဲးလေ၏။ ဝန်စုမှူးစုအပေါင်းတို့သည်လည်း အတွင်းတော်မှ သက်ကြ၍ ဝင်းတော် အိမ်တော်သို့ ပြန်ကြလေ၏။

## ဦးကျော်ရွှေတို့ အတွင်းဝင်ခြင်း

ဦးကျော်ရွှေ ဦးပေါ်ဦး ဦးမြတ်ထင်တို့ နန်းတော်ကြီးအတွင်းတော်သို့ ဝင်၍ ခစားကြလေ၏။

ဖိုး။ ။ ဟဲ့ကျော်ရွှေ မင်းညီ တောင်ငူစား မောင်ရွှေအူ သာသနာပိုင် ဆရာတော်ဘုရားနဲ့ အချင်းဖြစ်ပွားကြဒါ မောင်မင်း သိပလား။

ရွှေ။ ။ မှန်ပါ မောင်ပေါ်ဦး မောင်မြတ်ထင်တို့ ပြောပြ၍ သိရပါကြောင်းပါဘုရား။

ဖိုး။ ။ အဲဒါ အေးနေလို့ မလျော်သောကြောင့် မောင်မင်း ညီကို ဆုံးမရန် ငါခေါ်တယ် သာသနာပိုင် ဆရာတော်ဘုရားကို ဝန်ချ ကန်တော့စေမှ တော်မယ်။

ရွှေ။ ။ မှန်ပါ မောင်ပေါ်ဦးတို့နှင့် ဤကဲ့သို့ ပြုလုပ်ရန် စီမံထားကြပါကြောင်းပါဘုရား။

ဖိုး။ ။ သည်လိုစီမံလိုတယ်မောင်မင်း နန်းတော်ဇေတဝန် ဆောင်တော်သို့ သာသနာပိုင် ဆရာတော်ဘုရားနဲ့တကွ သုဓမ္မာ ဝင်ဆရာတော်များပါ တောင်ငူစားက ပင့်၍ ဆွမ်းသက်န်းလှူ ဒါန်း ကန်တော့ဝန်ချရန် မောင်မင်းညီကို ပြောပြပြီး အမြန်စီမံ ရမည်။

ရွှေ။ ။ မှန်ပါ ကြောင့်ကြရန်မယှိအောင် ယနေ့ည တောင်ငူ စားကို ခေါ်၍ ပြောပြ နေရာကျ ယွက်ဆောင်ပါမည်ဘုရား။

ဖိုး။ ။ အေး ကောင်းပြီ ပြန်ကြပေတော့၊ ပေါ်ဦး မြတ်ထင် တို့လဲ ပေါ့မနေကြနဲ့ ကူညီနိုင်သမျှ ကူညီကြရမယ်နော် ကြား ရဲ့လားဟဲ့။

ဦး။ ။ မှန်ပါ လုပ်ကိုင်ဆောင်ယွက်ရန် ယှိသမျှ မောင်မြတ် ထင်နဲ့ ကျွန်တော်မျိုး တာဝန်ပါဘုရား။ တောင်ငူမင်းသားကို

တော့ မောင်ကျော်ရွှေ တာဝန်ပါဘုရား မောင်ကျော်ရွှေက ငယ်နိုင်ဖြစ်ပါ၍ သူညီကို သူမှနေရာကျပါမည်ဘုရားဟု လျှောက်ထားပြီးသော် အတွင်းတော်မှ ထွက်လာကြလေ၏။

ရွှေ။ ။ ဟေ့ ဦးနဲ့ထင်တို့ ည ၄ ချက်တီးကျော်တော့ ငါ့အိမ်တော် လာကြအုန်းဟေ့။

ဦး-ထင်။ ။ အေးကွယ် လာပါမယ် စိတ်သာချနေပါ သူငယ်ချင်း။

## ဦးကျော်ရွှေနှင့် တောင်ငူမင်းသား

ဦးကျော်ရွှေသည် မိမိအိမ်တော်သို့ ရောက်သောအခါ တောင်ငူမင်းသားသည် မြို့တော်သို့ ဆိုက်ရောက်နေကြောင်း သိရသဖြင့် ညနေ ၄ ချက်တီးအချိန် တောင်ငူမင်းသား အိမ်တော်သို့ အဆောင်ကိုင် တယောက်ကို စာလွှာနှင့် စေလွှတ်လိုက်လေ၏။

တောင်ငူမင်းသားလည်း စာလွှာကို ကြည့်ပြီးလျှင် အေးကောင်းပီ အခုပဲ လာမည် နောင်တော်ကို လျှောက်လိုက်ဟု မိန့်တော်မူလိုက်၏။

ဦးကျော်ရွှေလည်း မင်းသား လာမည့်အကြောင်း သိရသဖြင့် နေရာတော်များကို ခင်းထားလေသည်။

မကြာမီ တောင်ငူမင်းသား လာသည်ကို မြင်လျှင် ဦးကျော်ရွှေသည် ဝင်းတံခါးဝက ဆီးကြိုလျက် လာလာ ညီတော် နောင်တော် တွေ့ချင်ဒါ ကြာလှပီ ညီတော် ကျန်းမာရဲ့နော်။

မင်းသား။ ။ ကျန်းမာခြင်း ယှိပါရဲ့ နောင်တော်၊ နောင်တော်ကော ကျန်းမာတော်မူပါစ။

ရွှေ။ ။ အင်း ညီတော်တို့မေတ္တာကြောင့် ကျန်းမာကြပါ၏၊ လာလာ သည်မှာထိုင်ပါ ဟောအောက်ပြည်ကပါတဲ့ ငါးခူငါးပိကင် ဆီဆမ်းနဲ့ လဘက်ရေ ကလေး သုံးဆောင်ပါအုန်း နောင်တော်တို့ဖြင့် သည်ငါးခူ ငါးပိကောင်နဲ့တော့ ရာသက်ပန်ဖြစ်နေပေါ့ ညီတော်။

မင်းသား။ ။ သည့်လောက်ပဲလား နောင်တော်ရယ်။

ရွှေ။ ။ ဒါမှာတော့ ညီတော် မစွဲးသေးယင် တော်ပါရဲ့၊ စွဲးမိမှဖြင့် မခွဲနိုင် မခွာရက်အောင် ဖြစ်ထာပဲ၊ ညီတော် စမ်းကြည့်တော့သိရောပ။

မင်းသား။ ။ အောင်မယ် နောင်တော် အကောင်းကြီးအဟုတ်ကြီးပါကလား၊ တယ်ပီးတော့ ခံတွင်းလိုက်တယ်၊ နှုတ်မြိန်တယ် နောင်တော် ကောင်းဘိခြင်းကလား၊ ဒါကြောင့် ခမည်းတော်က ဟဲ့-အောက်တလိုင်းတော၊ ငါးပိရေ သောက်တေဟုမိန့်တော်မူတာကို ကြားရတယ်၊ သောက်လဲး သောက်မှာပဲးနောင်တော် အခု အကင်တောင် ဤမျှလောက် ကောင်းနေမှအရေကိုတော့ ပြောဖွယ်မယှိ ဖြစ်မှာပဲးနောင်တော်။

ရွှေ။ ။ အရေချို ငါးပိက တမျိုး ထောင်းသားလို့ ခေါ်တယ်၊ အခု ညီတော်သုံးဆောင်ဒါက ထောင်းသားမဟုတ် ငါးပိကောင်ခေါ်တယ်၊ ၎င်းငါးပိကောင်ကို ဆီနှင့်လဲးကြော်၍ စားကြတယ်။ တမျိုးစီအရသာယှိပီးတော့ ကောင်းကြဒါပါပဲး။

မင်းသား။ နောင်တော် သည်ငါးပိမျိုး ဘယ်လောက် ပါလှာတုန်း။ ညီတော်စားရန် မှုနိုင်ပါအုန်းမလား။

ရွှေ။ ။ အော်-ညီတော်လျှာလည်လာပြီလား။

မင်းသား။ ။ လျှာလည်ဆို အခုဖြင့် စားလို့မငြီး ကဏန်စိုး သီးဆိုသလို ဖြစ်ပကော နောင်တော်။

ရွှေ။ ။ ရကောင်းပါကွယ် ဟဲ့-ရေနွေးယူခဲ့၊ ထည့်ကြ ညီတော် ချွေးတွေကို သုတ်လိုက်ပါအုန်း၊ တဖြေးဖြေး သောက်ပါ ဝတယ်လို့တော့ မယိုဘူး၊ တယ်ပီးတော့ ခံတွင်းလိုက်ပေတယ်၊ စဉ်းစားသောက်ပါညီတော်၊ ဟဲ့- ဟိုအခန်းထဲက တောင်ငူလို့ စာကပ်ထားတဲ့ အိုးတေကို အပြင်ထုတ်ခဲ့စမ်းဟဲ့။

အစေခံတို့က ကောင်းမွန်စွာယူ၍ ပြင်သို့ထုတ်ခဲ့ကြလေ၏။

ဟောသည်အိုးက အခု ညီမောင် သုံးဆောင်တဲ့ ငါးပိအိုး၊ ဟောဒါက စာဥဒညင်းသီးကလေး ဆားရေစိမ်အိုး၊ ဟောဒါက ပဲးခိုး ဇိုင်းဂနိုင်းက လုပ်တဲ့ သောက်တော်ရေအိုးချော၊ ဒါက ထမ်းမနိုင်ရပ်က ချက်တဲ့ ဆားအိုး၊ အဲးဒါတေ ညီတော် အဖို့ အရာ နောင်တော်ယူဆောင်လာတယ်။ ဟဲ့- သည်အိုးများကို တောင်ငူမြို့စား မင်းသားအိမ်တော်ကို သွားပို့ကြ။

အစေခံတို့လည်း အမိန့်အတိုင်း သွားပို့ကြလေ၏။

မင်းသား။ ။ ကျေးဇူးကြီးပါဘိတော့ နောင်တော်၊ ညီ တော်ကို ချစ်ရာမည်ပေတယ်။

ရွှေ။ ။ ချစ်မချစ်ကို ဘာပြောစရာ လိုသေးသလဲ၊ ညီတော် များကို နောင်တော် ငယ်ငယ်က ထမ်းပိုးချီလာခဲ့ဒါကပဲး သိရော ပေါ့၊ အကျယ်ဖွဲ့၍ ပြောပြစရာမဟုတ်ပါဘူး။

မင်းသား။ ။ ဟုတ်ပါတယ် နောင်တော်။ ငယ်ငယ်က ညီတော်ဟာ တယ်ပီးတော့ တေတယ်၊ နောင်တော်က အလိုလဲလိုက်ပေတယ်၊ မတော်လှသော် ရိုက်ပီးတော့ ဆုံးမဒါကိုခံရတယ်၊ ညီတော်တို့က ချစ်လဲချစ် ကြောက်လဲကြောက် ရိုလဲရိုသေ ဖြစ်နေကြဒါပေါ့ နောင်တော်။

ရွှေ။ ။ နို့-နေပါအုန်းကွဲ့၊ နောင်တော် တခုမေးစမ်းပရစေ၊ ညီတော်နဲ့ သာသနာပိုင်ဆရာတော်ဘုရား အချင်းဖြစ်ပွားကြတယ်ဆို ဟုတ်ကဲ့လား။

မင်းသား။ ။ ဟုတ်ပါတယ်နောင်တော် ညီတော်လဲ မိမိကိုးကွယ်ဆည်းကပ်တဲ့ ဆရာ ဖုန်းကြီးဒကာ် ခံရဒါ ပင်ပန်းနေဒါတွေ့တော့ စိတ်လိုက်မာန်ပါ ဒေါသအလျှောက် မဆီးမတားနိုင်ဖြစ်သွားပါတယ်၊ မှားနေပကော နောင်တော်။

ရွှေ။ ။ မှားနေဒါ သည်လိုနေလို့ အမှားပျောက်မှာမဟုတ်ဖူး။ ညီတော်ဟာ ထီးညွန့် နန်းညွန့် အဖအရိုက်အရာခံ အဖ၏ဖုန်းတော် ဂုဏ်မပျက်စေရန် သံသရာဝန် အလွန်ကြီးလေးခြင်းမှလွတ်ရန် မြန်မြန်အမှားပြေပျောက် ချမ်းသာရောက်အောင်လုပ်မှတော်မယ်ကွဲ့။

မင်းသား။ ။ နောင်တော်ကသာ သံသရာဝန်မလေးအောင်စီမံပေးပါတော့ ညီတော် နာယူပမယ်။

ရွှေ။ ။ ဒါဖြင့် သည်လိုလုပ် သာသနာပိုင်ဆရာတော်ဘုရားနဲ့တကွ သုဓမ္မာဝင် ဆရာတော်များပါ နန်းတော်ဇေတဝန်ဆောင်တော်သို့ပင့်၍ ဆွမ်းသက်နှီးလှူရမယ်၊ ဤအခါ မင်းသား

က သာသနာပိုင်ဆရာတော်ဘုရားကို ကန်တော့ ဝန်ချပါလျှင် သံသရာဝန် ကင်းလွတ်၍ မင်းသားလဲလိမ္မာတဲ့ ပညာယို ဖြစ် နိဝါတမင်္ဂလာနဲ့လဲ ပြည့်စုံ ခမည်းတော် မယ်တော်တို့လဲ စိတ်တော်ချမ်းမြေ့ကြရာပေ့၊

မင်းသား။ ။ နောင်တော် စီမံဒါ ဟုတ်ပါရဲ့၊ ညီတော်မှာ ငွေတော်မှ မယိုပါကလား နောင်တော်။

ရွှေး။ ။ ဒါတေကို ပူစရာ မဟုတ်ပါဘူးကွဲ့၊ ရွှေတိုက်တော်က ထုတ်ပေးရန် နောင်တော် စီမံပမယ်၊ မစိုးရိမ်နဲ့ အေးအေး သာနေပါတော့။

မင်းသား။ ။ ကောင်းပါပြီ နောင်တော်၊ မြန်မြန်သာ စီမံ ပါတော့နော်။

ဤသို့ မင်းသားနှင့် ရွှေးနွှေး တိုင်ပင်နေကြစဉ် ဦးပေါ်ဦး နှင့် ဦးမြတ်ထင်တို့ ရောက်လာကြလေ၏။

ရွှေး။ ။ အော်-ဦးနှင့်ထင်တို့ လားဟေ့- လှာကြဟေ့- လှာကြ၊ အခန့်သင့်လိုက်ထာကွယ် တို့ညီတော် တောင်ငူမင်းသား လဲ ယှိနေတယ်၊ ဟော- လက်ဖက်ရေမျှား သောက်ကြကွဲ့။

မင်းသား။ ။ အော်-အတွင်းဝန်မင်းတို့ပါလား၊ ကြွကြပါ ကြွကြပါ- မာကြရဲ့နော်၊ ဟောသည် လက်ဖက်ရည်ကို သုံးဆောင် ကြပါအုံး၊ ကျွန်ုပ်မှာဖြင့် ငါးခူ ငါးပိကင်ဆိုလား၊ လက်ဖက်ရေ နဲ့ နောင်တော်က ဇာတ်သွင်းတာနဲ့ အောက်ပြည်အောက်သား စိတ် ပေါက်နေ ပကောလေ။

ဦး။ ။ ကိုယ်တော်ကြီးမှာ ခုမှ သုံးဆောင်တော် မူရပေတယ်၊ ကျွန်တော်များမှာတော့ မွန်းကျော်ရွေး ကျေးဇူးကြောင့် စားရသောက်ရဒါ မမုန်းနိုင်အောင် ယှိနေပါကြောင်းပါ။ ကျန်းကျန်းမာမာနဲ့ တွေ့ရ-မြင်ရဒါ အလွန် ဝမ်းမြောက် လှပါကြောင်း။

မင်းသား။ ။ ဒါဖြင့် အတွင်း ဝန်မင်းတို့က ကျွန်ုပ်အလျင်အောက်သား ဖြစ်နေပေါ့ကိုးလို့ ရယ်မောကာ ပြောလေ၏။

ထင်။ ။ ငါးပိရေသောက်- ငါးပိရေသောက်နဲ့ အောက်သားကို ခေါ်လေ့ယှိကြတယ်။ ငါးပိ-ငါးပိနဲ့ အတော်ဖမ်းတဲ့အစာပါပေ၊ စွဲးလဲးစွဲးစရာပါပဲး သူပါမှ ထမင်းမြိန်မြိန် စားလို့ကောင်းပါတယ်၊ သူမပါယင် ထမင်းစားလို့ မကောင်းပါ၊ သူ့ကို စားရင်း ခံတွင်းပျက်ယင် မကျန်းမမာဘူးသာ မှတ်ပေတော့။ အာဟာရဓာတ် တမျိုးပါပဲး၊ တဇောကို အားပေးတဲ့ အစာဖြစ်၍ အစာကြေလွယ်ကြောင်း သမားတော်များ ပြောကြပါတယ်။ နို့-ကိုယ်တော်ကြီး မြို့တော်ကို ရောက်ထာ ဘယ်မျှကြာပါလိမ့်၊ ကျန်းကျန်းမာမာနဲ့ တွေ့ရဒါ ဝမ်းမြောက်လှကြောင်းပါ။

မင်းသား။ ။ ကျွန်ုပ် ဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့ကပဲး ရောက်တယ်၊ အတွင်းဝန်မင်းများကို ကျန်းမာစွာ တွေ့ရဒါ အလွန် ဝမ်းမြောက်ပါတယ်၊ ကျွန်ုပ်တို့နဲ့ အတွင်းဝန်မင်းတို့တော့ စကိုင်းဘက်မှာ ဆင်းရဲပီးနေစဉ်က ဆိုးတူကောင်းဘက် ဖြစ်ကြသောကြောင့် မေတ္တာ၏ အကြောင်းကို အကျယ်ချဲ့ရန် မလို၊ ယှိရင်း မေတ္တာအတိုင်း မသေကြမီအကြား မပြယ်အောင်သာ သဘောထားဘို့ ယှိပေတယ်နော်။

ဦး။ ။ ကြွရောက် လာခြင်းသည် များစွာ အကြောင်းညီ ညွတ်သည့် အတွက် အလွန်ပဲ ဝမ်းမြောက် စိတ်ကြည်ရခြင်း ဖြစ် ပါကြောင်း၊ သို့မဟုတ်က ခေါ်တော်မူရန် မွန်းကျော်ရွှေ ကိုယ် တိုင် တောင်ငူသို့ သွားရမည် ဖြစ်ပါကြောင်း၊ ယခု အခွင့်အလမ်း အကြောင်း ပြည့်စုံခြင်းသည် အလွန်မှ ကျေးဇူး များလှကြောင်း ပါ။

ရွှေ။ ။ဟေ့-မွန်းပေါ်ဦး ရွှေ့ဝါခေါင်လဆန်း ၅ ရက် နေ့နန်းတော်ကြီး ဇေတဝန်အဆောင်တော်မှာတောင်ငူမြို့စားမင်း သားက သာသနာပိုင် ဆရာတော်နှင့်တကွ သုဓမ္မာဝင် ဆရာ တော်များ ပင့်၍ ဆွမ်းသက်န်း လှူတော်မူလိမ့်မယ်၊ ဤအခါ အခင်းအကျင်း နေရာများနှင့် ကပ်လှူရန်များကို မင်းက ဆောင် ယွက် စီမံရမယ်ကွဲ့၊ မွန်းမြတ်ထင်က သာသနာပိုင် ဆရာတော် ဘုရားနဲ့ သုဓမ္မာဝင် ဆရာတော်များကို ပင့်ရန်နဲ့ ဆွမ်းဘော ဇဉ်ချိုချဉ်များကို စီမံချက်ပြုတ်ရန် မဟာဒါန်ဝန်ကို ဆင့်ဆိုစီမံ ရမယ်ကွဲ့။

ဦး။ ။ ကောင်းပါပြီကွယ်၊ တာဝန်ပေးတဲ့ အတိုင်း မလစ် မဟင်းရအောင် ကိုယ်တော်ကြီး စိတ်ချမ်းသာဘို့ကို ယွက်ဆောင် ပါ့မယ်ကွယ်။

ထင်။ ။ ငါကလဲ မင်း တာဝန်ချထားသည့်အတိုင်း ခမ်း ခမ်းနားနားဖြစ်အောင် စီမံဆောင်ယွက်ပမယ် သူငယ်ချင်း။

မင်းသား။ ။ ကိုင်း-ဒါဖြင့် နောင်တော်တို့ အတွင်းဝန်မင်း တို့ စီမံခွင့်ယှိသည်များကို စီမံကြပေတော့၊ ဝါခေါင်လဆန်း

၅-ရက်နေ့ နံနက် တချက်မတီးမီ နောင်တော်အိမ်ကို ကျွန်ုပ်လာပါမည်။

ရွှေ။ ။ ဟဲ့-တယောက်လာစမ်း၊ မြင်းခံပြောလိုက် ဇောင်းတော်ထဲက သိန္ဓိခေါ်တဲ့ မြင်းကို က,ဆင်ယူခဲ့ပြီးလျှင် တောင်ငူမင်းသားကို အိမ်တော်သို့ လိုက်ပို့ရန် ပြောလိုက်။

မင်းသား။ ။ ကိုင်း-နောင်တော်တို့ အတွင်းဝန်မင်းတို့ ပြန်ပါအုန်းမယ်။

ကောင်းလှပါပြီ- ကြွတော်မူပါအုန်း- ကြွတော်မူပါအုန်း ဆိုပြီး ဝင်းတော်တံခါးဝအရောက် လိုက်ပို့ကြလေ၏။

ဦး။ ။ တို့လဲ ပြန်အုန်းမယ် သူငယ်ချင်း။

ရွှေ။ ။ အေး-ပြန်ကြပေတော့ကွယ်၊ ငါပြောတဲ့ အတိုင်း ဝီရိယ စိုက်ကြပါနော်။

ထင်။ ။ အေးကွယ်- စိတ်ချပါ။ သည်အရေးမှာ မင်းတို့ငတို့မှ မစီမံ မဆောင်ယွက်ယင် ခမည်းတော်ဘုရား စိတ်တော် ချမ်းမြေ့မယ်မဟုတ်။ သာသနာပိုင်နှင့် ခမည်းတော်ဘုရား တောင်ငူစားတို့ ကြီးလေးတဲ့ ဝန်ကို ပပျောက်စေ၍ စိတ်တော် အေးချမ်းတော်မူကြရန် ဆောင်ယွက်ရပေဒါပဲ။ လောကီ-လောကုတ် ၂ ပါး ပြီးပေဒါကလား သူငယ်ချင်း၊ တောင်ငူမင်းသားကိုသာ သတိပြုပါကွယ်၊ တောင်ငူစားက ဇာတ်လိုက်ဖြစ်နေတယ်၊ ဇာတ်ဆရာ မွန်းကျော်ရွှေက လွမ်းအောင် ဆွေးအောင်သာ ကျင်းပပေတော့ဟု ရယ်လျက် ပြောလေ၏။

ရွှေး။ ။ မောင်မြတ်ထင်ကလေး ငါ့ကို ဇာတ်ဆရာအလုပ်ခိုင်း နေပါပြီ၊ တောင်ငူစားတော့ ငယ်နိုင်မို့ ချည်ပီး နှောင်ပီး ပါပဲး ကွဲ့၊ စိတ်ချ၍သာ ပြန်ကြပါတော့။

## တောင်ငူမင်းသား ကန်တော့ပူဇော်ခြင်း

ဝါခေါင်လဆန်း ၅ ရက်နေ့ နံနက် တချက်မတီးမီ သာသနာ ပိုင် ဆရာတော် ဘုရားနှင့်တကွ သုဓမ္မာဝင် ဆရာတော်တို့ ဇေတ ဝန် ဆောင်တော်သို့ ကြွလာကြရာ အတွင်းဝန် ဦးပေါ်ဦးက ဆီးကြိုနေရာထိုင်ခင်း ပေး၍ စမွယ်တော်မူကြပြီးသော် ဆွမ်း ဘောဇဉ် ချိုချဉ်တို့ကို ဘုဉ်းပေးတော် မူကြလေ၏။

သင်္ဃာတော်များ ဘုဉ်းပေးတော် မူဆဲအခါ မှူးတော် မတ် တော် မှူးကြီးမတ်ကြီး တို့မှစ၍ အတွင်း အမှုတော်ထမ်းများ၊ မင်းညီမင်းသား၊ သားတော် သမီးတော်များ၊ မောင်းမ-မိဿံ အခြွေအရံများ လာရောက်ရှိခိုး ကြည်ညိုလျက် ဆိုင်ရာနေရာက နေကြလေ၏။ နောက် တောင်ငူမြို့စား မင်းသားလည်း ဦးကျော် ရွှေနှင့်အတူလာ၍ ဆရာတော်များကို ရှိခိုးကြည်ညိုလျက် ဆိုင် ရာက နေကြလေ၏။

တောင်ငူစား မင်းသားအောက် ရောက်နှင့်ကြသော ညီတော် နှမတော်တို့က တောင်ငူမင်းသားကို ရှိခိုးကြလေ၏။ တောင်ငူ မင်းသားက ဆုပေးလေ၏။

ဆရာတော် ဘုရားများ ဆွမ်း ကိစ္စ ပြီးသောအခါ ဖုန်းတော် ကြီးဘုရားနှင့် အရှင် မိဖုရားခေါင်ကြီးတို့ ထွက်တော်မူလာ၍

ဆရာတော် ဘုရားများကို ရှိခိုးကြည်ညိုကာ နေတော်မူလေ၏။ ဤအခါ တောင်ငူမင်းသားက ခမည်းတော် မယ်တော်တို့ကို ရှိခိုးကန်တော့လေ၏။ ထိုနောက် တရားနာခံတော်က ပဥ္စသီလ ဂရုမမ္မ တရားတော်ကို ခံယူကြပြီးလျှင် ပရိတ်တော် တရားတော်မြတ်ကို နာယူရန် အချိန်ကျရောက်ပြီ ဖြစ်ပါသဖြင့် ကန်တော့ ပူဇော်ကြရန် ဘုရား-ဟု လျှောက်သောအခါ အားလုံး ကန်တော့ကြ၍ ငါးပါးသီလ ခံယူ ပရိတ်တော် တရားတော်များကို နာယူပြီးနောက် ရေစက်သွန်းချသည့်အဆုံး ဆုတောင်းစာကို နာခံတော်ကြီးက ဖတ်လျှောက် အမျှဝေလေ၏။ "တရား နာခံတော်က အားလုံး သာဓု-သာဓု-သာဓု ခေါ်၍ မင်္ဂလာ စည်တော်ကြီးယွန်း"

## တောင်ငူမင်းသား ကန်တော့ဝန်ချပုံ

မင်းသား။ ။ ကျေးဇူးတော်အသျှင် ဆရာတော်ဘုရား- - - တပည့်တော်သည် မကောင်းသော ဒေါသ၏ နောက်ပါဖြစ်ပါ၍ စိတ်လိုက်မာန်ပါ အသျှင်ဘုရားအား ကာယကံ-ဝစီကံ-မနောကံ တည်းဟူသော ကံသုံးပါးဖြင့် ပြစ်မှား ကျူးလွန်မိပါသည်၊ ထိုမိုက်မှား ကျူးလွန်မိသော အပြစ်ကို ချမ်းသာ ပေးသနားတော် မူပါရန် တပည့်တော် ကန်တော့ ဝန်ချ တောင်းပန်ပါ၏ ဘုရား၊ ဝန်ချတောင်းပန် ကန်တော့သည့်အတိုင်း တပည့်တော်ကို သနားသောအားဖြင့် သည်းခံတော်မူပါရန် အကြိမ်ကြိမ်

ကန်တော့ ဝန်ချပါကြောင်း ရှိခိုးလျှောက်ထားဝံ့ပါသည် ဘုရား ဟူ၍ ဤကဲ့သို့ တောင်ငူမင်းသားက သာသနာပိုင် ဆရာတော် ဘုရားကို ဝန်ချတောင်းပန်သည့်အတွက် ခမည်းတော် မယ်တော် နှင့်တကွ နန်းသူ နန်းသားတို့က ဝမ်းမြောက် ရွှင်လန်းစွာ သာဓု ကောင်းကြီး ပေးကြသော အသံတို့သည် ဇေတဝန် ဆောင်တော် တုန်လှုပ်ဘိသကဲ့သို့ ယိုလေ၏။

သာသနာပိုင်။ ။ အင်း သာဓု-သာဓု-သာဓု၊ ငါသည်းခံ ၏၊ မင်းသားချည်း မှားသည် မဟုတ်၊ ငါလဲ မှားလေသည်ဟု မိန့်တော်မူလျှင် အားလုံး သာဓု ခေါ်ကြပြန်လေ၏။

မင်းသားလဲ ပုထုဇ္ဇန်၊ ငါလဲ ပုထုဇ္ဇန် ဖြစ်ခဲ့၏။ ပုထုဇ္ဇန်ဂတိ ကို လိုက်စားမိသည့်အတွက် ဖြစ်ကြသောကြောင့် မှားကြချေပြီ၊ ပုထုဇ္ဇန်ပင် ဖြစ်ကြသော်လည်း ငါက ပုထုဇ္ဇန်ကြီး ဖြစ်၍ ငါက သာ၍ မှားချေသည်၊ မြတ်စွာဘုရား အရေးတော်ကို ဝတ်ဆင် မြန်းလျက် မဟာသံဃရာဇာ အမည်ကို ရယူသဖြင့် သည်းမခံနိုင်ပဲ သာသနာပိုင်ဂုဏ် ယစ်မူးသောကြောင့် ဒေါသဂတိသို့ လိုက်စား မိသဖြင့် ဖြစ်ရချေသည်၊ သို့အတွက် မင်းသားလဲ ငါ့အပေါ် နှိုက် အမျက်မထားလေနဲ့ သည်းခံလေ-မိန့်တော်မူပြန်သော် အား လုံး သာဓု ခေါ်ကြပြန်လေ၏။

မင်းသား မြတ်စွာဘုရား ဟောတော်မူသော မဟော် ဥမင် ဇာတ်တော်မှာ စူဠနီမင်းသည် မဟော်သဓာကို သတ်ပစ်ရန်သာ ဒေါသအမျက် ထားပြီးလျှင် ကြံစည်လျက် ယိုနေသည်၊ မဟာ

ဥပကာရီ ဥမင်လိုဏ်ခေါင်းအတွင်းသို့ ကျရောက်မှ နောက်နောက်က ပျက်စီးအောင် ကြံခဲ့ကြသော ဒေါသ အမျက်ကြီးတွေကို တခါထည်း ပျောက်ကွယ်၍ တယောက်တယောက် အသက်ချင်းလဲကြ၍ ချစ်ကြည်ကြ လေသကဲ့သို့ ဤနန်းတော် ဇေတဝန်အဆောင်တော်သည် မဟာဥပကာရီဥမင်လိုဏ်ခေါင်းဟု သဘောထား၍ ဖြစ်ခဲ့သော ဒေါသ အမျက်တို့သည် တခါတည်း စွန့်ပစ်ပယ်ဖျောက်ပြီး အသက်ချင်းလဲကြသကဲ့သို့ ရှေ့ကို အသက်ရှည်သမျှကာလပတ်လုံး မေတ္တာစိတ် မပျက်ကြရအောင်သာ ယှိကြရန်ဖြစ်တော့သည် မင်းသားဟု မိန့်တော်မူ၏။

တောင်ငူမင်းသားလည်း ဦးချလျက် အလှူတော် သက်န်းများကို ကိုယ်တိုင် ရှိသေစွာ ဆရာတော်များအား ကပ်လှူလေ၏။ ဆရာတော်ဘုရားများ နန်းတော်မှ သက်တော်မူကြလျှင် တောင်ငူမင်းသားသည် သာသနာပိုင် ဆရာတော်ဘုရား၏ ဘိနပ်တော်ကို ကိုင်လျက် တံခါးနီးတိုင်အောင်လိုက်၍ ပို့ပြီးလျှင် ဘိနပ်တော်ကို ခင်းပေးပြီးမှ နန်းတော်သို့ ပြန်ဝင်၏။

ရွှေတိုက်တော်က လွှမ်းချိတ်ပဆိုး ၅ ထည်၊ ပလာပဆိုး ၁၀-ထည်၊ ခေါင်းပေါင်းဖြူ ဆပ်သဖူးရောင် ၅ အုပ်၊ ထိုင်မသိမ်း ၅ ထည်၊ သားမွေးအင်္ကျီ ၂ ထည်၊ ငွေတော် ပိတ်သာ ၂၀ များကို ခမည်းတော် မင်းတြားကြီးနှင့် မယ်တော် မိဖုရားခေါင်ကြီးတို့က တောင်ငူမင်းသားကို ထုတ်ပေးချီးမြှင့် သနားတော် မူလေသည်၊ တောင်ငူမင်းသားလည်း ခမည်းတော် မယ်တော်တို့ကို ရှိခိုးပူဇော်ကာ လက်ခံလေ၏။

မင်းတြားကြီးနှင့် မိဖုရားကြီးလည်း မှူးတော်မတ်တော် သွီးတော်တို့ကို အရပ်ရပ် အကျိုးအကြောင်း ယိုသမျှတို့ကို ရယ်ရယ်မောမော ကြည်ကြည်လင်လင် ရွှင်ရွှင်ပြပြ ပြောဆိုကြပြီးလျှင် ညီလာခံ စဲတော်မူလေ၏။

## တောင်ငူမြို့စားနှင့် မြေထဲမြို့စား

တောင်ငူမြို့စား မင်းသားသည် ညနေ ၄ ချက်တီးအချိန် မြေထဲမြို့စား ဦးကျော်ရွှေ အိမ်တော်သို့ သွားရာ ဦးကျော်ရွှေက မြင်၍ ဝင်းတော်တံခါးပေါက်အပြင်ဘက်သို့ ထွက်၍ ကြိုပြီးလျှင် ညီတော်လှာပါ-လှာပါဟု ခေါ်၍ အိမ်တော်သို့ အတူတက်ကြလေ၏။

ကိုင်း-ချမ်းသာစွာ ထိုင်ပေတော့၊ ဟဲ့- လက်ဖက်ရေများ ကွမ်းအစ် ဆေးလိပ် အချိုပွဲ အချဉ်ပွဲများ။

မင်းသား။ ။ ငါးပိကင်နဲ့ လက်ဖက်ရေ သောက်ရအုန်းမှာလား နောင်တော်။

ရွှေ။ ။ ကြိုက်ရာကြိုက်ရာ သုံးဆောင်ဒါပလေ။

မင်းသား။ ။ ယနေ့ဖြင့် မြွေများ အရေဟောင်းကို စွန့်ပစ်ဘိသကဲ့သို့ စိတ်၏ ကြည်လင်သန့်ယှင်းခြင်းသို့ ရောက်ရပေပြီ။ နောင်တော်၏ ကျေးဇူးပါပေပဲ၊ မှားကြောင်း ဝန်ချကန်တော့သည့်အတွက် ဒိဋ္ဌမမ္မ ဆိုသလို ဆုတော် လာဘ်တော်များ သနားတော်မူသည်ကိုလဲ ခံရပေတယ် နောင်တော်။

ရွှေး။ ။ အေးချမ်းဆို ညီတော်တယောက်သာမဟုတ် ခမည်းတော် မယ်တော်တို့လဲ စိတ်ချမ်းသာ၊ သာသနာပိုင် ဆရာတော်နဲ့ သုဓမ္မာဝင်ဆရာတော်တို့လဲ စိတ်ချမ်းသာ မှူးတော်မတ်တော် ညီတော် နှမတော်တို့လဲ စိတ်ချမ်းသာတော်မူကြသဖြင့် များစွာ အကျိုးယှိပေတယ် ညီမောင်။

မင်းသား။ ။ သာသနာပိုင် ဆရာတော်ဘုရား မိန့်ဟောတော်မူချက်များသည် အလွန်မ မှတ်သားနည်းယူကြစရာကောင်းပေတယ် နောင်တော်။

ရွှေး။ ။ လောကီ လောကုတ္တရာ ကျန်းဂန်အရပ်ရပ် ကြေပြွန်တော်မူသည့်အတွက် သံဃရာဇာ သာသနာပိုင်အဖြစ်ကို တင်မြှောက်ခြင်း ခံရပေဒါကလား ညီမောင်၊ အကြောင်းယှိတဲ့အခါ ထိုအကြောင်းနဲ့ ဆိုက်ရာ ဝတ္ထု ပုံပြင် ဥပမာ ဥပမေယျ တို့သည် ဉာဏ်စွမ်းအလျောက် ထွက်ပေါ်လှာရပေတယ်၊ ဆရာတော်ဘုရား ဟောပြောချက်သည် တသက်ပတ်လုံး လိုက်နာ ကျင့်ဆောင်ထိုက်ပေတယ် ညီတော်။

မင်းသား။ ။ တရားဖြစ်စေ စကားဖြစ်စေ အဖိုးတန်မှန်း သိယင် လိုက်နာကျင့်ဆောင်မှ အဖိုးတန် ပစ္စည်း ရတနာကို သိမ်းပိုက်ရာ ရောက်မယ်၊ သိမ်းပိုက်နိုင်မှ မိမိလဲ အဖိုးတန်သူ ဖြစ်ပေမယ် နောင်တော်။

ရွှေး။ ။ ပစပ်က အဖိုးတန်တယ် ကောင်းတယ်လို့ အပြောများသော်လည်း လိုက်နာမကျင့်ပါက အဖိုးတန် ဂုဏ်ဆုတ်ယုတ်ကြမည်ကား များပေမည် ညီတော်။

မင်းသား။ ။ ကောင်းပါပေ နောင်တော် ကျွန်ုပ်က နောင်တော်၏ ကျေးဇူး ကြီးများပေသည့်အတွက် ယနေ့ဆုတော်ခံရသည် အထည်းက လွန်းချိတ်ပုဆိုး ၂-ထည် သားမွေးအင်္ကျီ ၃-ထည် ပလာပုဆိုး ၅-ထည် ဆပ်သဖူး ၂-အုပ်ကို ကန်တော့ပါ၏။

ရွှေ။ ။ လက်အုပ်ချီပြီး ပီးရောပေါ့ ဘာလုပ် ပုဆိုးအင်္ကျီတေ ကန်တော့ရသေးသလဲ ပြန်ယူပါညီတော်။

မင်းသား။ ။ မဟုတ်ဘူးလေ နောင်တော် အခွင့်အခါကြုံကြိုက်၍ ဝမ်းမြောက်စွာ ကန်တော့ရဒါပါ၊ ဝန်လေးစရာ ဘာယှိလို့လဲ နောင်တော် လက်ထဲရောက်တဲ့အခါ နောင်တော် သဘောယှိသလိုပ။

ရွှေ။ ။ အင်း သာဓု-သာဓု-သာဓု၊ ကုသိုလ်စိတ် ပတ္တိတ် တုယှ်ခိပ္ပ မေဝ သမိဇ္ဈတုနှင့် ပြည့်စုံပါစေဗျား။ နို့ညီတော် တောင်ငူကို ဘယ်တော့ ပြန်ရန် မှန်းသလဲ။

မင်းသား။ ။ နောင်တော် ရန်ကုန်သို့ စုန်တဲ့ရက်မှာ အမိန့်တော်ကို ခံ၍ ပြန်ပါမည်။ နောင်တော် ပြန်ရန် ရက်ကန့်သတ်ပြီးပါပလား။

ရွှေ။ ။ နောင်တော် နက်ဖြန်နံနက် အတွင်းတော်ဝင်၍ ဝါခေါင်လဆန်း ၈-ရက်နေ့ မြို့တော်က ထွက်ရန် အခွင့်အမိန့်ဟူ၍ စုန်ဆင်းတော့မည်။

မင်းသား။ ။ ကျွန်ုပ်လဲ နောင်တော်ရက်အတိုင်း အခွင့်ပန်၍ ပြန်ရော့မည်၊ မြို့တော်က ပြန်တဲ့အခါ တောင်ငူမြို့သို့ အရောက်

ပြန်မည်မဟုတ်၊ မိတ္ထီလာမြို့နှိုက် တန့်ရပ်၍ မိတ္ထီလာကန် ဆည်ရန်နှင့် ကန်ရေ သောက်ရန် လယ်များအတွက် ရေမြောင်းဖောက်ပေးရန်ကိစ္စကို စီမံပြီးမှ တောင်ငူမြို့သို့ ပြန်မည်နောင်တော်။ နို့ ညီတော်ကို အခွင့်ပြုပေအုန်းတော့ တချက်တီးတော့မယ်။

ရွှေး။ ။ ကောင်းပါကွယ် နယ်ပယ်နှိုက် ဆင်းရဲသားတို့ လုပ်ဆောင်ရေး တိုးတက်ရန် စီမံပေးခြင်းသည် မြို့ပြ ပြည်ရွာ အေးချမ်းရန် ဖြစ်ပေတယ်၊ အရေးအကြောင်းယှိယင် နောင်တော်ထံ စာပို့နော် ကိုင်း သွားပေအုန်းတော့။

## ကျော်ရွှေး အတွင်းတော်သို့ဝင်ခြင်း

နောက်တနေ့နံနက် တချက်မတီးမီ ရန်ကုန်ဝန်ကြီး အတွင်းတော်ဝင်၍ ခစားလေ၏။

ဖိုး။ ။ မြေထဲမြို့စား မည်သည့်နေ့ မောင်မင်း စုန်ဆင်းရန်စီမံသလဲ။

ရွှေး။ ။ မှန်ပါ ဝါခေါင်လဆန်း ၈-ရက်နေ့ ရွှေဖဝါးတော်အောက်က ထွက်ရပါမည့် အကြောင်းပါဘုရား။

ဖိုး။ ။ ကောင်းပီ မောင်မင်း၊ ငါလဲ စိတ်တော် အေးချမ်းတော်မူပြီ တောင်ငူစားလဲ မောင်မင်းကြောင့် ကျိုးနွံတော်မူရှာပြီ အလွန်မ ငါ့ဝမ်းမြောက်တော်မူရခြင်း ဖြစ်ပေတယ်။ ဒါထင် ငါသိလိုတော်မူတဲ့ ဒလကျွန်းအကြောင်းနှင့် တြိုယင် သန်

လျှင်ကျွန်း အကြောင်းများကို ရှေးတလိုင်းကြီးတို့ကို မေး၍ ရေးသားပို့ ဆက်ရမည် မောင်မင်း။

ရွှေ။ ။ မှန်ပါ ရန်ကုန်သို့ ရောက်တဲ့အခါ တလိုင်းပညာယို များကို ကိုယ်တိုင် စုံစမ်း၍ ရေးသားပြီးလျှင် မကြာမီရွှေတော် သို့ ပို့ဆက်ပါမည်ဘုရား။

ဖိုး။ ။ အေး အေး ကောင်းပီ ကောင်းပီ၊ နင်တို့ငယ်ကျေး ငယ်ကျွန်တွေနော် ငါ့ကို အားကိုးပီးတော့ အပါယ်သွားအောင် လုပ်မနေကြနဲ့၊ အပါယ်ဘေးမှ လွတ်ကင်းအောင် မိမိကိုယ်ကို ဘဝမဆုံး မတုန်းအောင် ချစ်ကြ သနားကြရမယ်နော် မမိုက်ကြ နဲ့ မိုက်ဆိုဒါ ပါရမီဖြည့်ရဒါမျိုး မဟုတ်ဖူး ကြားလား၊ မှတ် သွားနော်ဟု မိန့်တော်မူ၍ အတွင်းတော်သို့ ဝင်တော်မူ လေ၏။

## ဦးကျော်ရွှေစုန်ဆင်းခြင်း

ရန်ကုန်ဝန်ကြီး ဦးကျော်ရွှေလည်း မင်းတြားကြီးနှင့် မိဖုရား ကြီးတို့ကို ကန်တော့ပြီးနောက် သူငယ်ချင်း မိတ်ဆွေတို့ကို နှုတ် ဆက်ပြီးလျှင် ဝါခေါင်လဆန်း ၈-ရက်နေ့ ရွှေဖဝါးတော် အောက်မှ ရန်ကုန်မြို့သို့ စုန်ဆင်းလှာလေ၏။ ရောက်သောအခါ မင်းတြားကြီး မိဖုရားတို့က ပေးအပ်လိုက်သော ဆုတော် လာဘ် တော်များ သူငယ်ချင်းမိတ်ဆွေ ဝန်စုမှူးစုတို့ကပေးအပ်လိုက်ကြ

သော လက်ဆောင်များကို ကြည့်ရှု၍ မိမိလက်အောက်ရှိ မြို့ဝန် မြို့သူကြီး ရွာသူကြီးကတော် မယားများကို ခေါ်၍ သနားတော်မူလိုက်သော ဆုတော်များနှင့် လက်ဆောင်များကို အစေ့အငှ ဝေခြမ်းပေးကမ်းတော်မူလေ၏။

## တောင်ငူမင်းသားထွက်ခြင်း

တောင်ငူမြို့စား ဘုရင့်ခံမင်းသားလည်း မိတ္ထီလာ ကန်တော်ဆည်ဖို့ရန်နှင့် ရေမြောင်း သွယ်ပေးရန် ယိုကြောင်း သံတော်ဦးတင်၍ ခမည်းတော် မယ်တော်တို့ကို ကန်တော့ပြီးလျှင် ဝါခေါင်လဆန်း ၈-ရက်နေ့ မိတ္ထီလာမြို့သို့ ထွက်တော်မူလေ၏။

၎င်းမင်းသားကို ခမည်းတော်ဘုရား အထွတ်အမြတ်သို့ရောက်တော်မူသောအခါ တောင်ငူမြို့ကို ဘုရင့်ခံအဖြစ် ဆောင်နှင်းတော်မူသည်။ တောင်ငူမင်းဟုတွင်သည်။ ငယ်မည် မောင်ရွှေအူ ခေါ်သည်။ တောင်ငူမြို့ကို သိမ်းပိုက်၍ စံတော်မူသောအခါ အမရပူရမြို့ မြောက်သားတော် ပဘာဒေဝီက မှာလိုက်သော မှာတမ်း ခွန်းထောက်သီချင်းကား။

"မှာလိုက်ကဲ့ကိုယ်တော်၊ မျက်ကွယ်မှာ သက်လှယ်များကို ထားလေနှင့်နော်။ နောက်နောင်သော် ကိုယ်တော်ခက်မဲ့။ အကျင့်တော်ကြောင်မူနှင့် တောင်ငူမှာအရွှေလိုက်လေနဲ့ မှာလိုက်လေငဲ့"။

၎င်းကား ဖိုးတော်မင်းတြားကြီးသား တောင်ငူမြို့စား ဘုရင့်ခံမင်းသား၏ မြောက်သားတော် ပဘာဒေဝီကိုယ်တိုင် စီကုံးသော သီချင်းဟူ၍ မှန်ရန်ဖြစ်သည်။ ဗဟုသုတဖြစ်ရန် စပ်လျဉ်းသောကြောင့် ထည့်သွင်းလိုက်ပါသတည်း။

## ပညာရှိ မောင်မှိုင်း

အထက်ကဖော်ပြသော ပိဋကတ်တော်အုပ် ဆရာကြီးဦးပညာ အနိစ္စရောက်သောကြောင့် ထိုဆရာကြီး၏ ဂုဏ်ကျေးဇူး မပျက်စေရန် ၎င်းဆရာကြီး၏သား မောင်မှိုင်းကို ပညာယိုအဖွဲ့တွင် အမှုတော် ထမ်းရန် ခန့်ထားသူကောင်းပြုတော်မူလေ၏။

မောင်မှိုင်းသည် အဖယိုစဉ်က အဖဂုဏ်ကို လိုက်၍ လူသျှင်တို့ အလေးမူကြသော်လည်း အဖ၏ခြေရာကို နင်းနိုင်သူ မဟုတ် ဇွတ်သမား အရမ်းပြော အရမ်းဆို ထင်ရာကို လုပ်တတ် ပြောတတ်သည်။ အရမ်းမဲ့မဟုတ်ထာတွေ ပြုလုပ်ပြောဆိုသည်ကို ပညာယိုမှူးမတ်တို့က ဖိုးတော် မင်းတြားကြီး မြှောက်စားသူ ဖြစ်၍ သည်းခံ၍ သာနေကြရသည်။ မောင်မှိုင်းနှင့် မျက်နှာချင်းဆိုင်ဘို့ကို အလွန်ပင် စိတ်ဆင်းရဲကြလေ၏။

တနေ့သောအခါ ဖိုးတော်မင်းတြားကြီးသည် တပေါင်းလ တိုင်း တောင်စမုတ်ဆောင်တော်၌ ပညာယို မှူးမတ်တို့နှင့် လောကီ လောကုတ္တရာ အကျိုးအကြောင်း ဆွေးနွေးသည်မှာ ပညာယိုတို့ သျှင်မဟာသီလဝံသ စပ်ဆိုတော်မူသော ပါရမီတော် ခဏ်း၌ "သုံးပါးယာဉ်သာ လက္ခဏာတည့် မဂ္ဂကိုယ်ကြပ် ရထားကပ်၍ စီးအပ်သမ္မုပ္ပိကို ၄-လျက် သတ္တဝါဟော်ယာဉ်မှူးတော်ဟု ကျော်သည့်ငါ့ကို မှီပုန်းခိုမှ မငြိုမငြင် ပြည့်ထင်ရိမဒ် အတတ်ပညာ ပွားကာ ကာလျှင် သမ္မာသမ္ဗုဒ္ဓ ရ ကုန်အမည် သီတိထေရ်တွင် အရှည်မြင်ခြင်း မတန်ပြင်း၍ လက်ရင်း ငါ့

အောက် အကြီးမြှောက်သည် လျှံတောက်ပညာ သာရိပုတ္တရာ" ဟူသော ဤအပိုဒ်နိုက် သုံးပါးယာဉ်သာ လက္ခဏာတည်းဟု စပ်ဆိုသော အဓိပ္ပါယ်ကို ပညာယှိဆရာတို့ မည်သို့အယူယှိပါသနည်းဟု မေးတော်မူလေ၏။

ပညာယှိ မှူးမတ်တို့က သုံးပါးယာဉ်သာ ဆိုသည်မှာ အနိစ္စ ဒုက္ခ အနတ္တတို့ကို လက္ခဏာရေးသုံးပါးဟု ဆိုပါသည်။ ယင်းသည့်လက္ခဏာရေးသုံးပါးပင် အနိစ္စယာဉ်ဒုက္ခယာဉ် အနတ္တယာဉ် ဟူ၍ ယာဉ်သုံးပါးအဓိပ္ပာယ်ပြပါကြောင်း၊ ၎င်းယာဉ်သုံးပါးကို စီးနိုင်မှ မဂ်လမ်း ဖိုလ်လမ်း ခရီးပေါက်၍ နိဗ္ဗာန်ကို သွားနိုင်ရောက်နိုင်ကြောင်း အဓိပ္ပာယ်ဖွင့်ပြပါကြောင်း။

၁-လက္ခဏာသုံးပါးစုံ ကိုယ်လုံးခြုံ၍ ဟု၎င်း၊ ၂-မင်းမယှိ ပြည်ရောက်အောင်ရည်၍ သုံးမည်လက္ခဏာဟူ၍၎င်း၊ ၃-ဟော ချွတ်ပေရာ လက္ခဏာဟု ဟူ၍၎င်း၊ ၄-မချွတ်စေရာ လက္ခဏာ သုံးပုံ စေ့စုံသီလ ဟူ၍၎င်း၊ ၅-ပိုက်ခြုံကိုယ်လုံး ပိတ်အုပ်ဖုံး၍ သုံးလက္ခဏာ ဟူ၍၎င်း၊ ၆-အစဉ်မှီး၍ ထီးလက္ခဏာ စကြာ သုံးဆူ ရထားဖြူကို ဟူ၍၎င်း၊ ၈-အနိစ္စနှင့် ဒုက္ခ အနတ္တား ဤသုံးပါးကို ဟူ၍၎င်း၊ သို့လို အနိစ္စ ဒုက္ခ အနတ္တကို လက္ခဏာ ရေးသုံးပါးခေါ်ကြောင်းကို သံဝေဂခဏ်း လက်ာနိုက် စပ်ဆို ထားပါကြောင်း၊ ယင်းသည့်လက္ခဏာရေးသုံးပါးပင် ယာဉ်သာ သုံးယာဉ် ခေါ်ပါကြောင်းပါဘုရား။

ဖိုး။ ။ ငမှိုင်းကကောဟဲ့ ဘယ်လိုသဘောရပါသတုန်း။

ငမှိုင်း။ ။ အနိစ္စယာဉ်၊ ဒုက္ခယာဉ်၊ အနတ္တယာဉ် ဆိုဒါ ဘာဟုတ်ရမလဲဘုရာ့၊ သုံးပါးယာဉ်သာ ဆိုဒါမှာ ဆင်ယာဉ်

မြင်းယာဉ် ရထားယာဉ်ပေါ့ဘုရား ဂငှ်းယာဉ် သုံးပါးကို စီးမှ ခရီးရောက်နိုင်ဒါတလားဘုရား၊ လက္ခဏာရေးသုံးပါးယာဉ် ဆိုဒါဘယ်မှ မဟုတ်ဖူးဘုရား။

ငမှိုင်း မဟုတ်ထာလျှောက်သည်ကို ဖိုးတော်မင်းတြားကြီးက ပြုံးတော်မူလေသည်။

ငမှိုင်း။ ။ ဟော ကျွန်ုပ်လျှောက်ထာကို ကျေးဇူးရှင်ဘုရားက သဘောကျတော်မူ၍ ပြုံးတော်မူတယ်၊ ခင်ဗျားတို့ အရှည်ကြီးလျှောက်တင်ဒါကို သဘောကျတော် မမူ၍ ပြုံးတော်မမူဘူးဗျဆိုပြီးလျှင် ညီလာခံမှ ထွက်သွားလေ၏။ မင်းတြားကြီးလည်း ညီလာခံစဲလေ၏။

မှူးမတ်တို့တိုင်ပင်ခြင်း

ဖြူးတိုက်တော်တွင် ပညာယိုမှူးမတ်တို့ မျက်နှာပူလျက် တိုင်ပင်ကြသည်မှာ ဘယ့်နှယ်လဲး အမတ်မင်းတို့ ဖုန်းတော်ကြီးဘုရားမေးတော်မူသည်ကို ကျွန်ုပ်တို့က ဆရာအသျှင်သူမြတ်တို့ သင်ကြားပြသသည့်အတိုင်း လျှောက်တင်ရာ တစုံတရာမိန့်တော်မမူဖြစ်ပေတယ်၊မောင်မှိုင်းကို မေးတော့ မောင်မှိုင်းက ဆင်ယာဉ် မြင်းယာဉ် ရထားယာဉ်ဟု လျှောက်တင်သည့်အခါ မင်းတြားကြီးကပြုံးတော် မူတယ်ဗျ၊ အဲးဒါကို မောင်မှိုင်းက ဟော ကျွန်ုပ်

လျှောက်ထာကို သဘောကျတော်မူလို့ ဖုန်းတော်ကြီးဘုရား ပြုံးတော်မူတယ် ခင်ဗျားတို့ လျှောက်ထာ သဘောမကျလို့ ပြုံးတော်မမူဘူး ဆိုပြီးတော့ ညီလာခံမှ ထွက်သွားတယ်၊ ဤအခါဖုန်းတော်ကြီး ဘုရားက တစုံတရာမိန့်တော်မမူ ညီလာခံစဲတော်မူတယ် မေးတော်မူချက်အရ ကျွန်ုပ်တို့ လျှောက်ချက်နှင့် မောင်မှိုင်းလျှောက်ချက်ကို မည်သည်ကို သဘောကျတယ်မသိ မည်သူကမှားသည် မှန်သည်ကို မသိ ဗိုလ်ပုံအလယ်နိုက် မောင်မှိုင်းကစကားဆိုသွားသည်မှာ ကျွန်ုပ်တို့နိုက် အရှေးနိမ့်လျက်ဖြစ်နေတယ်ဗျ။

ဒါမှာတော့ ကျွန်ုပ်အကြံရသည်မှာ နက်ဖြန်နံနက် သာသနာပိုင်ဆရာတော်ဘုရား နန်းတော်သို့ ဆွမ်းစား ကြွလှာလိမ့်မယ် ဆွမ်းစားပြီး၍ နန်းတော်ကအပြန် လွှတ်တော်ကကြို၍ ကျွန်ုပ်တို့ လျှောက်ထားရလျှင် အမှားအမှန်ကို သိရလိမ့်မယ်ထင်ပေသဗျ။

ဝန်မင်းအကြံကောင်းတယ်၊ နက်ဖြန်စောစော လွှတ်တော်ကြီးကိုသာ ကြွလှာတော်မူပေတော့ ဝန်မင်းတို့ဆို၍ အိမ်တော်သို့ ပြန်ကြလေ၏။

## သာသနာပိုင်ဆရာတော်

နောက်တရက် နံနက်တချက်မတီးမီ သာသနာပိုင်ဆရာတော်ဘုရား နန်းတော်သို့ ဆွမ်းစားကြွလှာတော်မူလေသည်။ ပညာယှိအမတ်များလည်း သာသနာပိုင်နှင့်တွေ့ရန် လွှတ်တော်ကြီးသို့ လှာရောက်စုဝေးနေကြလေသည်။ သာသနာပိုင်ဆရာတော်သည်

ဆွမ်းကိစ္စပြီးသော် ဆွမ်းအနုမောဒနာစသော ဒါနကထာများကို ဟောပြောပြီးလျှင် နန်းတော်မှ ပြန်ကြွလာတော်မူသည်။

ပညာယှိ မှူးမတ်တို့လည်း ရှိခိုးပူဇော်ကာ ကြိုဆိုလျက် ဆရာတော်ဘုရားအား ငမှိုင်းနှဲ့ အချင်းဖြစ်ပွားသော သုံးပါးယာဉ်သာ အကြောင်းကို အလုံးစုံ လျှောက်ကြလေ၏။ ဤအခါ သာသနာပိုင် ဆရာတော်ဘုရားသည် အထက်သို့ မျက်နှာမော်လျက် စဉ်းစားတော်မူသည်မှာ သုံးပါးယာဉ်သာကို မှူးမတ်များ လျှောက်သည်ကား မှန်ပေ၏။ ငမှိုင်းလျှောက်ထာမှားသည်ဟု ယခုငါပြောပချေသော် ငမှိုင်းက ရှူးရှူးပေါပေါတွေ့ကရာယှောက် ပီး သူထင်ဒါကိုသာ ပြောရဲဆိုရဲပြုလုပ်နေသည်။ မင်းတကရာဇ်က ၎င်းအဖ ပိဋကတ်အုပ်ကို ထောက်သဖြင့် မညှိုးငယ်ရန် ချီးမြှောက်ထားသည့်အတွက် သူကို မည်သူမှ အရေးယူနိုင်ကြသည် မဟုတ် ဤနေရာမှာ ငါအမှန်ကို ဆုံးဖြတ်လိုက်လျှင် ငမှိုင်းသိက ငါ့ထံလာ၍ ကိုယ်တော်က ဘာသိသလဲ၊ တပည့်တော်လျှောက်ထာကို ရှင်ဘုရင်က သဘောကြလို့ ပြုံးတော်မူသေးဒါပဲဟု လျှောက်ထားလျှင် ငါပါခက်အုန်းမည်ဟု အကြံပေါ်၍ အင်း ငမှိုင်းက ရေးရေး ယှိသေးတယ်လို့ မိန့်တော်မူပြီးလျှင် တိုက်တော်သို့ ကြွတော်မူလေ၏။

ပညာယှိမှူးမတ်တို့လည်း သာသနာပိုင် မိန့်ဆိုသွားသည်ကို ကြားရသဖြင့် ငမှိုင်းလျှောက်တာက မှန်သလိုလိုအနေရောက်သော ကြောင့် မကြေမချမ်းယှိနေရစ်ကြလေ၏။

အမတ်မင်းတို့ သာသနာပိုင် ဆရာတော်ဘုရား မိန့်တော်မူသွားသည်ကား မတင်မကျယှိနေတယ်၊ အမှန်သို့ကျရောက်အောင်

သိယို့ကြရမှ ကိစ္စချောမည်၊ သို့အတွက် ည ၄-ချက်တီးကျော် အချိန် သာသနာပိုင် ဆရာတော်ဘုရားထံသွား၍ ထပ်မံလျှောက် ထားရန် ပြောဆို တိုင်ပင်သည့်အတိုင်း သဘောတူညီကြသဖြင့် လွှတ်တော်က ဆင်းကြလေ၏။

ည ၄-ချက်တီးကျော်သည့်အခါ ပညာယို့အမတ်များ တိုက် တော်သို့ သွား၍ သာသနာပိုင်ဆရာတော်ဘုရားအပါး ချဉ်းကပ် ၍ မနက်က တပည့်တော်များ လျှောက်ထားသော သုံးပါး ယာဉ်သာအကြောင်းသည် တပည့်တော်များကမှား၍ ငမှိုင်းက ပဲ့ မှန်သလားဘုရားဟု လျှောက်ထားရာ သာသနာပိုင်ဆရာတော် က ဟယ် နင်တို့မလဲ့ အရေးမကြီးဒါကို အရေးစိုက်ကြရန်ကော ကြီးကြီးကျယ်ကျယ် မှတ်လို့ ပြန်သွားကြလေ၊ နောက်တရက် နှစ်ရက်ကြာယင် ငမှိုင်းကို နင်တို့ဘက်ပါအောင် ငါသွင်းပေး မယ် အေးအေးသာ ပြန်ကြပေတော့ဟု မိန့်တော်မူသည့်အတိုင်း ပညာယို့အမတ်များ ပြန်လာကြလေ၏။

## ငမှိုင်းနှင့်သာသနာပိုင်

နောက်သတင်းနေ့ကြုံသောအခါ မောင်မှိုင်းကို ရဟန်းတပါး စေလွှတ်ခေါ်ရာ မောင်မှိုင်းလည်း ငါ့ဘက်လိုက်တဲ့ သာသနာပိုင် က ခေါ်သည်ဟူ၍ ဝမ်းသာအားရနှင့် တိုက်တော်သို့ လိုက်လာ၍ သာသနာပိုင်ဆရာတော်ဘုရားသို့ ဦးချကာ ပျပ်ဝပ်နေလေ၏။ သာသနာပိုင်ဆရာတော်ဘုရား၏ အပါးနိုက် တံဆိပ်ရမရ ဆရာ တော်များလည်း ဝန်းရံခစားလျက်ယို့ကြလေ၏။

သာသနာပိုင်။ ။ ငမှိုင်းလားဟဲ့။

ငမှိုင်း။ ။ တင်ပါဘုရား။

သာသနာပိုင်။ ။ ခက်နေပါပကောဟဲ့ ငမှိုင်းရယ်၊ ရွှေမြို့တော်ယို ဟောသည်က တံဆိပ်ရမရ ဆရာတော်များနဲ့ ဆွေးနွေးတိုင်ပင်ကြည့်ရာ ထိုဆရာတော်များကလဲ ဘုရားဟောကျမ်းဂန်အရ အနိစ္စ-ဒုက္ခ-အနတ္တ-လက္ခဏာရေးသုံးပါးကို ယာဉ်သာဟုစပ်တော်မူကြောင်း မိန့်ဆိုကြတယ်ဟဲ့၊ ဆင်ယာဉ်-မြင်းယာဉ်-ရထားယာဉ်မှာ မင်းနဲ့ ငါနဲ့ ၂ ယောက်ထဲဖြစ်နေတယ်ဟဲ့၊ ဆရာတော်များက ကျမ်းဂန်အရ မိန့်တော်မူကြတယ်၊ တို့က ကျမ်းဂန်နဲ့ညီအောင် ခုခံစရာမယ်ဘူးဟဲ့၊ သို့ကြောင့် သူတို့ဘက်ကို ဝင်မှတော်မယ်ထင်တယ်၊ နို့မို့ယင် မင်းနဲ့ငါ ၂-ယောက်ထဲး ဝွကျနေလိမ့်မယ်ဟဲ့။

ငမှိုင်း။ ။ ဒါမှာတော့ ကိုယ်တော်ဝင်ယင် တပဲ့တော်လဲးဝင်ဒါပေါ့ဘုရား ဘာခက်တာမှတ်လို့။

သာသနာပိုင်။ ။ အေး-ကောင်းပေကွယ် သာဓု-သာဓု-သာဓု၊ ငါတပါးထဲး သူတို့ဘက်ဝင်ပြန်ယင် မင်းကျန်နေမှာစိုးတယ်၊ မင်းကျန်နေမှဖြင့် ငါ့မှာ မင်းကြောင့် အခက်ဖြစ်နေအုန်းမယ်၊ အဲး-ဒါကြောင့် ဆရာတပည့် စိတ်ဝမ်းမကွဲရန် ဆရာတော်များရှေ့ခေါ်၍ တိုင်ပင်ဒါဟဲ့ ငမှိုင်းရဲ့။

ငမှိုင်း။ ။ ကိုယ်တော်မလဲး သည်ဟာကလေးမျှနဲ့ ခေါ်၍တိုင်ပင်ရသေးသလားဘုရား။ ဟဲ့-ငမှိုင်း နင့်ဟာမှားတယ်၊ မှူးမတ်များဟာ မှန်တယ်၊ နင့်အယူကို စွန့်လိုက်ဟု အမိန့်တော် ပေးလိုက်

တောင် ကိုယ်တော်တပဲ့ ငြင်းပယ်မယ်မဟုတ် ကိုယ်တော်ပါ ယင် တပဲ့တော် ပါပြီးသားမှတ်ပါဘုရား။

သာသနာပိုင်။ ။ အေး-မင်းကြောင့် ငါ့ခုမှ စိတ်အေးသွားတယ်၊ ကိုင်းပြန်ပေတော့ အယူဖြောင့်၍ ချမ်းသာစေ ချမ်းသာစေ။

ပညာယိုမှုးမတ်တို့ဘက်သို့ ငမှိုင်းပါကြောင်း သိရန် သာသနာပိုင်ဆရာတော်က အမိန့်တော်ကို လွှတ်တော်သို့ ပို့လိုက်လေသည်။ ပညာယိုအမတ်တို့လည်း သုံးပါးယာဉ်သာကို ဆင်ယာဉ် မြင်းယာဉ် ရထားယာဉ်- မဟုတ်ကြောင်း၊ မောင်မှိုင်းက သူ၏ အယူကို စွန့်သည်ဟူ၍ သာသနာပိုင်ဆရာတော်ဘုရားထံက အမိန့်တော်ရကြောင်းကို ရွှေမြို့တော်နှိုက် ကြေညာကြလေ၏။

## ဓာတ်ပြချက်

ဤအချက်နှိုက် သာသနာပိုင်ဆရာတော်ဘုရားက မောင်မှိုင်းအမှားကို စွန့်၍ အမှန်ကိုယူရန် ဆွဲသွင်းပေးနိုင်သော နည်းသည် မည်သည့်နည်းမျိုး မည်သည့်ဥပမာမျိုးဖြစ်သည်ကို စဉ်းစား၍ လိုက်နာကြရန်ဖြစ်ပါကြောင်း။

မောင်မှိုင်းသည်ကား ဖိုးတော်မင်းတြားကြီးက စာတော်ပြင် ဆရာကြီးအရာကို ချီးမြှောက်ခန့်ထား သူကောင်းပြုတော်မူသော ပညာယိုဆရာကြီး ဦးပညာ၏ သားဖြစ်သည်။ ဆရာကြီးဦးပညာ အနိစ္စရောက်သည့်နောက် ဆရာကြီး၏သား မောင်မှိုင်းကို မညီးငယ်ရန် ပညာရှိအဖွဲ့ကိုဝင်ရန် ချီးမြှင့်တော်မူခြင်း ဖြစ်သည်။

မကျွမ်းကျင်မလိမ္မာသည်ကို ဖိုးတော်မင်းတြားကြီး သိတော်မူပြီး ဖြစ်သည်။

ဤကား အဖ၏ အရှိန်ကောင်းသောကြောင့် ကျန်ရစ်သော သားသည် အသုံးမကျသော်လည်း တရားယိုသော မင်းကရာဇ်တို့မှာ မျိုးရိုး ဂုဏ်ကျေးဇူးကို မတိမ်ကောစေရန် စောင့်ရှောက်သောနည်းလမ်းကို ဖြောင့်တန်းစွာ သတိမူကြရန် ဖြစ်ပေသည်။

## ဒွေးချိုးခွန်းထောက်

၁။ မောင်မှိုင်းသို့ သာသနာပိုင် မြိုင်ပါမေ့ ယူနည်း သူ့ဖို့လိုလိုနှင့် ကိုယ့်ဖို့ကို အလိုမြောက်အောင် ချိုးမြောက်သာဖြည်း။

၂။ မြတ်ဖိုးတော်ဦးဝိုင်းက ငမှိုင်းကို ချီမြှောက်ပုံ ယုံကြဲလို့ မှတ်သလား အဖဂုဏ်သိမ်က ကျေးဇူးရှိန်မတိမ်ပျောက်ရအောင် ပင့်ထောက်သနား။

## မောင်မှိုင်းကို ဝေသာလီမြို့သို့ စေလွှတ်ခြင်း

ဧညဝတီပြည် ဝေသာလီမြို့နှိုက် အုပ်ချုပ်သော ဒူမရာဇာ ကသဲ့ညီနောင်တို့ ထကြွကြောင်း ကြားသိတော်မူသောကြောင့် ဖိုးတော်မင်းတြားကြီးက မှူးမတ်ဗိုလ်ပုံအလယ်တွင် ဝေသာလီမြို့စား ဒူမရာဇာ ညီနောင်ထကြွကြောင်း ကြားသိတော်မူရသည်။ ၎င်းသူပုန်ငယ်များကို မည်သည့်မှူးမတ်များ သွားရောက် နှိမ်နင်းနိုင်ကြပါမည်လဲးဟု အမေးတော်ယိုရာ ဤအခါ ဗိုလ်ပုံ အလယ်နှိုက် မောင်မှိုင်းက မှန်ပါ ဖုန်းတော်ကြောင့် ဒူမရာဇာ

ကသဲးညီနောင်ကို ကျွန်တော်မျိုး လက်ရဖမ်းဆီး၍ ရွှေတော်ရောက် ဆက်သပါမည့်အကြောင်းပါဘုရား။

ဖိုး။ ။ ဟဲ့ ငမှိုင်း နင်ကသဲးညီနောင်ကို အရှင်ဖမ်းဆီးဆက်သနိုင်ပမလား။

မှိုင်း။ ။ မှန်ပါကသဲးညီနောင်ကို ၂-ရက်အတွင်း ရွှေတော်ရောက် ဆက်သပါမည်၊ မဆက်သနိုင်ပါက ကျွန်တော်မျိုး ငမှိုင်းကို အဆုံးစီရင်တော်မူပါဘုရား၊ ဆက်သနိုင်ခဲ့သော် လွှတ်တော်ဝန်ကြီးအလုပ်ကို ခန့်ထားတော်မူပါဘုရား။

ဖိုး။ ။ ဟဲ့ ငမှိုင်း နင်တယ်ပီး အလျှောက် ရဲပါကလား ကောင်းပီ နင်လျှောက်ထားသည့်အတိုင်း ငါသူကောင်းပြုတော်မူမည်၊ ဒူမရာဇာ ကသဲးညီနောင်ကို သွားဖမ်းချေ လက်နက်ကြိယာများ အလိုယှိရာယူစေ စစ်သည်အမှုထမ်းအလိုယှိရာခေါ်စေ။

မှိုင်း။ ။ မှန်ပါ ကျွန်တော်မျိုး စစ်သည်များ အလိုမယှိပါ ကြိုက်ရာလူ တကျိပ်နှင့် ဓားကောင်း ဆယ်စင်း အရက်ငါးပိသာကို ယူသွားလိုပါသည်ဘုရား။

ဖိုး။ ။ ငမှိုင်းအလိုယှိရာ ခေါ်နိုင်စေယူနိုင်စေ ဆိုင်ရာဝန်တို့က ကူညီဆောင်ယွက်စေဟု မိန့်တော်မူပြီးလျှင် ညီလာခံစဲးလေ၏။

## ငမှိုင်းစစ်ချီခြင်း

ငမှိုင်းသည် မိမိနှင့်စိတ်တူ ကိုယ်တူဖြစ်သော သူငယ်ချင်းများကိုခေါ်၍ ရဲဘော်တကျိပ်ဖွဲ့ပြီးလျှင် ဓားကောင်းကို ရွေးချယ်ပြီးမှ အရက်ငါးပိသာကို ခွဲဝေဗူးနှင့် ထည့်ယူကြရသည်။

မှိုင်း။ ။ ရဲဘော်တော်တို့ ရှင်ဘုရင် အမိန့်တော်နဲ့ ဝေသာလီမြို့စား ကသဲမင်းသား ဒုမရာဇာညီနောင်ကို အဖမ်းသွားကြရမည်မှာ စစ်ဆိုင်းမယို့ အပြင်းချီတက်ကြရမည် အရက်ကို အလွန်အကြူး မသောက်ကြရ ခြီး သွားကောင်းရုံ သောက်ကြရမည် အလွန်အကြူး သောက်၍ ခြီး ပျက်သော် အသေသတ်မည်။ ဝေသာလီမြို့နီး၍ မြို့တွင်းသို့ ဝင်မည့်အခါ ရဲဆေးတင်ကြရမည် ရဲဘော်တို့။

ရဲဘော်။ ။ မှန်ပါဗိုလ်မင်းကြီးအမိန့်အတိုင်း ဦးလည်မသုန် စိတ်တချောင်းထည်း ညီညီညွတ်ညွတ် ဖြောင့်ဖြောင့်မတ်မတ် အမှုတော်ကို စွမ်းရေသတ္တိနှင့် ပြည့်စုံစွာ ထမ်းယွက်ကြမည်ဖြစ်ပါကြောင်းပါ။

မှိုင်း။ ။ ကောင်းပီ ရဲဘော်တို့ ရတနာသုံးပါးများ ပူဇော်ကြလေ အောင်ခြင်းယှစ်ပါး ရွတ်ကြလေ မိဖဆရာများကို ကန်တော့ကြလေ၊ အမိထမီစကို တောင်း၍ နားနှိုက်ပန်ဆင်ခဲ့ကြရမည် သွားကြ ပြင်ကြလေ နေ့ညမဆိုင်း အမြန်ချီတက်ရန် ဖြစ်သည်။

ရဲဘော်တကျိပ်တို့လည်း ဗိုလ်မင်းကြီး အမိန့်အတိုင်း စီမံဆောင်ယွက်ကြပြီးသော် ဗိုလ်မင်းထံ လှာရောက်ကြလေ၏။

မှိုင်း။ ။ လှာကြပြီလား ရဲဘော်တို့ ကိုင်းအခါရပြီထွက်ကြစို့၊ တနင်္ဂနွေသား ရှေ့ဆုံး ၎င်းနောက် ကြာသပတေးသား ၎င်းနောက် တနင်္လာသား ၎င်းနောက် ဗုဒ္ဓဟူးသား ၎င်းနောက် အင်္ဂါသား ၎င်းနောက် သောကြာသား အစဉ်လိုက် စီတန်း၍ မောရသုတ်ကို ရွတ်၍ ထွက်ကြလေ။

ရဲဘော်တကျိပ်နှင့် ချီတက်သွားကြရာ ၇-ရက်နှင့် ဝေသာလီမြို့အနီးသို့ ကပ်ကြသောအခါ ခြီး အမောအပန်းဖြေ အစားကောင်းများကို စား အမှတ်မဲ့တောသားယောင်ဆောင်၍ မြို့၏ အနေအထား ကသဲးညီနောင်တို့ အမြဲနေတတ်သော နေရာကို ၃-ရက်တိုင်တိုင် စုံစမ်းရာ သိရသဖြင့် အကျိုးအကြောင်း ပြောပြတိုင်ပင်ကြလေ၏။

မိုင်း။ ။ ရဲဘော်တို့ မြောက်ဖက် တံခါးက ရဲဘော် ၃-ယောက်စောင့် ကသဲးညီနောင် ထွက်ပြေးလာလျှင် အတင်းဖမ်း၍ လက်ပြန်ကြိုးချည် အကူလာလျှင် ဓားစာကျွေး ရဲဘော် ၂-ယောက် ကျစီ အရှေ့တံခါး တောင်တံခါး အနောက်တံခါးက မီးတိုက်၍ ဝင် မီးလောင်သည်ကို မြင်ရလျှင် ရဲဘော်တယောက်နဲ့ ငါက မြောက်တံခါးကဝင်၍ ကသဲးညီနောင်နေတဲ့ မဟာပိန္နဲးတိုက်ကို လာပြီးတော့ အတင်းဖမ်းယူမည်။ ကိုင်း ရဲဆေးတင်ကြပေတော့ မလွန်ကြစေနဲ့နော် စိတ်ခိုင်မာရုံ သောက်ကြလေ အမိထမီ ပန်းများ နားနှိုက်ယှိုကြရဲ့လား မယှိုယင် ပန်ကြလေ ကိုင်း ၄-ချက်တီးပြီ သွားကြပေတော့။

အရှေ့ အနောက် တောင်မျက်နှာသို့သွားသော ရဲဘော်တို့က အိမ်များကို မီးတင်ကြလေသည်၊ မီးရှိန်မီးလုံး ထသောအခါ တမြို့လုံး ကြွက်ကြွက် ဆူလေ၏။ ဗိုလ်မင်းကြီးနှင့် ရဲဘော်တယောက် မြောက်တံခါးက အတင်းနင်းဝင်၍ မဟာပိန္နဲးတိုက်သို့ လာပြီးလျှင် ကသဲးညီနောင်တို့ မီးလောင်သည်ကို ကြည့်လျက် အရေးတကြီးယှိုနေရာ ဓားချက်ပေး၍ဖမ်းရာ ညီကိုမိလေသည်။

အစ်ကို ထွက်ပြေးရာ မြောက်မျက်နှာ တံခါးစောင့် ရဲဘော် ၃-ယောက်က ဖမ်းဆီးချုပ်နှောင် ထားလေသည်။ ဗိုလ်မင်းကြီး နှင့် ရဲဘော်တယောက်က ညီကိုချုပ်နှောင်၍ မြောက်မျက်နှာ တံခါးသို့ ယူဆောင်လာလေ၏။

အရှေ့တံခါး တောင်တံခါး အနောက်တံခါးတို့နှိုက် မီးတင်သောရဲဘော် ၆-ယောက်တို့သည် မြို့တွင်းဝင်၍ ကသဲညီနောင် လက်ရမိကြောင်း သိလျှင် နန်းတော်တွင်း ဇောင်းတော်နှိုက်ယို သော မြင်းချောမြင်းလှ မြင်းဆဲ့တစီးကို ကကြိုးအစုံဆင်လျက် မြင်းတစီးကျစီ စီး၍ မဒ္ဒရာဇာ ကသဲညီနောင်ကို နှောင်ကြိုးနဲ့ မြင်းပေါ် တင်ပြီးလျှင် ခရီးမဆိုင်း ဆောင်ကြဉ်း လာကြရာ ၅-ရက်နှင့် အမရပူရမြို့သို့ ရောက်သောအခါ ဒ္ဒမရာဇာကသဲညီ နောင်ကို တိုက်ခိုက်၍ လက်ရဖမ်းဆီးယူဆောင်ခဲ့သည့် အကြောင်း ပြောပြပြီးလျှင် ဆိုင်ရာ လွှတ်တော် ဝန်ကြီး များကို ပေးအပ် လေ၏။

## ငမှိုင်းလွှတ်တော်ဝန်ကြီးလုပ်ခြင်း

နောက်တနေ့ ဗိုလ်မင်းကြီး မောင်မှိုင်းသည် လွှတ်တော်ဝန်ကြီး အဆောင်အယောင်နှင့် နံနက်တချက်တီးတွင် လွှတ်တော်ကြီးပေါ် တက်၍ ဝန်ကြီးလုပ်နေလေ၏။

လွှတ်တော်ဝန်ကြီးများလည်း လွှတ်တော်သို့ လာကြသော အခါ ငမှိုင်းဝန်ကြီးဖြစ်နေသည်ကိုမြင်၍ ရွှေနားတော် ကြား လေ၏။

ဖိုးတော်မင်းတြားကြီးလည်း လွှတ်တော်သို့ ထွက်တော်မူ၍ ငမှိုင်းကို မြင်တော်မူလျှင် ဟဲ့ငမှိုင်း နင့်ကို ဘယ်သူက လွှတ်တော်ဝန်ကြီး ခန့်ထားသလဲ။

မှိုင်း။ ။ မှန်ပါ ဖုန်းတော်ကြောင့် ဒူမရာဇာကသဲးညီနောင်က ခန့်ပါကြောင်းပါဘုရား။

ဖိုး။ ။ ကသဲးညီနောင်သူပုန်က နင့်ကို ဝန်ကြီး ခန့်နိုင်သလား။

မှိုင်း။ ။ မှန်ပါ ဝေသာလီမြို့ ဒူမရာဇာ ကသဲးညီနောင် ထကြွလျက်ယှိဒါကို လက်ရဖမ်းဆီးပေးနိုင်က လွှတ်တော်ဝန်ကြီး ခန့်ထားတော်မူမည်။ ဖုန်းတော်ကြီးလှသော ဘုရားအမိန့်တော်အရ ရဲးဘော်တကျိပ်နဲ့ သွားရောက်ဖမ်းဆီးရာ ရမိခဲ့သည့်အတိုင်း ဆိုင်ရာဝန်ကြီးများသို့ အပ်ပေးပြီးပါသောကြောင့် နောက်အမိန့်တော်ခံနေယင် ကြာနေမည်ကို စိုးပါ၍ မနေ့က ကသဲးသူပုန်ညီနောင်အပ်၊ ယနေ့ လွှတ်တော်ဝန်ကြီး လုပ်လှာပါကြောင်းပါဘုရား။

ဖိုး။ ။ အင်း-မင်းတို့စကား မိုးကြိုးသွားတဲ့မောင်မင့် ဟု ပြုံးတော်မူ၍ လွှတ်တော်မှ ဆင်းပြီး နန်းတော်သို့ ဝင်တော်မူလေ၏။

## မောင်မှိုင်းထရားစီရင်ခြင်း

တောကျေးလက်က ညီအစ်မနှစ်ယောက် မိဖနှစ်ပါး သေဆုံးပြီးနောက် အမွေတရားဖြစ်ကြသည်မှာ ယာမြေငါးပယ်ကျန်ရစ်ရာ

ခုံသမာဓိလူကြီးတို့က ညီအစ်မ ၂-ယောက်ချင်းယှိသောကြောင့် ချစ်စကို ရှည်စေရန် တရားသဖြင့်ပြောပြ၍ တဝက်စီ ခွဲဝေပေးသည်ကို အစ်မကမကျေနပ် ဗင်းယာမြေငါးပယ်အနက် မိမိကလေးပယ်ရမှ ကျေနိုင်မည်ဟု အယူခံရာ ရုံးနိမ့်၍ ရွှေနားတော်ကြားသောအခါ ဖိုးတော်မင်းတြားကြီးက ဤအမှုကို လွှတ်တော်ဝန်ကြီး ငမှိုင်း ပြီးပြတ်အောင်စီရင်စေဟု အမိန့်တော်မြွက် မှတ်တော်မူချက်ကို လွှတ်တော်သို့ရောက်လေ၏။

လွှတ်တော်ဝန်ကြီးများက အမိန့်တော်မြွက်အတိုင်း မောင်မှိုင်းသို့ ပေးအပ်လေ၏။ မောင်မှိုင်းလည်း အမှုကို ရက်ချိန်းပေး၍ စစ်ဆေးသည်မှာ။

ဟဲ့-နင်တို့ညီအစ်မ ၂ ယောက်ထဲးယှိတယ်၊ တယောက်နဲ့တယောက်ကို အလွန်အမင်း ချစ်စရာကောင်းပါလျက် သူစိမ်းကဲ့သို့ အမျက်ဒေါသထားပြီးလျှင် တယောက်နဲ့ တယောက်အသာအနာမခံနိုင်ကြပဲ ရွှေနားတော်ကြားသည်မှာ များစွာအံ့ဩစရာ ညီအစ်မအရင်းအချာ တသွေးထဲး တသားထဲးကို မချစ်ခင် မကြင်နာကြပဲး လောဘဒေါသကို ချစ်ခင်ကြသဖြင့် ဆွေမှန်းမျိုးမှန်း မသိနိုင်ခြင်းစိတ်သည် အလွန်ဆိုးဝါးသော မသူတော်တို့ အလေ့ဖြစ်ချေသည်။ သူတော်ကောင်းတို့ ကဲ့ရဲ့မည်ကို နင်တို့ မယှက်ကြဘူးလား၊ ဘုရားဟောတော်မူသော ရန်သူမျိုးငါးပါးတွင် မချစ်မနှစ်သက်သောသူ ဆိုသည်မှာ အမွေစားဘက်ကို ဆိုသဟဲ့ ကြားကြလား၊ နင်တို့ ညီအမအရင်းအချာမှ မချစ်မခင်ကြယင် ပြင်ပလူစိမ်းက နင်တို့ကို ချစ်ခင်အုန်းမှာလား နင်

တို့ အလွန်မိုက်ကြတယ်၊ စာရိတ်ကြေ ကိုယ်ပန်းဖြစ်နေကြသည်ကို သတိမရပဲး လောဘ,ဒေါသ, စကားက စူးယှလျက် ယှိသည်ကို ချမ်းသာအောင် မနူတ်မပယ်ကြပဲးကိုးဟဲ့၊ နားထောင် ငါစီရင်ချက်ချမည်။

## စီရင်ချက်

ဟဲ့-အစ်မကြီးက သားသွီး ဘယ်နှစ်ယောက်ရှိသလဲး။

ဘုရားကျွန်မမှာ သားသွီး တယောက်မှ မသီးပါဘုရား။

ဟဲ့-ညီမဖြစ်သူကော သားသွီး ဘယ်နှစ်ယောက်ယှိသလဲး။

ဘုရားကျွန်မမှာ သားသွီး ၃-ယောက်ယှိပါသည်ဘုရား။

အင်း- ကောင်းပီ နင်တို့အမွေလုသောယာက ပယ်ငါးပယ်သာ ယှိသည်။ ညီမဖြစ်သူမှာ သားသွီးပွားစီးလျက်ယှိသောကြောင့် ပယ် ၃-ပယ်ယူစေ။ အမဖြစ်သူမှာ သားသွီးမသီးသောကြောင့် ပယ် ၂-ပယ်ယူစေ။ ညီမချင်း သင့်မြတ်ကြစေ။ ငါစီရင်သည့်အတိုင်း မတည်ယှိကြလျှင် ရုံးကို အလုပ်အကိုင်ပျက် သွားလား လာလား လိုလားသူများဟု ဟောဒီဓားနဲ့ နင်တို့ကို စီရင်တော်မူမည်။ ရော့-ဒီဓားကို နမ်း၍သွားလေဟု စီရင်လိုက်သည့်အတိုင်း ညီအမ သင့်တင့်ပြီးလျှင် ကြေအေးသွားကြလေ၏။

## လူမိုက်ကို စီရင်ပုံ

တရံရောအခါ အမရပူရမြို့ တရုပ်တန်းက မုံ့ပေါင်းလုပ်၍ ရောင်းချအသက်မွေးရသော မုဆိုးမတဦးမှာ သားတယောက်

ယိုရာ ထိုသားသည် အမိပြောစကားကို နားမထောင် အလုပ် အကိုင်မလုပ်ချင် အမိမွဲပေါင်းရောင်းရသော ပိုက်ဆံကို တောင်း သေရည်အရက်သောက် အကစား အပျော်အပါးလိုက် ထမင်း ကောင်း ဟင်းကောင်း မစားရလျှင် အမေကို အော်လိုက် ငေါက် လိုက် ကောင်းကောင်း အချက်ကောင်းလားဟုပြော ပိုက်ဆံ တောင်းမရလျှင် အမေကို ဓားနဲ့လိုက် ဤသို့ပြုကျင့်လေ့ယိုသဖြင့် အမိဖြစ်သူသည် မျက်ရေနှင့် မျက်ခွက် ဆင်းရဲကြောက်ရွံ့လျက် ဖြစ်သောကြောင့် ၎င်းသားကို ဆုံးမပေးရန် ဝန်ကြီးမောင်မှိုင်းသို့ လျှောက်ထားလေ၏။

မောင်မှိုင်းက လျှောက်ချက်အရ ကောင်းပီ မယ်မင်းသားကို အမိုက်ပျောက်အောင် ငါဆုံးမမည်ဆို၍ ၎င်းသားကိုခေါ်၍ အိမ်တော်မှာ ထားပြီးလျှင် တရုပ်တန်းရပ်သို့ ကိုယ်တိုင်သွား ၍ ထိုသူငယ်အကြောင်းကို စုံစမ်းရာ မအေလျှောက်ထားချက် အတိုင်း ၎င်းသူငယ် ဆိုးမိုက်ကြောင်း ထင်ယှားသဖြင့် ၎င်း သူငယ်ကို ခေါ်ပြီးသော် နင်သည် ဘုရားမှန်း တရားမှန်း သင်္ဃာ မှန်းမသိ၊ ကျေးဇူးကြီးမားသူဖြစ်သော မိခင်စကားကို နား မ ထောင် မိခင်ကို နှိပ်စက်ညှဉ်းပန်းသူတယောက်ဖြစ်သည်။ နင်လို ယုတ်မာသူသည် အဖက်မပေါ် နင်တယောက်သာ ယိုသည်။ သို့ကြောင့် လူပြေမှာ အမိုက်တာရှည်ထား၍မတော် အမိုက်စ တုန်းမှ အေးချမ်းကြမည်။

ဟဲ့-အာဏာသား ၎င်းအမိုက်ကောင်ကို ကောင်းဟန်အဟွန် သို့ အပ် အဆုံးစီရင်၍ အမိုက်ကောင်အလောင်းကို တောခေါင်း တောထိန်းထံ ပို့စေဟု စီရင်လိုက်လေ၏။

နောက်တလခွဲခန့်သို့ ရောက်သောအခါ အမိဖြစ်သူက မောင်မှိုင်းထံလှာ၍ ဘုရား ကျွန်တော်မ သား လိမ္မာပါပြီ လားဟု လျှောက်ရာ အေး-မယ်မင်းသားသည် အလွန်မ မိုက်သောသား ဖြစ်သည်။ မယ်မင်းကို မသေမချင်း နှိပ်စက်နေမည် ဖြစ်သောကြောင့် အမိုက်မရှည်မပွားအောင် မိုက်စတုန်းအောင် ငါစီရင်လိုက်ပြီ၊ မယ်မင်းချမ်းသာစွာ နေထိုင်ပေတော့ဟု မိန့်တော်မူလိုက်လေ၏။ မိခင်ဖြစ်သူလည်း ငိုလျက် ပြန်ခဲ့ရလေ၏။

## ရှင်ညိုခေါ်သောအမှု

အမရပူရမြို့ မဟာအောင်မြေဘုံကျော်ကျောင်းတိုက်က တိုက်အုပ် ဆရာတော်ဦးညိုသည် အပြောအဆိုအမိန့်ကြမ်း ထမ်းသဖြင့် ဒါယကာ ဒါယိကာမများတို့ အဆည်းအကပ် နည်းလေသည်။ ပိုးကုန်သည် ဦးခဲနှင့် များစွာမတည့် ဖြစ်ကြ၏။

တနေ့သော် အလှူတခုက နံနက်တရားနာဖိတ်၍ ဦးခဲအလှူသို့ သွားရာ အလှူမဏ္ဍပ်သဃ်ာစင်ပေါ်နိုက် တိုက်အုပ် ဆရာတော် ဦးညိုရောက်နေသည်ကို မြင်သောအခါ ဦးခဲက အလို ရှင်ညို ရောက်နေမှုကိုးဟု ပြောလေ၏။

အလှူနိုက် တရားသကြီးဟ်၍ ရေစက်ချပြီးသောအခါ တိုက်အုပ်ဆရာတော်သည် လွှတ်တော်သို့သွား၍ ဆုံးမရန် တိုင်ကြားလေ၏။ လွှတ်တော်ဝန်ကြီးမောင်မှိုင်း အလှည့်ကျသဖြင့် ဦးခဲကိုခေါ်၍ မေးရာ အကျွန်ုပ် တိုက်အုပ်ဆရာတော်ကို ရှင်ညိုခေါ်ခြင်းသည် မရှိမသေ မလေးမခန့်ပြု၍ ခေါ်သည်မဟုတ်ပါ။ မြတ်

စွာဘုရားသျှင်ယိုစဉ်က တေဒဂ်ခံရသော ရဟန္တာအသျှင်မြတ်တို့ ကိုပင် သျှင်မောဂ္ဂလာန် သျှင်သာရိပုတ္တရာ သျှင်မဟာကဿပ သျှင်အနုရုဒ္ဓါ သျှင်အာနန္ဒာဟု ခေါ်ရပေသည်။

အင်းဝမြို့ ကောင်းစားစဉ်အခါက သျှင်မဟာသီလဝံသ သျှင်မဟာရဋ္ဌသာရ သျှင်အုန်းညို သျှင်ခေမာ သျှင်ဥတ္တမကျော် သျှင်အဂ္ဂသမာဓိဟူ၍ ခေါ်ကြပါသည်။ သို့ပါသောကြောင့် ထိုအသျှင်များကဲ့သို့ တိုက်အုပ်ဆရာတော်ကို သျှင်ညိုဟု ချီးပင့် ခေါ်ဝေါ်ခြင်း ဖြစ်ပါကြောင်း ထုချေလေ၏။

မှိုင်း။ ။ ဦးခဲ့ ထုချေချက်သည် ဗဟုသုတ အရာနှိုက် ချီး မွမ်းဖွယ်ရာ ဖြစ်ပေသည်။ သျှင်ညိုလို့ ခေါ်လိုသော စိတ်ထားသည် ရှိသော်၍ ခေါ်ခြင်းအရာမဟုတ် တိုက်အုပ်ဆရာတော်စိတ်ကို မခံ ချင်အောင် ဖြစ်စေရန် ခေါ်ဆိုခြင်းအရာ ရောက်ချေသည်၊ အကယ် တန္တိ အငြင်း ဖြစ်ပွားကြလျှင် ရှေးက အသျှင်ထည့်၍ ခေါ်သော ပုဂ္ဂိုလ်များထုံးယိုကြောင်း ပြောပြရန် ကြံစည်ထားသော ဉာဏ် သာ ဖြစ်ချေသည်။

သို့ထုံးသာဓက ဖော်ပြသော အထောက် အထားသည် လုံ လောက်သော ဉာဏ်ပညာပင်ဖြစ်သော်လည်း စင်စစ် ချီးပင့်လို သောစိတ်မပါ မခံချင်အောင်ခေါ်သော သဘောကို သက်ရောက် သဖြင့် ဦးခဲ့က သက်န်းဖွဲ့စုံနှင့် ဆရာတော်ကို ကန်တော့ဝန်ချစေ၊ တိုက်အုပ် ဆရာတော်ဘုရားက သည်းခံတော်မူ၍ အဆိုအမိန့်ကို နာစေ ဟူ၍ စီရင်ချက်ချလေသည်။

**စာတာရန်လိုက်ပုံတရား**

တနေ့သော် အတွင်းစာရေးတော်ကြီး တယောက် ပန်းပဆိုးကိုဝတ်လျက် နန်းတော်ရှေ့ ဈေးသို့ နံနက်ခင်လျှောက်သွားရာ စာဆိုတော် တဦးကမြင်၍ အလို ပန်းပဆိုးနဲ့ ကိုးလို့ ပြောလိုက်သည်ကို စာရေးတော်ကြီးက ရှက်သဖြင့် လွှတ်တော် တက်ချိန်ရောက်သောအခါ လွှတ်တော်သို့ လာ၍ ဘုရားကျွန်တော်မျိုး နံနက်က ဤပန်းပဆိုးကို ဝတ်၍ နန်းတော်ရှေ့ ဈေးကိုလျှောက်သွားရာ စာဆိုတော်က ကျွန်တော်မျိုးကို အလိုပန်းပဆိုးနဲ့ကိုးလို့ ပြောပါသည်။ ပန်းပဆိုး ကာရန်အဆက်မှာ နန်းသခိုးဟု ဆိုလိုရာ ရောက်ပါကြောင်းပါဟု လျှောက်လေ၏။

လွှတ်တော်ဝန် မောင်မှိုင်းက စာဆိုတော် မင်းကို ခေါ်၍ မေးမြန်းရာ ပန်းပဆိုးနဲ့ကိုးဟု စာဆိုလိုက်ကြောင်း ဖြောင့်လေ၏။ စာရေးတော်ကြီးက ပန်းပဆိုးနဲ့ဟု ဆိုခြင်းသည် နန်းသခိုးလို့ ကာရန်ဆက်၍ ဖြစ်ကြောင်း၊ ဤကဲ့သို့ ကာရန်ဆွဲယူခြင်းသည်ကား ဝုဏ်ပျက်အရှက်ရအောင် ရည်ရွယ်သော စာကာရန်ဖြစ်ပါသည်ဟု စွပ်စွဲခြင်း ယှဉ်နေသည်။ စာဆိုတော်မင်း မည်ကဲ့သို့ ထုချေနိုင်ပါမည်လဲ ကာရန်ချောအောင် လွှဲနိုင်ပါမည်လားဗျ။

စာဆိုတော်မင်း။ ။ အကျွန်ုပ် အမြင်စွဲ၍ ပန်းပဆိုးနဲ့ကိုးဟု ရိုးရိုးပြောဆိုမိခြင်းပါ သူနှင့်ဆိုင်သော ကာရန်ကို ယူ၍ သူဆက်လာမှာတော့ ချေပနိုင်ရန် အကြောင်း မမြင်ပါဟု ငြင်းလေ၏။

မှိုင်း။ ။ စာဆိုတော်မင်း လောကမှာ နှုတ်ဆက် ပြောရိုး စကားမှာ ဝတ်သန့်ဝတ်ကောင်းနဲ့ ဘယ်ကြွမလို့ပါလိမ့် ဘယ်ကကြွလာပါလိမ့် စသည်ဖြင့် နှုတ်ဆက်ပြောဆိုမြဲ ယိုချေသည်။ စာဆိုတော်မင်း ပြောဒါက ကာရန်ယူနိုင်အောင် အလို ပန်းပဆိုးနဲ့ကိုးလို့ ဆန်းဆန်း ပြားပြား ပြောဆိုသည်မှာ သဘောရိုးမဟုတ် ဖြစ်ချေသည်။ နန်းသခိုးလို့ ကာရန်ယူနိုင်ရန် ပြောဆိုသောစကားသာ ဖြစ်ချေသောကြောင့် အမှုထမ်း အရာထမ်းဖြစ်ကြသည့်အတိုင်း ချစ်စကို ရှည်ကြရန် သဘောထားတော်မူ၍ စာဆိုတော်မင်းက ပန်းပဆိုးတထည်နဲ့ ဝန်ချစေဗျား စာရေးတော်ကြီးကလည်း သည်းခံကြေအေး၍ ရန်စကို တိုစေဗျဟု စီရင်ချမှတ်လိုက်လေသည်။

## မောင်နှမနှစ်ယောက် အမွေလုနွားထရား

မောင်နှမ နှစ်ယောက်မှာ မောင်ကအကြီး မယားသားမယိုနှမ အငယ်မှာ အိမ်ထောင်ပြုရာ သားတယောက် သမီးတယောက်ရမှ ခင်ပွန်းသည် သေဆုံးသွား၍ မုဆိုးမဖြစ်သည်။ ၎င်းတို့ မိဖ ၂-ဦးကွယ်လွန် သွားသည့်နောက် နွားထီး ၂-ကောင်၊ နွားသားအမိ ၂-ကောင် လှည်းတစီး ကျန်ရစ်ရာ မောင်ကလည်း နွားထီးတရှဉ်းနှင့် လှည်းတစီးကို မွေယူလိုသည်။ နှမကလည်း နွားနှင့်လှည်းကိုသာ ယူလိုသည် ဖြစ်သောကြောင့် အချင်းဖြစ်ပွားလျက်ယိုကြသည်ကို ဦးရိုး ဘကြီး ခုံသမာဓိ လူကြီးတို့ ဖြန်ဖြေခွဲဝေပေးကြသော်လည်း မနာယူကြပဲယိုနေကြသဖြင့် ရွာသူကြီးက မြို့သူကြီး မြို့သူကြီးက ခရိုင်ဝန် ခရိုင်ဝန်က လွှတ်တော်သို့ ပို့လေ၏။

ၡင်းအမွေမှုတရားကို အောက်ရုံးက စီရင်ဆုံးဖြတ်ချက်တို့ကို ကြည့်ရှုပြီးသော်။

မှိုင်း။ ။ နင်တို့မောင်နှမ နှစ်ယောက်ထဲဖြစ်သည် ဘာဖြစ်လို့ သည်နွားတရှဉ်းနှင့် လှည်းကိုသာ ယူချင်ကြသလဲ။

မောင်။ ။ ၡင်းနွားနှင့်လှည်းကို ရလျှင် လှည်းတိုက်ခြင်း ယာထွန်ခြင်း အလုပ်ကို လုပ်ကိုင်အသက်မွေးရမည် ဖြစ်လို့ ရယူလိုပါတယ်ဟု လျှောက်၏။

နှမ။ ။ ဘုရားကျွန်မမှာ မုဆိုးမ ဖြစ်ပါ၍ ဒီခလေး နှစ်ယောက်နဲ့ လှည်းတိုက် လုပ်ကိုင်အသက်မွေးရမည် ဖြစ်ပါသောကြောင့် ရယူလိုပါတယ်ဟု လျှောက်၏။

မှိုင်း။ ။ ကောင်းပီ နင်တို့ဆန္ဒကို ငါသိပြီ ငါဆုံးဖြတ်သည်ကို နာယူကြရမည်၊ တရားမွေသတ် ဖြတ်ထုံးကို ကြည့်၍ ငါဆုံးဖြတ်မည်မဟုတ် ငါသဘောအတိုင်း ဆုံးဖြတ်သည်ကို ခွဲဝေယူရမည်၊ မနာယူ ခဲ့သော် နင်တို့ကို အပြစ်ကြီးစွာ ပေးမည်နားထောင်။

မောင်ဖြစ်သူမှာ အကြီးဖြစ်တယ်၊ အိမ်သူဇနီးမယိုသေးဖြစ်၍ နှမမုဆိုးမကလေးကို အုပ်ထိန်းစောင့်ရှောက်ကာ အတူနေကြမည်းတိုင်း ဥမကွဲ သိုက်မပျက် နေကြရမည်။ နှမကလည်း မောင်ကြီးကို အဖကဲ့သို့ အောက်မေ့လျက် ချက်ပြုတ် ကျွေးမွေးကာ ဝတ်ကြီး ဝတ်ငယ်တို့ကို ဆောင်ယွက်ပြုစုရမယ်နော် ကြားလား။

မောင်ဖြစ်သူက နွားထီးတရှဉ်းနှင့် လှည်းတစီးကိုယူစေ၊ နှမက နွားမသားအမိ ၂-ကောင်ကို ယူစေဟု စီရင်ဆုံးဖြတ်လေ၏။

နှမ။ ။ ဘုရားကျွန်မ မုဆိုးမဖြစ်သူမှာ ဒီနွားမ သားအမိ ၂-ကောင်နဲ့ ဘယ့်နှယ်လုပ်စားရမလဲးဘုရား။

မှိုင်း။ ။ ဟဲ့-နင်တယ်မိုက်တဲ့အကောင်မပါကလား။ မောင်နှမ နှစ်ယောက် စိတ်ဝမ်းမကွဲးကြရန် ငါပြောပြသည်ကို နင်နားမလည်ဘူး နင်အိမ်ကို ပြန်ရောက်တော့ နင့်မောင်ကြီးကို မေးကြည့် သိလိမ့်မယ်။ နင့်ကို ငါသနားသဖြင့် ကလေးများနှင့် အရှည်မဆင်းရဲအောင် နွားမသားအမိ ၂-ကောင်းကို ယူရန် ငါစီရင်သည်။ နွားမကို ရတဲ့အတွက် နင့်မှာ အကျိုးမယုတ်ဖူးဟဲ့ နွားမသည် ရှေ့မှာ ထမ်းပိုး နောက်မှာသားတိုး အောက်မှာ ဟင်းအိုးဟဲ့ တသက်လုံး မှတ်ထားလေ၊ သွားကြ နောက်ကို မည်သို့မည်ပုံ ဘာဘာညာညာ ကြားရလျှင် ပေါ-ဒီဓားစာဖြစ်ကြမယ်၊ သွားကြဟု စီရင်ဆုံးဖြတ်လေ၏။

## ရွှေး-ဦး-ထင်-တို့ဇာတိ

၁။ မြေထဲမြို့စား ရန်ကုန်ဝန်ကြီး ဦးကျော်ရွှေးကို စုံစမ်းထောက်လှမ်းရာ မုံရွာစီရင်စု အလုံနယ် နောင်ကြီးအိုင်ရွာဇာတိဖြစ်ကြောင်းကို အမှန်သိရပေကြောင်း၊ မြို့သူကြီး ရှိးရာ ဖြစ်ကြောင်း ပြောကြသည်။ နောင်ကြီးအိုင်ရွာမှ ဦးကျော်ရွှေး၏ ဆွေမျိုးအဆက်အနွယ်များကို မေးမြန်းစုံစမ်းလျှင် မြေးမြစ်တို့ ထွက်ပေါ်လိမ့်မည်ဟု ပြောကြသည်။ ရဟန်းတော်များလည်း ယိုကြသည်ဟု တဆင့်စကား ကြားရလေသည်။

၂။ အတွင်းဝန် ဦးပေါ်ဦးမှာ ရေဦးနယ် မြေထူးအောက်တိုက် တံ့ဆယ်ရွာ (ယခုတဇယ်) ဟု ခေါ်ကြသော ရွာဇာတိဖြစ်

သည်။ သားချင်းဆွေမျိုး အစဉ်အဆက်တို့ ယိုကြသေးသည်။ ဦးပေါ်ဦး၏ ကုသိုလ်ကောင်းမှု ကျောင်းဇရပ် သိမ် မြေစိုက် ဘုရားများ အထင်အယှားယိုလျက်ဖြစ်သည်။ (ဦးပေါ်ဦးလျှောက် ထုံးစာအုပ်မှာ မဖော်မပြဖြစ်သည်။)

၃။ အတ္တုပတ် မြင်းဝန် ဦးမြတ်ထင်မှာ စစ်ကိုင်း မြို့နယ် နေ့ာက်ချေးကျွန်းရွာ ဇာတိဖြစ်သည်။ မြင်းဝန်မင်း ဦးမြတ် ထင်၏ ဆွေမျိုးအဆက်အနွယ်များကို စုံစမ်းလျှင် ထွက်ပေါ် လိမ့်မည်ဟု ပြောကြသည်။

ဦးကျော်ရွှေ ဦးပေါ်ဦး ဦးမြတ်ထင်တို့ ဇာတိချက်မြှုပ်ကို ဖော်ပြထားသော သဲလွန်စဖြစ်၏။

**ဖိုးတော်မင်းကြားကြီး**

ဖိုးတော်မင်းကြားကြီးသည် သက္ကရာဇ် ၁၁၄၃-ခုနှစ်တွင် အထွတ်အမြတ်သို့ ရောက်တော်မူသည်။

အိမ်နိမ့် ၃၈-နှစ် နန်းစံ ၃၇-နှစ် အသက်တော် ၇၅-နှစ် ရောက်သော်ကံတော်ကုန်သည်။ နံတော် တနင်းလာသားဖြစ်သည်။ ထီးနန်းစည်းစိမ်ရလိုသော် တဘောင်ပေါ်သည်ကား "ရွှေလ ရယ်သာ ဘုရားတကာ ဘယ်ကိုသွား ဆေးတံနှင့် များလျား၊ အပျိုကလေးအိမ် စည်းစိမ်ခံ အဖေသွားမယ် ဆေးတံနှင့်များ လျား" ဤတဘောင်သီချင်းကို မြို့နယ် ရပ်တိုင်းတို့နှိုက် လူကြီး လူငယ် သီဆိုကြသည်။

ဆေးတံ၏ တဘောင်နိမိတ်အရ နန်းစံ ၃၇-နှစ်တိုင် စိုးစံတော်မူရလေသည်။

၁။ မိဖုရား ကိုယ်လုပ်တော်ပေါင်း ၅၄-ပါးယှိသည်။

၂။ သားတော်ပေါင်း ၇၁-ပါး။

၃။ သမီးတော်ပေါင်း ၆၇-ပါး။

၄။ မြေးတော်ယောကျ်ားပေါင်း ၁၀၉-ပါး။

၅။ မြေးတော်မိန်းမပေါင်း ၁၃၀-ပါး။

၆။ မြတ်တော်ယောကျ်ားပေါင်း ၄၉-ပါး။

၇။ မြစ်တော်မိန်းမပေါင်း ၁၇-ပါး။

၈။ တီတော်ပေါင်း ၄-ပါး။

အစုစုပေါင်း ၄၄၇-ပါး ယှိသည်။ သားတော်ကစ၍ တီအထိဖြစ်သည်။

လွယ်လွယ်သိမှတ်လိုလျှင် ဖိုးတော်မင်းတြားကြီး၏ သားတော် ပခန်းမင်းသား၏ ကျွန်တော်ရင်း ဆားတောင်မငါးရွာစား ရွာဝေးသူကြီး ဝက်မစွတ်မြို့စား နဝဒေးဆို ဖိုးတော်မင်းတြားကြီး၏ အောက်ပါ ဆွေတော်စဉ် လင်္ကာစကေပိုဒ်ကို ရှုလေ။

## လင်္ကာစကေပိုဒ်

"သဗ္ဗာဖြူဆွ မိုးသူမနှင့် ယူဆာအခေါင် ပေါက်ပြောင်ပျံ့ဝင့် ဆတ်ဒန်ဖွင့်သည် ဆင်မင့်သခင် လောင်းနတ်ရှင်၏ ရွှေရင်နှစ်ကျော် သားတော်တွက်ဖွဲ့ ခုနစ်ဆဲ့တစ် သမီးချစ်မူ ခုနစ်စွန်းကယ် ခြောက်ဆယ်လွင့်ကြား မြေးယောကျ်ားကား ကိုးပါးအစွန်း

တရာထွန်းစည့် ကြိုင်မွှန်းမွှေးပြ မြေးမိန်းမကား တရာ့သုံးဆယ် နတ်နှယ်နှိုင်းလျော် မြစ်တော်ပေါက်ဖွားယောကျ်ားမင်းမျိုး လေးဆဲ့ကိုးတည့် နန်းရိုးမဲလျှ မိန်းမမြွတ်စစ် ဆဲ့ခုနစ်နှင့် တီချစ်တော်လှ ယောက်ကျာ့စယေ ရဲးဆွေညွန့်သား ဆုံးပါးယှိမ့် အပေါင်းဖွဲ့သော် လေးဆဲ့ခုနစ် လေးရာဖြစ်သည် မှတ်ရစ်နောင်လာ နီဒါန်းတည်း။"

မြန်မာဦးစွန်း ထွန်းတော်မူရာ ရတနာသိယ် မြို့တော်ကြီးတည်ထောင်တော်မူသော အလောင်းမင်းတြားကြီးစည့် စတုတ္ထသားတော် အလုံခေါ် ဗဒုံမြို့ကို အစားသနားတော်မြတ်ခံရ၍ ဗဒုံမင်းတွင်သည်။ နောင်တော်များ လက်ထက် မြေထူးမြို့ကိုစားရ၍ မြေထူးမင်းလည်း ခေါ်သည်။ ဘွဲ့တော် မင်းလှရွှေတောင်။


အင်းဝ ရွှေမြို့တော်ကြီးကို တလိုင်းမင်းစစ်တပ် ဝိုင်းသည့်အခါတွင် မွေးဖွားသောကြောင့် မောင်ဝိုင်းဟု အမည်ပေးတော်မူသည်။ နောက်အထွက်အမြတ်သို့ ရောက်တော်မူလျှင် အောင်မြေလောက စေတီတော် ဒါယကာ၊ မင်းကွန်းစေတီတော်ကြီး ဒါယကာ၊ အမရပူရမြို့တည် မင်းတြားကြီး နိဗ္ဗာန်နပစ္စယနာဂရာဇာ ဆင်ဖြူတော်ကြီးအရှင် မဟာသုဘဒ္ဒာ မင်္ဂလာဒေဝီ နှင်းနှယ် ဆင်ဖြူမအရှင် ဖကြီးတော်ခေါ် နောင်တော်ဘုရင် ကုန်းဘောင်ဘုရင်မင်းတို့၏ ဖိုးတော်ဖြစ်သောကြောင့် ဖိုးတော်မင်းတြားကြီးဟူ၍ ဇမ္ဗူဒိပ်ကျော်ကြားလေသည်။

အထွတ်အမြတ်သို့ ရောက်တော်မူလျှင် "သီရိပဝရဝိဇယနန္တယသ-တြိဘဝနာ ဒိတျာဓိပတိပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ"

ဟူသော ၃၃-လုံးသော ဘွဲ့တံဆိပ်နာမံတော်ကို ခံယူတော်မူသည်။

## ဖိုးတော်မင်းတြားကြီး၏
## မိဖုရား သားတော် သမီးတော်များ

ဖိုးတော် မင်းတြားကြီးကား အလောင်းမင်းတြားကြီး၏ မိဖုရားခေါင်ကြီးတွင် မြင်တော်မူသော သားတော်လတ် ဖြစ်သည်။ သက္ကရာဇ် ၁၁၀၆-ခု၊ တန်ခူးလပြည့်ကျော် ၆-ရက် တနင်္လာနေ့အဝင် ညဥ့် ၃-ချက်တီးကျော် ၅-နာရီတွင် ဖွားမြင်တော်မူသည်။ စဉ်နက္ခတ် ၁၆-လုံး၊ ၂-ပါဒ်၊ ၇-ဗိဇနာ။




ဇာတာတော်ပုံ

အလုံခေါ် ဗဒုံမြို့ မြဝတီမြို့များကို ကံကျေးခံရသည်။ သက်တော် ၁၀-နှစ်တွင် သတိုးမင်းလှ ရွှေတောင်။ သက်တော် ၁၆ တွင် သတိုးမင်းစော။ သက်တော် ၂၀-တွင် သုဓမ္မာရာဇာ ဘွဲ့တော်များကို ခံရသည်။ သက်တော် ၃၇-နှစ်၊ သက္ကရာဇ် ၁၁၄၃ ခုနှစ် တပို့တွဲ လပြည့်ကျော် ၁၄-ရက်၊ တနင်းလာနေ့ မင်းဖြစ်တော်မူသည်။

သက်တော် ၃၈ နှစ် သက္ကရာဇ် ၁၁၄၄-ခုနှစ် တပို့တွဲ လဆန်း ၇-ရက်၊ အင်္ဂါနေ့အဝင် ညဥ့် ၃-ချက်တီးကျော် ၁-နာရီ ၁-ပါဒ်အချိန်တွင် မြို့တော် ကျုံးတော် နန်းတော် ဂူတော် ကျောင်းတော် ကန်တော် ပိဋကတ်တိုက်တော် သီရိ-ခုနှစ်ဌာနများကို တပြိုင်တည်း တည်ပြီးလျှင် အမရပူရမြို့တော်ဟု သမုတ်တော်မူသည်။

သက္ကရာဇ် ၁၁၄၅ ခုနှစ်၊ ၁၁၄၆ ခုနှစ်များတွင် ၂ ကြိမ်မြောက်၊ ရာဇဘိသေက၊ မုဒ္ဓါဘိသေက ဘိသိက်တော်ကို ခံယူပြီးလျှင် ထီးဆောင်းမင်္ဂလာ မဟာဉကင်သ ဖွင့်တော်မူ၍ သီရိပဝရဝိဇယာနန္တယသတြိ ဘဝနာဒိတျာဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံကို ခံယူတော်မူသည်။

သက္ကရာဇ် ၁၁၆၆ ခုနှစ် အကြေလှိုင်မြို့ မင်းလှဝ အရပ်ကိုယ်လုံးဗိုင်းဝါဝင်းကဲ့သို့ ဖွေးဖွေးဖြူသော ဆင်ဖြူမကို ရတော်မူသည်။ ၎င်းဆင်ဖြူမကို သီရိမလ္လာမဟာသုဘဒ္ဒါ ဘွဲ့ချီတော်မူသည်။

သက္ကရာဇ် ၁၁၆၈ ခုနှစ် ဟံသာဝတီမြို့တောင် နီဗွာန်ရွာ ကလပြည့်ဝန်းကဲ့သို့ ကိုယ်လုံးဖွေးဖွေးဖြူသော ဆဒ္ဒန်ဆင်ဖြူတော်

ကြီးကို ရတော်မူသည်။ ၎င်းဆင်ဖြူတော်ကြီးကို နိဗ္ဗာန ပစ္စယ နာဂရာဇာ ဘွဲ့ချီတော်မူ၍ ရွှေစက်တော် တင်ပြီးလျှင် ဆဒ္ဒန် ဆင်မင်းသခင် ခံတော်မူသည်။ နန်းစည်းစိမ်တော် ၃၈ နှစ်အဝင် သက်တော် ၇၅ နှစ်၊ သက္ကရာဇ် ၁၁၈၁ ခုနှစ် နယုန်လဆန်း ၁၃ ရက် ညနေ ၄ ချက်တီးကျော်အချိန် ဖိုးတော်မင်းတြားကြီး နတ်ပြည်စံတော်မူသည်။

(က) မိဖုရားခေါင်ကြီးကား။ ။ မင်း သီရိရဋ္ဌဇ သမီး တော် မဟာအတုလဒေဝီနှင့်၊ အင်းဝမြို့ ဗိုလ်မှူးတို့တွင် မြင်သည့် သမီးတော် သက္ကရာဇ် ၁၁၀၅ ခုနှစ်ဖွား၊ ၁၁၂၂ ခုတွင် ဖိုးတော် မင်းတြားကြီး ရေသွန်းလက်ထပ်တော်မူသည်။ သီရိပဝရ မဟာ ရာဇိန္ဒာမင်္ဂလာရတနာဒေဝီ ဘွဲ့တော်ကို ဒုတိယခံတော်မူသည်။ သက္ကရာဇ် ၁၁၆၈ ခုနှစ်၊ တပေါင်းလ နတ်ရွာစံတော်မူသည်။ မဟာအောင်မြေဘုံကျော် ကျောင်းတော်ကြီး ဒါယိကာမ၊ ငယ် မည် မယ်လွန်းမယ်။

၁။ သမီးတော် ဒုတိယ အိမ်ရှေ့မိဖုရား သီရိမဟာမင်္ဂလာ ရတနာဒေဝီမှာ သက္ကရာဇ် ၁၁၂၃-ခုနှစ်ဖွား ကန္နီမြို့ ကံကျေး ခံရသည်။ ၁၁၉၈-ခုနှစ် အဝမြို့တွင် ကံတော်ကုန်သည်။ ဝေယန် ဘုံကျော် ကျောင်းတော်ဒါယိကာမ ငယ်မည် အမိကြီး။


၂။ သမီးတော်လတ်မှာ သက္ကရာဇ် ၁၁၂၅-ခုနှစ်ဖွား တောင် တွင်းကြီးမြို့နှင့် ရွှေကျင်ရွာကို ကံကျေးခံရသည်။ ပဉ္စမ အိမ်ရှေ့ မိဖုရားဖြစ်သည်။ ၁၁၅၅-ခုနှစ် တန်ဆောင်မုန်းလ ကံတော် ကုန်သည်။ မင်္ဂလာဝေယန်ကျောင်းတော် ဒါယိကာမ။

၃။ သမီးငယ် ပြည်မိဖုရား သီရိမဟာရတနာ မလ္လာဒေဝီမှာ သက္ကရာဇ် ၁၁၂၆-ခုနှစ်ဖွား မြေတူးမြို့ကို ကံကျေးခံရသည်။

သားတော်စကုမင်းသားနှင့် စုံဖက်တော်မူ၍ ပြည်မြို့ကိုပေးရာ ပြည်မိဖုရားဖြစ်သည်။ ၁၁၈၁-ခုနှစ် ကံတော်ကုန်သည်။ ငယ်မည် မယ်အုန်း။

(ခ) မြောက်နန်းမိဖုရား သီရိမဟာစန္ဒာဘိရတနာ ဒေဝီမှာ သပွတ်တောကြေးတိုင် မောင်မြတ်ထွန်းနှင့် လွဲးပါရွာသူ ရှင်ဖယ်ဘို့သမီး သက္ကရာဇ် ၁၁၀၇-ခုနှစ်ဖွား အိမ်နိမ့်တော်စံစဉ် မြောက်ဆောင် ထား၍ အထွတ်အမြတ် ရောက်တော်မူလျှင် မြောက်နန်းတင်တော်မူသည်။ ၁၁၆၈-ခု ပြာသိုလ ကံကုန်သည်။ မဟာမုနိဘုရားရှေ့ မင်္ဂလာဘုံကျော် ကျောင်းတော် ဒါယိကာမ ငယ်မည် မယ်လွန်းသူ။

၁။ သားတော် မဟာ ဥပရာဇာ အိမ်ရှေ့မင်းသားကြီးကို သက္ကရာဇ် ၁၁၂၄-ခု နယုန်လပြည့်ကျော် ၉-ရက်၊ တနင်းလာနေ့ ၃-ချက်တီးတော် ၅-နာရီ ၂-ပါဒ်တွင်။



ဇာတာတော်ပုံနှိုက် ဖြိုဟ်နက္ခတ်တို့ အကြိုက်အခါ ဖွားမြင်တော်မူသည်။ သက္ကရာဇ် ၁၁၄၃-ခု မြောက်ဖက် တိုက်ဝန်သွီး ဓမ္မဒေဝီနှင့် စုံဖက်တော်မူ၍ ရွှေတောင်မြို့ကို ကံကျွေးပေးတော်မူသည်ကို ခံရသည်။

၁၁၄၅-ခု ဝါဆိုလဆန်း ၁၂-ရက်၊ ၅-တေးနေ့ သတိုးဓမ္မရာဇာဘွဲ့တော်ကို ပေး၍ မိဖုရားခေါင်ကြီးတွင် မြင်သောသွီးတော်လတ် တောင်တွင်းကြီးမင်းသွီး သီရိမဟာ တိလောကရတနာဒေဝီနှင့် စုံဖက်တော်မူ၍ တောင်တွင်းကြီး ဒီပဲယင်းမြို့ သပွတ်တော ၆-ရွာ ဒိုင်းစု သင်းစုများနှင့်တကွ အိမ်ရှေ့ဆောင် နှင်းတော်မူသည်ကို ခံရသည်။

သက္ကရာဇ် ၁၁၄၆-ခုသော် ဝီရိမဟာ ဓမ္မာဘိဇယ သီဟသူရဘွဲ့တံဆိပ်တော်ကို ခံယူ၍ အနောက်ဖက်တလွှား တိုင်းပြည်များကို သိမ်းယူ၍ ဓညဝတီပြည် မဟာမုနိ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်တော်မူခဲ့သည်။

သက္ကရာဇ် ၁၁၅၄-ခုသော် ဒဝယ် ယိုးဒျားမင်းတို့ကို နှိမ်နင်းတော်မူသည်။ ၁၁၇၀-ပြည့်နှောင်းတန်ခူးလဆန်း ၁၄-ရက် အိမ်နိမ့်စည်းစိမ် ၂၆-နှစ် သက်တော် ၄၆-နှစ် ၁၀-လတွင် နတ်ရွာစံတော်မူလေသည်။

သားတော်လတ် ပြည်မင်း သီရိမဟာ ဓမ္မရာဇာမှာ သက္ကရာဇ် ၁၁၂၇-ခု ဖွား စကုမြို့ကို ကံကျွေးခံရသည်။ ရွှေတိုက်ဝန်သွီး ရှင်မင်းဦးနှင့် စုံမက်တာ်မူသည်။ နောက်သွီးတော် မြေတူး မင်းသွီးနှင့် စုံဖက်တော်မူ၍ ပြည်မြို့ကို ဘုရင်ခံအဖြစ်နှင့် အပ်တော်

မူသဖြင့် မင်းပြုရသည်။ နောက်ဘကြီးတော် လက်ထက် ထောင်မှာထားရာ လွန်တော်မူသည်။ ငယ်မည် မောင်ရွှေမှုံ။

(ဂ) အလယ်နန်းမိဖုရား သီရိမဟာ စန္ဒာဒေဝီရတနာဒေဝီမှာ ဟံသာဝတီရောက် မင်းလက်ထက် လုံပေါမြင်းစာရေး မောင်စံထွန်းသမီးနှင့် အိမ်နိမ့်တော်စံစဉ် ယဉ်ပါးတော်မူ၍ အလယ်နန်းတင်တော်မူသည်။ သက္ကရာဇ် ၁၁၅၁-ခုနှစ် ကံတော်ကုန်သည်။ မင်္ဂလာစံလွှတ်ကျောင်းတော် ဒါယိကာမ ငယ်မည် မယ်လွန်းပု။

၁-သမီးတော် သီရိမဟာရတနာ ပဘာဒေဝီမှာ ၁၁၂၃-ခုဖွား ဟသ်ာတမြို့ တလုတ်မြို့များကို ကံကျေးပေးတော်မူသည်ကို ခံရသည်။ သရက်တောတိုက် ဘုံကျော်အောင်သာ ကျောင်းတော် ဒါယိကာမ ငယ်မည် မမင်းတုတ်။

၂-သားတော်တစ်၊ ၃-သမီးတော်တစ်မှာ ငယ်ကလွန်သည်။ ၄-သားတော် မင်းရဲမြတ်စောမှာ သက္ကရာဇ် ၁၁၄၀-ပြည့်ဖွား ပသိန်မြို့ သမြင်းတုံမြို့များကို ကံကျေးသနားတော်မူသည်။ နောက် စိတ်တော်မကြည်ပဲ ယိုနေရာ ၁၂၀၀-ပြည့်နှစ် မြို့တော်တွင် ကံတော်ကုန်သည်။

(ဃ) ကိုယ်လုပ်တော် ရှင်မင်းစီမှာ ရွှေဘိုမြို့မြောက် ရွှံ့စက်ရွာ မောင်ပုသမီး အိမ်နိမ့်စံစဉ် ကံတော်ကုန်သည်။ ၁-သားတော် တောင်ငူမင်း "သုသီရိမဟာ ဓမ္မရာဇာ"မှာ သက္ကရာဇ် ၁၁၂၉-ခုနှစ်ဖွား ကာမမြို့ကို ကံကျေးခံရသည်။ နောင်တော် ဆင်ဖြူရှင်သမီးတော် ပဘာဒေဝီနှင့် ထိမ်းမြားတော်မူ၍ တောင်ငူမြို့ကို ဘုရင်ခံအဖြစ် ဆောင်နှင်းတော်မူသည်။ ဘကြီးတော်လက်ထက်

ရေမှာဖျောက်သည် အမရပူရမြို့ထောင့် လေးကျွန်းအောင်မြေ ပြသာဒ်တော်ကြီးဒါယကာ ငယ်မည် မောင်ရွှေအူး ၂-သွီးတော် တစ်၊ ငယ်ကလွန်သည်။

(င) ဒုတိယမြောက်နန်းမိဖုရား "သီရိမဟာရတနာဒေဝီ" မှာ ရွှေဘိုမြို့နယ် ဇီးတော အသည်မောင်မိုးသွီး သက္ကရာဇ် ၁၁၂၇-ခုဖွား စဉ့်ကူးမင်းလက်ထက် မြို့ ၄-မြို့ကံကျေးခံရသည်။ ဗဒုံမင်းတြားကြီး မြောက်နန်းတင်တော်မူသည်။ ဆင်ကြီးရွှေဂူ အတွင်း သုမဒ္ဒာနှင့် စံကျောင်းတော် ဒါယိကာမ သက္ကရာဇ် ၁၁၇၀-ခုနှစ် ကံတော်ကုန်သည်။

၁-သားတော် မက္ခရာမင်းသား "မင်းရဲကျော်စွာ" မှာ သက္ကရာဇ် ၁၁၅၃-ခုဖွား မက္ခရာမြို့ ဗန့်ကြီးတိုက်နယ်များကို ကံကျေးခံရသည်။ မြောက်သားတော်ကား ခမည်းတော်ဘုရား သွီးတော်ကြီညပ်မင်းသွီး၊ မကွေးမင်းသွီး၊ ဓနုဖြူမင်းသွီး၊ ညီအစ်မ သုံးပါးလုံးပင်တည်း။ ခမည်းတော်လက်ထက် ရတနာပူရ စတုတ္ထ မြို့တည်မင်းတြား လက်ထက်တိုင် အဆင့်ဆင့် အချီးအမြှင့် ခံရ သည်။ ၁၂၁၀-ပြည့်နှစ်တွင် ကံတော်ကုန်သည်။ ငယ်မည် မောင်မျိုး။

၂-သားလတ် လိုင်မင်းသား "သီရိမဗ္ဗာရာဇာ" မှာ သက္ကရာဇ် ၁၁၅၆-ခုဖွား ခမည်းတော်ဘုရားသွီးတော် ဓနုဖြူမင်းသွီးနှင့် စုံဖက်တော်မူသည်။ ၁၁၇၅-ခုနှစ်မှာ ကံတော်ကုန်သည်။ ငယ် မည် မောင်ရိုး။

၃-သွီးတော်သီရိသုရတနာမင်္လာဒေဝီမှာ သက္ကရာဇ် ၁၁၅၉-ခု ဖွား မြစ်သားမြို့ကို ကံကျေးခံရသည်။ ခမည်းတော်ဘုရား သား

တော် မင်းတုန်းမင်းသားနှင့် ထိမ်းမြားတော်မူသည်။ ၁၁၈၈-ခု နှစ်မှာ ကံတော်ကုန်သည်။ ငယ်မည် ရွှေနန်းမြင့်။

(စ) ယင်းတော် မိဖုရားမှာ ခမည်းတော် ဘုရား သွီးတော် သက္ကရာဇ် ၁၁၁၆-ခုဖွား မဟာမုနိ အရှေ့ တံတိုင်းနှင့်တကွ တည်လုပ်သော သိမ်ပြသာဒ်ကြီး ဒါယိကာမ ငယ်မည် မရွှေမြ ၁-သားတော်တစ်၊ ၂-သွီးလတ်တစ်၊ ၃-သွီးငယ်တစ်၊ ငယ်က လွန်ကြသည်။

(ဆ) တောင်ဆောင်တော်မိဖုရား၊ 'သီရိမဟာမင်္ဂလာဒေဝီ' မှာ မင်္ဂလာစံအိမ်တော်နှိုက် တောင်ရွှေရေး ဆောင်တော်နေ မနု ဖြူမြို့ စလေမြို့များကို စားရသည်။ မဟာမုနိ အနောက်စောင်း တန်းမြောက်ဖက် ဝေယန်စံလွှတ် ကျောင်းတော် ဒါယိကာမ ငယ်မည် မယ်အောင်။

၁။ သားတော် ပုဂံမင်း 'သီဟသူရ မဟာ ဓမ္မရာဇာ' မှာ သက္ကရာဇ် ၁၁၃၈-ခုဖွား၊ မြင်းကွန်းမြို့ လိုင်မြို့ပင်းတလဲမြို့များ ကို အစား သနားတော်ခံရသည်။ ရတနာပူရ တတိယမြို့တည် ဆင်ဖြူရှင်သွီးတော် ချင်းဘွဲ့ခံ မင်းရွှေနန်းနှင့် စုံဖက်တော်မူ၍ ပုဂံပြည်ကို ဘုရင်ခံ ရာဇသံရွှေပေနှင့် ဆောက်နှင်းတော်မူသည်။ ၁၁၇၆-ခုနှစ် ကံတော်ကုန်သည်။ ငယ်မည် မောင်ပေ။ ၂-သွီး တော် ယောမင်းသွီး 'သီရိဥပ္ပလဝတီ'မှာ သက္ကရာဇ် ၁၁၄၁-ခု ဖွား သားတော်ပသိန်မင်းသားနှင့် စုံဖက်တော်မူသည်။ ၁၁၇၇-ခု နှစ်မှာ ကံတော်ကုန်သည်။ ၃-သားလတ် သန်လျှင် မင်းသား

'သီရိသုဓမ္မာမဟာရာဇာ'မှာ သက္ကရာဇ် ၁၁၄၇-ခုဖွား၊ ရတနာပူရစတုတ္ထမြို့တည် မင်းလက်ထက် ယှုတ်ချ၍ ညောင်ရမ်းဝန်ကြီးကို အပ်တော်မူသည်၊ ငယ်မည် မောင်ဖိုးလှ။ ၄-သားငယ်ကနောင်မင်းသား၊ 'သီရိဓမ္မရာဇာ'မှာ သက္ကရာဇ် ၁၁၄၉-ခုဖွား။ ခမည်းတော် သွီးတော် ကွပ်ရွာမင်းသွီးနှင့် စုံဖက်တော်မူသည်၊ ငယ်မည် မောင်သာထွန်းအောင်။

(၈) မြောက်ရွှေရေဆောင် မိဖုရား 'သီရိမဟာသုဓမ္မာဒေဝီ'မှာ မင်္ဂလာအိမ်တော်ပါ မြောက်ရွှေရေ ဆောင်တော် စံရသည်။ ယင်းတိုက်ရွာ လှိုင်းတက်ရွာအမြင့်မြို့ ကာမမြို့များကို အသုံးကံကျွေးခံရသည်။ ရတနာပူရ စတုတ္ထတည် မင်းတြား နှံ့ထိန်းဖြစ်သည်။ သက္ကရာဇ် ၁၁၇၁-ခုနှစ်မှာ ကံတော် ကုန်သည်။ ငယ်မည် ရှင်ဝက်။ ၁-သားတော် ပခန်းမင်းသည်း 'သတိုးမင်းရဲကျော်ခေါင်'မှာ ၁၁၄၅-ခုဖွား၊ ခမည်းတော် သွီးတော် ရွှေဂူမင်းသွီးနှင့် စုံဖက်တော်မူသည်။ ၁၁၇၃-ခုနှစ်မှာ ကံကုန်သည်။ ငယ်မည် မောင်ဖဲကြီး။

(၉) မိတ္ထီလာမိဖုရား 'သီရိသုရတနာဒေဝီ'မှာ ဟံသာဝတီ ရောက်မင်း သားတော် ရွှေတောင် မင်းသားနှင့် ဝှင်းသွီးတော် ဧးချင်းဘွဲ့ခံ မင်းထိပ်ပန်းကို စုံဖက်တော်မူရာ မြင်သည့် သွီးတော်ဖြစ်သည်။ ငယ်မည် မင်းစီစီ၊ သက္ကရာဇ် ၁၁၅၆-ခုနှစ်မှာ ကံတော်ကုန်သည်။

၁-သွီးတော် ရွှေဂူမင်းသွီး 'ဥပ္ပလဝတီ'မှာ သက္ကရာဇ် ၁၁၄၄-ခုဖွား၊ သားတော် ပခန်းမင်းသားနှင့် ထိမ်းမြားတော်

မူသည်။ ၁၁၇၃-ခုနှစ်မှာ ကံတော် ကုန်သည်။ ငယ်မည် ရှင်မင်းစစ်။

၂-သမီးတော်လတ် မင်းခင်းမင်းသမီး 'သီရိမလ္လာ နန္ဒာဒေဝီ' မှာ ၁၁၄၇-ခုဖွား၊ သားတော်မိုးမိတ် မင်းသားနှင့် ထိမ်းမြား တော်မူသည်။ ၃-သမီးတော်တစ် ငယ်က လွန်သည်။

၄-သမီးတော် မိတ္ထီလာမင်းသမီး သီရိသုရတနာနန္ဒာဒေဝီမှာ ၁၁၅၇-ခုဖွား၊ ခမည်းတော် မယို့နောက် နတ်မောက်မင်းသား နှင့် သင့်မြတ်သည်။ ၁၂၀၂-ခုနှစ်မှာ ကံတော် ကုန်သည်။ ငယ်မည် ရွှေအိမ်ရှင်။

(ည) မိုးမိတ်မိဖုရားသီရိမြတ်သားထားမဟေမှာ မိုးမိတ်စော်ဘွား ၏ သမီးကညာဖြစ်သည်။ ဟန်လင်းမြို့ကို စားရသည်။ ၁၁၅၇ ခုနှစ်မှာ ကံတော်ကုန်သည်။

၁-သားတော် မိုးမိတ်မင်းသား မင်းရဲ ရွှေတောင်မှာ ၁၁၄၇-ခုဖွား၊ သမီးတော် မင်းခင်းမင်းသမီးနှင့် သင့်မြတ်တော်မူ သည်။ ငယ်မည် မောင်ခန်းကျော်။

၂-သမီးတော် မြတောင်မင်းသမီး။ သီရိသုရတနာစန္ဒာဒေဝီမှာ ၁၁၄၈-ခုဖွား၊ သားတော် တောင်ငူမင်းနှင့် သင့်မြတ်စေသည်။ ၁၂၀၉-ခုနှစ်မှာ ကံတော်ကုန်သည်။ ငယ်မည် မင်းပတ္တမြား။

၃-သမီးတော် ကွပ်ရွာမင်းသမီး သီရိရတနာမလ္လာဒေဝီမှာ သက္ကရာဇ် ၁၁၅၁-ခုဖွား၊ သားတော်ကနောင်မင်းသားနှင့် သင့် မြတ်စေသည်။ ငယ်မည် ရွှေပချိပ်။

၄-သမီးတော် မကွေးမင်းသမီး သီရိသီလဒေဝီမှာ ၁၁၅၂-ခု ဖွား၊ သားတော် မကွေးရာမင်းသားနှင့် သင့်မြတ်စေသည်။ ၁၁၇၇-ခု နှစ်မှာ ကံတော်ကုန်သည်။ ငယ်မည် မင်းရွှေမှတ်။

၅-သမီးတော် ကြိုညပ်မင်းသမီး သီရိမင်္ဂလာဝတီမှာ သက္ကရာဇ် ၁၁၅၃ ခုဖွား၊ သားတော် မကွေးရာမင်းသားနှင့် သင့်မြတ်စေသည်။ ၁၁၇၁ ခုနှစ် ပန်းတောင်းမင်းသမီး သမီးတော် သီရိမဟာရတနာဒေဝီကို ဖွားမြင်တော်မူပြီးနောက် သက္ကရာဇ် ၁၂၀၀ ပြည့်နှစ် ရွှေဘိုမင်းလက်ထက် ကံတော်ကုန်သည်။ ငယ်မည် မင်းရွှေရုပ်။

၆-သားတော် မင်းတုန်း မင်းသား သီရိဓမ္မရာဇာမှာ သက္ကရာဇ် ၁၁၅၄-ခု ဖွား၊ သမီးတော် ကျောက်မော် မင်းသမီးနှင့် စုံမက်တော်မူသည်။ ငယ်မည် မောင်နေထွန်း။

၇-သားတော် မောင်နေဝန်းမှာ ငယ်ကလွန်သည်။

၈-သမီးတော် သီရိရတနာပဘာဒေဝီမှာ သက္ကရာဇ် ၁၁၅၅ ခုဖွား၊ သားတော် လိုင်မင်းသားနှင့် နောက် ခဲအိုတော် မကွေးရာမင်းသားနှင့် သင့်မြတ်တော်မူသည်။ ၁၁၈၉-ခုနှစ်မှာ ကံတော်ကုန်သည်။ ငယ်မည် မင်းရွှေလုပ်။ ၉-သမီးငယ်တပါး အမည်မပါ။

(၍) သပြေ ၅ ရွာစား မိဖုရား သီရိစန္ဒာမဟေမှာ သီပေါစော်ဘွား၏ သမီးကညာဖြစ်သည်။ သက္ကရာဇ် ၁၁၄၇ ခုနှစ်မှာ ကံတော်ကုန်သည်။

၁-သားတော် သီပေါမင်းသား သတိုးမင်းရဲစည်သူမှာ သက္ကရာဇ် ၁၁၄၇ ခုနှစ်ဖွား သမီးတော် သီရိသုသာမာဝတီနှင့်

စုံမက်တော်မူသည်။ ၁၁၈၁ ခုမှာ ကံတော်ကုန်သည်။ ငယ်မည် မောင်ဖဲကလေး။

(၄) သီရိမဟာဂန္ဓာလဒေဝီ။ ငယ်မည် တာကူညင်း။ သီရိမဟာပဉ္စာလဒေဝီ။ ငယ်မည် အေကူညင်း။ သီရိမဟာဂန္ဓာလစန္ဒာဒေဝီ။ ငယ်မည် သံကူညွင်း။ ထိုမိဖုရားသုံးပါးကား တရုပ်ဥတည်မင်း၏ မြေးတော်များ ဖြစ်သည်။ ဗန်းမော်မြို့သို့ သွား၍ ကြိုယူဆက်သရသည်။

၁-သားတော် သံတွဲမင်းသား သီရိသုဓမ္မရာဇာမှာ သက္ကရာဇ် ၁၁၆၂-ခုဖွား။ ဘကြီးတော်လက်ထက် ရွှေဘိုမင်းလက်ထက် မင်းတုန်းမင်းလက်ထက်တိုင် မင်းသုံးဆက်မြောက် မြို့ရွာကံကျေးပေးအပ် ချီးမြှင့်သည်ကို ခံရသည်။ ၁၁၂၂ ခုနှစ်မှာ ကံတော်ကုန်သည်။ မည်သည့် မိဖုရားရင်သွေးတော်ဟူ၍ စာတမ်းနှိုက် မဖော်ပြချေ။

(၃) ဝေသာလီမိဖုရား သီရိမဟာမင်္ဂလာဒေဝီမှာ ဝေသာလီမင်းက ဆက်သသော သမီးကညာဖြစ်သည်။ မိုးကောင်းမြို့သို့ သွားရောက် ကြိုယူဆက်သရသည်။ မအူ ၄ ရွာကို ကံကျေး အစားသနားတော်မူသည်။

၁-သားတော် မိုးကောင်းမင်းသား သတိုးမင်းဖျားမှာ သက္ကရာဇ် ၁၁၆၄ ခုဖွား သမီးတော် သီရိမုဒ္ဒဝတီနှင့် စုံဖက်တော်မူသည်။

(ပ) တရုပ်မြော်မိဖုရား သီရိမြတ်စွာမဟေမှာ မိုးကောင်းစော်ဘွားက ဆက်သသော သမီးကညာဖြစ်သည်။ ရတနာပူရ

စတုတ္ထမြို့တည် မင်းတြားလက်ထက် သတင်းသည် အဝတ်ကို ဝတ်၍ မဟာမုနိဘုရားကြီးအနီးနှိုက်နေသည်။ သက္ကရာဇ် ၁၂၁၄ ခုနှစ်မှာ ကံတော်ကုန်သည်။

၁-သမီးတော် မော်တုံမင်းသမီး သီရိစန္ဒာ။ ၁၁၅၉ ခုဖွား၊ သားတော် ငဖဲမင်းသားနှင့် သင့်မြတ်စေသည်။ ၁၁၇၈ ခုနှစ်မှာ ကံတော်ကုန်သည်။ ငယ်မည် မင်းချစ်ကဲ။

၂-သမီးတော် သီရိမုတ္တာဝတီမှာ သက္ကရာဇ် ၁၁၆၈ ခုဖွား၊ ခမည်းတော်ဘုရား မယှိသည့်နောက် မောင်တော်ကျောက်တလုံး မင်းသားနှင့် သင့်မြတ်ကြသည်။ ၁၁၈၈ ခုနှစ်မှာ ကံတော်ကုန်သည်။ ငယ်မည် မင်းချစ်စု။ ၃-သမီးတော် ၁။ ၄-သားတော် ၁ မှာ အမည်မယှိ။

(ဏ) ကိုယ်လုပ်တော် သီရိဝဏ္ဏမဟေမှာ မိုးမိတ်စော်ဘွား က ဆက်သသော သမီးကညာဖြစ်သည်။ စောလှမြို့ကို စားရသည်။

၁-သမီးတော် သီရိမဓ္ဓာဝတီမှာ သကျင်သံရွာစား သားတော် ကလေးနှင့် သင့်မြတ်စေသည်။ ငယ်မည် ရှင်ကသည်း။

၂-သားတော် ခေါ်သန္တိမင်းသား မင်းရဲစည်သူမှာ ခမည်းတော်ဘုရားလက်ထက် စုံဖက်ရင်းမယှိ။ ငယ်မည် မောင်မုန်တိုင်း။

(တ) ကိုယ်လုပ်တော် ဇန္ဒြမိဖုရား သီရိရူစာမဟေမှာ ဇန္ဒြမြို့ ထန်းတယ်ရွာကို ကံကျွေးစားခံရသည်။ သက္ကရာဇ် ၁၁၆၈ ခုနှစ်မှာ ကံတော်ကုန်သည်။

၁-သားတော် ကလေး မင်းသား သတိုး မင်းရဲနေရာမှာ သက္ကရာဇ် ၁၁၄၆ ခုဖွား သမီးတော် နန္ဒင်းကိုင်း မင်းသမီးနှင့် စုံဖက်တော်မူသည်။ ၁၁၇၁ ခုနှစ်မှာ ကံတော်ကုန်သည်။

၂-သမီးတော် ဇရွှမ်မင်းသမီး သီရိသုသာမာဝတီမှာ သားတော် သီပေါမင်းသားနှင့် သင့်မြတ်စေသည်။ ငယ်မည် ရွှေနန်းရစ်။

၃-သမီးတော် ထန်းတပင်မင်းသမီး သီရိသုမုဒ္ဒဝတီမှာ သီပေါ မင်းသားနှင့် သင့်မြတ်စေသည်။ ငယ်မည် မင်းရွှေဂုဏ်။

၄-သားတော်ကလေး မင်းသား မင်းရဲမင်းလှကျော်မှာ သမီးတော် သီရိမဗ္ဗာဝတီနှင့် စုံဖက်တော်မူစေသည်။ ၅-သမီးတော် ၁။ ငယ်က လွန်သည်။

(ထ) ရေနံချောင်းမိဖုရား သီရိစန္ဒာမဟေသီမှာ ယိုးဒယား ဝန်ကြီးသမီးဖြစ်သည်။ သက္ကရာဇ် ၁၁၇၅ ခုနှစ်မှာ ကံတော် ကုန်သည်။

၁-သားတော် ပန်းထိမ်းမင်းသား သတိုးမင်းရဲကျော်စွာမှာ ၁၁၄၅ ခုဖွား ခမည်းတော်ဘုရား နောင်တော်ဆင်ဖြူရှင် သမီး တော် မလ္လာဝတီနှင့် စုံဖက်တော်မူသည်။ ငယ်မည် မောင်ရွှေ လွှတ်။

၂။ သားတော် ငဖဲမင်းသား မင်းရဲ မင်းလှကျော်စွာမှာ သမီးတော် မော်တုံ-မော်ကယ် မင်းသမီးနှင့် စုံဖက်တော်မူသည်။ ငယ်မည် မောင်ကျွတ်။

၃။ သားတော် မင်းတပ်မင်းသား မင်းလှနရာမှာ ငယ်မည် မောင်ထွတ်။

၄။ သမီးတော် ရေနံချောင်းမင်းသမီး သီရိသိင်္ဂါဝတီမှာ သား တော် ရေနံသာမင်းသားနှင့် သင့်မြတ်စေသည်။

(ဒ) ကိုယ်လုပ်တော် ရှင်မယ်မယ်မှာ မင်္ဂလာအိမ်တော်စံစဉ် က လွန်တော်မူသည်။

၁။ သားတော် တောင်တွင်းချောင်မင်းသား မင်းရဲမြတ်စောမှာ ၁၁၃၃-ခုဖွား။ မြောက်သားတော်ကား ခမည်းတော်ဘုရား နောင်တော်ဆင်ဖြူရှင် သွီးတော် သီရိစန္ဒာဝတီနှင့် စုံဖက်တော်မူသည်။

(ခ) ကိုယ်လုပ်တော် ရှင်ဖယ်မှာ မင်္ဂလာအိမ်တော် စံစဉ်က လွန်တော်မူသည်။

၁။ သားတော် ဝန်းသိုမင်းသား မင်းရဲမြတ်စွာမှာ ခမည်းတော်ဘုရား နောင်တော် ဆင်ဖြူရှင်သွီးတော် သီရိပဘာဒေဝီနှင့် စုံဖက်တော်မူသည်။ ၁၁၈၁-ခုနှစ်မှာ ကံတော်ကုန်သည်။ ငယ်မည် မောင်ရွှေအပ်။ ၂-သားတော် ၁ မှား ငယ်ကလွန်သည်။

(န) မတ္တရာမိဖုရား အာသာသီရိမှာ တလုပ်မြို့သူ ကချေသည် ဖြစ်သည်၊ ငယ်မည် ရှင်မြတ်လှ။

၁။ သားတော် လယ်ကိုင်းမင်းသား မင်းရဲမင်းလှငယ်မှာ ၁၁၂၉-ခုဖွား ခမည်းတော်၏သွီးတော် ကြခပ်မုန်ညင်းချောင်းမင်းသွီးနှင့် စုံဖက်တော်မူသည်။ ရတနာပူရ စတုတ္ထမြို့တည် မင်းလက်ထက် ရေမှာဖျောက်ခြင်း ခံရသည်။ ငယ်မည် မောင်မှတ်။

၂။ သားတော် ရွှေကူမင်းသား မင်းရဲကျော်စွာမှာ ၁၁၆၂-ခုဖွား ခမည်းတော်၏သွီးတော် သီရိမုတ္တာနှင့် စုံဖက်တော်မူသည်။

၃။ သားတော် မိုးညှင်းမင်းသား မင်းရဲကျော်ခေါင်မှာ ၁၁၆၄-ခုဖွား ဟံသာဝတီဝန်ကြီးသွီး ရှင်ဆုံနှင့် စုံဖက်တော်မူသည်။ ၁၂၀၂-ခုနှစ်မှာ ကံတော်ကုန်သည်။

(ပ) ကသာမိဖုရား မြတ်စွာဝတီမှာ ကသဲးဝန်သမီးဖြစ်သည်။

၁။ သားတော်ကသာမင်းသား မင်းရွှေတောင်မှာ ၁၁၆၄-ခု ဖွား ၁၁၇၀-ပြည့်တွင် လွန်သည်။ ၂-သမီးတော် ၁။ ၃-သား တော် ၁။ ၄-သမီးငယ် ၁။ ငယ်က လွန်သည်။

(ဖ) ထရုံကာမိဖုရား မြတ်စွာမဟေမှာ သိန္နီ စော်ဘွားသမီး ဖြစ်သည်။

၁။ သားတော် သိန္နီမင်းသား သတိုးမင်းလှငယ်မှာ ရွှေဘို မင်းတြားလက်ထက် 'မင်းရဲမင်းကျော်စွာ' အမည်ခံယူပြီးနောက် ကံတော်ကုန်သည်။

(ဗ) ကိုယ်လုပ်တော် ပေါက်မြိုင်မြို့စား ရစိယဝတီမှာ ကိုင်း စားရွာစားသမီးဖြစ်သည်။ ငစဥ္စကူ မင်း၏ ကိုယ်လုပ်တော် ဟောင်း။

၁။ သမီးတော်နန္ဒွင်းကိုင်းမင်းသမီးသီရိသုမင်္ဂလာမှာ ၁၁၄၇-ခု ဖွား သားတော် ကလေးမင်းသားနှင့် သင့်မြတ်စေသည်။ ငယ်မည် မယ်မငြိုး။

သမီးတော် ရွှာပုလဲးမင်းသမီး 'သီရိသဒ္ဒါဝတီ'မှာ ၁၁၆၈-ခု နှစ်တွင် ကံတော်ကုန်သည်။ ငယ်မည် ရွှေဟသ်ာ။ ၃-သားတော်၁။ ၄-သမီးတော် ၁။ ငယ်ကလွန်သည်။

(ဘ) ကိုယ်လုပ်တော် ဒဝယ်မြို့စား 'သီရိနန္ဒာ'မှာ နတ်ကန် မြင်းစီးသမီးဖြစ်သည်။ ငယ်မည် ရှင်မင်း။

၁။ သားတော် သာဂရမင်းသား မင်းရဲကျော်စွာမှာ ခမည်းတော်၏ သွီးတော် သပြေလှမင်းသွီး ရွှေသဥ္စာနှင့် စုံမက်တော်မူသည်။

(မ) မြောကြီးမိဖုရား 'သီရိမင်္ဂလာမဟေ' မှာ မိုးနဲ့စော်ဘွားသွီးဖြစ်သည်။

၁။ သွီးတော် ကြခပ်မင်းသွီး 'သီရိဟရိဝတီ' မှာ သားတော်လယ်ကိုင်းမင်းသားနှင့် သင့်မြတ်စေသည်။ ငယ်မည် ရှင်ဖြူခင်။

(ယ) မင်းကိုယ်လုပ်တော် ရွာပုကြီးစား 'ဘဒ္ဒသီရိ မှာ ရွှေကျင် ရွှေခွန်မှူးသွီးဖြစ်သည်။ ငယ်မည် ရှင်မင်းလှ။ ၁-သားတော် ၁။ ငယ်ကလွန်သည်။

(ရ) ကိုယ်လုပ်တော် စန္ဒာဝတီမှာ ဆင်ဝန်၏သွီး ငယ်မည် ရှင်ခဲ။

၁။ သားတော် အင်ထောက်သာမင်းသား 'မင်းရဲသီဟမှာ ၁၁၄၆-ခုဖွား သွီးတော် မုန်သွင်မင်းသွီးနှင့် စုံမက်တော်မူသည်။ ငယ်မည် မောင်ထိုက်။

၂။ သားတော် ရေနံချောင်းမင်းသား 'မင်းရဲနရာ' မှာ ၁၁၄၈-ခုဖွား အုန်းတော်အောင်သာ မင်းသွီးနှင့် စုံဖက်တော်မူသည်။ ငယ်မည် မောင်မှိုက်။

(လ) ကိုယ်လုပ်တော် မင်္ဂလာမဟေမှာ ပြည်မြို့အင်းမသူကြီးသွီး ငယ်မည် ရှင်နှင်းဦး။

၁။ သားတော် ကျောက်ပန်းတောင်းမင်းသား မင်းရဲသိင်္ခါမှာ သွီးတော် 'သီရိသာမာဝတီ'နှင့် စုံမက်တော်မူသည်။ ငယ်မည်

မောင်ကျောက်ခဲ။ ၂-သားတော် ၁။ ၃-သမီးတော် ၁။ ငယ်ကလွန်သည်။

(ဝ) ကိုယ်လုပ်တော် သီရိနန္ဒာမှာ ဆင်ခြေတိုင်ဝန်သမီး။ ငယ်မည် ရှင်မင်းကြွက်။

၁။ သမီးတော် ရှိမ္ဗကားမင်းသမီး သီရိကေသာဝတီမှာ အင်ထောက်သာ မင်းသားနှင့် သင့်မြတ်တော်မူသည်။ ငယ်မည် ရှင်မင်းလေး။

၂။ သမီးတော် ငါးပတ်ချောင်းမင်းသမီး သီရိသုသာမာဝတီမှာ ကျောက်ပန်းတောင်းမင်းသားနှင့် သင့်မြတ်တော်မူသည်။ ငယ်မည် ရှင်မင်းအေး။

(သ) ကိုယ်လုပ်တော် 'သီရိဝတီ'မှာ အသည်ဝန်ကြီးသမီး ဖြစ်သည်။ ငယ်မည် ရှင်မြတ်ထွတ်။ ၁-သားတော် ၁။ ၂-သားလတ် ၁။ ၃-သမီးတော် ၁။ ငယ်က လွန်သည်။

(ဟ) ကိုယ်လုပ်တော် 'သီရိသုမြတ်စွာမဟေ' မှာ ငွေကျောင်းဒါယကာ၏ သမီး။ ငယ်မည် ရှင်ဥ။ ၁-သားတော်ကြီး ၁ ငယ်ကလွန်သည်။

၂။ သားလတ် မြင်ကွန်းမင်းသား မင်းရဲ မင်းလှစည်သူမှာ ၁၁၆၁-ခုဖွား မဟာသုဓမ္မရာဇာဘွဲ့ခံ ငယ်မည် မောင်ရွှေခွက်။ ၃-သမီးတော် ၁။ ၄-သားတော် ၁။ ငယ်က လွန်သည်။

(ဠ) ကိုယ်လုပ်တော် သစ်ဆိမ့်ကြီး 'သီရိပဘာဝတီ'မှာ ဒေဝရွှေတောင်၏ သမီး၊ ငယ်မည် ရှင်မို။

၁-သမီးတော် ကျီးမနားမင်းသမီး 'ရတနာပဘာ' မှာ ခမည်းတော် သားတော် 'မင်းရဲနရာကျော်' နှင့် သင့်မြတ်တော်မူသည်။

(ဆ) ကိုယ်လုပ်တော် 'သီရိမင်္ဂလာ' မှာ ခင်တလည်ဗိုလ်၏ သမီး၊ ငယ်မည် ရှင်ရွှေဥ။

၁။ သားတော် ဆောမင်းသား 'မင်းရဲမြတ်စော' မှာ စုံဖက် မယို၊ ငယ်မည် မောင်ကျော်စံလှ။

၂။ သမီးတော် မြောင်မင်းသမီး 'ရတနာစန္ဒာ' မှာ ငယ်မည်ရွှေတ် တင်း။ ၃-သားတော် ၁။ ၄-သမီးတော် ၁။ ငယ်က လွန်သည်။

(ဇ) ကိုယ်လုပ်တော် သုဇာလီမှာ ကျောက်ဆည် စာရေး၏ သမီး၊ ငယ်မည် ရှင်သူ။

၁။ သားတော် တောင်သာမင်းသား မင်းရဲသီဟကျော် မှာ သမီးတော် ရတနာ မလ္လာနှင့် စုံဖက်တော်မူသည်။ ၂-သမီးတော် အုန်းတော အောင်သာ မင်းသမီး သီရိ သုရာဇာမှာ သားတော် မင်းရဲနရာနှင့် သင့်မြတ်တော်မူသည်။ ငယ်မည် ရှင်နှုတ်ချို။

၃။ သားတော် ၁။ ၄-သမီးတော် ၁။ ၅-သားတော် ၁ မှာ ငယ်က လွန်သည်။

(ဈ) ကိုယ်လုပ်တော် သိင်္ဂါမင်္ဂလာမှာ လဘိုရွာစား သမီး ငယ်မည် ရှင်ယွ။

၁။ သမီးတော် ယင်းခဲမင်းသမီး ရတနာမလ္လာမှာ သားတော် တောင်သာမင်းသားနှင့် သင့်မြတ်တော်မူသည်။ ၂-သားတော်၁။ ၃-သမီးတော် ၁။ ငယ်က လွန်သည်။

(ဉ) ကိုယ်လုပ်တော် ရွှေခုံတိုင် သုကေလာမှာ အဆောင် မြဲး တုရင်မိတ္တ သမီး မိဖုရားခေါင်ကြီး၏ ဘဏ္ဍာစိုးဖြစ်သည်။ ငယ်မည် ရှင်မင်းဘော်။

၁။ သားတော် နတ်မောက်မင်းသား မဟာဓမ္မရာဇာမှာ ရွှေဘိုမင်း-မင်းတုန်းမင်း ၂-ပါးတို့တိုင် အချီးအမြှင့်ခံရသည်။ ၁၁၂၀-ပြည့်နှစ်မှာ ကံတော်ကုန်သည်။

(ကီ) ကိုယ်လုပ်တော် ရှင်ရှိုင်းမှာ စေထယွန်းသွီး ၁။ သား တော် ပဋ္ဌနဂိုမင်းသား မင်းရဲးနရာကျော်မှာ ကျီးမနားမင်းသွီး နှင့် စုံဖက်တော်မူသည်။ ငယ်မည် မောင်မြစ်။

(ကု) ကိုယ်လုပ်တော် သီရိကေသာမှာ အမှာတော်ရေးသွီး ငယ်မည် ရှင်ညွန့်။

၁။ သားတော် ကျောက်တလုံးမင်းသား မင်းရဲးမင်းလှမှာ မင်းတုန်းမင်းလက်ထက် မင်းလှမင်းထင် ဘွဲ့ကို ခံရသည်။ နောက် ကံတော်ကုန်သည်။

(ကူ) ကိုယ်လုပ်တော် ဇည်ရွာစား သီရိသုမုတ္တာမှာ ယိုးဒျား မင်း၏ သွီးတော်ဖြစ်သည်။ ငယ်မည် ရှင်မင်းပု။ ၁-သွီးတော် ငယ်ကလွန်သည်။

(ကေ) ကိုယ်လုပ်တော် သီရိသာမာမှာ သီရိရွှေတောင်၏ သွီး ငယ်မည် ရှင်မင်းလှ။

၁။ သားတော် ရေနံ့သာမင်းသား မင်းရဲးသိခ်သူမှာ သွီး တော် နဘက်မင်းသွီးနှင့် စုံဖက်တော်မူသည်။ ငယ်မည် မောင်ဖြူ။ ၂-သွီးတော် ၂။ ငယ်ကလွန်သည်။

(ကဲ) ကိုယ်လုပ်တော် အနန္တသီရိမှာ ဖောင်းကလော ငခွေး ၏ သွီး။ ငယ်မည် ရှင်မိုးသူ။

၁။ သမီးတော် စိုင်နံ့မင်းသမီး သီရိမုတ္တာမှာ ရွှေဂူမင်းသားနှင့် သင့်မြတ်စေသည်။ ငယ်မည် ရှင်စု။

(ကော) ကိုယ်လုပ်တော် သီရိသုပဒ္ဓမ္မာမှာ မိုင်းတိန်းစော်ဘွား၏သမီး။ ၁-သားတော် ၁။ ၂-သမီးတော် ၁။ ၃-သားငယ် ၁။ ငယ်ကလွန်သည်။

(ကော်) ကိုယ်လုပ်တော် ကေသာမှာ ရာဇဝေသူ၏ သမီးတော် မည်ရှင်အေး။ ၁-သားတော် ၁။ ၂-သမီးတော် ၁။၃-သားငယ် ၁ မှာ ငယ်ကလွန်သည်။

(ကံ) ကိုယ်လုပ်တော် နီလာပမှာ မည်သူ့သမီးဖြစ်သည်ဟု မဆို ငယ်မည် ရှင်စံ။ ၁-သမီးတပါး ငယ်ကလွန်သည်။

(ကား) ကိုယ်လုပ်တော် မာလာမှာ စစ်တောင်းမြို့သူကြီးသမီး ငယ်မည် ရှင်မင်းဖြူ။ ၁-သားတော် ၁။ ၂-သမီးတော် ၁။ ငယ်ကလွန်သည်။

(ခ) ကိုယ်လုပ်တော် ရူစာသီရိမှာ ပသိန်ဝန်ကြီး၏သမီး ငယ်မည် ရှင်မင်း။ ၁-သားတော် ၁။ ၂-သမီးတော် ၁။ ငယ်ကလွန်သည်။

(ခါ) ကိုယ်လုပ်တော် ကေလာမှာ မဏိပူရမင်းမျိုး၊ ငယ်မည် ရှင်အောင်။ ၁-သမီးတော် ငယ်ကလွန်သည်။

(ခိ) ကိုယ်လုပ်တော် သုဝဏ္ဏဂန္ဓာမှာ ဘယောစား သမီး ၁-သားတော် ၁။ ၂-သမီးတော် ၁။ ၃-သားတော် ၁။ ၄-သမီး တော် ၁-တို့မှာ ငယ်ကလွန်သည်။

(ဒီ) ကိုယ်လုပ်တော် သိရိသူဇာမှာ အိမ်ရှေ့စာရေးကြီး၏ သမီး၊ ငယ်မည် ရှင်မြရွက်။ ၁-သားတော် ၁။ ငယ်ကလွန်သည်။

(ခု) ကိုယ်လုပ်တော် သိရိသာခါမှာ မည်သူ့သမီးဟု မဆို။ ၁-သမီးတော် ၁။ ငယ်ကလွန်သည်။

(ခူ) ကိုယ်လုပ်တော် သုမုတ္တာမှာ အကောက်ဝန်၏ သမီး။ နယ်မည် ရှင်ငြိမ်း။ ၁-သားတော် ၁။ ၂-သမီးတော် ၁။ ငယ်က လွန်သည်။

(ခေ) ကိုယ်လုပ်တော် ရှင်မင်းကောင်းမှာ မည်သူ့သမီးဟု မဆို။ ၁-သမီးတော် ၁။ ငယ်ကလွန်သည်။

(ခဲ) ကိုယ်လုပ်တော် သိရိမိတ္တာမှာ မည်သူ့ သမီးဟု မဆို။ ၁-သားတော် ၁။ ၂-သမီးတော် ၁။ ငယ်ကလွန်သည်။

မိဖုရားခေါင်ကြီးတင် ၁-သားတော် ၄ ပါး။ ၂-သမီးတော် ၅ ပါး မြင်သည်။

ထီးဆောင်း နန်းနေ၊ ပဒေသရာဇ်၊ ဧကရာဇ်၊ စော်ဘွား၊ တပ်ပေါင်းမြို့စား၊ ဆွေတော် မျိုးတော်၊ မှူးတော် မတ်တော် ဝန်စု၊ မှူးစု၊ စုရေးစုကိုင်တို့ သမီးများကို နန်းတင်ရာ မြင်သည့် သားတော် ၆၂ ပါး။ သမီးတော် ၅၈ ပါးယှိရာ။ သားတော် ၆၂ ပါးတို့တွင် မဟာဥပရာဇာအိမ်ရှေ့မင်း ၁-ပါး။ မဟာဓမ္မ ရာဇာခံ ၁၂-ပါး။ သတိုးခံ ၇-ပါး။ မင်းရဲခံ ၂၀-ပါး။ ငယ် ကလွန် ၂၂-ပါး ဖြစ်သည်။

အိမ်နိမ့်နေစဉ်။ ၁-သားအကြီးဆုံး အိမ်ရှေ့ ၂-သားအ ငယ်ဆုံး ပသိန်မင်းသား။

အထွတ်အမြွတ်ရောက်မှ ၁-သားအကြီးဆုံး ပခန်းမင်းသား အငယ်ဆုံး သိန္နီမင်းသား။

သ္မီးတော် ၅၈-ပါးတွင် ဒေဝီခံ ၁၃-ပါး။ ဝတီခံ ၁၂-ပါး။ ရစာခံ ၂-ပါး။ ပဘာခံ ၁-ပါး။ ကေသာခံ ၁-ပါး။ စန္ဒာခံ ၁-ပါး။ မာလာခံ ၁-ပါး။ မုတ္တာခံ ၁-ပါး။ အမည်မရ ၁-ပါး။ ငယ်ကာလွန် ၂၅-ပါး ဖြစ်သည်။

အိမ်နိမ့်နှင့်နေစဉ် အကြီးဆုံး ဟသ်ာတမင်းသ္မီး။ အငယ်ဆုံး ယောမြို့စားမင်းသ္မီး။

အထွတ်အမြွတ် ရောက်သောအခါ အကြီးဆုံး ရွှေဂူမင်းသ္မီး။ အငယ်ဆုံး ယိုးဒြား မင်းသ္မီး။

## အမှာခွန်းထောတ်

မိဖုရား ကိုယ်လုပ်တော်။ ။ သ္မီးတော် သားတော်တို့၊ အစဉ်နော် မှတ်စာရင်း။ လင်းပြထုတ်ဖော်။ ။ သိလိုသူယှိအကျိုးကိုလ၊ ကြိုးစားလို့ ညွှန်ပြသော်။ စေနာနော်မချို့။ ။ ဦးစွန့်မြမ္မာခေါ်တဲ့၊ သမ္ဘာတော်ရာဝင်ထုံးကို၊ သုံးကြပါတို့။

## မင်းတြားကြီးနတ်ပြည်စံခြင်း

ဆဒ္ဒန်ဆင်မင်းသခင် မင်းတြားကြီး နတ်ပြည်စံလိုသော် နေပြည်တော် နိုင်ငံတော်ယှိ မဟာမုနိစသော ဘုရားဗုဒ္ဓိုးများစွာ တန်ခိုးရောင်ခြည်ပြ၏။ မှန်နန်းတော် သေဉ်ထိုင်ကိတ်ထွက်၏။

ဖြူးတိုက်တော်၌ လင်းတငှက်ကျ၏။ မြေနန်းပြသာဒ်တော်ကြီး အခိုးထွက်၏။ ၎င်းပြသာဒ်တော်ကြီးကို လင်းတငှက်နား၏. အရှေ့ စမုတ်မှာ ပျားစွဲး၏။ ဦးကင်တော် သီဟာသန ပလ္လင်စောင့် စာမရိရှုပ် ဦးလည်ထောင်၍ မြူး၏။ သူငယ်ရုပ် ၈ ရုပ်၊ လက်ပန်းဟန်ပြ၏။ နေပြည်တော် နိုင်ငံတော် အနှံ့အပြား ပေပင်သုဉ်း၏။ တတိုင်းတပြည်လုံး ရှုတ်ရှုတ်သဲသဲလန့်ကြ၏။

ကောင်းမှုတော် ကုသိုလ်တော်ကား ၁-ရတနာသိယ်မြို့ရှေ့ ဝေယန် ဘုံကျော်ကျောင်းတော်။ ၂-အောင်သံလေကာ စေတီတော်။ ၃-စစ်ကိုင်းမြို့ အောင်မြေလောကစေတီတော်။ ၄-နိုင်ငံတော်အတွင်း ရွှေဂူတော် ၂၃၀။ ၅-မဟာမုနိ ဘုရားကျောင်း။ ရွှေပြသာဒ်နှင့် ၎င်းတွင် ရွှေဇရပ် ၄။ ၆-သံချိန် ၁၁၂၆ ဂါ ယိုစန္ဒာမုနိဘုရား ရုပ်ထုတော်။ ၇-အသီတိရုပ်ပွားပေါင်း။ ၈-မင်းကွန်း ပုထိုးတော်ကြီး။ ၉-ကြက်ထောင့်ကန်ကြီး။ ခေါင်းလောင်းတော်ကြီး ခြသေ့်ကြီးများ စသည်ဖြင့် မရေမတွက်နိုင် များပြားလှပေ၏။

## လူပညာသို့ ရဟန်းပညာသို့ မှူးမတ်ပညာသို့ တို့အား ဆည်းတပ်ပုံ

ဂေါဇာ သက္ကရာဇ် ၁၁၄၃-ခု တပို့တွဲ လပြည့်ကျော် ၁၄-ရက် တနင်းလာနေ့တွင် ရတနာပူရ အင်းဝရွှေနန်းတော်ကို သိမ်းမြန်း စိုးစံတော်မူပြီးနောက် သုမေ္မာဝင် သာသနာပြု ဆရာတော်ဖြစ်သော။ ၁-မင်းရွာဆရာတော်၊ ၂-ဆုံမ်ထား ဆရာတော်။

၃-ဂုဏာဘိ အနန္တဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု တံဆိပ်တော်ရ အောင်မြေ ဘုံကျော် ဆရာတော်။ ၄-မင်းအိုင် ဆရာတော်။ ၅-လေးထပ် ဇေတဝန်ကျောင်းဆရာတော်။ ၆-ဗားကရာ ဆရာတော်။ ၇-အဂ္ဂမဟာလက်ာရမဟာဓမ္မရာဇဂုရုတံဆိပ်တော်ရ ဘုံမ်စံတု လွတ်ရွှေစေတီဆရာတော်။ ၈-ပဲးခင်းဆရာတော်။ ၉-ပိုက်သင်ဆရာတော်။ ၁၀-တောင်လေးလုံမ်းဆရာတော်။ ၁၁-ညောင်ကန်ဆရာတော်။ ၁၂-ဇီးတောဆရာတော်။ ၁၃-ဂုဏာမုနိန္ဒာဘိ လက်ာရ သဒ္ဓမ္မ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်တော်ရ တုလွတ်ဘုံမ်စံ ရွှေတောင် ဆရာတော်တို့ကို ရဟန်းပညာယှိတို့တွင် အဦးထားရှယ့် ဆည်းကပ်တော်မူသည်။

မှုးမတ် ပညာယှိတွင်လည်း ၁-ပုခန်းဝန်ကြီး ဦးနှောင်း။ ၂-တွင်းသင်း တိုက်ဝန် မဟာစည်သူဦးညို။ ၃-သက်ပန်းအတွင်းဝန်ကြီး။ ၄-ရဟန်မည် သျှင်သဒ္ဓမ္မနိန္ဒိ မင်းတိုင်ပင် အမတ်ဟောင်း ရာဇသကြီ။ ၅-အတွင်းဝန် ဦးပေါ်ဦး။ ၆-ရှေ့နေရွှေတောင်နန္ဒသူ။ ၇-ဇီးပနီ ဆရာတော်အဖ ဆရာတော်လူထွက် ဦးလာတို့ကို အစဉ်တိုင်ပင် ဆွေးနွေးတော်မူခြင်း။

ဘေးလောင်းတော် ဘိုးလောင်းတော် ပျူစစ်မီးမင်း အနုရုဒ္ဓါမင်းတို့ ကျင့်ဆောင်တော်မူသဝ် ရာဇဓမ္မ မင်းကျင့်တရားနှင့် အညီ တိုင်းသူ ပြည်သားတို့အား ရင်ဝယ်သားကယ့်သို့ သနားညှာတာတော်မူရှယ့် အခွန်တော်စုဆ လျှော့ပေါ့ ကောက်ခံတော်မူ၍ အုပ်ချုပ်စိုးစံတော်မူခြင်း။

အမှုတော်ထမ်း အရာထမ်းတို့ကိုလည်း အထိုက် အလျောက် ဆုလာဘ်ပေးတော်မူခြင်း။

ယှမ်း ၉၉-စော်ဘွားစသော ယိုးဒယား ရက္ခိုင် အာသန် မဏိ ပူရ ကသည်း နိုင်ငံတို့ကို သိမ်းပိုက်ချဲ့ထွင်တော်မူခြင်း။

သာသနာတော်မြတ်ကိုလည်း နေရောင်,လရောင်ကဲ့သို့ပြောင် ပြောင် တောက်ပတော် မူစေလို၍ ချီးမြှင့်တော်မူခြင်း သုဓမ္မာ သာသနာပြု ဆရာတော်လေးပါး ယှစ်ပါး ပေါင်း တကျိပ်နှစ်ပါး ကို တင်မြှောက်တော်မူခြင်း။

တပါးတည်း သာသနာပြုဆရာတော်မှာ သာသနာပိုင် တင် မြှောက်ခြင်းဖြင့် ချီးမြှင့်တင်မြှောက်တော်မူပြီးလျှင် ဘေးလောင်း တော် ဘိုးလောင်းတော်တို့လက်ထက်ကစ၍ တုံမ်ဂိုဏ်း ရုံမ်ဂိုဏ်း နန္ဒင်းဆိုးဂိုဏ်း လက်ဝဲဂိုဏ်း မသာလိုက်ဂိုဏ်း လက်ဝှေ့ဂိုဏ်း စူဠဂဏ္ဍိဂိုဏ်းများကို ဝတ်မြေဝန် မဟာဒါန်ဝန် စသော မှူးမတ် ပညာယှိ ရဟန်းပညာယှိတို့နှင့် သုဓမ္မာတွင် ညှိနှိုင်းဆွေးနွေး တိုင်ပင်၍ ဝိနည်းသိက္ခာပုဒ်တော်နှင့် တပြေးညီစွာ ဟုတ်ရာ မှန်ရာ ဆုံမ်းဖြတ်သုမ်သင်ပြုစုတော်မူခြင်း။

ထို့ပြင် ရှေးမင်းကောင်းမင်းမြတ်တို့ တည်ထားတော်မူခဲ့ သော ဘုရား ဂူ ကျောင်း တန်ဆောင်း ပြဿဒ် ဇရပ်တံတား ရေတွင်း ရေကန် ဆည် မြောင်း စသော မကောင်းဟောင်းနွမ်း ပျက်စီးယိုယွင်းသည်များကို ပြုပြင်ခြင်း အသစ်အသစ်သော ဘုရား ဂူ ကျောင်း တန်ဆောင်း ဇရပ် စသည်တို့ကိုလည်း မွမ်းဖျင်ထည် ဆောက် လှူဒါန်းတော်မူခြင်း။

ရှေးရှေးသော ဘေးတော် ဘိုးတော် မင်းဩြား မင်းဖျား တို့လက်ထက်တော်တွင် တိုင်းမှတ်စိုက်ထူတည်ထားတော်မူခဲ့သော တမ္ဗည်းကျောက်စာများကို သာသနာတော် ၅၀၀၀ မတိုင်သမျှ

ကာလပတ်လုံး မသုဉ်မဖျင်း မကွယ်မပ အခွန့်ရှည်စွာ တည်စေတော်မူလိုသောကြောင့် ယထာနေရှဖြင့် ဆင့်လျက် အသစ်ထပ်မံ ရေးထုစုဆောင်း လှူဒါန်းစိုက်ထူခြင်း။

သို့လို သာသနာတော်မြတ်ကို ချီးမြှင့်ပြုစုတော်မူသော်လည်း သက္ကရာဇ် ၁၁၇၅-ခုနှစ်လောက်က စ၍ ရဟန်းသာမဏေ အစယ်ှိသော တံဆိပ်တော် ရ,မရ ဆရာတော် သဃ်ာတော်သို့အား သဲဒဏ်ထားခြင်း၊ ရေဒဏ်ထားခြင်း၊ ဉပဇ္ဈာယ်နိသျှည်း ယူစေခြင်း၊ မောင်းကြော်ခြင်း၊ လူဝတ်လဲစေခြင်းဖြင့် သာသနာတော် ဆုတ်ယုတ်ညှိုးနွမ်းအောင် နှောင့်ယှက်ဖျက်ဆီးသည့် အကြောင်း အရာတို့နိုက် ရာဇဝင်ချုပ် အချို့တို့နှင့် သမိုင်း မော်ကွန်း စာတမ်း သိုက်စာများတွင် ကဿပပုရှားသခင် လက်ထက်တော်အခါက တိရစ္ဆာန်မျောက်ဖြစ်စဉ် ပုရှားသခင်၏ ရေသနုတ်တော်သက်န်း စိုဝ်စွတ်နေသည်ကို သက်န်းတော်တစကို ခြေတဖက်ဖြင့်နင်းလျက် တစကို လက်ဖြင့် ကိုင်ယူရေညှစ်၍ နေလှန်းသည်ကို မြင်သဖြင့် တပည့်နောက်ပါ ရဟန်းတို့က ကဿပပုရှားသခင်အား လျှောက်ကြသောအခါ ဘုရားသျှင်က ဤမျောက်သည် ငါ၏ညီတော် ဂေါတမလက်ထက်တွင် မင်း၏စည်းစိမ်ကိုရ၍ လက်ဖြင့်ကိုင်၍ ညှစ်လှန်းသောကြောင့် သာသနာတော်ကို အလွန်အမင်းစည်ပင် ထွန်းကားအောင် ပြုလတံ့။ ခြေဖြင့်နင်းသောကြောင့် နန်းစည်းစိမ်မှ ယွေ့လျှောခါနီးသော နောက်ဆုံးမ်နိုက် သာသနာတော်ကိုဝ် ပုတ်ခတ်ဖျက်ဆီးခြင်းကို ပြုလတံ့ဟု ကဿပမြတ်စွာဘုရားသခင် ဗျာဒိတ်တော်ခံရသည်နှင့်အညီ ဖိုးတော်မင်းတြားကြီး ပြုကျင့်တော်မူသည်ဟု ထင်မှတ်ဘွယ်ရာယှိချေသည်။

## မင်းတွန်းပုထိုးတော်ကြီးစနစ်တော်

၁။ စေတီတော်အချင်း ၂၉၃$^{E}$- ၂°- ၄•။ "တာ ၄၁၆- တောင် ၂° ၄•"။ ၂။ အတွင်း စေတီ ဘိနပ် ၁၅၃$^{E}$- ၂°- ၄•။ "တာ ၂၁၆ တောင် ၂°- ၄•" ၃။ ပဌမအာလိန် အမြင့် ၂$^{E}$။ အချင်း ၂၉၃$^{E}$- ၂°- ၄•။ ၄။ ဒုတိယ အာလိန်အမြင့် ၂$^{E}$။ အချင်း ၂၆၅$^{E}$- ၂°- ၄•။ ၅။ တတိယ အာလိန် အမြင့် ၂$^{E}$။ အချင်း ၂၂၇$^{E}$- ၂°- ၄•။ ၆။ စတုတ္ထ အာလိန်အမြင့် ၂$^{E}$။ အချင်း ၂၀၉$^{E}$ ၂°- ၄•။ ၇။ ပဥ္စမအာလိန် အမြင့် ၂$^{E}$။ အချင်း ၁၈၁$^{E}$-၂°- ၄•။ ၈။ ဖယုံတုံး အမြင့် ၃$^{E}$- ၁°- ၄•။ အချင်း ၁၅၃$^{E}$- ၂°- ၄•။ ၉။ ကာလပ်ခုံ လှဲ့စည်းကွင်း အမြင့် ၅$^{E}$။ အချင်း ၁၅၃$^{E}$။ ၁၀။ ကုလားကျောင်း အမြင့် ၃၆ တောင်၊ အချင်း ၁၅၀$^{E}$။ ၁၁။ ပဌမပစ္စယာ အမြင့် ၉$^{E}$။ အချင်း ၁၃၂$^{E}$။ ၁၂။ ၎င်း အထက် အချင်း ၁၃၁$^{E}$။ ၁၃။ ဒုတိယ ပစ္စယာ အမြင့် ၈$^{E}$။ အချင်း ၁၁၈$^{E}$။ ၁၄။ ၎င်း အထက် အချင်း ၁၁၆- တောင်။ ၁၅။ တတိယ ပစ္စယာ အမြင့် ၆-တောင်။ အချင်း ၁၀၈$^{E}$။ ၁၆။ ၎င်းအထက် အချင်း ၁၀၇$^{E}$။ ၁၇။ ကွမ်းထောင်အမြင့် ၁၀၀$^{E}$။ အချင်း ၁၀၀$^{E}$။ ၁၈။ ၎င်းအထက် အချင်း ၅၀$^{E}$။ ၁၉။ စေတီ ပစ္စယာအမြင့် ၄$^{E}$။ အချင်း ၅၀$^{E}$။ ၂၀။ ၎င်းအထက် အချင်း ၄၉$^{E}$။ ၂၁။ ပဌမကြေးဝန်းအမြင့် ၁$^{E}$-၁°။ အချင်း ၄၈$^{E}$။ ၂၂။ ဒုတိယကြေးဝန်းအမြင့် ၁$^{E}$။ အချင်း ၄၇$^{E}$။ ၂၃။ တတိယ ကြေးဝန်း အမြင့် ၁$^{E}$။ အချင်း ၄၆-တောင်၊ ၂၄။ ခေါင်းလောင်းနှား အမြင့် ၂၄$^{E}$။ အချင်း ၄၈$^{E}$။ ၂၅။ ပဌမဖောင်းဝန်းအမြင့် ၃$^{E}$။ အချင်း ၃၅$^{E}$။ ၂၆။ ဒုတိယက နဝမဖောင်း

အထိ။ အမြင့် ၂၂$^{E}$။ အချင်း ၁၅$^{E}$။ ၂၇။ ကြာအောက် အမြင့် ၁၅$^{E}$။ အချင်း ၁၄$^{E}$။ ၂၈။ ကြာအထက် အမြင့် ၁၀$^{E}$။ အချင်း ၁၃$^{E}$။ ၂၉။ ကြာစု အမြင့် ၅$^{E}$။ အချင်း ၁၂$^{E}$။ ၃၀။ ငှက်ပျောဖူး အမြင့် ၁၁$^{E}$။

ယင်းသည့် ပုထိုးတော်ကြီးပြီးလျှင် ဉာဏ်တော်အမြင့် ၂၅၂$^{E}$ ၂$^{o}$- ၄$^{*}$ ယှိမည်။ ယခုသော် ကုလားကျောင်းအထက် တတိယ ပစ္စယာက ပြိုကြသည်ဟု ပြောကြသည့်အတိုင်း ကိုယ်တိုင်ရောက်၍ တက်ဆင်းကြည့်ရှုရာ ယုတ္တိတန်သည်။

ဤပုထိုးတော်ကြီး စနစ်ကို ရွှေတိုက်စာရင်း မှုတော်ပုရပိုက်မှ ရေကူးခဲ့ရသည်။

ဖိုးတော် မင်းတြားကြီး တည်သော မင်းကွန်း စေတီတော် အရှေ့ခြင်္သေ့ကြီး ၂-ကောင်၏ အတိုင်းစနစ်တော်။

၁။ ခြင်္သေ့အရပ် ဥကျောင်းထိပ်အမွေးစွန်းအကုန်အမြင့် ၆၀$^{E}$။ ၂။ နှာသီးခေါင်းထိ အမြင့် ၅၀$^{E}$။ ၃။ အထက်နှုတ်ခမ်းမွေးထိ အမြင့် ၄၇$^{E}$။ ၄။ အောက်နားရင်းထိ အမြင့် ၄၅$^{E}$။ ၅။ အထက်သွားအရှည် ၁$^{E}$-၁$^{o}$-၄$^{*}$။ ၆။ အောက်သွားအရှည် ၁$^{E}$- ၁$^{o}$- ၄$^{*}$။ ၇။ နှုတ်သီးအဖွင့် ၂$^{E}$။ ၈။ အောက်မေး ၂$^{E}$- ၁$^{o}$။ ၉။ အောက်မေးသွားရင်းထိ အမြင့် ၄၉$^{E}$။ ၁၀။ အောက်မေးဖျားထိအမြင့် ၃၇$^{E}$။ ၁၁။ နားရွက်ဖျားထိ အမြင့် ၅၆ တောင်။ ၁၂။ ကျောရိုးအဖျားထိ အမြင့် ၂၉$^{E}$။ ၁၃။ အမြီးစောက် ၆ တောင်။ ၁၄။ ပေါင်အရပ်၊ ဒူးအရပ် ၁၇$^{E}$။ ၁၅။ ပါးပြင်အကျယ် ၁၆ တောင်။ ၁၆။ နားရွက်အကျယ် ၄$^{E}$။ ၁၇။ အထက်နှုတ်သီးအကျယ် ၁၃$^{E}$။ ၁၈။ အောက်နှုတ်သီးအကျယ် ၉$^{E}$။

၁၉။ ရင်ဝအကျယ် ၂၂ ။ ၂၀။ လက်ဖျား အောက်ရင်း အကျယ် ၁၅ ။ ၂၁။ ဒူးဖျားအကျယ် ၃၂ ။ ၂၂။ ခါးအကျယ် ၂၀ ။ ၂၃။ ခြေသားလုံးအကျယ် ၃၀ ။ ၂၄။ အမြီးအရင်း အကျယ်ဗျက် ၇ ။

၎င်းအတိုင်းစနစ်မှာ ရွှေတိုက်စာရင်း မူတော်ပုရပိုက်မှ ရေးကူးမှတ်သားချက်ဖြစ်သည်။

မင်းကွန်းခေါ် မြတ်ပုထိုး တန်ခိုးတဲ့ စနစ်တော်၊ ရွှေတိုက်ခေါ်တော်စာရင်းမှာ လင်းပြထုတ်ဖော်။ ခြသေ့်ပါမကျန် ကြွင်းပေဘု သိလျှဉ်ဘို့ ယခုသော်၊ ပြည်ကျော်လို့ သိစေကြောင်း။ ။ လွှန်တိမ်ငုပ်ထာမို့ ဖွင့်ထုတ်ခါ လိုသူတို့မငြင်းရအောင် လင်းပြပေတောင်း။

## ဖိုးတော်မင်းတြားကြီး ထိုးမှတ်တော်မူသော ပယ်ပုံမ်တော် တမ္ဗည်းကျောက်စာ

ပယ်ပုံမ်တော် ကျောက်စာကို ထိုးမှတ်စိုက်ထူ လှူဒါန်းသူ ဒါယကာ အမရပူရ ပဉ္စမ မြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဖိုးတော်မင်းတြား၏ အကြောင်းအထ္ထုပ္ပတ္တိမှာ ပုဂံနန်းရိုး နေနတ်နွယ်မျိုး ဖြစ်တော်မူသော ရတနာသိယ် ကုန်းဘောင်မြို့တည် အလောင်းမင်းတြားကြီးဘုရားနှင့် ၎င်းဦးရီးတော် စည်ပုတ္တရာ ရွှေကာ တထောင်မှူးမင်း သီရိရန္တဇ၏ သွီးတော်ဖြစ်သော ရတ

နာပူရအဝမြို့ ဘုံစံတုလွတ် ကျောင်းတော်ကြီးဒါယိကာမ မဟာမင်္ဂလာရတနာဒေဝီပတိ သီရိရာဇာစန္ဒာဒေဝီအမည်ကို ခံတော်မူသင်မိဖုရားခေါင်တွင် သက္ကရာဇ် ၁၁၀၆-ခု တန်ခူးလပြည့်ကျော် ၆ ရက် တနင်းလာနေ့ ဖွားမြင်တော်မူသည်။

သက်တော် ၁၀-နှစ် သက္ကရာဇ် ၁၁၁၆-ခုတွင် သတိုးမင်းလှရွှေတောင်အမည်ကို ခံလျက် ဗဒုံမြို့ မြဝတီမြို့များကို စားကျွေးခံတော်မူသည်။ သက်တော် ၁၆-နှစ် သက္ကရာဇ် ၁၁၂၂-ခု မှနောင်တော် ဇေယျာပူရမြို့တည် မင်းတြားလက်ထက် သတိုးမင်းစောအမည်ကိုခံတော်မူရသည်။ သက်တော် ၂၀-နှစ်၊ ၁၁၂၆-ခု နောင်တော်ဆင်ဖြူရှင်လက်ထက်တော်နှိုက် သုဓမ္မာရာဇာအမည်ကို ခံတော်မူသည်။ သက်တော် ၃၇-နှစ် သက္ကရာဇ် ၁၁၄၃-ခု တပို့တွဲလပြည့်ကျော် ၁၂-ရက် တနင်းလာနေ့ ရတနာပူရအဝရွှေနန်းကို သိမ်းမြန်းတော်မူသည်။ သက်တော် ၃၈-နှစ် သက္ကရာဇ် ၁၁၄၄-ခု တပို့တွဲလဆန်း ၇-ရက် အင်္ဂါနေ့တွင် မြို့တော် ကျုံးတော် နန်းတော် ရွှေဂူတော် ကျောင်းတော်ပိဋကတ်တိုက်တော်များကို တပြိုင်နည် တချက်တည်း တည်လုပ်စေတော်မူပြီးနောက်အမရပူရဟုသမိုက်တော်မူရှယ်၊သက္ကရာဇ် ၁၁၄၅-ခု နယုန်လပြည့်ကျော် ၁-ရက်၊ သောကြာနေ့တွင် အမရပူရရွှေနန်းတော်ကို သိမ်းမြန်း စိုးစံတော်မူသည်။ သက္ကရာဇ် ၁၁၄၆-ခု နယုန်လပြည့်ကျော် ၁-ရက် ကြာသပတေးနေ့ နံနက် ၄ ချက်တီးကျော်အချိန် ကောင်းမြတ်သော မင်္ဂလာအခါတော်တွင် ရာဇာဘိသေကမုဒ္ဒါလိသိက်ကို ခံတော်မူရှယ်။ သီရိပဝရဝိဇယာနန္တယ သတြိဘဝနာတိတျာ ဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇ ဟူသင်၊ တံဆိပ်နာမံတော်ကိုဝ် ခံတော်မူသည်။

ဌင်းကျောက်စာနှိုက် အခြားသော ကျောက်စာများကဲ့သို့ ထိုးမှတ်စိုက်ထူသော ခုနှစ်သက္ကရာဇ် မပါမယှိကြောင်း။ သို့မယှိ ငြားသော်လည်း ရှေးဘေးတော်ဘိုးတော်တို့ တည်ထားသော အောင်ပင်လယ်ကန်၊ နန္ဒာကန်၊ ရွှေလောင်း မြောင်းများကို ပြည်သူပြည်သားတို့ ထာဝရ အစွန့်ရှည်စွာ အကျိုးဖြစ်စေဟု ဗိုလ်ပါအများနှင့် ဖြီးခိုင်အောင် ပြင်ဆင်ဆည်ဖို့လုပ်ဆောင် ကန် တော်အောက်ထက် လုပ်သူလုပ်သားတို့ကို နယ်နိမိတ်တိုင်းတာ မှတ်သားပေးမည်။ အစုအမှုထမ်း လမိုင်းသားတို့ကိုလည်း ပယ် နယ်အပိုင်းအခြားနှင့် တကိုယ်ကြေးပေးဝေချထားမည်။ ကြံရည် တော်မူရင်းယှိသည်အရ တိုင်းတာမှတ်သားစေရာ ဒေသန္တရမှာန် အလိုက် အသုံးအစွဲး အခေါ်အဝေါ် ကွဲးပြား အငြင်းအခုံ ဖြစ် ပွားယှိသည်ဖြစ်၍ အဘိဓာန်ဋီကာနှင့်တကွ ကျမ်းကြီးကျမ်းခိုင် အစောင်စောင်များက ထုတ်နှုတ်ပြီးလျှင် မင်းပယ်-ပကတိပယ် ၂ ရပ်။ အတိုင်းအထွား နည်းနာနယကို ရေးသွင်းပါမည့်အ ကြောင်းနှင့် သက္ကရာဇ် ၁၁၅၁ ခု နယုန်လပြည့်ကျော် ၁၀ ရက် အောင်ပင်လယ် လယ်တဲးနန်းတော်က သံတော်ဆင့်တို့ကို စေ ၍။ (ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု) တံဆိပ်တော်ရ မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားထံ လျှောက်ထားစေဟု ပညာက မဒီပနီကျမ်းနှိုက် မိန့်ဆိုသောကြောင့် သာသနာပိုင် ဆရာတော်ဘုရားကြီး ရေးသွင်းချက် အတိုင်း ကျောက်စာ ထိုးမှတ်ပြီးလျှင် သက္ကရာဇ် ၁၁၅၃ ခုနှစ်လောက်က စိုက်ထူလိမ့်မည်ဟု ထင်ယူရန် ယှိချေသည်တမှ့်။

အလောင်းမင်းတြားကြီးသည် ရတနာသိယ်မြို့ သားတော်ဗဒုံ မြို့စား အိမ်တော်သို့လှည့်၍ မင်းသားတို့သည် မိမိတို့အစား

အသနားတော်မြတ်ခံရသော ဗဒ္ဒုံမြို့၏ နယ်နိမိတ်အတ္တုပ္ပတ္တိများ ကို ကုန်စင်အောင် သိအပ်ကြောင်း မိန့်တော်မူရာ ဗဒုံမင်းသားက သံတော်ဆင့် ဦးဩကို မျက်ရိပ်ပြလိုက်ရာ စိန္တကျော်သူဘွဲ့ခံ သံ တော်ဆင့်ဦးဩ ရှိခိုးလျက် နှုတ်ဖြင့် လျှောက်ထုံသော ဗဒုံမြို့နယ်နိ မိတ် အကြောင်းကား အောက်ပါအတိုင်းဟူလို။

"ဘုရားကျွန်တော် ကော်ရော်ညွတ်ကျိုး သတိုးမင်းလှ ရွှေ တောင်ဥဒါန်းဆောင်ပိမ့်ထိပ်ခေါင်ရှိကြာ လျှောက်ထုံပါသည်။ မေတ္တာဆပွား သနားတော်မူ ဇမ္ဗူဉသျှောင် ကုန်းဘောင်ကံ ကျွေး ရန်ဘေးပိတ်ဆို့ ဗဒုံမြို့ကား ထိုသို့နိမိတ် အကြောင်းဟိတ် လျှင် ပဋိက္ခရား ကုလားလူကျယ် ဘ,သူကြွယ်လျှင် ရန်ဘယ်ဆင် ပြောင် ငါးရာနောင်နှင့် ဘောင်တွင်ခုနစ်ရာ ဆဲ့ငါးကလျှင် ခြောက်ရာ့အသာ လေးဆယ်တာတည့် ကျယ်စွာဝန်းလည် မြို့ နန်းတည်၍ မြောက်စည်ခတ်ပင့် ဤသို့ဖွင့်က ထိုမင့်နိုင်ငံ ခြား ပိုင်းဟန်ကား၊ လက်ပံတံခါး၊ တောင်ကထားး၏၊ နောက်ပါး ထောင့်ကွက်၊ စဉ်မပျက်သည်၊ ကျောက်မျက်တောင်ရင်း၊ ချင်း တွင်းနောက်ဖက် ရေတပက်တည့်၊ တက်ခဲ့အညာ၊ သည့်မြောက် မှာမူ၊ ကျောက်ဖျာညိုမြ၊ ဆင်မကွခြေ၊ အနေကြပ်ကြပ်၊ ဆင်ဝပ် ကျောက်တိုင် သူပိုင်နက်ပေ ကန္တီမြေနှင့်၊ ရေလည်းဝန်းမြောင်၊ ပါရပ်ချောင်ငယ်၊ သုံးထောင်အလွှဲး၊ လေးဖြင်းတွဲးတည့်၊ သစ်ခဲး ယောက်စီး၊ အုံကြီးအုံငယ်၊ မြောက်ဝယ်တဲ့တဲ့၊ ဒီပုံ့ယင်းမြေ၊ ရေဝေရေလန်၊ ဘေန်ချုပ်စပ်၊ ရွှေ့ရပ်တောင်ရိုး၊ တာထိုး မ ပြောင်း၊ ဆင်ခေါင်းထန်းစလုပ်၊ သို့သမုတ်သား၊ ထီးချုပ်စက် ကွင်း၊ နယ်အတွင်းတွင်၊ သတင်းဝှန်ဝါ၊ အရွှာရွှာမှ၊ ရန်ညှာ

ဖြတ်ပယ်၊ ဘ-သူကြွယ်၏၊ အနွယ်ဆက်ကြ၊ ကာလခုတိုင်၊ ပိုင်ပိုင်သသ၊ စီရင်ရ၏၊ မြို့ပြသဏ္ဌာန်၊ သာယာဟန်မူ၊ ပန်းမာလ် သစ်သီး၊ ဖျင်ညီးအုန်းထန်း၊ ကျုံးပတ်သန်းနှင့်၊ လယ်ငန်းယာခင်း၊ အိုင်အင်းချောင်းမြောင်း၊ သားမျိုးပေါင်းလျက်၊ ယခုဆက်သား၊ ပုံထွက်အကွာရာ၊ ရွှေစာသမိုင်း၊ နှင့်မရိုင်းသည်။ ။ သည့်တိုင်းမှန်ပါတော့သည်ဘုရား။

ဤအခါ အလောင်းမင်းတြားကြီးသည် အားရနှစ်သက်ဝမ်းမြောက်တော်မူသောကြောင့် စာဆိုတော် ရွှေတောင်ရာဇကျော်ဘွဲ့ကို ချီးမြှင့်သနားတော်မူလေသည်။

သားတော်ဗဒုံမင်း အထွတ်အမြတ်သို့ ရောက်သောအခါ သံတော်ဆင့်ရွှေတောင်ကျော်သူဘွဲ့ကို သနားတော်မူသည်။

ဦးဩသည် အဝမြို့ လောကသရဖူ ဘုရားဒါယကာ ဟံသာဝတီမင်းလက်ထက် စာဆိုတော် စိန္တကျော်သူဘွဲ့ကို သနားတော်မြတ် ခံရသည်။

အဘိဓာန်နိဿျကို စီရင်တော်မူသော ပဌမ ကျော်အောင် စံထားဆရာတော်၏ တပည့်ရင်းဖြစ်သည်။ အသက် ၃၅ နှစ်ရွယ်တွင် အနိစ္စရောက်သည်။

## ဘုမ်ကျော် ဆရာတော်ဘုရား မိန့်ချက်မှတ်စု ပုရပိုက်မှရသည်

ဖိုးတော်မင်းတြားကြီးသည် အမှား ၄ ချက်ယိုကြောင်း။

၁-ညီတော် ပင်းတလဲမြို့စား မင်းသားကို ရေနှိုက်ချ၍ ကွပ်မျက်တော်မူသော အမှားတချက်။

၂-အတုလဆရာတော်နှင့်တကွ ဆရာတော် ၆ ပါးကို အတင်းအကြပ် လူဝတ်လဲစေသော အမှားတချက်။

၃-ရဟန်းတော်များကို သိက္ခာသစ်တင်စေသော အမှားတချက်။

၄-မင်းကွန်းစေတီကြီး တည်လုပ်သော အမှားတချက်

"စေတီကြီး အပြီးမသတ်မူ့ရှုံးသုညကပ်" ဟု သိုက်တဘောင်ယှိသည်။ ရဟန်းတော်များကို ပြစ်မှားသော ကံကြောင့် ဒက္ခိဏာယျ မီးသင့်သည်။ သို့သော် ကဿပမြတ်စွာဘုရားလက်ထက်တော်နှိုက် တိရစ္ဆာန် မျောက်ဖြစ်စဉ်က ဘုရားဗျာဒိတ်အတိုင်း ဖြစ်ပေသည်ဟု ဆင်ခြင်ရန် ယှိသောဟူ၍ ပုရပိုက်နှိုက် တင်မှတ်ထားလေသတည်း။

## နှိုဝ်စုံးခွန်းထောတ်

အမရပူရတဲ့ ပဋ္ဌမတည်။ ။ မြတ်ဖိုးတော် ပိုင်စံချုပ် သိမ်းအုပ် ပြည်ပြည်။ ဖုန်းရောင်ခြည် သမ္မာမိုးပါလို့ စိုးခဲ့တဲ့ ချင်းအရည်၊ လ-တရထည်-တနှုန်း။ ။ နှိုင်ငံဖြင့် တံချေပေါ့။ မှတ်ခန်းချိုအဆိမ့်တို့ကို စိမ့်စိမ့်မြို့သုံး။

## ဆုတောင်း

သောအဟံ၊ ထိုငါသည်။ ဒိဋ္ဌမမ္ဗ၊ မျက်မှောက်သော ကိုယ်ဥစ္စအဖြစ်နှိုက်။ သဒ္ဓေါစ၊ သဒ္ဓါတရား ယှိသည်လည်းကောင်း။ ဒါတကိုပေတောစ၊ ပေးအပ်သော ဝတ္ထုပစ္စည်းနှင့် ပြည့်စုံသည်

လည်းကောင်း။ ပရမသိရီစ၊ မြတ်သော ဖုန်းကြက်သရေ ယှိသည် လည်းကောင်း။ ဒယောစ၊ သူတပါးတို့ကို သနားခြင်း ယှိသည် လည်းကောင်း။ ဝိရတ္တောစ၊ တပ်ခြင်းကင်းသည်လည်းကောင်း။ လဇ္ဇီစ၊ မကောင်းမှုမှ ရှက်တတ်သည်လည်းကောင်း။ ကလျာဏ မိတ္တောစ၊ ကောင်းသော အဆွေခင်ပွန်းယှိသည်လည်းကောင်း။ အဘိရတကုသလောစ၊ ကုသိုလ်ကောင်းမှုတို့၌ အလွန်မွေ့လျော် တတ်သည်လည်းကောင်း။ ပဉ္စသီလဘိရက္ခောစ၊ ငါးပါးသော သီလကို အလွန်စောင့်ရှောက်နိုင်သည် လည်းကောင်း။ အပိစ္ဆော စ၊ နည်းသော အလိုယှိသည်လည်းကောင်း။ အပ္ပကောဓောစ၊ နည်းသော အမျက်ယှိသည်လည်းကောင်း။ အတိဝုဇုဟဒယောစ၊ အလွန်ဖြောင့်မတ်သော နှလုံးယှိသည်လည်းကောင်း။ ဣန္ဒြိမာစ၊ တန်ခိုးနှင့် ပြည့်စုံသည်လည်းကောင်း။ အပ္ပမေဃျောစ၊ မနှိုင်း ရှည့်အပ်သော ဂုဏ်ယှိသည်လည်းကောင်း။ ပါသန္နောစ၊ ချီးမွမ်း
၀ ထိုက်သည် လည်းကောင်း။ ပေမဝါစောစ၊ ချစ်ဘွယ်သော စကားကို ဆိုတတ်သည် လည်းကောင်း။ သုဇန ဂုဏဝိဒူစ၊ သူတော်ကောင်းတို့၏ ဂုဏ်ကျေးဇူးကို သိတတ်သည် လည်း ကောင်း။ မာမကောစ၊ သူတော်ကောင်းတို့ကို မြတ်နိုးတတ်သည် လည်းကောင်း။ ဘဝေယျ၊ ဖြစ်ရပါလို၏။

× × × ×

# ဒုတိယတွဲနိဒါန်း

ဤပါးစပ်ရာဇဝင်သည် အမရပူရမြို့တည် ဖိုးတော်မင်းတြားကြီး၏ ကျောင်းရာထုပ္ပတ်ကို စုံစမ်းသုရသမျှ စီစဉ်ရေးသား၍ ပဌမတွဲအဖြစ် ထွက်ပေါ်လျက် ယခုနေပေကြောင်း။

ဒုတိယတွဲကို စီစဉ်ထုတ်ဖော်ရန် ဗဟုသုတ လိုလားကြကုန်သော ပုဂ္ဂိုလ်တို့ မျှော်လင့်တောင့်တကြသည်ကို သိရပါသဖြင့် ထိုတောင့်တကြသော ပုဂ္ဂိုလ်တို့၏ အလိုဆန္ဒပြည့်စုံကြရန် ဖိုးတော်မင်းတြားကြီး၏ မြေးတော် စစ်ကိုင်းမင်း၊ ဖာလံနန်းရှင်၊ ဆင်ဖြူရှင်၊ နောင်တော်ဘုရင်၊ ဘကြီးတော်၊ ရတနာပူရ စတုတ္ထမြို့တည် အမည်တော် ခြောက်ပါးဖြင့် ထင်ယှားသော မင်းတြားကြီးစည့် ကျောင်းရာ ထုပ္ပတ် အရပ်ရပ်တို့ကို စုံစမ်း မှတ်သားရသည့်အတိုင်း စီစဉ်ရေးသား၍ ပစပ်ရာဇဝင် ဒုတိယတွဲကို ပုံနှိပ်လုပ်ဆောင်ပါကြောင်း။

ထိုသို့ စီစဉ်ရေးသားရခြင်း ဖြစ်သော်လည်း မှတ်သားထားသော အချက်တို့သည် တစောင်တဖွဲ့တည်းမဟုတ်။ အစစ အနန ဖြစ်နေပါ၍ ရှာဖွေခြင်းနှိုက် လွန်စွာ မောပန်းရခြင်းသည် (ပည်းထူ ဖြင်ပည်း၊ နိုင်ဖြိုး ပုံယင်၊ အဟုံ အထုထ၊ အချဲ့၊ အချိ ပေါကြွေ့ကြွေ့၊ လွေ့လွေ့ အပို၊ အဟုံ အထုထ၊ အချဲ့၊ အချို အုတ်အင်ပြိုဖြင်၊ အသောင်း ဖြင့်ကြီး၊ ပေါပည်း ခပဲ၊ ခပင်း

ဖြင်ပြဲး၊ အဝုတ် တကာ၊ တတွေ တလာ၊ ပြောစွာ အနက်၊ အလွှံ့ ပြောထူ၊ ပည်းသိ ပေါ်ယာယ်၊ ကုန်ကယ် ကုန်ငေ၊ ဖြိုးဖြိုး) များများကြီး ဖြစ်ရပေတမုံ့ ဟူလိုဝ်။

(မှော်ဘီ ဆရာသိန်းကြီး)

၁၂၈၉-ခု၊ သာဝဏ နံကာ လဆန်း ၁၁ ရက်

တနင်းလာနေ့။

# ပဏာမ

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ရတ္တနာသုံးပါးနှင့်တကွ အမိ အဖ ဆရာသမားတို့အား ရှိခိုးပူဇော် ကန်တော့ပါသည်။ သို့-ဘုရား တရား သံဃာ မိဖ ဆရာသမား တို့အား ရိုသေမြတ်နိုး အကျွန်ုပ် ရှိခိုးပူဇော်ပြီး၍ လိုလားတောင့်တ ကြကုန်သော ပုဂ္ဂိုလ် သူတော်ကောင်းတို့ ညွှန်အကျိုးကို လိုလားသည့်အတိုင်း ပစ်ရာဇဝင် ဒုတိယတွဲကို ရေးသားစီစဉ်ပေးအပ်သတည်း။


ရှေးမှီ ပုဂ္ဂိုလ်ကြီးတို့ ပြောထုံး ပြောစဉ် မှတ်သားဖွယ်ရာ အရပ်ရပ်တို့ဖြင့် ခေတ်ကာလ သမယအလိုက် စရိုက်ဝါဒ အလေ့အထတို့ကို အသုံးအနှုန်း စသည်အလျောက် ဖြစ်ပေါ်ချက်များကို ခွဲခြားဝေဖန်၍ ဉာဏ်ပညာ သိမှီးယှိကြသည်အတိုင်း နှိုင်းရှည့်သော အားဖြင့် ဆင်ခြင်း စဉ်းစား မှတ်သား နာယူကြစေသတည်း။

# ဓေယျတု သဗ္ဗမင်္ဂလံ

## စစ်ကိုင်းမင်း ဘကြီးတော်

အမရပူရ ပဉ္စမမြို့တည် ဖိုးတော်မင်းတြားကြီး၏ သားတော်ကြီး အိမ်ရှေ့မင်းကြီး၏ အိမ်ရှေ့မိဖုရားတွင် မြင်တော်မူသည်။

ဂေါဇာသက္ကရာဇ် ၁၁၄၆-ခု ဝါခေါင်လဆန်း ၆-ရက် ညဥ့် ၂-ချက်တီးကျော် ၆ ကြာနေ့ အဝင် မနေသိဒ္ဓနက္ခတ် မွန်း တည့်မွေး ဘကြီးတော်ဇာတာပုံ။



ထို ဇာတာပြင်နှိုက် ဂြိုဟ်နက္ခတ်တို့ အခါတော် ကြိုက်လျက် ဖွားမြင်တော်မူသည်။


စစ်ကိုင်းမြို့ကို ကံကျွေးခံရ၍ စစ်ကိုင်းမင်းခေါ်သည်။ ဖိုးတော်မင်းတြားကြီးက ဖလ်နန်းရှင်ဟုခေါ်သည်။ သက်တော် ၁၈ နှစ်တွင် အပယ်သို့ ရောက်၍ ဖထွေးတော် သမီးတော်ဆင်ဖြူမယ်နှင့် ရေသွန်း လက်ထပ်တော်မူသည် ဆင်ဖြူမယ် အေးချင်း စာအုပ် ထွက်ပေါ်လျက်ယှိသည်။

သက်တော် ၂၄ နှစ်တွင် အိမ်ရှေ့မင်းအဖြစ်ကို ဆောက်နှင်း လွှဲအပ်တော်မူသည်ကို ခံရသည်။

ဆင်ဖြူမယ်ဟူသည် ဖိုးတော်မင်းတြား သားတော်ပြည်မင်းနှင့် သမီးတော် မြေဒူးမင်းသမီးကို ရေသွန်းလက်ထပ်တော် မူသည်တွင် မြင်သော သမီးတော် ဖြစ်သည်။ သက္ကရာဇ် ၁၁၅၀ ပြည့်နှစ် ဗုဒ္ဓဟူးနေ့ ဖွားမြင်သောအခါ ကလေးမြို့က ဆက်သသော ဆင်ဖြူတော် ရသည်အခါနှင့် နိမိတ်မင်္ဂလာ ကြိမ်ကြိုက်သောကြောင့် ဆင်ဖြူမယ်ဟူ၍ ဖိုးတော်မင်းတြားကြီးအမည် မှည့်ခေါ်တော်မူလေသည်။

သက်တော် ၃၅ နှစ်မှာ ဖိုးတော် မင်းတြားကြီး၏ အရိုက်အရာ မင်းအဖြစ်ကို ရတော်မူသည်။ သက်တော် ၃၇ နှစ်မှာ ရတနာပူရမြို့ကို စတုတ္ထမြို့တည် မင်းတြားအမည်ခံ၍ ရွှေပြောင်းစံနေတော်မူသည်။

**မိဖုရားခေါင်ကြီး နန်းမတော်မယ်နု**




**၁၁၄၅-ခု လ,ရတ် မပါ၊ အင်္ဂါနေ့**
**နန်းမတော်မယ်နု ဇာတာပုံ**

မိဖုရားခေါင်ကြီးမှာ ဇာတိမျိုးရိုးစသည်ကို ရာဇဝင်တို့နှိုက် သန့်ပြန့်အောင် မဖော်မပြ။ ထီးရိုးနန်းရိုး မင်းမျိုးမဟုတ် ပစ် ရာဇဝင်ဖြင့် သျှင်ကြီးလူကြီးတို့ မိန့်ဆိုကြသည်။ ပညာသည်ပိုင်း၊ သဘင်သည် ဇာတ် ရုပ်စုံ တို့က ကျင်းပ ခင်းကျင်းကြသည်ကို လည်း ကြည့်ရှုရမည်။

ယင်းသည့် မိဖုရား ခေါင်ကြီး အကြောင်းကို သိလို သဖြင့် ၁၂၆၈-ခုနှစ်က မုံရွာမြို့သို့ ရောက်သည့်အခါ မင်းမျိုးမင်းနွယ် ဖြစ်သော အသက် ၇၀ ကျော် အမယ်အိုကြီးထံ သွားရောက်စုံ

စမ်းရာ ထိုအမယ်အိုကြီးက သည်မိဖုရားအကြောင်း မပြောချင် ပေါင်းသွားရယ်၊ အမေ စိတ်မကောင်း ယိုလှတယ်ဟု ငြင်းလေသည်။

မိခင် ကောင်းသည် ဖြစ်စေ၊ ဆိုးသည် ဖြစ်စေ၊ ကျွန်တော်များ နှောင်းလူတို့သည် အသေအချာ သိရမှ ဆင်ခြင်တိုင်းဆမှတ်သားရမည့် အရာ ဖြစ်ပါသည်။ သည်းခံ၍ မိန့်တော်မူပါမည့် အကြောင်းနှင့် တောင်းပန်သောအခါ အမယ်အိုကြီး အမိန့်ယိုသည်ကား။

အမေတို့ ကျေးဇူးရှင် မိခင်ဖခင်တို့ဟာ ဟိုအခါတုန်းက နန်းတော် အိမ်တော်နိူက် ထွက်ဝင်ခစား ဆိုင်ရာက အမှုတော်ထမ်းကြရတယ်။ မိခင်ဖခင်တို့ ပြောပြသည်ကို မှတ်သားခဲ့ရသည်မှာ မိဖုရားခေါင်ကြီးဟာ ငယ်မည် မယ်နုခေါ်သတဲ့၊ သူ့ ဇာတိက ဖလံခုံသူတဲ့၊ ရေဦးမြို့မှာ ငါးစိမ်းသည် ပြုလုပ်ရောင်းချ အသက်မွေးတယ်။ မိန်းမ ရုပ်ရေရှုပ ချောမောလှပခြင်းယိုသတဲ့၊ အပြောအဆို စိတ်နေ စိတ်ထား ကြမ်းသတဲ့၊ သူ့ငယ်ရည်းစား မေင်အိုဆိုဒါယိုသတဲ့၊ နောက် သူ့ကို သူကြီးသားတယောက်က အတင်းခေါ်ယူ မယားပြုလုပ်ပြီးနောက် မကြာမီပစ်ထား၍ တခုလပ်ဖြစ်နေရာ ရေဦးမြို့သူကြီးက သနား၍ အမရပူရမြို့သို့ ခေါ်သွားပြီး မြောက်ပြင် တံခါးဗိုလ်ထံ သွီးအဖြစ်နဲ့ မွေးကျွေးရန် အပ်ထားသတဲ့၊ မြောက်ပြင်တံခါးဗိုလ်ကလဲ သွီးကဲ့သို့ ကျွေးမွေးထားရာ မနုက ဖက်စိမ်းလိပ် ဆိုင်တည်၍ ညစဉ် ဈေးရောင်းသတဲ့၊ မိန်းမက ရုပ်ရေရှုပ ချောမောဒါနဲ့ အရပ်ကာလသား စာရေး

စာချီများ ညတိုင်း သုဆိုင်လာ၍ ဝယ်ချမ်းစားသောက်ရင်း လူပို့
စကားပြောကြရာ မနုက စကားပြော ကောင်းလှတာကြောင့်
ဘယ်သူမှ မနုကို စကားရည်သာအောင် မပြောနိုင်ကြဘူးတဲ့၊ ဒါ
နဲ့ တစတစ မယ်နု၏ သတင်းပြန့်နှံ့သဖြင့် စစ်ကိုင်းမင်းသား
ကြားတော်မူတဲ့အခါ၊ ညဘက် ကိုယ်တိုင် သွားရောက်စုံစမ်း
ကြည့်ရှုတော်မူလျှင် နှစ်သက်တော်မူ၍ တံခါးပိုလ်ကို ပြောဆိုပြီး
မယ်နုကို သိမ်းပိုက်တော်မူတယ်။ နောက် စစ်ကိုင်းမင်းသား ရှင်
ဘုရင်ဖြစ်တဲ့အခါ မိဖုရားကြီး မြောက်ထာပဲးမောင်ရဲ့။ မယ်နု
မိဖုရားကြီးဖြစ်တော့ နန်းတော်နိုက် မယ်နု သြဇာအာဏာဖုံးလွှမ်း
နေပါရော့၊ မယ်နု သြဇာကို ရှင်ဘုရင်က အရေး ယူရပါသတဲ့
မောင်၊ မယ်နု စီမံသလို ခံနေကြရပါသတဲ့၊ ဤအခါ တတ်သီး
လိမ္မာသည် မဟုတ်ကြဘူးမောင်ရဲ့၊ မယ်နုကို ကပ်နိုင်ယင် ရာထူး
စည်းစိမ် တိုးတက်ချမ်းသာကြပါရောတဲ့မောင်။ သုငယ်ရည်းစား
မောင်အိုကို ခေါ်၍ မောင်တော်ဖြစ်ကြောင်း ရှင်ဘုရင်ကို လိမ်
ပြော၍က မောင်အိုကို စလင်းမြို့စား ကံကျွေးပေး၍ စလင်းမင်း
သားကြီးဟု ခေါ်ကြသတဲ့၊ မယ်နုက ငအိုငယ်ဟု ခေါ်ပါသတဲ့၊
မယ်နုချီထွက်တော်မူရာ မောင်အို ထက်ချပ် ပါရပါသတဲ့မောင်၊
ရည်ငံနေကြသည့် အကြောင်းကိုတော့ ရှင်ဘုရင်သိမည်မထင် ရှင်
ဘုရင့် ညီတော် သာယာဝတီ အိမ်ရှေ့မင်းတော့ သိပါသတဲ့၊
မယ်နုက ပန်းတောင်း မင်းသွီးကို သတ်ရန် နန်းတော်အတွင်း
သေတ္တာထဲမှာ ထည့်၍ထားသည်ကို စက်ကြာမင်းကလေး သိ
သောကြောင့် ထန်းရွက်ကို စက်ကြာလုပ်၍ ပတောင်းမတာပ်ပဲး
သာယာဝတီ အိမ်ရှေ့မင်း ရှေ့တော်နိုက် လက်ကိုင်ဒုတ်တံငယ်
ထိုး၍ ပြေးပြီးပြရာ အိမ်ရှေ့မင်းက တူတော်စက်ကြာ မလည်

ပါကလားကွဲ့ ဟုမေးရာ စက်ကြာမင်းကလေးက ပတောင်းမယို လို့ မလည်ပါကြောင်း ဖတွေးတော်ဟု ပြောသောအခါ အိမ်ရှေ့ မင်းက ရိပ်မိဒါနဲ့ နန်းတော်တွင်း ဝင်ပီးတော့ အတင်းရှာဖွေရာ သေတ္တာထဲနိုက် ပန်းတောင်မင်းသွီးတွေ့ရာ အသက်မြော့မြော့ ယိုနေပါသတဲ့မောင်။

ဤအခါ မယ်နုက သူကြံစည်သော အရေးကို ဖျက်သည်ဟူ၍ သာယာဝတီ မြို့စားအိမ်ရှေ့မင်းကို သတ်ရန် နေ့စဉ်ကြံစည်လျက် ယိုပါသတဲ့။ အိမ်ရှေ့မင်းကလဲး သတိပြုလျက်ဖြစ်၍ ရိပ်မိ ကြား သော်လဲး နောင်တော်ဘုရင်နားကို မပေါက်နိုင်အောင် ယိုနေပါ သတဲ့။ အမေတို့ မိဖနွင့်တကွ ရှေးမှီ လုကြီးများ ပြောသံကို ကြား ရသည်မှာ မယ်နုသည် စုန်းမကြီးလို့လဲး ပြောကြတယ်။ မယ်နု ဟာ ရတနာဒီပံ ဆေးဖယောင်းတိုင်ကို စီမံ၍ မီးထွန်းတတ်ပါသ တဲ့၊ နို့ပီးတော့ မယ်နုစီရင်ထားတဲ့ ဒူးလေး ကလေးယိုပါသတဲ့။ အဲးဒီဒူးလေးဟာ လေးတံကတော့ မိုးကြိုးပစ်ချတဲ့ သစ်ပင်က သစ်သားတဲ့ မောင်ရဲ့။ လေးကိုင်းကတော့ လူသေကောင်ကို မီး သင်းဂြိုဟ်တဲ့အခါ ထိုးဆွတဲ့ တံစူးဝါးတဲ့ မောင်ရဲ့။ လေးကြိုး ကတော့ လူသေ၏ ခြေမကြိုး လက်မကြိုးတဲ့ မောင်ရဲ့။ အဲးဒါကို ဂါထာမန္တရားနှင့် စုတ်ရပါသတဲ့။ အဲးဒီလေးကြိုးတင်ရန် လေး တံမှာ အထစ်သုံးထစ်ထားပါသတဲ့။ ပဌမအထစ်ကို လေးကြိုး တင်ယင် ရှင်ဘုရင် သုကို မေ့နေ၍ အပါးကို မလာပါဘူးတဲ့ မောင်၊ ဒုတိယအထစ်ကျအောင် လေးကြိုးတင်ယင် ရှင်ဘုရင် သုအနားကိုလာ၍ မခွဲးမခွာပဲး နေပါသတဲ့၊ တတိယအထစ်ကျ အောင် လေးကြိုးတင်ယင် ရှင်ဘုရင် စိတ်မကောင်းပါဘူးတဲ့

မောင်၊ ရှုးတယ်လို့ ပြောကြဒါပါပဲ။ အဲဒီဟာတေဟာ လေး ကြိုးတင်ထားတဲ့ အခိုက်မှာ ဖြစ်တတ်ပါသတဲ့ လေးကြိုးကို ဖြုတ် လိုက်ယင် ပြေပျောက်၍ ပကတိ အကောင်းပဲရှိပါသတဲ့မောင်။ အဲဒါ အမေတို့တော့ ငယ်ယွယ်သူဖြစ်၍ သိသည်မဟုတ်၊ လူကြီး မိဖတို့ ပြောကြသည်ကို ကြားရ၍ ငါ့သားကို အမေပြောဒါနော်၊ နို့ပြီးတော့ မယ်နုစီကုံးတဲ့ ဘောလယ်သီချင်းတပုဒ်ယိုတယ်၊ ငယ် ငယ်က မိခင်များသင်လို့ ရထားတယ်။ အဲဒီသီချင်း ရေးအုန်း မလား။

ရေးမှတ်ချင်ပါတယ်မိခင်။

ဒါဖြင့် ရေးပေးတော့ဟု ရယ်လျက် ပြောသည်မှာ-

## ဘောလယ်သီချင်း

ထိကရုန်းဖို လက်ပံစေးနှင့် သင်းပေါသျှားစေး
ကောက်ညင်းဆန် မှော့သေတကောင် တောင်
ကြားလိပ်ကိုလေး ပေါင်းကြိတ်ရပြန်။ အသာလူး
ပါလို့-ဖြူးကာမန် ကညာမယ်-ဟန်ပ ထင်မိ
သေး သင်ဗွေတွင်းမှာတဲ့ အလင်းဖျော် မင်း
ကတော် အိုအမူခြားတယ်- (  ) စေတဲ့ဆေး။

အဲဒီသီချင်း ငါ့သား ဉာဏ်ယှိသလို အဓိပ္ပာယ်ကို ကြံလို့ ယူပေတော့၊ မင်းက သေသေချာချာ မှတ်ချင်တဲ့လူကိုကွဲ့၊ ဒါ ကြောင့် အမေလဲ မှတ်မိသမျှ ပြောပြရဒါပဲ သားရဲ့။

ကိုင်း ဟော ထမင်းပွဲရောက်လှာပီ၊ ငါ့သား ထမင်းသုံးဆောင်ပေအုန်းတော့။

သည်းခံပါတော့ မိခင်၊ မိခင်သာ သုံးဆောင်ပါတော့။

ဘယ့်နှယ် သည်းခံရမတုန်းမောင်ရဲ့၊ ဘယ်မှာသွားပီး စားအုန်းမလို့လဲ။

တည်းအိမ်က ချက်ထားပါလိမ့်မယ်။

ဘယ်အိမ်မှာ တည်းပါသလဲးကွဲ့။

ချောင်းအုပ်ကြီးအိမ်မှာ တည်းပါတယ်မိခင်။

အော်-ရှေးကမြန်မာမင်းလက်ထက်တော်က ချောင်းအုပ်ပါပဲးကိစ္စမရှိပါဘူး အမေကကျွေးလို့ စားခဲ့ရတယ်လို့ ပြောပြယင်ငါ့သား အပြစ်မရှိပါဘူးကွဲ့၊ သုခမာ အင်မတန်မှ ပြန်နေရှာတယ်၊ အမေကပဲး ကြည့်ရှုနေရတယ်၊ ဟိုမှာမစားလေနဲ့ အမေ့အိမ်ကြီးမှာလှာ၍ တဲးပါ၊ ဟောဟို အိမ်ဦးခန်းမှာနေပါ ချမ်းချမ်းသာသာ နေရောပေါ့၊ ငါ့သား ဘယ်လောက်ပဲးကြာကြာ အမေဝန်မလေးဘူး အမေ့အိမ်ကြီးကိုကြည့် စေခိုင်းတဲ့ အစေခံများကိုကြည့် ဘာမှ အားနာစရာမယှိပါဘူးကွဲ့။

ကောင်းလှပါပီမိခင် သို့လို အမိန့်ရှိတော်မူဒါ အင်မတန်မှကျေးဇူးကြီးလှပါတယ်၊ မိခင်ရင်းကို တွေ့ရဘိသကဲ့သို့ အလွန်မှဝမ်းမြောက်လှပါတယ် ခင်ဘုရား။

ကိုင်း ထထ ထမင်းဟင်းအေးကုန်မယ်၊ လာ-အမေနဲ့အတူတခါတည်းစားဒါပေါ့။

ဟင်းလျာတင်သော သုံးချောင်းထောက်က သားရိုးပန်းရွှေချမှန်တွတ်ကွက်စီ ထမင်းပွဲတင်သော သုံးချောင်းထောက် ခုံက

ရွှေဇဝါပန်းနဲ့ လက်ဆေးခွက်က ရွှေဇဝါပန်းနဲ့ ရွှေဖလား ရေသောက်ခွက် တင်တဲ့ကလပ်က သားရိုးပန်း မှန်တွတ်ကွက်နဲ့ လှပါပေ့။ တသက်တခါ မြင်လဲမြင်ရပေ မိခင်ရယ်။

ရဲရဲသာ စားပါမောင်ရဲ့၊ ဘာတွေရှောက်ပြီး အံ့ဩနေသလဲ ခုအခါ အမေတို့ ကျွဲလောက်ယှိနေဒါပါမောင် အရိုးအစဉ် မပျက်ရုံ ယှိပါတော့တယ်၊ ဒါလောက်ကြားရမြင်ရယင် ငါ့သား သိရောပေါ့။

မိခင် အမိန့် မယှိသော်လဲ သတိတော့ ပြုလျက် ဖြစ်ပါ ကြောင်းပါ။

အမေတို့ မြို့နယ်မှာ အကောင်းဆုံးဆန်ကို ချက်တဲ့ထမင်းပဲ မောင်ရဲ့။ ဟောဒါက မောင်တို့ အောက်မှာယှိမယ်မထင်ဘူး။ ရွှေ စာရေးကထွက်တဲ့ ယဉ်ဘောင်စာဆိုတဲ့ ငါးကလေးကြော်၊ ဟော ဒါက ရေပိုးကောင်ကို ငါးဆုပ်ကဲ့သို့ ပြုလုပ်ချက်တဲ့ ချဉ်ဟင်း၊ အမေတို့ မြမှာဧကရာဇ်မင်းမြတ် ယှိစဉ်တုန်းကဖြင့် တော်ဆက်ရ တဲ့ဟင်းပေါ့ မောင်ရယ်။ ဟောဒါက ကြွေင်းကြော်၊ ဒါက ယုန် သားကြော် ဒါက ခါသားကြော် ဒါက ဝက်သနီဟင်း ဒါက ဟင်းချိုရောယှိရောရာ အရွက်များ ဆူးပုတ်ကလေးလဲပါရဲ့၊ ဒါက ကုက္ကိုရွက်သနပ် ဒါကမြေင်းယင်း ငါးပိချက် မြိန်မြိန်သုံး ဆောင်ပါသားရယ်၊ အောက်အရပ်လိုတော့ အမေတို့ဆီမှာ အမြှုပ် တော့ မသုံးကြဘူး၊ ငါးပိချက်ချည်း သက်သက် စားကြဒါပဲ သားရယ်။

ရေပိုးကောင်ဆိုဒါ ဘယ်အရပ်က လှာဒါပါတုန်းမိခင်။

အောင်မယ်ရေပိုးကောင် ရခြင်းကပေတဲ့ အတော့်ဆန်းတယ် တလမှ တခါရတယ် တလတခါဆိုပေမဲ့ လပြည့်နေ့မှာမှ ရသတဲ့

မောင်၊ ထမင်းစားရင်း ပြောရအုန်းတော့မယ် အမေတို့မမြင်ရဘူး။ သူတို့ ရှာသူ ရောင်ဘုများပြောကြဒါမှာ တောင်ကြီးအရပ်ဆိုဒါ ယှိတယ်၊ ဒီအရပ်မှာ နေတဲ့လူများကို တောင်ကြီးသားလို့ ခေါ်ကြတယ်။ သူတို့နေတဲ့ တောင်ကြီး ပတ်လည်အတွင်းမှာ ရေအိုင်ကြီးယှိသတဲ့ ရေလဲးအင်မတန်ပဲးကြည်သတဲ့ အမှိုက်သစ်ရွက်သစ်ခက်ဆို၍ မယှိဘူးတဲ့၊ အင်မတန်သန့်ယှင်းသတဲ့။ လပြည့်နေ့ညကျယင် ကျောက်ကြားထဲက ပိုးကောင်များ ထွက်ပီးတော့ များစွာ ရေပေါ်နှိုက်ကူးသန်းမြူးထူးကြပါသတဲ့။ သည်အခါ တောင်ကြီးသားများဟာ နတ်ကို တောင်းပန် ပူဇော်ပြီးတော့ ဇန်းကိုဖြစ်စေ၊ ဆန်ကောကိုဖြစ်စေ၊ ရေစပ်မှာချထား၍ဖယောင်းမီးတိုင်ထွန်းထားပီးတော့ လူများတော်ရာက ရှောင်ပီး ကြည့်နေ ရပါသတဲ့။ ပိုးကောင်များဟာ မီးယှိရာဆန်ကောထဲး ဇန်းထဲးသို့ ခုန်ပီးတက်နေကြသတဲ့၊ တက်တဲ့ ပိုးကောင်များ တပြည်ခန့် တခွက်ခန့်ယှိယင် သွားကျုံးယူပီး ထားရပါသတဲ့၊ ညဥ့် ၃-ချက်တီးခန့်ယှိယင် ပိုးကောင်များ မထွက်ကျတော့ဘူးတဲ့၊ အဲးဒါ အချို့တတင်းခန့်၊ အချို့ တခွဲ၊ တစိတ်ခန့် ရသည်တို့ကို အမြန်လှာ၍ဈေးမှာ ရောင်းချကြတယ်။ အဲးသည်ပိုးကောင်က ချိန်ရောင်းတာမဟုတ်ဖူးမောင်ရဲ့၊ ရှားယင် တပြည်ကို ငါးမတ်တကျပ်ပေးရတယ်၊ ပေါယင် ငါးမူး၊ သုံးမတ်ပေးရတယ်။ သေသေချာချာ စားကြည့်ပါ၊ ဆိမ့်တဲ့အရသာယှိပါတယ်။ အမေတို့တော့ ငယ်ငယ်က စားလှာကြဒါဖြစ်တော့ အထူးပြောဖွယ်မယှိဘူး။ ငါ့သားများတော့ အခုမှစားရဒါ မင်းသုံးမင်းဆောင်ပဲးမောင်။

တမျိုးပဲး အရသာယှိပါပေတယ် မိခင်။

အို တော်ပလားတွဲ့၊ ဘာမှ မစားပါကလား။

တော်ပါပြီမိခင် ဟင်းလျာတေက အတော်များဒါနဲ့ ဟင်းလျာတခွက်ကို ၃-ကြိမ်မျှ စေ့အောင်။ မနှိုက်နိုင်ပါ အလွန်မ အရသာယှိလှပါတယ်၊ အင်မတန် မြိန်ပါတယ် မိခင်။

ဟဲ့ အချိုပွဲး

မှန်ပါဘုရား

ကိုင်း အချိုပွဲး စားအုန်းသောက်အုန်းကွဲ့ မောင်တို့အောက်ပြည်မလို ကုလားခြောက်တော့ မဟုတ်ဖူး အမေတို့ဆီမှာ ပလောင်ခြောက်ပဲး သောက်ကြတယ်။ ဟော ပဲးလှော်ကြော်၊ ယုန်သားကြော်၊ ငါးကြော်၊ ကရေကရာ၊ ထညက်ဖြူ သီးမွှေးငှက်ပျော၊ ဇောင်းလျားလက်ဖက်သုတ်များ အလိုယှိရာ စားပါသောက်ပါ။

ကောင်းပါပီမိခင် ထူးထူးထည်ထည် စားရ သောက်ရဒါဝမ်းမြောက်လှပါတယ်။

နို့ မောင် သည်က ဘယ်ကိုသွားဘို့ ယှိပါသေးသလဲး။

အမေ့သား ဖိုးဝန်းတောင်ကို သွားလိုပါသေးတယ်မိခင်။

အင်း ဖိုးဝန်းတောင်ဆိုဒါ တောင်ထူး တောင်မြတ်ပေပဲး၊ တသက်တခါတော့ ရောက်ဖို့ကောင်းတဲ့ တောင်ကြီးကွဲ့၊ ရောက်တော့ အံ့ဩစရာတွေ တွေ့လိမ့်မယ်။ သွားလိုတဲ့ နေ့ကို အမေ့ပြော၊ အမေ ဟိုဖက်ကမ်းမှာ လှည်းနဲ့ လိုက်ပို့ရန် စီမံပေးလိုက်မယ်။ လမ်းစခမ်းမှာ ချမ်းချမ်းသာသာ သွားရရောပေါ့။ နို့ ငါ့သား မယ်နုအကြောင်းကို ဘာလုပ်ဖို့ သည့်လောက် ကြီးကြီးပမ်းပမ်း မေးမြန်းပီး သေသေချာချာ မှတ်ရပါသလဲးကွဲ့။

ကျွန်တော်များ တဆင့်စကား ကြားရဒါနဲ့ ရုပ်သေးတို့ ဇာတ်တို့ ကပြဒါ မြင်ရဒါနဲ့ ဟုတ်မဟုတ်ကို အသေအချာသိလိုပါ၍ စုံစမ်းမှတ်သားခြင်း ဖြစ်ပါတယ်မိခင်။

မယ်နု အကြောင်းဟာ အတော်ရှုတ်သားကွဲ့၊ စီကာစဉ်ကာတော့ အမေ မပြောတတ်ဖူး မှတ်မိဒါပြောပြရဒါးပဲ။ ဟို အင်းဝမြို့ ဟံသာဝတီ တံတားတဲ့၊ တံတားဦးသွားတဲ့ အုတ်တံတားလမ်းမကြီးဟာ စလင်းမင်းသားကြီး မောင်အိုငယ်၏ ကောင်းမှုပ၊ တံတားကြီးတဘက်ထိပ်မှာ အုတ်ဂူနှင့် ကမ္ပည်းကျောက်စာထိုးမှတ်လျက် ယှိတယ်၊ တံတားဦး စေတီတော် အဖူးအမျှော်မယ်နုထွက်တဲ့အခါ မောင်အိုငယ်ပါရသတဲ့၊ နှင်းဆီခြံဥယျာဉ်တော် ပျော်ပါးရန်ထွက်ယင် မောင်အိုပါရပါသတဲ့၊ စစ်ကိုင်းမြို့ပျော်ပွဲ ထွက်ယင်လဲး မောင်အိုပါရပါသတဲ့၊ ရွှေကြက်ယက်ထွက်ယင်လဲး အတူတူပဲးတဲ့။ အုတ်ကျောင်းတော်ကြီး ဆောက်လုပ်ရာထွက်ယင်လဲး အတူပဲးတဲ့။ မိမိတို့ ဇာတိ ရေဦးမြို့ ဖလံခုံရွာမှာ ကျောင်းတော်ကြီးများ သွားလို့ ဆောက်တဲ့အခါ အတူတူပင်သွားကြပါသတဲ့၊ နို့ပေမဲ့ ဆောက်တဲ့ ကျောင်းတော်ကြီးအပြီးမသတ်ဖူးလို့ လူကြီးများပြောကြတယ်။ ကိုင်း အညောင်းအညာပြေ ယောဟိုအခန်းမှာ တုံးလုံးပက်လက် အိပ်ပေအုန်းတော့၊ သွားရန် ကိစ္စယှိယင် သွား၊ မိမိပစ္စည်းများပါယင် တပါထည်းယူခဲ့ အမေ့ဆီမှာ ချမ်းသာစွာ တည်းခိုနေပါ သားရယ်၊ လောကမှာ ထမင်းဆိုင်မှာ စားသောက်တယ်ဆိုဒါ အင်မတန် အချိန်မဟုတ် အခန့်မသင့်မှ ဖြစ်စေရတယ်။ ယောကျ်ားကောင်းရယ်လို့ ဖြစ်လှာမှဖြင့် မြို့ရွာကို ရောက်ယင် တနည်းနည်းတော့ မိတ်

ဆွေသင်္ဂဟ တွေ့ရမြဲ မမွတာဖြစ်တယ်၊ တည်းခို နေထိုင်ရသည် ဆိုရာမှာလဲ အိမ်ကျယ်လို့ စိတ်ကျည်းယင် မကောင်း ဘူးကွဲ့။ အိမ်ကျဉ်လို့ စိတ်ကျယ်ယင် ကောင်းတယ်၊ အမေ့ အိမ်မှာ အိမ်လဲ ကျယ်တယ်၊ စိတ်လဲ ကျယ်ကျယ် နေရတယ်လို့မှတ်။ ကိုင်း အမေလဲ တရေးအိပ်အုန်းမယ်။

ဟဲ့ ဟိုမှာ ရေတံခေါင်း ထွေးခံ မျက်နှာသုတ်ပဝါများနော် ရေချိုးခန်းကို ပြနော်၊ အချိန်နဲ့ အချိုအချဉ် လက်ဖက်ရေနော်၊ ညစာ ထမင်းနော် ကြားလား။

မှန်ပါဘုရား။

ထိုအိမ်ကြီးနှိုက် ငါးရက်ခန့်မျှ တည်းခို၍ ဖိုးဝန်းတောင်နှင့် တကွ အရပ်ရပ် ဗဟုသုတများကို စုံစမ်းပြီးနောက်၊ မိခင် ကျွန် တော်များ ကြေးမုံမြို့သို့ သွားလိုပါကြောင်း၊ မိခင်ကို ရှိသေ မြတ်နိုးပါသဖြင့် ငွေတဆယ် ကန်တော့ပါရစေ၊ သည်းခံတော်မူပါ မိခင်။

ဘာလုပ်မဲ့ ငွေတဆယ်ကန်တော့ရဒါလဲ မောင်၊ အမေမလိုချင် ပေါင်၊ ငါ့သား စာရိတ် ပြုသွားပါ၊ ပြန်ယူ။

မိခင်အိမ်မှာ စားသောက်နေရတဲ့အတွက် ရည်မှတ်ကန်တော့ သည် မဟုတ်ပေါင်ပါ။ မိမိကျေးဇူးရှင် မိခင်အရင်းကဲ့သို့ မှတ်ပါ ၍ ကန်တော့ပူဇော်ခြင်း ဖြစ်ပါတယ် မိခင်။ လက်ခံတော်မူပါ။

အော်-ဒါလိုလား။ ကောင်းပီ ကောင်းပီ။ ချမ်းသာပါစေ။ ချမ်းသာပါစေ။ သွားလေရာရာတို့နှိုက် သူတော်ကောင်းများကို တွေ့ပါစေ။ မောင်ကန်တော့တဲ့ငွေကို အမေ မသုံးဘူးနော်။

ငါ့သားလဲး အကျိုးယို့။ အမေလဲး အကျိုးယို့ဆိုသလို ဆုတောင်း ပြည့်ဘုရားကို ရွှေသက်နှံး ကပ်လှုလိုက်မယ်နော် ကြားလား။ သာဓုသာ ခေါ်သွားပေတော့။

ကောင်းလှပါပီ မိခင်။ သာဓုပါ ခင်ဘုရား။ သာဓု-သာဓု-သာဓု။

ဟဲ့-တယောက် လာစမ်း။ ငါအိပ်တဲ့အခန်း ယွန်းဖာထဲက ယောပဆိုးတထည် ထုတ်ခဲ့စမ်း။ ။ ဟောဒီယောပဆိုး ငါ့သား ဝတ်ရန် အမေ ချီးမြှောက်လိုက်တယ်။ သည်ပဆိုး အမေတို့မြို့မှာ အစိတ်တန်တယ်။ မန္တလေးကျတော့ ၃၀-၃၅ ကျပ် တန်တယ်။ မောင်တို့ အောက်မြို့ရောက်တော့ အဖိုး ၄၀-၅၀ ကျပ် တန်သတဲ့။ ငါ့သားကို အမေပေးလိုက်ရတာ ဝမ်းမြောက်လှပါတယ်။ တသက်တခါဆိုသလို တွေ့ကြရတာ နောက်ကိုလဲး တွေ့ကြရလိမ့်မယ်ဟု မြော်လင့်ကြပေတဲ့ အကြောင်းမညီယှိခဲ့ယင် တွေ့နိုင်ကြမယ် မဟုတ်။ သခါရတောနော်။ အမေ အသက် ၇၀ ယှိပြီ။ နောက်နေရယင် ငါးနှစ်ပဲး။ ဤမျှသာ အမေ့ကိုယ်ကို အမေ ခန့်တွက်ထားတယ် သားရယ်။ ကြေးမုံကိုရောက်ယင် မင်းသားကြီး မောင်မောင်ဥဆိုတာ ယှိတယ်။ အဲး သူ့အိမ်မှာ အမေက လွှတ်လိုက်ပါတယ်လို့ ပြော။ ချမ်းသာစွာနေရလိမ့်မယ်။ ဟဲ့-တယောက် လာစမ်း၊ မီးရထားရုံ လိုက်ပို့၊ လက်မှတ်ခံပေး၊ ရထားပေါ် ရောက်အောင် တင်လိုက်နော်။

မှန်ပါဘုရား။

ကြေးမုံရွာရောက်သောအခါ မင်းသားကြီး မောင်မောင်ဥ အိမ်မှာ တည်းခိုရသည်။ မိဖအိမ်ကဲ့သို့ ကောင်းစွာ စားသောက်နေထိုင်ရပေသည်။

မယ်နုအကြောင်းကို စုံစမ်းရာ မုံရွာမြို့က မှတ်သားချက်ကဲ့သို့ မင်းသားကြီးက ပြောပြခြင်းသည် ထပ်တူဖြစ်ပေသည်။ ဖိုးဖွား မိဖတို့ ပြောသည်ကို မှတ်သားရကြောင်း မိန့်ဆိုချေသည်။ သို့သော် မင်းသားကြီး ပြောပြသော စကားတခု ထူးသည်မှာ လောကမှာ "ဖွတ် မိကျောင်းဖြစ်ယင် မြစ် မချမ်းသာ" ဆိုကြသော စကားပုံ ယိုသည်။ မိကျောင်းစစ်စစ်မှာ လျှာမရှိသောကြောင့် စားသော အစာမှာ အရသာ မပေါ်။ အစာကို ဝမ်းပြည့်အောင် မျိုလို့သာ သွင်းရသည်။ ဖွတ်မိကျောင်းမှာ လျှာယို၍ စားသောအစာမှာ အဆိုးအကောင်းသိသဖြင့် အရသာယိုရာ လိုက်၍ စားတတ်သော ကြောင့် ရေနိုက်ယိုတဲ့ တိရစ္ဆာန်များ မခံနိုင်။ မြစ်ချောင်းနိုက် သွားလှာကြသော လှေငယ် တက်စင်းကလေးများကို လိုက်တတ် သောကြောင့် ပျက်စီးသေဆုံး၍ မိကျောင်းစာဖြစ်ကြသဖြင့် မြစ် မချမ်းသာဟု ဆိုကြသည်။

လူများမှာ ယုတ်သောအမျိုးမှ လူတို့ အထွတ်အထိပ်ဖြစ်လှာ သော် ငါ့ပြင် မင်းမယ်ိုဟု စိတ်ထင်တိုင်း ကျင့်ချင်သလို ကျင့်၊ လုပ်ချင်သလိုလုပ်၊ ပြောချင်သလိုပြော။ အရမ်းမဲ့ စီမံပြုလုပ်တော့ အမှုထမ်း အရာထမ်း၊ ပြည်ရွာ ဆင်းရဲသားတို့ ပျက်စီးလျက် မချမ်းမသာယိုကြခြင်းသည် အမျိုးအရိုးမမှန်သော အမျိုးအရိုး မစစ်သော တရားမဲ့သောသူတို့ အုပ်စိုးခြင်းခံရသောကြောင့် ဖြစ် ချေသည်။ ထမိဖုံးလွှမ်းတော့ အတောင် ၂၀ ယိုတဲ့ ပဆိုးဟာ ကွယ်ပျောက်နေရဒါပေါ့ မောင်ဟု မိန့်ဆိုချေသည်။

ဂုင်းမင်းသားကြီး မောင်မောင်ဥသည် မုံရွေးဆရာတော် ဘုရား၏ အနွယ်ဖြစ်သည်။ ရွှေတိုက်ဝန်သား ဖြစ်ကြောင်းပြော ကြ၏။

ကြေးမုံ မုံရွေးမှာ ၃-ရက်မျှ ဗဟုသုတများကို စုံစမ်းပြီးသော် ချောင်းဦး ဆယ်ရွာသို့ သွား၍ ရွှေတောင်တောရကျောင်း ဆရာတော်ဘုရားထံ ဆည်းကပ်၍ မယ်နုအကြောင်း မေးရာ သာမညလောက် မှတ်မိသည်ကို မိန့်တော်မူရာ မုံရွာက မှတ်သားချက်အရ ဖြစ်ပေသည်။

၎င်း ချောင်းဦး ဆယ်ရွာမှာ တရက်မျှနေ၍ စကိုင်းမြို့ ၎င်းက အင်းဝ တံတာဦး ၎င်းက မိတ္ထီလာ ၎င်းက မြင်းခြံမြို့ မြင်းခြံမြို့မှ မယ်နုနှင့် ဆွေမျိုးနွယ်စပ်လျက် ဖြစ်သော ဖုန်းတော်ကြီး တပါး ထနောင်းတိုင် ရွာနှုက် သတင်းသုံးနေကြောင်း သတင်းရသည် အတိုင်း ထနောင်းတိုင်ရွာသို့ သွားသည်။

ထနောင်းတိုင်ရွာသို့ ရောက်သည့်အခါ စုံစမ်းရာ ထနောင်းတိုင်ရွာသည် ရှေးအခါက သင်းဘောဆိပ်ကမ်းကြီးဖြစ်၍ ထနောင်းတိုင်မြို့ကြီးဟု ခေါ်ရသည်။ မြို့သူကြီးအုပ်စိုးလျက် မြန်မာဘုရင်လက်ထက်က ယှိသည်။ ယခု ထနောင်းတိုင်ရွာ ဖုန်းတော်ကြီး သတင်း သုံးသော ကျောင်းတိုက်ကြီးကို မီးလောင်ကျွမ်းရာ ပါသွား၍ တံတိုင်း မီးတားအတွင်းမှာ ဝါးဇလီသတ် ကျောင်းငယ်ကလေးနှင့် သတင်းသုံးလျက် ယှိချေသည်။

ဖုန်းတော်ကြီး သက်တော် ၆၀-ခန့် ယှိလိမ့်မည် ထင်သည်။ ခြေတော်ရင်းသို့ ချဉ်းကပ်၍ မယ်နုအကြောင်းကို လျှောက်ထား မေးမြန်းရာ ဖုန်းတော်ကြီးက ဟဲ့တကာ မယ်နုမိဖုရားကြီးသည် သာမည မိန်းမ မဟုတ်ဖူးနော် သိလား၊ အလွန်တရာ ဖုန်းကြီးတဲ့

မိန်းမဖြစ်တယ်နော်သိလား၊ မယ်နုသည် အမရပူရမြို့ မြောက်ပြင် တံခါးဗိုလ်မင်းအိမ်နှိုက် မှီခို၍ နေရသကိုကွဲ့သိလား၊ အဲးဒီတံခါး ဗိုလ်အိမ်မှာ နေပီးတော့ ညအခါ ဖက်စိမ်းလိပ် ရောင်းချ နေရသ ကိုကွဲ့ သိလား၊ တခါတော့ မယ်နုဝတ်တဲ့ ထမီနေလှန်းထားရာမှ လေပွေကြီး တိုက်ခတ် ယူဆောင်သွားရာ အမရပူရ နန်းတော် ပြသာဒ်မှာ ရစ်ပတ်နေဒါကိုကွဲ့ သိလား။ အင်မတန်ဖုန်းကံကြီးတဲ့ မိန်းမဖြစ်သောကြောင့် မိဖုရားခေါင်ကြီး ဖြစ်ပေဒါကိုကွဲ့သိလား။

ဖါးရာဇာတိနှင့် ငယ်ရွယ်စဉ်က အကြောင်းများကို မသိပါ ဘူးလားဟု လျှောက်ပြန်ရာ။

ဟဲ့-ငယ်စဉ်က အကြောင်းကို ငါမသိ၊ အခု ငါပြောပြတဲ့ အကြောင်းကိုမှ အများတကာ ပြောဆိုကြဒါကို ငါကြားဘူး၍ ထူးသောအကြောင်းဖြစ်လို့ ငါမှတ်သားထားသည်။ အင်မတန် ဖုန်းကြီးတဲ့မိန်းမကွဲ့ သိလား။

## ၂-ချိုး

သိလား-သိလားနဲ့၊ ဖုန်းဘုရား မိန့်ရွှေဗျာ၊ မှတ်<br>
စရာတထစ်။ ။ ထမီလေယူသယ်လို့၊ ပါသာဝယ်<br>
ရစ်ကာဖုံးတာနဲ့၊ မိဖုရားခေါင်ဖြစ်လှာတဲ့ထုံးကို<br>
ဖုန်းကမိန့်လှစ်။ ။

ဤလေးချိုးကလေးကို ရေးပြီး ဖုန်းတော်ကြီးကို ကပ်ရာ ဖုန်းတော်ကြီးက အောင်မယ် တကာ ကဗျာ ကလေးများ ရေး တတ်သကိုး၊ ကောင်းဘိခြင်း ကောင်းဘိခြင်း ကျက်ထားရအုန်း မယ်သိလား။

တကာ ဘယ်အရပ်ကတုန်း။

တပည့်တော် ရန်ကုန်မြို့မြောက် မော်ပီမြို့ကပါဘုရား။

ရန်ကုန်က ဘာနဲ့ သွားရလဲ။

မီးရထားနဲ့ သွားရပါသည်ဘုရား။

ခရီးဘယ်လောက် ကွာသလဲ။

ခရီး ၂၅-တိုင် ကွာပါတယ်ဘုရား။

အင်းခရီးက တနေ့ခရီး ပြင်းပြင်းသွားရလိမ့်မနော် မီးရထားနဲ့မို့ မြန်မြန်ရောက်ပေဒါပဲသိလား။

တကာနာမယ် ဘယ့်နှယ်ခေါ်ပါသတုန်း။

ဆရာသိန်းကြီးပါတဲ့ ဘုရား။

အသက်မွေးရာ မွေးကြောင်း လျှောက်စမ်း။

အင်္ဂလိပ်များကို မြန်မာပညာဗဟုသုတ သူတို့အလိုယှိရာ သင်ကြား၍ သော်ဂုဏ် ရေးသား၍သော်ဂုဏ် ပေးရပါသည်။ သူတို့ချီးမြှောက်ကြသည်ကို ခံယူ အသက်မွေးရပါကြောင်းပါဘုရား။

အေး အေး ကောင်းပေ့-ကောင်းပေ့ ။ ငါတို့သာသနာပြုမင်းများလက်ထက်ဖြစ်ခဲ့ယင် တကာတို့လိုဟာ မြို့စားရွာစားပေါ့ လကွယ်၊ ငါတို့ ဖုန်းကြီးတောင် သာသနာပြုမင်းမယှိတော့ မြို့ရွာဒါယကာ ဒါယိကာမတို့ သဒ္ဓါတရားကို စောင့်ထိန်းပီးတော့ သာသနာ့ဝန်ကို တတ်နိုင်သလောက် ထမ်းယွက်နေရတယ်နော် သိလား။

မှန်ပါ တပည့်တော် ဦးတင်ပါသေးဘုရား မြင်းခြံမြို့ကို ပြန်ရပါမည်ဘုရား။

အေးအေး ပြန်ပေအုန်းတော့နော် မယ်နုအကြောင်း ငါပြောပြလိုက်တာကို သေသေချာချာ မှတ်သွားပါနော် တကာသိလား။

## စဉ်းစားဖွယ်တား

ရေမြေကို အစိုးရတော်မူသော ဘုရင်မင်းမြတ်၏ စံနေတော်မူသည့် နန်းတော်ပြသာဒ်ကို ယုတ်ညံ့သောထမီ လေပွေတိုက်ရာပါ၍ ရစ်ပတ်နေသည်ဟု ဖုန်းကြီးမိန့်ချက်အမှန်ဖြစ်ပါက မင်း၏ဘုန်းကံ ညံ့ရာရောက်ချေမည်။ သို့ကြောင့် ကားသည်ဟု ဆိုရပေမည်။ ဖိုးတော်မင်းတရားကြီး၏ နေ့စဉ်မှတ်တမ်း နန်းစဉ်ပုရပိုက်ဖြူမူတော်မှာ မယို့ချေ။ ထိုအခါသည် ဖိုးတော်မင်းတရားကြီးလက်ထက်တော် ဖြစ်ချေသည်။

၁၂၇၇ ခု နယုန်လတွင် မော်ပီမြို့နေ ဘယဆေးကုန်သည်ကိုအံ့ဇာသည် ဘုရားကြီးဖုန်းတော်ကြီးနှင့် ရွှေဘိုစီရင်စု မြေဒူးမြို့အောက်တိုက် တံဆည်ရွာသို့ လိုက်ပါသွားရာ၊ နန်းမတော်မယ်နုအကြောင်းကို စံစမ်းမှတ်သားခဲ့ရန် မှာလိုက်သည့်အတိုင်း ကိုအံ့ဇာလည်း ဗဟုသုတ လိုလားသူဖြစ်၍ ရေဦးမြို့ ဖလံခုံရွာများသို့ ကိုယ်တိုင် သွားရောက်စုံစမ်း မှတ်သားခဲ့သည်ကား။

မယ်နုသည် ဖလံခုံရွာ ဇာတိဖြစ်သည်။ အရွယ်မရောက်မီက မိဘနှစ်ပါး သေဆုံးသည်။ ၎င်းအမိ၏မောင်ဖြစ်သူ ဝရီးဦးကွန်

မယ်ယုမ်းတို့ထံ မယ်နုမိဘတို့မသေမီက မယ်နုကို အပိုင်ပေးခဲ့သည့် အတိုင်း သို့မီးကဲ့သို့ ကျွေးမွေးထားကြလေသည်။

ဤအခါ အလွန် ဆင်းရဲကြသောကြောင့် ဖလံခုံရွာအရှေ့ မူးချောင်းအနီး မုန့်လှ ပင်စိမ်းခင်းရွာမှ ခရမ်းသီးစသော ဟင်း သီးဟင်းရွက်များကို လှည်းတစီးနှင့်တင်၍ တူဝရီး ၃ ယောက် ရေဦးမြို့ဈေးသို့သွား၍ ရောင်းချစားသောက်နေကြရာ နောက် ခရီးအကြားနှိုက် လှည်းနွားများကို ဒါးပြတိုက်ယူသဖြင့် လုပ် ကိုင်စားသောက်နိုင်ရန် လက်မဲ့ဖြစ်နေကြသောကြောင့် မကြံနိုင် အောင် ယိုနေကြသည်။

နောက် အင်းဝမြို့သို့ တူဝရီး ၃ ယောက်တို့သည် အသက်မွေး ဝမ်းကျောင်း လှာကြပြီးလျှင် အင်းဝမြို့ သွေးသောက်ကြီးထံ ဝင်ရောက်ခိုကပ်ကြရာ သွေးကြီးသွေးသောက်တို့က သင်္ဂဟတရား ဖြင့် သနားသောကြောင့် ဒိုင်ခွက်ငွေ ၄ ကျပ် ၅ ကျပ် စသည် အရင်းအနှီး ထောက်ပံ့ကြသည်အတိုင်း မယ်နုသည် ငါးစိမ်းသည် အဖြစ်နှင့် ငါးပုစွန်များကို ခေါင်းယွက်၍ မြို့တွင်းမြို့ပြင် လှည့် လည်ရောင်းချ အသက်မွေးကြရလေသည်။

တနေ့သန္နိုက် နောင်တော်ဘုရင်သည် ဥကင်တော်ဖွင့်သောအ ခါ မှန်ပြောင်းတော်နှင့် ရှုစားတော်မူခိုက် မယ်နုသည် ရှေ့တော် နှိုက် ဖြတ်သန်းသွားရာ ငါးထည့်သော ခေါင်းယွက်ဗျတ်နှိုက် ငါးကို ငှက်စွန်ထိုးသုတ်ယူရာ ခေါင်းပေါ်မှ ငါးဗျတ်သည် မြေ ပေါ်သို့ မှောက်ကျ၍ မိမိငါးများကို ကောက်ယူနေရာ ရှေ့

တော်ပြေးတို့က ဟဲ့-သူငယ်မ ဘုန်းတော်ကြီးဘုရား ထွက်တော်မူလာတာ မသိဘူးလား။ ရှားဘိဟု အော်ငေါက်ကြသည်။ မယ်နုလည်း ကြောက်ရွံ့သောကြောင့် ပုန်းကွယ် နေရသည်။ ဤအခါ နောင်တော်ဘုရင်က ဟဲ့-မငေါက် မအော်ကြနှင့်။ သူ့ငါးကို ကုန်အောင် ကောက်ယူပေးစေ။ မိန့်တော်မူသောအခါ မယ်နုသည် မိမိငါးများကို အကုန်ကောက်ယူပြီးလျှင် လှည့်ပတ်ရောင်းချပြီးသော် နေအိမ်သို့ ပြန်လေသည်။

နောက် ဥကင်တော်ဖွင့် ရုပ်သိမ်းပြီးသောအခါ မျှားမကြာမီ ငါးစိမ်းရောင်းသော သူငယ်မကို ရှာ၍ နန်းတော်သို့ သွင်းစေဟု နောင်တော်ဘုရား အမိန့်တော်မြွက်နှင့် မင်းစေလုင်တို့ ရှာဖွေစုံစမ်းရာ သွေးကြီး သွေးသောက်အိမ်နှိုက် တွေ့သဖြင့် အမိန့်အတိုင်း ပြောပြရာ သွေးကြီး သွေးသောက်နှင့် ဝရီးဖြစ်သူ တို့က အကြောင်းကို မသိ၍ ကြောက်ရွံ့ခြင်း ဖြစ်ကြသောကြောင့် အမိန့်တော်မြွက်အတိုင်း ဦးထိပ်ယွက် ပါမည်ဟု ဝန်ခံ လိုက်ပြီးနောက် နန်းတော်သို့ မပို့မသွင်းပဲ နေကြလေသည်။

နောက် ငါးစိမ်းရောင်းသော သူငယ်မ ဝတ်ဆင်ရန် ဝတ်သန့်ဝတ်ကောင်း ပုတီး နားညှောင်း လက်ကောက် လက်ဝတ်စသည်များတို့ကို ယူစေ၍ သူငယ်မကို ဝတ်ဆင်စေပြီးလျှင် နန်းတော်သို့ ခေါ်ဆောင်ခဲ့ရမည်ဟု အမိန့်တော်နှင့် ထပ်မံစေလွှတ်သောအခါ သွေးကြီးသွေးသောက်နှင့် ဝရီးတို့ လင်မယားပါ နန်းတော်သို့ ဝင်ရောက် ဆက်သရလေသည်။ ဤအခါ နောင်တော်ဘုရားက အပျိုတော်အဖြစ်နှင့် နန်းတော်တွင်း နှိုက် ခစား

စေသည်။ ထိုအခါ မယ်နုသည် အသက် ၁၃-နှစ်ဖြစ်သည်။ အရွယ်ရောက်သောအခါ ခြေတော်တင်ကြောင်း။

ဤင်းအကြောင်းကို ဖလံခုံရွာဇာတိ ပဝတ္တိ ထူးထဲးရွာနေ ဖိုးရေးဆိုသူ ပြောပြသည်ကို မှတ်သားရဘူးသည်ဟု တံဆည်ရွာနေ အသက် ၇၀-ယို ကျောင်းဒါယကာ ဦးဆပြောပြလိုက်သော မှတ်သားချက်ဖြစ်သည်။

## စဉ်းစားဖွယ်

၁။ အင်းဝမြို့ နောင်တော် ဘုရင် လက်ထက် မယ်နုသည် အသက် ၁၃-နှစ်ယွယ်တွင် နန်းတော်မှာ အပျိုတော်အဖြစ်နှင့် ခစားစေသည်ဆိုသော် စကားသည် ယုတ္တိမတန် အကြောင်းသော်ကား၊ နောင်တော်ဘုရင်သည် အမရပူရမြို့ အိမ်ရှေ့မင်းအဖြစ်နှင့် မယ်နုကို သိမ်းပိုက်တော်မူသည်။ အထွက်အမြတ်သို့ ရောက်သည့်အခါ မယ်နုကို မိဖုရားကြီး တင်မြှောက်တော် မူပြီးနောက် အင်းဝမြို့ကို ရတနာပူရ စတုတ္ထမြို့တည် မင်းတြားကြီး အမည်ကို ခံတော်မူ၍ ရွှေ့ပြောင်းစံနေတော်မူသည်။

၂။ ဥကင်တော် ဖွင့်ဆိုရာမှာ ကြီးကျယ် ခမ်းနားသောအရာဖြစ်သည်။ တနှစ်တကြိမ် မြေးနန်း ရာဇပလ္လင် တော်ကြီးပေါ်တက်၍ ဘုရင်မင်းမြတ်တို့သည် ဗြဟ္မာမင်း၏ တန်းဆာကို ဝတ်ဆင်ရသည်။ မိဖုရားကြီးမှာ မာလိကာ တန်းဆာကို ဝတ်ဆင်လျက် နိုင်ငံတော်အတွင်းယို အမှုထမ်း၊ အရာထမ်း၊ ဝန်ကြီးမှူးကြီး၊ စော်ဘွားကြီးတို့မှ စ၍ အပူဇော်၊ အကန်တော့ကိုခံ

တော်မူသော အခမ်းအနားဖြစ်သည်။ အမှုထမ်း၊ အရာထမ်းမှာ နေရာငါးသွယ်နှိုက် တဆဲ့သုံးတန်းအလိုက် နေထိုင်ခစား ကန်တော့ကြရသည်။

ဝင်းတော်မှူးကြီး ၄-ယောက်တို့သည် စတုမာဟာရာဇ် နတ်မင်းကြီးတို့၏ အဆင်တန်းဆာမျိုးကို ဝတ်ဆင်လျက် ပတ္တမြားကျောက်စီ မားတော်ကို စွဲးဆင်ပြီးသော် မြေနန်း ပြာသာဒ် သီဟာသန ရာဇပလ္လင်တော်၏ ၄-ထောင့်နှိုက် မတ်ရပ်ခစားနေသည့်အခါကျမှ ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီး အရှင် ၂-ပါးတို့ မြေနန်းဥကင်ဖွင့်၍ ထွက်စ့ အကန်တော့ခံ တော်မူလေသည်။

ဥကင်တော်ဖွင့်မှာ နန်းတော်ရှေ့ အသွားအလာ မယှိရ၊ သစ်တပ်တံခါး နီတော်အတွင်း အမှုထမ်း အရာထမ်းမှတပါး အခြားလူများ ဝင်ရောက် သွားလာခွင့် မရချေ။ သို့ကြောင့် မယ်နုသည် ဥကင်တော်ဖွင့်နှိုက် ဖြတ်သန်း ငါးစိမ်းရောင်းသော စကားသည် လေးမြတ်သော စကားမဟုတ်ဖြစ်သည်။

၃။ ရှေ့တော်ပြေးဟူသည် ဥကင်တော်ဖွင့် အခမ်း အနား နှိုက်မယှိ၊ ဘုရင်မင်းမြတ်တို့သည် နန်းတော်မှ ထွက်တော်မူ၍ မြို့တော်ကို လှည့်ပတ်ကြည့်ရှုတော်မူသော အခမ်းအနားတို့နှိုက် ရှေ့ပြေးအသုံးချတော်မူသည်။

## ခွန်းထောက်

ပြောပြချက်မှတ်တမ်း၊ မင်းခမ်းနှင့် မညီချေ။ ။

ထုံးတမ်းရာဇဝင်နှင့် ပါစင်အောင် အလွန်ဝေး၊

ရေးမှတ်ခဲ့ပေ။ ။မယ်နုခေါ် သုအကြောင်းကိုလ၊
ဟောင်းအသစ်ရှုပ်လို့မွေ ပြောပေကြလူတိုင်း။ ။
ကာလ နှောင်းသော်ကြောင့်၊ မှတ်ကောင်းရာ
ကြံစည်လို့ ပြောသလို၊ လောကမှတ်ပိုင်း။ ။

## ဥ္ဍလည်းတမျိုး

ရတနာသိဃ်မြို့တည် ဦးအောင်ဇေယျ၏ မြင်းတပ်ဗိုလ်တုရင်ပစ္စင် ဗလသမန်း ငယ်မည် မောင်မဲ့တူ မယားမယ်ညက် မိမိကြီးလည်း ခေါ်သည်။ ၎င်းတို့က သီးသော သားသမီးများမှာ။

၁။ မောင်ဖြင်းအောင်။ ။စိတ္တရာဇာဘွဲ့ရ မြင်းစီးဗိုလ်။
၂။ မောင်ဖြင်းကြွယ်။ ။သေသည်။
၃။ မယ်မှန်။ ။ ခင်ပွန်း ထောင်မှူး သီဟကျော်ဘွဲ့ရ။
၄။ မယ်လွန်းညွှင်း။
၅။ မယ်နှောင်းဖြူ။
၆။ မယ်လှနှောင်း။
၇။ မမယ်နှောင်း။
၈။ မနှောင်းထွေး။
၉။ မယ်မွှတ်။
၁၀။ မယ်ကြွင်း။
၁၁။ မယ်မင်းရှုန်း တို့ဖြစ်သည်။

သားသမီး ၁၁-ယောက်အနက် ဆယ်ယောက် အဖတ်တင်သည်။ ၎င်းတို့တွင် အစ်ကိုကြီး စိတ္တရာဇာဘွဲ့ခံ မောင်ဖြင်းအောင်

သည် နှမသားချင်းတို့ အပေါ်တွင် နှိပ်စက် ညှဉ်းပန်း လှသော ကြောင့် ကြောက်ရွံ့ကြသဖြင့် အင်းဝမြို့ထောင်မှူးကြီး သီဟ ကျော်စွာ ဘွဲ့ခံ ငယ်မည် ဦးလွတ် အိမ်နိုက် မယ်မှန် အခွင့်ပန်၍ ခိုကပ် အခိုင်းအစေခံပြီး ဝတ်ကြေအောင် ပြုလုပ်နေရာ ဤအ ခါ ထောင်မှူးကြီးကတော်နိုက် မီးယပ်ရောဂါစွဲးကပ်နေသည်ကို မယ်မှန်သည် အညစ်အကြေးမှစ၍ သုတ်သင် ရှင်းလင်း နေ့ည မပြတ် ပြုစုလေသည်။ ထောင်မှူးကြီးကတော်သည် စွဲးကပ်သော ရောဂါနှင့်ပင် သေမည်ကို နိမိတ် မြင်သောကြောင့် ခင်ပွန်း ထောင်မှူးကြီးကို အပါးသို့ခေါ်၍ တီးတိုးမှာကြားသည်ကား။

မောင်လွတ် ငါသည် နေရမည်မထင် မကြာမီ သေရတော့ မည် ငါမယ်ရှိတဲ့နောက် မယ်မှန်ကို သိမ်းပိုက်ပါလေ။ မယ်မှန်သည် အိမ်တွင်းမှု အလုပ်နှင့် ပစ္စည်း အသိမ်း အဆည်း အစောင့်အ ရှောက် ကောင်းပေသည်။ အလုပ်အကျွေးနှင့်တူသည်။ သင်းကို သိမ်းပိုက်ထားယင် မောင်လွတ် လူနဲ့တူလိမ့်မည်ဟု မှာထား ပြီးနောက် မကြာမီထောင်မှူးကတော် အနိစ္စရောက်၍ သင်းဂြိုဟ် ပြီးသောအခါ ရက်လ အတော် ဆိုင်းငံ့ပြီးသော် ထောင်မှူး ကြီးသည် မယ်မှန်ကို အလုပ်အကျွေးအဖြစ်နှင့် သိမ်းပိုက်ပေါင်း သင်းနေကြလေ၏။

ထောင်မှူးကြီး ဦးလွတ် မယ်မှန်တို့နိုက် သီးသော သားသမီး များကား။

၁။ သမီး မယ်ပု။

၂။ သား မောင်အို။

၃။ သမီးငယ် မယ်နု တို့ကို မွေးဖွားလေသည်။

မယ်နုသည် အသက် ၇-နှစ်ယွယ် မြစ်ဆိပ်သို့ မိန်းကလေး အဖော်များနှင့် ထမီကိုချွတ်ပြီး ကမ်းပေါ်တွင် ပုံထား၍ ရေဆင်းချိုး ကစားကြလေသည်။ ရေချိုးကစားနေခိုက် မယ်နုထမီကို စွန်ချီ၍ နန်းတော်ပေါ်သို့ ပျံသန်းသွားသောအခါ နန်းစောင့်တို့ကမြင်၍ လေးနှင့်ချောက်ကြရာ ထမီကိုချ၍ စွန်သည် လွတ်ရာသို့ ပျံသွားလေ၏။

ထမီးကိုယူ၍ အကြောင်းနှင့်တကွ သံတော်ဦးတင်ရာ အမြန်ထမီရှင်ကို ရှာရမည်ဟု အမိန့်တော်မြွက်နှင့် မင်းစေလုင်တို့သည် ထမီကို ဒုတ်ဖျားတွင် ညှပ်လျက် လိုက်၍ ကြွေးကြော်မေးမြန်းရာ မြစ်ဆိပ်နှိုက် မိန်းကလေးများ ရေချိုးပြီး၍ မိမိတို့ထမီကို ယူ၍ ဝတ်ကြရာ မယ်နုထမီပျောက်၍ ရှာဖွေနေဆဲအခိုက် ထမီရှင်ကို လိုက်၍ရှာသော မင်းစေလုင်တို့ ဒုတ်ဖျားနှိုက် ပါလာသည်ကို တွေ့သောအခါ မယ်နုက မိမိထမီဖြစ်ကြောင်းပြော၍ တောင်းလေ၏။

မင်းစေလုင်တို့လည်း အမိအဖကို စိစစ်ပြီးလျှင် အခွင့်ပန်၍ မယ်ကို ချီလျက် ရှေ့တော်သို့ သွင်းရလေသည်။

ဤအခါမှစပြီး အပျိုတော်ကလေးဖြစ်နှင့် နန်းတော်တွင် ခစားစေသည်။ အယွယ်ရောက်သောအခါ ခြေတော်တင်သည်။

ဤအကြောင်းကား ငယ်မည် မောင်ဖြင်းအောင် မင်းစိတ္တရာဇာ ဘွဲ့ခံ၏သား မြောက်ဖက်ဝန်ချုပ် မင်းကြီး ဦးကွန်း၏ညီ ဒီပဲယင်းဝန် ဦးဘော်၏ သား စစ်ကဲကြီး ဦးဖိုးဇနီး ဒေါ်မြ၏ သား အထူးအာဏာရ ဖလံခုံရှာသူကြီး ဦးဒေဝပြောပြသည်ကို

၁၂၈၈-ခု နယုန်လဆုတ် ၁၃-ရက်နေ့တွင် ရေးသားသော မှတ်တမ်းဖြစ်သည်။

မယ်နုမမွေးမီ အနှစ် ၃၀-လောက်က ပေါ်လှာသော တဘောင်မှာ-

ထောင်မှုူးသွီး

ခြေကျဉ်းကြီးနှင့်

ကြီးယင် ငါ့ဖို့

လက်မတို့နှင့်။ ။ဟု အရပ်ရပ်မြို့နယ်တို့တွင် လူယွယ် ကာလသားများ ဆိုကြသည်ဟု ဦးဒေဝပြောပြသည်။

## စဉ်းစားဖွယ်

၁။ရတာနာသိယ်မြို့တည် အလောင်းမင်းတရားကြီးသည် ခြောက်ကျိပ်ယှစ်ယောက်သော ရဲဘော်စုသားတို့ကို မြင်းယာဉ်ထက် ဖွဲ့တော်မူသော ဇမ္ဗူကျော်သောင်း မြေကြီးစောင်းမျှချီသော လက်ာအရ ၁၁၁၄-ခု နတ်တော်လပြည့်ကျော် ၅-ရက်နေ့ ရဲဘော် အမှုတော်ထမ်းများကို ဘွဲ့ပေးသနားတော် မူသည်ကား-

၁။ ငပွင့်။

၂။ ငတွန်။

၃။ ငကောင်း။

၄။ ငထွန်းမြတ်။

ယင်းသည် ၄-ယောက် ဘွဲ့ဦး ပေးသနားခြင်းကို ခံကြရသည်။

၅။ ရန်လွင့်ကို မင်းလှစည်သူ။
၆။ ချစ်တီးကို မင်းလှကျော်ထင်။
၇။ ငညွန့်ကို မင်းလှကျော်သူ။
၈။ ငအောင်ကို သီရိကျော်ထင်။
၉။ ပန်းထွေးကို ဗလကျော်ခေါင်။
၁၀။ ပန်းညိုကို နရာသီဟ်ကျော်။
၁၁။ ငနည်းကို မင်းရဲစည်သူ။
၁၂။ ကျော်ထင်ကို ရန်အောင်သေနု။
၁၃။ ငတုတ်။
၁၄။ တုတ်ဖြိုး။

ထိုနှစ်ယောက်တို့မှာ မမြောက်စားခင်သေသည်။

၁၅။ တော်အိုင် ဣန္ဒပညာ။
၁၆။ ငဖွယ် ရန်ကွင်းကျော်။
၁၇။ ကျော်မှတ် စက်တံခွန်။
၁၈။ ငလွင်ကို ရဲကျော်သူရ။
၁၉။ ငထွေးကို နန္ဒသီဟ။
၂၀။ ထွေးညို။
၂၁။ ရွှေလွန်း။

ထိုနှစ်ယောက်တို့မှာ သေသည်။

၂၂။ ခင်ပါးကို ရဲစက်ကျော်ခေါင်။
၂၃။ ရွှေရည်ကို မင်းကျော်စည်သူ။
၂၄။ ငသော်ကို နေမျိုးနန္ဒမိတ်။

၂၅။ ပေါ်ထင်မှာ သေသည်။
၂၆။ ပိန်ကျော်ကို မင်းလှကျော်ခေါင်။
၂၇။ သာဝမှာ သေသည်။
၂၈။ ကျော်သွေးကို မင်းလှငယ်။
၂၉။ ကျော်ဟိုးကို ရဲထင်ပုံချီ။
၃၀။ ငအိုးကို မင်းရဲကျော်စွာ။
၃၁။ မှတ်ကျော်။
၃၂။ ငမြပေါ်။
ထိုနှစ်ယောက်တို့ သေသည်။
၃၃။ ငနှောင်းကို လက်ျာကျော်ထင်။
၃၄။ ညိုမင်းကို မင်းကျော်ရွှေတောင်။
၃၅။ ငသွင်ကို မင်းငယ်ကျော်။
၃၆။ ငပန်းကို နန္ဒယော်ဓာ။
၃၇။ ငဖက်ကို စက်ရဲပုံချီ။
၃၈။ ငထွန်းရကို မင်းလှကျော်စွာ။
၃၉။ ငထွန်းကျော်။
၄၀။ ငရာစစ်။
ထိုနှစ်ယောက်တို့မှာ သေသည်။
၄၁။ ကျော်စံကို နန္ဒကျော်ထင် ဆင်နှင်းဗိုလ်။
၄၂။ သာဦးကို လက်ဝဲဇေယျာကျော်။
၄၃။ သာမြတ်ကို သီရိပုံချီ။
၄၄။ သာထင်ကို နန္ဒကျော်။
၄၅။ ငခက်မှာ သေသည်။
၄၆။ မြတ်သူကို လက်ဝဲရွှေတောင်။

၄၇။ မြွတ်သာကို ဘယကျော်ထင်။
၄၈။ ရွှေကျော်မှာ သေသည်။
၄၉။ ရွှေခဲးကို စက်ကောသီရိ။
၅၀။ ရွှေရည်ကို နရာပုံချီ။
၅၁။ ရွှေထင်ကို နန္ဒကျော်ထင်။
၅၂။ ငပိုက်မှာ သေသည်။
၅၃။ ညိုသူကို လက်ျာဘီလူး။
၅၄။ သောကို ငွေတောင်လှကျော်။
၅၅။ ငစိန်ငံကို မင်းရဲကျော်။
၅၆။ ငစည်ပင်မှာ သေသည်။
၅၇။ သာထွန်းအောင်ကို တုရင်ဗလ။
၅၈။ လွန်းကျော်ကို ဝေရကျော်။
၅၉။ ငရဲ ငတော် တို့မှာ သေသည်။
၆၀။ ငစံရာကို လက်ျာပုံချီ။
၆၁။ ငစံခဲးကို အင်းယဉ်တုရင်။
၆၂။ စံမှတ်။
၆၃။ ငဖျော်။
ထိုနှစ်ယောက်တို့ သေသည်။
၆၄။ ဖြိုးသာကို လက်ယာကြံသိုင်း။
၆၅။ ချစ်မျိုးကို ဗလရာဇာ။
၆၆။ ငအောင်မှာ သေသည်။
၆၇။ ဆုတောင်းကို တုလွတ်ကျော်။
၆၈။ ထွန်းမြတ်ကို ဗန္ဓုလ သေနကျော်ထင်။

ဟူ၍. မြင်းယာဉ်တပ်ဖွဲ့ ခြောက်ဆယ်ယှစ် ဘွဲ့ပေး၍ ငယ်မည် စာရင်းတွင် မြင်းတပ်ဗိုလ် တုရင်ပစ္စင် ဗလသမန်း ငယ်မည် မောင်မဲ့တူဟုမပါယှိချေ။ အရေးတော်ပုံမှာလည်း မောင်မဲ့တူကို တုရင်ပစ္စင်ဗလသမန်းဘွဲ့နှင့် အမှုထမ်းသူမယှိဖြစ်သည်။

၂။ မောင်မဲ့တူ တုရင်ပစ္စင် ဗလသမန်း မယ်ညက်တို့၏ သားကြီး မောင်ဖြင်းအောင်ဆိုသူ စိတ္တရာဇာဘွဲ့ခံ မြင်းစီးဗိုလ်မှာ မည်သည့်မင်းလက်ထက် အမှုတော်ထမ်း ဖြစ်ကြောင်း မဖော် မပြချေ။

၃။ အင်းဝမြို့ မယ်မှန်၏ခင်ပွန်း ငယ်မည် မောင်လွတ်သီဟ ကျော်ဘွဲ့ရ ထောင်မှူးသည် မည်သည့်မင်းလက်ထက်ဖြစ်ကြောင်း မဖော် ၎င်းတို့ကမွေးသော သွီး မယ်နုသည် အပျိုတော်ကလေး အဖြစ်နှင့် နေရသည်မှာ မည်သည့်ဘုရင် လက်ထက်တော်ဟု မဖော်မပြဖြစ်သည်။

၄။ အမရပူရမြို့ဟု ဆိုပြန်ပါလည်း ဤအခါ ဖိုးတော်မင်း တြားလက်ထက်ဖြစ်၍. အပျိုတော်ကလေးအဖြစ်နှင့် ခစားရ သည်ဟု ဆိုရမှာလည်း အမြစ်မခိုင် အင်းဝမြို့ဟု ဆိုကြပြန်ပါ လည်း အခြေမရောက်ဖြစ်သောကြောင့် အစအဆုံး ဟန်မကျ ယှိချေသည်။ ဦးဒေဝသူကြီးလည်း ကာလဝေးကွာမှ လူဖြစ်လှာ ရသဖြင့် အသေအချာ မှတ်ချက်စာတမ်းအရကို သိမည်မထင်၊ အကြောင်းမှာ ဦးမဲ့တူ မညက်တို့သည် သားသွီးတကျိပ် တ ယောက်ကို မည်သည့်အရပ်မှာ မွေးသည် မိဖတို့ မယှိနောက် သားသွီးတို့သည် မည်သည့်အရပ်မှာ နေကြသည်ကို သေချာစွာ မပြောနိုင်သောကြောင့် ပစပ်ရာဇဝင်အလို ကား သည်ဟူ၍. သာ မှတ်ရပေမည်ဟူလို။

## ခွန်းထောက်

ဦးဒေဝ-ပြောမြွက်ပုံ။ ။အဟုံးတကာယ်မောက်
ထာမို့ ကြောက်စရာတုံ။ ။ရင်းအဖျားကိုလ၊
အခင်းသွားဖြစ်ရကြံ့၊ နံ့ပါဘီမစော့။ ။ နှောင်း
လူဖြစ်လေတော့၊ အဆစ် ဘယ်မရောက်လေဘု၊
တွေးထောက်မဟော့။ ။

## ဤလည်တမျိုး

## သူရိယမဏ္ဍဇင်းနှိုက်ပါသော နန်းမတော်မယ်နု

ဖလံခုံရွာသည် ရွှေဘို စီရင်စုနယ် အပါအဝင် ရေဦးမြို့ အနောက်မြောက်ဘက် ၄-မိုင်ခန့်အကွာတွင် တည်ရှိပေသည်။ ရေဦးနှင့် ကဒူးမလမ်း လှည်းလမ်းကြောင်းနှင့် ကပ်လျက်ရှိသည့်ပြင် ရေဦးဆည်မြောင်းလက်တက်တခုနှင့်လည်း နီးကပ်၍ မူးမြစ် အနောက်ဘက် မိုင်အနီးငယ်ခန့် ကွာဝေးသော ဒေသ ဖြစ်ကြောင်း။

ထိုဖလံရွာသည်ကား နန်းမတော်မယ်နု၏ ဆွေမျိုးညာတိတို့၏ချက်မြှုပ်ရာ အရပ်ပင်ဖြစ်ပေသည်။ ရှေးဦးစွာသော ဆွေမျိုးတဦးမှာ မင်းစိတ္တရာဇာ ဟူသောအမည်ဖြင့် ရွာသူ ရွာသားများ သိရှိသူပင်ဖြစ်လေရာ ထိုသူမှာလည်း ဖလံခုံအနီးအနားတွင် ဖွားမြင်၍ ဖလံခုံရွာကို တည်ထောင်သူပင်ဖြစ်လေသည်။

ခရာဇ်သက္ကရာဇ် ၁၇၅၃-ခုနှစ်တွင် ရွှေဘိုတပိုက်နိုက် အလောင်းဘုရားသည် ထကြွတိုက်ခိုက်စဉ်က ကူညီဘူးသော ကျေးဇူးကို တုံ့ပြန်ဆပ်ပေးသော အားဖြင့် ထိုမင်းစိတ္တရာဇာ အား အနီးအပါးတွင် မြေယာကို အပိုင်စားပေးအပ်ခဲ့လေသည်။

မင်းစိတ္တရာဇာမှာ နှမ ၄-ယောက်ယှိ၍ နှမတို့၏ သား ၃-ဦးသည် ဘကြီးတော်ဘုရားလက်ထက် အတွင်းဝန်များဖြစ် လေသည်။ မင်းစိတ္တရာဇာ၏ ထိုတူ ၃-ဦးတို့သည် ပုသိန်ဝန် ပြည်ဝန်နှင့် ဦးကြက်ကြီးဟု အသီးသီး ထင်ရှားလေသည်။ ထိုဝန်ကြီး ၃-ဦးတို့၏ ဆွေမျိုးစဉ်ဆက်တို့သည် ယခုတိုင် ရှိကြ လေသေးကြောင်း။

ဦးကြက်ကြီး၏ မြေး ဦးမောင်မောင်သည် ဒုတိယရိစစ္စတြိ အရာယှိဖြစ်၍ အင်းစိန်နယ် ကြို့ကုန်းရွာတွင် နေထိုင်လေသည်။ ယခုအခါ ဖလံခုံရွာတွင် နေထိုင်သော မတူနှင့် မကူ ညီအစ်မ နှစ်ယောက်တို့သည် ပုသိန်ဝန်၏ မြစ်များ ဖြစ်ကြလေသည်။ ဖလံခုံ ရွာနေ မောင်ရင်မောင်မှာမူ ပြည်ဝန်၏မြစ် ဖြစ်လေသည်။ မင်း စိတ္တရာဇာမှာလည်း ဦးဘော်ဆိုသူ သားတယောက် ထွန်းကား လေရာ ၎င်းဦးဘော်သည် မြင်းဝန်ဖြစ်ခဲ့ဘူးသည်ဟု ဆိုလေသည်။

၎င်းဦးဘော်၏သား ဦးပိုသည်လည်း အင်္ဂလိပ်နှင့် မြန်မာ တတိယစစ်ကြီးမဖြစ်မီကလေးတွင် စစ်ကဲအရာယှိဖြစ်ခဲ့လေသည်။ ဦးပို၏သား ဦးဒေဝသည် ဖလံခုံရွာတွင် မကြာမီကပင်လျှင် ရွာသူကြီးအဖြစ်နှင့် ယှိနေသေးသည်။ ၎င်း၏သား မောင်စံမြင့်က သခင်ဦးဒေဝ၏ ရာထူးကို ဆက်လက်ရွက်ဆောင်ရပေရာ အထက် ဖော်ပြရာပါ ဆွေစဉ်မျိုးဆက် စာရင်းမှာ ၎င်းထံမှ များသော အားဖြင့် ရရှိဘော်ပြရခြင်းပင် ဖြစ်သည်။

မင်းစိတ္တရာဇာ၏ အခြားနှမတဦး၏ အမည်မှာ မမုန်ဖြစ်လေရာ ၎င်းမမုန်သည်ကား မယ်နုနှင့် ဘကြီးတော်လက်ထက်တွင်တိတ်တဆိတ်လျှို့ဝှက်ကြံစည်ရာတွင်နာမည်ရဖြစ်သောစလင်းမင်းသားကြီး ဦးအို၏ မိခင်ဖြစ်လေသည်။ ထိုမိသားတစုတို့မှာ ဘိုးတော်ဘုရား လက်ထက်တွင် နိမ့်ကျသော အခြေအနေတွင် သာ များသောအားဖြင့် တည်နေ ကြောင်းမှာ ထင်ရှားပေသည်။

ဖလံခုံဈေးနိုက် မှ့သည် တဦးဖြစ်သည်ဟု ဆိုလေသည်။ အခြား ပြောချက်တရပ်မှာကား ငါးရောင်းသော ငါးစိမ်းသည်ဟု ဆိုလေသည်။ ထိုအချက်ပါပြောဆိုချက် နှစ်ရပ်ကို ယခုအခါရှိသေးသော ၎င်း၏ ဆွေစဉ်မျိုးဆက်တို့က မဟုတ်မမှန်ဟု ငြင်းဆန် ကြသည့်ပြင် မမုန်သည် ခရာဇ် သက္ကရာဇ် ၁၄၂၇-ခုမှ ၁၄၄၀-ပြည့်နှစ် အတွင်း အဝတွင် စိုးစံသော မိုးညှင်းသတိုးမင်း၏ အနွယ်တော် ဖြစ်ကြောင်းနှင့် ပြောဆို ကြလေသည်။

ထို့ပြင်မှ တပါးလည်း မယ်နုသည် မိမိ၏ ဘ ဘိုး ဆွေမျိုးများနေထိုင်ရာ ရွာဖြစ်၍ အမှတ်ရစေခြင်းငှာ ဘုရားတဆူကို ဖလံခုံရွာတွင် တည်သော်လည်း ထိုဖလံခုံရွာတွင် ဘယ်သောအခါမှ နေထိုင်ခဲ့ဘူးသည် မဟုတ်။ မယ်နုကို မွေးဖွားသည်မှာလည်း အမရပူရမြို့ဖြစ်၍ ထိုမြို့တွင်ပင် နေထိုင်ပြီးလျှင် ခရာဇ် သက္ကရာဇ် ၁၈၀၀-ပြည့်နှစ်တွင် ဘကြီးတော်ဘုရား အဝသို့ ရွှေ့ပြောင်းသောအခါလည်း အဝသို့ပါသွားကြောင်း။

အမှန်မှာ မမုန်ကိုယ်တိုင် အသက် ၁၇-နှစ်ယွယ်တွင် ဖလံခုံရွာမှ ထွက်ခဲ့ကြောင်းနှင့် ပြောဆို ကြလေသည်။ သို့သော်

လည်း ဤပြောချက်အတွက် ယုံကြည်ဖွယ်ရာ အကြောင်းမရှိဟု ထင်မှတ်ဘွယ်ရာ ရှိကြောင်း။

မမှန်သည် အမရပူရမြို့သို့ ထွက်ခွာ ရွှေ့ပြောင်းခြင်း အကြောင်းနှင့် ပတ်သက်၍ စုံလင်စွာ မစွတာ တော်စိန်ခိုထံမှ သိရသည်မှာ တနေ့သနိုက် ဖလံခုံရွာ ဆရာတော်သည် မိမိကျောင်း ပြသာဒ်ပေါ်တွင် အဝတ်တထည် ငြိလျက်လွင့်နေသည်ကို တွေ့ရသဖြင့် ဦးပဥ္စင်းနှင့် ကိုရင်များ ဆွမ်းခံထွက်သော အခါတွင် ပြသာဒ်ပေါ်နိုက် ငြိနေသော အဝတ်ရှင်ကို တွေ့အောင်ရှာ၍ မိမိထံသို့ ခေါ်လာရန် ဆရာတော်က အမိန့်ပေးလိုက်ကြောင်း။

ထို့ကြောင့် မမှန်နှင့် ၎င်း၏ ကလေး နှစ်ယောက်တို့သည် ဆရာတော်ထံ သွားရောက်ပြီးလျှင် ထိုအဝတ်သည် လွန်ခဲ့သော နေ့က စွန်တကောင် သုတ်ချီသွားသော မနု၏ ထမီဖြစ်ကြောင်းနှင့် ရှင်းလင်း လျှောက်ထား လေသဖြင့် ဆရာတော်က မိန်းကလေး၏ ဇာတာကို ကြည့်လိုကြောင်းနှင့် တောင်းယူပြီးလျှင် တွက်ချက် စစ်ဆေးကြည့်ပြီးနောက် အမရပူရမြို့သို့ ရွှေ့ပြောင်းရန် အကြံပေးလေသည်။ ထိုမြို့သို့ ပြောင်းရွှေ့ပါက ကြီးကျယ်သော အဖြစ်သို့ရောက်ရန် လမ်းများကြောင်း မိန့်ဆိုလေသည်။ မယ်နုသည် ရာထူးဌာနန္တရ အလွန်ကြီးမြင့်သော ပုဂ္ဂိုလ်တဦး၏ ဇနီးဖြစ်လိမ့်မည်ဟု အဆိုရှိလေသည်။ မင်္ဂလာသုတ်တွင် ပတိရူပ ဒေသဝါသော ဟူသော ဂါထာမြတ်စွာဘုရား၏ ဟောပြောချက်တရပ်ပါလေသည်။ ကြီးပွားလိုလျှင် လျှောက်ပတ်ရာ အရပ်တွင် နေပါဟူလို။

မည်သို့သော အကြောင်းကြောင့် ဖြစ်စေကာမူ ၎င်းတို့မှာ အမရပူရမြို့သို့ ရွှေ့ပြောင်း လာကြပေသည်။ မမှန်သည် ထောင်မှူးအိမ်တွင် ဝင်ရောက်အလုပ်လုပ်ကိုင်ပြီးနောက် မကြာမြင့်မီပင် ထောင်မှူးကတော် အနိစ္စရောက်လေရာ ထောင်မှူးလည်း မမှန်ကို သိမ်းပိုက် ပေါင်းသင်းလေသည်။ မယ်နုမှာ မိန်းကလေး ငယ်ရွယ်သူဖြစ်၍ အိမ်ရှေ့တွင်ပင် ဆိုင်တည်ခင်း၍ ဈေးထွက်ပေသည်။ နောင်သောအခါ ဘကြီးတော်ဟု ထင်ရှားသော ဘုရင်ဖြစ်လာသော စစ်ကိုင်းမင်းသားသည် နန်းတော်သို့ အခစား ဝင်သောအခါတွင် ထိုအိမ်ရှေ့လမ်းမှဖြတ်၍ သွားလေ့ရှိရာ မယ်နုကို မြင်သဖြင့် ချစ်ကြိုက်သောကြောင့် မကြာမီပင် ကောက်ယူသိမ်းပိုက်လိုက်လေသည်။

ထိုသို့သော အတောအတွင်းတွင် စစ်ကိုင်း မင်းသား၏ ဘိုးတော်ဖြစ်သော ဖိုးတော် ဘုရားသည် မင်းမျိုး မင်းနွယ်ထဲမှ ပန်းတောင်းမင်းသမီးနှင့် စစ်ကိုင်းမင်းသားအား ထိမ်းမြား လက်ဆက်ရန် စီမံလေသည်။ စစ်ကိုင်းမင်းသားကမူ မယ်နုနှင့် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားပေးရန် လျှောက်ထားလေရာ များစွာမှ ကန့်ကွက် ပြောဆိုကြလေသည်။

**သတိပြုရန်**။ ။ ဖိုးတော်ဘုရားအမိန့်ဖြစ်၍ ဖိုးတော်၏ တာဝန်ဖြစ်သည်။ များစွာ ကန့်ကွက် ပြောဆိုကြသည်။ စကားသည် ယုတ္တိမတန်။

မယ်နုမှာ မိမိနှင့် ပြိုင်ဘက်ဖြစ်သော ပန်းတောင်းမင်းသမီးအား သစ်သားသေတ္တာကြီး တခုအတွင်းတွင် ထည့်သွင်းလျှို့ဝှက်ထား

လေရာ သာယာဝတီ မင်းသား သာလျှင် မကယ်ဆယ် မိပါလျှင် ပန်းတောင်းမင်းသွီးမှာ မွှန်း၍ သေရပေလိမ့်မည်မှာ မုချဖြစ်ကြောင်း။

စစ်ကိုင်းမင်းသားသည် မယ်နုနှင့်ထုံးနည်းစဉ်လာအရ စုလျားရစ်ပတ် လက်ထပ် ထိမ်းမြားမည် ရှိသောအခါ ဝန်ကြီးများက ကန့်ကွက် လျှောက်ထားကြလေသည်။ သို့ ကန့်ကွက်ရာနိုက် "လူမှာအမျိုး ကြက်မှာအရိုး" ဟူသောစကားကို ကိုးကားသံတော်ဦးတင်ရာ စစ်ကိုင်းမင်းသားက "ကြက်မှာအမြစ် လူမှာအချစ်" ဟူ၍ ပြန်ကြားမိန့်ဆိုလေသည်။ ထိုသို့ ပြောဆိုပြီး၍ များမကြာမီပင် မယ်နု ကြီးကျယ်မြင့်မြတ်၍ ဩဇာကြီးပုံတို့ကို ထင်ရှားစေရန် ရည်သန်၍ ခိုင်မာသော ကိုးကားချက်ရရန်၊ သာမုဒရိကခေါ် သင်္ကာရိက် ကျမ်းစာတစောင်ကို မြန်မာဘာသာသို့ ကြပ်မပြန်ဆိုစေကြောင်း။

ထိုသို့ဖြင့် စစ်ကိုင်း မင်းသားသည် မိမိအလိုအတိုင်း ပြည့်စုံလေတော့သည်။ နောက် ခရာဇ်သက္ကရာဇ် ၁၈၀၀-ခု နှစ်တွင် ၎င်း၏ ခမည်းတော် နတ်ရွာစံ၍ ခရာဇ်သက္ကရာဇ် ၁၈၁၉-ခုနှစ်တွင် ဘိုးတော်ဖြစ်သော ဖိုးတော်ဘုရား၏ ထီးနန်းအရိုက်အရာကို စစ်ကိုင်းမင်းသားသည် ဆက်ခံ စိုးစံ ရလေသည် ဖြစ်ကြောင်း။

ခရာဇ်သက္ကရာဇ် ၁၈၂၁-ခုနှစ်တွင် သွီးတော်တပါးဖွားမြင်လေရာ နောက်သောအခါ မင်းတုံးမင်းကြီး၏ ဒုတိယ မိဖုရား

ဖြစ်လာလေသည်။ ၎င်းမိဖုရား အလယ်နန်းမတော် ဆင်ဖြူမ ရှင်သည် သီပေါမင်း မိဖုရား စုဖုရားလတ်၏ မယ်တော်ဖြစ်၍ ရန်ကုန်မြို့တွင် ခရာဇ်သက္ကရာဇ် ၁၉၀၀ ပြည့်နှစ်တွင် နတ်ရွာစံလေသည်။

မယ်နုသည် ဘကြီးတော် ဘုရား၏ညီ၊ သာယာဝတီမင်းသားအား မနာလိုသည့်အတိုင်း မိမိ၏အစ်ကို ဦးအိုအား ထီးနန်းဆက်ခံခွင့်ရရန် ကြိုးစား အားထုတ်လေသည်။ ဦးအိုသည် နန်းတော်တွင်းနိုက် တိုင်းရေးပြည်မှု ကိစ္စတွင် တန်းခိုးသြဇာကြီးမားလာသည် အတိုင်း လျှို့ဝှက် ကြံစည်ခြင်းများ ပြုလေရာ အင်္ဂလိပ်နှင့် မြန်မာ ပဌမစစ်ဖြစ်ရခြင်းသည် ဦးအို၏ လျှို့ဝှက်ကြံစည်မှုကြောင့်လည်း တရပ်ဖြစ်ကြောင်း။

> အထက်ဖော်ပြရာပါ အကြောင်းအရာတို့သည် မယ်နုနှင့် ဖလံခုံရွာရှိ ဆွေစဉ် မျိုးဆက်တို့အကြောင်းဟူသောစာခေါင်းစဉ်ဖြင့် မြန်မာပြည် ၁၉၂၉-ခု သြဂုတ်လထုတ် သုတေသန မဂ္ဂဇင်းတွင် (အာ-အာ-လန်ဂရမ်ကာတာ)၏ ရေးသားချက် ဆောင်းပါး ပဌမတဝက်မှဘာသာ ပြန်ချက်ဖြစ်လေသည်။ ကျန်တဝက်မှာ ဖလံခုံရွာရှိ ဘုရားများအကြောင်းသာ ရေးသားဖော်ပြထားသဖြင့် ခြွင်းခဲ့ပေကြောင်း။ (အယ်ဒီတာ)

## နှစ်သက်စရာ ဗျာနယ်၌ပါသော နန်းမတော်

မြမ္မာသက္ကရာဇ် ၁၁၈၆-ခုနှစ် မြမ္မာမင်းနှင့် အင်္ဂလိပ်ကုမ္ပဏီတို့ စစ်ပြေကြောင်း စာချုပ် ပြုလုပ်ပြီးနောက် ရတနာပူရမြို့နိုက်သုံး

ပန်းအဖြစ်ချုပ်ထားသောခရာဇ်ယာန်သာသနာပြုဆရာ ယုဒသန် နှင့် လူပေါင်း ၆-ယောက်တို့ကို မြမ္မာမင်းက လွှတ်လိုက်ရာ၊ ရန်ကုန်သို့ ပြန်ရောက်၍ အရေးပိုင် ဂွန်ကရောဖွတ်ထံ ဆရာ ယုဒသန် အစစ်ခံချက်မှ လိုရာထုတ်နှုတ်ချက်။

မိဖုရားကြီး ရွှေတော်နိုက် အခစား မဝင်ရကြောင်း အတွင်းတော်နိုက် ဖြတ်၍ သွားသည်ကို သုံးလေးကြိမ်မျှ မြင်တွေ့ဘူးကြောင်း ကျွန်ုပ်သည် ညီလာခံ ဆောင်တော်နိုက် တယောက်တည်း ထိုင်နေရာ မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီး နှစ်ပါး အတူ အတွင်းဆောင်မှ ကြွလှာ တော်မူ၍ မင်းတရားကြီးက မောင်တော် ပြောဘူးတဲ့ တရားဟော ဆရာဆိုတာ သူဘဲဟု အမိန့်ရှိပြီး ပြသော်လည်း မိဖုရားခေါင်ကြီးက အရေးမယူဘဲ တခြားဘက်သို့ ကြည့်ကာ မင်းတရားကြီးကို ဆွဲ၍သာ ခေါ် သွားပါသည်။

မိဖုရားခေါင်ကြီးမှာ မင်းတရားကြီးထက် မာနကြီးပါသည်။ တခြား လက္ခဏာ အင်္ဂါများတွင်လည်း လွန်စွာ ခြားနားလျက် ၎င်းမှာ အလိုကြီးခြင်း၊ ရန်တုံ့မူတတ်ခြင်း၊ မကောင်းကြံစည်ခြင်း၊ အလွဲကို စွဲးစွဲးမြဲးမြဲး ယုံကြည်တတ်ခြင်းများ ရှိသည်ဟု ကြားဘူးပါသည်။

၎င်းမှာ အမှုထမ်းကလေးထဲမှ ဖြစ်သော ထောင်မှူးတဦး၏ သမီးဖြစ်ပါသည်။ မင်းတရားကြီး အိမ်ရှေ့ စံတော်မူစဉ်က ပဉ္စမမိဖုရားငယ်ကလေးတဦးအဖြစ်နှင့် နေရပါသည်။ မင်းတရား

ကြီးအပေါ်တွင် အတိုင်းအဆမရှိ ဩဇာကြီးလွန်းရကား သာယာဝတီမင်းသားနှင့်အခြား ဆွေတော် မျိုးတော်များက စုန်းမဖြစ်သည်ဟု ယုံကြည်ကြပါသည်။ မည်သူတဦးတယောက်မျှ ၎င်း၏ ဇာတိနိမ့်ညံ့ကြောင်းကို မပြောဝံ့ကြပါ။ မြန်မာများအထူး ယုံကြည်ကြသော သံသရာနိူက် ကျင်လည်ရသော တရားသဘောအရ ရှေးရှေးသော ဘဝများကပင် မိမိသည် မင်းတရားကြီး၏ မိဖုရားခေါင်ကြီး ဖြစ်ခဲ့ဘူးကြောင်း လွန်ခဲ့သော တဘဝက မကောင်းမှု ကုသိုလ်ကံ အကျိုးပေးကြောင့် မိမိမှာ ဤဘဝတွင် နိမ့်ညံ့သော အမျိုးတွင် ဖြစ်ရပါသည်ဟု တင်လျှောက် သောစကားကို မင်းတရားကြီးက ယုံကြည်လျက် ရှိပါသည်။

မိဖုရားခေါင်ကြီးမှာ မင်းတရားကြီးထက် အသက်တော် တနှစ်ခန့်မျှ ကြီးပုံရပါသည်။ မျက်နှာတော်မှာ မလှပါ။ သို့သော် ကိုယ်ပုံလက်ပေါက်မှာ မြင့်၍ ညီညာပါသည်။ အထအကြွ ဟန်မူအနေအထားမှာ မိဖုရားခေါင်ကြီးတို့နှင့် ထိုက်တန်စွာ ရာဇအိန္ဒြေနှင့် ပြည့်စုံပါသည်။

ပဋ္ဌမ မိဖုရားကြီးနှင့် သားတော် တပါး ရရှိ၍, ယခုအခါ အသက် ၁၅ နှစ်ခန့်လောက် ရှိပါပြီ။ ယခု မိဖုရားခေါင်ကြီးနှင့် သမီးတော် တပါးရှိရာ ယခုအခါ အသက်တော် လေးနှစ်ကျော် ငါးနှစ်ခန့်ရှိ၍ ခမည်းတော် မယ်တော်များ၏ အချစ်တုံးကလေး ဖြစ်ပါသည်။ မိဖုရားခေါင်ကြီးက မင်းတရားကြီးထံတွင် တစုံတရာ လျှောက်ထားရန် ခဲယဉ်းနေသည်ကို တွေ့ရလျှင် ၎င်းသမီးတော် ကလေး လက်ထဲသို့ လျှောက်လွှာထည့်၍ မင်းတရားကြီးသွား

ရာ လမ်းရှေ့သို့ လွှတ်လိုက်တတ်ပါသည်။ ဤနည်းဖြင့် မည်သည့် အခါမျှ မရဟု မရှိဘူးပါ။

မိဖုရားခေါင်ကြီး၏ မောင်တော်ကို သိပါသည်။ ရှေ့တော်သို့ အသွင်းခံရဘူး၍ ခြောက်ကြိမ်မျှလောက် ဝင်ရောက်ခစားဘူး ပါသည်။ သို့သော် ၎င်းမှာ မာနအလွန်ကြီးလျက် ဘော်ရွေခြင်း အလျှင်း မရှိသောကြောင့် ပေါင်းသင်း ရင်းနှီးရန် ခဲခက်ပါ သည်။

သူ၏ အရည်အချင်း စာရိတ္တမှာ ၎င်း၏ နှမတော် မိဖုရား ခေါင်ကြီးနှင့် အတူတူပင် ဖြစ်ပါသည်။ ရက်စက် ကြမ်းကြုတ် ခြင်း၊ လောဘအလိုကြီးခြင်း၊ မကောင်းသော အကြံအစည် ကြီး ခြင်းတို့ဖြင့်လည်း ပြည့်စုံပါသည်။ ၎င်းမှာ နှမတော်၏ အကြည် တော် လုံးလုံးဖြစ်၍ ၎င်းနှမတော်၏ ဩဇာကို တဆင့်ခံ၍ နိုင်ငံတော်ကို အုပ်စိုးပါသည်။ သာယာဝတီမင်းသားမှ တပါး နိုင်ငံတော်တွင် ၎င်းနှင့် ပြိုင်ဘက်မရှိဖြစ်ပါသည်။

၁၂၉၀-ပြည့်နှစ် နတ်တော် လပြည့်ကျော် ၅ ရက် စနေနေ့ထုတ် နှစ်သက်စရာဂျာနယ်နံပါတ် ၃-မှ ကောက်နုတ်ချက် ဖြစ်သည်။

မန္တလေးမြို့ မင်းတုန်းမင်းကြီး လက်ထက် အောက်ပြည်ကျေး ရွာတို့နိုက် ငယ်စဉ်က ရုပ်စုံစင်များ ကျင်းပကြသည်ကို ကြည့်ရှု ရဘူးသည်ကား ဘကြီးတော် မယ်နုတို့အကြောင်းကို ဇာတ်ခင်း ပြသော ရုပ်စုံစင်မှာ ပြည်စင်ကြီးဟု ခေါ်သည်။ ၎င်းစင်နိုက် ဝန် ကြီးလေးပါးတို့ စကားပြောကြရာ အခု ရွှေလက်ထက် တော်နိုက်

မိဖုရားကြီးက ဖုံးလွှမ်းနေသဖြင့် အပြော အဆိုကို သတိပြုနေကြရတယ် ဝန်မင်း၊ တိုင်းပြည်အတွင်းမှာ နေကြသော ကျွန်တော်မျိုးအပေါင်းတို့သည် နု-ဆိုသော စကားကို ပြောသံ ကြားလျှင်အာကို ဟက်စေတဲ့ဗျ။ မန်ကျည်းရွက်၊ ကင်မွန်းရွက် နုစသည်တို့ကို နုထဲ့၍မခေါ် ရ။ မန်ကျည်းရွက်ထွတ်၊ ကင်မွန်းရွက်ထွတ်၊ သစ်သီးထွတ်လို့ ခေါ်ကြရတယ်ဗျ၊ ငါးနုသန်းကို ငါထွတ်သန်းနုနု နယ်နယ်ကို ထွတ်ထွတ် နယ်နယ် ပြောကြရသဗျ ဒါတင်မကသေးဘူး မင်္ဂလသုတ်တော်နှိုက် ယေနုဘာဂဝါ တေနုပသင်္ကမိကို ယေနဘာဂဝါ တေထွတ်ဂသင်္ကာမိလို့ သင်ကြအံကြရသဗျဟုပြောဆိုကြသည်ကို ကြားရပေသည်။

သတိပြုဖွယ်တရပ်မှာ သက္ကရာဇ် ၁၁၉၉-ခုနှစ် နန်းတက်တော်မူသော လောကစူဠာမဏိ စေတီတော် ဒါယကာ အမရပူရဒုတိယမြို့တည် နန်းတည် ကုန်းဘောင်မင်းဘြားလက်ထက် သာသနာနှစ် ၂၃၈၁-ဝေါဇာ သက္ကရာဇ် ၁၁၉၉-ခုနှစ် မြစ်သားမြို့နယ် မြဲ့ကြီးကွေ့ရွာ တုရင်လှကျော်စွာဆောက်လှုသော ကျောင်းနှိုက် သီတင်းသုံးတော်မူသော တတိယ နံ့မော်ဆရာတော် ပိန္နွာသဘာ စီရင်တော်မူအပ်သော (သီလဝိသောဓနီ) ကျမ်းနှိုက်။

ဤသို့လျှင် ရှေ့ဥမင်ဘုရား၏ မင်းဆရာ ခံခြင်းနှိုက် သာဝဇ္ဇ၏အပြစ်ကို ပြသည်ကိုဆ၍ မင်းဆရာဖြစ်ခြင်းဌာ မမက်မောရာ၊ မင်းဆရာတို့ မည်သည် မဟုတ်သည်နှိုက်လည်း အဟုတ်ကဲ့သို့ သူနှစ်သက်အောင် ဆိုရချေသည်။ မောင်းထောင် ဆရာတော်သည်လေးကြိမ်မြောက် အဝတည်မင်း၏ မိဖုရားခေါင် ရှင်မင်းနုကို

အသမ္ဘိန္နခတ္တိယအနွယ် ဖြစ်တော်မူသော ရှင်မိဖုရားခေါင်ကြီး သည်ဟု နိဂုံးအုပ်သမိုင်း ထိုးရချေသည်။ စင်စစ်ကား ထိုရှင်မိဖုရား သည် တပယင်းနယ် ဖလံခုံကျေးရွာသူကြီး သမီးဖြစ်သည်ဟူ၍ ဖော်ပြထားပေ၏။

## ဆင်ခြင်ရန်

၁။ ခပ်သိမ်းသော သူတို့သည် ဤပစ္စက္ခနှိုက် အမျိုးညံ့သည်ကို ပြောဆိုခြင်း စာရင်းသာခြင်းတို့ကို မခံချင်သောစိတ်ဖြစ်တတ်ကြသည်။ အမျိုးအရိုးညံ့သည်ကို အမျိုးအရိုးကြီးမြတ်ပေသည်၊ ဟု ချီးမြှောက်ရေးသားပြောဆိုကြပါလျှင် မုသာဝါဒကံ ထိုက်မထိုက်ကို ဆင်ခြင်ဖွယ် ဖြစ်၏။ အမျိုးညံ့ရာမှ မြင့်မြတ်သော ဘဝကို မရနိုင်ပေဟု မထင်မမှတ်ရာ။ ရှေးဖုန်းရှေးကံ ဘဝပါရမီ အတိုင်း ဖြစ်ကြရပေသည် အမျိုးယုတ်ညံ့သူ အထွတ် အထိပ်ဖြစ်ရခြင်းသည် ဖုန်းကံ ပါရမီယှိလို့ ဖြစ်ပေသည်ဟု ဝမ်းမြောက်ဝမ်းသာ အံ့ဩကြရန်သာ ဖြစ်သင့်သည်။

၂။ သီရိခေတ္တရာ ပေါက်ကန် ရာဇဝင်တို့နှိုက်လည်း အမျိုးညံ့သော မိန်းမများ မိဖုရား ဖြစ်ကြသည်လည်း ယှိပေသည်။ အမည်ကို ထုတ်ဖော်ရန်မလို ရာဇဝင် ပညာယှိတို့ သိကြပေလိမ့်မည် တိုင်းပြည်ကို အုပ်စိုးသော ဘုရင်မင်းမြတ် နှစ်သက်တော်မူသော မိဖုရားငယ် အဖြစ်မှ မိဖုရားကြီးအဖြစ်သို့ တင်မြှောက်စိုးစံတော်မူပေသည်။

ရာဇဝင်ဆိုင်ရာ ပညာယှိကြီးတို့ကား ရာဇဝလ္လဘာ မကင်းနိုင်ချေ။ သီလဝီသောမနီ ဆရာ မိန့်ချက်အရ လိုက်လျော ရကြပေမည်။

ဆရာတော် ဘုရားကြီး ဦးပုဓ်က ရာဇဝင် ဆိုသည်မှာ စ၍ ရေးသောသူက မှန်မှန် ကန်ကန် မချွတ်မယွင်း ရေးသားနိုင်မှ မှန်ချေမည်ဟု ငယ်ဆရာ ဇေယျခုံကျောင်းတိုက် ဖုန်းတော်ကြီး ဦးကွင်းကို လျှောက်ထားသည်ကား ညောင်ကန်မှ လေးမြေရွာသို့ ကြွသွားရာ ခရီးလေးတိုင်ကွာ လမ်းစခမ်းတွင် နားနေခိုက် လျှောက်ထားသော ဟူသည်။

၃။ ယင်းသည် မယ်နု အကြောင်းနှင့် စပ်လျဉ်း၍ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် တို့က စာနှင့်မေးမြန်းကြသည်ကို အကြောင်း မပြန်ပါ အချို့ လူကိုယ်တိုင် လာ၍ မရေးရန် ပြောသည်မှာ လူမျိုးကွဲးတို့ ကဲ့ရဲ့စရာဖြစ်ပါမည်ဟု ပြောလေသည်။ ကျွန်ုပ် စုံစမ်းသိရသည် အတိုင်းသာ ရေးသားမည် ထာဝရပယောဂကြီး ဖြစ်နေရန် မုသားကို အရင်းထား၍ အမိပတိဖြစ်အောင် ကြံစည်သောဉာဏ်ကို မသုံးလိုကြောင်း ပြန်ပြောလိုက်ရသတည်း။

## **ဇော်ပြချက်**

အမရပူရမြို့တည် ဖိုးတော်မင်းတရားကြီး နတ်ရွာမစံမီ အခါက အတွင်းသေနာပတိ ဖြစ်သော မင်းကြီးသိရိမဟာနန္ဒသင်္ကြံတွဲ့ခံ အမတ်ကြီးသို့ မှာထားသည်ကား၊ အမတ်ကြီး ငါမယှိနောက် ငါ့မြေးတော်အိမ်ရှေ့မင်း ဖလ်နန်းရှင်ကို အရိပ်အရာခံ ထီးနန်းစည်းစိမ်ကို တင်မြှောက်လိုက်ပါဘိ။ ငါ့မြေးတော် အထွတ်အမြတ်ကို တိုင်ရောက်ခဲ့သော်။

၁။ ပန်းတောင်း (ပဒေါင်း)ကို တောင်ညာတင်ပါစေ။

၂။ စက်ကြာကို ရင်ခွင်ပိုက်ပါစေ။

၃။ သရက်ကို အစေ့မယူက်ပါနှင့်။

ဝင်းသုံးချက် အမိန့်အတိုင်း နာခံဆောင်ယွက်ရမည်ကိုလည်း ပြောပြပါ အမတ်ကြီးဟု မိန့်ကြားတော်မူခဲ့သည်။

ဖိုးတော်မင်းတရားကြီး နတ်ပြည်စံပြီးနောက် မြေးတော်အိမ်ရှေ့မင်းကို ထီးနန်းအပ်၍ မင်းအဖြစ်ကို တင်မြှောက်ပြီးသော် ဖိုးတော်မိန့်ချက်အရ မင်းတိုင်ပင်သေနာပတိ အမတ်ကြီးက ဘိသိက်ခံ မိဖုရားကြီးအဖြစ် ပန်းတောင်းမင်းသမီးကို တောင်ညာတင်ရန် စက်ကြာကို ရင်ခွင်ပိုက်ရန် သရက်ကို အစေ့မယူက်စေရဟု မိန့်တော် မူခဲ့သည်အတိုင်း ပြောပြရာ မှန်နန်းရှင်က ငြင်းပယ်၍ ကျွန်ုပ် သဘောကျရာကို မိဖုရား တင်မြှောက်လိုသည်ဟု ပြောပြလေ၏။

မင်းတိုင်ပင်အမတ်ကြီးက တိုင်းပြည်ကို အုပ်ချုပ်သော ဘုရင်မင်းတို့သည် အမျိုး အရိုး စစ်သော မင်းသမီးကို ဘိသိက်ခံ၍ နန်းမတော်ကြီးအရာကို တင်မြှောက်မြဲ နန်းစဉ်ဘိသိက်စာတမ်း ထွက်ယှိပါသည် "ကြက်မှာအရိုး လူမှာအမျိုး" ဟု ဥဒါန်းတွင် ပါသည်။ မင်းမျိုး မင်းနွယ် စစ်မှသာ မိဖုရားကြီး တင်ထိုက် မြှောက်ထိုက်ကြောင်းကို နည်းလမ်းယှိသရွေ့ အကြိမ်ကြိမ် ပြောပြရာတွင်။

မယ်နုက ကြားကဖြတ်၍ သည်နေရာမှာ ဆရာကြီးပြောချက် မှားနေသည်။ ကြက်မှာ အရိုး လူမှာ အမျိုး မဟုတ်၊ "ကြက်မှာ

အမြစ် လူမှာအချစ် ဆိုကြပါသည်ဟု ပြောပြသောအခါ ဖလ်နန်းရှင်က ဖိုးတော် မိန့်ချက်ကို ပယ်၍ မယ်နု ပြောချက်ကို သဘောကျသဖြင့် မယ်နုကို မိဖုရားကြီးအဖြစ် တင်မြှောက်လေသည်။

အချို့က ဖလ်နန်းရှင်ဟု ပြောကြသည် အချို့က မှန်နန်းရှင်ဟု ပြောကြသည် မည်သည်က မှန်မည်ကို မသိ၊ အခေါ်အပြောများရာ ဖလ်နန်းရှင်ဟု ဖော်ပြလိုက်သည်။

မှန်နန်း ရာဇဝင်တော်ကြီးတွင် ခေါင်း၊ ကျောက်စာ၊ စာတန်းမော်ကွန်းများအဆို ပုဂံမင်းရိုးအဆင့်ဆင့် ဆင်းသက်ခဲ့သောမင်းသား သီဟကျော်စွာ၏ သွီးတော်ဟု နန်းမတော် မယ်နု၏ ဂုဏ်ကို ဖော်ပြသည် မင်းသား သီဟကျော်စွာသည် မည်သည့်မင်း၏ သားတော်ဟူ၍ အခိုင်အမာမဆိုချေ။

သို့သော် စဉ်းစားရန်မှာ မှန်နန်းရာဇဝင်တော်ကြီးကို ရဟန်းပညာယို့ မှူးမတ်ပညာယို့ ပုံမ်ဏားပညာယို့တို့ ညှိနှိုင်းတိုင်ပင်၍ ဘကြီးတော်ဘုရား အမိန့်တော်နှင့် ရတနာပူရမြို့ မှန်နန်းတော်နှိုက် ရေးသားကြရသောကြောင့် မှန်နန်းရာဇဝင်တော်ကြီး ဟူသော အမည်ကို ထင်ယှားစေသည်။

ဤအခါ နန်းမတော်ကြီး မယ်နုတို့ ကြီးစိုးသောခေတ်ဖြစ်သောကြောင့် ရာဇဝင် ပြုစုသောပုဂ္ဂိုလ်များသည် ရာဇတောဝါဒေးကို လွတ်အောင်ရှောင်ကြရသဖြင့် အမှန်သို့ ရောက်အောင်ရေးသားနိုင်ရန် ပုထုဇ္ဇဉ်ဖြစ်ကြ၍ ခဲယဉ်းပေလိမ့်မည် တထွေမင်းလိုလိုက် မင်းကြိုက်ဆိုဘိသကဲ့သို့ အချီးအမြှောက် အားကြီး

လျက် မင်း၏အလိုတော်ကျအောင် ရေးသား ဆက်သွင်းကြရ
သည်ဟူ၍သာ ယုံမှတ်ရန်ယိုချေ၏။

ဤအကြောင်းမျိုးကို အမှန်အကန်သို့ ကျအောင် အတွင်း
တော် အရာရှိတို့ လျှို့ဝှက်သော မှတ်သားချက် ပုရပိုက်များပင်
ယိုသော်လည်း ထိုမင်းလက်ထက်နှိုက် ပေါ်ဝံ့မည်မဟုတ် ဖြစ်
သည်။ အတွင်းတော်နှိုက် အဖြစ်အပျက်ကို ပြင်ပသို့ တစတစ
ပြန့်လွင့် ပြားသော်လည်း ထိုမင်းလက်ထက် အာကိုဟက်မည်ကို
ကြောက်ကြရသောကြောင့် လေသံမှ မထုတ်ဝံ့ကြ ဖြစ်ချေ၏
တကား။

သို့သော် အတွင်း သေနာပတိဖြစ်သော မင်းကြီး သီရိမဟာ
နန္ဒသင်္ကြံ အမတ်ကြီးက ဖိုးတော်မင်းတြား မိန့်ကြားတော်မူခဲ့
သောအတိုင်း မိဖုရားကြီး တင်မြောက်ရန်မှာ မင်းမျိုးမင်းနွယ်စစ်
၍ အမျိုး အရိုးမှန်မှသာ ဘိသိက်ခံ မိဖုရားကြီး တင်မြောက်
ထိုက်ကြောင်း ပြောပြသောစကားကိုသာ ပညာယိုတို့ ထောက်
ချင့်နှိုင်းရှည့်ကြရန် ဟူသတည်း။

ဖလ်နန်းရှင် ဘကြီးတော်ဘုရားသည် နှလုံးသိမ်မွေ့နူးညံ့ယဉ်
ကျေးတော်မူကြောင်း၊ ဒေါသတရား နည်းပါးကြောင်း ပြည်သူ
သတ္တဝါများကို သနားတော် မူကြောင်း၊ ဆင်းရဲး ပင်ပန်းကြ
မည်ကို စိုးရိမ်ကြောင့်ကြတော်မူကြောင်း၊ ကုသိုလ်ကောင်းမှု
များကို တိုးပွားတော်မူစေလိုသော ဆန္ဒတော်ယိုတော်မူကြောင်း
များကို ရှေးမှီသူတို့ ပြောကြားသည့် တဆင့်စကားကို မှတ်ရပေ
ကြောင်း။

ဘကြီးတော် မင်းတရားကြီးသည် ပညာယို အတွင်းတော် သေနာပတိ အမတ်ကြီးနှင့် တိုင်ပင်၍ ညီတော် သရက်မင်းသား ကို အိမ်ရှေ့မင်းတို့၏ အဆောင်အယောင် အခမ်းအနားများ ဆောက်နှင်းပေးအပ် ချီးမြှောက်တော်မူသည့်အပြင် သာယာဝတီ မြို့ကို အသုံးကံကျေးခံယူရန် မြို့စား ချီးမြှောက်တော် မူပေသည်။ ယင်းသည့် သာယာဝတီမြို့ကို မြို့သိမ်း ထွက်တော်မူရန် အမိန့် တော်ကိုလည်း ထုတ်ပြန်တော်မူသည်။

သရက်မြို့စား အိမ်ရှေ့မင်းလည်း နောင်တော်ဘုရား အမိန့် တော်မြတ်အရ အခါနေ့ရက်ကို ရွေးချယ်၍ ရတနာပူရမြို့မှ သာယာဝတီမြို့ကို မြို့သိမ်း စုန်တော်မူသောအခါ လှေတော်အမှု ထမ်းသို့ လှေသီချင်းဆိုကြသည်ကား။

> ပြည် ကြာယင် ဆုံးရချည့် စုန်းမကြီးလင် ပန်း
> တောင်း(ပဒေါင်း) တောင်ညာတင်မှ ညီခင်တပ်
> တော်လဲ့လို့ ပြန်ခဲ့မယ်လေး။ ဟု သီဆို ကြလေ
> သည်။

ဤတေးချင်းကို ရှေးက သဘင်သည်၊ ဇာတ်ရုပ်စုံတို့ ဇာတ်ရာ ဇဝင်၊ စကြာ်ရေချကို ကျင်းပသောအခါ အိမ်ရှေ့လှေတော် သားတို့ သီဆိုကြသည်ကို ကြည့်ရှုနားထောင်ရပေသည်။

သာယာဝတီမြို့နှိုက် ခေတ္တစံနေတော်မူသည့်အခါ သာရဝေါ လှေတော်ပွဲနှင်း မင်းပျံချီသွီး မမြကလေးကို သိမ်းပိုက် တော် မူသော အခမ်းအနားဖော်ပြရန် ယိုသော်လည်း မြမျိုးနွယ် ဝတ္ထု စာအုပ်ထွက်ပြီး ဖြစ်သောကြောင့် ၎င်းစာအုပ်နှိုက် အစုံအလင် ဖော်လျက် မှတ်သားဖွယ်များစွာ ယိုချေသည်။

## ဘကြီးတော်ဘုရား ပင်းရမြို့သို့ ထွက်ခြင်း

ဘကြီးတော်ဘုရားသည် တရားမ တရားသူကြီး ဦးအေးနှင့် အလွန်သင့်မြတ်ကြသည် ကျောင်းနေဘက် ငယ်သူငယ်ချင်း ဖြစ်ကြ၍ အပြောအဆိုမှာ စည်းကမ်းမယို ပြောဆိုခြင်းကို အခွင့်ရလေသည်။ ရာဇအေနွှရာယ် ကင်းလွတ်သူဖြစ်သည် ဦးအေးသည် ကဗျာလင်္ကာများကို ဆိုတတ်သူဖြစ်၍ စာဆိုတော်တဦး ဖြစ်သည်။

၁။ ရေကြည်ဝန်၊ အသည်ဝန်၊ အတွင်းဝန်၊ မိုးနဲ့တပ် စစ်ကဲကြီး၊ မြင်းခုံတိုင်မြို့စား၊ တရားမတရားသူကြီး၊ မင်းကြီး အတုလမဟာ ဓမ္မိကရာဇာ ဘွဲ့သနားတော်မြတ် ခံရသည်။

အခါတပါးသော် ပန်းရမြို့သို့ အပျင်းပြေ တရားသူကြီး ဦးအေးကိုခေါ်၍ မြင်းစီးပြီးလျှင် ထွက်တော်မူရာ ရွှေစည်းခုံဘုရားသို့ ရောက်သောအခါ ဘကြီးတော်ဘုရား မြင်းပေါ်မှ ဆင်းမည် အပြု မောင်အေး စာဆိုကွယ်ဟု မိန့်တော်မူရာ ဦးအေးသည် မြင်းပေါ်မှ ဆင်း၍ ဘကြီးတော်ဘုရားကို ကြည့်လျက် စာဆိုသည်မှာ-

> ပန်းညိုကိုဆင်၊ ယဉ်ပါဘီတောင်း။ ။မြင်းပေါ်
> ကိုယ်တော် စီးတယ်၊ ယီး-က တစောင်း။

ဟု စာဆိုလိုက်ရာ၊ ဘကြီးတော်ဘုရားက ငုံ့၍ ကြည့်ပြီး ရယ်တော်မူ၍ မောင်အေးမလဲး ၂ ယောက်ထဲးပဲး ပြောပြယင် ပြီးရောပေါ့။ စာဆိုနေရသေးသလားကွဲ့။

ဦးအေး။ ။ ရှင်ဘုရင်က မြင်းပေါ်မှဆင်းရန် ပုဗ္ဗနိမိတ် လို၍ စာဆိုရမယ်ပြောတော့ မြင်ရာကို ဖမ်းပီးတော့စာဆိုရပေဒါပဲး ဟု ပြောလေ၏။

ဘုရင်။ ။ မင်းစာဟာ နန်းတော် မရောက်ပါစေနဲ့ကွယ်။ ရှင်ဘုရင် အနေအထိုင် ပက်စက်တယ်ဟု ရယ်ကြပမယ်။ သည်နေရာတွင် မင်းစာပျောက်ပါစေ။

အေး။ ။ ဒါမှာတော့ မေ့သွားယင် ပျောက်မှာပဲ။

ဘုရင်။ ။ မင်းပြောယင် သည်လိုချည့်ပဲ။ ငါရှင်ဘုရင်ဖြစ်ပီကွဲ့။ မောင်အေးရဲ့။

အေး။ ။ ရှင်ဘုရင် ဖြစ်မှန်း အသိသားပေါ့။ မသတ်ဖူးမှတ်လို့ ပြောဒါ။ စိတ်ဆိုးသလား။

ဘုရင်။ ။ မင်းကို ငါစိတ်ဆိုးနေယင် ငါပျင်းနေမှာပေါ့ကွဲ့။

မြစ်ငယ်တလျှောက် ကျေးရွာတို့နှိုက် သက်ကြီးသူအိုများကို ခေါ်၍ ဆုတော်လာဘ်တော်အသပြာများကို ပေးကမ်းလျက် နန်းတော်သို့ ပြန်လာ၍ ရောက်သောအခါ ဦးအေးက မြင်းပေါ်မှ အမြန်ဆင်းပြီးလျှင် စာဆိုပြန်သည်မှာ-

(ပန်းညိုကိုဆင်၊ ယဉ်ပါဘိခြင်း-)

ဤအခါ ဘကြီးတော်က ဟော-ဟော-လုပ်ပြန်တော့မယ်၊ လုပ်ပြန်တော့မယ်၊ ဘာများမြင်ပြန်တုန်းကွဲ့ မောင်အေးရဲ့။

အေး။ ။ စာကိုဖြင့် ဆုံးအောင် နားမထောင်ဘူး။ စိတ်မလုံလို့ ဟန့်ချင်ဒါချည်းပဲ။ ကောင်းကောင်းနားမထောင်ဘူး။

ဘုရင်။ ။ အေးကွယ်-မင်းစာကို ဆုံးအောင် ဆိုစမ်းပါ။

ပန်းညှိုကိုဆင်၊ ယဉ်ပါဘိခြင်း။ နတ်မြင်း ခြေ တော်တင်လို့၊ စက်ကြာရှင် လှည့်ကာကြွသမို့၊ နင်းကာ့ရွှေကွင်း။

ဘုရင်။ ။ ကောင်းပါပေကွယ်၊ ငါ့မှာ တထိတ်ထိတ်နှင့် ဘယ်များ ရောက်အုံးမလဲးလို့။

အေး။ ။ ရှင်ဘုရင်က ငအေးကို ဘာမှတ်လို့လဲး။

ဘုရင်။ ။ ငအေးပဲး မှတ်ပါတယ်ကွယ်ဟု ပြော၍ နန်း တော်သို့ တက်လေ၏။

မြောက်လေသာဆောင်နှိုက် စံတော်မူခြင်း

တရံသောအခါ ဘုရင်မင်းမြတ်ကြီးနှင့် မိဖုရားခေါင်ကြီး အရှင် ၂ ပါးတို့ နန်းတော် မြောက်လေသာဆောင်နှိုက် ဥယျာဉ် တော် ပန်းခုံတော်ကို ကြည့်ရှုတော်မူလျက် စိတ်တော်ကို ဖြေ ဖျော်ခါ စံနေတော်မူကြလေသည်။

တရားသူကြီး ဦးအေးသည် မြေး ယောက်ျားကလေးကို လက်ဆွဲးလျက် နန်းတော်မြောက် ဥယျာဉ်တော်ကို လိုက်၍ပြရာမှ နန်းတော်ကြီးဘက်သို့ လှည့်လှာကြရာ၊ ဘုရင်မင်းမြတ်နှင့် မိဖု ရားကြီးတို့ လေသာဆောင်နှိုက် စံနေတော်မူသည်ကို မြေးက လေးက လက်ညှိုးထိုးပြမေးသည်ကို ဦးအေးက ကြည့်လျက် လက် ညှိုးထိုး၍ ပြောပြီးလှာကြရာ၊ လေသာဆောင်အနီး ရောက်လျှင် ဘုရင်မင်းမြတ်က မောင်အေးတက်ခဲ့စမ်းဟုခေါ်တော်မူ၍ မြေး အဖိုး တက်သွားလေ၏။

ရွှေတော်သို့ ရောက်သောအခါ ဘုရင်မင်းမြတ်က ဟိုခုံပေါ်မှာ ထိုင်ပါကွယ်ဟု ညွှန်ပြလေသည်။

ဦးအေး။ ။ သည်ခုံပေါ်မှာ ထိုင်လို့ အပြစ်လွတ်ပါ့မလား။

ဘုရင်။ ။လွတ်ပါတယ်ကွဲ့ မောင်အေးရဲ့။ မင်းက ကြောက်ချင်ပြုနေပြန်ပီ။

အေး။ ။ ကြောက်ရပါသော်ကော။ အခွင့်အရေးကို ကြည့်ရသေးတယ်။ သို့မဟုတ်က ငအေး-ဖင်စုတ်မည်ကို စိုးရိမ်ရတယ်။

ဘုရင်။ ။ အောင်မယ် မောင်အေးက ကြီးကြီးကျယ်ကျယ် ပြောပါဘိ။ မင်းဖင် ဘယ်လောက်များ အဖိုးတန်ပါသလဲးကွဲ့။

အေး။ ။ သယ်- ရှင်ဘုရင်လုပ်ပီး မေးပြန်ပီ နေရာမှား တင်ပါးသားကို ငါးကျပ်သားလိုးစေ၊ အမိန့်တော်ကို ဘယ်သူက ထုတ်တာလဲး။

ဘုရင်။ ။ ငါက ထုတ်တဲ့ အမိန့်တော်ဖြစ်တယ်။ သို့ပေမဲ့ မောင်အေးကို အမိန့်တော်ထုတ်ရာတွင် မပါ။ ပယ်ထားပါတယ်ကွဲ့။

အေး။ ။ ဒါဖြင့် ငအေးမှာ ဖင်ချမ်းသာပြီ။ နို့ မိဖုရားကြီးကကော။

မိဖုရား။ ။ အခွင့်ပြုပါတယ် တရားသူကြီးမင်း။ မောင်တော်ဘုရားအမိန့်အတိုင်းပါပဲး။

အေး။ ။ ဒါဖြင့် ငအေးမှာ အဝေယာပဟော္ဇ ဖြစ်ပြီနော်။

ဘုရင်။ ။ လက်ဆွဲး ခေါ်လာတဲ့ကလေးက ဘာတုန်းကွဲ့။

အေး။ ။ မြေးကလေး ဖြစ်ကြောင်းပါ။

ဘုရင်။ ။ ဘယ်သူ့ ရင်သွေးပေလဲးကွဲ့။

အေး။ ။ သမီး အကြီးက မွေးတဲ့ မြေးဦးကလေး ဖြစ်ကြောင်းပါ။

ဘုရင်။ ။ ဘယ်အရွယ်ရောက်ပလဲး။

အေး။ ။ ခုနစ်နှစ်က လစွန်းလှာပါပြီ။

ဘုရင်။ ။ မင်းတို့ မြေးအဖိုး ဥယျာဉ်တော်အချိုး ပန်းခုံစွန်းတွင် ရပ်လျက် လက်ညှိုးထိုးပီး ပြောနေကြဒါ ဘာများတုန်းကွဲ့။

အေး။ ။ အခြား အကြောင်းတော့ မဟုတ်ပါဘူး။ မြေးကလေးက ဟိုအပေါ်မှာ ထိုင်နေတဲ့ ဟိုလူကြီးနဲ့ ဟိုမိန်းမကြီး ဟာ ဘာတုန်းဟု မေးပါတယ်။

ဘုရင်။ ။ နှို မောင်အေးက ဘယ့်နှယ်ပြောပြသလဲး။

အေး။ ။ ဟိုအပေါ်မှာ ထိုင်နေကြတာ ရှင်ဘုရင် လင်မယားလို့ ပြောပြရတယ်။

(ဤအခါ ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးတို့ ရယ်တော်မူကြသည်။)

ဘုရင်။ ။ ပြောမှ ပြောတတ်ပေ မောင်အေးရယ်။

အေး။ ။ ပြောတတ်ဆို ကလေးများ နားလည်အောင် ပြောရပေဒါကလား။)

မိဖုရား။ ။ ဟုတ်ပါပေတယ်။ ကလေးများတော့ သူတို့နား လည်သလို ပြောပြမှ ကိစ္စတုန်းပေတယ်။

အေး။ ။ ဟော ရွှေဥာဏ်တော်ရှင်ဖြစ်တော့ အေးသွားဒါပဲ။ ရှင်ဘုရင်လိုဖြင့် အခက်သား။

ဘုရင်။ ။ ငါက အထူး ဘာများ ပြောသလဲးကွဲ့။

အေး။ ။ ပြောမှ ပြောတတ်ပေကွယ်ဆိုတော့ ဘာများဖြစ် အုံးမလိုလိုကိုး။

ဘုရင်။ ။ မင်းကိုယ်ကို အဝေယာဟောနှ့ ဆိုပီးသား မဟုတ်လား။

အေး။ ။ နို့ မြောက်လေသာဆောင်သို့ ဘာလုပ်မယ် ထွက် လှာကြသလဲး။

ဘုရင်။ ။ ညောင်းတော်မူဒါနဲ့ ဥယျာဉ်ပန်းခုံတော်များ ကို ကြည့်ရှုရန် စိတ်ဖြေလက်ဖြေ ထွက်လာကြဒါပဲးကွဲ့။

အေး။ ။ ကောင်းပ- ကောင်းပ၊ တော်တော် ပျော်တော်မူ ကြပါရဲ့လား။

ဘုရင်။ ။ ဒါမှာတော့ ကိုယ့်စိတ်ကို ကြည်လင်အောင် ကိုယ့်စိတ်နှင့် ဖြေဖျောက်ရဒါပကွယ်။ မင်းက တို့ကို စာဆိုချင် ပြန်သလား။

အေး။ ။ အလိုယှိတော်မူ၍ ဆက်တော်မူရန် အမိန့်တော်ကို နာခံပါရလျှင် မိမိဉာဏ်စွမ်းသရွေ့ စာဆိုရမည်ဖြစ်ကြောင်းပါ။

မိဖုရား။ ။ စာဆိုစမ်းပါ တရားသူကြီးမင်း၊ နားထောင်လို ပါသည်။

ဘုရင်။ ။ မောင်အေး စာဆိုလိုက ဆိုပါကွယ်။ သို့သော် ပန်းညို မပါစေနဲ့နော်ဟု ရယ်၍ မိန့်တော်မူလေ၏။

အေး။ ။ မဟုတ်ပါဘူးလေ။ နေရာတိုင်း ပန်းညိုပါဒါ မဟုတ်ဘူး။ စာတော်ဆက်သည်ကိုသာ ရွှေနားဆင်တော်မူကြပါ မည့်အကြောင်း၊ ရှိခိုး-

ဘုရင်။ ။အောင်မယ် မောင်အေး၊ မင်းက ဘာတွေကြီး ကြီးကျယ်ကျယ် ခမ်းခမ်းနားနား ပြုလုပ်ပီးတော့ ယောက်မနေ ပါနဲ့ကွဲ့။ မင်းစာကို မြန်မြန်ဆိုပါ။ ငါတို့ အတွင်းတော် ဝင်ချိန် တော်ပီကွဲ့။

အေး။ ။ အမိန့်တော်အတိုင်း ဆိုပါတော့မည်။

မောင်မယ်နှစ်စုံ၊ ဆောင်ဘုံကခွါလို့။ ။မြောက်
လေသာ အဆောင်ဦးမှာ၊ မြူးကြနှစ်ကိုယ့်။ ။

ဟု ဆိုလိုက်သောအခါ ဘုရင်မင်းမြတ်နှင့်မိဖုရားကြီးတို့ များစွာ ရယ်တော်မူလျက် အတွင်းသို့ လိုက်ခဲ့ဟု မြေးအဖိုး ခေါ်သွား၍ မိဖုရားကြီးက ဦးအေး မြေးကလေးကို ငွေတော် တပိဿာ ဆု အနားတော်မူလိုက်သည်။ တရားသူကြီး ဦးအေးကိုလည်း ဝတ်စုံ ပေးသနားတော်မူလိုက်လေသည်။

(ဤကား-ဘကြီးတော်မင်း ဦးသံမှို ပြောပြချက်ဖြစ်သည်။)

## အမယ်အိုကြီးများ

ဘုရင်မင်းမြတ်သည် မြို့တော် ၄ မျက်နှာနှိုက် ယိုနေကြသော ချည်ငင့်၊ ချည်ချ၊ ဗိုင်းငင့်ကြသော အသက် ၅၀ ကျော် အမယ်

အိုးကြီးများကို နေ့စဉ်ခေါ်၍ မြေနန်းတော်အောက် ဖျာရိုင်ခင်းပေး၍၊ ချည်ငင်၊ ချည်ချ၊ ဗိုင်းငင်အလုပ်ကို လုပ်ကိုင်စေသည်။ အစားအသောက် အချိုအချဉ် စသည်များကိုလည်း ပွဲရုံခင်းကျင်း ကျွေးမွေးလေ့ အမြဲယိုသည်။

ဘုရင်မင်းမြတ်သည် အမယ်အိုကြီးများနှင့် ရွှေးဖြစ်နှောင်းဖြစ် စကားများကို ပြောဆိုလေ့ရှိ၏။ ဗိုင်း-ချည်ငင်ခြင်း၊ ချည်ချခြင်းကို ကူညီလုပ်ကိုင်ပေးသည်။ မြို့သူမြို့သားတို့ အကြောင်းကိုမေးခြင်း၊ မြို့သူမြို့သားတို့ ဘယ်လို စီမံအုပ်ချုပ်လျှင် နှစ်သက်ကြမည့်အကြောင်းကို မေးမြန်းတော်မူခြင်း၊ နေ့စဉ် လေးပြင် လေးရပ်ကွက်စို့တို့နှိုက် သတင်းဖြစ်ပွားပုံကို မေးတော်မူခြင်း ဖြစ်လေသည်။

တခါတရံ ရယ်ရွှင်ဖွယ်စကားများကို ပြောဆိုရယ်မောကြလေသည်။ အမယ်အိုကြီးများ ငယ်စဉ်က နေထိုင်ကြပုံ၊ အပျိုအရွယ်ဖြစ်တော့ နေထိုင်ကြပုံ၊ သွေးရီးစားထားပုံ၊ အပျိုလူပျိုစကားပြောကြပုံများကို မေးမြန်းတော်မူ၍ ရယ်ကြလေသည်။

တရံတခါ အမယ်အိုကြီးတို့ ရစ်ကြိုး ပြတ်သွားသော အခါ **မှောက်တော်ရေ့**။ ရစ်ကြိုးပြတ်သွားလို့ ဆက်ပေးလှဲ့ပါ ခေါ်လျှင် ဘုရင်မင်းမြတ် အမြန်လာရောက် ဆက်ပေးလေသည်။ ရစ်ကြိုး ချား ရစ်မယိုယင် ပြောကြနော်။ နန်းတော်က ထုတ်ပေးမည်ဟု ပြောလေ၏။

အမယ်အိုကြီးတို့ ငယ်ငယ်က ပွဲလမ်းသဘင်ကြည့်ရှုပုံ၊ ဇာတ်ခင်းပုံ၊ မင်းသားမင်းသမီး ဆိုပုံကပုံ ပြောပြစေသည်။ အချို့ အ

မယ်အိုကြီးတို့က ထ၍ ကဆိုပြသောအခါ များစွာ ဝမ်းမြောက်တော်မူသည်။ ဝတ္တုပုံပြင် စကားပုံပြင်များကိုလည်း အပြောခိုင်းတော်မူ၍ နားထောင်တော်မူသည်။

ညနေ ၄ ချက် မတီးမီ အမယ်အိုကြီးများကို နန်းတော်က ထမင်းဟင်း အချိုအချဉ်များကို ကျွေးမွေးခြင်းကို ပြုလုပ်တော်မူပေသည်။

အမယ်အိုကြီးများ ယနေ့ဗိုင်းငင်သည်မှာ ဗိုင်းတောင့် အချိန်မည်မျှကုန်သည်။ ချည်ဝင် အချိန်မည်မျှရသည်။ ချည်ချသည်မှာ ချည်ခင် အချိန်မည်မျှကုန်သည်ကို မေးမြန်း၍ ကုန်သောဗိုင်းတောင့်အချိန်၊ ချည်အချိန် ယိုသည့်အတိုင်း ဆုတော် ဒိုင်ငွေကို ချိန်၍ ပေးသနားတော်မူပြီးလျှင် နန်းတော်အမှုထမ်းတို့ နန်းတော် တံခါးမကြီးက ထွက်၊ ကျုံးတော်ပြင်ဘက်ကို ရောက်အောင် လိုက်၍ ပို့စေသည်။ ဤကား သတင်းနေ့ အခါရက်ကြီးများမှ တပါး နေ့စဉ်ပြုမြဲဖြစ်သည်။

## နံနက်ညီလာခံခြင်း

နန်းတော်ကြီး စနုဆောင်နှိုက် နံနက် တချက်တီးအချိန်တွင် ဝန်ကြီး အတွင်းဝန်များ ညီလာခံဝင်ကြရသည်။ တိုင်းပြည်ရေးရာ အမိန့်တော်ခံ၍ စီမံခန့်ခွဲတော်မူကြရသည်။

ဝန်ကြီး အတွင်းဝန်များသည် နန်းတော်တိုင်ကိုမှီ၍ ခစားကြရာ နန်းတော်တိုင်နှိုက် မွမ်းမံထားသော ရွှေများ အရောင်မှိန်သောကြောင့် ဝန်မင်းတို့ နန်းတော်တိုင်ကို မမှီကြနှင့်။ ရွှေရောင်

မှိန်တော်မူသည်။ ဝန်မင်းတို့အိမ်က မှီအုန်းယူလှာကြရမည်ဟု အမိန့်တော် ယှိလေသည်။

ဝန်ကြီး အတွင်းဝန်တို့လည်း ပြက်ရယ်ပြုသည်မှတ်၍ အမှတ်မဲ့ ခါတိုင်းကဲ့သို့ ဝင်၍ ခစားကြလေ၏။ နောက်တနေ့ အသုံးစာရေးကို ခေါ်တော်မူ၍ စနုဆောင် နန်းတော်တိုင်များကို ဖျာချောပတ်၍ ချည်ထားရမည်။ မှူးမတ်အရာရှိတို့ အခစားဝင်ကြသည့်အခါ မှီရန် မှီအုန်းများကို အစေ့ထားရမည်ဟု မိန့်တော်မူလေ၏။

နောက်ဝန်ကြီး အတွင်းဝန်များ ညီလာခံ ဝင်ကြသောအခါ နန်းတော်တိုင်များကို ဖျာပတ်ထားသည်ကို မြင်၍ လျှောက်ကြရာ။

ဖျာပတ်ထားရမှာပေ့ါ၊ ဝန်မင်းတို့က ပြောဒါမှ နားမထောင်ကြပဲ၊ နန်းတော်တိုင်ကို ဝန်ကြီးများ မှီကြသည်မှာ ရွှေရောင်များ မှိန်နေပြီ။ ၎င်းရွှေရောင်များ မှိန်၍ အသစ်မွမ်းမံရွှေချရပါလျှင် စရိတ်တော်ငွေ ကုန်ကျလိမ့်မယ်။ ၎င်းကုန်ကျသော ငွေသည် ဝန်ကြီးမင်းတို့ငွေလဲးမဟုတ်။ ကျွန်ုပ်ငွေလဲး မဟုတ်၊ နိုင်ငံတော်အတွင်း နေထိုင်ကြသော ကျေးတော်မျိုး ကျွန်တော်မျိုးများ ငွေဖြစ်ပေတယ်။ ဝန်ကြီးမင်းတို့ကို လစာရိက္ခာတော် ထုတ်ပေးသည်မှာလည်း ကျွန်ုပ်က ထုတ်ပေးသည်မဟုတ်။ ကျေးတော်မျိုး ကျွန်တော်မျိုးတို့က ထုတ်ပေးသော ရိက္ခာတော် ဖြစ်တယ်။ ၎င်းငွေတို့ကို တရားသဖြင့် သုံးမှ တော်ကြမယ်။ ငါရှင်ဘုရင် ဖြစ်တယ်၊ ငါ ဝန်ကြီး မှူးကြီးဖြစ်တယ် ဟူ၍ အလွဲကို အသုံးပြုကြယင် မတရားရာ ကျမည်၊ ကျေးတော်မျိုးတို့က ရှေးအစဉ်အလာ ယှိ

သည့်အတိုင်း ဆက်သွင်းကြသော ဘဏ္ဍာတော် အခွန်တော်များ သည်ကား အဆိပ်အတောက်နှင့် တူချေသည်။

အကြောင်းမူကား ရှင်ဘုရင်သည် အကျွန်ုပ်တို့အပေါ်တွင် ရာဇဓမ္မ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်တော်မူပါ၊ အကျွန်ုပ် တို့က သဿမေဓအခွန်ဘဏ္ဍာတော်ကို ဆက်ပါမည်ဟု မင်းအဖြစ် ကို တင်မြှောက်ကြဒါ။ မိမိကလဲး မင်းကျင့်တရား ဆယ်ပါးနှင့်အ ညီ ကျင့်ပါမည်ဟု သစ္စာပြု၍ ဝန်ခံထားရသည်။ စဉ်းစားကြည့် ရှုစမ်း။ ကျိန်စာတိုက်ပီးတော့ ကျွေးကြဒါနဲ့ တူနေတယ် မဟုတ် လား။ သေသေချာချာ စဉ်းစားကြနော်၊ သစ္စာမူခြင်း၊ ကျိန်စာ တိုက်ခြင်းကို ခံထားရဒါဖြစ်တော့ သစ္စာပေါက်မှာကို စိုးရသည် ဝန်မင်းတို့နော်။

ဝန်ကြီးမှူးကြီး ဝန်စု မှူးစု စသည်တို့လဲ ပေါ့ပေါ့တန်တန် မဟုတ်ကြဘူး။ ရှင်ဘုရင်ကဲ့သို့ သစ္စာမူ၍ ကျိန်စာထမ်းယွက်ထား ကြရသည်ချည်းဖြစ်တော့ သစ္စာမပျက်ကြရန် သတိပြုကြပါ။ ၎င်း တို့က အစဉ်မပြတ် အချိန်ကျရောက်လျှင် ဆက်သကြသော ကျိန် စာ ဘဏ္ဍာတော်ကို လုပ်ချင်တိုင်း သုံးချင်တိုင်း ပြုလုပ်ဖို့ မတော် ကြဘူး၊ ဝန်မင်းကြီးတို့ဟု မိန့်တော်မူလေ၏။

နိုင်ငံတော်အတွင်း မည်သည့်ကျေးကျွန်မျိုးမဆို ကုသိုလ် ကောင်းမှု အဆောက်အဦ တည်ထားစိုက်ပျိုးလိုက အမိန့်တော် ကို မခံကြစေနှင့်၊ မိမိတို့သဘောအတိုင်း ရတနာသုံးပါးကို ကုသိုလ်တော်ပွားအဖြစ် ပြုလုပ်လှူဒါန်းနိုင်ကြကြောင်းဖြင့် အမိန့်

တော်ကို လွှတ်တော်ဝန်ကြီးတို့က ထုတ်ဆင့်စေ။ နိုင်ငံတော်အတွင်း ဆင်းရဲသား ကျွန်တော်မျိုးတို့ ချမ်းသာစွာ လုပ်ကိုင် အသက်မွေးကြရန် ရာဇဝတ်မှု ပပျောက်အောင် ဆိုင်ရာ ခရိုင်ဝန်၊ မြို့ဝန်၊ မြို့သူကြီးတို့က စီရင်အုပ်ချုပ်ကြရန် လွှတ်တော်က အမိန့်ထုတ်စေ၊ ဆင်းရဲနွမ်းပါးသော မိလက္ခုတောင်သူ အသည်အလာ စသည်တို့ကို စိစစ်တော်မူ၍ သက်မွေးဝမ်းကျောင်း ချောင်ချောင်ချည့်ချည့် ချမ်းသာစွာ နေထိုင်ကြရန် ငွေတော်များကို ထုတ်ပေး မ,စတော်မူမည့်အကြောင်းကို အမိန့်တော်ကြီး ထုတ်ပြန်တော်မူရမည်ဟု ဆွေးနွေးတိုင်ပင် မိန့်တော်မူသောဟူ၏။

အရာရှိ အမှုထမ်းတို့၏ သားမြေးများကို ဖြစ်စေ၊ သူကြီးရိုးရာ သားများကို ဖြစ်စေ၊ အရွယ်ရောက်၍ ပညာ အရည်အချင်းနှင့်ပြည့်စုံသော သူတို့ကို နိုင်ငံတော်အတွင်း စိစစ် စာရင်းရေးမှတ်ကောက်ယူဆက်သွင်းကြရန် လွှတ်တော်က အမိန့်ထုတ်စေ၊ ဆက်သွင်းကြသော စာရင်းအရ ရှေ့တော်တွင် ဝန်ကြီးများနှင့် စာရင်းပါ အရည်အချင်းကို ဖော်ပြချက်အရ သင့်ရာအမှုတော်ကို ထမ်းယွက်စေရန် စီမံတော်မူမည်ဟူသော အမိန့်တော်ကို ချမှတ်တော်မူလေ၏။ ။ဤကား စစ်ကိုင်းမြို့ ညောင်ပင်သာ ဆရာကြီး သူတော်ဦးပုည မိန့်ချက်ဖြစ်၏။

## ဘုရင်မင်းမြတ် ဈေးမြောက်ပုံ

ရတနာပူရ စတုတ္ထမြို့တည် မင်းတြားကြီးသည် ပျို့၊ ရတု၊ မော်ကွန်း၊ ဧချင်း၊ အဲ့၊ လူးတား၊ ရကန်၊ သာချင်း စသော

လက်ာများကို ရေးသားဆက်သွင်းကြသော စာဆိုပညာယှိတို့ကို အားရ နှစ်သက်တော်မူသဖြင့် ဆုလာဘ်များစွာပေး၍ အချို့ကို မြို့စား ရွာစား ချီးမြှောက်ပေးသနားတော်မူလေ့ယှိတော်မူ၏။

ခွန်းထောက်၊ သံဖြန့်ပုလဲ၊ သံချိုလေးချိုးကြီး၊ တေးထပ်၊ ရှစ်ဆယ်ပေါ်၊ ထီးဖွဲ့နန်းဖွဲ့၊ ဖုန်းတော်ဖွဲ့၊ ကဗျာ၊ သီချင်းများကို လည်း ရေးသားဆက်သွင်းကြသော စာဆိုဆရာ ပညာယှိတို့ကို လည်း ဆုတော်လာဘ်တော်များစွာ ချီးမြှောက် ပေးသနားတော် မူလေ့ယှိတော်မူ၏၊ ယင်းသည့် စာဆိုပညာယှိတို့ကိုလည်း အရည် အချင်းအလျောက် ရာထူး ပေးအပ် ခန့်ထား ချီးမြှောက်တော်မူ လေ့ယှိ၏။

ထိုမင်းတရားကြီးလက်ထက်တော်နှိုက် လက်ာ စီကုံးတတ်သူ ကဗျာစီကုံးတတ်သူ ရဟန်းသျှင်လူတို့မှစ၍ ယောက်ျား၊ မိန်းမ များစွာ တိုးပွား စည်ပင်ကြလေသည်။

ည ညီလာခံနှိုက် နန်းမတော်ကြီး ရှေ့တော်နှိုက် ရကန် ဆရာဦးတိုး၊ ရကန်ဖျက် ဦးလန်း၊ မင်းထင် သက်ရှည် ဘွဲ့ခံ လူဦးမင်း၊ ပင်းတလဲမြို့ ရေဝေရွာ ဇာတိ ဖိုးသူတော် ဦးမင်း တို့ နေ့စဉ် ဝင်ရောက် ခစားလျက် စာဆိုကြပြီးလျှင် ဆုတော် လာဘ်တော်များကို ခံယူကြရလေသည်။

ဘုရင် မင်းမြတ်သည် နန်းမတော်ကြီး အဆောင်တော်သို့ မသွားပဲ တလ-နှစ်လခန့် အစဉ်မပြတ် ယှိတော်မူခြင်း၊ ရံခါ နှိုက် စိတ်တော်မကြည်မလင် ယှိတော်မူခြင်းများ ဖြစ်တတ်သည် ဟု အစဉ်ပြောဆိုကြ၏။

ဤသည်ကို ထောက်လျှင် မုံရွာမြို့မှ စုံစမ်း မှတ်သားချက် အရ နန်းမတော်ကြီး မယ်နု စီရင်တော်မူသည်ဆိုသော ဒူးလေး အတတ်ဟု ဆင်ခြင်ရန်ယှိသည်။

## ဘုရားသျှင် ပွင့်တော်မူရာ မဟာဗောဓိသို့ ကမ္ပည်း ကျောက်စာနှင့် အလှူတော်များ ပို့လှူခြင်း

ပုံမ်ဏားပုရောဟိတ် မဟာရာဇိန္ဒအဂ္ဂမဟာဓမ္မရာဇဂုရုမြေနန်း ဝန် မဟာမင်းလှ သာဂသူ အမှာတော်ရေး ငရွှေလှုတို့ကို အစေ အပါးနှင့် ကမ္ပည်းကျောက်စာ အလှူတော်များကို မဟာဗောဓိ သို့ စေလွှတ် စိုက်ထူတော်မူသော ကမ္ပည်းကျောက်စာကား။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ။ သခေျ်လေးကိန်း။ သိန်းကမ္ဘာမ၊ တရိဝဋ္ဋ၊ သံသာရန္တိက်၊ ဒါန စသော၊ ပါရမီအပြား တရားအပေါင်းတို့၏၊ ထွတ်ထိပ်ရွှေ မှောက်၊ ဦးကိုင်ဆောက်သော၊ ဂေါတမမည်ထင်၊ သုံးလူ့ချစ်ရှင်၊ ဘုရားသျှင်သည်။ ။

သာရမဏ္ဍကမ္ဘာ၊ လွှန်လေခါန္တိက်၊ ဒီပင်္ကရာ၊ ဗိရိယာမိကာ၊ ဘုန်းကျိုးပြလျက်၊ နိယတဗျာဒိတ်၊ ဘီသိက်ထားတင်၊ ပန်ဆင် တော်မူသည်မှစ၍. ဗုဒ္ဓသုည၊ ပေါက်ပြင်ါးရပ်၊ ဆဲ့တကပ်ထက် ကောဏ္ဍညာ၊ ကဿပ အစအဆုံး၊ နှစ်ကျိပ်သုံးတည့် ဦးလုံး ထိပ် ထက်၊ ရွှေခွန်းတော်မြွက်၊ ဆင်ခဲ့ယွက်ပြီး၊ မဟာဗောဓိ မဏ္ဍိုင် အောက်၊ အန်အပ်သော ကိလေသာ ရှိရကား။ ။

သစ္စာလေးပါး၊ တရားမုံရင့်၊ ပွင့်တော်မူလတ်သည် ရှိသော်၊ သီလသမာဓိ၊ ပညာဘိညာဉ်၊ ငါးစဉ်နက္ခ၊ ဝိမုတ္တိမဟာကရုဏာဟူသော၊ အမြစ်အပင်၊ ခက်ရှင်ဖူးပွင့်၊ မှည့်ရင့်ခိုင်ဖြိုး၊ အမြိုက်သီး တို့ဖြင့်။ သတ္တဝါသာဂရ၊ ဝေနေယျတို့အား၊ တရားမြိုက်ဆေး တိုက်ကျွေးတော်မူလျက် ပင်ကြီးညွန့်ဟုံ၊ ချမ်းရိပ်မြုံ၌၊ ခိုလှုံကိန်းကြ၊ ကျွတ်ပွဲမျှသတည်း။ ။

ဘုရားကိုယ်ထင်၊ မမြင်ရလိုက်၊ မကျွတ်ထိုက်သော၊ အကြိုက်ထိုခါ၊ သတ္တဝါတို့အား၊ နောက်တော် စည်လာ၊ သာသနာ၌၊ ဖိုလ်မဂ်တင်းမေး၊ လိုက်ကုန်သေးဟု၊ စလယ်ဆုံးဖျား၊ သုံးပါးဒေသနာ၊ ထွေတော်သာဖြင့်၊ ကရုဏာ ရှင်ပြုံး၊ ဘဝဂ်ဆုံးအောင်။ မိုးလုံးသံတင်၊ ရိုက်ခဲ့ကျင်တည်း။ ။

ရွှေခွန်းတော်မြွက်၊ မှာတော်ချက်နှင့်၊ စဉ်ဆက်စပ်ကာ၊ သရေခေတ္တရာ၊ ပုဂံမြင်စိုင်း၊ စစ်ကိုင်းပင်းယ၊ ရတနာပုရ၊ ရတနာသိင်္ဃ၊ အမရပူရ ပြည်မရွှေတောင်၊ တိုင်အောင်တလျှောက်၊ တောက်သမီးကဲ့သို့ဖြစ်၍၊ သုနာပရန္တ တိုင်းမထိပ်ဦး၊ ထုံခဲ့ဘူးသော စန္ဒကူးကျောင်းနှံ့။ ပျံ့လတ်ရကား၊ နမ္မဒါမြစ်ထိပ်၊ နှစ်ထပ်နှိပ်လျက်၊ စက်ရိပ်ခွတ်ထပ်၊ ရှင်တော်ကွပ်၍၊ ရတနာသုံးဦး၊ ပွားလူးရာရိုက်၊ ဇမ္ဗူဒီပါ သောင်းထိုက်၊ ချီးမွမ်းထိုက်သော၊ ဤပြည်ကြီး၌။ ။

ကုန်းဘောင်နဂရ၊ ဇေယဘုမ္မိ၊ အောင်ဇာတိထက်၊ တြိဘဝန-နေနတ်နာထ၊ အာဒိကဖြစ်၍၊ မြေနှိုက်ဘဝါး၊ နင်းသွားကျွံလှိုင်း၊ ဟတိုင်းဝိုးဝင်း၊ ခံတွင်းအာစက်၊ မောင်းလက်ဝရ

ဇိန်၊ မိးရှူးထိန်သော၊ ဘေးတော် မင်းတရားကြီး၏ ရွှေနန်း နွယ်နတ်၊ မြစ်တော်မြတ်တမူလည်း ဖြစ်ထသော။

ကုသ ဝတီပြည်၊ မဟာ သုဒဿန၊ ဘေးလောင်း လှကဲ့သို့ ဥပေက္ခာဉာဏ်၊ မေတ္တာချောန်ဖြင့်၊ ပြန်ပြန်ပွားမှု၊ တရားရှုသော ဆဒ္ဒန်ဆင်မင်းသခင် (သီရိဝရ တိလောကပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ) အမည်တော်ရှိသော၊ အမရပူရ ရွှေမြို့တော်တည်၊ ဖိုးတော် မင်းတရားကြီး၏ မြေးတော် စက္ကရတ် ပြဟ္မဒတ်တမူ လည်းဖြစ်ထသော။

သမုဒ္ဒရာကမ်းထိပ် ဆိပ်နှင့်အကွ မြို့မနိုင်ငံ ခရိုင်ရံသော ဓညဝတီ ရခိုင်ပြည်ကြီးကို ရွှေလက်တော်ဆန့်၊ ပန်းနွယ်တပွင့်၊ လှမ်းဆွတ်လင့်၍၊ မဟာမုနိ တြိနာထ၊ ရုပ်ရှင်တော်မြတ်၊ သိဒ္ဓိဓာတ်ကို၊ အမရရွှေမြေ၊ ရောက်တတ်စေသော၊ ကြံတတ်ယောက်ျား၊ တန်းခိုးအားဖြင့်၊ သီရိမဟာ၊ ဓမ္မာဘိဇယ သီဟသူရ၊ အမည်တော်ရှိသော၊ ခမည်းတော်မြတ်စစ်၊ မယ်တော်ချစ်တို့၏ ရွှေရင်နှစ်မြတ်၊ မဏိဇောတရည်၊ မုနော နတ်တမူလည်း ဖြစ်ထသော။ ။

သီရိပဝရ သုဓမ္မမဟာ ရာဇာဓိရာဇာ၊ အမည်တော်ရှိသော တရား မင်းမြတ်သည်၊ ကောဇာ သက္ကရာဇ် ၁၁၈၀-ခု နယုန်လဆန်း ၁၃-ရက် စနေနေ့အခါ စကြာရတနာ၊ ရောက်ခါရွှေရွှေး၊ စကြာဝတေးမင်းဖြစ်၊ နန္ဒရာဇ်ကဲ့သို့၊ ပြည်မ-ပြည်တွင်း၊ လုံးရင်းဗိုလ်ပြူ၊ ပဒုမဗြူဟာ၊ ချာချာပတ်မျှ၊ မိုးမြေရုတ်ရုတ်၊

အုတ်အုတ်ကျက်ကျက်၊ တပြိုင်နက် ကောင်းခြီးမင်္ဂလာ၊ ကြော်ငြာစေလျက်၊ ပြည်လုံးကြက်သရေ၊ မြေတော၀န်းပတ်၊ နန်းလုံးနတ်ဖြစ်သော မြတ်သော၊ တောင် မိဖုရားခေါင်ကြီးနှင့် တကွ မုနောတမျှ သက်တော်မူသတည်း။ ။

ရွှေတောင်တက်ပြီး၊ ကြုံကြီးဝီရိယ၊ ဥဿာဟဖြင့်၊ ယထာနုလောမ၊ ယထာပရာမ၊ ယထာခမ္ဘ၊ သာသနာတော်၌၊ တုန်လှုပ်ခြင်းမရှိသော၊ အစလသဒ္ဓါခြင်းဖြင့်၊ သာရိရိက၊ ပရိဘောဂ၊ ဥဒ္ဒိဿက၊ စည်းခုံဂူထွတ်၊ ပြသာဒ်တန်ဆောင်း၊ ကျောင်းစသော ပရိကမ္မအပေါင်းတို့ဖြင့် ချီးမြှင့်အပ်သော ပါရမီတော်အားကား သမုဒ္ဒတက်စုန်၊ သဲးမှုန့်တော်မျှ၊ ပမာဏလျှင်၊ ဖြစ်သတည်း။ ။

ထိုအခါ မဇ္ဈိမတိုက် ဝဇ္ဇီတိုင်း ဝေသာလီပြည် လိစ္ဆဝီမင်းတို့၊ အရိုက်မပျက်၊ နန်းညွှန့်ဆက်ဖြစ်သော၊ စန္ဒရဝန္ဒသျှိန်၊ ဇော်ရဟိန် စသော မင်းတို့မှလည်း၊ နတ်မနိမ့်အောက်၊ သုံးယောက်ဟီရိ၊ မျိုးဘုန်းယိုကို၊ ရှိခိုးညွှတ်ခ ဆက်သစေခြင်း၊ တလွှားကုန်အောင်၊ ပြည်တောင်ထီးဆောင်း၊ မင်းအပေါင်းတို့၊ ဖျပ်ဝပ်ညွှတ်ကိုင်း၊ ရှိုင်းရာဖြစ်ခြင်း၊ ညေပုည ဥက္ကဋ္ဌကုဋ္ဌိ၊ ရဲရဲညီသော အားဖြင့်၊ ဖျောက်ဆိတ် သောက်ကြာ၊ ကြယ်တကာတို့အလယ်၊ လမင်းပြည့်ဝန်း၊ ထွန်းတောက်ပ၏ သို့ဖြစ်သတည်း။

ဘုန်းတော်ကြီးမြတ်၊ တို့စောထွက်ကား၊ မိုးနတ်မလွန်၊ ဧရာဝဏ်သို့၊ စွယ်ချွန်မင်္ဂလာ၊ ဆင်စကြာကို၊ ဘယ်ညာလက်ချိန်၊ မိုးဝင်းထိန်မျှ၊ ဝရဇိန်ဝန်းရစ်၊ ရွှေချွန်းလှစ်လျက် ငယ်ရွယ်တော်ဖြစ်၊ ဥပရာဇ်ဘုန်းလူး၊ နန်းညွှန့်ဦးက၊ ကျေးဇူးလက်မွန်၊ လွန်လေသော်ကား။ ။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ၊ မနသာ စေပသန္နေန၊ ရွှေခွန်း ဟသော စကား။ ။ ဒါနံဒတွာ သီလံ သမာဒိယိတွာ၊ ဥပေါသထကမ္မံကတွာ၊ စကြာရတနာ ရောက် ထိုက်ရာသော အရိုးတရား။ ။ဤသို့အာဒိ ကျမ်းပါဠိနိုက် ရွှေ နှလုံးသိ၊ နည်းနာရှိသော အားဖြင့်၊ နောင် ငါမင်းဖြစ်တော်မူ သောအခါ။ ဘုရားပွင့်ရာဗောဓိမဏ္ဍိုင်အား ခြီးမြှောက်တော်မူမည်။ မနောပဏီဓိ ရှိတော်မူရာ၊ လင့်ဦးသကား။ တာရကာသိ၊ ဝေသာ လီစသော အနောက်မျက်နှာတလွှား၊ ပုဏ္ဏားဇော်ဂီ၊ ဒေသန္တရီ ဗေရာဂီ တို့အား၊ စူးစားဖွေနည်တော်မူလျှင်။ ချက်မြင်စကန် မှန် သောအားဖြင့် မဇ္ဈိမတိုက်၊ မဂဓရောဇ်တိုင်း၊ ဂယာသီသအရပ်၊ နေရဉ္ဇရာ မြစ်အနီး၊ တဆဲ့ရှစ်မင်းပယ်စာ၊ မြေမျက်နှာထက်၊ ရွှေပေါ်နှောင်းပျက်၊ ဘွားဘက်တော်စစ်၊ မဟာပထဝီ၊ မြေ ဆီကောင်းနှစ်၊ အမွန်ဖြစ်သော၊ မင်္ဂလာဥကင်၊ သမိုက်ပြင်ထက်၊ အမြင့် အတောင်တရာ၊ အဝန်းထက်ဝက်၊ ခက်မပင်စည်၊ တည် သောအားဖြင့်၊ အရပ်ထက်ဝန်းကျင်၊ သစ်ပင်နွယ်မြက်၊ လကျာ ရစ်ရွေးရှူ မျက်နှာမူလျက်၊ ဝဇီရာသန ပလ္လင်၊ တကဲးပြင်ကဲ့ သို့ဖြစ်၍၊ အလုံးစုံသော သဗ္ဗညုဘုရားတို့၊ တိမ်မှောင်မိစ္ဆာ၊ ကိလေသာ အပေါင်းကို၊ အရဟတ္တမဂ် ဉာဏ်တော်ဖြင့်၊ ပယ်ဖျက် အောင်မြင်တော်မူရာ၊ မဟာဗုဒ္ဓဂယာ၊ စေတီမြတ်အား၊ ဘေး လောင်းတော်သီရိဓမ္မာသောကဒေဝါနံပိယတိဿ၊ ကလိင်္ဂစကြာ ဝတေးမင်းတို့ကဲ့သို့ အလွန်ကြည်ညိုစွာသော ရွှေနှလုံးတော်ဖြင့် ခြီးမြှင့်ပူဇော် လိုရကား။ ။

ရွှေငွေပတ္တမြား၊ သုံးပါးချယ်ပျစ်၊ နှစ်ထကျက်ရှိသော၊ ထီးတံ ခွန်၊ တန်ဆောင်း၊ ပန်းခိုင်ပန်းခိုင်၊ ပေါက်ပေါက်စသော ဒေယျ

ခမ္မ ဒါတဗ္ဗ အပေါင်းကို၊ ပရိုက်လျှခြေ၊ ပြည့်စုံစေဦး၍၊ ရွှေ နန်းနွယ်လာ မင်းတကာတို့၊ မခြီးဦးရဲ၊ မဘူးမြဲသော၊ ပုညာ ဘိဓေ၊ ပြအပ်သော တံခွန်ရှိရကား။ ။

ဖြူသောအရေး၊ ကြော့သွေးဖွဲ့ရစ်၊ နန္ဒင်းနှစ်သွေး၊ ရွှေရေး ငွေရေး၊ ပိုးပရန်သွေး၊ စွေးစွေးနီရောင်၊ ကြာညိုတောင်အား ဖြင့်၊ တရှာငါးဆယ့်ခြောက်သွယ်၊ ကြိုးရစ်နွယ်သော၊ ပတ္တမြား ရှင်မျက်စိ၊ ဘဝါးခြေလက်ချပ်၊ စက်ပကတိ၊ တွေးတွေးညို၍ ကိုယ်လုံးဖြူလျက်၊ လက္ခဏာပုံညီ၊ ကွေးကွေးချီသော၊ သီရိစန္ဒရ လပြည့်နေ့ည၊ လ၏အဝါ၊ ကုမုဒြာကြာဖြူ သင်းခွေပန်း အ ဆင်းရှိသော၊ နိဗ္ဗာနပစ္စယ နာဂရာဇာ၊ ဆဒ္ဒန်ရတနာ၊ စကြာ ဆင်မင်း၊ တမွတ်ခင်းလျက်၊ သီရိပဝရ မဟာရာဇိန္ဒာ ရတနာ ဒေဝီ၊ အမည်တော်ရှိသော တောင်မိဖုရားကြီးနှင့်တကွ ဘုရား သခင် သာသနာတော် (နှစ်ထောင့် သုံးရာ့ ခြောက်ဆဲ့ ငါး ခုနှစ်) ရောက်ပြီး ဂေါဇာသက္ကရာဇ် ၁၁၈၄-ခု၊ ကျွတ္တိကာလ၊ သရဒအခါ၊ မဟာဗောဓိ မဏ္ဍိုင်နိုက် ပွင့်တော်မူသော၊ ဘုရား မြတ်စွာကို ရည်မှတ်တော်မူ၍၊ အနုမောဒနာ ကြော်ငြာသံတို့ ဖြင့် အဟုန်မစဲ၊ လှူပွဲသဘင် ယင်တော်မူသည်။

အဆုံးစွန်သော၊ ကိုယ်တော်အဖြစ်နိုက်၊ သမ္မာသမ္ဗုဒ္ဓ ဆုကြီးရ၍၊ ဝေနေယျတို့အား၊ နိဗ္ဗာန်တရား၊ ဟောကြားကယ်ချွတ် နိုင်လိုသော၊ ဘဝများစွာ၊ သံသရာလည်း၊ ပါရမီဆယ်ပါး၊ တရားအထွတ် ထိုင်လိုသော၊ ဆုတောင်း ပတ္တနာတော်နှင့်တကွ၊ မယ်တော် ခမည်းတော်၊ ဘိုးတော် ဘွားတော်၊ ဘေးတော် မင်း ကြားကြီးတို့အားလည်း အမျှဝေတော်မူသည်။

မဟာပထဝီ၊ ဤမြေကြီးကား၊ ငါ၏သက်သေ ဖြစ်စေသော ဟူ၍လည်း၊ ရွှေကရားဖြင့် ရေစက်သွန်းချ၊ တိုင်တန်းတော်မူသည်။

ဤသို့လျှင်၊ မြင်းမိုရ်ဂီရိ၊ ရဝိသသိ၊ မိုးလုံးညီ၏သို့၊ ကပ်လုံးကမ္ဘာ၊ ပြောပစရာ၊ အခွန့်ရှည်စွာ၊ တည်ရာဖြစ်စေ၊ အမရပူရ ရွှေနန်းတော်မှ၊ မဟာရာဇိန္ဒ အဂ္ဂမဟာ ဓမ္မရာဇဂုရု မည်သော၊ ပုရောဟိတ်၊ မြေနန်းတော်ဝန် မဟာမင်းလှ သာဂဘူ ဟူသော အမတ်ကို၊ အရာမကသော၊ အချင်းအရင်းတို့နှင့်တကွ၊ စေခန့်တော်မူ၍၊ မရှိမတိုက်၊ မဟာဗောဓိ မဏ္ဍိုင်၌၊ ဤကျောက်စာသံပိုင်းကို ထိုးမှတ်စိုက်ထား စေသတည်း။

## သံပိုင်းလင်္ကာ

မင်္ဂလာဇဟို၊ မြလျှံညိုသား၊ မြင့်မိုရ်တပိုင်း၊ တင်းကြမ်းမှိုင်းလျက်၊ မြန်တိုင်းဇမ္ဗူ လက်ျာ ဌူဝယ်၊ ပြောင်ဖြူ ပစ္စယ ရဲနောဂနှင့်၊ အမရနန်းမြင့်၊ ဖြူဝန်းဖွင့်သည်၊ ဆင်မင့်သခင်၊ ဆဒ္ဒန်ရှင်လျှင်၊ အောင်မြင် ဝုန်သည်း၊ ငါးမာရ် လှည်းသား၊ ဥဒည်းချက်ချာ၊ မြေမျက်နှာနှိုက်၊ ဝဇီရာသန၊ နန်းမဥတင်၊ သမိုက်ပြင်ထက်၊ ပလ္လင်ဘုံရွှေ ဗုဒ္ဓဟောကို၊ ရွှေငွေပတ္တမြား၊ သုံးပါးချယ်နှစ်၊ ပြောင်ပြောင်ရစ်သား၊ အိုးပျစ်မြူတာ၊ ရတနာတန်ဆောင်၊ ပန်းတောင်ပေါက်ပေါက်၊ လွှံ့ဘောက်မိုးစွန်၊ ထီးတံခွန်ဖြင့်၊ သရဝဏ်နှစ်၊ သတ္တရာဇ်ဝေါဇာ၊ ထောင့်ရာဖွဲ့ကျူး၊ ရှစ်ဆဲ့သုံးတွင်၊ မိုးဆုံးဆောင်းစ၊ သရဒဝယ်၊ မဂမတိုင်ခြေ၊

ဗိုလ်ယုံစေ၍၊ ဖြစ်ထွေကြောင်းလျား လျှုတော်များကို၊ မွန်ကြား မင်္ဂလာ၊ မော်ကွန်းစာဖြင့်၊ မဟာသန်ယာ၊ မဟာသီရိ၊ ပါဠိ နက်ဘွဲ့၊ ရွှေဘွဲ့နှစ်ပွင့်၊ စည်သူဆင့်၍၊ ရှင်ပင့်မိန့်တော်၊ ရွှေခွန်း ခေါ်သည်၊ မတ်ကျော်ကဝိ၊ မြတ်ပဏ္ဍိလျှင်၊ နှောင်းပြီးသာသနာ၊ ကမ္ဘာမြေရေ၊ တည်ထွန်းစေဟု၊ ကြက်သရေသွင်းနှီး၊ စာရင်းထိုး သည်။ မောက်ဖြိုးရွှေစာ သံပိုင်းတည်း။

မဇ္ဈိမတိုက်၊ မဟာဗောဓိမဏ္ဍိုင်၊ သံပိုင်းတော်ကို၊ လောက လက္ခဏာ၊ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသူ၊ ဇောလှမြို့စား နေမျိုး သီရိရာဇာသူ အမတ်ကို၊ ခန့်အပ်တော်မူ၍၊ ဣန္ဒနီလာ မဟူရာ ကျောက်အပြင်၌၊ ကောင်းမွန် တင့်တယ်စွာ ဝေါဟာသက္ကရာဇ် ၁၁၈၄-ခု။ တန်ဆောင်မုန်း လပြည့်ကျော် ၁၁-ရက်။ အင်္ဂါ နေ့တွင် ရေးသားထုလုပ်ရ၏။

မြန်မာဘာသာ လင်္ကာ စကားပြေ စာကြောင်းရေ ၈၅။ ကျောက်မျက်နှာ အလျားအရှည် ၂-တောင် ၃ိ- ၃ံ။ အနံ ၁-တောင် ဒိ-၃ံ။ ရှိသည်။

## မော်ပြချက်

ဤမဟာဗောဓိ ကမ္ပည်းကျောက်စာ မော်ကွန်းသည်။ သက္က ရာဇ် ၁၂၄၄-ခုနှစ် သင်္ဂဇာ ဆရာတော်ဘုရားကြီး နောက်ပါ တပည့် ဒါယကာ ဒါယိကာမ အပေါင်းနှင့် မဇ္ဈိမဒေသ မြတ်စွာ ဘုရား ပွင့်တော်မူရာ မဟာဗောဓိသို့ အဖူးအမျှော် ကြွသွားရာ တွင် ဘာသာစကားပြန် အဖြစ်နှင့် လိုက်ပါရသော ရန်ကုန်မြို့

ကျောက်တံတားရပ်နေ အကျွန်ုပ်၏ဆရာ အမိန့်တော်ရ ဦးပုတ်နီသည် စုံစမ်းရှာဖွေ ရေးမှတ်ယူခဲ့သော ကျောက်စာမူအတိုင်း မှတ်သားလိုသော ပုဂ္ဂိုလ်တို့အကျိုးငှာ စပ်လျဉ်းသော ဗဟုသုတဖြစ်၍ ထည့်လိုက်ခြင်းဖြစ်သည်။

မြန်မာပြည် ကမ္ပည်းကျောက်စာရုံးနှိုက် အကျွန်ုပ်ခေတ္တလုပ်ကိုင်စဉ်အခါက အိန္ဒိယဆိုင်ရာ ကမ္ပည်းကျောက်စာဝန်ကြီးရုံးက ရေးကူးပေးပို့လိုက်သည်မှာလည်း။ ဤအတိုင်းဖြစ်ပေသည်။

## သံတော်ဦးတင်လွှာ ဆတ်သခြင်း

ရတနာပူရ စတုတ္ထမြို့တည်ဘကြီးတော်မင်းတရား အမိန့်တော်နှင့် မဟာဗောဓိသို့ ကမ္ပည်းကျောက်စာနှင့် အလှူတော်များကို သွားရောက် လှူဒါန်းကြရသော အရာယှိတို့က ဘကြီးတော်မင်းတရားကြီးထံ ရှိခိုးသံတော်ဦးတင်ချက်မှာ။

ဘုရား ကျွန်တော်မျို ပုံမ်ဏား ဘိသိက်တော်ဆက်ရှစ်ပါး ပုံမ်ဏား မဟာရာဇိန္ဒ အဂ္ဂမဟာ ဓမ္မရာဇဂုရု စာရေးကြီးနေမျိုးရာဇာကျော်သူတို့ ရွှေဘွားတော် မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား။

မဇ္ဈိမဒေသမဂရောဇ်တိုင်း ရာဇဂြိုဟ်ပြည်ဗုဒ္ဓဃာယာရပ်တွင် သုံးလုအထွတ်၊ သဗ္ဗညုဘုရားပွင့်တော်မူရာ မဟာဗောဓိ စေတီတော်သို့ ထူးမြတ်သော အလှူတော် ကျောက်စာတော်များကို တင်လှူစိုက်ထားရမည်။ ဘုရားအမိန့်တော်မြတ်နှင့် ဦးထိပ်ထက်ဆင်ယွက်ရသည့်အတိုင်း သက္ကရာဇ် ၁၁၈၃-ခု နတ္တော်လဆန်း ၁၂-

ရက်နေ့ အမရပူရ နေပြည်တော်က ခရီးလမ်းအစဉ်အတိုင်း ရေကြောင်း ကြည်းကြောင်း ထွက်သွားရာ တပို့တွဲလ ဧည့ဝတီ ရခိုင်မြို့သို့ ဆိုက်ရောက်ပါသည်။ မုတ်သုံ-လေရေမသင့်၍ ရှစ်လကျော်တိုင် ဆိုင်းနေ ပြီးလျှင် ၁၁၈၄-ခု တန်းဆောင်မုန်းလဆန်း ၁၂-ရက်နေ့ ဧည့ဝတီမြို့က ပင်လယ်ကြောင်းကူးသွားလျှင် တပို့တွဲလဆန်း ၁၂-ရက်နေ့ ဘင်္ဂလားမြို့သို့ ဆိုက်ရောက်ပါသည်။

ဘုရား အမိန့်တော်မြတ် ရာဇသံများကို ဘင်္ဂလားကုမ္ပဏီ စစ်သူကြီးတို့ထံ အရောက် စီစဉ်ခင်းကျင်းတင်ပြ၍ လေးလကျော်တိုင် ဆိုင်းနေပြီးလျှင် ကုမ္ပဏီစစ်သူကြီးတို့က လမ်းညွှန်လမ်းပြလူပေး အပ်သူတို့နှင့် ၁၁၈၅-ခု ကဆုန်လဆန်း ၆-ရက်နေ့ ဘင်္ဂလားမြို့က အလှူတော် ကျောက်စာများကို ကောင်းမွန်စွာ လှေနှင့်တင်ဆောင်၍ ဂင်္ဂါမြစ်သို့ ဆန်တက်သွားရာ နယုန်လဆန်း ၁၃ ရက်နေ့ ပါတင်္ဂပုတ်ပြည်သို့ ဆိုက်ရောက်ပါသည်။ ၎င်းပြည်က အလှူတော် အတင်တော်များကို ရထားလှည်းဖြင့် တင်ဆောင်ပြီးလျှင် ကြည်းကြောင်း ထွက်သွားရာ နယုန်လပြည့်ကျော် ၅-ရက်နေ့ ယယာသီသမြို့သို့ ရောက်ပါသည်။

ယယာသီသမြို့ကထွက်ရာ ၎င်းလပြည့်ကျော် ၆-ရက်နေ့နံနက် ဗုဒ္ဓယာယာ မဟာဗောဓိ စေတီတော်သို့ ရောက်လျှင် မဟာဗောဓိပင် အနီးရှိသည့် ၆၄-ရွာကို ရှေးခတ္တိယမင်းတို့ လက်ထက်ကသည် ယခုတိုင်စဉ်ဆက် အခွန်အတုတ်နှင့်တကွ အပိုင်စား ဟူ၍ တပည့်ဇော်ဂီ ၅၀၀-ကျော်နှင့် မဟာဗောဓိပင်ကို စောင့်နေ

သည့် မဟာနွက္ကတီ ဇော်ဂီ ဆရာကြီးထံ နေထွက်ဘုရင် အရှင် ကေရာဇ် မင်းမြတ်က ထူးမြတ်သော အလှူတော် ကျောက်စာ တော်များကို မဟာဗောဓိစေတီတော်တွင် အတင်အလှူစေတော် မူ၍ ရောက်ကြောင်းနှင့် ပြောဆိုသည့်ကာလ ဝမ်းမြောက်ဝမ်း သာ ကြည့်ရှု၍ ကောင်းမွန်စွာ တိုက်အိမ်နေရာ ပေးချနေထိုင် ရပါသည်။

ဇော်ဂီ ဆရာကြီးထံ အတင်တော် အလှူတော် ကျောက်စာ တော်များကို ဂူပြဿဒ် တည်လုပ် သွင်းထားရမည်၊ ဘုရား အမိန့်တော်မြတ်နှင့် ပေးအပ် သနားတော် မူလိုရင်း ပုံစံများကို ပြ၍ တော်သင့်ရာ တည်လုပ်လိုကြောင်းနှင့် ပြောဆိုသည်တွင် လက်သမား ပန်းရံတို့ကို ရှာပေး၍ အုတ်အင်္ဂတေ ကုံဝင်ရန် များကို ပြောဆိုပြီးလျှင် မဟာဗောဓိ စေတီတော် (တတာခန့် ကွာ) မဟာနွက္ကတီ ဇော်ဂီ ဆရာကြီးတို့၏ အနီး ၁၁၈၅-ခု ပဌမ ဝါဆိုလဆန်း ၂ ရက်နေ့ပါသည့် ပုံတော်ပြဿဒ်တော်ကို ရွှေပန္နက် ငွေပန္နက် ချမှတ်တည်လုပ်ပြီးလျှင် ကောင်းမြတ်သည့် အခါ မင်္ဂလာကို ရွေးချယ်၍ အလှူတော် ကျောက်စာတော် များကို ရွှေနန်းတော်က ဘောင်တော်ဆိပ်သို့ ခင်းကျင်းပို့သည့်နည်း စီစဉ် မပျက် ရှေးဖျား ရွှေသိုင်း ၂။ ၎င်းနောက် ညောင်ရေအိုး ပန်းစုံ စိုက်၊ ၎င်းနောက် အရှင် ၂ ပါး သက်တော်စေ့ ထီး,တံခွန်, ကြက်လျှာ၊ ၎င်းနောက် ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ပတ္တမြားပေါက်ပေါက်၊ ၎င်းနောက် ရွှေတန်ဆောင်၊ ငွေတန် ဆောင်၊ ၎င်းနောက် ရွှေတံခွန်၊ ငွေတံခွန်၊ ၎င်းနောက် ရွှေမြူတာ ငွေမြူတာ၊ ၎င်းနောက် ရွှေပဒေသာ၊ ငွေပဒေသာ၊ ၎င်းနောက်

ရွှေမွမ်းသံထီး၊ ငှင်းနောက် ကျောက်စာတော်၊ ယိုးဒယား တန်ဆာဆင် အကာစု၊ ငှင်းနောက် ခရာဝုံမောင်း၊ အတီးအမှုတ်၊ ဘီသိက်တော်ဆယ့်ရှစ်ပါးပုံမ်ကားး၊ သာသနာပိုင် မဟာရာဇိန္ဒအဂ္ဂအဟာဓမ္မရာဇဂုရုနှင့် ယှစ်ပါးပုံမ်ကားတော်စု၊ ငှင်းနောက် စာရေးကြီး နေမျိုးရာဇကျော်သူနှင့် မြန်မာ ကျွန်တော်မျိုး အမှုထမ်း၊ အသနားတော်မြတ် ခံရသည်အတိုင်း ဝတ်ဆင် ကျင်းပလျက် ငှင်းနောက် မဟာန္တကီ ဇော်ဂီ ဆရာကြီးတို့ ဇော်ဂီ ၄၀၀-ကျော် ဆင်မြင်းစီးနင်း ခင်းကျင်းလျက် ငှင်းနောက် ယာယာမင်းကစေလွှတ်သူ မွန်ရှည် ဆိုသူနှင့် မြင်းစီး ၁၀၀ ကျော် အစုစုလူပေါင်း ၁၀၀၀ ကျော်တို့နှင့် အစဉ်သင့် ခင်းကျင်းပြီးလျှင် မဟာဇောဓိစေတီတော်ကို လက်ျာရစ် သုံးကြိမ် လှည့်ပြီးမှ စေတီတော် ရှေ့ကန္နား မဏ္ဍပ်အောက် သင်ဖြူး ကော်ဇောပေါ်တွင် အလှူတော်များကို ကောင်းမွန်စွာ ကျင်းပပြီးလျှင် ရေစက်သွန်းချ လှူတော်မူပြီးမှ အမျှပေးဝေတော်မူသည်။

ဆုတောင်းတော် စာကိုလည်း သမာဒေဝ နတ် အပေါင်းတို့ ကောင်းချီးပေး၍ သာဓုအနုမောဒနာ ခေါ်စေခြင်းငှာ ထပ်မံဘတ်လျှောက်ပြီးလျှင် သဗ္ဗညု ဘုရားဆုကို ပန်ဆင်တော်မူသော သာသန ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ် ဘောင်ညာ အရှင် မိဖုရားခေါင်ကြီး သားတော် သမီးတော် ရတနာမြတ်ကို လှူတော်မူသည့် အလှူတော် ကျောက်စာတော်များကို သာသနာ ၅၀၀၀ ကျော် တည်သမျှ ကာလပတ်လုံး မတိမ်းမယိမ်း မယိုမယွင်း မပျက်မစီးစေရ စောင်မ ကြည့်ရှုကြရမည် အကြောင်းနှင့် သာသနာတော်ကို စောင့်ကုန်သော နတ်၊ ဘုမ္မစိုး၊ ရုက္ခစိုး၊

အာကာသစိုး၊ ဂင်္ဂါယမုနာ၊ မြို့ရွာတောတောင်ကို စောင့်သော နတ်တို့မှ စ၍ သမာဒေဝ နတ်မြတ် အပေါင်းတို့အား ဘုရား အမိန့်တော်မြတ်ကို (ဘုန်းတော်ချီ၍) ပြန်ဆိုပြီးလျှင် အလှူ တော် ကျောက်စာတော်များကို တည်လုပ်သည့် ဂူပြဿဒ်အတွင်း အသေအချာ နေရာကျ သွင်းထား၍ မဟာ္ထဝီ ဇော်ဂီဆရာကြီး သို့ ပြသပေးအပ်ပါသည်။ ရွှေမွှမ်းသံထီး ၁ မှာ ဂူပြဿဒ်တွင်း တွင် တင်ထားပါသည်။ ထီး ၁-မှာ ဂူတော်ရှေ့ခင်း သံမံတလင်း တွင် အုတ်အင်္ဂတေ မွမ်းမံ၍ ကောင်းမွန်စွာ စိုက်ထားပါသည်။ ၎င်းထီးအနီး ခေါင်းလောင်းကို ဂူတော်ရှေ့ ကောင်းမွန်စွာနေရာ ချထားပါသည်။ အလှူတော် ပြဿဒ်တော်များကို ၄-လကျော် တည်လုပ်တင်လှူပြီးပြေ၍ နေရဋ္ဌယာ မဟာဗောဓိအနီး မြို့ရွာ တောတောင် အနေများကို ကြည့်ရှု မှတ်သားရအောင် အစုံအညီ လှည့်လည်ကြရာ နေရဋ္ဌယာ မြစ်အရှေ့ဘက် (ဘကရို) ခေါ်ဆို သည့်ရွာကြီးရှိသည်။ မြန်မာဘာသာ ပြန်ဆိုလျှင် (ဆိတ်မွေးရွာ) ခေါ်ပါသည်။ ဆိတ်လည်း တသောင်းကျော်ခန့် အများ မွေး ထားလျက်ရှိပါသည်။

(ဘကရို) ရွာမြောက် တခြောက်ဆယ်ခန့်ကွာ အရပ်တွင် ဘိနပ်ခြေ အချင်း လုံးပတ် ၁ဝ၃-လံ၊ သပိတ်မှောက်ကသည် အထက်သို့ပြိုလျက် အမြင့် အတောင်ရှစ်ဆယ်၊ ပတ်လည်တံတိုင်း မုဒ် ၄-မျက်နှာ၊ အရံ စေတီပျိုများနှင့် ရှိပါသည်၊ ၎င်းဘုရား ကြီး စေတီမြောက်ကပ်လျက် ညောင်ငုတ္တိအမြစ်တွင် ဆုံအနီ များ သုတ်လျက်ရှိပါသည်။

အနီးအပါးရှိသည့် ဟိန္ဒူလူမျိုး အသက် ၈ဝ-ကျော် ၉ဝ- ခန့် လူကြီးတို့ကို မေးရာ ဘုရားစေတီမှာ ရှေးပါတဦပုတ် မင်းကြီး

လုပ်ဆောင်ကြောင်းနှင့် ဘေး-ဘိုး-ဘတို့ ဆင်းသက် ပြောဆိုသည်ကို ကြားသိဘူးပါသည်။ အဝေးအနီးရှိသည့် မြို့ရွာများက ဟိန္ဒူလူမျိုးတို့ မင်္ဂလာ အိမ်ယာဆောင်နှင်းလျှင် ညောင်ပင်မှာ ၂-ပါးစုံ သားကောင်း သမီးကောင်း ရပါစေ၊ ဥစ္စာ စည်းစိမ် ကြွယ်ဝတိုးပွား၍ အသက်ရှည်ပါစေ၊ ဆုတောင်းလျှင် သားကောင်း သမီးကောင်းရသည်။ အစီအစဉ် ထုံးစံရှိသည်အတိုင်း ယခု တိုင်း ပူဇော်ပသ၍ ဆုတောင်းပတ္ထနာ ပြုကြပါသည်။ ထွက်ဆိုချက်အတိုင်း မှန်-မမှန်ကို ကြည့်ရှုကြရာ အသီးသီး အနီးအဝေး မြို့ရွာများက မင်္ဂလာ ဆောင်နှင်းသူတို့ တီးမှုတ်၍ အလျှောက်အပတ် မကြာမကြာ ပူဇော်လှာသည်ကို သိမြင်ပါသည်။

နေရဉ္စယာမြစ်နှင့် စေတီကြီး တာ ၅၀-ကျော်ခန့် ကွာပါသည်။ စေတီကြီး အရှေ့တောင် တာ ၁၀၀-ခန့်ကွာ အရပ်တွင် ကုန်းမြင့် အုတ်ဂူပျက်အလယ် ရင်တော်က သည် အထက်သို့ပေါ်လျက် ကျောက်ညိုရုပ်ပွား ဆင်းတုတော်ကို တွေ့၍ အုတ်မြေများကို တူးဖော်ကြည့်ရှုကြရာ လိုဏ်ဂူ တကဲဟောင်း ပလ္လင်တော်များနှင့်အစုံ ထက်ဝယ်တော် ဉာဏ်တော် ၃ ႆ-၂ ိ ပမာဏတော်ရှင်။ ဆံတော် လက်ျာရစ် နဖူး မျက်မှောင်တော် ၂-ဖက်အလယ် ပဒ္မာစက်၊ မေးတော် ရင်တော် မောင်းတော်များတွင် ကြိုးကြောင်ရစ်လျက် ကျောက်ညို မဟူရာအသွေး အရောင်အလက်ထ၍ အတုမရှိ တင့်တယ်လျောက်ပတ် သိမ်မွေ့သည်ကို မြင်ကြလျှင် ပါသည့် လူကြီးလူငယ်တို့ များစွာကြည်ညိုခြင်း ရှိကြသောကြောင့် အံ့ဩဘွယ်ဖြစ်သည်။ အရှင် ကိုးကွယ်တော် မူထိုက်သည့် ရုပ်ပွားတော်ကြီး ဖြစ်သည်။ ပြောဆိုတိုင်ပင်ပြန်လှာကြ၍ (ဘဂ

ရှိ) ရွာရှိ အသက် ၈၀-ကျော် ၉၀ ခန့် လူကြီးနှင့် ယာယာသီသမြို့ ရှိပုံမ်ဏားပညာရှိ လူကြီးတို့ကို ပင့်ခေါ်၍ မဟာနက္ကတီ ဇော်ဂီဆရာကြီးရှေ့ ရှပ်ပွားတော်ကြီး အကြောင်းကို မေးရာ၊ (ပသီလူမျိုး-အင်္ဂလိပ်လူမျိုးတို့ အစိုးမပိုင်မီ) ရှေးခေတ္တိယမင်းတို့ စိုးအပ်သည့် ကာလ ၎င်းအရပ်တွင် ဘုရားနှယ်စစ် မင်းတို့ အသီးသီး စဉ်ဆက် ကောင်းမှု ပြုလုပ်ကြသည့် နေရာဌာနဖြစ်၍ မည်သည့် မင်း ကောင်းမှု ဖြစ်သည်ကို မဆိုနိုင်ပါ။ စေတီကြီးမှာ ရှေးပါတဋ္ဌိပုတ် မင်းကြီး တည်လုပ်သည်။ လူကြီးစဉ်ဆက် ပြောဆိုသည်ကို ကြားဘူးကြသောကြောင့် ရှပ်တုတော်ကိုလည်း ပါတဋ္ဌိပုတ်ပြည်ကို အစိုးရသော သီရိမ္မာသောကမင်းကြီး ကောင်းမှု ဖြစ်ကြောင်း နှင့် စကားစဉ်ဆက် ပြောဆိုကြပါသည်။

အများခေါ်ဝေါ်ကြသည်မှာ ဗုဒ္ဓဘဝ ဘာရဖြစ်၍ (သကျမုနိ) ခေါ်ကြပါသည်။ အသီးအသီး ထွက်ဆိုကြသောကြောင့် (သကျမုနိ) အမှန်ဖြစ်ပါသည်။ ကိုးကွယ်တော်မူရန် တင်ဆောင်လိုကြောင်းနှင့် မဟာနက္ကတီ ဇော်ဂီသို့ ပြောဆိုလျှင် နေရဥ္စယာမြစ်အနောက်ဘက်ယှိမှာ ကျွန်ုပ်တို့ပိုင်ပါသည်။ ရှပ်ပွားတော်ကြီးကို ပင့်ဆောင်လိုလျှင် ယာယာမင်းထံတောင်းဆိုမှရမည်ပြောဆိုသောကြောင့် ယာယာမင်းသို့ ပေးမည့်အမိန့်တော်ကို ရေးသားရန်အနား ၄-မျက်နှာ ရွှေပန်းနွယ်ချယ်လှယ်သော စက္ကူတွင် ဘေးလောင်းတော် ပသေနဒီ ကောသလမင်း သီရိမ္မာသောကမင်းကြီးတို့ အစဉ်မပျက် ကိုးကွယ်ခြီးပင့်သည်။ ရှင်ဝေါတမ ရှပ်ပွားတော် (သကျမုနိ) ဘုရားရှင်ရှိကြောင်းကို မဟာဗောဓိရောက် ဇော်ဂီတို့ ရှိခိုးသံတော်ဦးတင်ချက် ရှိသည်ဖြစ်၍ မဟာဗောဓိ စေတီတော်

သို စေလွှတ်သူ ပုရောဟိတ်အမတ် ကျွန်တော်မျိုးမှူးမတ်တို့တွင် အမြိတ္တရာဇရှိန် ရာဇာက သကျမုနိ ရုပ်ပွားတော်ကို ပေးဆက်လို မည့်အကြောင်းနှင့် ဝန်ရှင်တော် စစ်သူကြီးမင်းတို့ စာရေးပြီး လျှင် ချည်ကတ္တီပါအိတ်သွတ်သွင်း ဒေါင်းတံဆိပ် ခပ်မှတ်၍ ပတ္တမြားကျောက်နီတင် လက်စွပ် ၂၊ မောင်းကြီး ၁၊ လက် ကျားအကျီ ၂၊ အထည်အလိပ်များနှင့် ယာယာသီသမြို့တွင်ရှိနေ သည့် ရာဇဖြိုဟ်မင်းဆိုသူ အမြိတ္တရာဇိရှိန်ထံ ဝင်ထွက်တင်ပြ ပြောသည့်ကာလ အရှေ့မျက်နှာတိုင်းကြီး ပြည်ကြီး ထီးဆောင်း မင်းအပေါင်းတို့ကို အစိုးရသော နေထွက်ဘုရင်အရှင် သာသန ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်က လိုတော်မူသည်ဆို လျှင် ရုပ်ပွားတော်သာမက လိုတော်မူသမျှကို ဆက်သပါမည်။ နောင်အလိုရှိတော်မူလျှင်လည်း မှာတော်မူပါမည့်အကြောင်းနှင့် ကျိုးနွံရှိသေစွာ ပြောဆိုပြီးလျှင် လိုတော်မူသည့် ဘုရားရုပ်ပွား တော်ကို အနှောင့်အယှက်မယှိ ပင့်ဆောင်ယူစေပါသည်ဘုရား။

ရင်းသံတော်ဦးတင်လွှာသည် ရာဇဝင်မှာ မဖော်မပြပဲ တိမ် ငုပ်နေသည်ဖြစ်၍ မှတ်သားလိုသူတို့ အကျိုးငှာ မူတော်ပုရပိုက်နှိုက် ရေးသားသည့်အတိုင်း မတိမ်းမယိမ်းရ ကူးယူမှတ်သားထားရာ ဤအခဏ်းနှင့်စပ်လျဉ်း သက်ဆိုင်သောကြောင့် မကွဲမပြား မှတ် လိုသူတို့ မှတ်ကြရန် ထည့်သွင်းဖော်ပြခြင်းဖြစ်သည်။

ယင်းသည့် သကျမုနိ ရုပ်ပွားတော်ကို မဇ္ဈိမဒေသအရပ် မဟာ ဗောဓိ အောင်မြေဌာန ယာယာမြို့(ဘာကရို) အရပ်မှ ပင့်ဆောင် ယူလှာရာ ရတနာပူရ အင်းဝရွှေမြို့တော်သို့ရောက်၍, မင်းတြား ကြီးကိုယ်တိုင် တန်ဆောင်း မြသာဒ် ဆောက်လုပ်တင်ထား ကိုးကွယ်တော်မူသည်။

နောက် အမရပူရ ဒုတိယမြို့တည် ရွှေဘိုမင်းတြားလက်ထက် ရတနာပူရ အင်းဝမြို့မှ ပင့်ယူ၍. အမရပူရ ရွှေမြို့တော် အရှေ့ မျက်နှာ ဇောင်းကလေးကန် အရှေ့ဘက် ရွှေဘိုမင်းတြားကြီး ကုသိုလ်တော် လောကမုနိ စူဠာစေတီတော် မဟာရံ တံတိုင်း အတွင်း အရှေ့မျက်နှာ အုတ်စရပ်တော်တွင် တင့်တယ်စွာ တင် ထားကိုးကွယ်တော်မူသည်။

နောက်သက္ကရာဇ် ၁၂၄၉-ခုနှစ် မန္တလေးမြို့ မိုးကောင်းတိုက် ဆရာတော် ဦးအာစာရ အသျှင်သူမြတ်နှင့် အုတ်ဝန် သံတော်ဆင့် ယိုးဒယားဈေးမြောက်ဖက်နိုက်နေသော ဦးဖိုးကြီးတို့သည် အမရ ပူရမြို့မှ ပင့်ယူကြ၍. မန္တလေးမြို့ အနောက်ပြင် ပုဂံရွှေနန်းရှင် အိမ်တော်ရာဘုရား စေတီတော် မဟာရံတံတိုင်းအတွင်း စနေ ထောင့်တွင် သံတော်ဆင့် အုတ်ဝန်မင်း ဦးဖိုးကြီးက သွတ်မိုး စရပ်နှင့် တင်ထားကိုးကွယ် ပူဇော်ထားရာ ယခုတိုင် ယိုလေသည်။

၎င်းရုပ်ပွားတော်နှင့် ယှဉ်လျက် အနောက်ဖက်က စကျင် ကျောက်ဖြူ ရုပ်ပွားတော်မှာ ရွှေဘိုဘုရင်က သကျမုနိမဟာရာ ရုပ်ပွားတော်နှင့်သဏ္ဍာန်တူစွာ သီပေါဝန်ကို ထုစေ၍. (သေ လာမုနိ) ဘွဲ့ချီတော်မူ၍. ရွှေဘိုဘုရင် ကိုးကွယ် ပူဇော်သည့် ကုသိုလ်တော်ဖြစ်သည်။

> ဤကား သက္ကရာဇ် ၁၂၆၂-ခုနှစ် မန္တလေးမြို့ မိုးကောင်းဆရာတော် ဦးအာစာရ အသျှင် သူ မြတ်နှင့် သံတော်ဆင့် အုတ်ဝန်မင်း ဦးဖိုးကြီးတို့ မိန့်ဆိုသော မှတ်သားချက် ဖြစ်သတည်း။

× × × ×

## ဇာရပ်ရပ်ကိစ္စများ၊

ဝန်ကြီး သေနာပတိ မုတ္တမမြို့က ပင့်ဆောင်ခဲ့သော မြဆင်းတုတော်ကို စစ်ကိုင်းမြို့သို့ မင်းတြားကြီး ကိုယ်တော်တိုင် ထွက်တော်မူ၍ ကြိုဆိုပင့်ယူ ကိုးကွယ်တော်မူကြောင်း။

ယွန်းကြီးမင်း မာသျှကပ် မင်းတို့က ရွှေဘွားတော်အောက်သို့ အဖူးအမျှော် သံတမန်တို့ လာရောက်သည်ကို အဖူးအမျှော်ခံတော်မူကြောင်း။

ဂန္ဓာလရာဇ်တိုင်း တရုပ်ပြည် တောက်ကွန်ဥတည်မင်းက ရမ်တာလောရဲ့ ရင့်ဆင်ရဲ စောလောစုံ တုံလောစုံ လဆင်းရဲ့တို့ကို ဆက်သရန် လက်ဆောင်တော်များနှင့် သံအဖြစ် စေလွှတ်ရာ ဗန်းမော်မြို့ဝန် မဟာသီရိသီဟသူနှင့် သင့်မြတ်သောစကားကို ပြောဆို၍ တရုပ်သံများ ပြန်သွားကြရကြောင်း။

ဂီတာမြို့ဘွားစား စီရင်ရသော ဂီတာစော်ဘွားက ခြေတော်ဦးခိုက်အမတ်တို့ကို စေလွှတ်၍ ဆက်သရန် ရှိခိုးလက်ဆောင်တော်များနှင့် လာရောက်သည်ကို အဆက်အသ အဖူးအမြော်ခံတော်မူပြီးလျှင် ဂီတာစော်ဘွား အမတ်တို့ကို ဟံသာဝတီမြို့ရောက် စီးသွားရန် လှေတက် လှူသူ စားနပ်ရိက္ခာ ဒဝယ်ကူး သင်းဘောသဗ္ဗာန် မုက္ကဘူး သင့်သည်လှေများတွင် စီးစေ၍ ဒဝယ်မြို့ဝန် အရာရှိတို့က ပလောပီနံမြို့ရောက် ပို့သကူးသွားစေ၊ ဝန်တို့က မှာစာပေးအပ် ကြပ်မလာခဲ့ရင်း လူတို့နှင့်ပြန်သွားစေသည်။

မင်းကြီးမဟာဗန္ဓုလသည် ဝေသာလီစား စန္ဒရဂန္ဓရှိန် ထကြွသည်ကို ချီတက်တိုက်ခိုက်ရန် အာသံဗိုလ်မှူးမင်းကြီး မဟာသီလ

ဝ နားခံမင်းကြီး မဟာနန္ဒကျော်ထင် လက်ျာစစ်ကဲ နေမျိုးမင်းထင်ဇေယျာသူတို့ကို အုပ်ချုပ်စေ၍ တိုက်ခိုက်ကြရာ ဝေသာလီစား စန္ဒရဂန္ဒရှိန်လည်း ကိုယ်သက်လွတ်ရာ ဘင်္ဂလားမြို့သို့ ထွက်ပြေး၍ အင်္ဂလိပ်လူမျိုးတို့ကို ခိုလေသည်။

အာသံပြည်ကို သိမ်းပိုက်ရာ ယာနီစော်ဘွား ဇယန္တာစော်ဘွား ဘင်္ဂါရဟတ် မတောက်တိုးလျားစသော အာသံပြည် တရံမြို့ ကိုးစော်ဘွားတို့က တနှစ်လျှင် ဒင်္ဂါးသုံးသောင်း ဆင်ပေါက်မ ရွှေကြိုးကစုံ ယာနီစော်ဘွားကလည်း တနှစ်လျှင် ရွှေဒင်္ဂါးသုံးသောင်း ဆင်ပေါက်မ ရွှေကြိုးကစုံ ဇယန္တာစောဘွားကလည်း နှစ်စဉ် ဆယ်ခိုင် တခိုင် အခွန်ဆက်သရန် သစ္စာတော် ခံသည်။ အက္ကပတ်မင်းကလည်း သမီးရင်း ၂-ယောက်နှင့် ပဏ္ဏာလက်ဆောင်အများ မင်းတြားကြီးထံ ကြိုးနှံစွာ ဆက်သရကြောင်း။

မင်းကြီးမဟာဗန္ဓုလသည် လက်ရုံးရည်ခိုင်ခန့်သဖြင့် ခရီးတွင်ကျယ်သောကြောင့် လွန်စွာ ဝမ်းမြောက်တော်မူသဖြင့် ပွဲလမ်းသဘင် အခမ်းအနားကျင်းပတော်မူလျက် ဘွဲ့တော် ပေးသနားချီမြှောက်တော်မူခြင်း စသည်မှာ ၎င်းမင်းကြီး၏ ဇာတိဇစ်မြစ်အမျိုးအရိုးနှင့်တကွ ထင်ယှားလှာဖို့အကြောင်းများ ဆွေစဉ်မျိုးဆက်ပါ အစေ့အစုံ ဂုဏ်ရည်ကြီးကျယ်သော အကြောင်းများရှာဖွေမေးမြန်းစုဆောင်းပြီးလျှင် သူရိယမဂ္ဂဇင်း ရုပ်စုံသတင်းစာများကို တာဝန်ခံအဖြစ်နှင့် လုပ်ကိုင်ရသော ကိုသိန်းမောင် စီစဉ်ပုံနှိပ်သော သူရဲကောင်းဂဏန်း ၂ မင်းကြီးဗန္ဓုလ အတ္ထုပ္ပတ္တိတွင် ကြည့်ရှုကြရန် ဖြစ်ပေကြောင်း သတိပေးလိုက်ပါသတည်း။

မဖျိမတိုက် သိပ်ဟိုင့်ကျွန်း ဇော်ဂီတို့က ကိုးကွယ်တော်မူရန် ပင့်ယူလာသော ပုလဲဆင်းတုတော် ဖန်စေတီတော်များကို ဖောင်တော်-လှေတော်နှင့် အင်းဝမြေငူစခမ်းရောက် မင်းတြားကြီးကိုယ်တော်တိုင် ကြိုယူပင့်ဆောင်၍ ကိုးကွယ်ပူဇော် ထားတော်မူသည်။

အမရပူရမြို့ အနောက်တောင်ထောင့် ခမည်းတော်မယ်တော်တို့ ကောင်းမှုကုသိုလ် မင်္ဂလာဝေယန်ကျောင်းတိုက် မီးသင့်ရာ တံတိုင်းမီးတားနှင့် ကျန်လပ်ယိနေသည့် အတွင်းကျောင်းတော် နေရာနှိုက် အချင်းဘိနပ်သံတောင် ၁၂၀၆၊ အရပ်တော် ပမာဏ သံတော် ၁၂၀၆ ယှိသော စည်းခုံတော်ကြီးကို တည်လုပ်ပြီးပြေသောကြောင့် ရွှေထီးအထွတ် တင်လှူတော်မူသည်။

ယခုအခါ တောင်မြို့ပုထိုးတော်ကြီးဟုခေါ်ကြသည်။ ဘွဲ့တော် (မဟာဝိဇယရံသီ) ဟု ကမ္ဗည်းကျောက်စာစိုက်ထားလျက်ယှိသည်။

ယင်းသည် ပုထိုးတော်ကြီး ကမ္ဗည်းကျောက်စာပါ သံပိုင်းလင်္ကာကို ကျက်မှတ်လိုသူတို့အဖို့ ထည့်သွင်းဖော်ပြလိုက်ပါအံ့။

## ကျောက်စာသန္နိုင်းလင်္ကာ

မင်္ဂလာဗဟိုရ် လေးရောင်စိုတွင် မြင်းမိုရ်မြခိုး လုံးပြည့်ဖြိုးလျက် မိုးတခြမ်းပိုင်း တင်ကြမ်းမှိုင်းသား မြန်တိုင်းဇမ္ဗူ သန်လျှက်ငူဝယ် ပြောင်းဖြူပစ္စယ ဆဒ္ဒန်လှနှင့် အမရဇေယျ ရွှေဝန်းတည် ပြည်သုံးပြည်ကို အောင်စည်းခြုန်းထစ် ဖြုန်းဖြုန်းရစ်

၍. ငါးနှစ်မစံ ဘိသိက်ခံလျက် အသမ္မိန်မြွေ တည်ထွန်းစေဟု သောင်းနေကိန်းပြည့် အိုးထိန်းလှည့်သို့ ပွင့်မည့်ကမ္ဘာ ဌာပနာသား မဟာပဋ္ဌမ ပိုဒ်မူလထက် ဝိဇယရှံသီ မော်ကွန်းချီသည် စေတီတော်မြတ် စည်းခုံဓာတ်ကို နာဂတ်သာသနာ ပတ်လုံးကြာအောင် မဟာသဒ်ယာ မဟာသီရိ ပါဠိစာအုပ် စည်သူချုပ်သား ဗဟုဗ္ဗိလို ဝိဂြိုဟ်အနွတ် ဝက်မစွတ်ကို ရွှေထွတ်ရိပ်ငြိမ် ဘုံနန်းအိမ်ဝယ် နှစ်ကြိမ်ပိုင်စား သုံးပါးကာလ ဗျာဒိတ်ရသား ဒုတိယတန်းခွန် တွင်းသင်းဝန်လျှင် မတ်ကျွန်တော်မျိုး စာရင်းထိုးသည်။ နန်းရိုးရွှေစာ သံပိုင်းတည်း။ ။

> ရှာဝေးသူကြီး ဦးနု ဒုတိယနဝဒေးဘွဲ့ခံ ဝက်မစွတ်မြို့စား တွင်းသင်းတိုက်ဝန်မဟာသီရိစည်သူ အမတ်ရေးသားသော ကျောက်စာ မော်ကွန်းသမ္ပိုင်းလင်္ကာကို ၁၂၆၂ - ခုနှစ်က ရောက်၍ ရေးကူးခဲ့သည့်အတိုင်းဖြစ်သည်။

သက္ကရာဇ် ၁၁၈၆-ခု ကဆုန်လဆန်း ၅-ရက် နံနက် ၆-မောင်းခန့် အချိန် အရှေ့တောင်က လေရောမိုးပါ ပြင်းထန်စွာ လှာပြီးလျှင် တိုက်ခပ်သောကြောင့် ရွှေနန်းတော်ပြဿဒ်တော်ကြီး ဒုပိကာကျိုးပြတ်၍ ဇေတဝန်ဆောင်တော် ဒုတိယဘုံကို ဖောက်ပြီးလျှင် မြေသို့ကျသည်ကို ပညာယှိတို့က အပြည်ပြည်ထောင်သော မင်းတို့ ပျပ်ဝပ်ကြိုးနွံရန်အကြောင်း ဆရာတော်သယ်ာတော်တို့ကလည်း ဘုန်းတန်းကြီးရန် နိမိတ်လက္ခဏာ ဖြစ်သည်ဟု ယူရန်ယှိကြောင်း စာသွင်းကြသည်။ ပညာယှိ စာဆိုတော်တို့ကလည်း မင်္ဂလာရတုများကို ဆက်သကြသည်။

## ဝကာမစွတ်မြို့စား မထာစည်သူနဝဒေးဆက်

## ရတုပိုဒ်စုံ

၁။ ရွှေဘုန်းထက်ဖြာ သိန်းသန်းချာတိ ရှိန်ဝါရွှန်းပွင့် ဝန်းဝန်းတင့်သည် ကျွန်းနှင့် ကမ္ဘာ စက္ကဝါတွင် သည်သာရွှေဝ စံနေကဟု ဒေဝဒေဝိန် ထောင်ကိန်းချိန်သည် ထွန်းထိန်လျှံလန်း ဝေယန်နန်းကို လေယန္တရား မိုးစားဆောင်မြူး အောင်ထင်ကြူး၍ ခေါင်ဖူးရွှေထွတ် ရှိပန်းညွှတ်က တွတ်တွတ်သံချိုပါရာဆိုသား အလိုညီစွာ ဆယ်ဒီသာတွင် တေဇောခေါင်ထိ ဥပရိဟု ကုဒ္ဒီမာန်နှိမ် သြဘာကြိမ်၍ အောင်ငြိမ်မင်္ဂလာ မြေမျက်နှာဝယ် စကြာမိုယ်းပွဲ ရှိုးရှိုးရဲသည်။ သဲသဲရောက်တော့မည်ဘုရား။

၂။ စွေချွန်းစက်ဝါဒေဝရာလည်း ဇေယျာဝှန်ထိန့် သံကြီးအိမ့်၍ စက်သိန့်လေးသောင်း ညောင်းညောင်းမြည်တွတ် ထုံလုညွှတ်လျက် ဘုံထွတ်ဗဟိုရ် ထီးလိုမင်းပြိုင် တရင်းဆိုင်သည် ရန်နိုင်ဘုရား ထိုသို့အာတွင် ပိုးဝါးမမှိန် ဘုန်းတော်ရှိန်ကို အနိမ္ဗြေမိုးမြေလုံးသိ လေရေညှိ၍ ရွှေထီအထွတ် ညွှတ်လျက်ပြည်ထောင်ကျွန်းလုံးဆောင်သား ကုန်းဘောင်မှာန ဘေးလောင်းကတည့်ရွှေဝသစ်နန်း ဘိုးတော် မင်းတို့ အောင်ခြင်း အောင်ဟိတ်အတိတ်ကောင်းခြီး အကြောင်းမိုလည်း ကြီးအံ့ ဘုန်းတော်ကျော်အံ့တရာ စက်ကမ္ဘာလည်း တက်ဖြာဖြိုးကဲး မိုးလုံးဝှဲးသည်။ ရဲရဲပေါက်တော့မည်ဘုရား။

၃။ ဖွေနွှန်းဖက်ရာ လွန်သောအခါလည်း မဟာရာဇ ကာလ ရှည်ကြာ ပြည်ထောင်ဦးဝယ် အောင်ဘုးမင်လာ ရေဝင်္ဂါတွင် ရွှေသာလျှံလန်း ဘုံထွတ်နန်းလည်း ပျံသန်းရာကျ သည်ဌာန ထက် ကံမကောဒိ တည်ရာရှိလျက် ဣန္ဒိယမည် ပွင့်လင်းစည်၍ ရွှေပြည်ဇမ္ဗူ သာသောဟူသို့ အောင်ဘူမိနက် ဘုံစက်လျက်တွင် ဘဝင်မိုးခေါင် ဘုန်းကျိုးဆောင်သား မာန်အောင်သီရိ မုဒ္ဒါ ဘိဟု သိဒ္ဓိဇေယျ ဖြဟ္မာသံဖြင့် နိုင်ငံပတ်ကုံး ကျွန်းလုံးကျော်ညာ ပြည်တရာလည်း သည်သာအထွတ် ညွတ်၍ ရွှေစက် ဆဆယ် ဆက်မည် စည်အုံမစဲ ငြိမ့်ငြိမ့်သဲးသည်။ ကဲးကဲးမောက်တော့ မည်ဘုရား။

ဤရတုပိုဒ်စုံကို ၁၂၆၂-ခုနှစ်က မန္တလေးမြို့တည် ပဉ္စမ သင်္ဂါယနာတင်မင်းတြားကြီး လက်ထက်တော် စာတော်ဖတ်မင်း ဦးအုံ စုဆောင်းထားသော မူတော် ပုရပိုက်မှ ရေးကူးထားသည့် ပုရပိုက်ယို တဆင့်ရေးကူးယူခဲ့သည့်အတိုင်းဖြစ်သည်။ မှတ်သား လိုသူတို့ အကျိုးငှါ ထည့်သွင်းလိုက်ပါသတည်း။

## ၁၈၈၆-ခုနှစ် အင်္ဂလိပ်မြန်မာ ပဌမစစ်

အင်္ဂလိပ်များနှင့် စစ်ဖြစ်ပွားကြရာ မြန်မာက ထားသော ခံတပ်များမှာ-

၁။ ကြေးမြင့်ဒိုင်တပ်။

၂။ ကမာရွတ်တပ်။ (သရက်ကုန်းရွာအနီး အနောက်ဖက် တွင် ယိုမည်ထင်သည်။) ၎င်းကမာရွတ်သည် မြန်မာလို ရတနာကန်ခေါ်သည်။

၃။ သိဂိုဏ္ဍရကုန်းထိပ်တပ်။

၄။ ကျိုက်ကလို့တပ်။ (ဘုရားအရှေ့ဘက်) ယခုပိုင်ယာလက်ဌာနဖြစ်နေသည်။

၅။ မော်ပီတပ်။ (မြို့ရာဟုထောင့် မရမ်းတောနိုက်ယိုသည် မြေကတုတ်ဖြစ်သည်။)

၆။ တာမွေတပ်။ (သင်းချိုင်းဖြစ်နေပြီ။)

၇။ လှိုင်မြစ် ထန်းတပင်ဝတပ်။ (ယခု ကျွန်းကလေးမြစ်ပေါက် ခေါ်ကြသည်။) လှိုင်မြစ်နှင့်၎င်း မြစ်ဝ အနောက် သန်လျက်ငူ အစွန်းနိုက် မြေကတုတ် တပ်ယိုသည်။ ယခု ဆန်စက်ဆောက်ထားသည်။

၈။ ဒလဘက် ပိုင်တကူဆိပ်တပ်။ (၎င်းနေရာ စုံစမ်းမရ။)

၉။ ထောက်ကြံ့ဂူကြီးကုန်းတပ်။ (ရွာနှင့်ခြံဖြစ်နေသည်။)

၁၀။ ရန်ကင်းစံရာ မြစ်ဝတပ်။ (ညောင်တုန်းမြို့နယ်။)

၁၁။ လှိုင်မြစ် ကျွဲကူးကင်းတပ်။ (ရွာယိုသည်။) နေရာစုံစမ်းမရ။

၁၂။ မြောင်တင်တပ်။ (ယခု မြောင်းတင်ါ ခေါ်သည်။ မြေကတုတ်ယိုသည်။)

၁၃။ ကုန်းတန်းကန်ပဲ့တပ်။ (ခြံအိမ်ဖြစ်နေပြီ။)

၁၄။ ရန်ကုန်တပ်ခလေး။ (ပန်းဆိုးတန်း ကျောက်တံတားအရပ်များ။)

၁၅။ ကျွန်းဦးကင်းတပ်။ (ကျွန်းဦးရွာယိုသည် ခတ္တိယမြစ်မြောက်ဖက်ကမ်း။)

၁၆။ ကုန်းတန်း တံတားကြီးတပ်။ (ရွာနာမည်သာ ယှိသည် ပျက်၍ မီးရထားလမ်းဖောက်နေသည်။)

၁၇။ ပုစွန်ထောင်တပ်။ (ယခု တပ်မြေခေါ်ကြသည်။)

၁၈။ အလိမ် အလည် တပ်။ (ယခု မြို့ကလေးကုန်း ခေါ်သည်။)

၁၉။ လိုင်မြို့တပ်။ (မြို့ရိုးကျုံးနှင့် ယှိသည်။)

၂၀။ အင်ပူမြို့တပ်။ (ညောင်တုန်းမြို့ပိုင် အင်းမရွာမြောက် အနီးမှာယှိသည်။)

၂၁။ ကုတ္တိုဝကင်းတပ်။ (ညောင်တုန်းနယ် ကျွန်း ထိပ် အငူ ဖြစ်သည်။)

၂၂။ မင်္ဂလာဒုန်တပ်။ (၁၂၄၂-ခုနှစ်က တပ်မြေကတုတ်နေရာ တွေ့သေးသည်။ ယခု ဝေါက်ကလပ်ကွင်း ဖြစ်နေပြီ။)

၎င်းတပ်များထားကြောင်း ရှေးမှီမော်ပီမြို့နေ၊ ဖိုးစံထွား၊ ဖိုးမှော်ကြီး၊ ဖိုးအောင်မြတ်၊ သက်ကြီးတို့ အစဉ်အဆက်ပြောကြသည်ကို စုံစမ်းရသည်အတိုင်း ဖော်ပြသည်။

၁။ ဇွဲသဘိုမြို့စား မဟာဇေယသူမှာ ကျိုက်ကလို့ တပ်က ခုခံရသည်။

၂။ လက်ဝဲဝင်းမှူး မင်းကြီး မဟာ မင်းလှဇေယသူမှာ ကြေးမြင့်ဒိုင်တပ်ကို အုပ်ချုပ်ရသည်။

၃။ စားတော်ဝန် မင်းလှ မင်းခေါင်မှာ သိင်္ဂုတ္တရကုန်း တပ်ကို အုပ်ချုပ်ရသည်။

၄။ ဝန်ကြီး သတိုးမင်းကြီး မဟာမင်းခေါင်မှာ ရန်ကုန်တပ်ကို အုပ်ချုပ်ရသည်။

၅။ မြို့လပ်ဝန် မင်းကြီးမဟာမင်းလှ မင်းခေါင်မှာ ပုစွန်တောင်တပ်ကို အုပ်ချုပ်ရသည်။

၆။ အတွင်းဝန် မင်းကြီး မဟာ မင်းလှ ရာဇာမှာ ရေကြောင်းတပ်များကို အုပ်ချုပ်ရသည်။

၇။ မုတ္တမမြို့ သူကြီး သီရိသမန္တကျော်ခေါင်မှာကမာရွတ်တပ်ကို အုပ်ချုပ်ရသည်။

၈။ ကျောက်ဆည်ဝန် မင်းရဲကျော်ထင်မှာ မြင်းတပ်ကို အုပ်ချုပ်ရသည်။

၉။ မဟာသီဝလမှာ မော်ပီမြို့တပ်ကို အုပ်ချုပ်ရသည်။

၁၀။ စို့လေးဆယ် ဒိုင်းဝန် နေမျိုးမင်းလှမင်းခေါင်ကျော်မှာ မင်္ဂလာဒုန်တပ်ကို အုပ်ချုပ်ရသည်။

၁၁။ မြောက်ဒဝယ်ဗိုလ် မင်းကျော် မဟာ မင်းခေါင်မှာ ထောက်ကြံ့ဝူကြီး ကုန်းတပ်ကို အုပ်ချုပ်ရသည်။

၁၂။ စစ်ကဲး မင်းတင်ဇေယျသူကို တာမွေတပ်ကို ဖြည့်သည် (တလိုင်လို တာမွေခေါ်သည်) မြန်မာလို တန်းတပင်ခေါ်သည်။

၁၃။ တပ်မှူး နေမျိုးသိဒ္ဓိသူ၊ နေမျိုး သိဒ္ဓိကျော်တို့ကို ကန်ပဲ့တပ်ကို ထပ်ဖြည့် အုပ်ချုပ်စေသည်။

၁၄။ သတိုးမင်းကြီး မဟာ မင်းခေါင်ကို ကျွန်းဦးသရက်တပင် တပ်ကို အုပ်ချုပ်ရန် ဗိုလ်မှူး ဝန်ကြီး သတိုးသုမ္မမဟာဗန္ဓုလက စီမံချထားသည်။

၁၅။ အတွင်းဝန် မင်းကြီး သီရိမဟာနန္ဒသင်္ကြံမှာ ပြည်မြို့က အုပ်ချုပ်ရသည်။

၁၆။ မြို့ဝန် မင်းကြီး မဟာ မင်းကျော် အောင်းမား ဝန် မဟာ မင်းလှ မင်းထင်တို့မှာ ပုသိမ်မြို့က အုပ်ချုပ်ရသည်။

ဤကား မှတ်တမ်းစာရင်း လယ်ဝန် သံတော်ဆင့် ဦးထွန်းအောင်ထံယို ပုရပိုက်မူမှတဆင့် ရေးကူး မှတ်သားချက်ဖြစ်သည်။ ယင်းသည့် ဘွဲ့တံဆိပ်ရကြသော အရာယိုတို့၏ ငယ်မည်ကို စာရင်းနှိုက် မပါချေ။

၎င်းစစ်အရေးတွင် ရန်ကုန်မြို့ သိမ်ဖြူတွင် မြန်မာနှင့် ဂေါ်ရာစစ်သည်တို့ ဆိုင်ပြိုင်တိုက်ကြရာ မြန်မာတို့ဘက်က အရေးသာခြင်းကြောင့် ရန်သူစစ်သည်တို့ ကျဆုံးဖန်များ၍ ဆုတ်ခွာတော့မည့်ဆဲဆဲမှာ မြန်မာစစ်သည် အမှုထမ်းတို့ များစွာ ရေမွတ်သိပ် ပင်ပန်းခြင်းဖြစ်၍ အားကုန်ခန်းနေရာ အုပ်ချုပ်သော ဗိုလ်မှူးတို့က ရေပို့ လူဖြည့်မလွှတ်သည်အတွက် မြန်မာစစ်သည်တပ်သားတို့က ငါတို့သည် ရန်သူတို့ လက်နက်နှင့်မသေ။ ရေငတ်လို့သာ သေရကြလိမ့်မည် ဖြစ်ချေသည်။ နောက်နှိုက် အုပ်ချုပ်သော ဗိုလ်မှူးကို ထောက်လှမ်းရာ မမြင်သောကြောင့် မြန်မာစစ်သားတို့သည် ရေငတ်မွတ်သိပ်ခြင်းကို မခံမရပ်နိုင်၍ သိမ်ဖြူမှ ဆုတ်ခွာလှာကြရသည် အချို့တပ်သားများ ရေငတ်၍ သေကြရသည်။ ဤအခါ ဂေါ်ရာစစ်သည်တို့ သိင်္ဂုတ္တရကုန်းကို ချဉ်းကပ် အခိုင်အမာ ခုခံနိုင်ကြပေကြောင်းကို သိမှီသူတို့ အဆင့်ဆင့် ပြောပြကြသော မှတ်သားချက် ဖြစ်သည်။

ဟံသာဝတီကြောင်း ချီတက်စေရန် ခန့်ထား တော်မူသည့် ဝန်ကြီးမင်းကြီးမင်းခေါင်ကျော်သည် အမှုတော်ကို ရိုးဖြောင့်စွာ မထမ်း၊ ကျေးဇူး သစ္စာတော်ကို မစောင့်၊ လက်နက်ကိုင် အမှုထမ်းတို့ကိုလည်း အကြောင်းသင့်သူ လူငယ်ကိုသာ အုပ်ချုပ်စီမံစေသည့်အတွက် အရေးတော် မသာကြောင်းကို သိရသဖြင့် ငမှိုင်းငယ်ကို ကွပ်မျက်စေဟူသော အမိန့်တော်မြတ်အရ ကွပ်မျက်လိုက်သည်။

ကွပ်မျက်ခြင်းခံရသော ဝန်ကြီး မင်းကြီး မင်းခေါင်ကျော်ကား ရန်ကုန်ဝန်ကြီး ဦးမှိုင်းကလေးဟု ရှေးက ခေါ်ဝေါ်ကြသည်။ မြန်မာလက်နက်ကိုင် စစ်သားများ သိမ်ဖြူတွင် စစ်ပြိုလျက်ရှေ့တက်နေရာ တစုံတရာ မထောက်မလှမ်းပဲ ကျိုက်ကလို့တပ်သို့ ဆုတ်ခွာနေသည့်အတွက် အကူအပန့် မရသောကြောင့် သိမ်ဖြူနှိုက် တိုက်ခိုက်ရေးတွင် မြန်မာစစ်သားများ ရှေ့တက်၍ အသေမခံနိုင်ခြင်းကြောင့် ဆုတ်ခွာရကြောင်း မှတ်တမ်းပုရပိုက်မှာ ယှိလေသည်။ ရှေးမှီသက်ကြီးတို့ အဆင့်ဆင့် ပြောကြသည်ကိုလည်း ကြားရလေသည်။

စစ်၏ အရေးအရာ အကြောင်းယှိသည်တို့ကို မင်းကြီး ပန္နလ ဉာဏ်မြင်သည့်အလျှောက် စီရင်လိုသော ဆန္ဒများစွာယှိငြားသော်လည်း အင်းဝမြို့ ဘုရင်မင်းမြတ်အပါးတော်တွင် မင်းတိုင်ပင်အဖြစ် ထမ်းယွက်နေကြသော မှူးမတ်တို့သည် ဒေသန္တရဗဟုသုတ နည်းပါးသူတို့ ဖြစ်ကြသောကြောင့် အရေးကို မမြင်ကြပဲ လက်အောက် ခရိုင်ဝန်၊ မြို့ဝန်၊ မြို့သူကြီးတို့ သံတော်ဦး

တင်လျှာကို ကြည့်ပြီးလျှင် မည်ကဲ့သို့ စီမံရန် အမိန့်တော် ထုတ်ပြန်ရန် သင့်ကြောင်းကို သံတော်ဦး တင်တော်မူလျှင် ဘုရင်မင်းမြတ်က ကောင်းပြီ မိန့်ချက်အရ မင်းကြီးမဟာဇေယျလ စစ်သူကြီးကို တက်လိုက် ဆုတ်လိုက် ရပ်လိုက်ဟု အမိန့်တော် အမျိုးမျိုးကိုနာခံ ထမ်းယွက်ရသောကြောင့် အရေးမပြီးချန်လှန် ထားရသည်လည်း များချေသည်။ မြစ်ဝ ကျွန်းဆွယ် စသော ကြည်းကြောင်း ရေကြောင်းစသော စစ်လမ်းမကြီးတို့နှိုက် အချုပ်အအုပ်ထားသော ဗိုလ်မှူး တပ်မှူးတို့သည် မီးဝေးချိတ် မာကဲ့သို့ ဉာဏ်နှင့်တကွ စွမ်းရည်သတ္တိ မဖော်မပြကြသဖြင့် အရေးမပြီးသည်လည်း ယိုရချေသည်။ ဤအခါနှိုက် ဘုရင် မင်းမြတ်သည်လည်း စိတ်တော် မကြည်မလင်သည့် အချိန်က များသောကြောင့် နားမလည်သော မှူးမတ်တို့ တင်ချက်ကို သဘောတူရချေသည်ဖြစ်ပေမည်။

သို့သော် ဘုန်းကံ ကြီးသောကြောင့် လောက သမုတိ နတ်ဟုခေါ်ရသော ဘုရင်မင်းမြတ်ပင် ဖြစ်လင့်ကစား ဘဝကုသိုလ်အဟုန် အစွမ်းကုန်သောအခါ ပညာယို မှူးကောင်း မတ်ကောင်းပင် ဖြစ်သော်လည်း အလွဲးလွဲး အချော်ချော် စီမံတတ်သည်။ ကံငယ်သည့် အခါ ရည်ရွယ်တိုင်း မပြီးချေ။ မိဖုရားခေါင်ကြီး အမိန့်တော်က တမျိုး၊ စလင်းမင်းသားကြီး မောင်အိုက အမိန့်တမျိုးရှင်ဘုရင်က အမိန့်တမျိုးဖြစ်သောအခါမျိုး ကျရောက်လျက်ဖြစ်၍ မှားနီးရာကို ခိုရသဖြင့် အသက်ဘေးကြောင့် ပညာရေး ကွယ်ပျောက်ရချေသည်။

အိမ်ရှေ့ဘုရား သာယာဝတီမြို့စား မင်းလည်း နောင်တော်ဘုရင်ကို သနားတော်မူသည့်အတွက် နန်းတော်၏ ဖြစ်ပျက်

ပုံကို အရေးမယူနိုင်သလောက် ဖြစ်သောကြောင့် မိမိဗိုလ်မှူး တပ်မှူးတို့နှင့် သာယာဝတီမြို့က ရန်သူကို ခုခံရန် စီတော်မူလျက် ယိုချေသည်။

ဤသည့်အခါတုန်းက မြန်မာလူကြီးတို့သည် ပဌမကုလား ကြီးဝင်သည့်အခါ ပဌမကုလားကြီးတက်သည့်အခါ ပဌမစစ် ကြီးဖြစ်သည့်အခါဟု ပြောလေ့ပြောထယိုကြသည်။

မြန်မာမင်း အင်္ဂလိပ်မင်းတို့ ရန္တပိုစာချုပ်နှိုက် ဖော်ပြသော အချက် (၁၁)ချက်အနက်မှာ (၇)အချက်နှိုက် မြန်မာမင်း ခန့် ထားသော အရေးပိုင်အရာယိုတယောက် အခြွေအရံ လူ ၅၀ လက်နက်ကြိယာအစုံနှင့် ကုမ္ပဏီဘုရင်မြို့တော်မှာနေစေ၊ ကုလား ပြည်မှာနေသော မြန်မာမင်းတို့နေစရာကို အတော်အသင့် တိုက် အိမ်ကို ဝယ်လိုလျှင် ဝယ်၍နေစေ၊ အသစ် တည်လုပ်လိုလျှင် လည်း တည်လုပ်စေ။

၁၁-ချက်မှာ အိန္ဒိယတိုင်းကို အစိုးရသော ကုမ္ပဏီရှင်ဘုရင် သည် ဝန်ခံ၍ လက်မှတ်တံဆိပ်ခတ်သော စာချုပ်ကို မြန်မာ ဘုရင်လက်တော်ရောက် ပို့ရသည်ဟု စာချုပ်နှိုက် ဖော်ပြသော စကားကို ထောက်လျှင် ဤစဉ်က အင်္ဂလိပ်အစိုးရ မဟုတ်သေး အိန္ဒိယတိုင်း အစိုးရသော ကုမ္ပဏီရှင်ဘုရင်မျှ ဖြစ်သောကြောင့် ယခုကာလခေါ်ဝေါ်ကြသော အခြားဘာသာစကား ရောဝတီ ကုမ္ပဏီ မှိုးကုမ္ပဏီ ဘလုပ်ကုမ္ပဏီ ဘုံဘေဘားမားကုမ္ပဏီ စသည် တို့သည်ကား အစုစပ် လူဦးရေပေါင်းဖက် ဖွဲ့စည်းတည်ထောင်

ကြသည်ကို စွဲသဖြင့် ကုမ္ပဏီခေါ်ကြသည်ကို ထောက်လျှင် မြန်မာပြည် ပဌမစစ်ပြေငြိမ်းသော ရန္တာပိုစာချုပ်နှိုက်ဆိုသော ကုမ္ပဏီဘုရင်သည် အစုစပ်ဘုရင်ဟု ခေါ်ဝေါ်လျှင်လည်း လွဲမည်မထင် ဖြစ်ပေ၏။

သက္ကရာဇ် ၁၁၈၆-ခု ပဌမစစ်ဖြစ်ကြသည့်အခါ အင်္ဂလိပ်မင်း အစိုးရတို့နှင့်မဟုတ် ကုမ္ပဏီဖွဲ့သော ဘုရင်နှင့်သာ တိုက်ခိုက်သည်ဟု မှတ်သားဖွယ်ဖြစ်သည်။

ပဌမကုလားကြီးအဝင်မှာ ယေး-ဗိတ်-ဒဝယ်-တနသ်ာရီ နယ်များကို သိမ်းယူခြင်း ခံရသည်။ ဤအခါ ကုမ္ပဏီအစိုးရနှင့် ပိုင်သည့်နယ်အတွင်း နေထိုင် အသက်မွေးကြသော တလိုင်းမြန်မာများကို နှိပ်စက်ညှဉ်းပန်းခြင်းကို အလျဉ်းမပြု အနေအထိုင် ချမ်းသာအောင် စောင့်ရှောက်ကြပေသည်ဟု သက်ကြီးတို့ အဆင့်ဆင့် ပြောကြလေ၏။

× × × × ×

## တရားမ တရားသူကြီး ဦးအေးကို အတွင်းတော်သို့ ခေါ်တော်မူခြင်း

တရားမ တရားသူကြီး ဦးအေးသည် သူနှင့် ငယ်သူငယ်ချင်း ဖြစ်ကြသော လွှတ်တော်ဝန်ကြီးများတို့၏ ဖောင်းနားချောင်း စသော အဆင်တန်ဆာမျိုးကို ဝတ်ဆင်လျက် တရားရုံးတော်ကို

တက်၍ တရားစီရင်ကြောင်းကို လွှတ်တော်ဝန်တို့က မင်းတရားကြီးသို့ ရွှေနားတော်ကြား သံတော်ဦးတင်ကြလေ၏။

မင်းတရားကြီးက တရားမ တရားသူကြီးကို ဗောင်းနားချောင်း အဆင်တန်းဆာများကို ဝတ်ဆင်လျက် အတွင်းတော်သို့ ဝင်ရန် သံတော်ဆင့်သို့ အမိန့်ပေးသည့်အတိုင်း သံတော်ဆင့်က စာရေးတော်ကြီးသို့ အမိန့်လွှာပေးအပ်သောကြောင့် တရားသူကြီးအိမ်သို့ သွားရောက်အမိန့်တော်ကို ပေးပို့ရာ တရားသူကြီးက အေးကောင်းပီ စာရေးကြီး သို့သော် နက်ဖြန်နံနက် ညီလာခံကို ငါဝင်နိုင်မည်မထင် နေ့ ၂-ချက်တီးမှ ဝင်၍ ခစားနိုင်မည့် အကြောင်းကိုသာ လျှောက်လိုက်ပေတော့ကွယ်ဟု မှာလိုက်သည့် အတိုင်း မင်းတြားကြီးသို့ သံတော်ဦးတင်ရာ ကောင်းပီ မောင်မင်း တာရှည်ဆွေးနွေးရန် ယှိသောကြောင့်ဖြစ်သည်။ သူ အချိန်ပေးလိုက်သည်ကား အကောင်းဆုံးပဲ ဖြစ်ပေသည် ဟု မိန့်တော်မူသည်။

ဟော့-သံတော်ဆင့် သာယာဝတီမြို့ စံနေသော ညီတော်အိမ်ရှေ့မင်း ကျန်းခန့်တော်မူသည်ကို နောင်တော်ကြားသိရ၍ အလွန် ဝမ်းမြောက်တော်မူကြောင်း ညီခင် အလိုယှိရာ သုံးရန် ရိက္ခာမျိုးစုံ အသုံးအဆောင်များ ပို့လိုက်ကြောင်း။

စိတ်တော် ဆောင်ရာသို့ ကိုယ်မပါသည့်အခါ စိတ်တော်နှင့် ကိုယ်အားယှိအောင် ဓာတ်ပေးစေလိုကြောင်းများကို ညီတော် အိမ်ရှေ့မင်းထံ အမှာစာနှင့် စေလွှတ်ပို့ရန် အမိန့်ပေးပြီးလျှင် အတွင်းတော်သို့ ဝင်လေ၏။

နောက်တနေ့ ၂-ချက်တီးအချိန် တရားသူကြီးဦးအေးသည် တရားရုံးတော်မှ ၂-ချက်တီးသောအခါ နန်းတော်ကြီးအတွင်း

ဆောင်သို့ ဝင်တော်မူ၍ ဘယ်နေရာက ထိုင်ရမလဲဟု ရှင်ဘုရင်ကို မေးလေ၏။

ဘုရင်။ ။ မောင်အေး- မေးမနေပါနဲ့ ငါ့နေရာ ချန်လှပ်၍ နေလိုရာက နေပါကွယ်။

အေး။ ။ ကောင်းပြီဆို၍ ရှင်ဘုရင်၏ ဝဲဘက် မျက်စောင်းထိုး သုံးတောင်ကွာက တင်ပလ္လင်ခွေ၍ ထိုင်လေ၏။

ဘုရင်။ ။ တရားသူကြီးကို ကြည့်ပြီး ရယ်လျက် မောင်အေးသည် လွှတ်တော်ဝန်ကြီးများ အဆင်တန်းဆာကို ဘာဖြစ်လို့ ဝတ်ရတုန်း။

အေး။ ။ ဘာမှဖြစ်လို့ မဟုတ်ပါ လွှတ်တော်ဝန်ကြီး ငမှိုကြော့ ငပုကြီးတို့ ဝတ်ဆင်ကြဒါနဲ့ ကောင်းလိမ့်မလားလို့ ကိုယ်လဲ သင်းတို့လို စီမံပြုလုပ် ဝတ်ဆင်ပြီးတော့ မှုံတက်စီရင်ရာ တခုတော့ထူးတယ်။

ဘုရင်။ ။ ဘာများထူးသလဲးကွဲ့။

အေး။ ။ သုကို ဝတ်ဆင်သွားယင် လမ်းသွားလမ်းလာတို့ ရှေ့ကလို မသွားမလာဝံ့ဘူး၊ မြင်ကြယင် မြင်ရာက မြေကြီးပြားပြားဝပ်နေကြဒါပဲး နောက်တော့ စဉ်းစားမိတယ်။

ဘုရင်။ ။ ဘယ်လို စဉ်းစားမိပြန်သလဲးကွဲ့။

အေး။ ။ အော်- လွှတ်တော်ဝန်ကြီးများတို့၏ တန်းဆာသည် စောက်ကျိုးနဲ့ လူကြောက်ပါကလားလို့ အောင်းမေ့မိတယ်။

ဘုရင်။ ။ ကြုံမှ ကြုံရလေ မောင်အေးနှယ်နော်- ဆို၍ များစွာ ရယ်လေသည်။ မဟုတ်ဖူးကွဲ့ မောင်အေးရဲ့ လွှတ်တော်ဝန်ကြီးတို့ အဆင်တန်းဆာမျိုးကို လူတိုင်း ဝတ်ဆင်ရသည် မှတ်သလားကွဲ့။

အေး။ ။ နို့-ဘယ်လိုလူများ ဝတ်ရသေးသလဲ။

ဘုရင်။ ။ လွှတ်တော်ဝန်ကြီးရာထူးကို ချီးမြှောက်မှ အမိန့်တော်နှင့် ဝတ်ဆင်ရတယ်ကွဲ့။

အေး။ ။ အော်- သည်အဆင်တန်းဆာမျိုးကို လွှတ်တော်ဝန်ကြီးများမှ ဝတ်ရသည်ဆိုဒါ ရှင်ဘုရင်ပြောမှ သိရပေတယ်။ ငအေးကတော့ သည်လိုရာထူးအလိုက် ပိုင်းခြားဝတ်ဆင်ရသည်ကို သတိမထားမိ။ မိမိသူငယ်ချင်း လွှတ်တော်ဝန်ကြီး ငမှိုင်းကြာဥ ငပုကြီးတို့ တခါတရံ ဝတ်ကြသည်ကို တွေ့ရဒါနဲ့ ငအေးလဲ မိမိသူငယ်ချင်းတို့လို ချုပ်လုပ်ပြီးတော့ ဝတ်ဆင်ဒါပါပဲ။

ဘုရင်။ ။ ဒါမျိုးဆိုဒါ ရာထူးအလိုက် အမိန့်တော်မြတ်ရမှ ဝတ်ဆင်ကြရဒါ မောင်အေး။

အေး။ ။ ငအေးကတော့ ရှင်ဘုရင် အမိန့်ခံနေယင် ကြာလိမ့်မယ်ထင်လို့ ပြီးလွယ်စီးလွယ် မိမိစာရိတ်နဲ့ အကုန်အကျခံ စီမံပြီး ဝတ်ဆင်လိုက်တာပဲ။

ဘုရင်။ ။ မောင်အေး စာရိတ် ဘယ်မျှကုန်တုန်းကွဲ့။

အေး။ ။ စာရိတ် ၃-ပိဿာကျော်သေးတယ်။

ဘုရင်။ ။ စာရိတ်ငွေ ၃ ပိဿာ ဖြစ်ယင် ငါက ၄ ပိဿာ ပေးမယ်။ လွှတ်တော်ဝန်ကြီးတို့ အဆင်တန်းဆာများကို နန်း

တော်မှာ ထားခဲ့ရမယ်ကွဲ့။ သူတို့ လွှတ်တော်ဝန်ကြီးများ စိတ်ညှိုး နွမ်းရန်ဖြစ်တယ်ကွဲ့။

အေး။ ။ အောင်မယ် ရှင်ဘုရင်က သင်းတို့ကို အလေးဂရု ပြုလိုက်လေ၊ ပေးပါ စာရိတ်ငွေ ၄ ပိသာ ဤအဆင်တန်းဆာ တော့ နန်းတော်သို့ မသွင်းဘူး မပြတ်ပဲးဝတ်၍ ရုံးတက်မယ် စုတ်တော့ မဝတ်ဖူး အသစ်လဲးထပ်ပီးတော့ မလုပ်ဖူး ဘာကြောင့် လဲဆိုတော့ ရှင်ဘုရင် စိတ်ဆိုးလိမ့်မယ်။

ဘုရင်။ ။ မောင်အေး ပြောမှဖြင့် စောက်လွှဲးချည့်ပဲး ရွှေထိုး နန်းစဉ် စာတမ်း စာလာအတိုင်း အရာထမ်းအမှုထမ်း ဝန်ကြီး မှူးကြီးတို့ ရာထူးအလျောက် ဝတ်ဆင်ကြရတယ်ကွဲ့။ မင်း ဆင် ယင် ဒါကို ငါက မကြည့်ချင်လို့ မဟုတ်ဖူး နည်းလမ်း မကျလို့ ငါပြောဒါကွဲ့ သိရဲ့လား။

အေး။ ။ ဒါဖြင့်လဲး ပီးလဲးပီးရော့ပေါ့၊ ငအေးမတော့ ဝတ် ဆင်လျက်ဖြစ်နေပြီ ချွတ်လို့ လဲးမထားနိုင်ဘူး မစုတ်မချင်း အမြဲး ဝတ်ပီးတော့ ရုံးတက်ရအုန်းမယ်။

ဘုရင်။ ။ အေးကွယ် မင်းသဘော ယှိသလိုပါပဲး မင်းနဲ့ ငါနဲ့ပြောကြဒါလဲး ဗိုလ်ရှုခံဖြစ်၍ သိကုန်ကြပါပြီ တော်ပါ တော့ကွဲ့။

× × ×

## အိမ်ရှေ့မင်း

ဘုရင်။ ။ သာယာဝတီမြို့စား ညီတော် အိမ်ရှေ့မင်းကျန်း ခန့်တော်မူကြောင်း သိရသောကြောင့် စိတ်တော် အေးပေပြီ မောင်အေး ဘယ်လိုများ သတင်းရပါသလဲး။

အေး။ ။ အိမ်ရှေ့ဘုရား သာယာဝတီမြို့နှိုက် တလခန့်မမာတော်မူကြောင်း ကြားရပါသည်။ ယခု ကျန်းခန့်တော်မူနေပြီဟု သတင်းကောင်း ရဒါပါပဲ။

ဘုရင်။ ။ စစ်အရေးကိစ္စလဲး ပြီးငြိမ်းသွားသဖြင့် ညီခင်ကို မြို့တော်သို့ ဆန်တက်လှာရန် ခေါ်တော်မူမှ တော်မယ်ကွဲ့။

အေး။ ။ ခေါ်တော်မူပေမဲ့ အကြောင်းရှာပီးတော့ အိမ်ရှေ့ဘုရားနေမှာပဲး ရှုတ်တရက် မြို့တော်သို့ လာမည်မထင်ပါ။

ဘုရင်။ ။ ဘာကြောင့်တုန်းကွဲ့ မောင်အေးရဲ့။

အေး။ ။ မြို့တော်မှာ အိမ်ရှေ့ဘုရား စံတော်မူရဒါ နားမျက်စိ ဆင်းရဲခြင်းဖြစ်၍ မိမိစားရာမြို့တွင် အေးအေးနေဒါနဲ့တူတယ်၊ ညီနဲ့အစ်ကို နားချင်းမဆက်နိုင်တဲ့အတွက် ဝေးဝေးခွာနေဒါနဲ့ တူတယ်။

ဘုရင်။ ။ ဘာများညီခင် နန်းတော်မှာ နား-မျက်စိ မသင့်ဒါများ ယှိပါသလဲး မောင်အေးရယ်။

အေး။ ။ မြတ်စွာဘုရားက ရာဇတောဝါလို့ ဟောထားရာယခုတော့ မိဖုရားတောဝါ ဖြစ်မှာကို ငအေးတို့က အင်မတန်ရှောင်နေရပါတယ်။

ဘုရင်။ ။ မောင်အေး အခု နှေ့ညီလာခံစဲးသွားပီကွဲ့ မင်းနဲ့ ငါနဲ့ ၂-ယောက်ထဲးပါ အပြစ် မဖြစ်ရပါ မင်းသိ ဒါပြောပြဘာကွဲ့။

အေး။ ။ သိဒါ ပြောရမှာဖြင့် နန်းတော်မှာ အနောက်ကနေထွက်နေဒါပဲး။

ဂြိုဟ်က စလင်းဂြိုဟ်၊ အခြံအရံက မြောက်ဒဝယ်ဂြိုဟ် သံဆင့် ငရေးဂြိုဟ် သည့်ပြင်က အလိုပါဂြိုဟ်တေ များတယ်၊ ငအေးတို့မှာ ဘယ်မှ မဆန့်ကျင်အောင် တရားသူကြီး ဗိုဗို (ကာကောလောကန) နည်းဥပဒေသကို ကြည့်လို့ နေရပါတယ်။

ဘုရင်။ ။ ညီခင်သည် ငါ့ကိုတော့ အဖကဲ့သို့ ရှိသေလေးမြတ်လျက် ဖြစ်သောကြောင့် မကောင်းသောစိတ် မည်သည့် အခါမှ မကြံကြောင်းကို ငါယုံကြည်တော်မူပြီးကွဲ့ မောင်အေးရဲ့။

အေး။ ။ အိမ်ရှေ့ဘုရားက နောင်တော်ကို မနောက်မျှ ပြစ်မှားဘို့ကို မကြံကြောင်း၊ ငအေးလဲး သိသောကြောင့် သစ္စာပြုဝံ့ပါရဲ့ အိမ်ရှေ့အရာကို လိုချင်. ကြံစည်သော သူတို့ရန်က ယှိနေကြောင်းပါ။

ဘုရင်။ ။ သင်းတို့ ကြံတိုင်း ဖြစ်နိုင်ဘမလား သတ်ပစ်ယင်သေရမဲ့ အကောင်တေဘာကွဲ့ မောင်အေးရဲ့ ညီခင်မှာ မစိုးရိမ်သင့်သည်ကို စိုးရိတ်နေရှာဒါကို ငါအံ့ဩတယ် မောင်အေးရဲ့၊ သူလဲး တိုင်းပြည်ကို တဝက်ပိုင်သော မင်းပဲးကွဲ့ အပြစ်ယှိယင်သတ်ပစ်နိုင်တဲ့ အာဏာ တန်းခိုးနဲ့ ပါကွဲ့။

အေး။ ။ ရှင်ဘုရင် ပြောဒါက တယ်လွယ်တယ် ခက်ထာတော့ ရှင်ဘုရင်မသိ အနောက်က နေထွက်နေပါတယ်လို့ ပြောဒါ နားမလယ်ဘူးလား ဖွင့်ပြောရယင် ပေါက်ကြားသွားမှဖြင့် ရှင်ဘုရင်ကြောင့် ငအေး အသက်တိုရလိမ့်မယ်။

ဘုရင်။ ။ အေး လကွယ် မိန့်ကို ပြောဒါ ငါသိပါရဲ့ ဒါတေ အရေးစိုက်စရာ ဘာယှိသလဲးကွဲ့။

အေး။ ။ အရေးသာ စိုက်စရာ မယှိတယ် ရှင်ဘုရင်က အရေးစိုက်တော်မူလို့ မိဖုရားခေါင်ကြီး တင်ထားတယ်မဟုတ်လား။ သည့်ထက်တော့ မစိုက်နိုင်ဘူး အလွန်ဆုံးပဲမဟုတ်လား။

ဘုရင်။ ။ အေးကွယ် အရေးစိုက်မိလို့ မိဖုရားခေါင်ကြီး တင်မြှောက် ထားပေမဲ့ ငါ့ညီတော်ကိုတော့ သင်းတို့ကြံတိုင်း မဖြစ်ရပါဘူး ရွှေမြို့တော်သို့လာရန် ခေါ်ရအုန်းမယ်ကွဲ့ မင်းလဲးသိသမျှကို ငါသိရပါစေကွဲ့။

အေး။ ။ ခေါ်လို့ လာယင် ကောင်းပါရဲ့ အတွင်းတော်နေ့ ညဥ့်ခစားကြရဒါက ငလန်း၊ ငဖုန်း၊ ငတိုး၊ ငမင်းတို့ကိုလဲး ရဒါခေါ်ပီးစုံစမ်းယင် နဲ့နဲ့တော့ ရိပ်မိရန်ပေါ်စရာယှိကောင်းရဲ့။

ဘုရင်။ ။ မင်းပြောဒါ ဟုတ်တယ် သူတို့ စာဆိုတော်များ ဖြစ်ကြတယ် တခါတော့ ခေါ်ပီးတော့ အပျင်းဖြေရင်းပေါ့ကွယ် မင်းလဲး ငါ့အခေါ်ကို မစောင့်ပါနဲ့ အကြောင်းယှိယင် ဝင်ဒါပေါ့ကွဲ့။

အေး။ ။ ရှင်ဘုရင် ပြောဒါက ပစပ်ကထွက်ထာမို့ တယ်လွယ်တယ်။ ငအေးတို့မှာ အန္တရာယ်ကို များစွာ ကြည့်ရဒါနော်၊ တခါဝင်ပြန် ရှင်ဘုရင် မိဖုရားခေါ်လို့ သွားနေတယ်၊ တခါဝင်ပြန် ရှင်ဘုရင် စိတ်တော် မကျန်းမမာဖြစ်နေတယ်၊ အဲးသည်လိုကြုံပြန်တော့ တယ်စိတ်ပင်ပန်းတယ်။

ဘုရင်။ ။ အေးကွယ် မင်းပြောဒါလဲး ဟုတ်ပါရဲ့ ချိန်းလို့မထားသမျှတော့ အကြောင်းညီနိုင်မယ် မဟုတ်ဖူးပေါ့၊ သို့သော်ညနေ ၄-ချက်တီးအချိန် တောင်ဉယျာဉ် ရေကြည့်နန်းတော်သို့ အလည်အပတ် လာနိုင်ယင် တွေ့ကြရောပေါ့ကွယ်။

အေး။ ။ ဒါမှာတော့။ (ထွက်ဝင် သွားလား၊ မင်းတံခါး သို့၊ မှန်းထားပိုင်သ၊ အခွင့်ရလည်း၊ ကာလဆေးမေး၊ အရေးယ ငင်၊ ရှုဆင်ခြင်လျက်)ဟု ဝိမူရပျို့နှိုက် ဆိုထားသည် အတိုင်း လိုက်နာရပါမည့်အကြောင်း။

ဘုရင်။ ။ အဲဒါ တွင်းသင်းဝန်ကြီး ဦးညိုစီရင်တဲ့ ပျို့က မဟုတ်လား။

အေး။ ။ ဟုတ်ပါတယ် ဝိမူရပျို့ကို သည် မင်းကြီး တပါး သာ စီရင်တယ်လို့ မှတ်ထားဒါပါပဲ။ တွင်းသင်းမင်းကြီး စီရင် ထားဒါ ဝေသန္တရာပျို့၊ ဇနကပျို့၊ ဝိမူရပျို့၊ ငှင်းပျို့ ၃-စောင် ကိုတော့ အတော်ပဲ ကြည့်ရှုမိတယ်။ ဘလ္လာတိယပျို့ကို တယ် မကြည့်ရသေးဘူး။

ဘုရင်။ ။ ဘလ္လာတိယပျို့တော့ တို့ကို ရည်သန်စီရင်တဲ့ပျို့ ကွဲ့၊ ငှင်းပျို့ကို မိဖုရားကြီး နှစ်သက်တော်မူခြင်းကြောင့် ဆရာ ကြီးကို ခေါ်တော်မူ၍ နှီးသားဖျာပေါ်တွင် ငွေများကို ဖြန့်ကြဲ ထားရာ ဆရာကြီးလိုသလောက် ကျုံးယူစေ မိန့်ချက်အရ တွင်း သင်းဝန်ကြီး ကျုံးပီးတော့ ယူရတဲ့ ငွေများကို သားမယားကို မပေးမကမ်းပဲ ပညာကို အချိုးအမြှောက် ခံရသည်။ အကျိုးယို့ အောင် ဇာတိ မောင်းထောင်ကြီးရွာ အရှေ့ ရေကန်ကြီးတူး ဖော်၍ ကုသိုလ် လုပ်ထားကြောင်း။ ကန်အမည်ကို (ဘလ္လာ တိယ)ကန်ဟု မှည့်ကြောင်း သံတော်ဦးတင်လှာ ဆက်သကွဲ့။ ဤအကြောင်းကို မောင်းထောင်ရွာနေ မင်းကြီးတူ ဦးပေါ်ဆယ် ပြောသည်။

## မှတ်ချက်

၁၁၅၂-ခု တပို့တွဲ လဆန်း ၈-ရက် ဗုဒ္ဓဟူးနေ့တွင် ဝိဓူရပျို့ကို စီရင်၍ပြီးကြောင်း။ နောက် အိမ်ရှေ့မိဖုရား- သီရိ တိလောက မဟာဘဒ္ဒါ သုရတနာဒေဝီ တိုက်တွန်းချက်အရ ဘလ္လာတိယပျို့ကို ရေးသားသည်ဟု ရှင်းပျို့နိဂုမ်းတွင် ဆိုသည်။

အိမ်ရှေ့ စည်းစိမ်အခါ၊ အိမ်ရှေ့မိဖုရား ဘုရင်မင်းမြတ် စည်းစိမ်အခါ မိဖုရားကြီး မိဖုရားခေါင်ကြီးဟူသောအသုံးကို သုံးမြဲဖြစ်ကြသည်။

ဒေး။ ။ ကောင်းပါပေတယ်။ ပညာယှိသော ပုဂ္ဂိုလ်များ အသုံးပြုထားပုံသည် နည်းယူစရာဖြစ်ပါပေတယ်။ ခုမှပဲ မောင်းထောင် ဘလ္လာတိယ ရေကန်၏ အဓိပ္ပာယ် ရှင်းလင်းပေတယ်။ နောက်ဆုံးမတော့ ရှင်ဘုရင် လင်မယား စိတ်ဆိုးနေကြဒါ စိတ်ပြေအောင် ရေးသားဆက်သွင်းတဲ့ ပျို့အတွက် ဆုတော်ငွေကို (ရှင်ဘုရင်မက) ဖျာနှင့် ထည့်ပေး၍ ရသော ငွေကို ထာဝရကုသိုလ်ဖြစ် ရေကန်ကြီး တူးဖော် ပြုလုပ်ထားတဲ့အပြင် ဥဒါန်းမကျေ တည်ယှိစေရန် ဘလ္လာတိယ ရေကန်ဟု အမည်သမုတ်ထားခြင်းသည် များများကြီး အဖိုးတန်ပါပေတယ်။ ငဒေးတို့လဲ သို့လို ရှင်ဘုရင်က ပညာအတွက် ချီးမြှောက်တော်မူသည်ကို ခံရပါက တွင်းသင်းဝန်ကြီးလို နာမည်ထင်ယှားအောင် လုပ်ချင်ပါဘိတော့။

ဘုရင်။ ။ မင်းပြောယင် သည်လိုချည့်ပဲး ရှင်ဘုရင် လင်မယားလေး ဘာလေး ရှင်ဘုရင်မလေးနဲ့ ပြောတတ်ပါပေ့ကွယ်။ ငါတို့ကို မင်းဒီလိုပြောဆိုနေရယင် ကိစ္စတုန်းပီးဟု မထင်နဲ့အုန်း သံသရာရေးက လိုသေးသည်ကွဲ့။

အေး။ ။ သံသရာရေး ဘယ်လောက်ကျယ်တယ်ဆိုဒါငအေး သိပါရဲ့ ရှင်ဘုရင်နဲ့ မိဖုရားကို မလေးမခန့် ပြောခြင်းကြောင့် သံသရာနှိုက် နစ်မျောလိမ့်မယ်လို့ ငအေးမထင် ငယ်သူငယ်ချင်းကျောင်းနေဘက်ဖြစ်တော့ နှုတ်တက် နှုတ်လွယ်ဖြစ်နေတော့ ပြင်လို့ကို မရနိုင်ဘူး၊ လောကရေး တမလွန်ရေး ဘေးဖြစ်မည်မထင်။ ယဉ်ယဉ်ကျေးကျေး ပြောဘို့ကို ကြံစည်ပါရဲ့ ဆားမခတ်တဲ့ဟင်းကဲ့သို့ ပေါ့တော့တော့ ဖြစ်နေတယ်။ ငယ်ငယ်က အတိုင်းပြောရမှပဲး လေးလေးပင်ပင် ယှိသောကြောင့် ဂ-ရှ ဖြစ်တဲ့ အတိုင်း ငအေးမှာ စွဲနေပကောလေ။

ဘုရင်။ ။ အေးပါကွယ် မင်းသဘောအတိုင်း ပါပဲး စကားကျန်နေဒါ ဆက်ရဦး၊ တွင်းသင်းဝန်ကြီး မယှိနောက် ရွာစားသူကြီး ဦးနုလဲး မည့်ဘူးကွဲ့။ တွင်းသင်းဝန်ကြီး၏နောက် ဖြစ်ပေတယ်။ သို့မို့ကြောင့် ဦးနုကိုလဲး တွင်းသင်းဝန်ကြီး ဦးညိုအတိုင်း အမည် ဘွဲ့ထူးများ ချီးမြှင့်တဲ့အပြင် ဝက်မစွတ်မြို့ကို အစားကဲကျွေးပေးသနားတော်မူထားတယ်။

အေး။ ။ ဝက်မစွတ် မြို့စားပေတဲ့ တွင်းသင်း မင်းကြီးနောက်လိုက်မို့သာ မော်ကွန်းရေး ကျောက်စာရေး ဆုတောင်း

စာရေး ရတုပိုဒ်စုံရေးမတော့ ဝက်မစွတ်ပြင် မယှိုဟု ငအေးက ထင်တယ်၊ ရကန်ဆို ရွှေတိုက်စိုးသည် အဘိဓာန် အကြေဆုံး ဗဟုသုတ အများဆုံးပဲဟု ငအေးက ထင်တယ်။ စလင်းမောင် တလုပ်ဆိုတဲ့ ငွေတောင် မွေ့နွှမ်း ရကန်ကို ကြည့်ရပြန်တော့ မောင်တိုးကိုပဲ ချိတ်သလိုလို အပလီ အခရာတွေ ပရိယာယ်တွေ များဒါကို မှတ်ရပါပေတယ်။ စာဆို မောင်အိကတော့ ငွေတောင် နဲ့ မွေ့နွှမ်းကို သဘောကျလို့ထင်ရဲ့ တယ်အဆိုသန်ပါပေတယ်။ မောင်ဖုန်းကရာမကို နှစ်သက်သည်နှင့်တူ၏။ အဆိုသန့်ပါပေတယ် စာဆို မောင်လန်းကတော့ မောင်တိုးရကန်ကို လိုက်ပီးတော့ ဖျက်ထာ တမျိုးပျော်ရွှင်စရာ ဖတ်လို့က ကောင်းပါ ဘိသန့် အဆုံးမယှိုဘူး တပိုင်းတစဖြစ်နေတယ်။

ဘုရင်။ ။ အဲ့ မင်းပြောပြတဲ့ မောင်လန်း ရကန်ပျက်ကို ငါမကြည့်ရဘူးပေ မင်းရလျှင် တဆိတ် ဆိုပြစမ်းကွယ်။

အေး။ ။ ကောင်းကောင်း မရပါဘူး တပိုင်း တစလောက် သာ မှတ်မိပါတော့တယ် မူလရေးပြီး စာကိုယ်ပါ ပုရပိုက်အမှတ် အသားကို စုံစမ်းရာမရ လေန်းရေးသော ရကန်မပေါ်ရဟု အမိန့် တော်ကြီး ထုတ်ထားတော့ ရာဇဝတ်တော် ကြောက်ကြသဖြင့် မှတင်မထားဝံ့ကြဖြစ်သည်။ ကိုယ်ကြိုက်ထာ ကိုကျက် သူကြိုက် ထာသူကျက် ဆိုဒါလို တပိုင်းတစရကြသူသာ များပါသည်။ ရွတ် ဆိုချင်သော်လဲ ရွှေနားတော် ကြားမည်ကို ကြောက်ကြရသဖြင့် မလေ့ကျက်ရတော့ ပျောက်သလို ဖြစ်နေပါကြောင်းပါ။

ဘုရင်။ ။ အေးကွယ် မင်းပြောပြဒါ ဟုတ်ပါတယ်။ မင်းရဒါ လောက် ဆိုပြစမ်းပါကွယ်။ တို့ ၂ ယောက်ထဲ အပျင်းပြေပေါ့ မောင်လန်းဥာဏ်သွားပုံကို သိလိုပါတယ်။

အေး။ ။ သူ့ ဥာဏ်သွားပုံက တမျိုး မဟုတ် ထာဝေ ယှောက်စပ်ထာပဲး ရယ်လဲးရယ်စရာပဲး။ နားထောင်ချင်လို့ရှိမင့် အသုံးတော် ခံရပါတော့ ရွှေနားဆင်တော်မူပါမည့်အကြောင်း မှတ်မိသမျှကို ဆိုပြရပါတော့မယ်။

## အိမ်ရှေ့မင်းကြီး သံတော်ဆင့် စာဆိုတော် ဦးလန်း ရတန်မျက်

၁။ ဇေယျတု ဥာဏ်သပ္ပတ်အူ မားမားကြီးထူတော့မည်။ ဇမ္ဗူသပြေ ရေမြေတောတောင် ကုန်အောင်စေ့ငု အစုစု ပန်းပွင့် ခေါင်းစဉ်၍ ဆင့်ရလျှင် ပင်မြင့်သဇင် ဂမုန်းအင်ခွာညို နံ့ချို ချယား စကားအိမ်ဒန်း အနန်းမြင့်ပျပ် ဇလပ်ဖြူ ဇလပ်နီ သရဖီ ကြက်ရုန်း ဂမုန်းနှင်းပွင့် ပင်မင့်ဒေါန သည်သာ ပြတော့မည် ယှိသမျှပန်းစု လူ့အကြိုက်ဆုံး ကုံးဖွဲ့စီမံ ပန်းတံ ပန်းထီး အသီး သီးနှင့် နည်းအ၀၀ မွှေးနှင့်ကြကတည်း မြအခက်မြွှာ ရွက်သန္တာ နှင့် နီလာအဆင်း ပုံမယွင်းဘူး ပင်မင်းလက်ခုပ် သူလှာလျှင် ဆုတ်ကြရော့ အပုတ်တကော့ပဝေး ကတိုးမှပြေးရသည်။ မွှေးနှင့် သမျှ ရောက်ကုန်ကြသော်လည်း လမ်းမှန်ရာကျ ကြိုင်သာစေ။

၂။ ရုဇိတဥာဏ် သည်ရတန်တွင် မှင်တန်ဝေဖား နားတ ဖက်ဖြတ် လုံးရပ်တင့်တယ် မြင်းမတွေအလယ်မှာ ညာဘယ်ကွေ့ ဝိုက် မြင်းသိုးကြီးလိုက်သည့်နှယ် တိုက်ရိုက်ကုန်စင် ဥာဏ်နီဒါန်း ဆင်လိုက်မည် သဘင်ရွှေပွဲးနေတို့။

၃။ အောင်ဇေယျာတည် ရွှေပြည်အမရ ပူရအုပ်ဆောင်း တသောင်းမှန်ပုံ ချက်ချာတွင်။

၄။ သုံးဆယ်ခုနစ်ရပ် သီချင်းတတ်တို့ တတ်မှတ်ထို၍ ဖွဲ့ဆို ပြီမို့ မဒီစတောင်း အကောင်းတွေကောင်းရာမှာ အကောင်း ပမာန သည်လောကတွင် ကောင်းသမျှအကောင်း မိန်းမကောင်း ကောင်းသည့်နှယ် ညာဏ်လောင်းညာဏ်စွက် သောတာရဲ့ ကွက် တည့်အောင် မန်ကျည်းရွက်သတ် စာကွန်ချာစပ်လိုက်မည် ညာဏ် တတ်သူသဘောမှာ ထောင်ကြောငြိမ့်အောင် ရွှင်စိမ့်။

၅။ လောကုပမာ သည်သာခဏာ အင်တန်ရုံ ပြပြီးလျှင် ယုဒ္ဓယနန်း နောင်မြန်းမည့်တော့ မင်းရာမနှင့် မင်းလက္ခဏာတို့ အကြောင်းမှာ။

၆။ ရွှေဂူသခ်မ်း ကျောင်းကူးနန်းက ညာဏ်ဆန်းသည့် သမင် နာနာရုပ် ဆင်ရာတွင် သပြေပင်စခန်းမှာ မြင်းဖမ်းသည့် အဟာန်နှင့် မင်းကျန်ရစ်သား သထုံမှားကို ရွှေမြားတော်နှင့် ခွင်း လိုက်သည်။ လ-ကွင်းလောက် ကျယ်လေရာ၏။

၇။ ကယ်ပါ-ယူပါ ထိုဒဏ်ရာနှင့် နာကျင်သမျှ အကြောင်း စုကို ဟနုမ်ကာ သိလေသော်။

၈။ သွီးတော်မြတ် ဒွေးနော်နတ်နှင့် လက်ထပ်စံစား ပေး ထိမ်းမြားမည်လို့ စကားဤသို့ငင့်၏။

၉။ မဆင်မပြင် ငွေတောင်ခွင်မှာ ရုပ်သွင်ရှုအီ နတ်နှင်းဆီ ငယ် ဏ္ဍရန္တသီ နဂါးမ ကယ်ပါ-ယူပါ တစာစာနှင့် နှစ်ဖြာ ရွှေ သား ငေ-သားများကို ပုံမ်ကားညစ်တော ဆောင်ယူလေ၍ သထုံ ပြည်သို့ ကျသော်။

၁၀။ မင်းများထွတ်ချာ နော်ရထာက ငါစစ်မေးမည်ဟု ရွှေလေးတော်နှင့် ယွယ်ရာတွင်။

၁၁။ သမင်မဟုတ် ကုလားအုပ်မို့ လည်ဂုတ်ကို ထိသော ကြောင့် ၀-ပိသည်တဦးမှာ ခွေးရှူးကိုက်အနာနှင့် ခန္ဓာပြောင်း၍ ဖလောင်းဖြစ်သည်ပင်တည်း။

၁၂။ ပဥ္စာနန်းရှင် ဘုန်းအင်မိုးရှိ တန်ခိုးချိသည် ဇမ္ဗူပတိ မင်းမှာလည်း။

၁၃။ မယားကိုရှောင်း၊ သားကိုရှောင်းနှင့် ပစ်တောင်း ထမ်း ကာ ပလိပ်ရွာတွင် ဗျာဘာညှိုးလျော် နေဝန်းပေါ်လောက်တွင် ကျွန်တော်ပင် တွေ့လိုက်ပါ၏။

၁၄။ ဝံသကုမ္ဘာ လောင်းနန်းလျာမှာ မသာစိတ်နောက် မယ်သီတာပျောက်နှင့်၍ ကသောက်ကရောက် ယိုတုန်းတွင်။

၁၅။ ရိန္နမာ ကြိမ်စကြာနှင့် အာလာယက္ခ ဘီလူးမကို ပေး ရလိမ့်မည် ငပုတ်စည်ကို ချည်၍ နောက်ပြန် ရင်ကို လှန်ပြီးလျှင် အင်မတန် ချဉ်သောကြောင့် ပဥ္စလောဟီ ကြေးစန္ဒီသည် ရင်ဆီမှာ နာလှ၍ သီတာကို အပ်ပါမည်ဆိုသော်။

၁၆။ ကပိုကရို ယဉ်ဟန်တော်ပိုလှသည့် ဟိုသန်လျှင်သူ မယ် နှမ်းဖြူကို ယူမည်ခဏ မကြာရဘူး ကန္ဒေညပင် ကူးတော့မည်။

၁၇။ သမုဒ္ဒရာ မြစ်ရောက်ကို ဘာမျှမထား ငါတကားဟု ဖွား ဘက်တော် ငထွေနှင့် ရွှေကိုယ်တော်ကူလိုက်သည်။ စူးစူးပင် ရောက်လေရာ၏။

၁၈။ မကြောမကြည် လောင်းဘုန်းစည်လည်း ပြည်သန်လျှင်သူ အူနုညံ့ထွား သားတယောက်မိ ရှင်မွေ့နွမ်းယိုသည်ဟု ရောက်ရာ ရောက်မိ နှင်လေသော်။

၁၉။ နတ်ပုဏ္ဏက မြင်းမြီးစမှာ ပါရလေဟန် မတန်မရာ ကိန္နာကြင့်နှန်း မြို့မျောက်နန်းက ကြို့ပင်ခွမှာ ငခယနှင့် ဒုသ သိုးခေါင် ညီနောင်နှစ်ယောက် မယ်ဂမ္ဘီပျောက်နှင့်၍ တော လုံးနောက်မှာ ဟစ်အော်သည်။

၂၀။ တေဇော်တောက်ပ မင်းကုသမှာ ကေလာသခန်း ကြိမ်ပိုက်တန်းများမှာ ယောင်ရမ်းဆို၍ မယ်နွမ်းကိုတွေ့အောင် လို့ နောက်ရှေ့တိုးဝင် တောမှော်ရုံ မြို့ဦးမှာ ဘီလူးကို ဖမ်းမည် လို့ ရွှေကျောက်တန်းဆယ်ပ မောင်။

၂၁။ ပြည်ဘုရင်မှာ ဒွေးနော်ရှင်သီတာကြောင့် မျက်နှာ ချိုချိုနှင့် သုကိုယ်ကိုရမ်း ဂီရိဒသ လက်ာသနင်း သိယ်ိဂ္ဂိမင်းမှာ လည်း ခံတွင်းဆယ်ပေါက် တစ္ဆေတွေချောက်သည့်နှယ် မျောက် တေကိုတွေ့ ရသေ့ရုပ်ဆောင် လုံ့ထောင်၍ အထား မင်းသားကို ထိုးမိသည်။

၂၂။ ကေသာသီရိအသေ ဝေသန္တရာတောထက် ငှက်ကြီး သည့် ကော်ကန သုမန အရိန္ဒမကုမ္မာ အမရ မင်းနန္ဒာ ငမိုးရိတ် မိကျောင်းနှင့် ဇောင်းကလော ကန်ရိုးမှာ ငါးခိုးမဲ့အလာ မင်း ဝဏ္ဏဟံသာမှာ မြင်းဝေလာတကောင်နှင့် မှော်ရုံတော အဝင်က သမင်ကိုဖမ်း။

၂၃။ ယခုကာလ စာဆိုကြသည်မှာ ရာမငွေတောင် ပေါင် မြှောင်ယောယုဇမ္ဗူပတိရှင်မွေ့လိ-ရှင်မွေ့လွန်း ကျွန်းသိလျှင်သူ

စစ်ကူငှက်ကြီး အသီးသီးနှင့် ချိုးမြှောက်ကိုယ်စီ ညာဏ်ပဒိုင်းသီး သီကြကုံးကြ ဆုံးမဆနိုင်ဘု အမရအောင်ဟိတ် မိမိလာ။

၂၄။ လောကလုံးသခင် ဘုရင်တိုင်းကြဝှန်းနန်းကြီးအထွတ် တမွတ်ဆဒ္ဒန် ကောင်းကင်ပျံနှင့် ယာဉ်ပျံရဟတ် လေးကျွန်းပတ် သည် မန္တာတ်မင်းမြေး ဘုန်းမွေးပွင့်လျှံ နန်းညွန့်စံမှာ ညာဏ် ဇာနီသိန် ဂုဏ်ကပိန်က အစိန္တိယာ မကြံသာ မကြံကောင်း အောင် စာပေါင်းသိုက်ပျစ်ထူတွင် သပွတ်အူ ပိုးခင်ပြတ်ကဲ့သို့ ခတ်လိုက်သည့်ညာဏ် ဗဟုမ္ဘိတိ ဇေဂ္ဂံမှာ ဇာတ်ပေါင်းသံ စုံလှ သည့် ကလိမ်ချိုခမ်းလေ။

၂၅။ သုဘကိဏ်အောက်ဘုံတလျှောက်ကို လင်းပျောက်နိုင် အောင် ပြည့်လျှမ်းဆောင်သည် ရေတောင်မောက်ဖြိုး ရွာသည့်မိုး ထက် ထမ်းပိုးလျှင်ကန် အပြန်ပြန်တည့် သည်းထန်လှစွာ ကိလေ သာဟု မဟာမေဃ ဖြိုးဖြိုးကျသလို မိန့်ထပို့ထွက် ကိုးခန်းမြွက် ရွှေခွန်း ပြည့်ညွှန်းအလာ ယှိလျက်ပါကို မာယာအပလီဂမ္ဘိာရဲ့မောင် ရသေ့ယောင်ဖြင့် ဆောင်တင်ရထား သီတာနှင့်မမှားလို့ ဘုရား စူးမကျိန်နိုင် စိတ်ခိုင်ဘို့သမှု ဘယ်လိုပင် နှုသော်လဲ သိယိုင်မြင့် သက်စု ခေါင်းဆယ်ခုမှာ အဥမှ မပါချေသော်။

အေး။ ။ ရှေ့တော့ မေ့နေတယ် တွေးလို့ စဉ်းစားလို့ မရ ဖြစ်နေတယ်။

ဘုရင်။ ။ ရှေ့ ရဒါလောက်တွေးပြီးတော့ ဆိုပါအုန်းကွဲ့။

အေး။ ။ ခက်နေပါပီ သူ့စာအစဉ်တော့မဟုတ်ဖူး။ ရမိဒါ ကိုသာ ဆိုပြရတော့မှာပဲ နှားထောင်နော်။

ဘုရင်။ ။ ထောင်ချင်လို့ မင်းကို တောင်းပန်နေရပါ အာဏာသံတော ထားပါဘိကွယ်။

အေး။ ။ အာဏာသံတော‌ထားခြင်းမဟုတ် ဟိုကျောင်းမှာ နေတုန်းက စိတ်မျိုးလို ဖြစ်နေတော့ လွှတ်ခနဲပြောမိတာပါပဲ။ မရှိသေလို့ မဟုတ်ပါ ရဒါ မှတ်မိဒါကို ဆိုရပြရပါဦးမည်။

၂၆။ ကုန္ဒိတေဇော် ဗားမဲ့ ဆရာတော် နတ်စက်ရောင် အကျော် ဆရာတော်တို့လုပ်နည်း ထမ်းပိုးလုပ်နည်း ယောက်မ လုပ်နည်း အသီးသီး ပဒိုးဆောင်နည်း အချက်ချက် လက်ဖွဲ့ရေး နည်း အရပ်ရပ် မောင်းစွပ်ခါးပတ် ကြောင်ဒါလီပြတ် နဂါးပတ် ကြော့ကွင်း အတန်တန် မယ်ပဘာ ခံနိုင်မည်လား အလံတိုင်ထိုး။

၂၇။ ဂဝံပုံထိုး အကြီးအငယ် လိမ်လည် စောင်းထောင် လည်ထောင်လည်ပြတ် ရပ်ဟန်ထိုင်ဟန် ဝမ္ဗုန်နှင့်နဂါး ဗိတုန်း နှင့်ပင့်ကူကျား ကြောင်-ကျား-ငုံး-ဝက် မျောက် ငှက်-စံလို ဝိဇ္ဇာမိုရ်-ဝိဇ္ဇာရုပ် လည်ဂုတ်တို-လည်ဂုတ်ရှည် ဝိုက်လည်တက် ဆင်း အကွင်းမျိုးအရပ်ရပ် အပ်မြှုပ် စက်မြှုပ် နှုတ်ငုံလျှာပွတ် မန္တာန်မျိုးအဖြာဖြာ မန်းမှုတ်ပါလျှင် သီတာညို့နွဲ့မဲ့ရှဲ့မျောက် မှား နော်ရထာမင်းဖြား လွှစင်ကြာမှာ ခယ်မနှင့်ညားသလို။

၂၈။ ဂါထာပျံ့ ဂါထာလိမ် သန်လျှက်အင်း ဝါကြိတ်လိမ် သကြားတံဆိပ် နွယ်လိမ် သုံးပတ်ခွေ လေးပတ်ခွေ သိမ်ကိုးသိမ် ရွာကိုးရွာ မြောက်မျက်နှာ တဝဂ္ဂမှာ ကောက်ယူသည့်ပန်း နတ်စင်ပန်း ပရိတ်ပန်း သပြေပန်း နေဇာ လမ်းလေးဖြာ လမ်း လေးခွ စဖိုလယ်က ယူကြသည့်ပြာနှင့် မြေ လှေကားသုံးထစ်ခံ

သုဿန်တစမြေ တံစက်ကြောင်းရေ လက်ပြန်ရေ ဆန်ဆေးရေ ပအုံးရေတို့ဖြင့် အထွေထွေလုပ်ကြသည် ဆင်စီးရုပ် မြင်းစီးရုပ် ဥသဘာနွားလားရုပ် ဗီလာပုတ် ဆဲ့နှစ်တန် ခံနိုင်လျှင် ခံကြရော့ သီဘောပြန် ရှင်မွန်လှ နားရှောင်းကျ ဘုရားတယ် ရွှေစာရံ လွန်သပ္ပာယ်ပရိယာယ်ချော်စောင်း ပုဂံက မောင်းလိုက်တော့ ချဉ် ပေါင်ရွက်ဈေးမကောင်းလို့ ခွေပျောင်း နှမ်းပါး တောမိယ မင်း သားမှာ စကားမှ မပြောရှာဘူး။

၂၉။ စမွှာ နဝ ကိုးတန် အင်း ဆန်မျိုး အနေ ကန်စေ ကျောက်စေ မပေါက်စေနှင့် စောက်စေ မတ်စေ မပြုပ်စေနှင့် အင်းနေကို အညီ အိုင်နေကို နဝတက် အရပ်ကို ဟန်အပြီ ခွက်နီ ခွက်နက် မဟာမြိုင် သင်းကနက် ထုံသင်းကြီး ထုံသင်းကလေး အမွှေးပေါင်းဖက်ပြီးလျှင် ရတက်ဆူဝေ ငွေတောင်ပြေကို ပြန်လေ သည့် ဒွေးနော် သားနှစ်ဖော် သုတနု ရွှေဥရွှေပန်း နှီရေဖျန်းလို့ တောင်နန်းကို ပြန်ရာတွင် ညာဏ်ဖြာသည့်ပန်းချီ ပလီပြောင်ရိုက် ဘုန်းကြီးပျံလောင်တိုက်မှာ သိုက်မြိုက်ရေးချယ် နော်ဒွေးမယ်ကို ပျံတယ်ကောင်းကင် စိတ်ကထင်၍ အတောင်လျှင်သုတာပ် ထိပ် အုပ်ကာပ်နှင့် ကိန္နရာနတ် ဖြစ်ရှာလေ။

၃၀။ စက်ဖြင့်ဝင်စေ အနေနှင့်အသင့် ဇက်နှင့်အထွဋ်ကို မတ်မတ်ရေး ဒွေးနှင့်ဇယ ပဥ္စပါရုပ် သတ်နှင့် သရတိ နောမူဇကန် မှန်လှသည်ကွင်းတွင်း ဆင်သွား-မြင်းသွား-ရထားသွား ဗိုလ် သွားသည့်အယောင် ဥဩျာင်မြတ်လေး ဆနသွယ် နွဲ့ကွေး ရေးနည်းသွတ်နည်း အထူးထူး ဆီဗူးခက် ခိုနန်းကြိုး နံပေါ် နဝ

ဗာ လေးကျွန်းဒီပါ ပဒုမာ စကြာရဟတ် ခြသေ့်လည် လှည့်နည်း စည်းဝိုက်ဟန် အဖုံဖုံ ရုဂုံထုံသင်း မော်ရုံတွင်းမှာ အခင်းကုန်ပြ ဂန္ဓမက သမင်လှယောင် အမြီးကိုထောင်ပြီးလျှင် ရှေ့ဆောင်ဖျပ်ဖျပ် တောက်ပဘိုတို အသံချိုနှင့် မြူသလိုကစားမင်းရာမစိန်မြွားက ဒစ်တေကများသနှင့်။

၃၁။ ဦချိုသည့် အခန်းခန်း အမရွှံချိုသည် အဝဝ ဖွဆိုသည် အချားချား ထဆိုသည် အခင်းခင်း ချဉ်းဆိုသည့်ဩောင်း-ဦး သွားဟုံသွားဟ သွားဟက်ယကပ် တိသျှတ္တ-တိသျှတ္တ ပုဂံပြည်ကရှင်ရဲးများ ပြခဲ့သည်။ မာရနဘုမ္မိ တိလောမာလေဇော ဝေါဟာရခင်း၍ ဒီးဒုတ်မင်း ကြောင်ဖြူမင်း ဝက်မင်း-စွယ်-နားပင်းပိတ်သည့်ဝက် မျောက်လေမွေ မျောက်မောင်းမ ပဒ္မငါးပါး စပါးကြီးသည်းခြေ ပင့်ကူနက် ကောင်လုံးသေ သျှိုက္ကတ္တိလာစေ ညာဏ်ကဝေကာဝိ ကာယသိဒ္ဓိ တန်းခိုးယို့ကြောင်း ပြည်တကောင်းက မြစ်ကြောင်းစုန်မျော ညီနောင်ချော မျက်စိကွယ် ဘီးလူးမညာဏ်ချယ်၍ ရောဝယ်ခွေဆင့် ဗူးခါးချောင်း သောင်ပြင်မှာ အခန့်သင့်ဘေဒါနဲ့ ကရေကရာလုယူဆွဲး မဟာသမ္ဘဝ သန်လျှက် စွဲးလျက် ရေခပ်သူအလဲးမှာ တကတဲမကြောက် သန်လျှက်နှင့် ထောက်လို့မို့ ဗူးပေါက်ကိုခဲ့။

၃၂။ စုန်းတောက်သည့် သစ်ဝါး၊ တံစူးဝါး၊ မြင်းပေါင်ဝါး၊ ဖားထဲးက အက်တော၊ သင်းခွေကြပ်၊ လိပ်ကျောက်ဆူး၊ ဖြူဆူးနဲ့ သူရှူးဆံပင်၊ အစိမ်းသေဆံပင်၊ ပလောင်သေ ပလောင်ရှင် လုံ့တင် နဂါးစက်၊ လင‌ကောင်ဖိုးငှက် ပုတ်သင်ပျံ ပိုးဟတ်

ညီနောင်၊ အိမ်မြှောင်မြီးနှစ်ခွ၊ နတ်သတ်ကြောင်လျှာ၊ မြွေဘာ ပဥ္စငါးရပ်အစု၊ ခရုကျောက် ပုဇွန်ကျောက်၊ ကျောက်ယောက် သွား၊ ကျောက်ကွမ်းသီး၊ ကျောက်ဖယောင်း၊ ကျောက်ပွေးလျက် သင်းလိပ်ဆီ၊ ဖားပြုတ်ဆီ၊ လပိုင်ဆီ၊ မြွေဆီ၊ ခွေးနက်မန္တီရည်။ ဖြူနီနံ့သာ၊ စမ္ဗာအကြော်၊ ဆင်စွယ်သော် အနှစ်၊ မျက်ချစ်မျိုး သုံးဆယ်၊ ရွှေမျိုးသုံးဆယ်၊ မိတ္တံဇေဟီ၊ နွယ်ဝင်နွယ်ထွက်၊ တန်း လျက်လမ်းကူး၊ နွယ်ပူးနွယ်ရှင်၊ စက်တွင်မိုးကြိုး၊ ပစ်ချိုးသစ် ပင်သေ၊ မြောက်လေပွေလာခိုက်၊ လွှဉ့်တိုက်ပါသည့် သစ်ရွက်။ အမ်းပတ်မျိုး ခုနစ်ချက်၊ ပဥ္စလက်နည်း၊ နီသျှည်းပြု၊ ဉာဏ်ယှိ လျှင်စုကြတော့။ အမှုမှုအထွေထွေ၊ လင်းယဉ်တိုင်လဲး ခွေလျက်၊ ပင်လယ်အတွင်း၊ ဇနက္ကဆိုတဲ့မင်း၊ ရေကူးရင်းအနေ၊ ကြက်သ ရေအစစ၊ မာယာစုံဖော်ပြလျက်၊ ကောင်းကင်ဝက မေခလာ။

၃၃။ ရေသယ် ကုန်သယ်၊ ဂျောင်းသံ တည်သံ၊ ရှင်းသံဖိုး ဦးသံ၊ မျှော့သံ ခြသံ၊ ပရွက်သံ ချေးထဲးသံ၊ လူထဲးသံ သစ်တဲး သံ၊ ဝါထဲးသံ-ကျောင်းသံ-စရပ်သံ၊ လှေမယ်နသံ၊ နင်သံ ဟယ် သံ၊ ဟုန်းသံ ဟောက်သံ၊ ငေါက်သံ အော်သံ၊ ဒုတ်ထမ်းသံ၊ ယောက္ခမသံ သွက်သံ၊ သိမ်ဝင်သံ ကုညစ်သံ၊ ဓားမသံ ဓား မောက်သံ၊ စူးသံ ဆောက်သံ၊ တူးယွင်းသံ၊ ပေါက်ဆိန်သံ၊ လွှသံ တစည်းသံ၊ လုပ်တိုင်းသံ နက်နက်။ ဘုရားပိန္နဲတိုင်၊ မိုးကြိုးမှန် သည့် သံလည်းတချက်၊ တောနက်တောတွင်း၊ သယံဇာတခပင်း သံမျိုးထွေ လင်းလိုက်သည်၊ မှော်ရုံတွင်း တလျှောက်၊ သီတာ ပျောက်ကို၊ ညီအစ်ကိုနှစ်ယောက်လိုက်ခန်း။ သွင်ဖမ်း ဤနေရာ မင်းပီလိယကျွာသည်၊ ဝါသနာတောကစား၊ ရွှေရောင်တွေများ

လှသော၊ သုဝဏ္ဏမင်းသားကို အထင်မှားတထောက်၊ ဒူလေးနှင့် ချောက်လိုက်သည်။ မြှားစူးလို့ ဖောက်၊ မင်းသုဝဏ် ခွေမှောက်၍၊ ရေကျည်တောက် နှစ်လုံး ပိုးသည်၊ ဇောက်ထိုးကြီးနေ ရှာလေ။

၃၄။ ငှနက် ဟုန်းနက်၊ ကန့်ချပ်နက် သဉ္ဇာနက်၊ ကလနက် တထွေ၊ ကြွေနက်မခြား၊ နက်ဆယ်ပါးတွင်၊ ပယင်းနက် ဣန္ဒနီလာ၊ ဆီမီးတောက်မှာ အဖြူ ကန့်ကူဆန် အနက်၊ ခုနစ်ရက်သွီးက ကြွေသည့်ချက်၊ ကြောင်နဲ့သာ ကြွက်ကတိုး၊ အဆောင်ကျိုးသည့် မားလွှယ်ရိုး၊ လောကီမျိုးအတတ်၊ ကြံစည်၍ မှတ်ကြရော့ ပညတ်နှင့်မာတ်၊ သထုံနတ်ကို၊ လျှောက်ပတ်ပခြုတ်၊ ရွှေကြုတ်သွင်းနှံ့၊ ယူဆောင် ပြန်သော်၊ မင်းကျန် ဥာဏ်စွမ်း၊ ခရီးတာလမ်း၊ လာရချက် ပန်းသော်ကြောင့် စခန်း အတန်တန်ချ၍ ဆောင်။

၃၅။ ယုန်ဂျိ လိပ်မွေး၊ ပဒ္ဓန်သွေး ခွေးလေး တောင်စွန်ဖြူ မားမ ဦးနှောက်၊ မားမောက် သည်းခြေယူ၊ ရှင်လူ ဟူသမျှ အနန္တ၊ ထိုးကြ ကွယ်ကြ၊ အဝဝ အနည်းနည်း၊ နီးသျှည်းသော ချာ၊ ဆရာကို ရှိသော၊ အကျွရာ သေခွေလျှင်၊ ရေမနစ် မီးမလောင် ရန်သူရှောင် တရားအောင်၊ ဆောင်သမျှကောင်း၊ ကုန်ရောင်း စွန်လွှယ်၊ အန္တရာယ်တုန်း၊ ဘုန်းအာနုဘော်၊ ရာကျော်သက်ရှည် စည်းစိမ်တည်၍၊ ရည်တိုင်းမှန် ကြံတိုင်းအောင်၊ ဆောင်သမျှ ကောင်း၊ စိုးမင်းချစ် အများချစ်၊ နတ်ချစ် စုန်းချစ်၊ သူရဿတီ ဇော်ဂနီချစ်၊ အပြစ်မငွေ့၊ ရသွေ့ယှစ်သောင်း၊ ဆရာကောင်း

တို့၏နည်းပေါင်းသော ဖြစ်ချေသည်။ စနစ်ကျကျ၊ ဆေးစာယို ဖော်ပြ၊ ဆေးအမယ် ဟူသမျှ၊ ခုမကြာ ရတဲ့အောင်၊ ရှာပါတဲ့ ဂမ္ဘီ၊ မောင်ကြီးဖြင့်ပြီလှပီ၊ မင်းသီသီ သူကြိုက်အောင်၊ အဖိုး ထိုက် အနုဆေးနှင့်၊ အေးအေးကလေး မြူပမယ်၊ ပူစရနတ္တိ၊ တန်းခိုးယိုအစွမ်း၊ ဟနုမံ ကျောက်တန်းမှာ၊ ဂဏန်းမ သူကပ်၍ လက်မနှင့် ညှပ်ရာတွင်၊ ပစပ်က အလယ်လယ်၊ အော်တဲ့ကုန်ချဲ့၊ ဟနုမံ ခါးနဲ့လို့ သူမဲ့ပုံကြီး။

၃၆။ အနှစ်မပါ အကာသာဆန် သံသရာ ရှည်ကြောင်း နတ်ကောင်းနှင့် ကင်းလပ် သူကောင်းနှင့် ကင်းကွာ ဖြဟ္မာသို့မ တတ် မင်္ဂသို့မခို ဖိုလ်သို့မဆန် နိဗ္ဗာန်သို့မကျ သဗ္ဗာအနက် ဆယ့် ခြောက်ချက်ကို ခွဲးဝက်ခြင်းငှါ မတတ်ရာသည် များစွာအပို ထိုထိုတို့ထက် ဆထက်ထောင်ရာ ထင်ပေါ်လှာသော ဆရာသွား ဂုဏ် မိဘဂုဏ်တို့ကိုသာ ကြည်ယုံမှုနော ယိုစေသောဟု သဘော မှာထား ဆိုခဲ့သည်ဟာများမှာ စိတ်ရွှင်စွာပွားစေဘို့ ရယ်အား သန်ရည်စူး မင်းနန္ဒာ သန်လျှင်ကူးမှာ လေ့မူးလို့ လှိုင်းတောက် အမြီးမြောက် ကျောပေါ်တင် ငမိုးရိပ် မိကျောင်းယဉ်က သူ့ သခင် အကောင်းရောက်အောင် ဝမ်းမြောက်သည့် အဟုံနှင့် နှင်း မှုံမှုံမြိုင်တွင်း ဇီးခံချုံအတွင်းမှာ ပျော်ခင်းတသီး ပဒုမ မင်းသွီး သည် ခရီးဆိုက်တိုက် သူ့လင်ကြီးမယိုခိုက် ပေါင်တို့ကို နှစ်ချိုက် ၍ ပျော်ပိုက်ခါ ကစားလေ။

(ဘုရင်မင်းမြတ်သည် တပိုဒ်တပိုဒ်ဆုံးလျှင် လက်ခုပ်လက်ဝါး တီး၍ များစွာရယ်တော်မူလေသည်။)

ဘုရင်။ ။ ကုန်ဘလားကွဲ့ မောင်အေးရဲ့။

အေး။ ။မှတ်မိဒါတော့ ကုန်ပါပြီ။ တယ်တော့ မှန်လှသည် မဟုတ်ပါ။ ရသလောက် မှတ်မိသလောက်ပဲ ဆိုပြရပါတယ်။

ဘုရင်။ ။ တော်ပေကွယ် မင်းမို့သည်လောက် မှတ်မိဒါချီး မွမ်းပါတယ်။

အေး။ ။ ကိုလန်းစာက ရယ်လဲးရယ်စရာက များတော့ မှတ်လဲး မှတ်မိနိုင်ပေတယ်။ ဖတ်ရဒါက ပျော်လဲးပျော်စရာ ဖြစ်ပေတယ်။

ဘုရင်။ ။ ယခု မင်းဆိုပြသည်ကို နားထောင်ရတော့ မောင်လန်း ရကန်ဖျက်ကပေတဲ့ အတော်ဉာဏ်သွားပေတယ်။ တမျိုးပဲး နားထောင်လို့ ကောင်းပါပေတယ်ကွဲ့။ ခမည်းတော်ဘုရားက ဟန့်တော်မူသည့်အတွက် ဖြတ်ပီးထားရလို့သာ အခွင့်များပြုပါက အဆုံးသာရေးရလျှင် ရွှေတိုက်စိုးရကန်ကို အကြည့်အရှုနဲ့ပီး တော့ မောင်လန်း ရကန်ဖျက်က ပွဲးကျနေမှာပဲးကွဲ့။

အေး။ ။ ဒါမှာတော့ အမှန်ပွဲးကျမှာပါပဲး လောင်လန်းတို့ ဉာဏ်ကလဲး ပျော်ရွှင်သွားအောင် စီကုံးနိုင်ဒါက ဘဝပါရမီ တမျိုးပေပဲး။ တချို့စာဆိုများက ကျေးစေရတု သာရကာစေရတု စသည်ဖြင့် စီကုံးကြသည်။ မောင်လန်းကတော့ အီး-စေရတု စုန်းစေရတု တစ္ဆေစေရတုတဲ့ ဆန်းဆန်း ပြားပြားပဲး ရေးလေ့ ယှိတယ်။

ဘုရင်။ ။ အဲးသည် တစ္ဆေတိုင် စုန်းတိုင် ရတုများကော မကြားရဘူးလားကွဲ့။

အေး။ ။ ရသလောက်တော့ ဆိုပြနိုင်ပါရဲ့ မှတ်သားထားသော ပုရပိုက်ကိုလဲ လိုချင်တဲ့ လူများ ယူသွား၍ ပြန်မရကြောင်းပါ။

ဘုရင်။ ။ အဲဒီ မင်းရတာကိုပင် ဆိုပြစမ်းပါအုန်းကွယ်။

အေး။ ။ခိုင်းတော်မူလို့ ရှိမှင့် ဆိုပြရမှာပေါ့။

## စာဆိုတော်မင်း ဦးလန်းဆို
## ယမမင်းတိုင်ရတု

၁။ ကြောက်စဖွယ်သာ ရဲရုပ်ဝါနှင့် အာဏာတန်းခိုး တက်လျှံမိုးသား ရန်မျိုးပျောက်ပ တေဇထက်ခေါင် ယှစ်ပြည်ထောင်ဝယ် ကြောက်ယှောင်ဝပ်လျှိုး ယောင်ထောင်သိုးနှင့် ပဆိုးစက်ဝါ အနားပါကို ခေါင်းဖွာအလိုက် နံထိကြိုက်မှ ဩဃသံသာ သတ္တဝါတို့ ကြမ္မာအလျောက် သုထံရောက်က မဖောက်ဝံ့ပါဘယ်သူသာဟု မျက်နှာမထောက် ချောက်ခြိမ်းငေါက်၍ နှစ်ဖောက်ထုတ်ချင်း စက်ရှင်သွင်းသည် ခက်ရင်းကြီးရှင် ရွှေနားတင်လော့ မင်းပြင်နတ်တူ ဖြစ်စေမူလည်း အယူနှောက်ယှက် စိတ်မကွက်ဟု ဆိုမြွက်သစ္စာ ဖန်များစွာကို မတ်လျာရန်ကွင်း သွေးပျက်ယွင်းသည် ချက်ချင်းချိန် မကြာသင့်သောဝ်။

၂။ အောက်အပါယ်ရွာ ယှစ်ဘုံသာဝယ် အာဏာထင်ယှားကြီးခွန်အားနှင့် မုတ်နားခွေလိပ် မုတ်ဆိပ်မေးလုံး ပြည့်မျှဖုံး၍ ပန်းကုံးနီရင့် ထောင့်ကျင့်ကြံခိုင် ရန်မျိုးဆိုင်က ယှဉ်ပြိုင်ဘက်နှံ

ဘက်ဝေးလံသည် သယံဇာတ ခက်ရင်းခွကို ဉာဏ စေခွေ့ ရဲမာန်လွှေ့သား မင်သေ့ညီမှိုင်း ပိုင်း၍တဝက် လှမ်းအတက် ဝယ် ပန်းခက်ပြောက်ချယ် ဒူးခွင်ကျယ်နှင့် နှုန်းဆွယ်မမျှ ယမ ကကို ကျွန်မျှမြွက်ဖော် လျှောက်သည်သော်ကား မတော်ကြိမ် ဖန် ကျင့်များလွန်၍ မမှန်သစ္စာ ပေါ်မာယာနှင့် မယ်မှာသား နှယ် ချစ်ကြိုးသွယ်ကို ယှစ်ပြည်လုံးမင်း ဖန်မကြွင်းသည် ခက်ရင်း ရိုးနှမာနှင့်သောဝ်။

၃။ ထောက်မတွယ်တာ မုန်းဖွယ်သာလျှင် မတ်လျာဖုန်းဝေ ချစ်ကြိုးခွေကို လျော့ဖြေမဲ့မှာ သူတို့သာတည့် ထောင်ရာဆယ် ပြန် ကြူးခဲ့လွန်၍ မမှန်လွဲးသွေ ဆန်းခေါင်တေလျှင် နှစ်ထွေ သူက ချစ်သမျှကို ယွင်းခွမတည် ကျင့်လေသည်ကြောင့် ဖုန်းစည် ရာဇ ယမကလျှင် ဆက်သချက်ချင်း ခုလက်ငင်းပင် မကြွင်းအတူ ဖမ်းဆောင်ယူ၍ ရှိန်ပူပါယ်ရှာ ရောက်သောခါမှ စွဲးလှာနောက် နောင် လိုအောင်မကွဲး မြဲးနှောင်မဖီ လူမထီကို ဘယ်ဆီကျင့် သွမ်း ငြိမ်းစေချမ်း၍ စွဲးလမ်းမယ်ဘို့ ပို့လောဆက်ဆက် ဟိုသူ ပျက်မှ ရိုက်နှက်နှိပ်နင်း သံအိုးကင်းသို့ ဆင်း၍ကမ္ဘာ ပတ်လုံး ကြာအောင် စံပါလေစေ ဖုန်းဝေလျှံဝင်း ယမမင်းဟု မာန်တင်း ရဲခက် နှစ်ခွစက်ကို စွဲးလျက်လက်တွင်း နတ်သနင်းသည် ဖက် ကင်းစိန်အချာဖွင့်သောဝ်။

## စာဆိုတော် ဦးလန်းဆို တချွေတိုင်ရတု

၁။ အတွင်းရွှေရောင် ဝင်းဝင်းပြောင်သား နှုန်းဆောင် ဖွေရှာ မရသာသည် နီလာအဆင်း ထန်းစေ့တွင်းဝယ် ရပ်တင်း

စက်လျှောင်း ပျော်မညောင်းတည့် စံအောင်းမညီး ထိုထန်းသီးကို မကြီးစေရ စန္ဒာလတွင် အလင်းထင်မှ ရုပ်ကာယဖြင့် လျှပ်၍ ကိုယ်ကို ဖန်ဆင်းသို၍ ကြီးလိုစေပြန် ကြောင်းမတန်အောင် ဉာဏ်နာနာရုပ် ဖန်ဆင်းချုပ်၍ အုပ်ထုပ်ရွှေစင် စကြာရှင်ကို မြသွင်ရောင်ချော တပ်ငစောဝယ် တင့်မောမည်ရွှန်း ဖက်စိမ်းဝန်း၍ ကြိုင်မွှန်းရသေး ဖြူမွှေးမွှေးကို လေးသစ် သုံးခေါက် နှစ်ပြန်မြောက်၍ မီးတောက်မယှဉ် သုဒ္ဓါစင်နှင့် ဘောဇဉ်ကြိုင်မွှေး ဝအောင်ကျွေးမှ မူရေမကျန် စေထိုက်တန်သည်။ တမန်တကာ့ ခေါင်ချာသောဝ်။

၂။ မလင်းဝေမှောင် မှန်နန်းဆောင်လျှင် ဖာလ်ရောင်နှင့်ကူး ရှစ်ချိုကြူးတွင် ကွန့်မြူးပျော်ရွှင်သံတို့ အင်နှင့်သိမြင်လိမ္မာ စေထိုက်ရာသည် မြန်စွာအသင့် ကျေးခြေဆင့်လော့ စံလွင့်ဘက်လွှတ် လှခေါင်ထွတ်ကို နူးညွှတ်စဖွယ် နှုတ်သံငယ်နှင့် ဖန်ဖွယ်တွတ်တွတ် ဖြတ်ဖြတ်ရောရာ ကြားတိုင်းသာအောင် ရုပ်ဝါကိုယ်တွင်း မင့်အဆင်းကို မမြင်စေရာ ခွင့်မသာ၍ များစွာကြပ်မ ထိန်းယရွှေဘော် ယှိချေသော်လျှင် မတော်သဖြင့် လင့်၍ငံ့သည် နေရမည်တည့် ရိပ်ခြည်ပြင်းပြ မသိရအောင် ကြိုးပမ်းဆောင်လော့ လျှို ပြောင်ဝရွှန်း လှစ်ကျွန်းကြောင့် ပူမွှန်းဗျာလောင် သိမ့်စဉ်အောင်ကို မြိုးနှောင်အမှန် စေတမန်သည်။ မကျန်မချ ဆောင်ပါလော။

၃။ မဝင်းငွေခေါင် စံမျိုးရှောင်၍ ထွန်းပြောင်လျှံဝါပြစ် ပေါင်းကွာသည် ကလျာငါးအင် လှထွတ်တင်ကြောင့် မရှင်ညိုး ပျောင်း သို့သည့်ကြောင်းကို သက်ပေါင်းညွန့်လူ ဖန်တော်မူ

အောင် မဥ္စူဘုန်းဝေ ပန်းမြတေနှင့် ဆက်ခြေတွင်မဲ့ လျှောက်ပြန်ခဲ့လေသော် မန္တ့စသော ငြင်းသံပါမူ ထွေကာနှောက်ရှက် စိတ်ယူကွက်၍ ကြောက်မက်ဖွယ်မူ မပြုသင့်ထိုက် စိတ်လိုလိုက်မှ ပူအိုက်ဝေဆာ ကြွင်းမဲ့ကွာ၍ နောင်မှာ အရေး ငြိမ်းစေအောင် ဆွေးနွေးဆင်ခြင်း ပညာအင်နှင့် နှောင်းမြင်နွဲ့စက် ပြာလဲ့ညက်ကို မပျက်စေမူ တက်ပင်ဟူ၍ မြဲးယူစိတ်တွင် မှတ်စချင်ရှင့် ထဲးအင်စိတ်သန် ကြွင်းမဲ့သွန်သည်။ အလွန်တရ လောင်စာသောင်။

ဘုရင်။ ။ အေးကွယ် ရကန်ဆို ရတုဆို အဲးဆို ၄-ချိုးကြီးဆိုများလဲး နားထောင်ချင်တယ်။ စစ်တုရင်လဲး ကစားချင်တယ်။ နက်ဖြန် မင်းရုံးမထိုင်ရယင် နံနက် တချက်တီး ဝင်ခဲ့ကွယ် နန်းတော်မှာ ထမင်းစား နန်းတော်ဦး စမုတ်ဆောင်မှာ လွတ်လွတ်လပ်လပ် တို့ချည်း ပျော်ပျော်နေကြရအောင် မင်းနဲ့ ငါနဲ့ လဲးနှစ်ကိုယ်ချင်း တိုင်ပန်ရန်ယှိသကွဲ့။ ကိုင်း ပြန်တော့ ငါလဲးအတော်ညောင်းပီ၊ ကိုယ်ဆန့် လက်ဆန့် တရေး အိပ်အုန်းမယ်ပော့။

အေး။ ။ ဖုန်းတော်ကြောင့် အိပ်တော်မူပါမည့် အကြောင်းရွှေဖွားတော်မြတ်အောက် ရှိခိုးသံတော် တင်ဝံ့ပါဘုရား။

ဘုရင်။ ။ မင်းသည်လို မရှုန်းရယင် နေမကောင်းဘူးနော်ရယ်တော်မူ၍ အတွင်းတော်ဝင်လေ၏။

အထက်ပါ ရကန်ဖျက်နှင့် ယမမင်းတိုင် တချွေတိုင် ရတုများကို ၁၂၆၂-ခုနှစ် သစ်စက် သူဌေး ကိုယ်စားလှယ် အဖြစ်နှင့် ပျဉ်းမနားမြို့တွင် နေစဉ်က ဝန်စာရေး ဦးစွယ်တုတ် သစ်တောအုပ် ဦးပန်းဦးတို့ မှတ်ထားသော ပုရပိုက်မှ ကူးယူသော မူဖြစ်၏

## ပျော်ပွဲကျင်းပခြင်း

နောက်တနေ့နံနက် တချက်တီးအချိန် နန်းဦးပြာသဒ်တော်ကြီး၏ တောင်စမုတ်ဆောင် အတွင်း သံတော်ဆင့် သံတော်ခံနားခံတော် စာဆိုတော်၊ စာတော်ဖတ်၊ စာရေးတော်ကြီးများ ဝန်းရံခစားလျက် ယှိုကြလေ၏။ ဘုရင်မင်းမြတ်က အပြစ်မယှိ ချမ်းသာစွာ ပျော်ပျော်ပါးပါး မကြောက်မရွံ့ နေကြစေဟု မိန့်တော်မူလေ၏။

ဤကဲ့သို့ စာပွဲသဘင် ခင်းကျင်းပျော်ပါးရသည်ကို ဘုရင်မင်းမြတ် များစွာဝမ်းမြောက်တော်မူခြင်း ဖြစ်လေသည်။

အတွင်းတော်က ပွဲတော်အုပ် အချိုအချဉ်အုပ်များ ရောက်လှာ၍ သံတော်ဆင့် အသုံးစာရေးက ဆိုင်ရာဆိုင်ရာ ခင်းကျင်းကျွေးမွေးရလေသည်။

ဘုရင်။ ။ မောင်အေး သက္ကရာဇ် ၁၁၆၃-ခု၊ တပေါင်းလပြည့်ကျော် ၃-ရက်နေ့ ဖိုးတော်ဘုရားကြီး မင်းကွန်းနန်းတော်နိုက် စံနေတော်မူကြိုက်အခါ ရွှာဝေးသူကြီး ဗလနန်ဘူဆက်သောမားစကြာရတုကို နားထောင်လိုသည်။

မိန့်တော်မူချက်အရ ဦးအေးက နေမျိုးကျော်သူ နာခံတော်ကို ညွှန်းလေ၏။

## နာခံတော်ဆို ရတု

၁။ တက်ထွန်းလျှံခြည် ထိန်ထိန်လည်လျက် ငွေရည်ရွှန်းစိမ့် အေးရောင်ငြိမ့်သို့ ကျော်သိမ့်ရိုက်ကြူး သပြေဦးဝယ် ရာဘူးပွင့်

ငုံ ကြာနှယ်ရုံ၍. လက်စုံတင်ထွတ် ရှိတိုင်းညွှတ်သား တမွတ်ထွန်း ထိန် ထိုခါချိန်ဝယ် ဝရဇိန် ရောင်ခြည် ဝင်းဝင်း လည်သား ငါးမည်ရောင်ထွက် ရွှေသံလျက်ကို စဉ်ဆက်စောင့်ဆောင် သို့စင် အောင်လျှင် တောတောင်ရုံပတ် လောကဓာတ်ဝယ် လေးမြတ် ရှုစား နတ်နဂါးတို့ ဝှက်ထားသိမြော် သကြားတော်သည် မား တော် ရွှေစကြာဘုရား။

၂။ ဘက်ကျွန်းစံသည် ရုံဝန်းလည်သား ငါးမည်ရာဆင့် ကမုတ်ပွင့်သို့ ကျွန်းနှင့်တောတောင် မြိုးမှောင်သည် ညာခေါင် သမြေ လက်ျာမြေဝယ် ရာဇကေရာဇ် ရွှေသင်းကျစ်ဟု ကသစ် သဘင် ကောင်းခြီးယင်၍. သီလဝင်ပျံ့ သယံဇာတိ ပြောင်ရွှန်း ညီသား ပါဠိအလို မြန်မာဆိုမူ ကျောက်ညိုမြရောင် ထင်ရသည်ဟု ကြောင်းတည်းသုံးထွေ ညီညွှတ်စေလျက် မိုးနေ နတ်မင်း သဏ္ဍာ နှင်းသား ငါးစင်းထွန်းပေါ် သန်လျက်တော်သည်။ ကြားကျော် မြေမျက်နှာဘုရား။

၃။ စက်ဝန်းရုံလည် ကျွန်းတည်တည်ကို လည်မည်တမွတ် မင်းတို့ဝတ်ဖြင့် ထိပ်ထွတ်ပန်ဆင် ဖြဟ္မာရင်သား အောင်မင်္ဂလာ ဘိသေကာကြောင့် ဇေယျာ ရံကွန်. ဝိဂန် ညွှန့်ထက် လဝန်း သဘွယ် မောက်ဖြိုးကယ်သား နန်းနှယ်တော်ဆင့် ပွားတိုးမြင့်၍. ပွင့်အံ့ဘုရား လေးပါးမျက်နှာ ပြည်ထဲသာလျက် ရတနာရောင် ပြောင်တရှူးရှူး ရွှေနန်းဦးဝယ် ရာကြူးမြင့်ရှည် ဟိုပသည်ဟု ဇာနည်မိုးခေါင် ပျံ့မျိုးပြောင်သည် ပြည်ထောင်ခွန်ဆွတ် ဆက် လှာညွှတ်သား သည်းပွတ်ရတနာ မျိုးကညာမူ သူဇာနှင့်လျော် ရှုတိုင်းပျော်သည်။ များဘော်ရွှေလက်ျာဘုရား။

ဘုရင်။ ။ကောင်းပေတွယ် မောင်အေး စကားအချိုးအတွဲ ကရိယာယ်အသုံးအစွဲ အစပ်ကာရန် ထားပုံကောင်းပေတယ်ကွဲ့။

အေး။ ။ စကား အသုံးအနှုန်းကတော့ အလွန်ပဲ ပြေပြောင်းပါပေတယ်။ ဒါကြောင့် နဝဒေးဘွဲ့ထူးကြီး ချီးမြှင့်ခြင်းကို ခံရပေတာပေါ့လေ။

ဘုရင်။ ။ နို့ နေပါအုန်း မောင်အေး ဖိုးတော်ဘုရားကြီးနန်းစံ ၂၆ နှစ်တွင် တေရသ မိမာသ်ပွါးဆဲး သုဒ္ဓိ ၇၃ တန်းခူးလပြည့်ကျော် ၄ ရက်နေ့ ရှင်ဖြူဘုရား ထီးတော်တင်တော်မူသည့်သဘင်တော်တွင် အကျွန်းကျွန်းအပြည်ပြည်ထောင်က မင်းသွီးတို့ကောင်းခြီးမင်္ဂလာလျှောက်ရတု သံတော်ဆင့် နဝဒေးဆက်ရတုကို နားထောင်လိုသည် မောင်အေး။

ဦးအေးက နေမျိုးသခ်ယာ သံတော်ခံကို ညွှန်လေ၏။

## သံတော်ခံဆို ရတု

၁။ လင်းစည့်လျှံခြည် ထွန်းလျက်လည်သား ခုနစ်မည်ဆင့်ရွှေမြေမြင့်၌ ရေနှင့်တောင်ချိန် ဝင်းထိန်ထိန်သည် နတ်သိန္ဓေရမြေပဏ္ဍုက သုံးလုမှန်ကူ လသန္တျတွင် ဇမ္ဗူသက်တ် စက်ရှင်ပတ်သည် နဝရတ်ရည် ဝင်းဝင်းကြည်မျှ ဇာနည် ပေါက်လူးမျော်ခဲ့ဘူးသည် ဆိပ်ဦးသဘင် ခုံပလ္လင်ထက် ဘုံပြင်ဆယ်ရပ် ရှိုတိုင်းလျှပ်သား နှိုင်းအပ်မမြော် ပုထိုးတော်ကို မိုးပေါ်လှစ်ပွင့် ရွှေထီးမြင့်က ဆင့်ဆင့်နတ်လူ ဇမ္ဗူမြေရေ ရေနေငါးရာ မင်းတ

တာမှ ကညာသွီး ယဉ်ကြီးဖြူလွ ဆက်သရောက်မည် ရှုးစူးရည် လျက် အပြည်ပြည်ထောင် ညာခေါင်နန်းထွတ် မိသည်းပွတ်တို့ လွှမ်းဆွတ်တမြော် မိန့်သည်သော်ကား ပွဲတော်ခါ လှိုင်းသာတင့် နှိုင်း၍ စစ်ကိုင်း ပွင့်လျှာ မင်းမြတ်စွာသည် စကြာနေခြည် ရှည့်လိမ့်မည်။

၂။ ဝင်းမှည့်စံရည် ဘန်မှန်ခြည်တိ ရံလည်ခြယ်တန့် နတ် နှယ်သန့်သား နန်းနန်းမြူတော လှငြိမ်းခြေတို့ နှုတ်ရွှေသီရိ တင် သိဒ္ဓိဖြင့် မရှိဘက်ပြိုင် စက်ခရိုင်ဟု ရှက်ဆိုင်ကုရှေ့ သိန်းရပ်နေသူ တိုးမှတ်မူသည် ရှင်ဖြူသမိုက် ရှင်တော်ရိုက်ကို မကိုက်သဘင် ပွဲ ကြီးယင်သား သို့စင်ဘန်ပြု မင်းရတုဝယ် မရှုလှည့်ရ ကြားသည် ပထက် ဆယ်ဆပြန်ထက် မည်မရှက်တိ နေ့နက်ဘန်ခါ စောန်လာ သား စကြာရွှေပွင့် တည်ဦးဆင့်၍ ဘူးခွင့်နေ့တိုင်း လင့်မြော် နှိုင်းစွ မှိုင်းမှိုင်းညိုမှောင် မြင်ထင်တောင်လည်း မိုးခေါင်တိတိ ရွှန်းရွှန်းညိုလျက် တောင်တိမြိုင်စည် ရဂုံသည်လည်း လေပြည် လွှင့်သစ် တွန့်သေးမြစ်နှင့် သရစ်ပျံ့ရွှင်း သာပွင့်လင်းသား ရွှေ မင်းကွန်းညာ သို့ချိန်ခါသည် ရွှက်ဝါရွှေရည် မှည့်လိမ့်မည်။

၃။ မင်းစည့်ကြံစည် လွန်မြတ်သည်ကား လေးမည်သိန္ဓု မြေပံသုနှင့် မေရုတောင်ဦး စိုးဆောင်မှူး၍ ဟူးဟူးဝှန့်ဝေ ရွှေ မိုးစွေသား ကြက်သရေဆင့် နွယ်လာသင့်ဖြင့် အခွင့်ရစွာ ထိုအခါ ဝယ် ရဇာဂဇိန် ထွန်းထိန်ပျံသွန့် တိမ်ဦးကွန့်သို့ ကျွန်းကျွန့် သခင် ရွှေစက်တင်၍ ဗိုလ်ဝင်သပြေ စံစံနေသား အောင်မြေရန် လှန့် ပလ္လင်ပြန့်ထက် ဆက်ဒန့်အစစ် မင်းဖြစ်ကြီးမြတ် မနွှာတ်တို့

သာ ကိုးကွယ်ရာဟု မင်္ဂလာပြု ရတုနန်းဘုံ ရွှေရိပ်မြုံမှ တက်ရုံ ရုံရစ် ယဉ်လျှံမြစ်ကို ဖွင့်လှစ်နဂါး သကြားရိပ်ဖြူ ဆောင်ယူပေ တိ မိုးလုံးညိမ္မျ မုနိစူဠာ စွယ်လက်ျာကို ဣန္ဒာသဘင် ရွှေထီးတင် လည်း သည်လျှင်သည်မြတ် မလွန်တတ်လိမ့် ရုံပတ်ညွတ်ခ ရွှေ တော်မှလည်း ဦးချသောဟန် တုံ့ခွဲဆန်၍ ယဉ်ပြန်ရှုက်ကာ မြသီတာသည်။ လက်ျာခွေ လည်လှည့်လိမ့်မည်။

ဘုရင်။ ။ အင်း-လက်ဘဘက်ကဖြင့် နဝဒေးတို့တယ်ဉာဏ် သွားပါပေတယ်။ အချီးအဝှဲ့းက အလွန်ပဲကောင်းပါပေတယ် မောင်အေး။

အေး။ ။ အချီးအဝှဲ့ကောင်းဆို ဘယ်ပြောစရာ ယှိမလဲ။ ရှင်ဘုရင်က အချီးအဝှဲ့အမြှောက်အပင့်မပါလျှင် ရွှေဖောတော် ကျမည်မဟုတ်တော့ မင်းကြိုက်ကို လိုက်၍ အားကြီးကြီး ချီးချီး ဝှဲ့ဝှဲ့ ရေးသားဆက်သရပေတယ်။ အပင့်အမြှောက် အချီးအပ မပါလျှင် မင်းချီးမြှောက်ခြင်းကို ခံရမည်မဟုတ်တော့ အကျိုးယှိ အောင် ဉာဏ်ထုတ်ရပေမှာပဲ။

ဘုရင်။ ။ မောင်အေး-မင်းပြောလျှင် စောင်းစောင်းချိတ် ချိတ်ကတော့ ပါလေသည်ချည်းပဲနော်။

အေး။ ။ မချိတ်မစောင်းဝံ့ပါ။ အမြှောက် မကြိုက်သော သူကား ဘုရားနှင့် ရဟန္တာ အသျှင်တို့သာ ယှိပါကြောင်းကို ဘုရင်မင်းမြတ်သိတော်မူပါလိမ့်မည် ထင်ကြောင်းပါ။

ဘုရင်။ ။ တော်ပါကွယ် ခမည်းတော်ဘုရားသို့ မောင်လန်း ဆက်သွင်းသော ဆေးဖော်နည်း ဒုန်းချင်းများကို နားထောင် ချင်ရန် မည်သူများ ရကြပါသလဲ။

သံတော်ဆင့် နေမျိုးကျော်ခေါင်က ရကြောင်း လျှောက်ထားလေ၏။ ဤအခါ ဦးအေးက လျှောက်စေဟု ဆိုလိုက်ရာ ဘုရင်မင်းမြတ်က ပြုံးတော်မူလေ၏။

## စာဆိုတော် ဦးလန်းဆို
## ဆင်သမနွယ် လေဆေးလျက်ဆား ဖော်နည်း
## ရှန်းချင်း

၁။ ဟေမဝန္တာမှာ သူပျော်ပါး နဂါးမင်းကြီးပေါက်ဖော်ပေ။ အရွက်စိမ်းနှင့် အရိုးသွယ် ဆင်သမနွယ် ခေါ်ဝေါ်ကြ။ ရှင်းဆိုသမျှ ထိုဆေးဟာကို တုံးပေါ်တင်ကာ လွှာလွှာရိတ်လို့ တပီသေနေ-တပီသာ ပုန်းရည်ချဉ်စွာ တမြူသားနှင့်ဆားသုံးဆယ်မှာ အပေါ်ဖြူး နူးအောင်ပြုတ်လေ။ အသို့ပြီးမှ ပူတဲ့နေမှာ အသွေ့မွေ၍ အခြောက်လှမ်း ယောသည် တခန်းဆေးရွှေစင်ကို အမှုန့်လွင်လွင် ညက်စွာကြိတ် ဘယ်ဣတ္ထိယ ပုရိသ မြင်း-နွား-ကျွဲက မလွတ်ရ ဥဒ္ဓံယာဝ-အာဓောလေ လက်သုံးချောင်းမွှေ ယူကာလျှက် လေမင်းပြက်ပြက် အောက်သို့ပါ လေတကာ မွှေထုတ်တယ် ဝေဒနာသွေဆုတ်တယ် မီးမှုတ်သို့မကြွင်း။ လေကိစ္စမှန် ဘယ်ဥဒ္ဓံ ပူရှိန်လို့ မီးရပ်ပိန်စိုရမယ်။ တတ္တသိုလ်တပြည်လုံးမှာ သုံးနေကြဆေးမင်း။

ဘုရင်မင်းမြတ်က ရယ်တော်မူလေသည်။ ဦးအေးက ရွှေဖောတော် ကျတော်မူဟန်ယိုတယ်။ ထပ်၍ လျှောက်စေ။

## သံတော်ဆင့်ဦးလန်းဆို ဆီးရှုပ်သည့်
## ခရဲ့သီးဆေး ခုန်းချင်း

၂။ ပါရပ်ချောင်မှာ အရောင်ကြူတ်သည့် ပြေုတ်မင်းကြီး တိုင်းဝင်ပေ။ အရွက်ကြားနှင့် ပျားလိုချို ခရဲဆိုသည့် ထိုသစ်သီးကို မားနှင့် လှီးလို့ ထန်းလျက်သိပ် တဆိတ်စေန တဆိတ်စာ မဖိတ်စေရာ ပုံစပါး ထားမြှုပ်ပါလေ။ အနှီပြီးမှ ပူသည့်နေရာမှာ လှိုက်ဆူဝေလို့ စီစီတန်းချည့် ယောသည်တခန်း ဆေးရွှေလျှံကို တခွန်မှုန်မှုန် နှစ်ပြန်သောက် ဆီးဝမ်းပေါက်လို့ ကျင်ငယ်စု ခုရုတ်တရက် ရှင်ရှင်ဆင်းလိမ့် ရှူးရှူးသံချင်း မစဲညံ ဂွတ္တိဝင်ပုလ်းဘာဝ နပုလ်းသက ချန်မထားနှင့် မင်းနားစိုးထံ နေသူတို့နှင့် ဝန်ပို့လှေထိုး ပခုံးထမ်း ခေါင်းရွက်တခန်း နေပူခံ အသော့လျှံလျှံ မြန်မြန်ပေးဘိ ကျောင်းစာရေးနှင့် အလွန်သင့် ဗိန်းနာရင့်တဲ့ ကာလသား ခြောက်သွေ့ ပါတဲ့ကညာမယ် နို့စို့သူငယ် ဘယ်မရွေးနှင့် အထနွေးလို့ မပြေးခင် ရေဟောင်း ရှင်ရှင်ထွက်တဲ့ ဆေးမင်း။ လေခြေကျိုးနှင့် ဒေါ်ဘိုးအို မသုံးစေလိုချန်လို့ လွှတ်ဘိ။ ချောင်းကလွှတ် တတွတ်မတန့် စီးသွယ်ကျလျှံ တယ်လေ။ ဆေးမြနားပန် အဝတ်လှန်နွေးရင်လ သူစိုလျှင် ဆွေးတတ်တဲ့ ရွှေသေးတော်ရည်။ ဖြူပြာသွယ်ဝင်းငယ်တို့ လူလွယ်ရာရှင်းကြပ ဆင်းလိမ့်ရှည်ရှည်။

> (အမှာ) ရွှေးက ခရဲ့သီးခေါ်ကြသည်။ ၎င်းဝေါဟာရသည် အညာရပ်မှာ အသုံးများသည်။ အကြေအရပ်မှာ ဖရဲ့သီးဟု အခေါ်များကြသည်။

တခွက်မှန်မှန် နှစ်ပြန်သောက် ဆိုသည်ကား နံနက်တခွက် ညတခွက် ဆိုလိုသည်။

× × × ×

ဤကဲ့သို့ လျှောက်၍ ဒုန်းချင်းအဆုံးမှာ ဘုရင်မင်းမြတ်များစွာ ရယ်တော်မူလေသည်။

တရားသူကြီး ဦးအေးက မီးယပ်ဆေးဒုန်းချင်းကို လျှောက်ရန် ပြောသည်နှင့် လျှောက်ဆိုပြန်သည်။

၃။ ရွှားဇောင်သညာ များစွာထပ် လက်ပပ်မှန်မှ ယူကြလေ။ ကာကိုပစ်၍ နှစ်ကိုချန် ပိဿာမှန်မှန် ချိန်ယူထည့်။ ရွှေမန်ကျည်းမှည့် စေ့ခွံသင် ငါးဆယ်ချိန်ခွင် ဒေါ်လီဖက်တော့ ထန်းဘိုထန်းလျက် သုံးဆယ်ဖျော် အိုးသစ်ပေါ်မှာ အန္တာဖုံး စမုံငါးတွေ ပေါ်ကဖြူး နူးနူးနပ်နပ် ရှိအောင်မွှေ ကြောင်ဘားမြီးရှေ မဖော်ယက်အောင် စပါးထိုက်နက် ကျိုကျယ်စွာမှာ ရက်ခုနစ်ခါ လည်အောင်မြှုပ် သွေးပုပ်လေပုပ် ငြိမ်းလေအောင် တနေ့သုံးကြိမ် ယူခါစားမှ ထွားညှိသည် ရွှေကိုယ် ရွှန်းလဲ့လဲ့စို။ အဒေါ်အို ပရေတွန့်တယ် ထွားဖွံ့ဖွံ့တုတ်ခဲ။ မျက်ဝတ်တွေသူ အပူကိုနိုင်လှတယ်။ ဦးသာခိုင် ငယ်စဉ်တုံး သုံးနေကျလက်စွဲ။

ဘုရင်မင်းမြတ်က များစွာ ရယ်တော်မူလျက် အကျိုးအကြောင်း မိန့်တော်မူပြီးနောက် အရာယှိအမှုထမ်းတို့ကို ပြောပြသည်မှာ ဤတောင်စမုတ်ဆောင်နိုက် အပျော်စားပွဲးကျင်းပကြသည်ကား ငါသည် ရှင်ဘုရင်မဟုတ် မင်းမာတို့သည် အမှုထမ်းအရာထမ်းမဟုတ် မိတ်ဆွေချစ်ကျွမ်းဝင်သူများ တွေ့ဆုံကြရဘိသကဲ့သို့ ထင်မှတ်ကြရမည်။ မိမိတို့ စိတ်သဘောယှိ ပြောနိုင်ဆိုနိုင်

စားနိုင် သောက်နိုင် နေနိုင်ထိုင်နိုင်ကြသည်။ ရာဇပြစ် လွတ်ကင်းခွင့်ရသောအခါ ဖြစ်သည်။ ကိုယ်စိတ်ချမ်းသာအောင် နေကြရမည်ဟု မိန့်တော်မူလေ၏။

နောက်-စာဆိုတော်မင်း စာတော်ဖတ်မင်း သံတော်ဆင့် သံတော်ခံ နားခံတော် စာရေးတော်ကြီး စသော အမှုထမ်းတို့ကို ငွေတော်တပိတ်သာ ဝတ်စုံ အချို့ရွှာစား အချို့ပယ်စား ပေးသနားတော်မူသည်ကို ခံကြရသည်။

ဤဖော်ပြသော ဒုန်းချင်းများကို မန္တလေးစာဆိုတော်မင်း ဦးကွန်းစင်ထံမှ ရသည်။

## ဘုရင်မင်းမြတ်နှင့် တရားသူကြီးဦးအေး စစ်တုရင်တစားခြင်း

စာပွဲသဘင် သိမ်းကြစို့ စစ်တုရင် ကျင်းပခြင်း အခမ်းအနားကို ဆိုင်ရာဆိုင်ရာတွဲ၍ ကစားကြလေ။ မောင်အေးတော့ ငါနဲ့တွဲရမယ်ကွဲ့၊ မင်းက နူးညံ့သော တရားမ တရားသူကြီးဖြစ်တော့ စစ်တက်စစ်ဆင်း ခွေပုံ ကော်ပုံ ကပ်ပုံ ဆုတ်ပုံများကို နားလည်မည်မထင်ဘူး။ ငါက သင်ပြပြီး ပေးရမှာပဲကွဲ့။

အေး။ ။ ရှင်ဘုရင်က ငအေးကို လူညံ့ ထင်နေသလား။ စစ်ခင်းတော့ ငအေးအကြောင်း သိလိမ့်။

ဘုရင်။ ။မောင်အေး ငါ့ကို မင်း စကားသာနိုင်မယ်။ စစ်တုရင်တော့ မင်းနိုင်လိမ့်မယ် ထင်သလားကွဲ့။

အေး။ ။တိုက်တော့ သိရောပေါ့လေ။

ဘုရင်။ ။ ဒါဖြင့် မင်းနဲ့ငါ စစ်ကစားချင်ယင် စာဆိုအုန်း။ မင်းစာကို ကြားရမှ စစ်ခုံခင်းပီး ကျင်းပမယ်ကွဲ့။

အေး။ ။ အောင်မယ် ကြီးကျယ်လိုက်လေ။ စစ်တုရင်ကစားမှာတောင် စာဆိုလျှောက်ရတဲ့ အမိန့်တော်ပေကို ရွှေနားတော်ဆင်တော်မူပါမည့်အကြောင်း။

ငအေးနဲ့ရှင်ဘုရင် စမုတ်အဆောင်အတွင်း ခင်း
မည့်စစ်အင် ရှင်ဘုရင် ကံတမျိုးဟာမို့ စစ်တိုး
မတော့ ဖုန်းယိုလျှင် မထင်နှင့် မနိုင်ဘူး။ ဉာဏ်
စီစွေးပါတဲ့ ငအေး လူနုံ ထင်လှ ဗိုလ်ပြင်တွင်
စိတ်ကို နှိုးပါတော့ ထိုးစို့နှစ်ဦး။

သူများလို ငအေးတို့က ပုရပိုက် ကန့်ကူမဆောင် ပစပ်ဆိုဆိုရေးလိုက်ရဒါပဲ။ မှတ်လိုမှတ်ကြတော့ဟူ၍....

ဘုရင်။ ။ တော်ပါကွယ် ရှည်မနေပါနဲ့ မင်းစာက ရှင်ဘုရင်ဖြစ်တဲ့ ကံကတမျိုးဆိုဒါ ဟုတ်ပေတယ်။ ရှင်ဘုရင်ဖြစ်တဲ့ ဖုန်းတော် ယိုပြားသော်လဲ စစ်ကစားတဲ့ နေရာမှာ ဖုန်းကံနှင့် မဆိုင် အကြံအစည် ဉာဏ်ပညာသာလျှင် ပဋ္ဌာနဆိုဒါ မှန်ပေတယ်ဟု ရယ်တော်မူ၍ ပြောလေ၏။

အေး။ ။ ကစားတဲ့နေရာမှာ ဖုန်းကံနှင့်မဆိုင် အကြံဉာဏ်သာ ဆိုင်သည်ကို ရှင်ဘုရင်သိယင် တော်ပီ။

ဘုရင်။ ။ အေးပါကွယ် သိပါပြီ။ ကဲ- စစ်ဆင်ပေတော့ကွယ်။

အေး။ ။ အော်-ဆင်ပေါက်မြင်းအုပ် ဆင်ထားပါကလား။ ဒါဖြင့် ရှင်ဘုရင်စစ်က မင်းကြီး ဒီအကွက်မှာ ပိတ်မိလိမ့်မယ်။ ကြည့်သာထိုးပါတော့ ရွှေနန်းရှင်ဘုရား။

ဘုရင်။ ။ ဒီအပြောမျိုးတွေနဲ့ ငါ့ကို ဖမ်းနေဒါပဲနော်။

အေး။ ။ ဟင်မြင်းနဲ့ စစ်ကဲးလဲးမလို့လား။ ဟော-ဒီမှာ ရှင်ဘုရင် ဆင်နဲ့ ရထားမင်းကြီး ကြပ်နေပီ၊ ကြည့်တတ်- ကြည့်တတ်နော် အော်-ဒီလိုလား။ ကိုင်း-မင်းကြီးနဲ့ရထား ဘယ်ပြေးမလဲ။ မြင်းနဲ့ ခွေလိုက်မယ်။ ခွေစမ်း။ အော်-မင်းကြီး နောက်ကိုဆုတ်သလား။ ကိုင်း-ရထားကို မြင်းကန်လိုက်ပီ။ မင်းကြီး မြင်းနားကပ်မလား။ ရထားလမ်းကျနေတယ်။ မြင်းစားကျက်အတွင်း ကျနေတယ်။ မြင်းကြီး ဘယ်ရွှေ့မလဲ။ ထုတ်စမ်းပါ ရှင်ဘုရင်ဉာဏ်။

ဘုရင်။ ။ မောင်အေး ငါက တယ်မတတ်လှဘူးလို့ ထင်တယ်။ ခုတော့ မင်းက စစ်ကွက် တယ်ကောင်းပါပေ။ ငါက အရှုံးပေးပီဟေ့။

အေး။ ။ ရှင်ဘုရင်မို့သာ ကျောင်းသား သူငယ်ချင်းပြောပြောရယင် ကြောက်ပလားဟု မေးရမှာပဲနော်။

ဘုရင်။ ။ သည်နေရာ ရှင်ဘုရင်မယို့ စောစောက ငါပြောထားတယ်။ အခု ၂ ချက်တီးကျော်ဘလားဟေ့။

သံတော်ဆင့်။ ။ ၂ ချက်တီးက ကျော်ပါဘုရား။

ဘုရင်။ ။ မောင်မင်းတို့ သွားလိုရာ သွားကြပေတော့ ညီလာခံ အပျော်နှိုး စဲပီကွယ်တို့။

အမိန့်တော်အတိုင်း အမှုထမ်းတို့ စမုတ်ဆောင်မှ ဆင်းပြန်သွားကြလေ၏။

အတွင်းရေးတိုင်ပင်ခြင်း

ဘုရင်။ ။ မောင်အေး ယနေ့ ငါနေရဒါ တယ်ပီးတော့ ပျော်ပေတယ်ကွယ့်။

အေး။ ။ ဒီလိုပေါ့လေ။ လောကမှာ ဘယ်သူမဆို ပျော်တဲ့အခါပျော် မော်တဲ့အခါမော် တော်တဲ့အခါတော် ချော်တဲ့အခါလဲချော် ကျော်တဲ့အခါကျော် ပေါ်တဲ့အခါပေါ် အဲဒါ လောကဓံတရားအတိုင်းပဲ။ ဆိုင်တဲ့နေရာကိုသာ သွင်း၍ အဓိပ္ပာယ်ယူပေရော့။

ဘုရင်။ ။ မင်းပြောဒါ ဟုတ်ပါပေတယ်။ ဟုတ်ပင် ဟုတ်ငြားသော်လဲ ယခုလောကမှာ မင်းမင်း ဖုန်းကြီး ဖုန်းကြီး လူလူ ဦးဖြူ ဦးနက် ယောကျ်ား-မိန်းမ ဒီလောကဓံတရားသဒ္ဒါရတရားကို မသိကြသည့်အတွက် အမှားမှားအယွင်းယွင်း ပြုလုပ်ကြတော့ စီးပွားဉစ္စာ ဆုတ်ယုတ်ရောဂါထူပြောပီး အသက်တိုကြဒါပေါ့ မောင်အေး။

အေး။ ။ မှန်ပါတယ်။ ဝိပ္ပတ္တိစက်ဆိုဒါက ဆုတ်ယုတ်တဲ့စက်ဖြစ်တော့ တလောကလုံး ဆုတ်ယုတ်ဖို့ချည်းပဲ အင်း-တရံတခါ သို့လိုသံဝေဂဖြစ်ရဒါ အတိုင်းမသိ အဖိုးတန်ပါပေတယ်။ သို့သော် ပြောရင်းဆိုရင်း သတိပေါ်လာပြန်တယ်။ ဖြတ်၍ပြောရအုန်းတော့။

ဘုရင်။ ။ ဘာများ သတိ ပေါ်လာပြန်သလဲးကွဲ့။ ပြော စမ်းပါ။

အေး။ ။ တခြားအကြောင်းတော့ မဟုတ်ပါ။ တွင်းသင်း ဝန်ကြီး ဦးညိုစီရင်သော ဇနကပျို့နှိုက် လုံးရင်းခိုင်ကျည် အစ ချီသော ပုဒ်တွင် (ကစားမြူးရွှင် စစ်တုရင်ငယ် အလျင်ရွေ့ပြေး နယ်ချင်းထွေးက မန္တလေးထက်ကြပ် ရထားကပ်လျက် ဆင်တပ် မြင်းတပ် အထပ်ထပ်နှင့် အအပ်မခံ အရံမင်းပြေ ပိုက်တွင်းခွေ၍ မင်းသေသောနယ်) ဟူ၍ စပ်ဆိုရာမှာ (မန္တလေးထက်ကြပ်) ဟု န-ငယ်တဝမ်းပူ ဒွေးတော်ပြုလုပ်ထားသည်ကို အချို့မူတို့ တွင်များစွာ တွေ့ရပါသည်။ ယင်းသည့် (မန္တလေးထက်ကြပ်) အဓိပ္ပာယ်ကျဲစည်၍ မရ ဖြစ်နေကြောင်းပါ။

ဘုရင်။ ။ မင်းပြောဒါ ဟုတ်တယ်။ တဆင့်တဆင့် မူရင်းစာ ကို ကြည့်ရှုရေးကူးကြယင် အက္ခရာအမှန်ဖြစ်မှာပဲ။ အချို့ကတော့ ရသော သူတို့က ပစပ်နဲ့ ပြောချက်ကို လိုက်၍ မိမိတို့ထင်ရာ (မန္တလေးထက်ကြပ်) ဟု ရေးမှတ်ကြသည်နှင့် တူကြောင်းကို နဝဒေး မောင်နု ပြောဘူးတယ်ကွဲ့၊ မင်းကြီးဦးညိုရေးတဲ့ မူရင်း မှာ (မဏ္ဍာလေးထက်ကြပ်) ဟု ဏကြီး ဍ-ရင်ကောက် ဒွေးဘော် ယှိုသည်လို့ ပြောတယ်။ မောင်နုက (မဏ္ဍာလေးထက်ကြပ်) ကား အဝန်းအဝိုင်းကို ဆိုသည်။ စစ်ခုံစစ်ကွက် စစ်ခုံပြင် အဝန်းထက် နှိုက်ငှင်း၊ စစ်မြေပြင် စစ်မျက်နှာပြင် အဝန်းပတ်လည်နှိုက်ငှင်း၊ သတိထက်ကြပ်မကွာ စစ်မျက်နှာပြင်တွင် ချီတက်တိုက်ခိုက် စစ် ဆင်ရမည်ဟူသော အဓိပ္ပာယ်များကို ယူရန် သင့်သည်ဟု နဝဒေး မောင်နုက ပြောပေတယ်ကွဲ့။

ဒေါး။ ။ နဝဒေးပြောပြသော အဝိုင်းအဝန်းအမိပ္ပာယ်ယူရမည်ဖြစ်ပါက (မန္တလေး) ဟု ပါသော အချို့မူသည် မှားသည် ဆိုရပေလိမ့်မည်။ (မဏ္ဍလေး) ဤဏကြီး ၃-ရင်ကောက် ဒွေးဘော်မှ အရေးအသားမှန်၍ အမိပ္ပာယ်ဖြောင့်ရန် ဖြစ်ပေမယ်။

ဘုရင်။ ။ ဒါမှာတော့ မောင်ဒေါး၊ စာကို အရေးခိုင်းရသည်ကား စာရေးက ပြောပြချက်ကို အမိပ္ပာယ်နားလည်ယင် အက္ခရာအမှန်ကို သုံးတတ်သည်။ အမိပ္ပာယ်ကို နားမလည်က အသံတူတဲ့ အက္ခရာကို ရေးသားထားပါက အမိပ္ပာယ်ကို ကြံဆမရနိုင်အောင် ဖြစ်တယ်၊ အဲဒါ သတိထားစရာပေပဲ၊ ကိုင်း ဒါတေကို ပြောလို့ မဆုံးနိုင်ဘူး။ ရပ်ကြအုန်းစို့၊ မင်းနဲ့ ငါနဲ့ နှစ်ယောက်ထဲး ယှိတော့တယ်၊ အတွင်းစကား ပြောကြအုန်းစို့ကွယ်။

× × × × ×

## စစ်ပြေငြိမ်းခြင်းအကြောင်း

ဘုရင်။ ။ ယခုကုမ္ပဏီ ကုလားတို့နှင့် စစ်ဖြစ်ပွားကြသည့် အရေးမှာ ကမ္ဘာဦး မဟာသမတ မင်းမှစ၍ ဇမ္ဗူဒိပ် မြေအပြင်နှိုက် ထီးနန်းစိုက်ဆောက် စံနေသောမင်းတို့သည် သမ္ဘတ္တိစက်၊ ဝိပ္ပတ္တိစက် ကာလနှစ်ပါးတွင် သတ္တဝါတို့ ကံအလျောက် နှစ်တိုင်းနှစ်ပြည် စစ်ဖြစ်ပွားကြသောအခါလည်း ယှိချေသည်။ ချစ်ကြည်စွာ မဟာမိတ်ဖြစ်တဲ့ အခါလည်း ယှိချေသည်။ ရန်ငြိတ်ရန်စကို

အမြဲမယှိသင့်ပေ။ ရှေးဘေးလောင်းတော် သီရိဓမ္မာသောကမင်း သီရိခေတ္တရာ ဒွတ္တပေါင်မင်း ပုဂံပြည် နော်ရထာမင်းစော မြစ်တော် အလောင်းစည်သူမင်း မြေးတော် နရပတိစည်သူမင်း ဟံသာဝတီ ဆင်ဖြူများရှင် မင်းတြား ရတနာသိယ် မြို့တည်ဘေးတော် အလောင်းမင်းတြားကြီးမှစ၍ ယှမ်း ယွန်း လင်းဇင်း လပိုက် လကျော် မျက်နှာမဲး ယိုဒြား ဥဿဝတီ အာသံ ကသည်း မဏိပူရ ဝေသာလီ စသော တိုင်းခရိုင် နိုင်ငံများကို ငါတို့က လက်နက်နိုင်ငံဖြစ်သောအခါလည်း ယှိချေသည်။ မဟာမိတ်ဖြစ်ကြသည်လည်း ယှိသည်။ သို့ဖြစ်၍ ပြည်သူသတ္တဝါအပေါင်းတို့၏ အကျိုးစီးပွား သာသနာတော်မြတ် အကျိုးစီးပွား သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် အစွန့်ရှည်စွာ နှစ်တိုင်းနှစ်ပြည် မဟာမိတ်အဖြစ် သင့်တင့်ညီညွတ်ရန် အရေးတော် ဖြစ်ပွားကြသည်ကို ပြေငြိမ်းလိုက်ရတယ်ကွဲ့ မောင်အေးရဲ့။

အေး။ ။ ဖြစ်ပွား တိုက်ခိုက်ကြတဲ့ စစ်ကို ဘယ်လိုပြေငြိမ်းရသလဲး။

ဘုရင်။ ။ ယေး ဗိတ် ဒဝယ် တနသ်ာရီ လေးမြို့ကို သူတို့ကုမ္ပဏီ ကုလားများကို စစ်စာရိတ်ပေး၍ ပြေငြိမ်း လိုက်ရတယ်ကွဲ့။

အေး။ ။ ဒါမှာတော့ စစ်ရှုံးလို့ ပေးရဒါနဲ့ တူဒါပါပဲး။ စကထဲးက ပြည်သူ သတ္တဝါအကျိုး သာသနာတော် အကျိုးကို မျှော်ကိုးပါက ဘာပြုမဲ့ လူကုန်ငွေကုန် စစ်ပြိုင်တိုက်ခိုက်နေရန်မဟုတ်၊ အရေးစကား ပြောဆိုကြသည် အခါက သမစိတ္တညီညွတ်အောင် ပြောဆိုကြပါလျှင် သာ၍မကောင်းပေဘူးလား။ မိမိတို့

က မနိုင်တော့မှ ဘယ်အကျိုးကို ထောက်မြော်လို့ စစ်ကိုပြေငြိမ်း ရတယ်ဟု ရာဇဝင်မှာ တင်ထားလျှင် ကြွားဒါနဲ့ တူမှာပဲ။ မနိုင်လို့ စစ်ရှုံးရခြင်းကြောင့် ယေး ဗိတ် ဒဝယ်ကို ပေးရဒါက သက်သေခံလျက် ယှိနေတယ်။

ဘုရင်။ ။ မောင်အေးမလဲ မနိုင်လို့ ရှုံးပေတဲ့ စစ်ရှုံးတယ်လို့ ရာဇဝင်မှာ စာတင်လို့ ကောင်းနိုင်ပမလား။ စစ်ပြေငြိမ်းကြတယ် ဆိုဒါကို ရာဇဝင်မှာ စာတင်ရဒါ မကောင်းပေဘူးလားကွဲ့။ စစ်ရေးနိုက် လိမ္မာတဲ့ မင်းကြီး ဗန္ဓုလလဲး မယှိတော့ဘူးကွဲ့။

အေး။ ။ ရာဇဝင်မှာ မဟုတ်ထာကို တင်ထားယင် မုသားဖြစ်မှာပေါ့။ ကြွားတယ်လို့ ထင်ကြမှာပေါ့။ မင်းကြီး ဗန္ဓုလဟာ မြဝတီဝန် မောင်စကို စစ်ကဲးကြီးအဖြစ်နှင့် လိုက်ပါစေ၍ ပန်းဝါနိုက် အင်္ဂလိပ်တပ်ကို ခုခံရာ အောင်မြင်သည့်အပြင် ဓညဝတီ ရခိုင်ပြည်ကို တိုက်လို့ အရေးသာနေပေတယ်။ မြို့တော်နိုက် ရှင်ဘုရင်အပေါ်းတွင် မင်းတိုင်ပင် လုပ်နေကြဒါ ဒေသန္တရကို မသိနားမလည်သော ဝန်ကြီးများနှင့် စာဆို ငရေး ငထွန်းမြတ် ငပြေ တို့ ဖြစ်ကြသည်။ သည်အကောင်တွေဟာ စာဆိုမှုသာ နားလည်ကြတယ်၊ သင်းတို့ စီမံရာကို ရှင်ဘုရင်က လိုက်ပီးတော့ အမိန့်တော်ထုတ်နေဒါမှာ မင်းကြီး ဗန္ဓုလရခိုင်ပြည်ကိုရယင် အစောင့်အနေထား၍ စစ်တကောင်း ပန်းဝါ ဒေါက်တာ မောက်သူဇာချီစေ။ ၎င်းက မဏိပူရ အာသံကို ချီစေဟု အမိန့်တော် ထုတ်ပြန်တော့ ဗန္ဓုလက အမိန့်အတိုင်း အာသံကို ချီတက်ပါမည်။ ကုလားသင်းဘော ၅-စင်း အရှေ့ဘက်ကြောင်း လှည့်၍ ဝင်လာသည်ကို

ဆီး၍ ခုခံရန် စီမံရန် အရေးကြီးသည်ဟု သံတော်ဦးတင်လျှာ ပို့ဆက် လိုက်သည့်အခါ ဝန်ကြီးတို့နှင့် တိုင်ပင်ပြီးတော့

ရှင်ဘုရင်ကယုံကြည်လျက်ပြည်မြို့ သာယာဝတီမြို့ မြန်အောင် ဟင်္သာတ စလွန် ဓနုဖြူ ပုသိမ် မြောင်းမြ ရွှေလောင်း ပန်းတနော် ဒလ ရန်ကုန် ပဲခူး သန်လျင်စသော မြို့ဝန် မြို့သူကြီး ကင်းစောင့် ကင်းအုပ်များကို လက်နက်လူသူ စည်းကြပ်၍ တပ်မြေကတုတ် ဆီးဆို့ခုခံစေ အမိန့်ထုတ်သည့်အတိုင်း စည်းလုံးခုခံကြသော်လဲ ကုလားတို့က လက်နက်အင်အား အလုံးအရင်းအားကြီး၍ မြစ်ကြောင်းက ဆို့ပိတ်လို့ မရကြောင်း သံတော်ဦးတင်ကြရော။

သံတော်ဦး တင်လျှာ ရပြန်တော့ ရှင်ဘုရင်က အတိုင်ပင်ခံ ဝန်ကြီးစုနှင့် ငရေး ငအိ ငပြေတို့နှင့် တိုင်ပင်ပြန်ရော၊ တိုင်ပင်တော့ စာဆိုတော်များနှင့် ဝန်ကြီးများက မင်းကြီးဗန္ဓုလခေါ်မှပဲ ပြောကြတော့ ရှင်ဘုရင်က ဗန္ဓုလကို မဏိပူရ အာသံမတက်လေနဲ့ တပ်ကို အလျှင်အမြန် ပြန်ဆုတ်ပြီးလျှင် ကုလားရန်ကိုခုခံ တိုက်ဖျက်ရမည် အမိန့်တော်နဲ့ ခေါ်ပြန်တော့ မင်းကြီးဗန္ဓုလဟာ မဏိပူရ အာသံက ကုန်းကြောင်းခရီး အပြင်းဆုတ်လာ၍ ဆင်ဖြူကျွန်းရောက် ၎င်းကမှ စုန်ဆင်းလျက် ဓနုဖြူမြို့သို့ လာရသည်မှာ တောကြီးတောင်ကြီးကို ဖြတ်ကျော်ကာ တဖန်ရေလမ်းဖြင့် လာရှာသည်ကား ခရီးဘယ်မျှ ကြီးကျယ်ကြမ်းထမ်း ပင်ပန်းရှာသည်ကို ဝန်ကြီးတို့ သိကြသည်မဟုတ်။ ရှင်ဘုရင်လည်း သိမည်မဟုတ် ဖြစ်သည်။

ဗန္ဓုလ စစ်သူကြီးသည် ခရီးပြင်းဆုတ်ခွာလာရသည့်အတွက် မကျန်းမာတော်မူကြောင်း ကြားသည်။ ရှင်ဘုရင်မသိ မကျန်း

မမာသော စစ်သည် တပ်သားများကို မြို့တော်သို့အရောက် လှေ မြန်တော်နှင့် ပို့ရသည်ကိုလည်း ရှင်ဘုရင်မသိ ဗန္ဓုလထံ ကြွင်းကျန် နေတဲ့ တပ်သားတစုနဲ့ ဝေသာလီမင်းသား မြင်းတပ်နှင့်သာ ခု ခံနေရရှာသည်။ အကူအပံ့ဆို၍ မည်သည့်တပ်ကမှ မရောက် သည်ကို ရှင်ဘုရင် မသိချေ။ မင်းကြီး ဗန္ဓုလသည် မမာတော်မူ လျက် တပ်ထိပ်ကနေ၍ ရန်သူကို ခုခံတိုက်ဖျက်ရာ အားအင်ကုန် ခန်း နွမ်းနယ်လျက် မနေ့ဖြူတပ်တွင် ကျဆုံးကြောင်း သိရသည်။ သူသာ ကျန်းမာသန်စွမ်းလျက် အကူနောက်ထပ် စစ်သည်တော် တပ်များသာ ရောက်ကြပါမူ ရန်သူဖြစ်သော ကုလားများစစ် ကို အရေးသာ အောင်နိုင်ရန် အကြောင်းယိုသည်ဟု တပ်ပြန်တို့ ပြောကြသည်ကို သိရသည်။ ဤအကြောင်းကို ရှင်ဘုရင်မသိပေ။

မင်းကြီးမဟာဗန္ဓုလဟာ များစွာ ကျေးဇူး သစ္စာတော်ကို သိပါပေတယ်။ ရှင်ဘုရင်အနားက နေ၍ အရေးမမြင်သော သူ တို့၏ ပြောချက်ကိုလိုက်၍ ရှင်ဘုရင် အမိန့်ထုတ်မှန်း သိသော် လည်း ငြင်းပယ်တော်မမူ အမိန့်တော်ကို ကျိုးနွံပါပေတယ်။ ဤ ကဲ့သို့ အရေးမမြင်တဲ့စကားကို အရေးယူ၍ အမိန့်ထုတ်တဲ့ ရှင် ဘုရင်ဘဲဟု သစ္စာဖောက်ပြန်ပီးတော့ ရန်သူ ကုလားဘက်ကို မဝင် ပဲ အသက်ဆုံးခံ၍ မိမိအရှင်ဘက်က တိုက်ခိုက်သည်ကို များစွာ အံ့ဩဖွယ်ကြီး ဖြစ်ပါပေတယ်။ သို့လို အရှင့်အကျိုးကို အသက်ဆုံး အောင် အမှုတော် ထမ်းယွက်တဲ့ စစ်သူကြီး ဖြစ်ပါပေတကားဟု ကျေးဇူးကို ထောက်မြော်၍ ရှင်ဘုရင်က ဗန္ဓုလအလောင်းကိုမှ အထိမ်းအမှတ်ပြု၍ သင်းဂြိုဟ်ခြင်းကို မပြုသည်မှာ ရှင်ဘုရင် ဘာကောင်းသလဲ။ နောက်ဆက်ခံသော စစ်သူကြီးများတော အားတက် အားယိုကြရန် ဖြစ်ပါအုန်းမလား။

ဘုရင်။ ။ မင်းပြောဒါတေ စဉ်းစားကြည့်တော့ မှန်ပေဒါပဲ။ မောင်အေးရဲ့ ငါလဲးမှားပေဒါပဲ။ တိုင်ပင်စရာက အရေးကို နားမလည်တဲ့ သူတို့ပဲ။ ယှိနေဒါကို မင်းကလဲး ငါ့အနားမှာ မယှိပဲးကို။

အေး။ ။ ငအေး အနားမှာ ယှိပေတဲ့ စစ်၏အရေးအရာမှာ ငအေးနားမလည်ဘူး။ အရေးကို မြင်တတ်သူ ခရီးဒေသန္တရနယ်ကို ကျွမ်းကျင်နားလည်သူကို တိုင်ပင်မှသာ အရာပေါ်၍ အောင်မြင်တတ်တယ်။ စူးနေရာစူး ဆောက်နေရာဆောက် ပေါက်ဆိန်နေရာ ပေါက်ဆိတ်၊ ဓားမနေရာ ဓားမ၊ ဆိုဘိသကဲ့သို့ ရာထူးဂုဏ်ကြီးတိုင်း အရာရောက်သည်မဟုတ် ရာထူးဂုဏ်ငယ်သည်ဖြစ်စေ ဆင်းရဲသား လူသာမန်ပင်ဖြစ်စေ ဆိုင်ရာဆိုင်ရာ ကျွမ်းကျင်တဲ့ ဌာနက နေရာချထားသော် အရေးပြီးမြဲ သာမြဲသာ ဖြစ်ချေမည်။

ဘုရင်။ ။ မောင်အေး ပြောဒါ မှန်ပေတယ်။ ငါကိုယ်တိုင်တော် ထွက်ရဒါမဟုတ်။ သူတို့ အဝေးဝန်မှား တင်လွှာအရ ငါလဲး အမိန့်တော် ထုတ်ဒါပဲးကွဲ့။

အေး။ ။ လိုရင်းမှာ မင်းကြီး ဗန္ဓုလထံက တင်လွှာသည် ရှင်ဘုရင်ထံ အမှန်အကန် မရောက်ဟုထင်သည်။ ဗန္ဓုလထံက တင်လွှာတို့သည် အရေးယူရန် ဖော်ပြသော အချက်တို့ကို ရှင်ဘုရင်လက်သို့ အမှန်အကန် ရောက်သည်အတိုင်း ကြည့်ရှု၍ အမိန့်တော် ထုတ်ရပါက အစည်းအလုံး ခိုင်မြဲသဖြင့် အရေးတော် မှုံးနိမ့်လိမ့်မည် မထင်ပါ။ စစ်ပြေငြိမ်းကြောင်း ရာဇဝင်မှာ ဖုန်းတော်ကို ဖော်ပြ၍ စာတင်ထားရသည်မှာ ငအေးကတော့ ရယ်ချင်ပါဘိ။

ဘုရင်။ ။ ဖြစ်လို့ရှိမင့် ပြောတယ်လို့ မထူးဘူးကွဲ့. သခါ ရ စီမံတဲ့အတိုင်းပေါ့။ ကံစီမံရာပေါ့ မောင်အေးရယ်။

အေး။ ။ ဒါမှာတော့ နောက်ဆုံးကျယင် ကံကိုသာ ချရ မြဲမမွတာကိုး ကံနဲ့ပဲးစခမ်းသတ်ပေတော့။ ကုမ္ပဏီအစိုးရတို့က မြန်မာနယ် အစွန်အဖျား ယေး ဗိတ် ဒဝယ် တနင်္သာရီကို ညောင် မြစ်တွယ်ပီး နောက်ကို ညောင်ပင်ကြီး မည်မျှလောက် စည်ကား လာမည်ကို မသိနိုင်ဖြစ်တော့ဒါပဲး။

ဘုရင်။ ။ မောင်အေး ယခုမျက်မှောက်နှိုက် ခံစား စံစား ပျော်ပါးနေကြရသော အယုတ် အလတ် အမြတ် ဟူ၍ ခေါ် ကြရတဲ့သူတို့သည် ဘဝဘဝက ထောက်ပံ့သော ကုသိုလ် အ တိုင်းဖြစ်ကြပေတယ်။ ထောက်ပင့်သော ကုသိုလ်အဟုန်ကံသည် ကုန်ဆုံးသည့်အခါ ပျက်စီးကြမြဲ မမွတာပင်ဖြစ်ချေသည်။ အကု သိုလ်ကံ နှိပ်စက်လှာပီဆိုယင် ဘုရားတောင် တားဆီးလို့ မရနိုင် ဘူးကွဲ့။ နိုင်ငံကို ချဲ့ထွင်နိုင်တဲ့ ငါ၏ မင်းကြီးမဟာဗန္ဓုလလည်း ပျောက်ကွယ် သွားရှာလေပြီ။ သူ၏ ကျေးဇူးဂုဏ်ကို ဖော်ပြ သော အမှာတော်ရေး မောင်ဘုန်းဆိုတဲ့ ၄-ချိုးကြီးများဖြင့် ဂုဏ်သတင်းနဲ့ မပျက်ကျန်ယှိပေသည်။ ၎င်း ၄-ချိုးကြီးများကို မင်းရသေးလားကွယ်။

အေး။ ။ မောင်ဘုန်းဆိုသော ၄-ချိုးကြီး ၃-ပုဒ်ကို ရပါ သေးတယ်။ အတော် အမြှောက်အပင့် အချီးအငုံကဖြင့် ကောင်း ပါပေတယ်။

ဘုရင်။ ။ မင်းရဒါ တပုဒ်လောက် ဆိုပြစမ်း မောင်အေး။

အေး။ ။ ခိုင်းလို့ရှိမင့် ဆိုရအုန်းမှာပလေ။ နားထောင်ပေတော့။

၁။ (လက်လို့သာလင်းတော့ ဘက်ကင်းတေဇာမှာ ဧကရာရောင်ထွက်မို့ မားလွှတ်ကယ်အပိုင်းခန့်ပေတဲ့ နိုင်ငံ့ရှင်။ ။ယှစ်ခန်းငယ်အံ့ရာ ရစ်သန်းငယ်ကာသည် မဟာသမုဒ် ဒီတပြင်ချုပ်ပေတဲ့ စုတ်ယုတ်ကယ် သန့်ကြည် ခန့်ဇာနည်မူ စဉ်ရှည်စံမှီး ကံဉာဏ်တော် သီးသည့်နှင့် ပြည်ကြီးအင်ဂုဏ် ခပ်သိမ်းသာ စုံလွှမ်းလို့ ရွှေဘုံ ဟံသာ ဉောင်မလ္လာမှာ ဉာဏရမေ သမုဒ္ဒေနှင့် လ-နေ မလွန် အခေါင်သာ ချွန်တော့တယ် ကွန်ချာပိုင့် သဘင်ကို ရာဇဝင် တန်ဆောင်ကုံးလို့ အဆုံးဘယ်တွင် တွေ့ပ့ါမယ်။ မိုးမြေအသွင်။ ။ ကေသရာငယ် ပမာတမျှ ဝါယမနှင့် ဌာ-ဌာနဉာဏ်ဖြာဖြာကို လိမ္မာလောက်ငံ ဂုဏ်ခြောက်တန်နှင့် တရံမလစ် ယမစစ်သို့ မုန်းချစ်ကယ်မညာ ဖြစ်တိုင်းရာကို မာမာန္တ်ရွှ ဖြတ်ပိုင်းဝံ့ပေပဲ့ ညွှန့်သမ္မာရှင် ရာ-ဘုရင်ကို ကျွန်တွင် ကျွန်ထူးငယ်လို့မှတ်ယုံလှ။ ။ နန္ဒီငယ်သေန ဝိဠုရနှင့် ရှေးကထုပ္ပတ် မဟော်ဇာတ်လဲ့မျက်ဆတ်ကယ် ထင်ထင် ကြားမမြင်လို့ သက်ာယှိရာ ခုသည်မှာမူ မဟာဝန်ကျယ် အံ့ဩဖွယ်ကို နယ်တသောင်းကုန် တွေ့တိုင်းယုံလို့ ဆက်ပုံပဏ္ဏာ စက်စုံသာညာတော့တယ် သေနာပိုင့် ရုံးရောင်ကို ထုံးစာစောင် ရှာမတွေ့ပါဘု ဘုန်းနေ့ဆယ်ဆာ။)

ဘုရင်။ ။ အမှာတော်ရေးက သူ့အရှင်မို့ အတော်ပဲ့ ချီးမြှောက်ပေဒါပဲ့ကွဲ့။ သို့သော် (နန္ဒီသေန ဝိဠုရနှင့် ရှေးကထုပ္ပတ် မဟော်ဇာတ်လဲ့ မျက်ဆတ်ကယ်ထင်ထင် ကြားမမြင်လို့ သက်ာ

ယို့ရာ) ဟု ဆိုတဲ့ အပိုဒ်မှာ ကြားလဲးကြားပြီး မျက်ဝါးထင်ထင် မမြင်လိုက်ရ ကြားသာကြားရ၍, ယုံမှားခြင်း ဆိုယောင်စပ်သည် တား လွန်လိမ့်မည်ထင်တယ် အကြောင်းကို ထောက်သော် ဘုရား ဟောတော်မူသော ဇာတ်တော်နိပါတ်တော်များ ဖြစ်ပေတယ် ယုံမှားစရာမယို့ သက်ကင်းရှင်းရန်သာ ယို့တယ်ကွဲ့။

အေး။ ။ ဒါမှာတော့ သုအရှင် ဝမ်းမြောက်အားတက်ရန်ချီး မြှောက်ပေဒါပဲး။ အစွန်းနိမိတ် အပြစ်ဒေါသရောက်လိမ့်မည်ကို သတိပြုဟန်မထင် ဆိုချင်အားကြီးနဲ့ တူပေဒါပဲး။

ဘုရင်။ ။ နောက်တပုဒ်ကို ဆိုပါအုန်းကွဲ့။

အေး။ ။ ဟာ တော်ပီ ပျင်းတယ်။

ဘုရင်။ ။ မပျင်းပါနဲ့ မောင်မင်းကြီး။ တောင်းပန်ပရစေ။

အေး။ ။ ဒီတပုဒ်ဆိုပီး ပြန်ယင်လဲး ကျန်ဒါ တပုဒ်ပါ ဆိုပါ အုန်းလို့ နိုင်းအုံးမှာပဲး။

ဘုရင်။ ။ အေးကွယ် အကုန်ပဲး ဆိုပါတော့။ ငါ့စိတ်သူကြီး ဝဏ်ပုဒ်တို့ကို ကြားရသဖြင့် မသေဘူးဟု စိတ်က ထင်မှတ်ရပေ တယ်ကွဲ့။ သို့လို ဝဏ်ထူးယို့တဲ့ ပုဂ္ဂိုလ်တို့၏ အတ္တုပ္ပတ်ကို ကြားရဒါ အကျိုးယို့ပါတယ်ကွဲ့။ ဒါလဲး အပျင်းပြေဘို့ ဖြစ်ထာ ပါပဲး။

အေး။ ။ အောင်မယ် ရှည်မနေပါနဲ့၊ ဆိုမယ် နားထောင်။

၂။ (မောက်လို့သာမိုးတော့တယ်။ ကြောက်စိုးရေညာမှာ တဒီပါကုန်အေးမျှ ဝဏ်သွေးခေါင်ချင်းပေတဲ့ ပြောင်ဝင်းထိန်။ လက်ရွေးငယ် ထပ်ရုံ ချပ်လို့ ခြုံသည် မတ်ပုံဗိုလ်စု ရွှေအထုမှာ

ကောတုငယ် ရည်လွှန် သည်ငါ့ကျွန်ဟု မှောက်သွန်းရေပိုင် ပြည်ခရိုင်ကို ယှဉ်ပြိုင်ဝက်ဝေ ကိုယ်ပွားစေလို့ ရေပင်လယ် ဒီလှိုင်းရိပ်ချိန်နှင့် နှောင်ညီခုတ်ထွင် ရန်ငုတ်ကယ် နှင်ဘူးတဲ့ ရာမညနက်သန်မှာ ဘုရင်ခံစမ္ပါယ်စိုးလို့ သစ်တိုး သည်ချိန်ခန့်ပါဘိ သည်းဖန့်ထပ်လိမ်။ ။ မာလကာငယ် ဗသျှာဗသျှု မြို့ခနုနှင့် ဒုကရဂျွမ်းသီဟိုဠ်ယွမ်းလဲး ပျက်သွမ်းမင့် စက်ရုံးရောင်ကွန့်ဆဲးမို့ ရန်ညွှန့်မစည် အပြည်ပြည်ကို လှည့်လည်နင်းနှိပ် ရွှေဘုန်းထိပ်မှာ တံဆိပ်မော်ရာ ဦးဒည်ညာက စကြာတန်ဆောင် တက်သစ်လျှံ ပြောင်လှလို့ ခေါင်မဟိန်မှာ အောင်ချိန် အောင်ကိန်းကလဲး မကုန်လှည့်။ ။ပုံပြင်ထုပ္ပတ် ရာဝင်ဇာတ်မှာ ဖြစ်ကယ်မယို့ ဉာဏ်သတ္တိနှင့် စစ်ကြို့အရှင် ကိုးပါးအင်လဲး စုံလင်မြဲးမြဲ ဟိတ်အခံဖြင့် ကျော်လျှံမိုးမြေ တိုက်လုံးမွှေလို့ စုံရွှေစက်ပြင် ရှိဦးသာ တင်တော့တယ် ပင်လယ်ဝ ဝသုန်မှာ ဉာဏ်တပုံ အဆင်ခွဲးလို့ ကဲးချုပ်ချာချည့်။)

ဘုရင်။ ။ ကောင်းပေကွယ် အောင်းမေ့လိုက်ပါဘိတော့။

အေး။ ။ နွားထောင်အုံး၊ တပုဒ် ကျန်သေးတယ်။

၃။ (မြန်မြန်သာ မှုန်းတော့တယ်။ မာန်ကြုံးရာပြည်ကို အာဇာနည် ဉာဏ်သစ်လို့ ရန်မြစ်ကိုပယ်ဖြတ်ပေတဲ့ တော်မတ်ခေါင်းမြယုဂန်မြို့ ပိုက်သန်းခြုံသည် ဝိရှဠ်လာက ဂုဏ်ထပ်တူမျှတယ်လို့ ဘဝသခင် စကြာရှင်လဲ ထွက်ဝင်နှဲ့စည် ကျိုင်းယှစ်မည်က နေခြည်တန့်ဆီး ယှစ်ပြိုင်ထီးနှင့် တောက်ညီးထိန်လောင် ပေါက်မပြောင်ကို လက်ဆောင်ရွှေယုံ အပ်ပေပဲး ပုံတော့တယ်။ ရွှေဂုန်ဟံသာ တောင်ဒီပါမှာ ညီလာသဘင် ဗိုလ်ပွဲးသာဝင်တော့တယ်

သေနင်္ဂရေးပိုင်ကို ဘယ်ခရိုင် ခိုင်ကခုမယ်လို့ အနုမြူအရိပ်ကယ် မျှ မထိတ်ကယ် မသိလေ့တယ်နှင့် ထွေးခန့်မရှောင်။ ။ ရတနာ ဂူဝယ် တဆူရာဇင်း သားသစ်နင်းသို့ တြင်းသိသာ ဟိတ်ဩဘာ လဲး ဗျူဟာကြွေးဟန် အောင်တက်လျှံလို့ မျက်မာန်ကင်းငြိမ် စက်ရင်းနှိမ်က ပျောက်တိမ်ရန်မြူ တိုင်းရပ်သူတို့ ဆုယူပန်ဆင် ဆောင်တင်းသာ ဝင်တော့ပ မာတင်ပြောင်လဲး ခြောက်ရောင် စွယ်လှဲ့နှင့် စမွယ်သို့။ ။ လေးဆူငယ် မွေဓာတ် မီးရေလျှပ်သည် ကပ်ကမ္ဘာတည် နတ်သက်ရှည်လဲး ပတ်လည်ရေကုန်း စောင့်သိမ်း ချုန်းလို့ နေဘုန်းဘုရင် ဆက်တိုင်းသာထင်တော့ ရာမညမတ် ခေါင်ကို ကျမ်းစာစောင် စီလို့ ဆုံးနိုင်ဘု ဘုန်းကကျယ်လို့။ ။

ဘုရင်။ ။ သာဓု-သာဓု-သာဓု ကောင်းပါပေကွယ်။ လွမ်း လိုက်ပါဘိ။ ငါ့စစ်သူကြီး မျက်နှာကို မြင်လိုက်ပါဘိတော့။ နို့ မင်းထင်သက်ရှည်ဆိုတဲ့ ၄ ချိုးကြီး ယှိပါသေးကွယ် မရ ဘူးလား။

အေး။ ။ လာပြန်ပီ သည် ၃ ပုဒ်တောင် အတော်ဆိုရတယ်။ ရှင်ဘုရင်မို့သာ ခံနေရတော့။

ဘုရင်။ ။ အောင်မယ် မောင်အေး မောသလား။ ဟော- အချိုပွဲ လက်ဖက်ရေများ စားအုံး သောက်အုံးကွယ်။ စိတ်မဆိုး ပါနဲ့ မောင်မင်းကြီးသား။ လုပ်မဲ့လုပ် ဆုံးအောင်လုပ်စမ်းပါ။ နှစ် ယောက်ထဲးပေမဲ့ ငါတယ်ပီးတော့ ပျော်ရွှင်ပါတကွယ်။ ရှင်ဘု ရင်က ချော့မော့ခိုင်းယင် လုပ်ရတယ်ကွဲ့။ မင်းအလိမ္မာသားနဲ့။ ။ (ရယ်၍ပြောလေ၏)

အေး။ ။ စမိလို့ယှိမင့် ငအေး ဘယ်ရှောင်နိုင်တော့မတုန်း။ ရွှေနားတော်သွင်းရပါတော့မည်။ နားထောင်တော်မူနော်။

၁။ တောင်ခဝဲးတွင်မှ အောင်ပွဲတော်သစ်လို့ ကျော်ရစ်စေကုန် ထွန်းပေမဲ့ မော်ကွန်းပုံ။ ။ မြေမိုးငယ်စောင်းထောင် ဗိုလ်ခြေငယ်ဆောင်သည် အခေါင်သမ္ဘိန် ကျေးနှင့်သိန်ဟု ကာလိင်ရာဇ် ဆိုသည့်စစ်ကို ဖျစ်ဖျစ်ကယ်ပျက်ကျေ နန္ဒိသေလို အောင်မြေသိဉာဏ် သုထက်သာ သန်တော့ပ ဆဒ္ဒန်ရ ကိန်းဝင်မှာ ရှုံးညာတင် သေနင်္ဂုတ်ကယ်နှင့် ချုပ်တိုင်းအောင်ဖန်များပါဘိ ခြားသန့်တဂုဏ်။ ။ ဆဲ့နှစ်ဖြာငယ် ဘင်္ဂါဘိလပ် ကာလကတ် မပြတ်ကယ်နွံ့ရှုံ့ ချိုးဖွဲ့တုံမှ ဒိဂုန်ဓလ မုဒ်သုန်ဝမှာ မိန္တာအယူ ကုလားဖြုကို လွယ်ကူသုတ်ဖြန်း ရွှေလက်ယူဖမ်းမယ်လို့ အောင်ခန်းငယ်စံတည် မင်းစံပြည်က ဇာနည်ကြီးနောင် ညာရုံးတော် ထောင်ဆဲးမို့ အောင်လယ်ဘုံမှာ ဝသုန်မြေလေးလို့ ထူးပါဘိ။ ။ ယတ္တုဂုမ္ဘန် အတန်တန်လဲး မာန်ပုဏ္ဏက မျက်ရှိန်ယှလို့ ကြောက်ကြသော့သွင် ရာတပြင်မှာ တိုက်ဆင်သံကြွား ခြောက်ဆယ်အားနှင့် ဗိုလ်များမြူတော ပင်လယ်ဝေအောင် တက်နေနှုန်းတူ ရွှေဘုန်းတော် ကြူခိုက်မို့ ဇမ္ဗူတိုက်ခရိုင်မှာ စစ်မြေပိုင် ဘုရင်သီးတွင်မှ ထီးမိပတိ။ ။

၂။ တက်လို့သာ ထွန်းတော့တယ် ဖက်ကျွန်း တေဇာနှင့်သမြေညာ ခေါင်ကဲးပေတဲ့ အောင်ပွဲးပိုင်။ ။ သောင်းရပ်ကယ်ခန်းဝါ သိလိမ္ဘာသည် မှန်စွာစုတ်ယုတ် ဉာဏ်ရိုးရင်း ချုပ်ပေတဲ့ ဥက္ကဋ္ဌကျွန် နေကဝဏ်မို့ ရေခုနစ်လံ အံ့လှိုင်းခြံတဲ့ ကျေးရာမည

အဏ္ဏဝမှာ မြန်မာ့တံခွန် ထက်မိုးသာ တွန်စေဘို့ မင်းဝံနန်းရှင် ဖျာဒိတ်တော်ဆင်တော့တယ်။ သေနင်္ဂလေးဖြာတွင် တအင်္ဂါ သိမ် မည့်ပါဘု ချီးအံ့မနိုင်။ ။ တွင်ဖျာရာငယ် ဘင်္ဂါဘီလပ် ကာလ ကတ်လဲး (ခပ်တုံသလွှဲ ခြသို့နွှဲလို့) ရန်မာန်မမူနိ် ဒီဆန်စုန်သည် ရွှေဂုန်အောင်ချက် ဘုမ္မိနက်က တောင်မျက်နှာလည် အပြည် ပြည်ကို ဇာနည်အထွတ် စံစိုးယူ ကွပ်ခါနှင့် မားလွတ်ကာယ်ငါးရာ ဖြန့်တိုင်းပဲး သာတော့တယ်။ သမ္ဘာပိုင်ကို ဆုံးတိုင် ဆိုကြူးလို့ မကုန်လှည့်။ ။ စွမ်းရည်ငယ်ပြောင်မြောက် တမိုးအောက်တွင် ကြူးလောက်ကာယ်မမြင် သူသုပြင်လဲး မြော်မြင်လိမ္မာ စိန္တမယ ရဲးဉာဏဖြင့် ဆယ်ဆငယ် ရန်မော် ခက်ခဲးလှော်ကို ဇေယျော် သဘင် အောင်ပန်းသာ ဆင်တော့တယ်။ ပင်လယ်ညွှန့်ဇွေဆိုင်မှာ ရေးတော်ပိုင် သေနာချုပ်တွင်မှ ဘုန်းလုပ်သာချည့်။ ။ (ခပ်တုံ သလွှဲ ခြသို့နွှဲလို့) အပိုဒ်ကား။ (ခပ်တုံသလွှမ် ခြသို့နွှမ်လို့) ဟု ဖတ်ပါလေ။

ကိုင်း တခါဖြင့် ကုန်ပါကြောင်း။

ဘုရင်။ ။ အောင်မယ် မောင်အေး ဘာများဆက်အုံးမလဲး။ အကောင်းနဲ့ပဲးရပ်ပါတော့ ကျေးဇူးရှင်။ မင်းထင် သက်ရှည်က တော့ အမှာတော်ရေးလို့ အမြင်မဟုတ်ပေဘူးကွဲ့။ ငါ့ထံ ဆက် သသော သံတော်ဦးတင်လွှာကို ကြည့်ပီးတော့ စီကုံးရပေတယ်။

အေး။ ။ သုတားလဲး ချီးပုံဝှဲပုံ တမျိုးပဲး ကောင်းပါပေတယ်။

ဘုရင်။ ။ အင်း-ငါ့စစ်သူကြီး မလွန်ဆန်နိုင်တဲ့ လမ်းကို သွားရှာရလေပြီ။ လူမယိုသော်လဲး ဤစာလေးချိုးကြီးတွေ ယို တော့ ဂုဏ်ပုဒ်ဟာ ထင်ရှားလျက် ဖြစ်ခဲ့ပေတယ် မောင်အေး။

အေး။ ။ လောကမှာ မည်သူမဆို သေရမှာချည်းပဲ။ သည်လမ်းတော့ မလွတ်နိုင်ကြဘူးပေါ့။ သေပင်သေရသော်လည်း ကျန်ရစ်ကြတဲ့ ရဟန်းသျှင်လူ အပေါင်းတို့ တောင့်တရစ်အောင်နာမည်ကောင်း ကျန်ရစ်ခဲ့ဘို့ လိုတယ်နော်။ သေသေချာချာ စဉ်းစားပြီး ကြည့်ပေတော့။

ဘုရင်။ ။ အင်း-ကောင်းပေကွယ်။ သာဓု-သာဓု-သာဓု အဖိုး အလွန်တန်တဲ့ သတိပေးသော တရားလမ်း ဖြစ်ပါပေ။ ကိုင်း ၄ ချက်တီးကျော်ပြီဟော့၊ အတွင်းတော်လိုက်ခဲ့အုံး။ မင်းကို တရားပူဇော်ရအုံးမယ်။

အေး။ ။ ဘာများ ပူဇော်မယ် ဖြစ်ပါသလဲ။

ဘုရင်။ ။ ဝတ်လဲတော်မဟုတ်။ ငါမဆင်ရသေးတဲ့ အတွင်းဆင်-လွန်းတရာကျ ရွှေခဲချိတ်တထည်နဲ့ သားမွေးအင်္ကျီ၊ ငွေတော် တပိဿာ ပူဇော်လိုပါတယ်ကွယ် လိုက်ခဲ့ပါ။

အေး။ ။ နက်ဖြန်နံနက် ညီလာခံမှ အလှူခံတော့မယ်။ အခုထမင်းဆာပြီ ဒီကပဲ ပြန်တော့မယ်။ ဝန်ကတော် မျှော်လှရော့မယ်။

ဘုရင်။ ။ နန်းတော်မှာပဲ စားသွားပါတော့လားကွဲ့။ မင်းက ဝန်ကတော်ကို ကြောက်နေရသလား။ အပြစ်တင်ယင် ငါ့အပေါ် ပုံလိုက်ပါကွဲ့။

အေး။ ။ ကြောက်စရာတော့ မယိုပါဘူး။ ည-သဲအင်း ဆရာတော်ဘုရားကို သက်နှံလှူရန် ယိုနေတယ်။ အတူသွားရန် ပြောထားတယ်။ ဒါကြောင့် အိမ်မှာပဲ ထမင်းစားတော့မယ် အခွင့်ပြုနော်။

ဘုရင်။ ။ သွားပေဒုံးတော့ကွယ် ဆိုပြီး အတွင်းတော်သို့ ဝင်လေ၏။

## ဖလံခုံရွာ၌ ဘုရားတည်ခြင်း

မိဖုရားကြီးနှင့် မောင်အိုတို့သည် ဇာတိဖြစ်သော ဖလံခုံရွာ နိုက် ဘုရားတည်ကြသည်မှာ-

ဖလံခုံရွာအနောက်ယို ကျောင်းကြီးနှင့်ရွာအကြား မြေကွက် လပ်ကြီးတွင် မြေစိုက်စေတီ စည်းခုံပုံတည်သည်။

နန်းမတော်မယ်နုဘုရားမှာ မြောက်ဖက်က ဘိနပ်တော် ၆၄ တောင်၊ အမြင့် အတောင် ၁၀၀ ကျော် ထီးနှင့်ယှိသည်။ ၄ မျက် နှာ နတ်မုတ်လှေကား၊ နယားဆင်း ရွှေဖားခံ ဖြစ်သည်။

နန်းမတော်စေတီ၏ တောင်ဘက်၊ အတောင် ၄၀ ကွာ၊ မောင်အိုစေတီကိုတည်ထားသည်။ ဘိနပ်တော် ၆၅ တောင်၊အမြင့် ၁၀၂ တောင် ယှိသည်။ ခယားသီး ငှက်ပျောဖူး အတိုင်းယှိသည်။ ထီးမယှိဖြစ်သည်။ ၄ မျက်နှာ နတ်မုတ်လှေကား နယားဆင်း ရွှေဖားခံ ဖြစ်သည်။

စေတီ ၂ ဆူလုံး ခြသေ့်မယှိ။ တံတိုင်းမီးတား မဟာရံကာဆီး လျက် မယှိဖြစ်သည်။ မောင်အိုဘုရားမှာ တည်ကတဲးက ထီးမယှိ ကြောင်း ပြောကြသည်။

ဖလံခုံရွာ အရှေ့နိုက် ဆောက်လုပ်သော ကျောင်းကြီးမှာ တိုင်ပေါင်း ၂၅၃ တိုင် ယှိသည်။ ဆောင်ကပ်ပတ်လည် အရှေ့

ကျောင်းဦးပြသာဒ်ဆောင်အတက် ဖက်လိပ်အုတ်လှေကားကြီး တစင်း၊ တောင်ဖက် မြောက်ဖက် ဆောင်ကပ်အတက် ဖက်လိပ် အုတ်လှေကား ၂ စင်း စီတပ်လျက် ယှိသည်။ နန်းတော်ပုံအတိုင်း ဆောက်သည်။ ၎င်းကျောင်းကြီးကို မောင်အို ဝရိုးတော်သူဦးကွန် က ဆောက်သည်။ ကုန်ဝင်ရန် အရပ်ရပ် စားရိတ်ငွေများကို မောင်အိုက အလှူပြုလုပ်ကြောင်း ပြောကြသည်။

ကျောင်း၏ တံတိုင်း မီးတား မဟာရံမှာ တောင်ဘက်က အရှေ့ အနောက် တန်းလျက် တမျက်နှာသာ ပြီးသည်။ ကျန် ၃ မျက်နှာ တံတိုင်းမီးတား မလုပ်ပဲ ကျန်လစ်နေသည်။

ဤကျောင်းလွှတ်ကုသိုလ်ပွဲ ကျင်းပသည့်အခါ နန်းမတော် ကြီးနှင့် မောင်အိုတို့ လှူသည်ဟု အပြောများကြသည်။ အချို့ က မောင်အိုသာ လှူသည်ဟု ပြောကြ၏။

ဘုရား ၂ ဆူဘွဲ့နှင့် ကျောင်းကြီးဘွဲ့ကို စုံစမ်းမရ။ မယ်နုဘုရား မောင်အိုဘုရား၊ မောင်အိုကျောင်းဟုသာ အပြောများကြသည်။

## ခေါင်းလောင်းတမှည်းစာ

မိုးညှင်းမင်းတရားကြီး သားတော် ထူပါရုံစေတီတော် ဒါယ ကာ ၎င်းသားတော် ပြည်စုန်မင်း၊ ၎င်းသမီးတော် စောမင်းထွတ် ၎င်းသားတော် စတုဂါမဏိသင်္ခရာ သရေစည်သူ၊ သီရိနန္ဒရာဇာ ၎င်းသား တုရင်ပြင်စည် ဗသမန်း ၎င်းသားသမီးများ မင်းကြီး သိဒ္ဓရာဇာ သခင်မှန် မနှောင်းဖြူ မလှနှောင်း မနှောင်းထွေး မမွတ် မနှောင်းစံ မနှောင်းကြွယ် မနှောင်းဖျော်တို့ ဖြစ်ကြသည်။

သခင်မှန်နှင့် သင့်သော တပ်မှူးကြီး ချစ်လိုင်းတို့ သားသွီးမှာ သီရိပဝရသုဓမ္မာမဟာရာဇာဓိရာဇာ ဘကြီးတော်၏ သီရိပဝရ မဟာရာဇိန္ဒာ ရတနာဒေဝီ နန်းမတော် မယ်နု သတိုးဓမ္မရာဇာ စလင်းမင်းသား မောင်အိုတို့ ဖြစ်ကြောင်းကို မောင်အိုတည်သော ဖလံခုံရှာ စေတီတော်ဘုရားတွင် ဆွဲထားသော ခေါင်းလောင်း နှိုက် ထုထားသော ကမ္မည်းစာမှ အကျဉ်းချုပ်ရေးကူး၍ မိတ် ဆွေတဦးပို့လိုက်သော စာဖြစ်သည်။ ၎င်းတို့ အဆက်သည် အမျိုး မျိုးအဖုံဖုံ ဖြစ်နေ၍ ဉာဏ်ယှိသလိုသာ မှတ်ကြရန် ဖြစ်တော့ သည်။

× + + ×

## မဟာအောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီးသို့ ထွက်တော်မူခြင်း

နန်းမတော်ကြီးသည် မဟာအောင်မြေဘုံစံ အုတ်ကျောင်း တော်ကြီးကို ဆောက်လုပ်၍ ပြီးသောအခါ ဆရာတော် ဦးဗုတ်၏ နောင်တော် ဆရာတော် ဦးပိုးကို ကျောင်းတင်လှူဒါန်းတော်မူ၍ ကိုးကွယ်ဆည်းကပ်တော်မူရာ ဆရာတော် ဦးပိုးပျံလွန်တော်မူပြီး နောက် ထိုကျောင်းတော်ကြီးကို တင်လှူ လွှဲအပ်ရန် မြို့တော်ယှိ ဆရာတော်တို့က ဆရာတော်ဦးပိုး၏ ညီတော် ဆရာတော်ဦးဗုတ် မှတပါး ထိုကျောင်းကြီးကို သိမ်းပိုက်နိုင်မည့် ပုဂ္ဂိုလ်မမြင်၊ ဆရာ တော် ဦးဗုတ်သာလျှင် နောင်တော်နေရာ အမွေခံ အဖြစ်နှင့်

သိမ်းပိုက်နိုင်သော ပရိယတ္တိ ပရိပတ္တိ ဂုဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်သောကြောင့် ဆရာတော် ဦးဗုတ်ကို ပင့်၍ ကျောင်းတင်လှူဒါန်းမှသာ မြို့တော်နှိုက် သာသနာတော်၏ ကြက်သရေစည်ကားထွန်းလင်းရန် ယိုမည့်အကြောင်းကို နန်းတော်သို့ စာသွင်းတော်မူကြလေ၏။

ဘုရင်မင်းမြတ်လည်း ဆရာတော်များ သွင်းစာအရ မဟာဒါန်ဝန်နှင့် မဟာဒါန်စာရေးများကို ညောင်ကန်ရွာသို့ ဆရာတော် ဦးဗုတ်ကို အပင့် စေလွှတ်တော်မူလေ၏။ မဟာဒါန်ဝန်လည်း ညောင်ကန်ကျောင်းတိုက်သို့ ရောက်လျှင် အလှူတော်များနှင့် ဘုရင်မင်းမြတ် ပင့်လျှောက်စာကို ဆရာတော်သို့ ကပ်လေ၏။ ဆရာတော်လည်း ပင့်လျှောက်စာကို ကြည့်ပြီးသော် မနည်းကြာမှ အင်းနက်ဖြန်မြို့တော်တက်မည် မိန့်တော်မူလေ၏။ နောက်နေ့နံက် ဆွမ်းစားပြီးသောအခါ မဟာဒါန်ဝန်များ စီမံထားသောလှည်းကို မစီးမူ၍ ခြေကျင်ခရီးဖြင့်ကြွတော်မူလေ၏။ မုံရွေးမြို့မှာတညဥ့်ကျိန်းတော်မူသည်။ ချောင်းဦးဆယ်ရွာမှာ တညဥ့် ကျိန်းတော်မူသည်။ ညောင်ပင်ဝန်းရွာ တညဥ့် ကျိန်းတော်မူသည်။ စစ်ကိုင်းမြို့သို့ ရောက်သောအခါ ထူပါရုံ စေတီတော်ကြီးအနီးသျှင်မဟာသီလဝံသ သီတင်းသုံးတော်မူသော ကျောင်းတိုက်တွင်တည်းခိုတော်မူသည်။

ဤအခါ အင်းဝရွှေမြို့တော်က ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးမှူးတော်မတ်တော်စု သုမေ္မာဝင်ဆရာတော်များ သာသနာပိုင်ဆရာတော်ပါ စစ်ကိုင်းဘက်သို့ကူး၍ ကြိုဆိုကြရာ ဆရာတော်

ဦးဗုတ် အနီးနှီက် ဝိုင်းရံလျက် ပူဇော်ကြလေ၏။ ဆရာတော် ဦးဗုတ်က မည်သို့မှုမိန့်တော်မမူ အတော်ကြာသောအခါ သာသနာပိုင်ဆရာတော်က ညောင်ကန်ဆရာတော် ကျမ်းခန့်တော်မူပါ၏လောဟု အလွှာပပြုတော်မူရာ ဆရာတော်ဦးဗုတ်က အင်းမထောင်းတာလို့ ရောက်လှာဒါပဲးဟု လျှောက်လေ၏။

နောက်သလွှာပ မပြုပဲး နေတော်မူလေ၏။ နေ့ဆွမ်းချိန်နီး၍ ဆွမ်းကပ်ပြီးသော် အင်းဝမြို့ဘက်သို့ ကူးကြလေ၏။

မြို့ဘက်မြို့ရောက်လျှင် အုတ်ကျောင်းတော်ကြီးသို့ အခမ်းအနားခင်းကျင်း၍ ဆရာတော် ဦးဗုတ်ကို ရွှေထီး ထီးဖြူများနှင့် မိုးကာ ပူဇော်ကြရာ ဘာတေတုန်းဟု မေး၏။ ဆရာတော်ဘုရားကို ထီးပူဇော်ပါကြောင်း မဟာဒါန်ဝန်က လျှောက်ရာ ရှုတ်တယ်ဟု မိန့်တော်မူပြီး ဒုကုဋ်သက်န်းကို ဥက္ကောင်းပေါ်တင်၍ ကြွတော်မူလေ၏။

အုတ်ကျောင်းတော်ကြီးသို့တက်တော်မူ၍ ဆရာတော်သဃ်ာတော်များအစုံ ဘုရင်မင်းမြတ်နှင့် မိဖုရားကြီး ဆွေတော်မျိုးတော် မှူးတော်မတ်တော် ပရိသာတ်တို့ စုံညီသည့်အခါ ကျောင်းတင်လှုဒါန်း ပရိတ်တော် တရားတော်ကို နာရ၍ ရေစက်သွန်းချအမျှပေးဝေသော ဆုတောင်းစာကို ပြော့ကြီးမှူး နာခံတော် နေမျိုးမင်းလှကျော်ထင်က ဖတ်လျှောက်ရသည်။

ကျောင်းတော်ကြီး လွှတ်အခမ်းအနားပြီးသောအခါ သာသနာပိုင် ဆရာတော် ဘုရားက ညောင်ကန် ဆရာတော် ဤတင်လှုအပ်သော ကျောင်းတော်ကြီးသည် ဆရာတော် နောင်တော်၏ အရိပ်အရာဖြစ်သည့်အတိုင်း ဆရာတော်အား ခံထိုက်သော အမွေ

ခံအဖြစ်နှင့် ဒါယကာတော်မင်းမြတ် တင်လှူကိုးကွယ်ခြင်းကို ပြုပါသည်။ တပည့်တော်တို့ကလည်း သာသနာ နေဝန်းကြီးသည် အရှိန်မစဲး ဖြစ်ပေတော့မည်ဟု ဝမ်းမြောက်ကြပါသည်။ တပည့်တော်တို့ အပေါ်နိုက်လည်း ကျမ်းဂန်ပိနည်းအရ မတိမ်းမယိမ်းရအောင် ညွှန်ပြတော်မူပေလိမ့်မည်ဟု ဝမ်းမြောက်ရမည် ဖြစ်ပါကြောင်း၊ ကြားသောအခါ-

ဆရာတော်ဦးဗုတ်က အင်း မင်းရေးမင်းခွင့်ယှိသည်တို့ကို မြို့တော်က ဆရာတော်တို့ ယှိပြီ။ ပိဋကတ်ကျမ်းဂန်နှင့် ဆိုင်သော သာသနာရေး သာသနာမှုကို တပည့်တော် တာဝန်ယှိစေဟု လျှောက်ကြားပြီးနောက် ထပ်၍ မမိန့်ချေ။

ရဟန်းပရိသတ် လူပရိသတ်တို့လည်း ရှုံးခွါ ကြွသွားကြလေ၏။

ဆရာတော်ဦးဗုတ် အုတ်ကျောင်းတော်ကြီးနိုက် သီတင်းသုံးသည့်နေ့ကစ၍ ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးတို့ တလ ၂ ကြိမ်ကျ ကျောင်းတော်သို့လှာ၍ ဆရာတော်ကို ပူဇော်ကန်တော့ကြရာ ၂ နှစ်တိုင်တိုင်ယှိသော်လည်း ဆရာတော်ဘုရားသည် စာကိုသာ ကြည့်တော်မူလျက်နေသည်။ စကားပြောဘို့နေနေသာသာ ဆရာတော်ဘုရားက ရှင်ဘုရင်နှင့် မိဖုရားကို ကြည့်ရှုခြင်းကိုမျှ မပြုပဲး နေတော်မူ၏။

## ဆင်ဖြူမယ်သွီးတော်တလေး

နောက်တကြိမ် မိဖုရားကြီး အကြံပေးချက်အရ လာရောက် ကန်တော့ပူဇော်ကြပြန်ရာ၊ သွီးတော်ဆင်ဖြူမယ်ကို အထိန်းတော်

များဆီ မထားပဲ မိဖုရားကြီး ကိုယ်တိုင်ချီ၍ ဆရာတော်ဘုရား ကို ဦးချပြီးလျှင် သွီးကလေးကို လွှတ်ထားသောအခါ သွီးတော် ဆင်ဖြူမယ်သည် ဆောင်ကပ်အတွင်း ပြေးလွှားနေရာမှ ဆရာ တော်ဘုရား ကြည့်ရှုတော်မူသော ပေစာများကို ရွှေကလပ်ပေါ် တင်ထားရာ ရွှေရောင်တောက်လျက်ဖြစ်၍ သွီးတော်ကလေးက သွားရောက်ပြီး ပေစာများကို ကိုင်ယူရာဆရာတော်ဦးဗုတ်က ဟဲ့- ဘယ်က ဗိုင်းတာမကလေးလဲးဟု မြည်တော်မူသောအခါ ရှင်ဘု ရင်နှင့် မိဖုရား ရယ်လျက် အထိန်းတော်က သွီးတော် ကလေးကို ယူပြီးသော် ကျောင်းကြီးပေါ်မှ ဆင်း၍ မြေပြင်သို့ ကျသောအ ခါ မိဖုရားကြီးက အားရဝမ်းသာ ငါတို့ ဆရာတော်ထံ လာ ရောက်ပူဇော်ရာ ၂ နှစ်ကျော်ချေပြီ။ သည်တခါ သွီးတော်ကလေး ကြောင့် ဆရာတော်ဘုရား မိန့်တော်မူသည်ကို ကြားရပေသည်ဟု မိန့်တော်မူလေ၏။ ။

## ဇီးချိုပင်အကြောင်း

အုတ်ကျောင်းတော်ကြီး မဟာရံအတွင်းက ပေါက်လျက် ယှိ သော ဇီးချိုပင်ကြီးသည် မဟာရံပြင်ဘက် လမ်းပေါ်သို့ ကိုင်းနေ ရာ လှည်းနှင့်သွားလာကြသည့်အခါ လူမလွတ်ယှိသောကြောင့် ၎င်းဇီးကိုင်းကိုပယ်ရန် ဆရာတော်ဘုရားထံ အခွင့်ပန်ပေးပါဟု မဟာဒါန်ဝန်ကို စေလွှတ်လေ၏။

မဟာဒါန်ဝန်လည်း အမိန့်အရ ဆရာတော်ဦးဗုတ်သို့ ဒါယ ကာတော်က အသျှင်ဘုရားထံ ဖူးမြှော်ကန်တော့လှာရာ ကျောင်း တော်ကြီးအတွင်းက ပေါက်သော ဇီးပင်သည် မဟာရံပြင်ဘက်

လမ်းပေါ်သို့ ကိုင်းနေသောကြောင့် ဥက္ကောင်းနဲ့ မလွတ်ပါသဖြင့် အနည်းငယ် ဇီးကိုင်းကို ပယ်ရန် အခွင့်သနားပါမည့် အကြောင်း လျှောက်ထားလိုက်ပါကြောင်းပါဘုရားဟု လျှောက်ရာ-

ငါ့ဇီးပင်က နန်းတော်ကို သွား၍ စော်ကားသည် မဟုတ်၊ ဇီးပင်အောက်ကို လှာတဲ့သူတို့သာ တာဝန်ယှိတယ်။ ဇီးကိုင်းနဲ့ မလွတ်ယင် လှာသောသူတို့ ဥက္ကောင်းကိုသာ ပယ်ရန်ယှိသည်ဟု ဆရာတော် ဦးဗုတ်က မိန့်တော်မူလိုက်လေ၏။ နောက်ထပ် မမိန့်ပဲ စာကြည့်နေတော်မူလေ၏။

ဤအကြောင်းကို ရှင်ဘုရင်သို့ မဟာဒါန်ဝန်က သံတော်ဦး တင်ရာ ဆရာတော်ဘုရား ခွင့်မပြုလျှင် ငါတို့က ရှောင်ရန် လမ်း ပြုလုပ်ပေတော့ဟု မိန့်တော်မူလေ၏။

ဤသည်တို့ကား ဘုံကျော်ဆရာတော်ဘုရားမိန့်ချက် စာတော် ဖတ်မင်း ဦးအုံ၏မှတ်စုပုရပိုက်တွင် ယှိသည်အတိုင်း ရေးကူး မှတ်သားချက်ဖြစ်သည်။

## တလိုင်းသူဝုန် ထကြွခြင်း

ပဲးခိုးနယ်တွင် သမိန်ပရူ အမည်ခံသူနှင့် သန်လျှင်ဝန်ကြီး ဟောင်း စေင်ငယ်၊ ငင်းသား ငခွေးငယ်၊ ငပိုငယ်၊ မုတ်ကျွန်း ငစံ၊ ဒလ ငထွန်းမြတ်၊ ငတော်လေး၊ ငချွာ၊ ငအောက်ဆံ၊ ကုရင်ဗိုလ် ဖြူ သောအောင်၊ ငပိုင်းကြီး၊ ငတွတ်တို့သည် တိုး-မုတ်-ဖျာပုံ ကျွန်းနေ သူပုန်များနှင့် ယှမ်း-ယွန်း၊ ကုရင်များပါ သွေးဆောင် ကြပြီးလျှင် လက်နက်အား လူအားနှင့် ပဲးခိုးနယ် သန်လျှင်ကျွန်း

က တပ်မြေကတုတ် ပြုလုပ်ထကြွ တိုက်ခိုက်ကြသည်။ ဒလနယ်က လည်း ပိုင်တူရွာတွင် ဟသ်ာရုပ် အလံစိုက်၍ ခုခံထကြွလျက် ယှိ ကြလေသည်။

ရင်းသူပုန်ရန်သူများကို ဟံသာဝတီဝန်ကြီး မင်းကြီး မဟာ မင်းလှရာဇာ၊ ဘုန်းတော်ဖြစ်ဗိုလ် နေမျိုးမင်းခေါင်၊ စားတော် ဝန် မင်းလှမင်းခေါင်၊ ပုဂံတောင်တိုက်သူကြီး ငမှိုင်း၊ မှော်ဝန်း တိုက်သူကြီး ငကြောညို၊ ယွန်းအုပ် ငရွှေစ၊ ရေဝန် နေမျိုးနော်ရ ထားကျော်စွာ၊ စစ်ကဲ နေမျိုးဇေယကျော်ခေါင်၊ မြို့စာရေး နရာ ရဲလှနော်ရထာ၊ အဆောင်တော်မြဲ နေမျိုးမင်းလှရာဇကျော်၊ မြင်းခုံတိုင် မြို့စား ဘုန်းတော်ဖြစ်ဗိုလ် မဟာမင်းခေါင်သင်္ခယာ၊ မြောက်မာရတင်ဗိုလ် မဟာသီဟမင်းကျော်၊ ဇနဲ့ကျီတိုက်ဝန် မဟာမင်းခေါင်၊ ဘုန်းတော်ဖြစ်ဗိုလ် နေမျိုး သီဟမင်းခေါင် ကျော်၊ သူရဲတပ်မှူး ရဲထင်ရန်အောင်။

မင်းခေါင်ရဲထင်ကျော်၊ မင်းထင်သီဟရဲခေါင်၊ မင်းထင် ရဲခေါင်၊ မဟာမင်းလှကျော်ခေါင်၊ မဟာမင်းကျော်။ မဟာ နန္ဒရာဇာ၊ နေမျိုးရဲခေါင်ကျော်ထင်၊ မင်းရဲကျော်ခေါင်၊ ဥဒိန် ကာမဏိကျော်ထင်၊ မင်းခေါင်ကျော်ထင်၊ မဟာမင်းခေါင်ကျော်၊ မဟာမင်းလှသူရိန်၊ မင်းခေါင် ရဲကျော်၊ မင်းကျော် အာကာ၊ မဟာသူရ၊ မင်းထင်တန်ဆောင်၊ နေမျိုးရဲခေါင်၊ နေမျိုး သူရ ကျော်ခေါင်၊ မဟာမင်းလှမင်းခေါင်၊ ဣန္ဒမင်းခေါင်၊ မင်းခေါင် သူရိန်၊ မင်းထင်မင်းခေါင်ကျော်၊ နေမျိုးမင်းခေါင်ကျော်ထင်၊ နေမျိုးသီဟမင်းခေါင်၊ အဂ္ဂသေနကျော်ခေါင်၊ ဝန်ကြီးမင်းကြီး

ကျော်ထင်၊ မုတ္တမမြို့ဝန် မင်းကြီးမဟာဥဇနာ၊ အခွန်ဝန် နေမျိုး ရဲထင်နော်ရထာ၊ ပဲခူးမြို့ စစ်ကဲနေမျိုးသီရိကျော်ခေါင်၊ မြို့သူကြီး ရဲခေါင်သီဟ၊ ကျောက်မော်မြို့သူကြီး သောရွှဲ။

လိုင်မြို့သူကြီး မဟာသီရိဇေယဗိုလ်၊ ဒလမြို့သူကြီး မဟာဇေယသမန္တဗိုလ်၊ ဘုန်းတော်ဖြစ်ဗိုလ် နေမျိုးမင်းခေါင်၊ ဟသ်ာတမြို့သော၊ ရန်ကုန်စွန်းလွန်းနတ်ရှင်ရွေးဗိုလ် နတ်ရှင်ရဲကျော်နော်ရထာ၊ ဒလမြို့သူကြီးသား သော၊ စစ်တောင်းမြို့ဝန် ရဲစက်ကျော်သူ၊ အင်ပူမြို့သူကြီး၊ သုံးခွပုံနင်း ငရွှေပု၊ မုတ္တမမြို့ အခွန်ဝန် နေမျိုးရဲထင်နော်ရထာ၊ ပဲခူးမြို့သူကြီးယောက်ဖ ငပို၊ ဖောင်းလင်းမြို့သူကြီး ငရွှေလူ၊ အမှုထမ်း ရဲလှကျော်ထင်။ စစ်ကဲ သီရိစန္ဒသူ၊ ပန်းတောင်း ကြံခင်း ၂ မြို့ဝန် မဟာမင်းကျော်နော်ရထာ၊ ဟံသာဝတီ စစ်ကဲနေမျိုး ဘယကျော်ခေါင်၊ ပြည်မြို့ဝန် မဟာမင်းလှစည်သူ။ အမှုထမ်း ရွှေတောင်ဇေယကျော်ငရွှေငြိမ်း။ ကြေးမြင့်ဒိုင်တောင်လုံးပုံနင်း ငမြတ်ညို၊ စစ်တောင်းမြို့ဝန် ရဲစက်ကျော်သူ၊ သာယာဝတီမြို့ဝန် နေမျိုးလကျ်ာကျော်ထင်၊ တပ်မှူးငခွေး၊ ရွှေကျင်မြို့ဝန် နေမျိုးရဲခေါင်ကျော်ထင်၊ သံမြင်းတုံး မြို့စာရေး ရွှေတောင် ရဲလှနော်ရထာ။

ပုသိမ်ဝစာရေး ရွှေတောင်ကျော်စွာ၊ အခွန်ဝန် ကျော်ထင်ဗလ၊ ဟံသာဝတီမြို့ နားခံနေမျိုးဇေယသူ၊ ရွှေပြည်မှန်ကင်းတပ်မှူးနန္ဒကျော်ထင်၊ ဟံသာဝတီမြို့စာရေး ရွှေတောင်နန္ဒမိတ်စည်သူ၊ ရေဝန်အုပ်စု အမှုထမ်း ငချင်း၊ ငစံတုတ်၊ ရေဝန်နေမျိုးနော်ရထာကျော်စွာ၊ မြောက်မာရဘင် တပ်မှူး လက်ဝဲ သန်

ရဲးကျော်၊ ဟံသာဝတီမြို့ နားခံ နေမျိုးသူရခေါင်၊ ရတနာပုံ တိုက်စိုးဇေယနော်ရထာ၊ ရွှေတောင် နော်ရထာကျော်ခေါင်၊ အမှုထမ်း နရာကျော်သူ၊ အရပ်သား ငစို၊ ရေဝန်အုပ်စု ညို၊ ယေးမြို့ဝန် နေမျိုးမင်းကျော်၊ မြေထဲးဝန်ကြီးအမှုထမ်းဟောင်း အာကာကျော်ထင်၊ လိုင်မြို့ဝန်ရွှေတောင်ကျော်စွာထင်၊ မြောက် ဒဝယ်တပ်မှူး ရဲးလှသူရိန်ရွှေတောင်၊ တောင်ဒဝယ်တပ်မှူး ရွှေ တောင်ရန်ခွင်းရဲးထင်၊ နတ်စု လက်ဝဲးတပ်မှူး တုရင်ရန်အောင်။

ဟင်္သာတတပ် သော အစေးရောက်စာရေး ဇေယကျော်ထင် နော်ရထာအမှာရေးရွှေတောင်ရာဇသီရိ မြို့စာရေးရာဇရွှေတောင်၊ ရတနာပုံ တိုက်စိုး သီဟ နော်ရထာ အမှုထမ်း သီရိကျော်ထင် နော်ရထာ အမှုထမ်းနရာဇေယ၊ ပဲးခိုးမြို့ နေမျိုးရဲးလှ ကျော်သူ အခရိန်မြို့ငပန်းပုံ ဖောင်းလင်းမြို့သောပေး မအူမြို့ ငဝင်း၊ ဆင် မှူး ငရဲ၊ ဗိုင်းကနိုင်း ငမြတ်ဦး ဘောနီရွာ ငဆိုးပုံ တပ်မှူး နတ် ရှင်ရဲးကျော်နော်ရထာ တပ်မှူး တုရင်ရန်အောင် ပြည်မြို့ တပ်မှူး ငရန်ကင်း၊ ငရန်၊ ကြံခင်းတပ်မှူးငယောက်ကြီး၊ ငမှတ်၊ ပုသိန်မြို့ဝန် နေမျိုးမင်းလှကျော်သူ သံမြင်းတုံးမြို့အုပ် နေမျိုးရာဇာ ဘုန်း တော်ဖြစ်ပိုလ် နေမျိုးသီဟမင်းခေါင်ကျော် သူရဲးတပ်မှူး ရဲးထင် ရန်အောင် မဟာသီဟ မင်းကျော် ဇန့်ကျိတိုက်ဝန် မင်းခေါင် ရဲးထင် မင်းလှတန်ဆောင်နှင့် ပုခန်းကြီးမြို့ အမှုထမ်း ပုသိန်မြို့ဝန် မင်းကျော်မင်းထင် အမှာရေး နေမျိုးနရာကျော်တို့နှင့် စိုင်းပြင်း ညီညွတ်ကြသဖြင့် ဟံသာဝတီ ဝန်ကြီးမင်း အစီအမံ အတိုင်း တလိုင်းသူပုန် ရန်သူတို့တပ်ကို ဖြိုဖျက်နှိမ်နင်းတိုက်ခိုက်ရာ အမြို့မြို့ အနယ်နယ်တို့နှိုက် စစ်လမ်းစစ်ဝ လမ်းပေါက်များကို ဆို့ပိတ်ပြီး

ရန်သူများကို တွန်းလှန် ကြသည်အတွက် သူပုန်ရန်သူတို့သည် ကြက်ငယ်ကလေးများ ပျောက်သကဲ့သို့ ငြိမ်ဝပ်ပိပြား၍ အရေး အောင်နိုင်ခြင်းသို့ ရောက်လေသည်။

သက္ကရာဇ် ၁၁၈၈-ခု တန်ဆောင်မုန်းလကစ၍ တလိုင်းတို့ သူပုန်တပ်ကို ခုခံနှိမ်နင်းရာ တပေါင်းလအထိ ငါးလတိုင် နှိမ်နင်း ဖြိုဖျက်ရလေသည်။

တလိုင်းများ ထကြွပုန်ကန် သောင်းကျန်းခြင်းကား ကုလား များနှင့် အရေးဖြစ်ပြီးနောက် တလိုင်းမင်း ထွန်းပေါ် လှာလိမ့် မည်ဟု တလိုင်းဘာသာ သိုက်စာအဆို ယိုသည်ဟူ၍ ထကြွပုန် ကန်ခြင်း ဖြစ်ကြလေသည်။

ဘက်တော်က သုံးခွပွဲနင်း ရွှေပုနှင့် သားမယား များကို တလိုင်းတို့က ဖမ်းယူ၍ သန်လျှင်ကျွန်းသို့ ပို့ထားလေသည်။ ဖောင်းလင်းမြို့သူကြီး ရွှေလူနှင့် ငယ်သား အော ခွေးတို့ကျဆုံး ခြင်းခံရ၍ ၎င်းသားမယားများကို အမိန့်တော်နှင့် ရန်ကုန်ဝန် ကြီးက အသက်မွေးရာ မွေးကြောင်းဖြင့် နေရာချထား၍ အယွယ် ရောက်သော သားကြီးများယှိခဲ့သော် မြို့သူကြီး ရွာသူကြီးအလုပ် ကို ခန့်ထားစေ။ သုံးခွပွဲနင်းရွှေပု အသက်မသေယှိက မိမိရာထူး ရင်းအတိုင်း သုံးခွသို့ ရွှေပြောင်းနေထိုင်စေ၊ ဘက်တော်က အချို့ ကျဆုံးသော ငါ၏ အမှုတော်ထမ်းတို့၏ မယားသားသွီးအမည် သက်ယွယ်နှင့်တကွ ဆိုင်ရာ ဝန်တို့က စာရင်းတင်သွင်းစေ။

ရန်သူဖြစ်သော သမိန်စက္ကဝေါခံ ထွေးမြတ်ငယ် သမိန်နွတ် မမွှရာဇခံ တေငယ် အမျုးအကြီးပြုသူ ကုရင်ဗိုလ် ဖြေ တေ ရွှေနု ရွှေမောင် သမိန်ပရူခံ သန်လျှင်ဝန်ကြီးဟောင်း ခွေးငယ် စေပ်

ငယ် ငပိုငယ်တို့ကို နှိပ်စက်ညှင်းပန်းခြင်းမပြုရ။ ၎င်းတို့နေရာ အရပ်ကို ပြန်လိုက ပြန်စေ ဖမ်းဆီးထားသော သူပုန်ရန်သူများကို မနှိပ်စက်မညှင်းပန်းပဲ ၎င်းတို့နေရပ်သို့ ပြန်စေ၊ အရပ်ရပ်အရေး ကိစ္စဟူသရွေ့ကို ဟံသာဝတီ ဝန်ကြီးက မေတ္တာတရားနှင့် အေး ချမ်းအောင်စီမံစေ၊ ပြီးလျှင် ရွှေဘွားတော်အောက်ရောက်စေ။

## တိုင်ပင်ခံအပါးတော်မြဲ အမှုထမ်းတို့ကို ချီးမြှောက်ခြင်း

၁။ လက်ဝဲတော် နေရာလွှတ်နေရာ ကျီဝန်နေမျိုး ဇေယ နော်ရထာကို မဟာမင်းကြီးမင်းခေါင် ဘွဲ့အမည် ပေးသနား တော်မူသည်။

၂။ လက်ဝဲတော် နေရာလွှတ်နေရာ ဝန်ကြီးနေမျိုးသီဟသူ ရကို သက်တော်ရှည် ဘွဲ့အမည်ကို သနားတော်မူသည်။

၃။ လက်ျာတော် နေရာလွှတ်နေရာ ဝန်ကြီးမဟာ မင်းလှ မင်းခေါင်ကို မင်းကြီးမဟာမင်းခေါင်ဘွဲ့အမည်ပေး သနားတော် မူသည်။

၄။ လက်ျာတော် နေရာလွှတ်နေရာ အတွင်းဝန် နေမျိုး မင်းလှရာဇာကို မင်းကြီးမဟာမင်းလှရာဇာ ဘွဲ့အမည်ကို သနား တော်မူသည်။

၅။ လက်ျာတော် တော်ချွန်နေရာနေ သီရိမဟာသီဟသူ ကို မင်းကြီးမဟာသီရိသီဟသူ ဘွဲ့အမည်ကို သနားတော်မူသည်။

၆။ လက်ဝဲတော်ဦး နေရာနေ ဝန်ကြီး နေမျိုးရာဇာသူကို မင်းကြီးမဟာ ဘွဲ့အမည်ကို သနားတော်မူသည်။

၇။ လက်ဝဲတော် တော်နေရာနေ အတွင်းဝန် နေမျိုး ဇေယာသူရကို သီရိမဟာဇေယသူရ ဘွဲ့အမည်ကို သနားတော်မူသည်။

၈။ ရှေ့ဝင်းတော်မှူး နေမျိုးမင်းခေါင်နော်ရထာကို မင်းကြီးမင်းလှမင်းခေါင် ဘွဲ့အမည်ကို သနားတော်မူသည်။

၉။ လက်ဝဲ ဝင်းတော်မှူး နေမျိုးကျော်ထင်စည်သူကို မင်းလှကျော်ထင် ဘွဲ့အမည်ကို သနားတော်မူသည်။

၎င်းဘွဲ့အမည် ချီးမြှင့်ခြင်းကို ခံရသော ဝန်စုမှူးစုတို့သည်ကား ဘုရင်မင်းမြတ်၏ တိုင်ပင်ခံ အတွင်းယုံ ဝန်ကြီးမှူးကြီးများ ဖြစ်ကြလေသည်။

ရှေ့တော်နှိုက် ခစားသည့်အခါ လက်ျာဘက်က ခစားရသူကို လက်ျာတော်နေ၊ လက်ဝဲဘက်က ခစားသူကို လက်ဝဲတော်နေ ခေါ်ရသည်။

နေရာလွတ်နေရာနေရာမှာ သီးခြားထားသည်မယို၊ ရှေ့တော်နှိုက် ခစားသည့်အခါ နေလိုရာကနေ၍ ခစားနိုင်သည်။ ရာဇပြစ်မှုကင်းလွတ်သည်။ ဘုရင်မင်းမြတ်ထံသို့ အချိန်အခါမရွေး ဝင်၍ လျှောက်ထားနိုင်ခွင့်ရသည်။

တော်ချွန်နေရာဟူသည် တော်နေရာပိုင်း ရှေ့ဆုံးထောင့် အချွန်က ခစားရသည်ကို ဆိုသည်။

## ဝါကျွတ်အလှူတော်ပွဲ၊ ကျောင်းပခြင်း

သက္ကရာဇ် ၁၁၈၂-ခု သီတင်းကျွတ်လ အလှူတော်ပွဲသဘင် ကျောင်းပတော်မူရာ ဆရာတော် သံဃာတော်မြတ်တို့ ဟောရွတ်တော်မူသော ပရိတ်တော် တရားတော်ကို နာ၍ ရေစက်သွန်းချတော်မူပြီး အဆုံး ဝက်မစွတ်မြို့စား မဟာသီရိစည်သူ ရေးသားဆက်သွင်းသော ဆုတောင်းစာကို နားခံတော် ပြေငြကြီးမှူးနေမျိုးမင်းလှကျော်ထင် ဖတ်လျှောက်ရသော ဆုတောင်းစာကား။

ဇေယျတု။ ။ အောင်သူတကာတို့၏ ဘဂဝါဘိက္ကရတ်ပရက္ကမဓာတ် ဘဂျနတ် ဖြစ်တော်မူသော သဗ္ဗညုတပွင့်လျာ မဟာလေ့ကား ပျို့ရှားကြိုင်မော ပွင့်ရွှေတောက နတ်တို့သ၍ သမုဒ္ဒရာကမ်းနှုတ် ဝဲသုတ်ခုန်ကြွ ဂမ္ဘူန်ထသို့သော နိဗ္ဗာနရိန္ဓမာ ဂဇိန္ဒာဓိပတိ ဆင်မင်းသခင် မင်းကွန်းထိပ်မိုး ပုထိုးကြီးအောက် ကြက်ယက်မြောက်နှိုက် ငါးလုံးတောင်ညို ရာဇဗြိုဟ်ကလန္ဒ သွယ်ပုံချသော အမရပူရ ရွှေမြို့တော်ကြီးသခင် ပုလဲပတ္တမြား ပြယားကြောင်စိန် ဣန္ဒနီလာ မသာရကလ် ဝင်းသဏ်စသော အထူးထူးသော ရတနာမျိုးများသခင် ပြည်ထဲလေးပါး နွားနှင့်သားလည်း မခြားမနား တရားရိုးဖြောင့် ဘုန်းကျိုးစောင့်သာ ပြောင်မွန်သီလဝါ စကြာများသခင် ပြည်ထောင်တိုင်းခြား မင်းတပါးနှင့် ရထားသဘင် နှင်ချင်းနှင်လည်း ခိုဝင်နိမ့်ချ ရှောင်လွှဲရသော ရထားစီးချင်း ထီးစင်းတရားများသခင် ဘုရင်တကာတို့ အထွတ် ဖြစ်တော်မူသော သီရိတြိဘဝနာ မဟာဓမ္မရာဇ် တရားမင်းမြတ်သည်။

ပြုံးချင်းကားရွှေး ငြိမ့်လေးနှုတ်ချို ဆိုခြင်းကားနှောင်း စကားကောင်းဘိ အကြောင်းရှိသော မြတ်သော တောင်မိဖုရား ခေါင်ကြီး သမီးတော်မြတ် နတ်အနှုန်းချင့် ပင်လုံးပွင့်သော အင်ကြင့်ပင်ပျိုသဏ္ဍာန် ဘုန်းကြန်လက္ခဏာ ကောင်းမြတ်စွာ သော အစုံရတနာ နရိန္ဒာဒေဝီနှင့်တကွ မင်းညီမင်းသား မင်းမိဖု ရား မင်းဆွေစိုးမျိုး မှူးရိုးမတ်ကြီး ဖျင်ညီးခတ်မျှ ဖြူဝန်းဖြန့် ကျက် ရွှေနန်းထက်နှိုက် တရားမမွှစက် ငြိမ်သက်တော်မူဆဲအခါ။

ဂေါဇာသက္ကရာဇ် ၁၁၈၂-ခု ဥတုဝဿာန စိတြနက္ခတ် ၂ ပါဒ် ထွက်ပြု ကန်တူဝေခြမ်း မဖွေလမ်းသို့ တနင်္ဂနွေပြိုဟ်မင်း ကူးဆင်းပြောင်းအချိန် သန္တုဝသနီ စန္ဒီရွှန်းစက် ဝန်းသည့် ရက်နှိုက် ပြည်ပပြည်ထဲ ရဲရဲညီးပြောင် မီးတောင်ဗဟိုရ် မြင်းမိုရ်မေရု မြေထုရေထု မင်းတို့မူဖြင့် တင်လျှုပူဇော်တော်မူ၍ ဝါကျွတ်လျှုဒါန်း ရွှေနန်းသဘင် ယင်တော်မူသည်။

စက်တော်ရာ ရှင်ဖြူဘုရား ရွှေချက်သိုဘုရား မဟာဝိဇယရံသီ ဘုရား မဟာမုနိဘုရားမှစ၍ သုံးဆဲ့ခုနစ်ဆူ စွယ်ဖြူဥဏ္ဏလို စည်းခုံဂူထွတ် ယှစ္စရွှတ်ဓာတ် ရုပ်ရှင်မြတ်တို့အားလည်း ရွှေဆင် တော် ဆင်ဖြူတော် ဆင်နီတော် မြင်းယာဉ်တော် လှော်ကား တော် သင်းဘောလှေတော် ရွှေငွေကြေးသံ ဆန်စပါး ဆားငါး ပြုပ် တိုက်မျိုးကျီမျိုး ထီးဖြူထီးနီ တမ်းခွန်ကုဏ္ဍား မုလေးဖွား ပန်းရေချမ်း ပူဇော်တော်ပွဲ စသည်တို့ဖြင့် လှုဒါန်းပူဇော်တော် မူသည်။

ဤကောင်းမှုကြောင့် ပစ္ဆိမဘဝ သဗ္ဗညုတဉာဏ် နိဗ္ဗာန်နန်း ကို ပွင့်လိုသော။ ဘဝများစွာ သံသရာလည်း ပါရမီအပြား တရား ရွှေကိုယ် ပွင့်လိုသော။

ဆုတောင်းပတ္ထနာတော်နှင့်တကွ ဝသုန္ဒြေ မြေစောင့်နတ်သားအား ရွှေကရားဖြင့် ရေစက်သွန်းချ တိုင်တန်းတော်မူသည်။

ဤကောင်းမှုတို့ကိုလည်း ရတနာသိယ် ရတနာပူရ ဇေယာပူရ အမရပူရ နန်းတည်လွတ်ကင်း အထွတ်နင်းသော ဘေးတော် ဘိုးတော် ဘွားတော် မယ်တော် ခမည်းတော် ဒေဝရာဇ် ဆွေတော်မျိုးချစ် ခြောက်ရွာဖြစ်တို့မှစ၍ သုံးဆဲ့တဘုံ ဝေနေယျအား အမျှပေးဝေတော်မူသည် အမျှရကြသည် ဖြစ်စေသော။ ။

ဤဆုတောင်းစာသည်ကား ရာဇဝင်နှိုက်မပါ။ ပြော့ကြီးမှူးဝေါကြီးမှူး သံတော်ဆင့်များနှိုက် ထားတတ်၏။ မူတော် ပုရပိုက်နှိုက် ယှိ၏။ ဗဟုသုတ လိုသူတို့အတွက် ထည့်လိုက်သည်။ ရင်းစာကို ဖတ်သောအခါ အသံတမျိုး ထားရသည်။

ဤအလှူတော်သည် မြင်းမိုရ်ပွဲ အလှူတော်လည်း ခေါ်သည်။ ဝင်းတော်ကြီးတို့နှိုက် ဇာတ်ရုပ်စုံသဘင် ကျင်းပရသောကြောင့် ဝန်းပွဲ ဝင်းပွဲလည်းခေါ်သည်။ နန်းတော်ကြီးရှေ့နှိုက် ဇာတ်တော်ကြီး စင်တော်ကြီးများ ကျင်းပကပြရသည်။ ည ၄ ချက်တီးက ပွဲထွက်ရသည်။ ညတချက်တီးကျော်လျှင် ပွဲသိမ်းရသည်။ ကပြခင်းကျင်းသော ဇာတ်မဆုံးလျှင် နောက်တညဆက်၍ ကပြရသည်။

ဤအခါ ဘုရင်မင်းမြတ်နှင့် မိဖုရားများ သားတော် သမီးတော်များ ဆွေတော်မျိုးတော်များ အတွင်းဌာန အမှုထမ်းအရာထမ်းများ ကြည့်ရှုကြရသည်။

ဝင်းပွဲမှာ မြို့တွင်းယှိ အမှုထမ်းများနှင့် နီးရာအရပ်များကလာရောက် ကြည့်ရှုကြရသည်။

## သိမ်တော် ကျောင်းတော်ကြီးများကို လှူတန်းတော်မူခြင်း

သက္ကရာဇ် ၁၁၉၆ ခု တန်ခူးလဆန်း ၉ ရက် တနင်္လာနေ့ သိမ်တော်ကျောင်းတော်များကို ရေစက်သွန်းချတော်မူရာ ဝက်မစွတ်မြို့စား မဟာစည်သူဆက်သွင်းသော ဆုတောင်းစာကို နားခံတော် ပြော့ကြီးမှူး နေမျိုးမင်းလှကျော်ထင် ဖတ်လျှောက်ရသည်။

ဇေယျတု။ ။ အောင်သူတကာတို့၏ ရာဇိန္ဒာဓိပတိဒ္ဓိပဒုတ္တမ ဥတ္တမ္မလောကဓာတ် မဏိဇောတိရည် မနောနတ် ဖြစ်တော်မူသော သဗ္ဗညုပွင့်လျာ မှာမှာသမုဒ္ဒရာစ် လွှင့်ပစ်နွဲ့းချုပ် ဝဲးပျံ့သုတ်သော နိဗ္ဗာန်ရိန္ဒမာ ဘိန္နာရမ္မဏာ ကေလာသဂီရိ ဆင်မင်းသခင် ရတနာပူရ စတုတ္တမင်း ကြံ့ကြံ့ကြိုးရင့် ဖြန့်မိုးဖွင့်သော သီရိပဝေသ ရွှေဝမြို့ကြီးသခင် သမုဒ္ဒရာတိုင်းကား မင်းတလွှားတို့ ဖောက်ပြားယွင်းတွက် သစ္စာယွက်က ထိပ်ထက်ဝရဇိန် လက်ချိန်ခြစ်ခြစ် ပစ်ဘိ၏သို့ ရထားခရီး ဝေကြီးဝေးက ရှိခိုးညွှတ်ခ ရှောင်လွှဲးရသော ဇမ္ဗူဒိပ်မင်းတကာတို့သခင် အသျှင်ဘဝရှင် မဟာဓမ္မရာဇ် တရားမင်းမြတ်သည်။

သီရိပဝရတိလောက မဟာရာဇိန္ဒာရတနာဒေဝီအမည်ရှိသော မြတ်သော တောင်မိဖုရားခေါင်ကြီးနှင့်တကွ ပြည်ထောင်ရွှေဝတတိယဘုန်းရှိ သုံးကြိမ်ချီသော ကျောင်းတော်ဒါယကာရင်းဘိုးတော်ဆင်ဖြူရှင် အရိုက်အရာ ဘုံကျော်စံလွှတ် ကျောင်းတော်ကြီးကို သာသနာတော်၌ မတိတ်ဆိတ်စေသင့် မြီးမြှင့်ပြုစုတော်မူမည်။ ရွှေနှလုံးတော်မြတ် ထုပွတ်ထဲးထိ သိတော်မူသောအားဖြင့်

အုတ်ကျောက်သစ်ဘိုး ထုံးအင်္ဂတေ၊ ရွှေသင်္ဂဇ္ဇွေး၊ ကံ့ကျေးလက္ခ ငွေတော်(၉၀၄၉ဝိ)ကို ရွှေတိုက်တော်မှထုတ်၍, တံတိုင်းမဟာရံ ကျောင်းဦးပြသဒ်တော်နှင့်တကွ လက်သမားတော် ပန်းရံကျော် တို့အား ပြုဘွယ်ကိစ္စမကျန် စောင့်ဘန်မြဲသေ ဆောက်လုပ်စေပြီး သီရိမဟာ အသောကရာမတိုက် ဘုံကျော်မဟာအောင်မြေဘုံသာ သမိုက်မော်ကွန်း တင်ထားထိုးမှတ်တော်မူ၍, ဘိုးတော်ဆင်ဖြူ ရှင်မင်းတရား ဆဒ္ဒန်ဆင်မင်းသခင် မင်းတြား အောင်ပွဲသဘင် စံရွှင်တော်တူရာဖြစ်သော စံနန်းတော်ရာမြေနှိုက် သိမ္မရာဇ် တောင် ၈၀ တောင်အတွင်း သမာနသံဝါသ အဝိပ္ပဝါသ ဗဒ္ဓ ရိုပ်ငြိမ် နိမိတ်သိမ်ကို ဉာတ်ကမ္မဝါ ရွှေစာတင်ဖတ် ပညတ်ပရမတ် မန္တာန်ရွတ်လျက် အမွှန့်ရှည်စွာ ထာဝရဖြစ်စေ သမုတ်ပြဌာန်း တော်မူ၍, ကျောင်းတော်ဦး တန်ဆောင်း တော်အောက် ဆောက်အပ်သော ထီးဖြူတော်အတွင်း ခင်းအပ်သော ပလ္လင် တော်ထက် သာဘီသေက မိဖုရားကြီး သမီးတော်ချစ် သီရိပဝရ တိလောက မဟာရတနာဒေဝီ နတ်ပြီရုပ်ဝါ ဗြဟ္မာသဟံ ကောင်းကင်ပျံတို့ကဲ့သို့ ရွှေဘုန်းစမွယ် တင့်တယ်တော်မူလျက် ရတနာရွှေကျောင်းတော်ကို (မုနိန္ဒာဘိဝံသ ဓမ္မသေနာပတိ သီရိ သဒ္ဓမ္မပါလ မဟာဓမ္မရာဇာဓိ ရာဇဂုရု) ဆရာတော်ကြီးအား အဦးထားလျက် သင်္ဃာတော်မြတ်တို့အား တင်လှူပူဇော်တော် မူ၍, အထူးထူးသော ဆွမ်းဘောဇဉ် သင်္ကန်းသပိတ် ပရိက္ခရာ အပေါင်းရဟန်းနှင့် ကျောင်းသုံးကောင်းသမျှ သီးစုံပွင့်စုံနှင်နှင် ပဒေသပင်ရေ (၁၂၀) ဓမ္မိရာလဒ္ဓဒါတဗ္ဗတို့ဖြင့် အနုမောဒနာ သဘင်ယင်တော်မူ၍, တရားတော်ကို အကြိမ်များစွာ နာတော် မူသည်။

မင်းညီမင်းသား မှူးတော်မတ်တော် ကတော်မယား ပုံမ်ဏား ပုံမ်ဏေး သူဌေးသူကြွယ်တို့အားလည်း ကောဒုမ္ဗရ ခေါမကာသိကရာဇ် ကျည်းဖြစ်ထွန်းထုပ် အုပ်မျိုးထည်မျိုး ပဆိုးပစ္စုူ စုလျားဖြူတို့ဖြင့် နှစ်သိမ့်ဖျော်ဖြေ ရောင့်ရဲစေပြီး ဝေးနီးမျက်နှာ ရောက်လှာကုန်သော လူတို့အားလည်း ခေါင်းပါးဦးရစ် ခွက်အစ်ဖလား စပါးဆန်ရေ ရွှေငွေအာမိဿတို့ဖြင့် မဝ မရ မရှိစေရ ဝေငှပေးကမ်းတော်မူသည်။

ကျောင်းတော် အကြီးအကြပ် ပန်းချီပန်းရံ သံသစ္စေးစသော ခေါင်းလူတို့အားလည်း ဆိပ်တည်ပွဲးကင်း ကူးတို့စားကျေးရွာလက်ဘွဲ့ အမည်အရည် အထိုက်အလျောက် သနားတော်မြတ် ခံစေရသည်။

ထောင်တန်း အကျဉ်းအကြပ် သေပြစ်သေဒဏ် ထိုက်သောသူတို့အားလည်း မသေမပျောက်ရ သက်ဒါနဖြင့် ဘေးမဲ့ပေးလျှုတော်မူသည်။

ဤကောင်းမှုကြောင့် ပစ္ဆိမဘာဝ သဗ္ဗညုတဉာဏ် နိဗ္ဗာန်အထွတ်တိုင်လိုသော။ ဘဝများစွာ သံသရာလည်း ပါရမီအပြားတရားကျင့်ဆောင်နိုင်လိုသော၊ ဆုတောင်းပတ္ထနာတော်နှင့်တကွ ဝသုန္ဒြေ မြေစောင့်နတ်အား ရွှေကရားဖြင့် ရေစက်သွန်းချ တိုင်တန်းတော်မူသည်။

ဤကောင်းမှုအဘို့ကိုလည်း ရတနာသိယ် ရတနာပူရ ဇေယာပူရ အမရပူရ ဘေးတော် ဘိုးတော် ဘွားတော် မယ်တော် ခမည်းတော် ဒေဝရာဇ် ဆွေတော်မျိုးချစ် ခြောက်ရွာဖြစ်တို့အား အဦးထားလျက် သုံးဆဲ့တဘုံ ဝေနေယျတို့အား အမျှဝေတော်မူသည်။

(အမှာ) ၎င်းဆုတောင်းစာနှိုက် နားခံတော် ပြောကြီးမှုး ဖတ်လျှောက်ရသော ရွှေပုရပိုက်တော်မူမှာ အပိုင်းအခြား ပုဒ်မ ပြုထားလျက်မယှိ။ ဖတ်လျှောက်သောအခါ မိမိဉာဏ်နှင့် ပိုင်း ဖြတ်၍ ရပ်သင့်သောနေရာတွင် ရပ်တန့်ရသည်ဟုသံတော်ဆင့်များ ပြောသည်။

သက္ကရာဇ် ၁၁၉၆ ခု တန်ခူးလဆန်း ၉ ရက် တနင်းလာနေ့ သိမ်တော်ကျောင်းတော်များကို ရေစက်သွန်းရန် အသျှင် ၂ ပါး ထွက်တော်မူ၍ စံနန်းတော်တွင် စံတော်မူသည်။ ၎င်းတန်ခူး လဆန်း ၁၄ ရက် စနေနေ့ည ၂ ချက်တီးကျော်။ ၎င်းလဆန်း ၁၅ ရက် တနင်္ဂနွေနေ့အဝင် သင်္ကြန်ကျသည်။ ၎င်းလပြည့်ကျော် ၁ ရက် တနင်းလာနေ့ ကြပ်သည်။ ၎င်းလပြည့်ကျော် ၂ ရက် အင်္ဂါနေ့ သင်္ကြန်တက်သည်။ ၎င်းလပြည့်ကျော် ၃ ရက် ဗုဒ္ဓဟူး နေ့ ၁၁၉၇ ခု ရေးမှတ်ကြသည်။

၎င်းတန်ခူးလဆန်း ၁၅ ရက် တနင်္ဂနွေနေ့ စံနန်းတော်ရာ ဟောင်းမြေရာတွင် သိမ်တော်သမုတ်တော်မူ၍ စံနန်းတော်သို့ ဝင်တော်မူသည်။ ၎င်းလပြည့်ကျော် ၅ ရက် သောကြာနေ့ ထွက် တော်မူ၍ ကျောင်းတော် ရေစက်တော်သွန်း တန်ဆောင်းတော် တွင် သာသနာပိုင် ဆရာတော်ကြီး (မုနိန္ဒာဘိဝံသ ဓမ္မသေနာပတိ သီရိသဒ္ဓမ္မပါလ မဟာဓမ္မရာဇာဓိရာဇဂုရု)နှင့် ၁၂ ပါးကို တံဆိပ် လှူတော်မူသည်။

သက္ကရာဇ် ၁၁၉၇ ခု တန်းခူးလပြည့်ကျော် ၈ ရက် တနင်း လာနေ့ ဘုံကျော်အောင်မြေဘုံကျောင်းတော်ကို အသျှင် ၂ ပါး ထွက်တော်မူ၍ ရေစက်သွန်းချ လှူတော်မူသည်။

ကျောင်းတော်ကိုလည်း သာသနာပြုဆရာတော်ကို လှူတော်မူသည်။ ၎င်းနေ့ ဝက်မစွတ်မြို့စား မဟာစည်သူဆက် ဆုတောင်းစာကို နားခံတော် ပြောကြီးမှူး နေမျိုး မင်းလှကျော်ထင် ဖတ်လျှောက်သည်။ ပြီးလျှင် စံနန်းတော်သို့ ဝင်တော်မူ၍ မင်းညီမင်းသား မှူးတော်မတ်တော် ကတော်မယား ပြည်သူပြည်သားတို့ကို ပဆိုး အင်္ကျီပဝါ ရွှေထုံးဘူး ခေါင်းပေါင်း အထိုက်အလျောက်ပေးသနားတော်မူသည်။ ပြီးလျှင်-

သက္ကရာဇ် ၁၁၉၇ ခု နယုန်လဆန်း ၈ ရက် ရွှေနန်းတော်သို့ ဝင်တော်မူ၍ ၎င်းလဆန်း ၁၁ ရက်နေ့ကစ၍ ရပ်စုကွက်စု မှူးတော်မတ်တော် မင်းညီမင်းသား စက်တော်ကြီးများကို ရွှေနန်းတော်သို့ သွင်းပြုရသည်။ ပြီးလျှင် ဝါဆိုလဆန်း ၄ ရက် ရေနန်းတော်သို့ ထွက်တော်မူသည့်နေ့ ပဌမ ရပ်စုကွက်စုတို့ဒုန်းကို မီးရှို့လွှတ်ရသည်။

၎င်းဒုတိယ ၅ ရက်နေ့အစ ငွေခွန်စာရေး လက်ျာ ဇေယကျော်အဆုံး တံဆိပ်စာရေး နေမျိုးသိခ်သူရ စက်ပေါင်း ၅၀ ကို မီးရှို့လွှတ်ရသည်။

၎င်းတတိယ ၆ ရက်နေ့အစ မြို့စာရေး သီရိရာဇာအဆုံး ရွှေတိုက်ဝန် နေမျိုးရာဇာ စက်ပေါင်း ၄၈ ကို ရှို့လွှတ်ရသည်။

၎င်းစတုတ္ထ ၇ ရက်နေ့အစ ကျောက်ဆည်ဝန်မင်းကြီး မဟာမင်းခေါင်အဆုံး ကျီဝန်မင်းကြီး သတိုးမင်းကြီး မဟာမင်းခေါင် စက်ပေါင်း ၁၅ ကို ရှို့လွှတ်ရသည်။

၎င်းပဥ္စမ ၈ ရက်နေ့အစ ကောင်းတုံမြို့စား မောင်အင်္ဂါအဆုံး သာယာဝတီမင်းက စက်ပေါင်း ၁၁ ကို ရှို့လွှတ်ရသည်။

ဇွန်လဆန်းလယ်မှ ၉ ရက်နေ့ သို့တော် ဘုရား စက်တော်၊ အသျှင်နန်း မတော်ဘုရား စက်တော် စက်တော်ကြီး ၃ ရပ်ကို ရှို့လှွတ် ရသည်။

ပြီးပြေ၍ သက္ကရာဇ် ၁၁၉၇ ခု ဝါဆိုလဆန်း ၁၁ ရက်နေ့ ရေနန်းတော်က ရွှေနန်းတော်သို့ ဝင်တော်မူသည်။

ဤကား အမရပူရမြို့တွင် စံတော်မူစဉ်ကနှင့် အမရပူရမြို့ စံတော်မူသည့်အခါ လှူဒါန်းတော်မူသည့် ဆုတောင်းစာ ၂ မျိုး ကို မှတ်သားကြရန် ဖော်ပြလိုက်သည်။

၁။ သက္ကရာဇ် ၁၁၈၃ ခုနှစ် ဝါကျွတ်အလှူတော် ဆုတောင်းစာ။

၂။ ၁၁၈၄ ခု ဝါကျွတ်အလှူတော် ဆုတောင်းစာ။

၃။ ၁၁၈၅ ခု ဝါကျွတ်အလှူတော် ဆုတောင်းစာ။

၄။ ၁၁၈၆ ခု ဝါကျွတ်အလှူတော် ဆုတောင်းစာ။

၅။ ၁၁၉၄ ခု ပဉ္စင်းတော် ၁၁၊ သျှင်လောင်း ၂၃ ချီး မြှောက်သော ဆုတောင်းစာ။

၆။ ၁၁၉၄ ခု အလှူတော်ကြီးပြုသော ဆုတောင်းစာ။

၇။ ၁၁၉၆ ခု ပဉ္စင်းတော် ရှင်လောင်းတော်များ ချီး မြှောက်သော ဆုတောင်းစာ။

၈။ ၁၁၉၆ ခု အလှူတော်ကြီးအတွက် ဆုတောင်းစာ။

၉။ ၁၁၉၆ ခု တနှစ်အတွက် ဆွမ်း လောင်း လှူသော ဆုတောင်းစာ။

၁၀။ ၁၁၉၆ ခု မရွှိမဒေသာက ရောက်သောဗောဓိပင်ကို ပူဇော်သော ဆုတောင်းစာ။

၁၁။ ၁၁၉၇ ခု ပဋ္ဌင်းတော် ၈၊ ရှင်လောင်းတော် ၃၄ ချိုး မြှောက်သော ဆုတောင်းစာ။

၁၂။ ၁၁၉၇ ခု ကျောင်းရေစက်ချ ဆုတောင်းစာ။

၁၃။ ၁၁၉၇ ခု မဟာသကျသီဟ ဘုရားထီးတော် တင်လှူ သောဆုတောင်းစာ။

(ဤဖော်ပြသော ဆုတောင်းစာများတို့သည် ဆားတောင် မငါးရွာ ရွာဝေးသူကြီး။ ဖိုးတော်ဘုရား၏ သားတော် ပခန်း မင်းသား ကျွန်ရင်း ဝက်မစွတ်မြို့စား မင်းနဝဒေး ရေးသား ဆက်သွင်းသော ဆုတောင်းစာများဖြစ်သည်။ အကုန်ထည့်ရန် များပြားမည်ဖြစ်သောကြောင့် အသွားကိုသိရန် ဆုတောင်းစာ ၂ ပုဒ်သာ ထည့်သွင်းဖော်ပြလိုက်သည်။)

## ရွှေနန်းစည်းစိမ်စံတော်မူကြိုက်မှာ

ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော်ဆင်ဖြူရှင် မင်းတြား ကြီး၏ စိတ်တော်သည်ကား။

၁။ ရတနာသုံးပါးတို့နှိုက် ယုံကြည်မြတ်နိုးတော်မူ၏။

၂။ နှလုံးလက်ရုံး လုပ်ရည်ကိုရည်နှင့် ပြည့်စုံသူ မှူးတော် မတ်တော် ရဲမက်ဗိုလ်ပါတို့ အရည်အသွေးကိုလည်း သိတော်မူ ၏။ အရည်အလျောက်လည်း အထိုက်အလိုက် သူကောင်းပြုတော် မူသဖြင့် စုံမက်ချစ်ခင်တော်မူလေ့ယို၏။

၃။ ပြည်သူတို့အားလည်း ဝမ်းထွက်သားကဲ့သို့ သနားတော် မူသဖြင့် သိမ်းပိုက်မ,စတော်မူတတ်၏။

၄။ စိတ်သဘော နှလုံးသန့်ရှင်း စင်ကြယ်တော်မူသဖြင့် အယဉ်အကျေး အသိမ်အမွေ့ကိုလည်း ကြိုက်နှစ်သက်တော်မူ တတ်၏။

၅။ အလုံးစုံ အဌာရသသိပ္ပဟူသော အတတ်မျိုးတို့ကိုလည်း လေ့လာတတ်ကျွမ်း သိမြင်တော်မူ၏။

၆။ အဌာရသသိပ္ပတို့တွင်လည်း ဆင်ကြန် မြင်းကြန် ပန်းချီ ပန်းပု အတတ်မျိုးတို့မှုကား တတ်မြောက်ကျွမ်းကျင်တော်မူ၏။

၇။ လှူဒါန်း ပေးကမ်းစွန့်ကြဲခြင်း စသည်တို့နှိုက်လည်း လွှေ့လွှေ့ ရမ်းရမ်း ယိုတော်မူ၏။

၈။ ပြည်သူဆင်းရဲသားတို့ ဆင်းရဲပင်ပန်းကြမည်ကို စိုးရိမ် ကြောင့်ကြတော်မူလေ့ယို၏။

၉။ အမှုထမ်း အရာထမ်းတို့ကို အပြစ်ယိုတော်မူလျှင်လည်း နှိပ်စက်ညှဉ်းပန်းလိုသော စိတ်တော်မယိုဖြစ်၏။

## တောင်းမှူကုသိုလ်တော်များ

၁။ မင်းကွန်းပုထိုးတော်ကြီးမြောက် ဧရာဝတီ ကမ်းနဖူး ဆင်ဖြူတက်ဆိပ်တွင် တောင်စဉ် ခုနစ်ထပ် အထက်အာလိန် ငါးဆင့်ခံ လိုဏ်မုခ်စောင်းတန်းပါ ဆင်ဖြူဘုရား။

၂။ စစ်ကိုင်းမြို့ စကုမော်အထက် မြစ်ကမ်းထိပ်တွင် အောင် ချာရာဇိန် ရွှေဘုံသာစေတီတော်။

၃။ စစ်ကိုင်းမြို့ ရာဇာမဏိ စူဠာစေတီတော် အရှေ့တောင် ယွန်း လောကချမ်းသာစေတီတော်။

၄။ အညာသီဟတော စေတီတော် ပျက်စီးသည်တွင် ထပ်မံ ပြင်ဆင်သည့် ကုသိုလ်တော်။

၅။ ရွှေကြက်ယက် နှစ်တောင်ဘုရား ၂ ဆူကို ပြင်ဆင်သည့် ကုသိုလ်တော်။

၆။ ရွှေဆပ်သွားဘုရားကို ပြင်ဆင်သည့် ကုသိုလ်တော်။

၇။ မန္တလေးတောင်ပေါ် ဘုရားရှင်နှင့် စောင်းတန်း ဇရပ် ရေကန်များကို ပြင်ဆင်တည်လုပ် တူးဖော်သည့် ကုသိုလ်တော်။

၈။ စစ်ကိုင်းမြို့ အောင်မြေလောက ဘုရားရှင်တောင် ဧရာဝတီမြစ်ကမ်းထိပ်တွင် တည်လုပ်သည့် ဥမင်ဇရပ်နှစ်ဆောင်။

၉။ မဖ္လိမတိုက် မဟာဗောဓိပင်သို့ အထူးထူးသော အလှူတော် ကျောက်စာများနှင့် စေလွှတ်လှူဒါန်းသည့် ကုသိုလ်တော်။

၁၀။ အမရပူရမြို့တော် အနောက်တောင် ခမည်းတော် အိမ်ရှေ့မင်း၊ မယ်တော် အိမ်ရှေ့မိဖုရားတို့ကောင်းမှု ကုသိုလ်တော်ရာ မင်္ဂလာဝေယန် ကျောင်းတိုက်အတွင်း ပြုလုပ်တော်မူသည့် မဟာဝိဇယရံသီ စည်းခုံတော်ကြီး။

၁၁။ စည်းခုံတော်ကြီး အတွင်း မဟာမေရုမကုဋယဏ္ဍာရာဇ ခေါင်းလောင်းတော်ကြီး။

၁၂။ ရတနာပူရ အဝမြို့ ရွှေနန်းတော် အနောက်တောင် ယွန်းယောင် မဟာမြတ်မုနိ စေတီတော်အနောက် ကိန်းဝပ်ရန် ဘုံခုနစ်ဆင့် အုတ်ရိုးပြသာဒ် ကျောက်ဖြူပလ္လင်နှင့်တကွ မဟာသကျသီဟရုပ်ပွားတော်။

၁၃။ ကျောင်းဦး ပြသာဒ်နှင့် တကွသော ဘုံကျော်မဟာ အောင်မြေဘုံသာကျောင်းတော်။

၁၄။ ထီးလိုင်ရှင်ဘုရားအနီး ကျောင်းဦး ပြသာဒ်နှင့်တကွ သော မဟာအောင်မြေဘုံစံအုတ်ကျောင်းတော်ကြီး။

၁၅။ မင်းကွန်း ပုထိုးတော်ကြီး အနောက်မြောက် ယွန်းတောင်ယံတွင် မဟာဝေယန်ဘုံသာ မည်သော တောရဇေတဝန်ကျောင်းတော်။

၁၆။ အဝမြို့ ရွှေစည်းခုံဘုရားအနီး ကျောင်းဦးပြဿာဒ်နှင့်တကွ ရွှေအတိ မွမ်းမံသော မဟာအောင်မြေဘုံသာစံ ကျောင်းတော်ကြီး။

၁၇။ မြန်အောင်မြို့မြစ်ကမ်းထိပ်တွင် ထပ်မံပြင်ဆင်တည်လုပ်တော်မူသည့် မြန်အောင်ဘုံသာစေတီတော်။

၁၈။ ကုသိုလ်တော် မဟာသကျသီဟ ဘုရားအနီး ကိန်းဝပ်ရန် အုတ်ရိုးပြဿဒါးနှင့်တကွ မဟာသကျရံသီကျောက်ဖြူရုပ်ပွားတော်ကြီး။

၁၉။ ရွှေနန်းတော်အနောက်တောင် အလုံဝန်ကြီးကျောင်းတိုက်အတွင်း မြေလပ်တွင် စိုက်ပျိုးပြုစုတော်မူသည့် မဟာဗောဓိပင်တော်။

၂၀။ ရွှေနန်းတော်အတွင်း စွယ်တော်စင်အနီးကိုးကွယ်တော်မူသော သကျမုနိရုပ်ပွားတော်။

၂၁။ ပြည်မြို့ မြစ်အနောက်ဖက် ကမ်းထိပ် ရွှေဘုံသာစေတီတော်။

သည်မှတပါး ရှေးမင်းတို့တည်ထား ပြုစုကိုးကွယ်သော

၁။ လောကချမ်းသာဘုရား။

၂။ ရတနာမဉ္ဇူဘုရား။

၃။ ရွှေမုဋ္ဌောဘုရား။

၄။ ရွှေစည်းခုံဘုရား။

၅။ မာရ်အောင်ရတနာဘုရား။

၁၅။ မင်းကွန်း ပုထိုးတော်ကြီး အနောက်မြောက် ယွန်းတောင်ယံတွင် မဟာဝေယန်ဘုံသာ မည်သော တောရဇေတဝန်ကျောင်းတော်။

၁၆။ အဝမြို့ ရွှေစည်းခုံဘုရားအနီး ကျောင်းဦးပြဿာဒ်နှင့်တကွ ရွှေအတိ မွမ်းမံသော မဟာအောင်မြေဘုံသာစံ ကျောင်းတော်ကြီး။

၁၇။ မြန်အောင်မြို့မြစ်ကမ်းထိပ်တွင် ထပ်မံပြင်ဆင်တည်လုပ်တော်မူသည့် မြန်အောင်ဘုံသာစေတီတော်။

၁၈။ ကုသိုလ်တော် မဟာသကျသီဟ ဘုရားအနီး ကိန်းဝပ်ရန် အုတ်ရိုးပြဿဒါနှင့်တကွ မဟာသကျရံသီကျောက်ဖြူရုပ်ပွားတော်ကြီး။

၁၉။ ရွှေနန်းတော်အနောက်တောင် အလုံဝန်ကြီးကျောင်းတိုက်အတွင်း မြေလပ်တွင် စိုက်ပျိုးပြုစုတော်မူသည့် မဟာဗောဓိပင်တော်။

၂၀။ ရွှေနန်းတော်အတွင်း စွယ်တော်စင်အနီးကိုးကွယ်တော်မူသော သကျမုနိရုပ်ပွားတော်။

၂၁။ ပြည်မြို့ မြစ်အနောက်ဖက် ကမ်းထိပ် ရွှေဘုံသာစေတီတော်။

သည်မှတပါး ရှေးမင်းတို့တည်ထား ပြုစုကိုးကွယ်သော

၁။ လောကချမ်းသာဘုရား။

၂။ ရတနာမဉ္ဇူဘုရား။

၃။ ရွှေမုဋ္ဌောဘုရား။

၄။ ရွှေစည်းခုံဘုရား။

၅။ မာရ်အောင်ရတနာဘုရား။

အချို့ပညာယိုတို့က ဆန်ကိုးတင်းခွဲးကို တဆွဲယှစ်ဖြစ်သည်ဟု ယူကြသည်။

## ပြသော နိမိတ်များ

၁။ ရွှေမြို့တော် အနောက်တောင်ထောင့် ရွှေစည်းခုံဘုရား ထီးတော် ငှက်မြတ်နားဆီသို့ ကျ၏။

၂။ ဂူတော်သစ်ဘုရား ရွှေယင်းရဲဘုရား ဘုရားလှ ရွှေမုဋ္ဌော ဘုရားများ တန်ခိုးပြဋ္ဌိဟာပြ၏။

၃။ ရွှေနန်းပြသာဒ်တော်ကြီး ဟိန်း၏။

၄။ မြေနန်းလက်ဝဲဆောင်တော်အနောက်တောင် အနောက် မြောက်ထောင့် ဒုယင် အခိုးလွှတ်၏။ ဗဟိုရ်ခေါင်းလောင်းတော် အသံဆိတ်၏။

ဤကား ပျက်စီးနိမ့်ကျရန် ဖြစ်ပေါ်သော နိမိတ်ဖြစ်ကြောင်း ကို ပညာယိုတို့ ဆုံးဖြတ် အမှတ်ပြုကြသည်။ ဒိပြကိတ်ဟု မိန့်ကြ ကုန်၏။

## မိဖုရား သားတော် သမီးတော်များ

(က) မိဖုရား သီရိသုမာယာစန္ဒာဒေဝီကား ဗဒုံမင်းလက် ထက် သားတော် ပြည်မင်းနှင့် သမီးတော် မြေတူမင်းသမီးကို ရေသွန်း လက်ထပ်တော် မူသည်တွင် မြင်သော သမီးတော် ဖြစ်သည်။ ၁၁၅၀-ပြည့် ပြာသိုလဆန်း ၁၁-ရက် ဗုဒ္ဓဟူးနေ့ဖွား။ ကလေး မြို့က ဆင်ဖြူတော်ရောက်သည့်အခါ ဖွား၍ ဆင်ဖြူမယ်ဟူ၍ ဖိုးတော် မင်းတြားက မှည့်တော်မူသည်။ ယင်းသည် မိဖုရားကို နဝဒေးဦးနုကဆက်သော ဧချင်းသည် ယခုစာအုပ်ထွက်ပေါ် လျက်နေပြီ။

အချို့ပညာယှိတို့က ဆန်ကိုးတင်းခွဲကို တဆဲ့ယှစ်ဖြစ်သည်ဟု ယူကြသည်။

## ပြသော နိမိတ်များ

၁။ ရွှေမြို့တော် အနောက်တောင်ထောင့် ရွှေစည်းခုံဘုရား ထီးတော် ငှက်မြတ်နားဆီသို့ ကျ၏။

၂။ ဂူတော်သစ်ဘုရား ရွှေယင်းရဲဘုရား ဘုရားလှ ရွှေမုဋ္ဌော ဘုရားများ တန်ခိုးပြငို့ဟာပြ၏။

၃။ ရွှေနန်းပြသာဒ်တော်ကြီး ဟိန်း၏။

၄။ မြေနန်းလက်ဝဲဆောင်တော်အနောက်တောင် အနောက် မြောက်ထောင့် ဒုယင် အခိုးလွှတ်၏။ ဗဟိုရ်ခေါင်းလောင်းတော် အသံဆိတ်၏။

ဤကား ပျက်စီးနိမ့်ကျရန် ဖြစ်ပေါ်သော နိမိတ်ဖြစ်ကြောင်း ကို ပညာယှိတို့ ဆုံးဖြတ် အမှတ်ပြုကြသည်။ ဒိပြကိတ်ဟု မိန့်ကြ ကုန်၏။

## မိဖုရား သားတော် သမီးတော်များ

(က) မိဖုရား သီရိသုမာယာစန္ဒာဒေဝီကား ဗဒုံမင်းလက် ထက် သားတော် ပြည်မင်းနှင့် သမီးတော် မြေတူမင်းသမီးကို ရေသွန်း လက်ထပ်တော် မူသည်တွင် မြင်သော သမီးတော် ဖြစ်သည်။ ၁၁၅၀-ပြည့် ပြာသိုလဆန်း ၁၁-ရက် ဗုဒ္ဓဟူးနေ့ဖွား။ ကလေး မြို့က ဆင်ဖြူတော်ရောက်သည့်အခါ ဖွား၍ ဆင်ဖြူမယ်ဟူ၍ ဖိုးတော် မင်းတြားက မှည့်တော်မူသည်။ ယင်းသည် မိဖုရားကို နဝဒေးဦးနုကဆက်သော ဧချင်းသည် ယခုစာအုပ်ထွက်ပေါ် လျက်နေပြီ။

(ဂ) ပဌမမြောက် နန်းမိဖုရား သီရိကလျာ စန္ဒာဒေဝီမှာ ဗဒုံမင်းသားတော် ပုဂံမင်းနှင့် ဆင်ဖြူရှင် သွီးတော် မင်းရွှေနန်းကို စုံဖက်ရာတွင် မြင်သည့် ဖိုးတော်ချစ်မြေးတည်း။

(ဃ) ဒုတိယ မြောက်နန်း သီရိရတနာမင်္ဂလာမဟေမှာ ဗဒုံမင်းလက်ထက် သန်လျင်မင်းကြီးသွီး ဖြစ်သည်။ ငယ်မည် မင်းရွှေရည်။

(င) ပဌမ အလယ်နန်းမိဖုရား သီရိပဘာမင်္ဂလာဒေဝီမှာ ဗဒုံမင်းသားတော်ပုသိန်မင်းနှင့် ဇင်းသွီးတော်ယောမင်းသွီးကို စုံဖက်တော်မူရာမြင်သည့် သွီးတော်ဖြစ်သည်။ ငယ်မည် ရွှေနန်းယု ခေါ်သည်။

(စ) ဒုတိယအလယ်နန်းမိဖုရား သီရိမြတ်စွာရတနာမဟေမှာ မိုးကောင်းဝန်ကြီးသွီး ငယ်မည် မရွှေရေးခေါ်သည်။

(ဆ) အနောက်နန်း မိဖုရား သီရိမင်္ဂလာရတနာ မဟေမှာ အကောက်ဝန် မာလိမ်မှူးသွီးဖြစ်သည်။ ဓနုဖြူမြို့ကို စားရသည်။

(ဇ) ကိုယ်လုပ်တော် သီရိသခ်ီမဟေမှာ ဝန်ကြီး သီရိမဟာဥဇနာသွီးဖြစ်သည်။ ငယ်မည် ရှင်ရွှေငုံ ခေါ်သည်။ သွီးတော် ၁ ငယ်က လွန်သည်။

(ဈ) ကိုယ်လုပ်တော် သီရိအာသာမဟေမှာ စာရေးကြီးသွီးဖြစ်သည်။ ငယ်မည် ရှင်မိုးခေါ်သည်။

၁။ သွီးတော်ကျောက်ဆောက်မင်းသွီးမှာ ဟံသာဝတီမြို့ဝန်သား မောင်ရွှေညိုနှင့် လက်ထပ်သည်။

(ည) မင်္ဂလာ ရတနာဒေဝီမိဖုရားမှာ လမိုင်းဝန် ဦးမှိုသွီး မကွေးမြို့ကို အစားသနားတော်မြတ်ခံရသည်။

၁။ သမီးတော် မကျွေးမင်းသမီးမှာ သက္ကရာဇ် ၁၁၈၆-ခုဖွား တော်မူသည်။ ရွှေဘိုမင်း ပုဂံမင်း မင်းတုန်းမင်း လက်ထက်တိုင် ဝင်းတော် အိမ်တော်နှင့် အချီးအမြှင့်တော်ကို ခံရသည်။

မိဖုရားပေါင်း ၇။ ကိုယ်လုပ်တော်ပေါင်း ၃။ စုစုပေါင်း ၁၀။ သားတော်ပေါင်း ၂။ သမီးတော်ပေါင်း ၄။ စုစုပေါင်း ၆ ယှိသည် အနက် သားတော် ၁။ သမီးတော် ၁။ ငယ်ကလွန်သည်။

**သံတော်**

မိဖုရားသတ္တကိုယ်လုပ်က တြိပေ၊ သားတော်ဒု စတုခေါ်တော် သမီး သီးလျက်မသွ။ သမီးတော်သားတော် ဇက်စီတို့ နန်းမချစ် လွန်ရှာလေ။ ကျန်ပေကြ ရင်သွေး။ ဆွေတော်စဉ် စာရင်းမှာ ထင် အမြင်မို့ သမ္မဇဉ် ညာဏ်ယှဉ်လို့ သုံးကြတော့ လုံးဝဖော်ရေး။

**တေးထပ်**

မှန်နန်းရှင် ဇကိုင်းချီးတဲ့ ဘကြီးနှင့်နောင်တော် ဆင်ဖြူရှင် အမည်ဖော် ပြည်ပြည်နော် နှံ့ပြား၊ မြတ်ဖိုးတော် မြေးဟုခေါ် လေးပူဇော်ယိုကြအများ။ ။ စတုတ္ထရတနာပူရ ပြည်တည်ငြား စည်းစိမ်တော် ခံစားလျက် မင်းတြားဘုန်းဂုဏ်သမ္ဘာဟုန်တကယ် တင့်တာမို့ ပြည်တခွင် အေးကြခိုလှုံ ကြောင်းပတ္တိ အဖုံဖုံကို ရာဝင် တုံမပါခြွင်းခဲ့တဲ့ ထွေခပင်းပြောအစဉ် လောကထင်ထင် ယုတ္တိနှင့် ယုတ္တာယှဉ်ကို ဟုတ်ထာပင် တမျိုးပလေး။

**သံတော်**

ရှေးယခင် အရေးမြင် အစင်မှတ်သူတို့ ပစပ်အပြော။ ရာဇဝင် ကြည့်သူတို့ အသိညာဏ် အလိုပြည့်အောင် ဖြည့်လိုက်သနော။

## ဆုတောင်း

သောအဟ် ထိုငါသည်၊ ဒိဋ္ဌဓမ္မေ မျက်မှောက်သော ကိုယ်၏ အဖြစ်နိုက်၊ သဒ္ဓေါစ သဒ္ဓါတရားယှိသည်လည်းကောင်း၊ ဒါတဂ္ဂိ ပေတောစ ပေးအပ်သော ဝတ္ထုပစ္စည်းနှင့် ပြည့်စုံသည်လည်း ကောင်း၊ ပရမသီရီစ မြတ်သောဘုန်းကြက်သရေယှိသည်လည်း ကောင်း၊ ဒယောစ သူတပါးကို သနားခြင်း ယှိသည်လည်း ကောင်း၊ ဝီရဏ္ဍောစ နိုးကြားခြင်းယှိသည်လည်းကောင်း။ လဒ္ဓီစ မကောင်းမှုမှ ရှက်တတ်သည်လည်းကောင်း၊ကလျာဏမိတ္တောစ ကောင်းသော အဆွေခင်ပွန်း ယှိသည်လည်းကောင်း၊ အဘိရတ ကုသလောစ ကုသိုလ်ကောင်းမှုတို့၌ အလွန်မွေ့လျော်တတ်သည် လည်းကောင်း၊ ပဉ္စသီလာဘိရက္ခောစ ငါးပါးသော သီလကို အလွန်စောင့်ရှောက်နိုင်သည်လည်းကောင်း၊ အပ္ပိစ္ဆောစ နည်း သောအလိုယှိသည်လည်းကောင်း၊ အပ္ပကောဓောစ နည်းသော အမျက်ယှိသည်လည်းကောင်း၊ အတိဝုဋ္ဌဟာဒယောစ အလွန်ဖြောင့် မတ်သော နှလုံးယှိသည်လည်းကောင်း၊ ဣန္ဒြိမာစ တန်ခိုးနှင့် ပြည့်စုံသည်လည်းကောင်း၊ အပ္ပမေယောစ မနှိုင်းရှည့်အပ်သော ဂုဏ်ယှိသည်လည်းကောင်း၊ ပါသံသောစ ချီးမွမ်းထိုက်သည် လည်းကောင်း၊ ပေမဝါစောစ ချစ်ဖွယ်သောစကားကို ဆိုတတ် သည်လည်းကောင်း၊ သုဇနဂုဏဒူစ သူတော်ကောင်းတို့၏ ဂုဏ် ကျေးဇူးကို သိတတ်သည်လည်းကောင်း၊ မာမကောစ သူတော် ကောင်းတို့ကို မြတ်နိုးတတ်သည်လည်းကောင်း၊ ဘဝေယျံ ဖြစ် ရပါလို၏သည်။